www.burmeseclassic.com

# ဟစ်တလာ

လင်းယုန်မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုး [redacted]ကျပ်

ပုံနှိပ်ခြင်း
ပဉ္စမအကြိမ်
၁၉၈၉ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ
၁၀၀၀

အဖုံးပန်းချီ
စံတိုး

အဖုံးရိုက်
ပညာ့ဗိမာန် ပုံနှိပ်တိုက်

စာအုပ်ချုပ်
ကေရီ

ခွင့်ပြုချက်
မျက်နှာဖုံး-၀၉၄
စာအုပ် စာတမ်း-၀၇၈

ဦးမြခင်မြဆွေ (မြဲ-၀၂၉၈၁) မြရာင်နီဦးစာပေ
အမှတ်-၁၂၊ ရွှေဂုန်တိုင်လမ်း၊ ရန်ကုန်မြို့က
တာဝန်ခံ ထုတ်ဝေ၍

ဦးရွှေထွန်းမြအောင် (မြဲ-၀၂၀၇) လုပ်အားပုံနှိပ်တိုက်
အမှတ်-၅၊ လမ်း-၁၀၀၊ ကန်မြတော်ကလေး၊ ရန်ကုန်မြို့တွင်
ပုံနှိပ်သည်

လင်းယုန်မောင်မောင်

www.burmeseclassic.com

www.burmeseclassic.com

[illegible] စေ့စပ်ဆွေးနွေးရေး

နှင့်

ကမ္ဘာ့ငြိမ်းချမ်းရေးသို့....

## စာရေးသူ၏အမှာ

ဤစာအုပ်နှင့် ပတ်သက်၍ စာရေးသူ တစ်ယောက် အနေဖြင့် စာဖတ်သူများအား အသိပေးလိုသော အချက် နှစ်ချက် ရှိနေပါသည်။

ပထမအချက်မှာ ဤစာအုပ်သည် နိုင်ငံခြားစာအုပ်တစ်အုပ်မှ တိုက်ရိုက် မြန်မာပြန်ဆိုထားသည် မဟုတ်ပါ။ နိုင်ငံခြား စာအုပ် လေးဝါးအုပ်နှင့်တကွ မြန်မာစာအုပ် အချို့မှ အချက်အလက်များကို စုပေါင်း စုဆောင်း၍ အထောက်အထား အကိုးအကားများကို မှီငြမ်းပြုကာ ရေးသားထားခြင်း ဖြစ်ပါသည်။ (ကိုးကားမှီငြမ်းသော စာအုပ် စာရင်းကို ကြည့်ပါ။)

တိုက်ရိုက် ဘာသာပြန်ဆိုခြင်း မပြုသည်မှာလည်း စာရေးသူ အဖို့ အကြောင်း လုံလောက်စွာ ရှိပါသည်။

အထူးသဖြင့် ဟစ်တလာနှင့် ပတ်သက်၍ ရေးသားထားသော စာအုပ်စာတမ်းများမှာ များပြားလှပါသည်။ အချို့စာအုပ်များမှာ စာရေးသူအနေဖြင့် နာမည်သာကြားဖူး၍ စာအုပ်ကိုပင် မမြင်ဖူး ခဲ့ပါ။ အချို့စာအုပ်များမှာ မြန်မာပြည်တွင် လုံးဝမရှိဘဲ နိုင်ငံခြား တွင်သာ ရနိုင်သည်ဟု သိရပါသည်။

ဤသို့ ဟစ်တလာအကြောင်း ရေးသားထားသည့် စာအုပ် များမှာ အရေအတွက် များပြားသလောက် စာအုပ်များမှာလည်း အင်္ဂလိပ်ဘာသာဖြင့် တစ်အုပ်လျှင် စာမျက်နှာ ၃၀၀-မှ ၉၀၀-ကျော် ၁၀၀၀-ကျော်အထိ ရှိနေကြပါသည်။

တို့ပြင် တိုက်ရိုက် ဘာသာပြန်မည် ဆိုပါက အချို့စာအုပ် များမှာ ဟစ်တလာ၏ ဘဝ အတ္ထုပ္ပတ္တိတစ်ခုလုံးကို ရေးသားထား ခြင်းမဟုတ်ဘဲ သူနှင့်ပတ်သက်သော အဖြစ်အပျက်တစ်ခု၊ အကြောင်း အရာတစ်ခုကို တစ်စေ့တစ်စောင်း ဖော်လာတင်ပြထားခြင်း ဖြစ်၍ ဟစ်တလာ၏ ဘဝကို အပြည့်အစုံ ဖော်ပြထားခြင်း မရှိပါ။

တစ်ဖန် ဟစ်တလာ အကြောင်း သိကောင်းစရာ၊ သူ့အသ သူ့အကြောင်း အပြည့်အစုံ ဖော်ပြထားသော စာအုပ်ကြီးများကို တိုက်ရိုက် ဘာသာပြန်မည် ဆိုပါလျှင်လည်း အင်္ဂလိပ်ဘာသာဖြင့်ပင် စာမျက်နှာ ၉၀၀-ကျော် ၁၀၀၀-ကျော် ရှိနေသဖြင့် လက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ စာဖတ်ပရိသတ် အစနှင့် ပျင်းရိငြီးငွေ့ဖွယ်ရာ ရှိနေ ပါသည်။

ထို့ပြင် အချို့သော စာအုပ်ကြီးများမှာ ဟစ်တလာ အကြောင်း အသေးစိတ် ပြည့်စုံစွာ ပါရှိသော်လည်း ဟစ်တလာနှင့် ပတ်သက်၍ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားရပုံကို သုံးသပ် ဖော်ပြ ထားရာ၌ စာရေးသူလက်မခံနိုင်သောအချက်များ တွေ့ရှိရသဖြင့်လည်း တိုက်ရိုက် ဘာသာပြန်ဆိုခြင်း မပြုလိုခဲ့ပါ။

ဤသို့ဖြင့် မြန်မာပြည်တွင် ရရှိနိုင်သမျှ ဟစ်တလာအကြောင်း ရေးသားထားသော စာအုပ်များကို လက်လှမ်းမီရာ စုဆောင်းဖတ်ရှု၍ သူ့ဘဝ၊ သူ့အဖြစ်အပျက်တို့ကို စာရေးသူ၏အာဘော်ဖြင့် ပြန်လည် ပြုစုရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဒုတိယအစီရင်ခံလိုသည့်အချက်မှာ စာရေးသူ၏ရည်ရွယ်ချက် ဖြစ်ပါသည်။

ဤရည်ရွယ်ချက်မှာ အတိုချုပ်အားဖြင့် လူသားတို့ အနှစ်နှစ် အလလ ကြိုးပမ်းတည်ဆောက်လာ ခဲ့ကြသော ယဉ်ကျေးမှုအနုပညာ အရပ်ရပ်တို့နှင့်တကွ ထိုထက်ပို၍ တန်ဖိုးမဖြတ်နိုင်သော လူ့အသက် ပေါင်းများပြားစွာ ဆုံးရှုံး ပျက်ပြုန်း စေခဲ့သည့် ကမ္ဘာ့စစ်ပွဲကြီး များကိုတားဆီး၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဆန္ဒပြုလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။

ဟစ်တလာသည် ၁၉၃၉-၄၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီး၏ အဓိကဇာတ်ကောင် စစ်တရားခံ နံပါတ်တစ် ဖြစ်ပါသည်။ သူ့ဘဝ သူ့အတ္ထုပ္ပတ္တိ အကြောင်းခြင်းရာကို ဖော်ပြ ထားသော ဤစာအုပ်ကို ဖတ်ရှုလေ့လာ ရခြင်းဖြင့် နောက်ထပ် စစ်ပွဲသစ်ကြီး တစ်ရပ်ကို တားဆီးလိုသော စိတ်ဓာတ်နှင့် ကမ္ဘာ့ ငြိမ်းချမ်းရေးကို မြတ်နိုးသော စိတ်ထားများ အနည်းနှင့်အများ စာဖတ်သူ၏ ရင်တွင်း၌ ကိန်းအောင်း ဝင်ရောက် လာသည် ဟု ဆိုငြားအံ့။ စာရေးသူအဖို့ ဤစာအုပ်ကို ကြိုးကြိုးစားစား ရေးသား ပြုစုရကျိုး နပ်ပြီဟု ရိုးသားစွာ ယုံကြည်ပါသည်။

လင်းယုန်-မောင်မောင်

၂၇-၉-၆၅

## ဒုတိယအကြိမ်ပုံနှိပ်ခြင်းအတွက်

## စာရေးသူ၏အမှာ

ဒုတိယ အကြိမ် ပုံနှိပ် ထုတ်ဝေသော ဤ 'ဟစ်တလာ' အတ္ထုပ္ပတ္တိကြီးတွင် ပထမ အကြိမ် ပုံနှိပ်ခဲ့စဉ်က စာစီ စာပြင်ရာ၌ ချွတ်ချော်ခဲ့သော အမှားအယွင်းများကို ဂရုတစိုက် ထပ်မံ သုတ်သင် ပြင်ဆင်ထားပါသည်။

ထို့ပြင် 'ဟစ်တလာ၏အမိန့်အရ ဝင်ဆာကြီးနှင့် မြို့စားကတော် (မစ္စက်-ဆင်ပဆင်)တို့အား ပြင်သစ်အစိုးရနှင့် စေ့စပ်ရေးပြုလုပ်ရန် အတွက် ဂျာမန်တို့က ပြန်ပေးဆွဲရန် ကြိုးစားခဲ့ပုံ'၊ 'ချက်အမျိုးသား မျိုးချစ်များ၏ လက်ချက်ဖြင့် ဂျာမန် ဂက်စတာပို စုံထောက် ဗိုလ်ချုပ်ကြီး ဟေးဒရစ် စီးလာသော ကားမှာ ဗုံးပေါက်ကွဲ၍ ဟေးဒရစ် အသက်ဆုံးရှုံးရပုံ'၊ 'ဆိုဗီယက် ခေါင်းဆောင်ကြီး မာရှယ်စတာလင်နှင့် အမေရိကန် သမ္မတကြီး ရုစဗဲ့ တို့ကို သတ်ဖြတ်ရန် ဟစ်တလာ၏ အမိန့်အရ ဂျာမန်သူလျှိုစုံထောက်များ ကြိုးပမ်းခဲ့ကြပုံ'၊ 'ဟစ်တလာကို သူ၏လုပ်ဖော်ကိုင်ဖက် ဗိုလ်ချုပ်ကြီး များနှင့် ဗိုလ်မှူးကြီးများက လုပ်ကြံသတ်ဖြတ်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပုံမျိုး' နှင့် 'ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်သေခဲ့သည်မှာ အထောက်အထား ခိုင်လုံလှပုံ' များကို ယခု ဒုတိယအကြိမ် ပုံနှိပ် ရာတွင် ထပ်မံ ဖြည့်စွက်ဖော်ပြထားပါသည်။ ရှားရှားပါးပါး ထပ်မံ ရှာဖွေထားသော ဓာတ်ပုံအချို့တို့ကိုလည်း ထည့်သွင်းဖော်ပြလိုက် ပါသည်။

ဤစာအုပ်ကို ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့စဉ်က လည်း ကောင်း၊ ယခု ဒုတိယအကြိမ်ပုံနှိပ်ရာတွင်လည်းကောင်း၊ စာရေးသူ အား အဖက်ဖက်မှ အကူအညီ ပေးခဲ့သော 'ရဲဘော် ချစ်လှိုင်' အား အထူး ကျေးဇူး တင် ရှိကြောင်း ကိုလည်း အမှတ်တရ ဖော်ပြအပ် ပါသည်။

လင်းယုန် မောင်မောင်

၁၉၆၅-ခု၊ နိုဝင်ဘာလ ၇-ရက်

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်ရေးသားရာတွင် အကိုးအကားပြုခဲ့သော
စာအုပ်စာတမ်းများ

The Rise And Fall Of The Third Reich: By Willam L. Shirer.

Hitler By Alan Bullock.

The Last Days of Hitler: By H. R. Trover Roper.

The Second World War. By Winston S. Churchil.

The Second World War. By G. Deborin.

History Of The Second World War. By H. C. O'nell.

နှစ်ငါးဆယ် ကမ္ဘာရေးရာ (စာပေဗိမာန်)

# အခန်း တစ်

## ပါတီခေါင်းဆောင် ဟစ်တလာ

## (၁၈၈၉–၁၉၃၃)


အဲဗေမဝေပါသူ တစ်ယောက်၏ သား ၄
အနုညာတ–အညတရ ပန်းချီဆရာ ၉
ဘီယာဆိုင်မှ နိုင်ငံရေးတရားပွဲ ၂၄
ဒီးရောင်လဲ့လဲ့နှင့် ရှိုက်သံသဲ့သဲ့ ၂၈
နာဇီပါတီ မွေးဖွားလာခြင်း ၄၀
မူသာဝါဒ အဘိဓမ္မာ ၆၀
နိုင်ငံရေး လူပေါ်လူဇော်လုပ်နည်း ၇၆
အောင်ပွဲမဆင်ဘဲ ထောင်ထဲဝင်ခဲ့ရခြင်း ၉၄
နှစ်တစ်ခု၏ ခေါင်းနှင့် ပန်း ၁၀၈
ငါးကြင်းဆီနှင့် ငါးကြင်းကြော်သူ ၁၂၀


# အခန်း နှစ်

## ဝန်ကြီးချုပ် ဟစ်တလာ

## (၁၉၃၃–၃၉)


ဒီမိုကရေစီ နာရေးကြော်ငြာ ၁၄၅
တော်လှန်ရေး အလိုမရှိ ၁၆၅
ခေါင်းမထောင်လာသော နာဇီဖုတ်ကောင်ကြီး ၁၇၅
ဘယ်တော့လဲ၊ ဘယ်လိုလဲ ၁၈၉
ဟစ်တလာ သို့မဟုတ် လူထဲကလူ ၂၀၂
အောင်မြင်သောနေ့တစ်နေ့ ၂၂၈
ချောက်၍ ခေါက်၍ သိမ်းပိုက်ခြင်း ၂၃၄
စစ်နှင့် ငြိမ်းချမ်းရေး ၂၄၆
ဈားကို သက်သတ်လွှတ်စားရန် မေတ္တာရပ်ခံသူ ၂၆၅
အင်္ဂလိပ်နှင့် ပြင်သစ်၊ မိစ္ဆာနှစ်ခါနာဖြစ်ခဲ့ရပုံ ၂၀၂


www.burmeseclassic.com

www.burmeseclassic.com

မန္တာရှစ်အို ခင်ဗျား ၂၉၄
နိုလန်နယ်စပ်မှ အမြောက်သံ ၃၀၁

# အခန်း သုံး


## စစ်အာဏာရှင် ဟစ်တလာ

## (၁၉၃၃-၄၅)

ဟစ်တလာနှင့် စတာလင် ၃၃၉
သွေးချောင်းစီးခဲ့သော နေ့ရက်များ ၃၄၁
ဝါရှော်မြို့တော် ကျဆုံးခြင်း ၃၅၆
နယ်ချဲ့စစ်မှ ပြည်သူ့စစ်သို့ ၃၆၃
ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ခြင်း ၃၇၀
မူဆိုလိနီ၏ ဇာတ်သိမ်းခန်း ၃၈၅
ရူဇဗဲ့နှင့် စတာလင်ကို သတ်ရန် ကြံစည်ခြင်း ၃၉၃
ဟစ်တလာကို လုပ်ကြံခဲ့ကြစဉ်က ၄၀၀
အာဏာရှင် တစ်ယောက်၏ နောက်ဆုံး နေ့ရက်များ ၄၁၄
ဗုံးကျင်းထဲမှ အာဏာရှင် ၄၂၂
ဟစ်တလာ သေ-မသေ ၄၃၂

# နောက်ဆက်တွဲ

ဒုတိယကမ္ဘာစစ်မှတ်တမ်းကြီး ၄၅၃



၁၉၃၃ ခုနှစ်က ချူရင်ဘတ်မြို့ လူထုအင်အားပြပွဲတွင်
အလေးပြုနေသော ဟစ်တလာ။



www.burmeseclassic.com

www.burmeseclassic.com




ထင်ရှားကျော်ကြားသော ဟစ်တလာ၏ နာဇီအလေးပြုဟန်



ဂက်စတာပိုဗိုလ်ချုပ် ဟင်းမလားနှင့် အာဏာရှင်ဟစ်တလာ



ထိပ်ဆုံးတန်းမှ အလယ်တွင် ရပ်နေသော
စတုတ္ထတန်းကျောင်းသားကလေး ဟစ်တလာ



၁၉၂၄ ခုနှစ်အကုန်တွင် ထောင်မှလွတ်လာသော
ဟစ်တလာအား ထောင်ဘူးဝတွင်....



www.burmeseclassic.com


www.burmeseclassic.com



မြူနစ်စာချုပ် ချုပ်ဆိုအပြီး ဗြိတိသျှ နန်းရင်းဝန် ချိန်ဘာလိန်နှင့်
နာဇီခေါင်းဆောင်ကြီး ဟစ်တလာ



ဟစ်တလာ အာဏာရလာသည့် ၁၉၃၃ ခု ဇန်နဝါရီ ၃၁ ရက်နေ့က
ဂိုးဘဲလ်၊ ရှမ်း၊ ဂိုးအားရင်း၊ ဟင်းမလား၊ ဟက်စ်တို့နှင့်အတူ




စကားပြောကောင်းသလောက် အမူအရာအိုက်တင်
ကောင်းလှသော ဟစ်တလာ


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာ ဟစ်တလာ၏လက်ရာ ပန်းချီကားနှစ်ချပ်





ပန်းချီပြပွဲတစ်ခုကိုစစ်ဆေးကြည့်ရှုနေသော ဟစ်တလာ



စစ်ဆင်ရေးတစ်ခုကို ကိုယ်တိုင်ကြီးကြပ် ကွပ်ကဲနေသော
ဟစ်တလာနှင့် ဂျာမန်ဗိုလ်ချုပ်ကြီးများ




www.burmeseclassic.com

www.burmeseclassic.com



အီတလီ အာဏာရှင် မူဆိုလိနီနှင့် ဂျာမနီ အာဏာရှင် ဟစ်တလာတို့
တွေ့ဆုံဆွေးနွေးပွဲ



၁၉၃၃ ခုနှစ်တွင် ဂျာမန်လွှတ်တော်ကြီး
လျှို့ဝှက် ဆန်းကျယ်စွာ မီးလောင်ခဲ့စဉ်က ...



ဗိုလ်ချုပ်ကြီးကိုက်ဘဲလ်နှင့်မာတင်ဘောမန်းတို့အား
ဟစ်တလာနှင့်အတူတွေ့မြင်ရပုံ




www.burmeseclassic.com

www.burmeseclassic.com



ဝင်ဆာမြို့စားကြီးနှင့် ဇနီးမစ္စက်ဆင်ပဆင်တို့အား
ဟစ်တလာက လက်ခံကြိုဆိုနေပုံ





တောင်းဘိတို့နှင့်ထူးထူးခြားခြားရိုက်ကူးထားသောဟစ်တလာ၏ဓါတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၄ ခု ဇူလိုင်လ ၂၀ ရက်နေ့က ဟစ်တလာအား လုပ်ကြံရန်
ရည်ရွယ်သည့်ဗုံးပေါက်ကွဲပြီးနောက် မူဆိုလီနီနှင့် ဟစ်တလာတို့ကိုတွေ့မြင်ရပုံ



ဟစ်တလာလူငယ်တပ်ဖွဲ့အားစစ်ဆေးနေသော
အာဏာရှင်ကြီးဟစ်တလာ....





အာဏာရှင် ဟစ်တလာအား နာဇီဗိုလ်ချုပ်ကြီးများနှင့်တွေ့ခဲ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၄ ခု ဇူလိုင် ၂၀ ရက်နေ့က လုပ်ကြံမှုမှ လွတ်မြောက်လာခဲ့ကြသော ဂိုးအားရင်းနှင့်ဟစ်တလာ



ဟစ်တလာနှင့် နှစ်ပေါင်းများစွာ တိတ်တိတ်ပုန်း ညားလာခဲ့သော အီဗာဘရွန်း



BURMESE CLASSIC .com



၁၉၄၅ ခုနှစ်က နာဇီအကျဉ်းစခန်းမှ လွတ်မြောက်လာခဲ့ကြသော ငချေးတပ်သားများ



စစ်ပြီးကာလ နျူရင်ဘတ်စစ်ခုံရုံးတွင် တွေ့မြင်ကြရသော နာဇီခေါင်းဆောင်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅ ခု ဧပြီလ ၂၀ ရက် နောက်ဆုံးမွေးနေ့တွင်
ဟစ်တလာ လူငယ်အဖွဲ့ဝင်များအား တွေ့ဆုံခဲ့စဉ်



ဟစ်တလာ မသေမီ ၁၀ ရက်အလိုတွင် နောက်ဆုံးရိုက်ကူးခဲ့သောဓာတ်ပုံ

BURMESE CLASSIC .com

အခန်းတစ်

# ပါတီခေါင်းဆောင် ဟစ်တလာ

(၁၈၈၉–၁၉၃၃)

www.burmeseclassic.com

www.burmeseclassic.com



## အာဏာမဲ့ပေါ်သူ တစ်ယောက်၏ သား

ညနေစောင်း၍ မှောင်စပျိုးလာပြီ ဖြစ်၏။

လမ်းမီးတိုင်များမှ မီးများလာနေပြီဖြစ်သော်လည်း နေရောင် ထုံးလုံး မပျောက်သေးသဖြင့် တစ်ကြောင်း၊ မြူခိုးများ ဝေ့ဆိုင်း နေသဖြင့် တစ်ကြောင်း မီးလုံးများမှာ နစ်တာရှည် လူမမာ တစ် ယောက်၏ မျက်လုံးများကဲ့သို့ အားနည်း ဖျော့တော့လျက် ရှိနေ ကြသည်။

ဩစတြီးယားပြည်နှင့် ဘာဗေးရီးယားပြည် နယ်စပ်ရှိ အင်း မြစ်ပေါ်မှ ဘရောနော်မြို့ကလေးမှာ တဖြည်းဖြည်းနှင့် မှောင်ရိပ် သမ်းစ ပြုလာပြီ ဖြစ်သည်။

၁၈၈၉-ခု၊ ဧပြီလ ၂၀-ရက်နေ့။

ညနေ ၆-နာရီ မိနစ်-၃၀။

ဤနေ့ဤရက်ဤအချိန်၊ ဤမြို့ကလေး၏ တစ်ခုသော အိမ် တစ်အိမ်၌ အိမ်သားများသည် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ သူတို့ သည် ဤအိမ်ကလေး၏ တစ်ခုသော အခန်းကလေးထဲသို့ ဝင်ချည် ထွက်ချည်နှင့် အလုပ်များနေကြသည်။

တစ်ခဏမျှအကြာတွင်အဆိုပါအခန်းကလေးထဲမှ "အူဝဲအူဝဲ" ရှိသော မွေးကင်းစ ကလေးငယ် တစ်ယောက်၏ စူးရှူးဝါးဝါး

www.burmeseclassic.com

အဆက်မပြတ် အော်ချလိုက်သံနှင့်အတူ "ယောက်ျားကလေးဟဲ့၊ ယောက်ျားကလေး" ဟူသော အသံများကိုပါ ဆက်တိုက် ကြားလိုက်ရသည်။

ခပ်စောစောက စိုးရိမ် ကြောင့်ကြမှု များကြောင့် မျက်နှာမသာမယာ ဖြစ်နေကြသော အိမ်သားများမှာ ယခုမူ သက်ပြင်းချကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ အမှတ်မထင် ပြုံးလာနိုင်ကြသည်။

ဤသို့လျှင်ဟစ်တလာမှာ သူသူငါငါမထင်ရှားသည့် သာမန်လူသား တစ်ယောက်အဖြစ် လူ့လောကသို့ ရောက်ရှိလာခဲ့သည်။

သို့သော် သူ့ကိုဖွားမြင်သည့်အချိန်ကဘရောနောမြို့ကလေးမှာ အမှောင်ရိပ်သမ်း၍ တစ်စတစ်စ အမှောင်ထု လွှမ်းလာခဲ့သလို နောင်နှစ်ပေါင်း ငါးဆယ်ခန့် ကြာသောအခါ ကမ္ဘာတစ်ခုလုံး အမှောင်ရိပ်သမ်း၍ ဥရောပ တစ်တိုက်လုံးမှာ အမှောင်ထု လွှမ်းခဲ့ရသည်။ အမိဝမ်းတွင်းမှ ကျွတ်စ ကလေးငယ်တို့၏ သဘာဝအလျောက် "အုဝဲ....အုဝဲ" ဟူသော အော်ဟစ်သံသည် ထိုစဉ်က အမှတ်မထင် သာမန်မျှပင် ဖြစ်သော်လည်း နောင်နှစ်ပေါင်း ငါးဆယ်ခန့် ကြာသောအခါ သူ့ပါးစပ်မှ တစ်ခွန်း ဟောက်လိုက်လျှင် သူ့ခြေဖဝါးအောက်သို့ တိုင်းပြည်တစ်ပြည် ရောက်ခဲ့ရသည်။ သူ့ပါးစပ်မှ တစ်ချက် ငေါက်လိုက်ရုံမျှဖြင့် လူပေါင်း အသိန်းအသန်း အသက်ပျောက်ခဲ့ရသည်။

သို့သော် ယခုအခိုက်အတန့်တွင်မူ သာမန် အကောက်အရာရှိကလေး၏ သားတစ်ယောက်အဖြစ် ဟစ်တလာ လူ့လောကထဲသို့ ရောက်လာသည်။ သူ့ကို မိဘ နှစ်ပါးနှင့် အိမ်သားများမှအပ အိမ်နားနီးချင်းများကပင် အမှတ်မထင် နေခဲ့ကြသည်၊ ဘရောနောမြို့မှာ ခါတိုင်းကဲ့သို့ လူသွားလူလာ လှုပ်ရှားစည်ကားလျက်ပင် ရှိနေသည်။ ဩစတြီးယား ပြည်ကလေးမှာလည်း အေးချမ်းသာယာစွာ ရှိနေသည်။ နောက်ဆုံး နောင်တစ်နေ့တွင် သူကိုယ်တိုင်လောင်စာကျွေး၍ ဒုတိယ ကမ္ဘာစစ် မီးကြီးကို မွေးကာ တဟုန်းဟုန်း တောက်လောင်သည့်တိုင်အောင် မီးရှို့ ဖျက်ဆီးခြင်းခံရမည့်



ဥရောပတိုက်သည်ပင်လျှင် ဟစ်တလာ မွေးဖွားလာသည့် ထိုအချိန် ထိုအခါ၊ ၁၈၈၉-ခုနှစ် ကာလတွင် ခါတိုင်းထက် ပို၍ တည်ကြည် ငြိမ်သက်စွာ ရှိနေခဲ့သည်။

နောင်အခါ၌ ဟစ်တလာ၏ ခြေဖဝါး အောက်တွင် မှုန်မှုန် ညက်ညက် ကြေအောင် ဖျက်ဆီးခြင်း ခံကြရမည့် ဩစတြီးယား၊ ချက်ကိုစလိုဗေးကီးယားနှင့် ပိုလန် စသော တိုင်းငယ် ပြည်ငယ် ကလေးများမှာ ဟစ်တလာ မွေးဖွားသည့် ၁၈၈၉-ခုနှစ်က တိုင်းပြည်အဖြစ်ဖြင့်ပင် မပေါ်ပေါက်သေး။ မဟာ အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးသည် လည်းကောင်း၊ ဆိုဗီယက်ယူနီယံသည် လည်းကောင်း၊ ထိုအချိန် ထိုအခါက စိတ်ကူးထဲတွင်ပင် မရှိကြသေးဘဲ ရုရှားပြည်ကြီးမှာ ဇာဘုရင်များ၏ အုပ်စိုးမှုအောက်တွင် "မြင့်မြတ်သော ရုရှပြည်ကြီး" အဖြစ် ရှိနေဆဲပင် ဖြစ်သည်။

ပထမဆုံးကမ္ဘာ့ဆိုရှယ်လစ် တိုင်းပြည်ကြီးကိုတည်ထောင်မည့် လီနင်မှာ ဟစ်တလာ မွေးဖွားလာသည့် ၁၈၈၉-ခု နွေရာသီ အချိန်တွင် အသက် ၁၉-နှစ်မျှ ရှိသေး၍ ဇာဘုရင်၏ ပုလိပ်များကို ဒုက္ခပေးနေသော ကျောင်းသား တစ်ယောက်မျှသာ ရှိသေးသည်။ စတာလင်မှာ ထိုအချိန်က ဂျော်ဂျီယာပြည်နယ် တစ်ဖလစ် မြို့ကလေးမှ ဆင်းရဲနွမ်းပါးလှသော ဖိနပ်ချုပ်သမား၏ သား တစ်ယောက် ဘဝတွင်ပင် မထင်မရှား ရှိနေသေးသည်။ နောင်သော အခါ၌ ဟစ်တလာ၏ ညာလက်ရုံး ဖြစ်လာမည့် အီတလီ ဖက်စစ်အာဏာရှင် မူဆိုလီနီမှာ ထိုအချိန် ထိုအခါက ရိုမဂ္ဂနာမြို့မှ အညာတရ ပန်းဘဲဆရာ တစ်ယောက်၏ ခြောက်နှစ်အရွယ် သားကလေး အဖြစ်သာ ရှိသေးသည်။

ဟစ်တလာ၏ နှစ်ဖက်သောမိဘများမှာ ဩစတြီးယားပြည် ဗီယင်နာမြို့၏ အနောက်မြောက်ဘက်၊ မိုင်ငါးဆယ်မျှ ဝေးကွာသော ဝါးဗီယာတဲလ် မြို့ကလေးမှ အဆက်အနွယ်များ ဖြစ်ကြသည်။ သူတို့တစ်တွေ၏ မိသားစုနာမည်မှာ မူလက ဟိုက်ဒလာ (Hiedler) ဟု ခေါ်ဝေါ်ကြသည်၊ နောင်နှစ်ပေါင်း အတန်ငယ်ကြာမှပင်

www.burmeseclassic.com

www.burmeseclassic.com

ဟစ်တလာ(Hitler)ဟူ၍ ပြောင်းလဲ ခေါ်ဝေါ်လာကြခြင်း ဖြစ်သည်။

ဟစ်တလာ၏အဘိုးဖြစ်သူ ဂျိုဟန်းဂျော့ ဟိုက်ဒလာမှာ မည်သည့်အခါမှ တစ်နေရာတွင် အတည်တကျနေသည်ဟူ၍ မရှိ၊ ကျပန်းကုန်သည်တစ်ယောက်အဖြစ် တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာ နေထိုင်ခဲ့သူတစ်ဦး ဖြစ်သည်။ သူသည် ထိုသို့ ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာ၍ ရောက်ရာ အရပ်တွင် ဖြစ်သလိုလုပ်ကိုင်စားသောက်နေခဲ့ရာ ၁၈၄၂-ခုနှစ် မေလတွင် စထရုံး အမည်ရှိ ရွာကလေးကစ်ရွာမှ မာရီယာအန်နာ ဆိုသူ လယ်သူမလေး တစ်ယောက်နှင့် အကြောင်းပါခဲ့သည်။

မာရီယာအန်နာမှာ ဂျော့ဟိုက်ဒလာနှင့်အကြောင်းပါသည့်အချိန်တွင် သူမသည် အပျိုမဟုတ်ပေ။ ထိုအချိန်မတိုင်မီ လွန်ခဲ့သည့် ငါးနှစ်ခန့်က သူမသည် လင်ကောင်မပေါ်ဘဲ ကလေးတစ်ယောက်တိတ်တိတ်ပုန်းရခဲ့ဖူး၏။ ထိုကလေး၏အမည်မှာ အလွိုက်စ်ဖြစ်၍ ရပ်ရွာထုံးစံအရ ဂျော့ဟိုက်ဒ်လာသည် မာရီယာအန်နာနှင့် လက်ထပ်ပြီးနောက် အဆိုပါ "ဒူးမနာသားလေး" အလွိုက်စ်ကို မိမိ၏ အမွေစားအမွေခံ သားအဖြစ် တရားဝင်ပြုခဲ့ရ၏။ အဆိုပါ ဖအေမပေါ်ဘဲ တိတ်တိတ်ပုန်း မွေးလာခဲ့သော အလွိုက်စ်ကား နောင်အခါ၌ အဖ ဂျာမနီနိုင်ငံတော်၏ အဓိပတိ၊ ဖက်ဆစ်အာဏာရှင်ကြီး ဟစ်တလာ၏ ဖခင်ပေတည်း။

အလွိုက်စ်သည် ဂျော့ဟိုက်ဒ်လာ၏ တရားဝင် သားပင်ဖြစ်သော်လည်း သူသည် ဂျော့ဟိုက်ဒ်လာ၏ ညီ၊ နီပိုမတ်ဟိုက်ဒ်လာ၏ နေအိမ်တွင် ကြီးပြင်းလာခဲ့ရသည်။ ဤအတောအတွင်း ၁၈၇၇-ခုနှစ်တွင် ဂျော့ဟိုက်ဒ်လာသည် သူ၏တရားဝင်သား အလွိုက်စ်ကို အလွိုက်စ်ဟစ်တလာဟု စတင် ခေါ်ဝေါ်ခဲ့ရာမှ နောင်အခါတွင် ဟိုက်ဒ်လာ အဆက်အနွယ်များသည် ဟစ်တလာဟူ၍ အမည်တွင်လာခဲ့ကြသည်။

အလွိုက်စ် ဟစ်တလာသည် အသက်၁၃-နှစ်အရွယ်တွင် သူ့ဦးလေး၏နေအိမ်မှ ထွက်လာခဲ့၍ ဗီယင်နာမြို့တွင် ဖိနပ်ချုပ်သမား



တစ်ယောက်ထံ ဖိနပ်ချုပ်ပညာ သင်ခဲ့သည်။ သို့သော် သူသည် ထိုအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း မလုပ်တော့ဘဲ အသက် ၁၈-နှစ်အရွယ်တွင် အကောက်ဌာန၌ ဝင်ရောက် အမှုထမ်းခဲ့သည်။ ၁၈၅၅-ခုနှစ်မှ ၁၈၆၅-ခုနှစ်အထိ ဘရောနောမြို့ကလေးနှင့် တကွ ဩစတြီးယားပြည် အထက်ပိုင်းဒေသမှ အခြားမြို့ကလေးများတွင် အစိုးရတာဝန်ဖြင့် လှည့်လည် ပြောင်းရွှေ့ လုပ်ကိုင်ရင်း တဖြည်းဖြည်း ရာထူးတက်ကာ အကောက်အရာရှိကလေး တစ်ယောက် ဖြစ်လာသည်။

အလွိုက်စ်ဟစ်တလာသည် ၁၈၆၄-ခုနှစ်တွင်အန်နာဂလပ်စ်ဆိုသူ အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ခဲ့သည်။ အန်နာဂလပ်စ်သည်း အခြား အကောက်အရာရှိတစ်ယောက်၏ မွေးစားသမီးဖြစ်သည်။ သို့သော် သူတို့အိမ်ထောင်သည် အဘက်ဘက်မှ အဆင်မပြေဖြစ်ကာ နောက်ဆုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုက်ကြသည်။ အန်နာဂလပ်စ်မှာ အလွိုက်စ်ထက် အသက်ကြီးသည်ကတစ်ကြောင်း၊ အိမ်ထောင်ရေးအဆင်မပြေသဖြင့် စိတ်ဆင်းရဲသည်က တစ်ကြောင်းတို့ကြောင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်ကာ နောက်ဆုံး ၁၈၈၃-ခုနှစ်တွင် ကွယ်လွန်သွားခဲ့ရှာသည်။ သို့ရာတွင် ကောင်းထောက်မသည်ဟု ဆိုရမည်လားမသိ၊ သူတို့တွင် သားသမီးတစ်ယောက်မှ ထွန်းကားခြင်း မရှိခဲ့။

အလွိုက်စ်သည် ပထမမယားကြီးကွယ်လွန်ပြီးနောက် တစ်လခန့်အကြာတွင် ဖရန်ဇစ္စကာမက်ဇလ်ဘာဂျာဆိုသူ ဟိုတယ်အစေခံမလေးတစ်ယောက်နှင့် နောက်အိမ်ထောင်ပြုပြန်သည်။ ဖရန်ဇစ္စကာမှာသည်း အလွိုက်စ်နှင့် မရမီက ဖအေမပေါ်ဘဲ ကလေးတစ်ယောက် မွေးခဲ့ရုံမျှမက အလွိုက်စ်နှင့်ညားပြီးသုံးလမျှအကြာတွင် သမီးကလေးတစ်ယောက် မွေးခဲ့ပြန်သည်။

အလွိုက်စ်၏ အိမ်ထောင်ရေး ဇာတာသည် ထိုမျှနှင့်ပြီး သွားမရသေး၊ သူ့ဇနီး ဖရန်ဇစ္စကာမှာ သမီးကလေးမွေးပြီး တစ်နှစ်မျှမကြာမီ အဆုတ်ရောဂါဖြင့် ဆုံးသွားခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤတစ်ကြိမ်တွင်မူ အလွိုက်စ်သည် နောက်အိမ်ထောင်မပြုသေးဘဲ ခြောက်လခန့် နေကြည့်သေးသည်။ သို့သော် "ပိုးဖလံမျိုးမီးကိုတိုး" ဆိုသကဲ့သို့လည်းကောင်း၊ "သောက်လေ သောက်လေ ငတ်မပြေ" ဆိုသကဲ့သို့ လည်းကောင်း၊ အိမ်ထောင်အခါခါ ပျက်တတ်သူများသည် အိမ်ထောင်အခါခါပြုရန် ဝန်မလေးကြသည့်အတိုင်း ဒုတိယဇနီးဆုံးပြီး ၆-လခန့်အကြာ တတိယအိမ်ထောင်ဖက်ကို တွေ့ပြန်သည်။

သူ၏ တတိယအိမ်ထောင်ဖက်မှာ ကလာရာပေါလ်ဇ်လ် ဆိုသူဖြစ်သည်။ သူမသည် အလွိုက်စ်နှင့် လက်ထပ်ချိန်တွင် အသက် ၂၃-နှစ်မျှ ရှိပြီဖြစ်၍ အလွိုက်စ်ထက် အသက် ထက်ဝက်ကျော်မျှငယ်သူဖြစ်သည်။ သူမသည် အလွိုက်စ်နှင့် ဆွေမျိုးနီးစပ်တော်ရုံမျှမက သူ၏ပထမ မယားကြီးရှိစဉ်က ခေတ္တခဏမျှပင် အတူတကွသာရောက်နေထိုင်ခဲ့ဖူးသည်။

အလွိုက်စ်နှင့်ကလာရာတို့သည် ၁၈၈၅-ခုနှစ် ဇန်နဝါရီလ ၇-ရက်နေ့တွင် လက်ထပ်ခဲ့ကြသည်။ ထိုနှစ် မေလ ၁၇-ရက်နေ့တွင် ပထမဆုံး ဂတ်စ်တပ်ဆိုသူ သားယောကျ်ားကလေး ဖွားမြင်သည်။ ထိုနောက်တစ်ဖန် အိုင်ဒါဆိုသူတစ်ယောက် မွေးပြန်သည်။ သို့သော် နှစ်ယောက်စလုံး အဖတ်မတင်ဘဲ ဖြစ်မွဲသည်။ ယခုတစ်ဖန် ၁၈၈၉-ခု ဧပြီလ ၂၀-ရက် နေ့တွင် သားယောကျ်ားကလေး ဟစ်တလာကို မွေးခဲ့သည်။

ဤသို့လျှင် ဟစ်တလာသည် အလွိုက်စ်၏တတိယဇနီးမှ မွေးလာသော တတိယမြောက် သားတစ်ယောက် ဖြစ်လာခဲ့သည်။

သို့သော် အလွိုက်စ်ဟစ်တလာသည် မိမိ၏ဖခင်အရင်း မည်သူမည်ဝါ ဖြစ်သည်ကို မသိသလို အဒေါ့ဖ်ဟစ်တလာအဖိုးရှင်လည်း မိမိ၏ အဘိုးအရင်းသည် မည်သူမည်ဝါဆိုသည်ကို မသိခဲ့ရ၊ သူတို့နှစ်ယောက်သာလျှင်မဟုတ်၊ ဤပြဿနာကို ဟစ်တလာအမျိုးအနွယ်များလည်းမသိ၊ အခြား မည်သူတစ်ဦးတစ်ယောက်မျှမသိ၊ တစ္ဆာကလည်း ယနေ့အထိ မသိ။



## အနည်းငယ်ဘ အညတရပန်းချီဆရာ

အလွိုက်စ်သည်အဒေါ့ဖ်ဟစ်တလာအပြင်နောက်ထပ် အက်ဒ်မွန်နှင့် ပေါလာဟူ၍ သားတစ်ယောက်၊ သမီးတစ်ယောက် ထပ်မံမွေးသေးသည်။ သို့သော် ဟစ်တလာ၏ညီ အက်ဒ်မွန်မှာ ၆ နှစ်သားအရွယ်တွင် သေဆုံးခဲ့ပြန်ရာ ဟစ်တလာမှာ တစ်မိဝမ်းတွင်း တအူထုံ့ဆင်း ဟူ၍ ပေါလာ အမည်ရှိ ညီမငယ် တစ်ယောက်သာ အသက်ထင်ရှား ရှိသည်။

ဟစ်တလာကိုမွေးဖွားသည့် အချိန့်တွင် သူ့ဖခင် အလွိုက်စ်မှာ အသက် ဝါးဆယ်ကျော်မျှပင် ရှိပြီဖြစ်၍ သူ့မိခင် ကလာရာမှာ အသက် သုံးဆယ်ပင် မပြည့်သေးချေ။

အလွိုက်စ်သည် အကျ၍ အပြောအဆို ကြမ်းတမ်းသည်။ အမြဲတမ်း စိတ်တို၍ တစ်စုံတစ်ခုကို အလိုမကျ ဖြစ်နေပုံရသည်။

မှန်သည်။ သူ့ဘဝ ခရီးလမ်းမှာ ဖြောင့်ဖြောင့် တန်းတန်း ရှိခဲ့၊ သာသာယာယာ မရှိခဲ့။ အထူးသဖြင့် သူ့အိမ်ထောင်ရေးမှာ ရှုပ်ထွေးပွေလီ၍ မသတီစရာ ဖြစ်ခဲ့ရသည်။

ပထမ မယားကြီးမှာ သူ့ထက် အသက်၁၄ နှစ်ကြီး၍ ဒုနောက်ဆုံး တတိယ မယားမှာ သူ့ထက် ၂၃ နှစ်မျှပင် ငယ်နေသည်။ ဒုတိယ မယားမှာ သူနှင့် တစ်နှစ်ခန့်သာ ပေါင်းလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

သေကွဲ ကွဲခဲ့ရသည်။ မယား ၃ ယောက်မှ သားသမီး ၇ ယောက် မွေးခဲ့ရာတွင် တစ်ယောက်မှာ သူနှင့် မညားမီက လင်ဟောင်း မပေါ်ဘဲ မွေးခဲ့သော ဒူးမန့်သားဖြစ်၍ အခြား ၂ ယောက်မှာ လည်း သူနှင့် ညားပြီး လ အနည်းငယ်အတွင်း မွေးခဲ့သော သား များ ဖြစ်နေပြန်သည်။ ယခု နောက်ဆုံး တတိယ ဇနီးမှ သား သမီး ၅ ယောက် ထွန်းကားခဲ့ရာ နှစ်ယောက်သာ အဖတ်တင်၍ သုံးယောက်မှာ ဆုံးခဲ့ရသည်။ ဤသို့လျှင် ကိစ္စများမြေခင် လူတို့ ဘောင်၏ အိမ်ထောင်ရေး ဒုက္ခသုက္ခများသည် သူ့ခန္ဓာကိုယ်တွင်း သို့ ဆူးကြီးများပမာ တစ်ချောင်းပြီးတစ်ချောင်း တစ်ခုပြီးတစ်ခု စူးဝင်လာခဲ့သည်။

ဤဆူးကြီးများထက် ပို၍ ကြီးသော ဆူးကြီးတစ်ချောင်း ရှိသေးသည်။ ထိုဆူးကြီးမှာ သူ့ကိုယ်၌ဖြစ် သူ့အဖေအရင်း ဘယ်သူဘယ်ဝါဟူ၍ မသိရဘဲ တိတ်တိတ်ပုန်း မွေးလာခဲ့သော သားတစ်ယောက်အဖြစ် မွေးကတည်းက စူးဝင်လာခဲ့သော ဆူး ကြီးပင် ဖြစ်သည်။ ဤဆူးကြီးများ၏ ဒဏ်ရာ ဒဏ်ချက်သည်ပင် လျှင် အလ္ဗိုကြက်စ်အတွက် လောကကြီးအား စိတ်နာစရာ အကွက် များ ဖြစ်လာခဲ့သည်။

အလ္ဗိုကြက်စ်သည် အသက် ၅၀ နှစ်၊ ၁၀၉၅ ခုနှစ်တွင် အငြိမ်းစားဘ၀အဖြစ် ပင်စင်ယူခဲ့သည်။ သူသည် အလုပ်မှ အနားယူခဲ့ပြီးနောက် ဩစတြီးယားပြည် အထက်ပိုင်း မြို့ကလေးများ တွင် သင့်တော်သလို ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ထို့နောက် ၁၀၉၉ ခုနှစ်တွင် လင်ဇ်မြို့အနီး လီယွန်ဒင်းရွာကလေးသို့ ရောက်ရှိ လာခဲ့ပြီး ထိုရွာကလေးမှာပင် သေတာပန် သက်တမ်းဆုံး နေထိုင်သွား ခဲ့သည်။

ဟစ်တလာမှာ ငယ်စဉ်ကသူ့ဖခင်ပြောင်းရွှေ့ရာသို့တစ်မြို့ပြီး တစ်မြို့ လိုက်ပါနေထိုင်ခဲ့ရသည်။ သို့သော် သူ့ဖခင်က သူ့ကို ပညာတူးချွန်စေလိုသောဆန္ဒ ရှိသည့် အလျောက် ရောက်ရာ အရပ် တွင် ကျောင်းထားပေးခဲ့ရာ မူလတန်းကျောင်းများတွင် ၅-နှစ်မျှ သင်ကြားခဲ့ပြီး ဟစ်တလာသည် အသက် ၁၁ နှစ်အရွယ် ၁၉၀၀



ပြည့်နှစ်တွင် လင်ဇ်မြို့မှ ရီးရဲလ်အလယ်တန်းကျောင်းတွင် ဆက်လက် ပညာသင်ကြားခဲ့သည်။

၁၉၀၃ ခု နှစ်ဦးပိုင်းတွင် ဟစ်တလာ၏ဖခင် အလ္ဗိုကြက်စ် ဟစ်တလာ သေဆုံးသွားခဲ့သည်။ မိခင် ကလာရာက ကွယ်လွန်သူ သင်ယောက်ျား၏ ပင်စင်လစာကို ဆက်လက်ထုတ်ယူကာ ဟစ် တလာနှင့် ပေါ်လာတို့ မောင်နှမ နှစ်ယောက်ကို ကျွေးမွေး စောင့်ရှောက်လာခဲ့သည်။

ဖခင် သေဆုံးပြီး နောက်တနှစ် ၁၉၀၄ ခုနှစ်တွင် ဟစ် တလာသည် ရီးရဲလ် ကျောင်းတွင် ကျောင်းသင်ခန်းစာများကို ကောင်းစွာ မလိုက်နိုင်သဖြင့် ထိုကျောင်းမှ ထွက်ခဲ့ရပြီး စတီးယား ကျောင်းသို့ ပြောင်းရွှေ့သင်ကြားခဲ့ရသည်၊ ဤနှစ်အတွင်းမှာပင် ဟစ်တလာသည် မိခင်ဖြစ်သူ၏ အလိုကျ ရိုမန်ကက်သလစ်ဘာသာ ဝင်အဖြစ် ခံယူခဲ့သည်၊ သူသည် အထက်ပါ စတီးယား ကျောင်း တွင် ဆက်လက် ပညာသင်ခဲ့ပြီး အသက် ၁၆ နှစ်တွင်မှ ကျောင်း ထွက်ခဲ့သည်။

ဟစ်တလာသည် ငယ်စဉ်က ပန်းချီ အနုပညာကို ဝါသနာ ထုံခဲ့သည်။ သူ ကြီးပြင်းလာလျှင် ပန်းချီဆရာအဖြစ် အသက်မွေး မည် ဟူ၍လည်း စိတ်ကူးယဉ်ခဲ့သည်။ သူ့ဖခင် မသေမီက ဤကိစ္စ အတွက် သားအဖနှစ်ယောက် မကြာခဏ စကားများခဲ့ကြရသည်။ သူ့ဖခင်က ဟစ်တလာကို သူ့လို အစိုးရအမှုထမ်း တစ်ယောက် ဖြစ်စေချင်သည်။ ဟစ်တလာကလည်း အစိုးရအမှုထမ်း ဘ၀ကို လုံး၀ မလိုလား၊ မလုပ်ချင်။

ဤကိစ္စနှင့် ပတ်သက်၍ ဟစ်တလာနှင့် သူ့ဖခင် အလ္ဗိုကြက်စ် တို့ မကြာခဏ ပဋိပက္ခ ဖြစ်ကြပုံကို နောင်အခါ၌ သူ၏နာမည် ကျော် ကျွန်ုပ်၏ကြိုးပမ်းမှု (မိန်းကမ့်ဖ်) စာအုပ်ကြီးတွင် ဟစ်တလာ က အောက်ပါအတိုင်း ရေးသားခဲ့သည်၊

"ကျွန်ုပ်သည် အစိုးရအမှုထမ်း အလုပ်ကို မလုပ်လို၊ လုံး၀မလုပ်လို။ ကျွန်ုပ်၏ ဖခင်ဖြစ်သူက ဤအလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



အသောကျ နှစ်ခြိုက်လာအောင် သူ့ဘဝ အတွေ့အကြုံ အဖြစ်အပျက်များကို ပြန်ပြောင်း ပြောပြ၍ ကျွန်ုပ်အား သွေးဆောင်လေလေ ကျွန်ုပ်သည် ထိုအလုပ်ကို စက်ဆုပ်လေလေဖြစ်သည်။ တစ်နေ့တွင် ကျွန်ုပ်သည် ပန်းချီဆရာတစ်ယောက်၊ အနုပညာရှင်တစ်ယောက် ဖြစ်ရမည် ဟူ၍ တစ်ထစ်ချ မှတ်ယူစွဲမြဲထားသည်။ ဤအကြောင်းကို ကျွန်ုပ်ဖခင်သိရလျှင် သိရချင်း သူသည် ရုတ်တရက် စကားမပြောနိုင်ဘဲ ကြက်သေသေသွားသည်။ "ပန်းချီဆရာ၊ ဟုတ်လား၊ ဘယ်ဖြစ်မလဲကွ၊ ဒီအလုပ်မျိုးကို ငါအသက်ရှင်နေသရွေ့ မင်း ဘယ်တော့မှ မလုပ်ရဘူးသိလား" ဟူ၍ ကျွန်ုပ်အား အော်ဟစ်ကြိမ်းမောင်းပါသည်။ ဤကိစ္စတွင် ကျွန်ုပ်၏ဖခင်သည် "ဘယ်တော့မှ မလုပ်ရဘူး" ဟူသော စကားကို ဘယ်တော့မှ လက်မလွှတ်ပါ။ သို့သော် ကျွန်ုပ်ကလည်း "ဘာပဲဖြစ်ဖြစ် လုပ်မယ်" ဟူသော အချက်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားခဲ့သည်"

(ကျွန်ုပ်၏ ကြိုးပမ်းမှု စာမျက်နှာ ၂၂)

မည်သို့ပင်ဖြစ်စေ ဟစ်တလာသည် သူ့ဖခင်နှင့် စိတ်သဘောချင်း မတိုက်ဆိုင်ခဲ့သည်မှာ ထင်ရှားသည်။ ဤသို့ ဖြစ်ရသည်မှာ ပန်းချီဆရာလုပ်ချင်လှသော ဟစ်တလာ၏ဆန္ဒကြောင့် ဖြစ်ရသည် ထက် ဟစ်တလာမှာ ကျောင်းသင်ခန်းစာများကို မလိုက်နိုင်ဘဲ အတန်းထဲတွင် ညံ့ဖျင်းလှသောကြောင့် ဖခင်ဖြစ်သူက ဒေါပွကာ ကြောခဏ သားအဖ စကားများကြခြင်းဖြစ်သည်။ ဟစ်တလာသည် ကျောင်းမှတ်တမ်းများအရ အလွန်ညံ့ဖျင်းသော ကျောင်းသားတစ်ယောက်ဖြစ်ခဲ့ရာ အချိန်တန်၍ ကျောင်းမှ ထွက်ခဲ့ရသည်အထိ အခြား ကျောင်းသားများ ရရှိးရစဉ်ဖြစ်သော ကျောင်းထွက် သက်မှတ်ကိုပင် မရရှိခဲ့ပေ။

၁၉၀၅-ခုနှစ်တွင် ဟစ်တလာ ကျောင်းမှ ထွက်ခဲ့သည်။



ဤအချိန်တွင် သူ့မိခင် ကလာရာမှာ အသက် ၄၆-နှစ်မျှ ဖြစ်သည်။ ကလာရာသည် ထိုနှစ်မှာပင် လီယွန်ဒင်းရွာကလေးမှ ကိုရောင်းချကာ ထိုငွေနှင့် ကွယ်လွန်သူ ခင်ပွန်းသည်ထားခဲ့သော ပင်စင်လစာငွေ ၁၄၀-ကို အမှီသဟဲပြု၍ လင့်ဇ်မြို့ဟမ်ဘော့လ်း မှ အိမ်ခန်းကလေးတစ်ခုကို ငှားရမ်း နေထိုင်ခဲ့သည်။ ထိုမှ ၁၉၀၇-ခုနှစ်တွင် လင့်ဇ်မြို့၏ ဆင်ခြေဖုံးဖြစ်သော အာဖာ ကျွက်သို့ ပြောင်းရွှေ့ခဲ့ပြန်သည်။

ကလာရာသည် ဖအဆိုးကလေးဖြစ်သော ဟစ်တလာကို ချစ်သည်။ အလိုလိုက်သည်။ သို့ဖြစ်ရာ နဂိုကပင် ခေါင်းမာသော တလာသည် မိခင်၏ အလိုလိုက်မှုကြောင့် သူထင်ရာ စွပ်လုပ်လေ့ သည်။ သူ့မိခင်က သူ့ကို အလုပ်တစ်ခုခု အတည်တကျ လုပ်ကိုင် သော်လည်း နားမထောင်ဘဲ "ငါဟာ တစ်နေ့နေ့တော့ ချီဆရာတစ်ယောက် မုချဖြစ်ရမယ်" ဟူသော အစွဲအလမ်းဖြင့် သရွေ့ ပုံဆွဲစာအုပ်များထဲတွင် မတောက်တခေါက် ပုံကြမ်း ရေးဆွဲနေခြင်းဖြင့် အချိန်ကုန်ခဲ့သည်။

၁၉၀၆-ခုနှစ်တွင် သူသည် ဗီယင်နာမြို့သို့ အလည်အပတ် သွားခဲ့သည်။ ဗီယင်နာမြို့မှာ အနုပညာ ထွန်းကားသော တစ်မြို့ဖြစ်ရာ ထိုမြို့မှ လှပ ဆန်းကြယ်၍ လက်ရာမြောက်လှ အဆောက်အအုံများ၊ အနုပညာပြခန်းများနှင့် ‌အော်ပရာ ရုံကြီးများသည် ပန်းချီရူး ရူးနေသော ဟစ်တလာကို အကြီး ဖမ်းစားတော့သည်။

ဗီယင်နာမြို့မှ ပြန်လာခဲ့ပြီးနောက် ဟစ်တလာသည် ယခင် ပို၍ ပန်းချီဆရာဖြစ်ချင်စိတ်ပေါက်လာသည်။

ဤအချိန် ဤအခါတွင် သူ၏ တစ်ခုတည်းသော ဆန္ဒမှာ မြို့သို့ပြန်သွားပြီး အနုပညာ သိပ္ပံ ကျောင်းကြီးတွင် သောက်စို့ရန်ပင် ဖြစ်သည်။ သို့ဖြစ်ရာ သူ့မိခင် အတန်တန် ဆုံးမတားမြစ်သည့်ကြားမှ အသေရရ အရှိရှိ ဆရာဖြစ်ချင်လှသော ဟစ်တလာသည် ၁၉၀၇ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လင်ဇ်မြို့ကလေးကို ကျောခိုင်း၍ ဗီယင်နာမြို့သို့ မျှော်လင့်ချက်ကြီး တစ်ခွဲသားဖြင့်ထွက်ခွာလာခဲ့သည်။

သို့သော် သူ၏မျှော်လင့်ချက်တောင်ကြီးမှာ ဗီယင်နာမြို့သို့ ရောက်ပြီး မကြာမီ ပြိုကွဲပျက်စီးခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် အနုပညာသိပ္ပံကျောင်းကြီးသို့ ကျောင်းဝင်ခွင့် လက်ရွေးစင် စာမေးပွဲ ဝင်ရောက်ဖြေဆိုရာတွင် "အရည်အချင်း ညံ့သေးသည်၊ အစမ်းရေးဆွဲသော ပုံများမှာလည်း ကျေနပ်ဖွယ်ရာမရှိ" ဟူသော မှတ်ချက်ဖြင့် သူ၏ ကျောင်းဝင်ခွင့် လျှောက်လွှာကို ပယ်ချခြင်း ခံလိုက်ရသောကြောင့်ဖြစ်သည်။

သို့သော် ခေါင်းမာလှသော ဟစ်တလာသည် သူ့အကြံကို လက်မလျှော့သေးဘဲ ဗွီယင်နာမြို့တွင် ထပ်မံ ကြိုးစားပြန်သည်။ သူ၏ဖွဲ့နဘဲ မည်မျှ ကြိုးသနည်းဆိုသော် ထိုအခိုက်အတန့်တွင် လင်ဇ်မြို့မှ သူ့မိခင်ကြီး ကင်ဆာရောဂါဖြင့် အသဲအသန်ဖြစ်နေ သည်ကိုပင် ပြန်မကြည့်နိုင်ဘဲ လျစ်လျူရှုထားခဲ့သည်။ နောက်ဆုံး ဒီဇင်ဘာလ ၂၁-ရက်နေ့တွင် အဆိုပါ ကင်ဆာရောဂါဖြင့် မိခင် ကြီး ကွယ်လွန်အနိစ္စရောက်တော့မှ မလွဲသာဘဲ လင်ဇ်မြို့သို့ မပြန် မဖြစ်၍ ပြန်ခဲ့ရသည်။ သို့တိုင်အောင် သူသည် ကြာကြာမနေ၊ မိခင်ကြီး၏ဈာပနကိစ္စအဝဝပြီးစီးအောင် ဆောင်ရွက်ပြီး ၁၉၀၈-ခုနှစ် ဖေဖော်ဝါရီလထဲတွင် ဗီယင်နာမြို့သို့ ပြန်လာခဲ့သည်။

သူသည် ဗီယင်နာမြို့တွင် ဖြစ်သလိုနေထိုင် စားသောက်ရင်း အနုပညာ သိပ္ပံကျောင်းကြီးတွင် အနုပညာကျောင်းသား တစ် ယောက်အဖြစ် နေခွင့်ရအောင် နောက်တစ်ပတ် ကျောင်းဝင်ခွင့် ခေါ်မည့်ရက်ကို လက်ချိုး၍ စောင့်နေခဲ့သည်။

ပထမတွင် သူ့အတွက် နေရေးထိုင်ရေးမှာ မချောင်လည် သော်လည်း မကျပ်တည်းလှသေး၊ အဘယ်ကြောင့်ဆိုသော် သူ့ မိခင်ကြီးမဆုံးမီက စုဆောင်းထားရစ်ခဲ့သော ငွေကလေး အနည်း အကျဉ်း ကျန်ရှိနေသည့်ပြင် မိဘနှစ်ပါးစလုံး သေဆုံးသွားသဖြင့် မိဘမဲ့ သားတစ်ယောက်အဖြစ် သက်ဆိုင်ရာမှ ထောက်ပံ့ကြေး တလေးတလည်း မှန်မှန်ရနေသောကြောင့်ဖြစ်သည်။



ဤအတောအတွင်း လင်ဇ်မြို့မှ သူ၏ ငယ်သူငယ်ချင်း ဂီတ သမား ကူဘီဇက်ဆိုသူ ရောက်ရှိလာရာ သူတို့ နှစ် ယောက် သည် "အနောက်ဘက်ဘူတာရုံ" အနီးစတန်ပါဂပ်စီလမ်းမှ တိုက်ခန်း ကလေးတစ်ခုကို အတူငှားရမ်း၍နေထိုင်ခဲ့ကြသည်။ သူတို့နေထိုင်ရာ အခန်းကလေးမှာ အောက်ဆုံးထပ်မဟုတ်ဘဲ တတိယထပ်တွင်ဖြစ် သည်။ အခန်းကလေးမှာ ကျဉ်းမြောင်းလှသဖြင့် ကူဘီဇက်၏ စန္ဒရားနှင့် ဟစ်တလာ၏ စားပွဲတစ်လုံးပင် အနိုင်နိုင် ကျပ်ကျပ် သည်းတည်းထား၍ ဖြစ်သလိုနေခဲ့ကြရသည်။

ထိုနှစ် ဇူလိုင်လတွင် ဟစ်တလာ၏ သူငယ်ချင်း ကူဘီဇက် သည် နွေရာသီ အားလပ်ရက်အဖြစ် လင်ဇ်မြို့ကလေးသို့ ပြန်သွား ခဲ့သည်။

စက်တင်ဘာလလယ်လောက်တွင် အနုပညာ သိပ္ပံကျောင်း ကြီးမှ ကျောင်းဝင်ခွင့် လျှောက်လွှာများ ခေါ်ယူပြန်ရာ ထိုနေ့ ရက်ကို လက်ချိုး၍စောင့်နေခဲ့သော ဟစ်တလာသည် အသင့် ရေးထားသော လျှောက်လွှာကို ဆိုင်ရာသို့ ချက်ချင်းတင်လိုက် သည်။

ဤအကြိမ်တွင်ကား အနုပညာသိပ္ပံကျောင်းတွင် အနုပညာ ကျောင်းသားတစ်ယောက်အဖြစ် သင်ကြားရန် အားခဲထားသော ဟစ်တလာ၏ မျှော်လင့်ချက် တောင်ကြီးမှာ တစ်ခါတည်း ပြိုလဲ ပျက်စီးသွားခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ယခု တစ်ကြိမ်တွင် ကျောင်း အုပ်ချုပ်ရေးအဖွဲ့က ဟစ်တလာအား ကျောင်းဝင်ခွင့် စာမေးပွဲကိုပင် ဝင်ရောက် ဖြေဆိုခွင့်မပြုတော့ဘဲ သူ့လျှောက်လွှာ ကို တစ်ခါတည်း ပယ်ချလိုက်သောကြောင့်တည်း။

ဟစ်တလာသည် အနုပညာ သိပ္ပံကျောင်းတွင် ကျောင်း ဝင်ခွင့်မရသည့် အချိန်မှစ၍ နောင် ၅-နှစ်လုံးလုံး သူ့ဘဝကို ချုပ်ကာ ဖြစ်သလိုနေ ဖြစ်သလိုစား၍ မထင်မရှား နေခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအချိန် ဤကာလတွင် ဗီယင်နာမြို့သည် ဟစ်တလာအား လောကဓံ မုန်တိုင်း၏ အောက်တွင် အလူးအလဲ ခံရသည်အထိ နှိပ်စက်ခဲ့သည်။

ဗီယင်နာမြို့မှာ ထိုစဉ်က လူဦးရေ ၂-သန်း နီးပါးမျှရှိ၍ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှု လုပ်ငန်း၏ ဗဟိုချက်မမြို့တစ်မြို့ပင် ဖြစ်သည်။ အနုပညာ ပြတိုက်ကြီးများ၊ အော်ပရာဇာတ်ရုံကြီးများ၊ ပျော်ပွဲစားရုံကြီးများ၊ အပန်းဖြေ နားနေရာ ဥမ်ခံဌာနများ စသည်ဖြင့် လောကစည်းစိမ်ခံစားစရာ နေရာများ ပေါများလှသည်။ သို့သော် ထိုနေရာထိုဌာနများမှာ မနကြေးငွေ တတ်နိုင်သော အထက်တန်းလွှာများနှင့် ငွေကြေး ချောင်လည်သော လူလတ်တန်းစားတို့အတွက်သာ ဖြစ်သည်။ ဤနေရာဤဌာနများသည် အလုပ်မရှိ၊ အကိုင်မရှိ၊ ငွေမရှိ၊ ကြေးမရှိ၊ အပေါင်းမရှိ၊ အသင်းမရှိ၊ အိမ်မရှိ၊ ယာ မရှိသည့် ဟစ်တလာလို တစ်ကောင်ကြွက်မျက်နှာမွဲများနှင့် လားလားမျှမထိုက်သည့်နေရာများ ဖြစ်နေသည်။

ရှိစုမဲ့စုကလေးဖြင့် ဖြစ်သလိုစား ဖြစ်သလို နေလာခဲ့သော ဟစ်တလာအဖို့ နောက်ဆုံးတွင် စားစရာမရှိ၊ နေစရာနတ္ထိဖြစ်ကာ အကြီးအကျယ် ဒုက္ခရောက်ခဲ့ရသည်။

၁၉၀၉-ခုနှစ်မှ ၁၉၁၃-ခုနှစ်အထိ ထိုစဉ်က ဗီယင်နာမြို့တွင် နေထိုင်ခဲ့ရသော အဖြစ်သည် သူ့ဘဝတွင် အဆိုးရွားဆုံးသော အချိန်အခါဖြစ်သည် ဟူ၍ နောင်အခါတွင် ဟစ်တလာက ပြန်ပြောင်း ပြောဆိုဖူးသည်။

သို့သော် အခြားတစ်ဖက်မှနေ၍ ကြည့်လျှင် ဤနေ့ ဤရက်များသည် ဟစ်တလာ၏ ဘဝလမ်းကြောင်းအတွက် ကောင်းကောင်းကြီး အသုံးအဖြတ်ပေးခဲ့သော နေ့ရက်များ ဖြစ်နေသည်ကို တွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် လောကဓံ၏ နှိပ်စက်ညှဉ်းဆဲမှုကို အလူးအလဲခံရသော ဤနှစ်များအတွင်းမှာပင် ဟစ်တလာ၏ တွေးခေါ်မြော်မြင်မှုများနှင့် ရည်မှန်းချက်များသည် စတင် ပေါ်ထွက်လာခဲ့သောကြောင့် ဖြစ်သည်။



"ဤ ငါးနှစ်တာ ကာလအတွင်း ကျွန်ုပ်သည် ကျွန်ုပ်၏ နေ့စဉ် စားရေးသောက်ရေးအတွက် ပထမတွင် ပန်းထမ်း အလုပ်ကြမ်းသမားတစ်ယောက် အဖြစ်ဖြင့် လည်းကောင်း၊ ထို့နောက် အပေါစား ပန်းချီဆရာတစ်ယောက် အဖြစ်ဖြင့် လည်းကောင်း၊ ရှာဖွေလုပ်ကိုင်စားသောက်ခဲ့ရသည်။

"ကျွန်ုပ်သည် ခြေသလုံးအိမ်တိုင်လုပ်ကာ ခြေဦးတည့်ရာ သွားလာ၍ အငတ်ငတ် အပြတ်ပြတ် နေခဲ့ရသည်။ ကျွန်ုပ်ပိုင်သမျှ ဆိုင်သမျှအဖိုးတန် ပစ္စည်းများမှာလည်း ပေါင်နှံ ရောင်းချခဲ့၍ ဘာတစ်ခုမှ မကျန်တော့။ ကျွန်ုပ်ဝတ်ထားသော အဝတ်အစားမှာလည်း တစ်နေ့တခြား အရောင်အဆင်း ညစ်ပေလာရုံမျှမက အစုတ်စုတ်အပြတ်ပြတ်ဖြစ်လာခဲ့ရာ တစ်နေ့ထက်တစ်နေ့ ပို၍ ဆင်းရဲ မွဲတေလာသော လက္ခဏာ အသွင်အပြင်ကြောင့် ကျွန်ုပ်၏ ဘဝမှာ လူ့အောက်တန်းလွှာ အဖြစ်သို့ ကျရောက်ခဲ့ရသည်" ဟူ၍ ဟစ်တလာက ဗီယင်နာမြို့တွင် နေခဲ့စဉ်ကအဖြစ်ကို နောင်တွင် ပြန်လည်ခြယ်မှုန်း၍ ပြခဲ့သည်။

(ကျွန်ုပ်၏ကြိုးပမ်းမှု စာမျက်နှာ ၃၂-၃၅)

မှန်သည်။ ထိုစဉ်က ဟစ်တလာဆင်းရဲပုံမှာ ကုန်းကောက်စရာမရှိအောင်ပင် ဖြစ်ခဲ့သည်။ ခြေသလုံးအိမ်တိုင်မှ တကယ့် ခြေသလုံးအိမ်တိုင် ဖြစ်ခဲ့သည်။ နွေအခါတွင် ရာသီဥတု သာယာရှိနေသဖြင့် လမ်းဘေး ပလက်ဖောင်းများပေါ်တွင် လည်းကောင်း၊ ပန်းခြံများတွင်လည်းကောင်း အိပ်ခဲ့ရ၍ ဆောင်းဦးပေါက်လာသည်နှင့် တစ်ပြိုင်နက် ဟစ်တလာသည် မိုက်ဒလင်ဘူတာရုံ၏ နောက်ဘက် ညအိပ်ရန်အတွက်သက်သက် အိပ်စင်ကလေးများ ငှားစားသူတစ်ဦးထံ အိပ်စင်ကလေးတစ်လုံးကို ရှိစုမဲ့စု ညစဉ်ငှား၍ အိပ်ရသည်။

၁၉၀၉-ခုနှစ်ကုန်လောက်တွင်မူ ဟစ်တလာသည် ငွေကြေးရှင်ကြီးများက ဆောက်လုပ်လှူဒါန်းထားသော ကုသိုလ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်တစ်ခုသို့ ပြောင်းရွှေ့လာခဲ့သည်။ ထိုဟိုတယ်မှာ ဗီယင်နာမြို့ ရပ်ကွက်အမှတ် ၂၀မှ မယ်လ်ဒီမန်လမ်း အိမ်အမှတ် ၂၇- ဖြစ်၍ ခင်းသွား မြစ်ကမ်းနားတွင် တည်ရှိသည်။ သူသည် ၁၉၁၀-ခုနှစ်မှ ၁၉၁၃-ခုနှစ်အထိ ထိုဟိုတယ်မှာပင် နေထိုင်ခဲ့သည်။

ဤသို့ ကုသိုလ်ဖြစ်ဟိုတယ်တွင် နေထိုင်စဉ်အတွင်း ဟစ်တလာသည် သူနှင့်ဘဝတူ လူတစ်ယောက်ကို ရင်းနှီးသော မိတ်ဆွေအဖြစ် ပေါင်းသင်းခဲ့သည်။ ထိုသူ၏ အမည်မှာ ရိန်းနိုးလ် ဟန်းနစ်ဖြစ်သည်။

စင်စစ် ဟစ်တလာနှင့် ဟန်းနစ်တို့သည် ဤကုသိုလ်ဖြစ်ဟိုတယ်သို့ မရောက်မီကပင် သိကျွမ်းခဲ့ကြသူများ ဖြစ်သည်။ သူတို့နှစ်ယောက် စတင် တွေ့ဆုံခဲ့ကြသော မနေရာမှာ မိုက်ဒလင်ဘူတာရုံ၏ နောက်ဘက် ညအိပ်စင်ကလေးများ၌ ငှား၍ အိပ်ခဲ့ကြစဉ်ကပင် ဖြစ်သည်။

ထိုစဉ်က ဟစ်တလာအား စတင်တွေ့မြင်ခဲ့ပုံကို ဟန်းနစ်က ဤသို့ပြန်လည် ဖော်ပြခဲ့သည်။

''ထိုနေ့ ထိုရက်က ကျွန်ုပ်၏ အိပ်စင်နှင့် ကပ်လျက် အခြားအိပ်စင် တစ်ခုပေါ်တွင် ထူးထူးခြားခြား လူတစ်ယောက်ကို ကျွန်ုပ်တွေ့ရပါသည်။ ထူးခြားသည် ဆိုရာ၌ သူ၏ဖိနပ်မှာ ဟောင်းနွမ်းလှရုံမျှမက အစုတ်စုတ် အပြတ်ပြတ်နှင့် ဖွာရာကျဲနေပါသည်။ သူ့နာမည်မှာ ဟစ်တလာဟူ၍ နောက်တွင် ကျွန်ုပ် သိရပါသည်။ သူ့ အဝတ်အစားများမှာ ကြေးအထပ်ထပ်ဖြင့် ညစ်ပတ်နံစော်နေပါသည်။ သူ့ကို ကြည့်ရသည်မှာ ခြေဦးတည့်ရာသို့ လျှောက်သွားသော လူစားမျိုးဖြစ်၍ လူတိုင်းက သူ့ကို အကာပ်မခံဘဲ ဝိုင်းပယ်ထားခဲ့ကြပုံရပါသည်။

(ရှုဒေါ့ဖ် အိုလိုဗင်ရေး ''ဓမ်ဘူရင်နိုဝေ ပါ
နယ်ရှပ်ကလေး ဟစ်တလာ'' စာမျက်နှာ ၄၅)



ခြေသလုံးအိမ်တိုင် ဖြစ်သော ဟစ်တလာနှင့် အိမ်မဲ့ ရာမဲ့ ဟန်းနစ်တို့သည် ဘဝတူခြင်းဖြစ်၍ မကြာမီ ရင်းနှီးသွားကြသည်။

သူတို့ နှစ်ယောက်သည် ဗီယင်နာမြို့တွင် ဘဝတိုက်ပွဲကို အတူတွဲဝင်ခဲ့ကြသည်။ သူတို့သည် နေ့စဉ် အာဟာရ ဖြစ်သော ပေါင်မုန့်တစ်လုံး စွပ်ပြုတ်တစ်ပန်းကန်အတွက် နေထွက်မှ နေဝင် ရှာအလုပ်ကို တွေ့ရာနေရာ၌ ဝင်လုပ်၍ ပိုက်ဆံရှာကြသည်။ တစ်ခါ တစ်ရံ ဤအိမ် ထိုအိမ်မှ ကော်ဇောများ၊ ခြေနင်းဖုံများကို နေမူ ထမ်း၍ သုတ်သင်ပေးကြသည်။ ရံဖန်ရံခါ မီးရထားဆိုက်ချိန်တွင် "အနောက်ဘက် ဘူတာရုံ" သို့ အပြေးအလွှား သွားကာ ခရီး သည်များ၏ အထုပ်အပိုး ဝန်စည်စလယ်များကို ကူသယ် ပေါက် သယ် ထမ်းကြ ပိုးကြသည်။ မကြာခဏ လမ်းများပေါ်မှ နှင်းခဲ များကို သယ်ယူဖယ်ရှားပေးကြသည်။ ဤသို့ နေပူမိုးရွာမရှောင် ဆင်းဆင်းရဲရဲဖြင့် နှင်းတောထဲပါမကျန် ရရာအလုပ်ကို တွေ့ရာနေ ရာတွင် ဝင်လုပ်ခြင်းဖြင့် ဟစ်တလာနှင့် ဟန်းနစ်တို့သည် ဝမ်း စမ်းတစ်ခါးအတွက် ဘဝတိုက်ပွဲကို ဆင်နွှဲခဲ့ကြရသည်။

သူတို့နှစ်ယောက်သည် ငတ်ချည်တစ်ခါ ပြတ်ချည်တစ်လှည့်၊ ဆင်းရဲချည်တစ်ခါ၊ မွဲချည်တစ်လှည့်ဖြင့် နေထိုင်လာခဲ့ကြရာမှ ထို့ နောက်ပို၍ ငွေဝင်လမ်းဖြောင့်မည့် နည်းလမ်းများကို ရှာဖွေကြံဆ ကြသည်။

ဤတွင် ပိုပြီး ဆင်းရဲပြီး ပို၍ ဘဝ တိုက်ပွဲ အတွေ့အကြုံ များခဲ့သော ဟစ်တလာက ဟန်းနစ်ကို အကြံကောင်းတစ်ခုပေး သည်။

ထိုအကြံမှာ လောလောဆယ် သူရေးဆွဲထားသော ဆီဆေး ပန်းချီကားချပ်များကို ရှေးဟောင်းပန်းချီကားများအဖြစ် လိမ်၍ ရောင်း ထုတ်ရန်ဖြစ်သည်။ အရောင်းထုတ်ပုံထုတ်နည်းမှာ လက်တလော ရေးဆွဲထားသော ပန်းချီကားများကို မီးဖိုတစ်ခုရှေ့တွင် ကပ်၍ အရောင်ပြုလိုက်လျှင် ထိုပန်းချီကားမှာ မီး၏အပူရှိန်ကြောင့် ညိုညို ညင်ညစ်ဖြစ်သွားသည်။ ထိုသို့ညိုညိုညစ်ညစ်ဖြစ်သွားသော ပန်းချီ ကားကို ပို၍ဟောင်းနွမ်းသည့်အသွင်မျိုးရောက်အောင်ကျပ်ခိုးများ

www.burmeseclassic.com

www.burmeseclassic.com

မသိမသာသတ်၍ အစွန်းအထင်းအပဲ့အရွဲ့ကလေးများဖြင့်သေသေ သပ်သပ်လုပ်လိုက်လျှင်ထိုပန်းချီကားချပ်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ငါးဆယ်၊ တစ်ရာကဲ့ရှေးဟောင်း ပန်းချီဆရာကြီး ဘယ်သူဘယ်ဝါ ရေးဆွဲခဲ့သော ပန်းချီကားချပ် အဖြစ်သို့ နေ့ချင်း ညချင်း ရောက် သွားသည်။

ထိုစဉ် ထိုအခါက ဗီယင်နာမြို့မှာ ရှေ့ဟောင်းအနုပညာ ထွန်းကားရာ မြို့တစ်မြို့အဖြစ် ဥရောပတိုက်မြို့ကြီးပြကြီးများမှလူဂုဏ် တန်လူချမ်းသာများ နေ့စဉ်အလည်အပတ်ရောက်ရှိ၍ ရှေးဟောင်း ပစ္စည်းများကို အမြတ်တနိုး ရှာဖွေဝယ်ယူနေကြသောအခါကာလ ဖြစ်ရာ ဤခေတ်ကြီးနှင့်အမီ ဟစ်တလာ စားပေါက်ထွင်ပုံမှာ မဆိုး လှဟု ဆိုရမည် ဖြစ်သည်၊ ဤနည်းဖြင့်ပင် ဟစ်တလာသည် သူငယ် စဉ်က လင့်ဇ်မြို့တွင် ပန်းချီရူးရူး၍ စိတ်ကူးပေါက်ရာ မတောက် တခေါက် ရေးဆွဲထားခဲ့သော ပန်းချီကားချပ်များကို မကြာ ခဏပြန်ယူ၍ အထက်ပါနည်းအတိုင်း မီးကင်ပြီး ရှေးဟောင်းပန်း ချီကားချပ်များအဖြစ် အစွ ထုတ်ကာ လည်သလို စားနေခဲ့သည် မှာ တစ်ကြိမ်မက အကြိမ်ကြိမ်အခါခါပင် ဖြစ်ခဲ့သည်။

စင်စစ် အချို့သော တမ္ဘာကျော် ပန်းချီဆရာကြီးများ၏ ပန်းချီကားများသည် ရုတ်တရက် အားဖြင့် ဆိုလျှင် ပန်းချီဝါသ နာပါသော ကလေးငယ်တစ်ယောက်၏ ပေါက်ကရ တောင်ခြစ် မြောက်ခြစ် ရေးဆွဲထားသော လက်ရာများနှင့် မတိမ်း မယိမ်း ဖြစ်နေတတ်လေရာ ဤနည်းဖြင့် ဟစ်တလာ စားသာခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။

သို့သော် ဟစ်တလာ၏ အထက်ပါ အကြံကို ''ကောင်း တော့ ကောင်းပါ၏။ သို့သော် လူကြိုက်နည်းလှသည်'' ဆိုသော စကားပမာ သူနှင့် ငတ်ဖော်ငတ်ဖက် ဟန်းနစ်က မနှစ်သက် ချေ။ ဟန်းနစ် မနှစ်သက်သည်မှာ ငွေမလိုချင်သော ကြောင့် မဟုတ်၊ ပုလိပ်ကို ကြောက်သောကြောင့် ဖြစ်သည်။ အထူးသဖြင့် သူသည် ဗီယင်နာမြို့တွင် မတော်တဆ မကောင်းမှုဒုစရိုက်တစ်ခုခု ကျူးလွန်မိပါက ခြေရာဖျောက်နိုင်ရန်အတွက် သူ့နာမည်ကိုပင်



အမှန်အတိုင်း မပြောဘဲ ဝေါ်လ်တာဖရစ်ဟူ၍ နာမည်လိမ်ဖြင့် မှတ်ပုံတင်ထားသောကြောင့် ဖြစ်သည်။ သူသည် ဘာမဟုတ်သည့် အမန်အသေးအဖွဲ့ လိမ်လည်မှုကလေးမျိုးကြောင့် ပုလိပ်လက်သို့ ရောက်ရှိသွားပါက သူ့နာမည်လိမ်ပါ ပေါ်ပေါက်ပြီး ပို၍ ချောက်ကျသွားမည်ကို စိုးရိမ်မိသည်။

သို့ဖြစ်ရာ ဟန်းနစ်က ဟစ်တလာအား ကလိမ်ကျသည့် [illegible]န်းချီဆရာအလုပ်မျိုးကို မလုပ်ဘဲ ရိုးသားသော ပန်းချီဆရာ တစ် [illegible]ယောက်အဖြစ် လုပ်ကိုင်ရန် အကြံပေးသည်။ သူ့အကြံပေးချက် [illegible]ရ ဟစ်တလာသည် စက္ကူကတ်ပြားအဖြူများဝယ်၍ ထိုကတ်ပြား များပေါ်တွင် ရှုမျှော်ခင်းပန်းချီကားများရေးပေးသည်။ ထိုပန်းချီ ကားချပ်များကို ဟန်းနစ်က စာပို့ကတ်ပြားများအဖြစ် ခရီးသွား [illegible]သည်များကို ရောင်းချကာ နှစ်ယောက်သား ခွဲဝေစားသောက် ကြသည်။

ဟစ်တလာသည် သူရေးဆွဲသော ရှုမျှော်ခင်း ပန်းချီကား ချပ်များ၏ အောက်ဘက်ထောင့်နားတွင် ''အေ ဟစ်တလာ'' ဟူ၍ [illegible]မှတ်ရေးထိုးလေ့ရှိသည်။ ''အေ''မှာ အဒေါ့ဖ်၏ အတိုကောက် [illegible]လုံးဖြစ်သည်။

သို့သော် မြို့ကြီးပြကြီးတို့၏ ထုံးစံအတိုင်း ဗီယင်နာမြို့၏ [illegible]သိုင်စားသောက်မှုစရိတ်မှာ ကြီးမြင့်လှသည်ဖြစ်ရာ ပို့စကတ် [illegible]ချီကားများရေး၍ ရောင်းချသော အလုပ်မှာ သူတို့အတွက် [illegible]ဝမ်းတစ်ခါး စားသောက်နိုင်ရုံမျှသာ ဖြစ်၍ ဆင်းရဲတွင်းအ [illegible]က်နိုင်ဘဲ ရှိနေသေးသည်။

ထို့ထက်ပို၍ ဆိုးသည်မှာ အပေါင်းအသင်းနည်းလှသော [illegible]တလာသည် သူနှင့်အရင်းနှီးဆုံး ဆိုရမည့် တစ်ဦးတည်းသော [illegible]မိတ်ဆွေ ဟန်းနစ်နှင့် တစ်နေ့တွင် စကားများကာ ခွဲခွာကြ [illegible]င်ဖြစ်သည်။

ဖြစ်ပုံမှာ ဟစ်တလာက ပန်းချီကားချပ်များ ရေး၍ [illegible]ားချပ်များကို ဟန်းနစ်က ဖောက်သည်များ ရှာဖွေ [illegible] [illegible] နှစ်ယောက်သား စပ်တူ လုပ်ကိုင်စားသောက်ခဲ့ [illegible] တစ်

[illegible]မအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


နေ့သော် ပန်းချီကားချပ်တစ်ခု ရောင်းခဲ့သည့်ကိစ္စတွင် သူတို့ နှ
ယောက် စကားများကာ ရန်ဖြစ်ကြသည်။

ထိုကားချပ်မှာ ဗီယင်နာမြို့ ပါလီမန်အဆောက်အအုံကြီး၏
နောက်ခံရှုခင်းများဖြစ်ပြီး ပုံတူရေးဆွဲထားခြင်း ဖြစ်သည်။ ထိုကား
ချပ်ကို ဟန်းနစ်က ခါတိုင်းကဲ့သို့ပင် ရောင်းချခဲ့ရာ ငွေတစ်ဆယ်
ရသည်ဟု ဆိုသည်။ သို့သော် ပန်းချီဆရာဟစ်တလာက ထိုပုံမှာ
ငွေတစ်ဆယ်မကတန်သည်။ တကယ်ရောင်း၍ ရခဲ့သည်မှာလည်း
ငွေတစ်ဆယ်မဟုတ်၊ ငွေငါးဆယ်ရသည်ဟု သူသိရသည်။ ဒါကြ
ဟန်းနစ်က ငွေလေးဆယ်လုံးလုံးဘုံး၍ ငွေတစ်ဆယ်သာ ရလေဟ
ဖြင့် သူ့ကို မလိမ့်တစ်ပတ် လုပ်သည်ဟုဆိုကာ နှစ်ယောက်သား
စကားများကြသည်။

မဟုတ်မခံ ဇတ်ဇတ်ကြဲ ပန်းချီဆရာ ဟစ်တလာသည် ဤ
ကိစ္စတွင် ဒေါ်အပွကြီးပွကာ သူ့မိတ်ဆွေ ငတ်ဖော်ငတ်ဖက် ဟန်
နစ်အား လိမ်လည်မှုဖြင့် တရားစွဲလေရာ ဟန်းနစ်ခမျာမှာ ဟ
တလာလက်ချက်ကြောင့် ထောင်ဒဏ် ၇-ရက် အကျခံလိုက်ရသည်။
သူတို့နှစ်ယောက်၏ မိတ်ဆွေအဖြစ်မှာလည်း တစ်ခါတည်း ပြတ်
သွားတော့သည်။

ဟစ်တလာသည် "နူရာဝဲစွဲ လဲရာသူခိုးထောင်း" ဆိုသကဲ့
ဤအဖြစ်မျိုးနှင့်လည်း ကြုံခဲ့ တိုးခဲ့ရသေးသည်။

ထိုစဉ်က ဟစ်တလာ၏ အဝတ်အစားနှင့် ရုပ် လက္ခဏာ
အသွင်အပြင်မှာ ဆင်းရဲခြင်းနှင့် ငတ်မွတ်ခြင်းတို့၏ အမှတ်သင်္ကေတ
များပင် ဖြစ်နေသည်။

သူသည် အချိုးအစားမကျ၊ ပုံပန်းမလှသော ကုတ်အင်္ကျီ
ကြီးကို အမြဲဝတ်ထားသည်။ ကုတ်အင်္ကျီမှာ သူနှင့်အတူတူ ကုသိုလ်
ဖြစ် ဟိုတယ်တွင် အတူနေသော ဟန်ဂေရီဂျူးလူမျိုး နယူးမန်း
ဆိုသည့် အဝတ်ဟောင်းရောင်းသူ တစ်ယောက်က ပေးထားသော
အင်္ကျီကြီးဖြစ်၍ သူ့ဒူးခေါင်းထိအောင် တွဲကျကာ ကိုးယို့ကား
ယား ဖိုးယို့ဖားယားနိုင်လှသည်။ ကြေးအထပ်ထပ်ဖြစ်၍ ညစ်ပေ
ပေကျံနေသော အနက်ရောင် ဂျော်ကီဦးထုပ်ကြီးအောက်မှ သူ့

ဆံပင်များမှာ ကုတ်အင်္ကျီကော်လာပေါ်သို့တိုင်အောင် ဖားလျား
ကျနေသည်။ ကြီးမားလှသော ကုတ်အင်္ကျီကြီးနှင့် ဦးထုပ်ကြီး
အောက်မှ သူ့မျက်နှာနှင့် မျက်လုံးအစုံတို့မှာ ပိန်ချုံးကာ အမြဲတမ်း
ဆာလောင်မွတ်သိပ်နေသော အသွင်ကို ပို၍ ဆောင်နေသည်။

ဤသို့ ဗီယင်နာမြို့တွင် ငါးနှစ်လုံးလုံး ကုန်း၍ ရုန်း၍
ဆင်းရဲခြင်းကို အဖော်လုပ်ကာ ငတ်မွတ်ခြင်းကို မိတ်ဖွဲ့၍ ဘဝ
တိုက်ပွဲကို ဆင်နွှဲခဲ့ရသော ဟစ်တလာအဖို့ ထိုနှစ်၊ ထိုအချိန်၊
ထိုကာလသည် သာယာမှုအကင်းမဲ့ဆုံး အချိန်ကာလပင်ဖြစ်သည်။
သို့သော် ဤနှစ်၊ ဤအချိန်၊ ဤကာလများပင်လျှင် နောင်အခါ၌
သူ့ကံကြမ္မာကိုသော် လည်းကောင်း၊ ကမ္ဘာကြီး၏ ကံကြမ္မာကို
သော်လည်းကောင်း၊ တစ်မျိုးတစ်ဖုံ ဖန်တီးမည့် အတွေးအခေါ်
အယူအဆများ စတင် ဝင်ရောက် ပေါက်ဖွားလာခဲ့သော အခါ
ကာလများ ဖြစ်နေသည်ကို တွေ့ရသည်။

အဘယ့်ကြောင့်ဆိုသော် ဗီယင်နာမြို့သို့ ထွက်လာခဲ့စဉ်က
ပန်းချီဆရာဖြစ်အောင် ကြိုးစားမည်ဟူသော ဟစ်တလာ၏ မျှော်
လင့်ချက် ဗိမာန်ကြီးမှာ တစ်နေ့ထက်တစ်နေ့ ယိမ်းယိုင်ကွဲအက်၍
နောက်ဆုံး ဗုန်းဗုန်းလဲကာ ပြိုကျပျက်စီးခဲ့ရာ သူ၏ တွေးခေါ်
မြော်မြင်မှုနှင့် ပြောဆိုပြုမူပုံများသည် အနုညာတ အညတရ
ပန်းချီဆရာတစ်ယောက်အဖြစ်မှ ဘဝကအသိပေးလာသော နိုင်ငံ
ရေးသမားတစ်ယောက် အဖြစ်သို့ ပြောင်းလဲ ဦးတည်လာသော
ကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဘီယာဆိုင်မှနိုင်ငံရေးတရားပွဲ

"ဤနှစ်များအတွင်း လူ့ဘဝနှင့်ပတ်သက်သော အတွေးအခေါ်များသည်လည်းကောင်း၊ လူ့လောကနှင့် စပ်လျဉ်းသော ထင်မြင်ယူဆချက်များသည် လည်းကောင်း ကျွန်ုပ်၏ စိတ်တွင် အရိပ်အယောင် အကောင်အထည်ပေါ်စပြုလာနေပြီဖြစ်သည်။ ဤအတွေးအခေါ် အယူအဆများသည် ထိုအချိန် ထိုကာလက ကျွန်ုပ်၏ နေထိုင်သွားလာလှုပ်ရှားမှုများ၏ အခြေခံ ကျောရိုးများဖြစ်လာလေသည်။ ထိုအချိန် ထိုကာလမှအစပြု၍ ကျွန်ုပ်သည် ထိုအခြေခံများကို မဖြစ်စလောက်သာ တိုးချဲ့ကြံဆခဲ့၍ အတွင်းသဘောအနှစ်သာရများကိုမူ လုံးဝမပြောင်းလဲခဲ့။ ဗီယင်နာမြို့သည် ကျွန်ုပ်အတွက် အလွန်ပင် ခက်ခဲကျမ်းတည်းလှသော ကျောင်းတစ်ကျောင်းပင်ဖြစ်ခဲ့သည်။ သို့သော်ဤကျောင်းမှပင် ကျွန်ုပ်၏ဘဝအတွက် လေးနက်သော သင်ခန်းစာများကို သင်အံရရှိခဲ့သည်။

(ကျွန်ုပ်၏ကြိုးပမ်းမှု စာမျက်နှာ ၃၂ နှင့် ၁၁၆)

ဗီယင်နာတွင် ထင်ရှားသော ပန်းချီဆရာတစ်ယောက် ဖြစ်မလာဘဲ နံနက်စာနှင့် ညစာကိုပင် တော်တစ်လှည့် ပြတ်တစ်လှည့်



ဆင်းရဲရဲဖြင့် ရှာဖွေ စားသောက်ခဲ့ရသော ဟစ်တလာသည် လောကဓံတရား၏ အထုအထောင်းကို ကောင်းကောင်းကြီးခံရ၍ သွားပေသား ရလာသောအခါ "ဘဝဆိုတာ ဘာလဲ" ဟူ၍ စဉ်းစားစ ပြုလာသည်။ 'လူ့လောကကို ဘယ်လို သဘာဝတရားတွေက ချုပ်ကိုင်ထားသလဲ' ဟူ၍ တွေးခေါ်စ ပြုလာသည်။

ဤစဉ်းစားမှု တွေးခေါ်မှုတို့ကိုအကြောင်းပြု၍ ဟစ်တလာသည် ယခင်ကလို ပန်းချီဆရာဖြစ်ချင်စိတ်၊ အနုပညာသည် ဖြစ်လိုစိတ်များ မရှိတော့သလောက် ပျောက်ကွယ်သွားခဲ့သည်။

ယခုအခါ သူသည် ယခင်ကလို ငွေဝင်လမ်း ဖြောင့်မည့်နည်းလမ်းများကိုမလုပ်တော့ဘဲ တော်ရုံတန်ရုံ စားနိုင်ရုံသောက်နိုင်ရုံလောက်သာ အလုပ်လုပ်ကာ အားလပ်ချိန်ရှိသရွေ့ စဉ်းစားခန်းဝင်တော့သည်။

တစ်နေ့တာအတွက် တစ်နပ်စာဝင်ငွေကို ရှာဖွေရသည်နှင့် တစ်ပြိုင်နက် သူသည် နီးရာစားသောက်ဆိုင်တစ်ခုတွင် ဝင်၍ အကျအနထိုင်ကာ ကော်ဖီ၊ သို့မဟုတ် အခြား စားစရာတစ်ခုခုကိုမှာယူစားသောက်ရင်း ထိုဆိုင်မှ ရှိရှိသမျှသတင်းစာများကို တစ်စောင်ပြီး တစ်စောင် တစ်နေကုန်ထိုင်၍ ဖတ်တော့သည်။ သတင်းစာဖတ်ရင်း သတင်းစာထဲတွင်ပါသော တိုင်းရေးပြည်ရေး နိုင်ငံရေးသတင်းများကို အကြောင်းပြု၍ နီးရာလူကိုဖမ်းပြီး စကားစသည်။ နောက် သူကပင်စတင်၍ အတိုက်အခံလုပ်ကာ ငြင်းရင်း ခုံရင်းဖြင့် နောက်ဆုံး ထိုဆိုင်တစ်ခုလုံးမှာ သူ့အသံတစ်သံတည်းဖြင့် ဖုံးလွှမ်းနေတော့သည်။

ရံဖန်ရံခါ ဟစ်တလာသည် ညဘက်များတွင် သူနေထိုင်ရာ ဆိုဘယ်ခန်းသို့ပင် ပြန်မအိပ်ဘဲ ရောက်မိရောက်ရာ မိုးလင်းဆိုင်များတွင် ထိုင်ကာ အချိန်ဖြုန်းခဲ့သည်။ သူသည် ထိုဆိုင်မှ ပေါင်မုန့်တစ်လုံး၊ စွတ်ပြုတ်တစ်ပန်းကန်ဖြင့် တင်းတိမ်၍ နိုင်ငံရေးသတင်းများကို အာဘောင် အာရင်းသန်သန် ဖောင် လောင် အောင် ပြောရင်း မိုးစင်စင်လင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူရောက်လေရာ အရပ်တွင် သူပြောသမျှ စကားများမှာ ကြားရသူတိုင်းအတွက် 'ပိသာလေးနှင့် နံဘေးနှက်သလို' ချည်း ဖြစ်နေသည်။ လောကကြီးကို စိတ်နာနာဖြင့် သူစဉ်းစားတွေးခေါ်ထားသမျှ တစ်ဖက်သား လက်ခံနိုင်သည် မခံနိုင်သည်ကို ဂရုမစိုက်ဘော့ဘဲ 'ငါ့စကားနွားရ' တစ်ဖက်သတ် ပြောချလေ့ရှိသည်။ တစ်ဖက်က လက်မခံဘဲ ပြန်လှန် ချေပလာသည့် အခါမျိုးတွင် သူသည် ထိုင်ရာမှ ဖြုန်းခနဲထခုန်ကာ ဒေါသတကြီး လက်သီးလက်မောင်းတန်း၍ အသံကုန်အော်ဟစ်ပြီး ရန်ဖြစ်သလို ပြောလေ့ရှိရာ အခြားစားပွဲမှလူများက နှာခေါင်းရှုံ့၍ နောက်ဆုံး ဆိုင်ရှင်က လာရောက် သတိပေးရသည်အထိ ဖြစ်ခဲ့ရသည်။

တစ်ခါတစ်ရံ သူ့အကြောင်းကို သိထားကြသဖြင့် သူတစ်ယောက်တည်း ဒေါကြီးမောကြီး အော်ကြီးဟစ်ကျယ်ပြောနေသည်ကို ဘေးလူများက ဝိုင်း၍'ဟား'ကြသည်။ ထိုအခါမျိုးတွင် ဟစ်တလာက ထိုလူများအား 'လူ့ဂွစာတွေ နလဘိန်းဟုံးတွေ'' ဟူ၍ပင် ရေရွတ်လိုက်သေးသည်။

သို့နှင့် သူ၏အပြောအဆို ကြမ်းတမ်းမှု၊ အမူအရာ ရိုင်းပြမှုနှင့် အလိုက်မသိတတ်မှုတို့ကြောင့် နဂိုကပင် အပေါင်းအသင်းနည်းလှသော ဟစ်တလာအား ရှိသမျှ မိတ်ဆွေ တစ်ဦး နှစ်ဦးကပင် တဖြည်းဖြည်းလန့်တာ မသိမသာ ခပ်ခွာခွာ ဖြစ်လာကြသည်။ ယုတ်စွအဆုံး သူ့အပေါ်တွင် ကြင်နာသနားသောစိတ်ဖြင့် တစ်ခါက ကုတ်အင်္ကျီကြီးတစ်ထည် ပေးခဲ့ဖူးသော နယူးမန်းဆိုသည့် ဂျူးအဘိုးကြီးကပင်လျှင် ဟစ်တလာအား ဂျူး ဆန့် ကျင် ရေးစကားများ ပြောလွန်းလှသဖြင့် အပေါင်းအသင်း မလုပ်တော့ဘဲ ဖြစ်လာသည်။ ဟစ်တလာနေထိုင်သည့်ဟိုတယ်မှ အစောင့်တာဝန်ခံ တင်းယားဆိုသူကမူ ဟစ်တလာနှင့်စပ်လျဉ်း၍'ကျုပ်ဖြင့် ဒီဟိုတယ်မှာ လူတကာနဲ့ ဆက်ဆံဖူးပါတယ်ဗျာ၊ ဒါပေမယ့် ဒီလူလောက် အပေါင်းရ အသင်းရကျပ်တဲ့ လူစားမျိုး တစ်ခါမှ မတွေ့မိဖူးပါဘူး''ဟူ၍ပင် ပြောဖူးရသည်။



ဟစ်တလာသည် ဂျူးလူမျိုးများ၊ ဘုန်းကြီးများ၊ ဆိုရှယ်ဒီမိုကရက်များနှင့် ဟက်ပ်စ်ဘာ့ဂ် (ဘုရင့်ဆွေတော်မျိုးတော်)များကို အလွန်မုန်းတီးသည်။

ဟစ်တလာ ဂျူးများကိုမုန်းတီးသည်မှာ ထိုခေတ် ထိုအခါက ဗီယင်နာမြို့၏ နိုင်ငံရေးနှင့် လူမျိုးရေးစိတ်ခေတ် ဂယက်ရိုက်ခတ်မှုပင်ဖြစ်သည်။ ထိုအခါက ဗီယင်နာမြို့ထုတ် စာ နယ် ဇင်းများတွင် ဂျူးများကို မဆန့်ကျင်သော စာနယ်ဇင်း ဟူ၍ မရှိသလောက်ပင်ဖြစ်သည်။

ဂျူးများသည် နေရင်းတိုင်းပြည်ဟူ၍ မရှိဘဲ ကမ္ဘာအနှံ့ချိ အတိုင်းတိုင်းအပြည်ပြည်သို့ ရေကြည်ရာ မြက်နုရာ လှည့်လည်သွားလာ နေထိုင်ကြသော လူမျိုးများ ဖြစ်သည်။ သူတို့သည် ရောက်ရာအရပ်တွင် တွေ့ရာအလုပ်ကို ဝင်လုပ်ကာ ရသမျှငွေကို ကုပ်ကုပ်ကပ်ကပ် ခြိုးခြံစုဆောင်းကြသည်။ ထို့နောက် အရင်းအနှီးပြုကာ ငွေတိုး ချေးစားသည့် အလုပ်မှအစ ကုန် စုံ ဆိုင်ကြီးသောက်ဆိုင်များဖွင့်ကာ နောက်ဆုံး စက်ရုံ အလုပ်ရုံကြီးများတည်ထောင်သည်အထိ စီးပွားရေး နယ်ချဲ့တတ်သူများ ဖြစ်ကြသည်။

သို့ဖြစ်ရာ ဂျူးများကို ရောက်လေရာရာ တိုင်းပြည်များတွင် အလုပ်လက်စား ဆင်းရဲသားများနှင့် ကုန်သည် ပွဲစားများကသာလျှင် မဟုတ်ဘဲ သက်ဆိုင်ရာ တိုင်းရင်းသား အရင်းရှင်များကပါ မုန်းတီး၍ ဂျူးဆန့်ကျင်ရေးကို အမြဲတမ်းဖော်ထုတ်ပြောဆိုနေထားလေ့ရှိကြသည်။

စင်စစ် ဟစ်တလာသည် သူငယ်စဉ်က လင့်ဇ်မြို့တွင် နေခဲ့စဉ်က ဂျူးဟူသော နာမည်ကိုပင် မကြားဖူးသလောက် ဖြစ်ခဲ့သည်။ ယခု ကြီးပြင်း၍ ဗီယင်နာမြို့သို့ ရောက်ရှိလာမှ ဂျူးများကို နီးနီးကပ်ကပ် တွေ့မြင်လာခဲ့ရုံမျှမက သူနှင့်တကွ ဘဝတူ တိုင်းရင်းလူမျိုးများ ဆင်းရဲ ငတ်ပြတ် နေကြရခြင်းမှာ မိမိတို့၏ စီးပွားရေးစားကျက်ကို ဂျူးများက လုယက် သိမ်းပိုက်ထားကြ

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ဖြစ်သည်ဟူသော အယူအဆပါ သူ့ခေါင်းထဲသို့ ဝင်ရောက်လာခဲ့သည်။

ဟင်တလာမှာ သူကိုယ်တိုင်က အလုပ်လက်မဲ့တစ်ယောက် ဖြစ်၍ စားရမဲ့ သောက်ရမဲ့ဘဝသို့ ရောက်နေသူဖြစ်ရာ စီးပွားရေး အမြင်ဖြင့်ပင်လျှင် ဂျူးများကို ရန်သူသဖွယ် သဘောထားလာ တော့သည်။ ဤသဘောထားမှာ တဖြည်းဖြည်း ရင့်သန်ကြီးထွား လာခဲ့ရာ ဟစ်တလာသည် နဖူးကချွေး ခြေမ ကျအောင် ကုန်း၍ ရုန်း၍ လုပ်ကိုင်ရရှိခဲ့သော ငွေကလေးဖြင့်ပင် ဂျူးဆန့်ကျင်ရေး စာအုပ် စာတမ်းများကို လိုလိုလားလား ဝယ်ယူဖတ်ရှုလာတတ် သည်။

ဟစ်တလာ၏ မုန်းတီးခြင်းကိုခံရသော အခြားသူများမှာ ဆိုရှယ်ဒီမိုကရက်များပင် ဖြစ်သည်။ ထိုအခါက ဆိုရှယ်ဒီမိုကရက် များသည် အလုပ်သမားများနှင့် လူများစု ပြည်သူ လူထုကြီးကို စည်းရုံးလှုံ့ဆော်၍ အခွင့်အရေးတိုက်ပွဲများကို စတင် ဆင်နွှဲကြ သည့် ကာလများဖြစ်သည်။

ဟစ်တလာသည် သူ၏ ဇီဇ စိတ်ဓာတ်အရ လူအများနှင့် ရောရောထွေးထွေး မနေတတ်သူတစ်ယောက်ဖြစ်ရာ အများစု၏ ဆန္ဒကို အခြေခံသော ဒီမိုကရေစီဝါဒကို ရွံရှာ စက်ဆုပ်သလို ထိုဝါဒကို အကောင်အထည် ဖော်နေကြသော ဆိုရှယ်ဒီမိုကရက် များကိုလည်း ခါးခါးသီးသီး မုန်းတီးခဲ့သည်။

အထူးသဖြင့် လူလူချင်း သာတူညီမျှစနစ်နှင့်လူမျိုးအချင်း ချင်း တန်းတူရည်တူဟူသောဝါဒကို လုံးဝ လက်မခံ။ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသား ပုံနှိပ်ခွင့် စသည်များသည် လည်း စည်းလွတ် ကမ်းလွတ်နိုင်သော လုပ်နည်း လုပ်ဟန်များဟု ယူဆသည်။ ထို့ပြင် လူနည်းစုက လူများစု၏ ဆန္ဒကိုလိုက်နာ လုပ်ဆောင်ရမည်ဟူသော ဒီမိုကရေစီ၏ အနှစ်သာရကို အကြွင်းမဲ့ ပစ်ပယ်သူတစ်ဦး ဖြစ်သည်။



"လူများစုကြီးသည် မသိနားမလည်မှုနှင့် သူရဲဘော နည်းမှုကို ကိုယ်စားပြုခြင်းသာ ဖြစ်သည်။ လူတစ်ယောက်၏ နေရာကို လူများစုကြီးဖြင့် ဘယ်တော့မှ အစားထိုးမရနိုင်" ဟူ၍ ဟစ်တလာက အတိအလင်း ဆိုခဲ့သည်။

(ကျွန်ုပ်၏ ကြိုးပမ်းမှု စာမျက်နှာ ၈၁)

ဤအတွေးအခေါ်ကို အခြေခံ၍ သူကိုယ်တိုင် လောလော ဆယ် အငတ်ငတ် အပြတ်ပြတ်နှင့် ဆင်းဆင်းရဲရဲ ဖြစ်နေသော် သည်း 'လူခန့်ချူကြား၊ စိတ်နေဘုံဖျား' ဆိုသလို အခြောက်တိုက် စိတ်ကြီးဝင်နေခဲ့သည်။ သူလို ဆင်းရဲ ငတ်မြတ်နေကြသော အလုပ်ကြမ်းသမားများ၊ အလုပ်လက်မဲ့များ၊ ဂျိုး တေလေ လူပေ လူတေများစသော သူ့ပတ်ဝန်းကျင်မှ လူများထက် သူ့ကိုယ်သူ ပို၍ မြင့်မြတ်သည်ဟုယူဆကာ အမြဲတမ်း ဘဝင်မြင့်နေခဲ့သည်။

သို့သော် လူလူချင်း တစ်ယောက်နှင့်တစ်ယောက် တူညီသော အဆင့်အတန်း၊ တူညီသော အခွင့်အရေးရှိရမည်ဟူသော အယူ အဆထက် လူမျိုးအချင်းချင်း တန်းတူရည်တူရှိရမည် ဟူသော အယူအဆကို ဟစ်တလာက ပို၍ ခါးခါးသီးသီး ငြင်းဆန်သည်၊ ပစ်ပယ်သည်။

ထိုသို့လူများစုပြည်သူသူထုကြီးထက် လူတစ်ဦး တစ်ယောက်က ပို၍ အရေးကြီးသည်ဟူသော သူ၏ အတွေးအခေါ် နှင့် လူမျိုး တစ်မျိုးက အခြားလူမျိုးများထက် ပို၍ ကြီးကျယ်မြင့်မြတ်သည် ဟူသော သူ၏အယူအဆသည် ထိုအချိန် ထိုကာလက အမှတ် မထင် သာမန်မျှပင်ဖြစ်သော်လည်း နောင်အခါ နောင်ကာလ သူအာဏာရလာချိန်တွင်မူ ထို အယူအဆ ထို အတွေးအခေါ် သည် ကမ္ဘာတစ်ခုလုံး စစ်မီးတဟုန်းဟုန်း တောက်လောင်၍ လူသားအပေါင်း တို့အား သေွးချောင်းစီးစေသည့် အဖြစ်မျိုး ကြီးများ ပေါ်ပေါက်လာသည်အထိ အန္တရာယ်ကြီးမားလှသည့် အယူအဆ အတွေးအခေါ်များ ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရှယ်ဒီမိုကရက် ပါတီဝင်များကို ဟစ်တလာ မုန်းတီးသည်မှာ အဓိကအားဖြင့် လူမျိုးရေးပြဿနာနှင့် ပတ်သက်သော လုပ်နည်း လုပ်ဟန်များကြောင့် ဖြစ်သည်။ ဟစ်တလာက ဩစထရီးယားနှင့် ဗီယင်နာမြို့မှ ဂျာမန်အမျိုးအနွယ်များသည် မြင့်မြတ်သော မဟာအမျိုးမဟာနွယ်များ ဖြစ်သည်၊ သူတို့သည် နိုင်ငံရေးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ အသိပညာနှင့်အတတ်ပညာတွင် ဥရောပတိုက်မှ အခြားလူမျိုးများထက်ပို၍ အဆင့်အတန်းမြင့်သည်၊ ကြွယ်ဝသည်။ သို့ဖြစ်ရာ ဤဂျာမန်အမျိုးသားများကို စုစည်း၍ ကြီးကျယ်မြင့်မြတ်သော "မဟာဂျာမနီနိုင်ငံတော်ကြီးကို" ထူထောင်ရန် ကြိုးပမ်းရမည့်အစား ဆိုရှယ်ဒီမိုကရက်များသည် လူမျိုးရေးကို ဘေးချိတ်၍ လူတုလူတန်းစား တိုက်ပွဲကို သဲသဲမဲမဲ ဆင်နွှဲနေကြသည်။ ဤသို့တွေး၍ ဟစ်တလာသည် ဆိုရှယ်ဒီမိုကရက်များကို မျက်နှာ မကြည့်ချင်လောက်အောင် ဖြစ်ခဲ့သည်။

ထို့ပြင် ဟက်ပ်စ်ဘာ့ဂ် မင်းမျိုး မင်းနွယ်များ အပေါ် ဟစ်တလာ မကျေနပ်သည်မှာလည်း ဤအချက်ကြောင့်ပင် ဖြစ်သည်။

ဥရောပအလယ်ပိုင်းတွင် နှစ်ပေါင်း ရာပေါင်းများစွာ နိုင်ငံရေးနှင့် ယဉ်ကျေးမှုအရ ရှေ့ဆောင်ရှေ့ရွက် ပြုလာခဲ့သော ဩစထရီးယားပြည် မပါဝင်ဘဲ ဟက်ပ်စ်ဘာ့ဂ်အင်ပါယာ ဟူ၍ တစ်ထီး တစ်နန်း ရှိနေသည်မှာ အနှစ်မပါ အကာ သက်သက်ဖြစ်သည်ဟု သူက ယူဆသည်။ ကုန်လွန်ခဲ့သော ၁၉-ရာစုနှစ်အစပိုင်းလောက်ကကဲ့သို့ပင် ဩစထရီးယားအပါအဝင် မြင့်မြတ်သော ဂျာမန်အင်ပါယာကြီးအဖြစ် လည်းကောင်း၊ ဂျာမန် ပြည်ထောင်စုကြီးအဖြစ် လည်းကောင်း ပြန်လည်စုစည်း တည်ထောင်ရန် လိုသည်ဟု သူက စွဲစွဲမြဲမြဲ ခံယူထားသည်။

ဤယူဆချက် ဤခံယူချက်ကိုသွေဖည် ပစ်ပယ်၍ ဩစထရီးယားနှင့် ပြန်လည် ပေါင်းစည်းရေးကို အလေးမထားဘဲ ဆန့်ကျင်နေသော ဟက်ပ်စ်ဘာ့ဂ် အနွယ်များသည် ဂျာမန်တစ်မျိုး အားလုံးကို သစ္စာဖောက်သူများ ဖြစ်ကြသည်ဟု ဟစ်တလာအ... အခါ ယုံကြည်ထားသည်။

ယခုအခါ ချက်ကိုစလိုဗက်ကီးယားဟူ၍ ပေါင်းစည်းခေါ် ...နေကြသည့် ဘိုဟီးမီးယားနှင့် မော်ရေးဗီးယား ပြည်များမှ ...နွယ်ဖွား ချက်အမျိုးသားများကို ထိုအခါက ဂျာမန်များအ...မသွင်းဘဲ အဘက်ဘက်မှ နှိမ်ထားခဲ့ရာ ချက်အမျိုးသားများ...သည်း ခေါင်းငုံ့မခံဘဲ ပြင်းပြင်းထန်ထန် ခုခံ တုံ့ပြန်ကြသည်။

ဤပြဿနာတွင်လည်း ဟစ်တလာသည် လူမျိုးရေး စိတ်...ဖြင့်သာ အကဲဖြတ်၍ အခြားလူမျိုးအားလုံးတို့ထက် ဂျာမန်...မျိုးများက သာ၍ မြင့်မြတ်သည်ဟူသော အမြင်ဖြင့် ချက်ကို...ဗက်လူမျိုးများကို အငြိုးထားခဲ့သည်။

ဤအချိန် ဤအခါက လူမျိုးရေးနှင့်ပတ်သက်သော အယူ...ဆ အတွေးအခေါ်များသည် ဟစ်တလာ၏ ခေါင်းထဲသို့ မတော်...ဆ ဝင်ရောက်လာသည်မဟုတ်၊ သူ့ပတ်ဝန်းကျင်မှ နိုင်ငံရေး ...ရှားမှု၊ လူမျိုးရေးလှုပ်ရှားမှုများ၏ ဂယက်ရိုက်မှုများကြောင့် ...သို့ ဝင်ရောက်လာခြင်း ဖြစ်သည်။

အထူးသဖြင့် ၂၀-ရာစုနှစ်၏ အစဖြစ်သော ထိုအချိန် ...ကာလတွင် တိုင်းပြည်တစ်ပြည်ကို အခြားတိုင်းပြည်တစ်ပြည်က ...တိုက်ခိုက်သိမ်းပိုက်၍ လူမျိုးတစ်မျိုးကို အခြား လူမျိုးတစ်မျိုးက ...စိုးသော နယ်ချဲ့စနစ်အား စတင် ဆန့်ကျင်လာသော အခါ ...ယဖြစ်သည်။ သက်ဦးဆံပိုင် ပဒေသရာဇ် ကေရာဇ်စနစ်များကို ...တစ ကြီးထွားဖွံ့ဖြိုးလာနေသော အရင်းရှင်စနစ်က တွန်းလှန် ...လှဲနေသော အခါလည်းဖြစ်သည်။

ရာစုနှစ်ပေါင်းများစွာ ဥရောပတိုက် အလယ်ပိုင်းမှ လူမျိုး...ပေါင်း တစ်ဒါဇင် ကျော်ကျော်ကို စိုးမိုး အုပ်ချုပ်လာခဲ့သော ...ာမန်ဩစထရီးယန်းအင်ပါယာကြီးမှာ ၁၈၄၈-ခုနှစ်မှ အစပြု... ...စတစ ယိမ်းယိုင်ချည့်နဲ့လာခဲ့သည်၊ လူနည်းစုကလေး ဖြစ်သော ...ာမန်ဩစထရီးယန်းတို့၏ အဓမ္မအုပ်စိုးမှုကို ကျန် လူများစုလူထု...ကြီးများက တော်လှန်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၈၆၀-ခုနှစ်များတွင် အီတလီလူမျိုးများက စတင်၍ ထိ
အင်ပါယာကြီးကို ဖြိုခွဲလိုက်ကြသည်။ ထို့နောက် ၁၈၆၇-ခုနှ
တွင် ထီးပိုင်နန်းပိုင်စနစ်အရ ဟန်ဂေရီ လူမျိုးများသည် ဂျာမ
တို့လက်အောက်မှ ရုန်းထွက်ခဲ့ပြန်သည်။ ယခု ၂၀-ရာစုနှစ်၏ အစ
ပိုင်းတွင်မူ စလပ်အမျိုးအနွယ်များဖြစ်ကြသော ချက်လူမျိုးများ၊
စလိုဗက်လူမျိုးများ၊ ဆာ့ဗ်လူမျိုးများနှင့် တရုတ်လူမျိုးများသည်
ကိုယ်ပိုင်အုပ်ချုပ်မှုနှင့် တန်းတူရည်တူ အခွင့်အရေးများကို တောင်း
ဆို တိုက်ပွဲဝင်နေကြသည်။

ဤသည်ကို အကြောင်းပြု၍ ဟစ်တလာက လူလူချင်း သာ
တူညီမျှ အခွင့်အရေးများနှင့် လူမျိုးအချင်းချင်း တန်းတူရည်တူ
အခွင့်အရေးများ တောင်းဆိုခြင်းကို ခါးခါးသီးသီး ဆန့်ကျင်
သည့်ဘက်မှ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဤသို့ ဗီယင်နာမြို့တွင် ပန်းချီဆရာဖြစ်မလာဘဲ နိုင်ငံရေး၊
လူမျိုးရေး၊ စီးပွားရေး လှိုင်းဂယက်များကြားတွင် မျောပါနေခဲ့
သော ဟစ်တလာသည် ၁၉၁၃-ခုနှစ် နွေဦးရာသီ၏ နေ့တစ်နေ့တွင်
ဗီယင်နာမြို့မှ ရုတ်တရက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။

ခါတိုင်းကဲ့သို့ စားသောက်ဆိုင်များတွင် လည်းကောင်း၊
မိုးလင်းဆိုင်များတွင် လည်းကောင်း၊ ကုသိုလ်ဖြစ် ဟိုတယ်တွင်
လည်းကောင်း၊ လက်သီးလက်မောင်းတန်း၍ နိုင်ငံရေးစကားများ
ကို အာဘောင်အာရင်းသန်သန် အော်ဟစ် ပြောဆိုနေလေ့ရှိသော
ဟစ်တလာကို မြင်နေကျ တွေ့နေကျ လူများက မမြင်ရ မတွေ့ရ
သဖြင့် သူတို့စိတ်ထဲတွင် တစ်နေရာရာမှ တစ်ခုခု ဟာနေသလို ဖြစ်
မိကြသည်။

ဤနေရာတွင် ဟစ်တလာနှင့် ပတ်သက်၍ ကွဲလွဲချက်ဖြစ်ရပ်
နှစ်ခု ထွက်ပေါ်လာခဲ့သည်။

ပထမကွဲလွဲချက်မှာ ဟစ်တလာက သူကိုယ်တိုင် ရေးသည့်
"ကျွန်ုပ်၏ ကြိုးပမ်းမှု" စာအုပ်ကြီးထဲတွင် သူသည် ဗီယင်နာမြို့မှ
၁၉၁၂-ခုနှစ် နွေဦးပေါက်ရာသီတွင် ဂျာမနီပြည် မြူနစ်မြို့သို့
ထွက်ခွာလာခဲ့သည်ဟု ဆိုသည်။ သို့သော် ဗီယင်နာမြို့မှ ရဲအဖွဲ့၏



မှတ်တမ်းတွင်မူ ဟစ်တလာသည် ဗီယင်နာမြို့တွင် ၁၉၁၃-ခုနှစ်
မေလအထိ ရှိနေသည်ဟု အတိအလင်း ဆိုထားသည်။

ဤပထမကွဲလွဲချက်နှင့် စပ်လျဉ်း၍ ဗီယင်နာရဲအဖွဲ့၏ မှတ်
တမ်းကိုပင် အမှန်ဟု ယူရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်
ဟစ်တလာသည် သူ၏စာအုပ်ထဲတွင် အဖြစ်အပျက်များကို နှေ့စဲ
ရက်စွဲဖြင့် ဖော်ပြရာ၌ အမှတ်အသား လွဲ၍ပါလား၊ သို့မဟုတ် ပေါ့
ပေါ့ဆဆ သဘောထား၍လားမသိ။ မကြာခဏ အမှားမှား
အယွင်းယွင်း ဖြစ်နေသည်ကို တွေ့ရသည်။

ဒုတိယကွဲလွဲချက်မှာ ဟစ်တလာက သူ ဗီယင်နာမှမြူနစ်မြို့သို့
ထွက်ခွာလာခဲ့ရခြင်းသည် ဗီယင်နာမြို့တွင် နေ့စဉ် တွေ့မြင်နေရ
သော ချက်လူမျိုးများ၊ ပိုလန်လူမျိုးများ၊ ဟန်ဂေရီ လူမျိုးများ
စသော လူမျိုးပေါင်းစုံတို့ကို အော့နှလုံးနာလှသောကြောင့် ဖြစ်
သည်ဟု ဆိုသည်။ အရောရော အထွေးထွေးဖြစ်နေသော ဤလူမျိုး
များက ဂျာမန်တို့၏ ယဉ်ကျေးမှု ပေါက်ဖွားရာဖြစ်သော ဤမြို့
ကြီးကို နေ့စဉ်နှင့်အမျှ ဖျက်ဆီးနေသည်ကို မမြင်လို မတွေ့လို။
သို့ဖြစ်၍ ငယ်စဉ်ကတည်းက တစ်နေ့နေ့တွင် ရောက်အောင်သွား
မည်ဟု စိတ်ထဲတွင် ကြိတ်ခဲ ရည်မှန်းထားခဲ့သော မြူနစ်မြို့သို့ ရုတ်
တရက် ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်ဟု "ကျွန်ုပ်၏ ကြိုးပမ်းမှု"
စာအုပ်ထဲတွင် ရေးသားခဲ့သည်။

သို့သော် ထိုစဉ်က ဟစ်တလာကို သိကျွမ်းခဲ့သော ဟေဒင်
ဆိုသူ၏ ပြောပြချက်အရ ဟစ်တလာသည် တကယ့် အဖြစ်မှန်ကို
သစ်ဝက်ဖုံး တစ်ဝက်ဖော်ထားသည်ဟု သိရသည်။

အဘယ့်ကြောင့်ဆိုသော် ဗီယင်နာမြို့မှ ဟစ်တလာ ရုတ်
တရက် ပျောက်သွားခြင်းမှာ စစ်ထဲမဝင်မနေရအမိန့်ကို ကြောက်
ပြီး ရှောင်ထွက်သွားခြင်း ဖြစ်သည်။ ထိုအခါက ဩစထရီးယား
အစိုးရ၏ စစ်ထဲမဝင်မနေရ ဥပဒေအရ အသက် ၂၁-နှစ်ပြည့်သူ
တိုင်း စစ်ပညာ သင်ကြားကြရသည်။ ဟစ်တလာသည် ၁၉၁၀-
ခုနှစ်တွင် အသက် ၂၁-နှစ်ပြည့်ခဲ့သည်။ သို့သော် သူသည် ဗီယင်
နာ ရဲအဖွဲ့ကို လက်တစ်လုံးခြား လှည့်စားကာ စစ်ပညာမသင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com

၃-နှစ်ကျော် ၄ နှစ်နီးပါးမျှ လည်သလို နေလာခဲ့သည်။ နောက်ဆုံး သူ့အကြောင်းကို ရဲအဖွဲ့က သိသွားသဖြင့် ဗီယင်နာမြို့မှ အသင်္ဘောင် ထွက်လာခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်၍ လူမျိုးစုံ ရောပြွန်းနေသော ဗီယင်နာမြို့တွင် လုံးဝ နေချင်စိတ်မရှိတော့သဖြင့် မြူနစ်မြို့သို့ ထွက်ခွာလာခြင်း ဖြစ်သည်ဟူသော ဟစ်တလာ၏ စကားမှာ အမှန်မဟုတ်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် တစ်ပိုင်းတစ်စ တစ်ဝက်တစ်ပြက် မှန်သော အချက်လည်း ပါနေသည်။ ယင်းအချက်မှာ အခြားမဟုတ်၊ ဟစ်တလာသည် စစ်သားအဖြစ် စစ်မှုထမ်းရန် ကြောက်သောကြောင့် မဟုတ်။ စစ်တပ်ထဲတွင် ဂျူးများ၊ ချက်လူမျိုးများ၊ စလပ်လူမျိုးများ စသည်ဖြင့် လူမျိုးစုံ ပါဝင်နေရာ ထိုလူမျိုးများနှင့် ရောရောထွေးထွေး နေထိုင်ရမည်ကို ဝန်လေးသဖြင့် ဗီယင်နာမြို့မှ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ဗီယင်နာမြို့တွင် လူမျိုးစုံ မြင်တွေ့နေရသည်ကို မမြင်လို မရှုဆိတ်သဖြင့် မြူနစ်မြို့သို့ ထွက်ခွာလာခဲ့သည်ဆိုသော ဟစ်တလာ၏ စကားမှာ မှားတစ်ဝက် မှန်တစ်ဝက် ဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ မြူနစ်မြို့သို့ ဟစ်တလာ ရောက်ရှိလာခဲ့ပြီး များမကြာမီ ရဲအဖွဲ့က နောက်ယောင်ခံ လိုက်လာ၍ စစ်မှုထမ်းရန်အတွက် ဟစ်တလာအား ဩစတြီးယားပြည် လင့်ဇ်မြို့သို့ ပြန်လာပြီး ဆေးစစ်ခံရန် အမိန့်ထုတ်လိုက်သည်။

ဤတွင် ဟစ်တလာက ဗီယင်နာမြို့မှ သူထွက်ခွာ လာခဲ့ခြင်းမှာ စစ်ထဲ မဝင်လို၍ ထွက်ပြေးလာခြင်း မဟုတ်ကြောင်း ဖြေရှင်းချက်နှင့်တကွ လင့်ဇ်မြို့သို့ ပြန်လာရန်မှာ စရိတ် မလုံလောက်သဖြင့် မြူနစ်မြို့နှင့် နီးသော ဆဲလ်ဘာ့ဂ်မြို့တွင်ပင် ဆေးစစ်ပါရန် အသနားခံစာ တစ်စောင် ရေး၍ တင်လိုက်သည်။

ဤ အသနားခံစာအရ သူ့ကို ၁၉၁၄-ခုနှစ် ဖေဖော်ဝါရီလ ၅-ရက်နေ့တွင် စစ်မှုထမ်းရန်အတွက် ကျန်းမာရေး ဆေးစစ်ခြင်းများ ပြုလုပ်သည်။



သို့သော် ထိုစဉ်က သူ၏ ကျန်းမာရေးမှာ အလွန် ချို့တဲ့နေသည့်ပြင် အဆုတ်အားနည်းသော ရောဂါပင် ရှိနေသဖြင့် ဆေးစစ်ရာတွင် မအောင်ဘဲ စစ်မှုထမ်းခွင့်မှ လွတ်ငြိမ်းခွင့် ပြုလိုက်သည်။

မြူနစ်သို့ ရောက်ရှိလာခဲ့သော်လည်း ဟစ်တလာ၏ ဘဝမှာ ဗီယင်နာမြို့တွင် နေစဉ်ကထက် ပို၍ မထူးခြားဘဲ ဆင်းဆင်းရဲရဲ ကပ်ပြတ်ပြတ်ပင် ဖြစ်နေသေးသည်။

သူသည် မြူနစ်မြို့ ရှလေရှေးမားလမ်းမှ ပေါ့ပ် အမည်ရှိ စက်ချုပ်သမား တစ်ယောက်၏ နေအိမ်တွင် အခန်းငှား၍ နေခဲ့သည်။

ထိုအချိန်တွင် ဟစ်တလာ၏ အသက်မှာ ၂၄-နှစ် ကျော်၍ ၂၅-နှစ်ထဲသို့ ရောက်နေပြီ ဖြစ်သည်။

ဤနေရာတွင် ဟစ်တလာ၏ ထူးခြားချက် တစ်ရပ်ကိုဖော်ပြ ရှိနေသည်။ ၎င်းမှာ အခြားမဟုတ်၊ သူသည် ထိုအသက်အရွယ်အထိ အရက်မသောက်၊ ဆေးလိပ်မသောက်ဘဲ နေခဲ့ခြင်းဖြစ်သည်။ အနောက်နိုင်ငံများ ဓလေ့ထုံးစံအရ ဘီယာမှာ အရက်သေစာ မဟုတ်ဘဲ အဓမ္မာပြေ၊ အပန်းပြေ၊ ရေငတ်ပြေ သောက်လေ့ရှိကြသည့်အတိုင်း သူသည် ဘီယာကိုမူ ရံဖန်ရံခါ သောက်တတ်သည်။

ထို့ထက်ပို၍ ထူးခြားချက် တစ်ရပ်မှာ သူသည် အသက် ၂၀ ကျော် ၂၅-နှစ်ပိုင်းသို့ ရောက်လာသည့် တိုင်အောင် မိန်းမများနှင့် ပတ်သက်၍ ကင်းကင်းရှင်းရှင်း နေခဲ့ခြင်းပင် ဖြစ်သည်။ လူပျိုပေါက် ဖြစ်လာသည့်အချိန်မှ စ၍ လူပျိုကြီးမားမား ဖြစ်လာသည့် ယခုအချိန်ထိ၊ ချစ်ရေးကြိုက်ရေး ကိစ္စများမှာ သူ့အတွက် "ဘုန်းကြီးနှင့် ဘီး"လို မနီးစပ်ဘဲ ဖြစ်နေသည်။ မနီးစပ်ရုံမက သက်တူရွယ်တူ မတိမ်းမယိမ်း- မိန်းမများနှင့် မလွဲသာမရှောင်သာ အမှတ်တမဲ့ ဆုံရကြုံရသည့်အခါမျိုးတွင် သူသည် မျက်ကိုး ရှက်

www.burmeseclassic.com

www.burmeseclassic.com

တန်းဖြစ်၍ မျက်နှာ မထားတတ်အောင် ဖြစ်ရသည်။ မနေတတ် မထိုင်တတ်အောင် ဖြစ်မိသည်။

သူသည် ဗီယင်နာတွင် နေစဉ်က အချိုးအတိုင်း ဖြစ်သလို နေ၍ ဖြစ်သလိုစားသည်။ အလုပ်ကို နေ့စာ ညစာ အလျဉ်မီရုံ လောက်သာ လုပ်၍ စာကိုသာ တကုတ်ကုတ်ဖတ်သည်။ အားလပ်ချိန်များတွင် စားသောက်ဆိုင်များမှ သတင်းစာများကိုသာမက မကြာခဏ ပြည်သူ့စာကြည့်တိုက်များသို့ သွားရောက်ကာ တစ်နေ့ကုန် တစ်နေ့ခန်း ထိုင်၍ စာဖတ်သည်။ သူငှားနေသော အိမ်ရှင် ဖရော်ပေါ့ပ်ဆိုသူ အမျိုးသမီးကြီးကမူ သူ့အား စာဖတ်ရာတွင် "အလွန်လောဘကြီးသည်" ဟူ၍ပင် မှတ်ချက် ချခဲ့သည်။

ထိုသို့ တစ်နေကုန် စာကို လောဘတကြီး ဖတ်ပြီးနောက် ညနေစောင်းလျှင် ဘီယာဆိုင်တစ်ဆိုင်သို့ သွားကာ ဘီယာစုပ်ရင်း နိုင်ငံရေးစကားများကို ထုံးစံအတိုင်း အာခေါင်အာရင်း သန်သန် ဖြင့် ပြောတတ်သည်။

ဤသို့လျှင် မြူနစ်မြို့တွင် ဟစ်တလာ၏ နေထိုင်သွားလာ လှုပ်ရှားမှုများသည် ဗီယင်နာတွင် နေစဉ်ကအတိုင်း ထူးမခြား နားပင် ဖြစ်သည်။

ထူးခြားသည်ဟုဆိုရန် ရှိနေသော အချက်မှာ ဗီယင်နာမြို့ တွင် မိုးလင်းဆိုင်များ၌ ညလုံးပေါက် ထိုင်ကာ နိုင်ငံရေးစကား ပြောခဲ့စဉ်က လူတကာနှာခေါင်းရှုံ့ခြင်း ခံခဲ့ရသည်။ ယခု မြူနစ် မြို့မှ ဘီယာဆိုင်တွင်မူ နိုင်ငံရေးစကား ပြောရသည်မှာ နှာခေါင်း ရှုံ့သူများများ မတွေ့ရသလောက်ဖြစ်၍ တစ်ခါတစ်ရံ သူ့စကားကို လေးလေးစားစား နားထောင်နေတတ်သော ပရိသတ် နှစ်ယောက်စ သုံးယောက်စကိုပင် တွေ့နေရသည်။

ဒါကိုပင် ဟစ်တလာသည် တအားတက်ကာ ပရိသတ်အရှိန် နှင့် ဘီယာအရှိန် ရောစွက်၍ ဘီယာဆိုင်တွင် နိုင်ငံရေးတရားဟော ရသည်မှာ သူ့အတွက် ပို၍ မြိန်ရေရှက်ရေ ဖြစ်လာသည်။



ထိုအခိုက် ဗီယင်နာမြို့တွင် မအောင်မြင်သော အညတရပန်းချီ ဆရာဘဝကို ကျောခိုင်း၍ မြူနစ်မြို့တွင် ယခုအခိုက်အတန့် ပရိသတ် နှစ်ယောက် သုံးယောက်မျှသာ ရှိသော ဟစ်တလာ၏ ဘီယာဆိုင် နိုင်ငံရေးတရားပွဲကလေးအား နောင်အခါတွင် လူပေါင်းနှစ်သောင်း သုံးသောင်းမက တက်ရောက်သော နိုင်ငံရေး လူထုတရားပွဲကြီးများ အဖြစ်သို့ ရောက်ရှိသွားစေမည့် ဖြစ်ရပ်ကြီးတစ်ခု ရုတ်တရက် ပေါ် ပေါက်လာခဲ့သည်။

ယင်းဖြစ်ရပ်ကြီးကားအခြားမဟုတ်။ ၁၉၁၄-ခုနှစ် နောက် ပိုင်းတွင် ပထမကမ္ဘာစစ်ပွဲကြီးသည် ဝုန်းခနဲထ၍ ပေါက်ကွဲဖြစ်ပွားခဲ့ ခြင်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဗိုးရောင်လဲ့လဲ့နှင့်ရှိက်သံသဲ့သဲ့

မြူနစ်မြို့ အိုဗီအုံပလာဇာကွင်းပြင်ကြီး တစ်ခုလုံးမှာ ပရိသတ်များဖြင့် ကျပ်ခဲ့၍ ရှတ်ရှတ်သဲသဲ ဖြစ်နေသည်။

ထောင်ပေါင်းများစွာသော လူထုကြီးမှာ အချို့ကထိုင်လျက်၊ အချို့က ထလျက်၊ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြသံများဖြင့် ဆူညံလျက်ရှိသည်။

တစ်နေရာတွင် လူအုပ်ကြီးများ ဝိုင်းဖွဲ့လျက် ဂျာမန်ရိုးရာသီချင်းများကို သံပြိုင်သီဆိုနေကြသည်။ သီချင်းတစ်ပုဒ်ဆုံးတိုင်းဆုံးတိုင်း 'ဟေး....' ဟူ၍ ဟစ်ကြွေးကာ ကောင်းချီးပေးကြရာ ကျန်လူအုပ်ကြီးကပါ လိုက်၍ 'ဟေး....ဟေး'ဟု ဟစ်အော်ကြွေးကြော်ကြသဖြင့် ကွင်းပြင်တစ်ခုလုံးမှာ အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။

ထိုနေ့မှာ ၁၉၁၄-ခုနှစ် ဩဂုတ်လ ၁-ရက်နေ့ ဖြစ်သည်။

ဤနေ့ ဤရက်တွင် ဤနေရာသို့ ဤလူထုကြီး ရောက်ရှိစုဝေးနေကြခြင်းမှာ ဂျာမန်တို့က ရုရှားပြည်ကြီးအား စစ်ကြေညာသည့် ကြေညာချက် ဖတ်ကြားသည်ကို နားထောင်ကြရန်ပင် ဖြစ်သည်။

ဤမျှ များပြားလှသော လူအုပ်ကြီးထဲတွင် အခြားသူများထက် ပို၍ စိတ်ခေတ်ထက်ကြွကာ ဂနာမငြိမ် ဣန္ဒြေမရဖြစ်နေ



အော လူတစ်ယောက်ကို ဘိုသီဘတ်သီ ကိုးယိုးကားယား အဝတ်အစား ခပ်ညစ်ညစ်ဖြင့် တွေ့နေရသည်။

သူကား ဘီယာဆိုင်မှ နိုင်ငံရေးတရားဟောဆရာ ဟစ်တလာပင်တည်း။

ဟစ်တလာသည် ဤပထမ ကမ္ဘာစစ်ပွဲကြီးဖြစ်အောင် လှုံ့ဆော် ပို့ဆောင်ပေးခဲ့သော မင်းသားဖရန့် ဖာဒီနန် လုပ်ကြံ သတ်ဖြတ်ခြင်း ခံရသည့် အဖြစ်အပျက် ပေါ်ပေါက်စဉ်ကမူ ဤပြဿနာအပေါ် မည်သို့မည်ပုံ သဘောထားရမည်ကို ရုတ်တရက် ဝေခွဲမရပဲ ဖြစ်ခဲ့သည်။

ဖရန့်ဖာဒီနန်မှာ ဂျာမန်တို့၏ ဘက်ပ်စ်ဘာ့ဂ် ထီးမွေနန်းမွေကို ဆက်ခံရမည့် အရိုက်အရာ မင်းသားတစ်ပါး ဖြစ်၍ သူ့ကို ၁၉၁၄-ခုနှစ်၊ ဇွန်လ ၂၈-ရက်နေ့က ဆာရာဂျီဗိုမြို့တွင် ဆာ့ဗ်အမျိုးသား ကျောင်းသားများက အလစ်တွင် လုပ်ကြံ သတ်ဖြတ်ခြင်းဖြစ်သည်။

ပထမသော် ဟစ်တလာ၏စိတ်ထဲတွင် ယခုလိုဖြစ်ရသည်မှာ ...စ် ဟက်ပ်စ်ပစ်ဘာ့ဂ်တို့၏ အပြစ်ပင် ဖြစ်သည်ဟု ယူဆလိုက်သည်။ သူတို့သည် ကြီးမားမြင့်မြတ်သော ဂျာမန်အမျိုးသားများကို စုစည်း၍ ဂျာမန် အင်ပါယာကြီးကို ထူထောင်ကာ ဥရောပအလယ်ပိုင်းကို စိုးမိုးအုပ်ချုပ်ရန် ကြိုးပမ်းရမည့်အစား ဘာမဟုတ်သည့် လူမျိုးစုများ၏ တောင်းဆိုချက်များကို အလျော့ပေး လိုက်လျောခဲ့သည်။ ထိုသို့ လိုက်လျောလွန်းသဖြင့် အလိုလိုက် အမိုက်...ကားဆိုသလို ဆာ့ဗ်ကျောင်းသားများက ဖာဒီနန်မင်းသားကို ...ပ်ကြံခွင့်ရခဲ့ကြခြင်းဖြစ်သည်ဟု တစ်ထစ်ချတွက်ဆကာ သစ္စာဖောက်...င်းမျိုးမင်းနွယ်များကိုသာ ဟစ်တလာ အပြစ်တင်မိသည်။

သို့သော် ဤပြဿနာကို အကြောင်းပြု၍ ဥရောပတိုက်တွင် ...ိုင်းပြည်အချင်းချင်း ပဋိပက္ခများ ပိုမိုကြီးထွားကာ အထွေထွေ...စ်ပွဲကြီးတစ်ခု ဖြစ်ပေါ်လာမည့်အရိပ်အယောင်များ ပေါ်ပေါက်...လာရာ ဟစ်တလာမှာ မနေသာတော့ဘဲ မူလ အယူအဆများကို ...န့်ပယ်၍ အရေးကြီးရာ သွေးနှီးရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူသည် ထိုနေ့က စစ်ကြေညာချက်ကို နားထောင်ပြီး အခြား ဂျာမန်အမျိုးသား ထောင်ပေါင်း များစွာကဲ့သို့ပင် စိတ်ဓာတ် ထက်ကြွလျက်ရှိရာ နောက်နှစ်ရက်မျှအကြာ ဩဂုတ်လ ၃-ရက်နေ့တွင် တတိယမြောက် လူးဝစ်ဘုရင်ထံမှ စစ်မှုထမ်းရန် ခွင့်ပြုကြောင်း ပြန်ကြားစာ ရရှိခဲ့သည်။

"ကျွန်ုပ်သည် စစ်မှုထမ်းခွင့်ပြုကြောင်း ဆိုင်ရာမှ ပြန်ကြားစာကို ဖောက်၍ ဖတ်ခဲ့ရစဉ်က ဝမ်းသာလွန်းလှသဖြင့် လက်များပင် တုန်နေသည်။ မည်မျှလောက် ဝမ်းသာအားရ ဖြစ်မိသည်ကို ပါးစပ်က ထုတ်ဖော် ပြောပြရန် စကားလုံးပင် ရှာ၍မတွေ့အောင် ဖြစ်ခဲ့ရသည်။ ရက်များ မကြာမီ ကျွန်ုပ်သည် စစ်ယူနီဖောင်း အပြည့်အစုံဝတ်ဆင်ထားသော စစ်သားတစ်ယောက် ဖြစ်လာခဲ့သည်။ ထိုအချိန်မှ စ၍ ထိုစစ်ယူနီဖောင်းကို ၆-နှစ်နီးပါးမျှ မချွတ်ဘဲ ဝတ်ခဲ့သည်။

(ကျွန်ုပ်၏ ကြိုးပမ်းမှု၊ စာမျက်နှာ-၁၄၇)

မှန်သည်။ ၁၉၁၉-ခုနှစ်တွင် ဖြစ်ပွားသော ဒုတိယ ကမ္ဘာစစ်ကြီးတွင် စစ်အာဏာရှင်ဖြစ်လာမည့် ဟစ်တလာသည် ၁၉၁၄-ခုနှစ် ပထမကမ္ဘာစစ်ကြီး အတွင်းက မထင်ရှားသော စစ်သားအလေးဖြစ်သည်။

သူသည် ဩစတြီးယန်း အမျိုးအနွယ်ပင် ဖြစ်သော်လည်း ဆိုင်ရာမှ ခွင့်ပြုချက်အရ ဘာဗေးရီးယန်း အရန်ခြေလျင် တပ်မ ၁၆-တပ်စု ၁-တွင် ဝင်ရောက် အမှုထမ်းခဲ့ရသည်။

ပထမတွင် မြူနစ်မြို့မှာပင် အခြား စစ်သားများနှင့်အတူ ရက်အနည်းငယ်မျှ စစ်ပညာသင်တန်း ဆင်းရသည်။ ထို့နောက် လက်ချ်ဖဲ့လ်မြို့သို့ အတန်ကြာ စစ်စခန်းချ နေခဲ့ရပြီး အောက်တိုဘာလ ၂၁-ရက်နေ့တွင် စစ်မြေပြင်သို့ ရောက်ရှိသွားခဲ့သည်။



ဟစ်တလာသည် 'ဝင်ဝင်ချင်း ဆောက်နဲ့ထွင်း' ဆိုသလို စစ်မြေပြင်သို့ ရောက်လျှင် ရောက်ချင်း ကြမ်းကြုတ် ရက်စက်လှသော တိုက်ပွဲကြီးများနှင့် ရင်ဆိုင်တိုးခဲ့သည်။ ထိုတိုက်ပွဲမှာ ယာရက်စ် ဒေသမှ ပထမတိုက်ပွဲကြီးပင်ဖြစ်၍ ဟစ်တလာပါဝင်သော ဂျာမန် ဘာဗေးရီးယန်း တပ်များမှာ ၄-ရက်နှင့် ၄-ညလုံးလုံး ဗြိတိသျှတပ်များနှင့် အပြင်းအထန် တိုက်ခိုက်ကြရသည်။

ထို တိုက်ပွဲကြီးနှင့် စပ်လျဉ်း၍ မြူနစ်မြို့တွင် ဟစ်တလာ အိမ်ခန်းငှားနေခဲ့သော စက်ချုပ်သမား ပေါပ်ထံသို့ စစ်မြေပြင်မှ ဟစ်တလာရေးလိုက်သော စာတစ်စောင်တွင် 'ရှေ့တန်းစစ်မျက်နှာ မှ မိမိတို့အား ပြန်ခေါ်၍ ဝါးဒစ်ဒေသရှိ အနားယူစခန်းများသို့ ပို့လိုက်သည့်အချိန်တွင် မူလက စစ်သားပေါင်း ၃၅၀၀ ရှိခဲ့သော မိမိတို့တပ်မမှာ ၄ ရက်မျှသာ အပြင်းထန် တိုက်ပွဲဖြစ်ပွားပြီး စစ်သား ၆၀၀ မျှသာ အသက်ရှင် ကျန်ရစ်ခဲ့သည်' ဟု ပါရှိသည်။

စစ်ပွဲတစ်လျှောက်လုံး ဟစ်တလာသည် ဆက်သားအဖြစ် အမှုထမ်းခဲ့ရ၍ သူ့တာဝန်မှာ စစ်မြေပြင်မှ တပ်စုနှင့် စစ်နောက်တန်းမှ တပ်မဌာနချုပ်တို့ အပြန်အလှန် ဆက်သွယ်သည့် စာများ ပို့ရသည့်တာဝန်ဖြစ်သည်။ သို့ဖြစ်ရာ သူ့တာဝန်မှာ အန္တရာယ်များ၍ စွန့်စားရသော အလုပ်မျိုးပင် ဖြစ်သည်။

၁၉၁၅-ခုနှစ်တွင် ဟစ်တလာ ပါဝင်သော တပ်မသည် ဆိုးကွ်ါင်းဒေသတွင် ခေတ္တ တပ်စွဲပြီး ထိုမှတစ်ဖန် ညူဗီးချက်ပဲလ် အရပ်တွင် ဗြိတိသျှတပ်များနှင့် ရင်ဆိုင် တိုက်ခိုက်ကြရပြန်သည်။

၁၉၁၆ ခုနှစ်တွင်မူ ဆိုမ်တိုက်ပွဲတွင် ဝင်ရောက် တိုက်ခိုက်ကြရသည်။ ဤတိုက်ပွဲမှာလည်း တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် သဲသဲမဲမဲ တိုက်ကြရသော တိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲပြီးသည့်နောက် ၁၉၁၆ ခုနှစ်၊ အောက်တိုဘာလထဲတွင် ဘာပေမ်ဒေသသို့ ရောက်ရှိ၍ တိုက်ခိုက်ကြပြန်ရာ အောက်တိုဘာ ၇ ရက်နေ့တွင် ဟစ်တလာသည် ခြေထောက်၌ သေနတ်မှန်၍ ဒဏ်ရာရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင်မှ ဟစ်တလာသည် ခြေထောက်မှ ဒဏ်ရာကိုကုသရန် ဂျာမနီပြည် ဘာလင်မြို့သို့ ပြန်လည် ရောက်ရှိခဲ့သည်။ စစ်မြေပြင်တွင် ၂ နှစ်ကျော်မျှ အမှုထမ်းခဲ့ပြီး ပထမဆုံးအကြိမ် စစ်နောက်ပိုင်းသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။

သူသည် ဘာလင်မြို့အနီး ဘီးလစ်ဆေးရုံတွင် တက်ရောက်ကုသခဲ့သည်။ ထိုနောက် ဒဏ်ရာပျောက်ကင်း၍ ၁၉၁၇ ခုနှစ် မတ်လထဲတွင် စစ်မြေပြင်သို့ တစ်ဖန် ရောက်ခဲ့သည်။

ဤတစ်ကြိမ် စစ်မြေပြင်သို့ သူပြန်လာရာတွင် သာမန်စစ်သားကလေး မဟုတ်တော့ဘဲ ရာထူးတက်၍ တပ်ကြပ်ကလေး ဖြစ်လာခဲ့သည်၊

နောင်အခါ ဟစ်ဟလာ နစမည်ကြီးလာသည့် အချိန်၌ သူ့ကို မလိုလားသော အတိုက်အခံ ဂိုဏ်းသားများက ပထမကမ္ဘာစစ်ပွဲကြီးတွင် ဟစ်တလာသည် သတ္တိနည်း၍ သူရဲဘောကြောင်သော စစ်သားတစ်ယောက် ဖြစ်ခဲ့သည်ဟူ၍ စွပ်စွဲ ပြောဆိုကြသည်။

ဤနေရာတွင် ဟစ်တလာအား နောင်အခါ၌ ကမ္ဘာတစ်ခုလုံး စစ်မီးတဟုန်းဟုန်း တောက်လောင်စေ၍ လူသားအပေါင်းတို့ကို သွေးချောင်းစီးစေခဲ့သော ဒုတိယကမ္ဘာစစ်ကြီး၏ အကြီးဆုံး နံပါတ်တစ် စစ်တရားခံအဖြစ် သတ်မှတ် ရှုတ်ချရမည် ဖြစ်သော်လည်း သူ့အတ္ထုပ္ပတ္တိကိုမူ အရင်းအတိုင်း တိတိကျကျမှန်နိုင်သမျှ မှန်စေအောင် အကောင်းရော အဆိုးပါ ပြည့်စုံစွာ ဖော်ပြနိုင်ရန် လိုအပ်သည်ဟု ယူဆသည်။

ဤလိုအပ်ချက်ကို အခြေခံ၍ အမှန်အတိုင်း လေ့လာစုံစမ်းထောက်လှမ်းရသမျှ ဆိုလျှင် ဟစ်တလာသည် ပထမ ကမ္ဘာစစ်ကြီးအတွင်း အမှုထမ်းခဲ့ရာ၌ ဒဏ်ရာရ၍ နောက်ပိုင်းဆေးရုံသို့ တက်ရောက် ကုသနေချိန်မှတစ်ပါး ကျန်အချိန်အားလုံးပင် စစ်မြေပြင်၌ ကျည်ဆန်၊ အမြောက်ဆန်၊ ဗုံးဆန်များအကြား စွန့်စားသွားလာ၍ တာဝန်ယူခဲ့သည်ကို တွေ့ရသည်။



ဤအချက်ကို ထင်ရှားစေသည်မှာ သူသည် ပထမ ကမ္ဘာစစ်ကြီးဖြစ်၍ စစ်မှုထမ်းခဲ့ပြီး ဘာမှ မကြာသေးခင် ၁၉၁၄ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် တပ်သားကျော် ဒုတိယအဆင့် (IRON CROSS, Second Class) ဆုတံဆိပ် ရရှိခဲ့သည်။

နောင်အခါ ၁၉၃၂ ခုနှစ်၊ နာဇီပါတီအရှိန်အဝါကြီးမား၍ ဟစ်တလာ နာမည်တက်လာချိန်တွင် အတိုက်အခံ သတင်းစာတစ်စောင်က ဟစ်တလာအား ပထမကမ္ဘာစစ်အတွင်း သတ္တိနည်း၍ သူရဲဘောကြောင်သော စစ်သားတစ်ယောက် ဖြစ်သည်ဟူ၍ ပုတ်ခတ် ရေးသားရာတွင် ဟစ်တလာက ငုံ့မခံဘဲ အသရေပျက်မှုဖြင့် တရားစွဲဆိုခဲ့သည်။

ထိုအမှုတွင် ဟစ်တလာဘက်မှ ဒုဗိုလ်မှူးကြီး အိန်ဂျယ်ဟာ့ဒ်သည် ကိုယ်တိုင် သက်သေအဖြစ် လိုက်ပါ ဆောင်ရွက်ခဲ့သည်။ ဒုဗိုလ်မှူးကြီး အိန်ဂျဟာ့ဒ်မှာ အခြားသူမဟုတ်၊ ပထမကမ္ဘာစစ်အတွင်းက ဟစ်တလာပါဝင်ခဲ့သော တပ်မှ တပ်မှူး ဖြစ်သည်။ သူက ဟစ်တလာသည် ၁၉၁၄ ခုနှစ်၊ နိုဝင်ဘာလထဲတွင် စစ်မြေပြင်၌ ပထမဆုံး၊ တိုက်ခိုက်ရသော တိုက်ပွဲမှာပင် စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သဖြင့် တပ်သားကျော် ဒုတိယအဆင့် ဆုတံဆိပ်ချီးမြှင့်ခြင်း ခံခဲ့ရကြောင်း အခိုင်အမာ ထွက်ဆိုသွားခဲ့သည်။

ထိုမျှမက ဟစ်တလာသည် တစ်ဆင့်တက်၍ တပ်သားကျော် ပထမအဆင့် [IRON CROSS, First Class] ဆု တံဆိပ်ကို ရခဲ့ပြန်သည်။ ဤ ဆုတံဆိပ်မှာ သာမန်တပ်သား တပ်ကြပ်များရခဲသည်၊ ဟစ်တလာအား ထိုဆုတံဆိပ် ချီးမြှင့်သည်မှာလည်း၊ စစ်မြေပြင် တစ်နေရာတွင် သူတစ်ယောက်တည်း ပြင်သစ်စစ်သား ၁၅ ယောက်ကို အရှင်လက်ရ ဖမ်းဆီးခဲ့သောကြောင့်ပင် ဖြစ်သည်။

ဘယ်သူတွေ ဘာပြောပြော ဟစ်တလာသည် သူ့ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်၍ ရရှိလာသော ဆုတံဆိပ်များကို အမြတ်တနိုးထားသည်မှာ ထင်ရှားသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် နောင်အခါ၌ နာဇီပါတီခေါင်းဆောင် ဂျာမနီနိုင်ငံခေါင်

www.burmeseclassic.com

www.burmeseclassic.com

၏ အဓိပတိ အာဏာရှင်ကြီး ဖြစ်လာသည့်အထိ ထိုဆုတံဆိပ်များကို တပ်ဆင်ခဲ့သောကြောင့်ပင်တည်း။

သို့နှင့်ပင် ဟစ်တလာသည် ၁၉၁၈ ခုနှစ်၊ဂျာမန်တို့၏နွေဦးရာသီ ထိုးစစ်ကြီးတွင် ပါဝင် ဆင်နွှဲခဲ့သည်။ ဤတိုက်ပွဲကြီးမှာ ဂျာမန်တို့၏ နောက်ဆုံး ထိုးစစ်တိုက်ပွဲကြီးပင် ဖြစ်သည်။

ဟစ်တလာပါဝင်သော ဂျာမန်တပ်မသည် ၁၉၁၈ ခုနှစ် အောက်တိုဘာလထဲတွင် ယာပရက်စ်ဒေသ၏ တောင်ဘက် ဝါးဗစ်အရပ်သို့ တပ်စွဲ ရောက်ရှိခဲ့ပြန်သည်။

အောက်တိုဘာ ၁၃-၁၄ ရက်နေ့ညတွင် ထိုဒေသမှ ဂျာမန်တပ်သားများကို ဗြိတိသျှတပ်များက ဝင်ရောက်တိုက်ခိုက်ကြသည်။ တိုက်ပွဲမှာ ပြင်းထန်လှ၍ နောက်ဆုံး ဗြိတိသျှတပ်များက ဓာတ်ငွေ့များ သုံးသည့်အထိ ဆိုးရွားခဲ့သည်။

ဟစ်တလာသည် တောင်ကုန်းတစ်ခုပေါ်မှနေ၍ ပစ်ခတ်နေစဉ် ဗြိတိသျှတို့၏ ဓာတ်ငွေ့မိပြီး မျက်လုံးပြာဆာ သတိလစ်သွားခဲ့သည်။ ချက်ချင်းပင် သူ့ကို နောက်ပိုင်း စစ်ဆေးရုံသို့ သယ်သွားကြရသည်။

နောက်တစ်နေ့ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဟစ်တလာမှာ ကိုယ်တစ်ပိုင်းသေကာ မျက်လုံးများမှာလည်း ဓာတ်ငွေ့မိထားသဖြင့် ဘာမှ မမြင်ရတော့ဘဲ 'ကန်း' သွားခဲ့သည်။

ဤတွင်မှ စစ်ဘက်ဆရာဝန်ကြီးများက သူ့ကို အရေးတကြီး မီးရထားဖြင့် တင်ဆောင်ကာ ပါစီဝေါ့ဒေသမှ စစ်ဆေးရုံသို့ အမြန်ပို့လိုက်ကြသည်။ သူသည် ဤစစ်ဆေးရုံတွင် တစ်လနီးပါးမျှ တက်ရောက်ကုသပြီးမှ မျက်စိပြန်ကောင်း၍ ကိုယ်တစ်ပိုင်းသေသော ရောဂါလည်း ပျောက်ခဲ့သည်။

ဂျာမန်တို့ လက်နက်ချ အညံ့ခံ၍ ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည့် သတင်းကို ဟစ်တလာသည် အဆိုပါ စစ်ဆေးရုံ၌ ရှိနေစဉ်ပင် ကြားလိုက် သိလိုက်ရသည်။

ထိုနေ့သည် နိုဝင်ဘာလ ၁၀ ရက် တနင်္ဂနွေနေ့ဖြစ်သည်။



ဘာလင်မြို့၏ အရှေ့မြောက်စူးစူး အရပ်တွင်ရှိသော ပါစီ...မြို့ကလေးမှ စစ်သားများသည် ခါတိုင်းကဲ့သို့ပင် စကားပြော...ပြော၊ စာဖတ်သူကဖတ်၊ ကျားထိုးသူအထိုး၍ အေးချမ်း...သက်စွာပင် ရှိနေသည်။

အဆိုပါ စစ်ဆေးရုံ၏ မျက်စိကုလူနာခန်းအနီးမှ မြက်ခင်း...တွင် အခြားစစ်သားများကဲ့သို့ စကားလည်းမပြော၊ ကျား...ည်း မထိုးဘဲ ခုံတန်းတစ်ခုပေါ်တွင် ထိုင်ကာ စဉ်းစားခန်းဝင်နေ...သော စစ်သားတစ်ယောက်ကို တွေ့ရသည်။ ထိုစစ်သားမှာ ဟစ်...လာပင် ဖြစ်သည်။

ဗြိတိသျှစစ်တပ်၏ ဓာတ်ငွေ့ဒဏ်ကြောင့် ယာယီကန်းသွား...သော သူ့မျက်လုံးများမှာ ပျောက်ကင်းသလောက်ပင် ရှိသွားပြီ...သည်။ သို့သော် ဆရာဝန်က ဆေးရုံမှ ဆင်းခွင့် မပြုသေး၊ ...တ်ခန့် နေရဦးမည်ဟုဆိုသဖြင့် စစ်မြေပြင်သို့ ပြန်ရမည့်ရက်ကို ...ချိုးစောင့်နေရခြင်း ဖြစ်သည်။

သူသည် ပျင်းမျင်း ရှိလှသဖြင့် သတင်းစာ သို့မဟုတ် စာ...အုပ်ကို ဖတ်ချင်လှသည်။ သို့သော် ဆရာဝန်က မျက်စိအတွက် ...တ်ရန် ကြပ်တည်းစွာ တားမြစ်ထားသဖြင့် အခန်းအပြင်သို့ ...ကာ နံနက်ခင်း နေရောင်ခြည်အောက်တွင် စဉ်းစားခန်း ဝင်...း ဖြစ်သည်။

ထိုအခိုက် ဆေးရုံဝင်းထဲသို့ တစ်စုံတစ်ယောက် ရေးကြီး...များ ဝင်လာသည့် ခြေသံကို ကြားသဖြင့် လှမ်းကြည့်လိုက်ရာ ...ဘာန် ဘုန်းတော်ကြီး ဖြစ်နေသည်ကို တွေ့ရသည်။

ပထမသော် ဤဘုန်းတော်ကြီးမှာ တနင်္ဂနွေနေ့တိုင်း ဤ...ရုံသို့ လာနေကျဖြစ်၍ အမှတ်မထင် နေလိုက်မည်ဟု စိတ်ကူး...သည်။ သူဝင်လာပုံမှာ ပျာယီးပျာယာနှင့် ရေးကြီးသုတ်ပျာ...သဖြင့် စိတ်ထဲတွင် မသိုးမသန့် ဖြစ်မိသည်။

သို့သော် ဤမသိုးမသန့် ဖြစ်မှုမှာ အသေးအဖွဲ့ မဟုတ်ဘဲ ...တော်ကြီး ပါးစပ်မှ ဒလစပ် ထွက်ပေါ်လာသော စကားများ

www.burmeseclassic.com

www.burmeseclassic.com

ကို ကြားလိုက်ရသောအခါ ဟစ်တလာ၏ စိတ်ထဲတွင် မီးတောင် ပေါက်ကွဲသလို ထင်လိုက်ရသည်။

'ဒီမယ် မောင်ရင်တို့ ဒုက္ခဖြစ်ကုန်ကြပြီ သိလား၊ ကိုင်ဇာဘုရင်ကြီး မနေ့ကဘဲ ထီးနန်းစွန့်ပြီး ဟော်လန်ပြည်ကို ထွက်ပြေးသွားပြီတဲ့ အခု ဘာလင်မှာလဲ ဆူဆူပူပူနဲ့ ထိန်းမနိုင်သိမ်းမရ ဖြစ်ကုန်ပြီ၊ ပြီးတော့ နက်ဖြန်ဆိုရင် ကျုပ်တို့ ဂျာမန်တွေဘက်က စစ်ရှုံးတဲ့ ကြေညာချက်ကို လက်မှတ် ထိုးကြတော့မလို့တဲ့၊ ဒုက္ခတော့ ရောက်ကြတော့မှာဘဲ''

ဘုန်းတော်ကြီး၏ အသံသည် တဖြည်းဖြည်း တိမ်၍ သွားကာ နောက်ဆုံးအသံမှာ ငိုသံပါသယောင်ယောင်ပင် ထင်လိုက်ရသည်။

စစ်သားများမှာ ဘာတစ်ခုမှ ပြန်မပြောနိုင်၊ ပြန်မမေးနိုင်ဘဲ ပါးစပ် အဟောင်းသား ဖြစ်နေကြသည်။

ဤအထဲတွင် ဘုန်းကြီး၏ စကားကြောင့် သူ့ခေါင်းပေါ် တည့်တည့်မတ်မတ် မိုးကြိုးပစ်ခတ်လိုက်၍ တစ်ကိုယ်လုံး အစိတ်စိတ် အမြွာမြွာ ကွဲထွက်သွားသလို ခံစားလိုက်ရသူမှာ ဟစ်တလာပင် ဖြစ်သည်။

သူသည် 'နက်ဖြန် ကျုပ်တို့ ဂျာမန်တွေဘက်က စစ်ရှုံးတဲ့ ကြေငြာချက်ကို လက်မှတ် ထိုးကြတော့မလို့တဲ့' ဟူသော စကားကို ကြားလိုက်ရပြီး နောက်ပိုင်းတွင် ဘယ်သူတွေ ဘာပြောကြသည် ကိုမှ မကြားရတော့။ ဘယ်သူတွေ ဘာလုပ်ကြသည်ကိုလည်း မမြင်မိတော့။ ဘုန်းတော်ကြီး ပြန်ကြွသွားသည်ကိုပင် မသိလိုက်တော့။

'ကျွန်ုပ်၏ မျက်စိရှေ့မှောက်တွင် အရာ အားလုံးတို့မှာ မှောင်နှင့်မည်းမည်း ဖြစ်သွားသည်ဟု ထင်လိုက်ရသည်။ ကျွန်ုပ် နေထိုင်ရာ လူနာဆောင်သို့ ယိမ်းယိုင်သော ခြေလှမ်းများဖြင့် ပြန်လာခဲ့ပြီးနောက် ခုတင်ပေါ်မှ ခေါင်းအုံးနှင့် စောင်များ အကြားတွင် ကျွန်ုပ်၏ နာကျင်လှသော ဦးခေါင်းကို မြုပ်၍ ထားမိသည်။

(ကျွန်ုပ်၏ ကြိုးပမ်းမှု၊ စာမျက်နှာ-၁၇၆)



မှန်သည်။ ဂျာမန်တို့ လက်နက်ချသည့်သတင်းသည် ယာယီ ကန်းသွားရာမှ ပြောက်စပြုလာသော ဟစ်တလာ၏ မျက်လုံးအစုံ ကို ရုတ်တရက်ပြန်၍ စုံလုံးကန်းသွားသလို ဖြစ်သွားစေခဲ့သည်။ ဂျာမန်တို့ စစ်ရှုံးသည့်သတင်းသည် ကိုယ်တစ်ပိုင်းသေရောဂါ ပျောက် ခါစဖြစ်သော ဟစ်တလာအား ဖြုန်းခနဲ ပြန်၍ အကြောအခြင် တွေ တစ်ကိုယ်လုံးသေသွားသလို မလှုပ်နိုင် မရှားနိုင်အောင် ဖြစ် သွားခဲ့သည်။

သူသည် တစ်နေ့လုံး ခုတင်ပေါ်တွင် မလှုပ်မယှက် လှဲနေ သည်။ တဖြည်းဖြည်း ညနေစောင်းလာသည်။ မှောင်စပျိုးလာ သည်။ ထိုနောက် ညဘက်ရောက်လာသည်။

ဟစ်တလာကား အိပ်ရာထက်တွင် မျက်နှာကို ခေါင်းအုံး ဖြင့် အပ်လျက် မလှုပ်မယှက်။

ထိုညက အဆိုပါ စစ်ဆေးရုံကလေး၏ တစ်ခုသော လူနာ ဆောင်မှ မီးရောင်လဲ့လဲ့အောက်တွင် ဟစ်တလာ၏ရှိုက်သံသဲ့သဲ့ သည် တစ်ညလုံး ပေါ်ထွက်လျက် ရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## နာဇီပါတီ မွေးဖွားလာခြင်း

ဟစ်တလာအဖို့ တစ်သက်နှင့် တစ်ကိုယ် မျက်ရည်ပေါက်ကြီးငယ် ကျခဲ့သည်မှာ နှစ်ကြိမ်နှစ်ခါသာ ရှိခဲ့သည်။

ပထမအကြိမ်မှာ လင့်ဇ်မြို့ကလေးတွင် သူ့မိခင်ကြီး အနိစ္စရောက်ခဲ့စဉ်ကဖြစ်သည်။ ထိုစဉ်က သူသည် ပန်းချီဆရာဖြစ်ချင်လွန်းလှ၍ မိခင်ကြီး အသည်းအသန် ဖြစ်နေသည်ကိုပင် ဗီယင်နာမြို့မှ လင့်ဇ်မြို့သို့ ပြန်မလာဘဲနေခဲ့သည်။ မိခင်ကြီး ဆုံးပြီဆိုတော့မှ အပြေးအလွှား ပြန်လာခဲ့ရာ မိခင်ကြီး အသက်ပျောက်သည်ကိုမှ မမြင်ရ မတွေ့လိုက်ရအောင် လက်လွှတ်စပယ် ပြုမူခဲ့သော မိမိ၏ မိုက်လုံးကြီးခဲ့မိပုံကို ယူကျုံးမရဖြစ်ကာ မိခင်ကြီး၏ မြေပုံဘေးတွင် ရှိုက်ကြီးတငင် ငိုကြွေးခဲ့ရသည်။

ယခုတစ်ဖန် ဂျာမန်တို့ စစ်ရှုံး၍ လက်နက်ချသည့်သတင်းကြောင့် ဆေးရုံပေါ်တွင် ဒုတိယအကြိမ် မျက်ရည် ကျခဲ့ရပြန်သည်။

ဟစ်တလာ အသည်းနာမည်ဆိုက နာလောက်သည်။

အဘယ်ကြောင့် ဆိုသော် ဂျာမန်တို့ စစ်ရှုံးရသည်မှာ မနိုင်၍ ရှုံးရသည့် အရှုံမျိုးမဟုတ်။ နိုင်ပြီးမှ နိုင်လျက်နှင့် ရှုံးရသော အရှုံးဖြစ်သည်။ ပထမကမ္ဘာစစ်ကြီး တစ်လျှောက်လုံးတွင် ဂျာမန်တို့သည် အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် တိုက်



...ခဲ့ကြရာ ၁၉၁၈ ခုနှစ်လယ်လောက်အထိ အရေးပါသော တိုက်ပွဲကြီးများတွင် အောင်ပွဲခံနေကြဆဲပင် ရှိသည်။

လက်နက်ချ အညံ့မခံမီ လအနည်းငယ်အလို ၁၉၁၈ ခု...တော်လနှင့် မေလတွင် ဥရောပအရှေ့ပိုင်း၌ ဂျာမန်တို့အတွက် အနိုးအာဏာ ပို၍ ကြီးထွားလာစေသည့် ဘရက်စ်လစ်တော့စာချုပ်နှင့် ဘူခါရက် စာချုပ်များပင် ချုပ်ဆိုနိုင်ခဲ့သေးသည်။ အနောက်ပိုင်းဒေသတွင်လည်း ရုရှားနှင့် ရှမေးနီးယားတပ်များကို ချေမှုန်း၍ ၎င်းတို့၏ 'စစ်မျက်နှာနှစ်ရပ်' ကိုလည်း လက်စတုံးသတ်သင်နိုင်ခဲ့သည်။ နောက်ဆုံး ဗိုလ်ချုပ်ကြီး လူဒင်ဒေါ့ဖ်သည် ...သျှနှင့် ပြင်သစ်တပ်များကို တရစပ် လိုက်လံတိုက်ခိုက်၍ အပြင်း...တက်ခဲ့ရာ ဂျာမန်တပ်များသည် မတ်လ ၂၁ ရက်နေ့တွင် ပြင်သစ်ပြည်၏ မြို့တော် ပဲရစ်နှင့် မိုင် ၄၀ ကွာအထိပင် ရောက်ရှိနေပြီ ဖြစ်သည်။

ဤသို့ ၁၉၁၈ ခုနှစ် နွေရာသီတွင် ဂျာမန်တပ်များသည် တိုက်ပွဲများကို တစ်ပွဲပြီးတစ်ပွဲ ဆင်နွှဲလာခဲ့နိုင်၍ နောက်ဆုံးအောင်ပွဲကို ရယူရန် လက်တစ်ကမ်းမျှသာ လိုတော့သည်။

ဤအချိန် ဤအခြေအနေမျိုး ရောက်ခဲ့ပြီးမှ ရုတ်တရက် အမျှော်လင့်ဘဲ မိုးပြိုကျသလို လက်နက်ချ အညံ့ခံလိုက်ရသည်ဖြစ်ရာ ဟစ်တလာ အသည်းနာမည်ဆိုက နာလောက်သည်။ မျက်ရည်ကျမည်ဆိုက ကျလောက်သည်။

"ဤအချိန်အထိ ပြည်တွင်းစစ်မျက်နှာမှာ မကျိုးမပေါက်သေးဘဲ ရှိသေးသည်။ ယခုခေါင်းဆောင်မှု တစ်တိုင်းပြည်လုံး ပြည်သူပြည်သားများအတွင်း မီးပွား မီးတောက်များ ဟိုမှသည်မှ ထတောက်ခဲ့ပြီ ဖြစ်သည်။ ဘာလင်မြို့ကြီးမှာ ထိန်းမနိုင် သိမ်းမရအောင် ဖြစ်ခဲ့လေသည်" ဟူ၍ ဂျာမန်မင်းသားကြီး မက္ကစ်က သူ၏ 'ကိုယ်တွေ့မှတ်တမ်း' စာအုပ်တွင် ရေးသား ဖော်ပြခဲ့သည်။

(ဘေဒင်မင်းသားကြီး မက္ကစ်ရေး 'ကိုယ်တွေ့ မှတ်တမ်း' အတွဲ ၁၊ စာမျက်နှာ ၁၂)

www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်း အမှန်ပင် ဖြစ်ပျက်ခဲ့သည်။

ရှေ့တန်းစစ်မျက်နှာတွင် ဂျာမန်စစ်သားများက အားသွန်၍ သက်စွန့်ကြိုးပမ်း တိုက်ခိုက်နေကြစဉ် နောက်ပိုင်း စစ်မျက်နှာဖြစ်သော ပြည်တွင်း၌ဖရိုဖရဲ အကွဲကွဲ အပြားပြား ဖြစ်ခဲ့ကြသည်။ မညီမညွတ် ဖြစ်ခဲ့ကြသည်။ အထူးသဖြင့် ဆိုရှယ်ဒီမိုကရက်များနှင့် ရီပတ်ဘလစ်ကန် ပါတီများသည် မိမိတို့ အာဏာရရေးတစ်ခုတည်းကိုသာကြည့်ပြီး အဖဂျာမနီနိုင်ငံတော်ကြီးအား သစ္စာဖောက်ကာ နောက်ကျောကို ဓားနှင့်ထိုးကြခြင်း ဖြစ်သည်ဟု ဟစ်တလာ့စိတ်ထဲတွင် စွဲမြဲမှတ်ယူခဲ့သည်။

ဟစ်တလာသာလျှင် မဟုတ်၊ မြောက်မြားစွာသော ဂျာမန်အမျိုးသားတို့ကလည်း ဤအတိုင်းပင် မှတ်ယူကြသည်။

၁၉၁၈-ခုနှစ်၊ နိုဝင်ဘာလထဲတွင် ဂျာမန်တို့ လက်နက်ချရေး မချရေးကိုအကြောင်းပြု၍ ဂျာမနီပြည်တွင် နိုင်ငံရေး ပါတီများ၊ အစိုးရအဖွဲ့ဝင်များနှင့် စစ်ဗိုလ်ချုပ်ကြီးများ အချင်းချင်း အကြီးအကျယ် သဘောကွဲလွဲခဲ့ကြသည်။ သို့ကွဲလွဲရာတွင်လက်နက်ချ အညံ့ခံရေးဘက်မှ တိုက်တွန်းပြောဆို လုပ်ဆောင် သူ များ ကို နောင်အခါ၌ "နိုဝင်ဘာ ရာဇဝတ်ကောင်များ" [November Criminals]ဟူ၍ အမည်ပေးကြသည်။

ထို့ပြင် ရှေ့ပိုင်းတွင် ရန်သူကို သဲသဲမဲမဲ တိုက်ခိုက်နေစဉ် မိမိတို့အချင်းချင်း သစ္စာဖောက်၍ နောက်ပိုင်းမှ အာဏာလုကြသူများ၏ အပြုအမူသည် "နောက်ကျောကို ဓားနှင့်ထိုးခြင်း"ပင်ဖြစ်သည်ဟု ပြောစမှတ် ပြုခဲ့ကြသည်။

ဤစကား ဖြစ်ပေါ်လာပုံမှာ ဤသို့ဖြစ်သည်။

ဂျာမန်တို့ လက်နက်ချပြီး နောက်တစ်နေ့ ညနေခင်းတွင် ဘာလင်မြို့ရှိ ဗြိတိသျှ စစ်မစ်ရှင်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မဲလ်ကွန်သည် စစ်ရှုံး ဂျာမန်ဗိုလ်ချုပ်ကြီး လူဒင် ဒေါ့ဖ်နှင့်အတူ ညစာစားလျက် ရှိကြသည်။ ညစာ စားသောက်ရင်း ဂျာမန်ဗိုလ်ချုပ်ကြီးက မိမိတို့ ဂျာမန်စစ်တပ်များ လက်နက်ချ အညံ့ခံလိုက်ရသည်မှာ နောက်ပိုင်း အရပ်သားအစိုးရ၏ ထောက်ခံမှုမရ၍ ဖြစ်ကြောင်း၊ မိမိတို့စစ်တပ်ကို နောက်ပိုင်းမှတော်လှန်ရေးလှုပ်ရှားမှုများက သစ္စာဖောက်ကြ၍ စစ်ရှုံးရကြောင်း စသည်ဖြင့် ပြောပြနေသည်။

ဗြိတိသျှဗိုလ်ချုပ်ကြီးက ဂျာမန်ဗိုလ်ချုပ်ကြီး ပြောသမျှကို နားထောင်နေရာမှ သူပြောနေသည့် အကြောင်းအရာများကို ပို၍ ရှင်းလင်းစေလိုသည့်သဘောဖြင့် "ဒီမယ်ဗိုလ်ချုပ်ကြီး ခင်ဗျား ပြောပုံဆိုရင် ခင်ဗျားတို့ဟာ နောက်ကျောကို ဓားနဲ့ အထိုးခံရတယ်လို့ ဆိုချင်တာလား"ဟု မေးလိုက်သည်။

ဤတွင် ဂျာမန်ဗိုလ်ချုပ်ကြီးသည် ထိုစကားလုံးကိုသုံးလိုက်ခြင်းကို သဘောအကျကြီးကျ၍ ထိုင်ရာမှပင် ထခုန်ကာ "နောက်ကျောကို ဓားနဲ့ ထိုးတယ်၊ ဟုတ်လား၊ အမှန်ဘဲ၊ အမှန်ဘဲ ကာယ့်ကို ဒီအတိုင်းဖြစ်ခဲ့တာပေါ့၊ ကျုပ်တို့ဟာ နောက်ကျောကို ဓားနဲ့ အထိုးခံလိုက်ရတာပဲ"ဟူ၍ ပြန်လည် ပြောဆိုခဲ့သည်။

ဤအချိန်မှစ၍နောင်သောအခါ ကမ္ဘာအရပ်ရပ် တိုင်းပြည်အသီးသီးမှ နိုင်ငံရေးသမားများ၏ ပါးစပ်ဖျားတွင် "နောက်ကျောက ဓားနဲ့ထိုးသည်"ဟူသော နိုင်ငံရေးဝေါဟာရစကားလုံးအသစ်တစ်ခု တိုးလာခဲ့သည်။

မည်သို့ပင်ဖြစ်စေ ယခုအခါ ဂျာမနီပြည်ကြီးသည် အဆိုပါ 'နောက်ကျောကို ဓားထိုးခံရသည့်' ဒဏ်ရာဖြင့် မချိမဆန့် လဲနေခဲ့သည်ပြီ။

ပထမကမ္ဘာစစ်ကြီးတွင် မမျှော်လင့်ဘဲ မရှုံးသင့်ဘဲ ရှုံးခဲ့ရသဖြင့် ဂျာမနီပြည်ကြီးမှာ စစ်ရှုံးသည့်ဒဏ်ကို မရှုမလှ နှစ်ရှည်တိုး၍ ခံစားနေရသည်။

နိုင်ငံရေး မငြိမ်မသက်မှုများ၊ အလုပ်လက်မဲ့ ပြဿနာများ၊ ကုန်ဈေးနှုန်း မတန်တဆ ကြီးမြင့်မှုများ၊ အကျင့်စာရိတ္တပျက်ပြားမှုများ၊ ရာဇဝတ်ထူပြောခြင်းများ စသည်စသည်တို့သည် ဂျာမနီတစ်ပြည်လုံး နေရာအနှံ့အပြား၌ တွေ့မြင် ပေါ်ပေါက် နေသော အနိဋ္ဌာရုံများ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ တိုင်းပြည်ကြီး တစ်ခုလုံး မငြိမ်မသက်ဖြစ်ကာ ပွက်လောရိုက်နေချိန် လူ့လောကအလယ် တစ်ကောင်ကြွက်မျက်နှာငယ် စစ်သားကလေး ဟစ်တလာအဖို့ မည်သို့မည်ပုံ စခန်းသွားရပါမည်နည်း။ မည်သည့်လမ်းကို လိုက်ရပါမည်နည်း။

"ကျွန်ုပ်၏ ကံကြမ္မာအတွက် မည်သို့မည်ပုံ ဖန်တီးရမည်ကို ကျွန်ုပ် သိခဲ့ပြီ။ ကျွန်ုပ်သည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရန် သန္နိဋ္ဌာန် ချမှတ်ခဲ့ပြီးဖြစ်သတည်း"

(ကျွန်ုပ်၏ ကြိုးပမ်းမှု၊ စာမျက်နှာ ၂၀၅-၂၀၆)

မှန်သည်။ ဟစ်တလာသည် ထိုအချိန်မှစ၍ နိုင်ငံရေးနယ်ထဲသို့ ခြေစုံပစ်ဝင်ရန် အခိုင်အမာ ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

သို့သော် မည်သည့်ထောင့်က မည်သို့ ဝင်ရမည်နည်း။ ဤမေးခွန်း၏ အဖြေကိုမူ ဟစ်တလာ ကိုယ်တိုင် လောလောဆယ် မဖြေနိုင်သေး၊ မရေမရာပင် ရှိနေသေးသည်။

ဟစ်တလာသည် ဂျာမန်တို့ လက်နက်ချသည့် ၁၉၁၈ ခုနှစ် နိုဝင်ဘာလ မကုန်မီ ဆေးရုံမှ ဆင်း၍ မြူနစ်မြို့သို့ ပြန်လာခဲ့သည်။

သူသည် ယခုအချိန်အထိ စစ်တပ်မှ မထွက်ရသေးဘဲ ရှိနေရာ ယူနီဖောင်းကို ဝတ်မြဲဝတ်လျက် ရှိနေခဲ့သည်။ စစ်တပ်မှ အစားအသောက် ရာရှင်နှင့် လစာကို ထုတ်မြဲထုတ်နေခဲ့သည်။

၁၉၁၈ ခုနှစ် ဒီဇင်ဘာလတွင်မူ သူသည် ဩစထရီးယားနယ်စပ်မှ ထရောင်စတိန်မြို့ကလေးရှိ စစ်သုံ့ပန်းစခန်းတွင် စခန်းစောင့်အဖြစ် စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့ပြန်သည်။ ၁၉၁၉ ခုနှစ် ဇန်နဝါရီလကုန်လောက်တွင် သုံ့ပန်းများအားလုံးကို ပြန်လွှတ်ပြီး ထိုစခန်းကိုလည်း ပိတ်လိုက်သည်ဖြစ်ရာ ဟစ်တလာသည် မူလနေရင်း မြူနစ်မြို့သို့ ပြန်လာခဲ့ရသည်။

ဤတွင်မူ သူရှာနေသော အဖြေကို တွေ့ရသည်။ ဤတွင်မူ သူ့အတွက် နိုင်ငံရေးလမ်းစ ပေါ်ပြီကို တွေ့ရသည်။



ထိုအချိန်က မြူနစ်မြို့မှာ ဂျာမနီပြည်တွင် အခြားမြို့များထက် ပို၍ နိုင်ငံရေး လှုပ်ရှားမှုများ အပြောင်းအလဲများဖြစ်ပေါ်နေသော မြို့ဖြစ်သည်။ လက်ဝဲအလွန်အကျူ သမားတွေ ပေါ်များသလို လက်ယာ အလွန်အကျူ သမားများကိုလည်း နေရာတကာတွင် တွေ့နေရသည်။ နေ့စဉ်နှင့်အမျှ ဆူပူ လှုပ်ရှားမှုများ၊ ဆန္ဒပြပွဲများ၊ စီတန်း လမ်းလျှောက်မှုများဖြင့် တစ်မြို့လုံး ပွက်လောရိုက်နေခဲ့သည်။

၁၉၁၈ ခုနှစ် နိုဝင်ဘာလအတွင်းက ထကြွခဲ့သော လှုပ်ရှားမှုများကို ခေါင်းဆောင်ခဲ့သည့် ကတ်အိတ်စနာ ဆိုသူမှာ ယခု ၁၉၁၉ ခုနှစ် ဖေဖော်ဝါရီလထဲတွင် လုပ်ကြံ သတ်ဖြတ်ခြင်း ခံရသည်။ သူသည် ဘာဗေးရီးယားပြည်နယ်ကို 'ပြည်သူ့အစိုးရ' ဖွဲ့စည်း၍ အုပ်ချုပ်ရမည်ဟု ကြွေးကြော်ကာ နိုဝင်ဘာလ ၇ ရက်နေ့က ပါလီမန်ကို သိမ်းပိုက်၍ သမတနိုင်ငံအစိုးရအဖြစ် ကြေညာခဲ့သူဖြစ်သည်။ ယခု သူ့ကို လက်ယာသမား မြို့စားကလေး အန်တွန်ဆိုသူက လုပ်ကြံ သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

ကတ်အိတ်စနာ လုပ်ကြံခံရပြီးနောက် ဟော့ဖ်မင်း ဆိုသူက ဆက်လက်၍ ဆိုရှယ် ဒီမိုကရက်တစ် အစိုးရအဖွဲ့ကို ဦးဆောင်ခဲ့ပြန်သည်။ သို့သော် ထိုအစိုးရအဖွဲ့မှာလည်း ၂ လမျှသာခံ၍ ဧပြီလ ၆ ရက်နေ့တွင် ပြုတ်ကျသွားပြန်သည်။ တစ်ဖန် ကွန်မြူနစ်များ၏ ဦးဆောင်မှုဖြင့် အလုပ်သမားများက ဆိုဗီယက်သမ္မတနိုင်ငံ အဖြစ် ကြေညာ၍ အစိုးရဖွဲ့ပြန်ရာ ထိုအစိုးရအဖွဲ့ကို စစ်တပ်နှင့် စစ်သားဟောင်းများ ပါဝင်သည့် 'လွတ်လပ်သော တပ်ဖွဲ့'များက ပုန်ကန်ထကြွခဲ့ပြန်သည်။ ဤတွင် ဆိုဗီယက်သမ္မတ အစိုးရလက်ထက်က ဓားစာခံအချို့အား ဖမ်းဆီးသတ်ဖြတ်ခဲ့သည်ကို လက်စားချေသည့်အနေဖြင့် 'လွတ်လပ်သော တပ်ဖွဲ့များ'က ကွန်မြူနစ်ရော ကွန်မြူနစ်ဟု ထင်ရသူများပါ အစုလိုက် အပြုံလိုက် ဖမ်းဆီး သတ်ဖြတ်ပြန်ရာ မြူနစ်မြို့ကြီးမှာ အပြန်အလှန် လူသတ်ပွဲဆင်နွှဲနေသလို ဖြစ်ခဲ့သည်။

ထို့နောက် ဟော့ဖ်မင်း ခေါင်းဆောင်သော ဆိုရှယ်ဒီမိုကရက်တစ် အစိုးရပြန်တက်လာပြန်သည်။ သို့သော် ယခုတစ်ကြိမ်

www.burmeseclassic.com



တွင်မူ ဆိုရှယ်ဒီမိုကရက်များမှာ အမည်အားဖြင့်သာ အစိုးရဖွဲ့ပြီး ထကယ့်အာဏာမှာ လက်ယာသမားများ လက်ထဲတွင် ရှိနေခဲ့သည်။

ဤသို့ ဗရုတ်သုကုစ္စ ဖြစ်နေသော ၁၉၁၉ ခုနှစ် ဧပြီလနှင့် မေလများအတွင်း ဟစ်တလာသည် စစ်သားတစ်ယောက် ဖြစ်နေ၍ တစ်ကြောင်း၊ နိုင်ငံရေးသမားမှန်လျှင် လက်ယာသမားတော လက်ဝဲသမားကိုပါ မုန်းတီးနေသည်က တစ်ကြောင်း၊ စစ်တပ်၏ လှုပ်ရှားမှုများကို ထောက်ခံအားပေးခဲ့သည်။ ဤရက်များအတွင်း ဧပြီလကုန်လောက်တွင် ဟစ်တလာအား လူ ၃ ယောက်က လာရောက် ဖမ်းဆီးရာ သူသည် 'အဖမ်းမခံဘဲ ထိုလူ ၃ ယောက်အား ရိုင်ဖယ်သေနတ်ဖြင့် ပြန်လည်ခုခံ ပစ်ခတ်သေးသည်။

ကွန်မြူနစ်များ ဦးဆောင်သော ဆိုဗီယက် အစိုးရအဖွဲ့ ပြုတ်ကျပြီးနောက် သူသည် ခြေလျင်တပ်ရင်း ၂ က ဖွဲ့စည်းထားသော စုံစမ်းရေးကော်မရှင်ထံ သွားရောက်၍ အစစ်ဆေးခံသည်။ ထိုသို့စစ်ဆေးပြီးနောက် မကြာမီ ဟစ်တလာသည် မြူနစ်မြို့ဆိုင်ရာ ခရိုင်စစ်ဌာနချုပ် လက်အောက်ရှိ နိုင်ငံရေးဌာနတွင် တာဝန်ပေးအပ်ခြင်း ခံရသည်။ သူသည် ထိုဌာနတွင် ပုံနှိပ် လုပ်ငန်းနှင့် သတင်း ဖြန့်ချိရေးဘက်တွင် တာဝန်ကျသည်။

ထိုမှတစ်ဆင့် သူသည် နိုင်ငံရေး နည်းပြ သင်တန်းကို တက်ခဲ့ရပြီးနောက် နိုင်ငံရေး နည်းပြ အရာရှိတစ်ယောက် ဖြစ်လာခဲ့သည်။ နိုင်ငံရေး နည်းပြ အရာရှိအဖြစ် ဆိုရှယ်လစ်များ၊ ငြိမ်းချမ်းရေး သမားများနှင့် ဒီမိုကရေစီဝါဒ သမားများ၏ အယူအဆကို လက်ခံ နေသူများအား နိုင်ငံရေးသင်တန်း ပေး၍ 'အစွဲချွတ်'ရသည်။

ယခင်က ဗီယင်နာမြို့တွင် မိုးလင်းဆိုင်များ၌ လည်းကောင်း၊ မြူနစ်မြို့တွင် ဘီယာဆိုင်များ၌လည်းကောင်း၊ နိုင်ငံရေး စကားများကို အာဘောင်အာရင်း သန်သန် ဒေါနှင့်မောနှင့် ပြောလာခဲ့သော ဟစ်တလာသည် ယခုအခါ 'နေရာမှန်'သို့ ရောက်လာပြီဟု ဆိုရမည် ဖြစ်သည်။ နိုင်ငံရေးသမား မဖြစ်မီကပင် အာဘောင်အာရင်းသန် သန် နိုင်ငံရေးသမား အရည်အချင်းဖြင့် ပြည့်စုံလာခဲ့သော ဟစ်



တလာသည် ယခုမှပင် မိမိ၏ အရည်အသွေးကို ကျယ်ပြန့်တင်းပြည့် ဖော်ထုတ်ပြသခွင့် ရလာသည်။

သို့နှင့်ပင် ဟစ်တလာ၏ တာဝန် ကျေပွန်မှုကို အသိအမှတ် ပြုသောအားဖြင့် စက်တင်ဘာလထဲတွင် နိုင်ငံရေးဌာနချုပ်မှ သူ့ အား မြူနစ်မြို့တွင် ရှိနေသော ဂျာမန် အလုပ်သမားပါတီနှင့် ပတ် သက်၍ ယင်းပါတီသည် စစ်တပ်အတွက် မည်သို့မည်ပုံ အကျိုး ဖြစ်ထွန်းနိုင်မည်ကို လေ့လာစုံစမ်းရန် တာဝန်ပေးအပ်လိုက်သည်။

ဂျာမန် အလုပ်သမားပါတီမှာ မူလ 'လွတ်လပ်သော အလုပ် သမားများ ကော်မတီ'မှ ပေါက်ဖွားခဲ့ခြင်း ဖြစ်သည်။ ဤကော် မတီကို စတင်ဖွဲ့စည်းခဲ့သူမှာ အင်တွန်ဒရက်စလာဆိုသူပြင်၍ မြူနစ် မြို့တွင် သော့ခလောက် ပြင်သော အလုပ်သမားတစ်ယောက် ဖြစ် သည်။

ဒရက်စ်လာသည် လွတ်လပ်သော အလုပ်သမား ကော်မတီ ကို ၁၉၁၈-ခုနှစ် မတ်လ ၇-ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့၍ ထိုစဉ်က အဖွဲ့ဝင်ပေါင်း ၄၀-ရှိသည်။ သူ၏ နိုင်ငံရေး အယူအဆမှာ လူ လတ်တန်းစားများကို အခြေခံသော အဖနိုင်ငံ တပ်ဦး၏ လမ်းစဉ်ကို ယယ်၍ အလုပ်သမား လူတန်းစားနှင့် အမျိုးသားရေး ဝါဒ သမားများကို အခြေခံသော နိုင်ငံရေးဝါဒ ဖြစ်သည်။

ဤအခြေခံဖြင့် နိုင်ငံရေး ပါတီတစ်ရပ်ရှိဖို့ လိုသည်ဟု ယူဆ သော ဒရက်စလာသည် သတင်းစာဆရာတစ်ဦး ဖြစ်သူ ကားလ်မား ရားနှင့် ပူးပေါင်း၍ မူလ လွတ်လပ်သော အလုပ်သမား ကော်မ တီကို တိုးချဲ့ကာ ၁၉၁၉-ခုနှစ် ဇန်နဝါရီလတွင် 'ဂျာမန်အလုပ် သမား ပါတီကို' စတင် တည်ထောင်ခဲ့သည်။ ပါတီဝင် ဦးရေမှာ လွတ်လပ်သော အလုပ်သမား ကော်မတီ'အဖြစ် ရှိစဉ်ကထက် ပိုမို များပြား၍ အမှုဆောင်အဖွဲ့ဝင် ၆-ဦး ရှိသည်။

စစ်ဌာနချုပ် နိုင်ငံရေးဌာနမှ တာဝန်ပေးချက်အရ ဟစ်တ လာနှင့် အဆိုပါ ဂျာမန် အလုပ်သမား ပါတီဝင်တို့ စတင်တွေ့ခဲ့ရ ပုံများမှာ အတော်ပင် စိတ်ဝင်စားစရာ ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှာ ၁၉၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ ဖြစ်သည်။

အချိန်မှာ ညနေစောင်း၍ မှောင်စပျိုးသော အချိန်ပင် ဖြစ်သည်။

မြူနစ်မြို့၏ တစ်ခုသောဘီယာဆိုင် မြေအောက်ခန်း ကလေး ထဲတွင် မီးရောင် ခပ်မှိန်မှိန်ဖြင့် လူတစ်စုကို ခပ်ဝါးဝါး တွေ့ရသည်။ သူတို့သည် အခန်းထဲရှိ ကုလားထိုင်များ၊ ခုံတန်းလျားများပေါ်တွင် ဟိုနားတချို့ သည်နားတချို့ ဖြစ်သလို ထိုင်နေကြ၍ စုစုပေါင်း လူ ၂၀ ကျော် ၂၅ ယောက်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

ဤလူစုထဲတွင် ထူးထူးခြားခြား မသစ်မဟောင်း စစ်ယူနီဖောင်းဝတ်ဆင်ထားသူ တစ်ယောက်ကိုလည်း တွေ့ရသည်။ ထိုသူမှာ ဟစ်တလာပင် ဖြစ်သည်။

သူသည် မြေအောက် ဘီယာခန်းကလေးထဲသို့ ဌာနချုပ်မှ တာဝန်ပေးချက်အရ ဂျာမန်အလုပ်သမားပါတီဝင်များနှင့် ပထမဆုံး အကြိမ် လာရောက် တွေ့ဆုံခြင်း ဖြစ်သည်။

ထို အစည်းအဝေးတွင် ပထမဆုံး စ၍ စကားပြောသူမှာ ဂေါ့ဖရိုက် ဖက်ဒါ ဆိုသူ ဖြစ်သည်။ သူသည် မြူနစ်မြို့တွင် ထင်ရှားသော တစ်ယူသန် ဘောဂဗေဒ သမားတစ်ယောက်ဖြစ်၍ ဂ ါက ထပ်တွင်း နိုင်ငံရေးသင်တန်း တစ်ခုတွင် ဟစ်တလာ သဘောအကျကြီး ကျခဲ့ဖူးသူ ဖြစ်သည်။

နောက်တစ်ယောက် စကားပြောသူမှာ ဘာဗေးရီးယန်း ခွဲရေးသမား တစ်ယောက် ဖြစ်သည်။ သူက ဘာဗေးရီးယားသည် ဂျာမန် အင်ပါယာ အတွင်းမှ ခွဲထွက်၍ ဩစတြီးယားနှင့် ပူးပေါင်းရန် တင်ပြသွားသည်။

ဤတွင် တစ်ထောင့်တစ်နေရာတွင် ငြိမ်၍နားထောင်နေသော ဟစ်တလာသည် ထိုင်ရာမှ စုန်းကနဲ ထကာ ခွဲရေး သဘောတရားများကို အပြင်းအထန် ပုတ်ခတ်တော့သည်။ သူသည် ဂျာမန် အလုပ်သမားပါတီဝင် တစ်ယောက် မဟုတ်သေးသည်ကိုပင် သတိမထား



နိုင်တော့ဘဲ ဂျာမန် တစ်မျိုးသားလုံး၏ အရေးနှင့် ဂျာမန် နိုင်ငံတော်ကြီး၏ အရေးကို မိမိအတွေးပေါက်သလောက် တောက်လျှောက်ကြီး မရပ်မနား ပြောချလိုက်သည်။

သို့ဖြင့် သူ့ ပြောဟန်ဆိုဟန် အသက်ပါသလောက် သူ့ တင်ပြချက်များမှာ လေးနက်လှသည်ဖြစ်ရာ အဆိုပါ အစည်းအဝေး အပြီးတွင် ပါတီခေါင်းဆောင် ဒရက်စ်လာသည် ဟစ်တလာထံသို့ သလာ၍ သူကိုယ်တိုင် ရေးသားသော 'ကျွန်ုပ်၏ နိုင်ငံရေး နိုးကြားမှု' ဟမည်ရှိ စာအုပ်တစ်အုပ် ပေးသွားခဲ့သည်။

ထို့နောက် ရက်များ မကြာမီ ဟစ်တလာ့ထံ စာတိုက်မှ တစ်ဆင့် ဂျာမန် အလုပ်သမားပါတီ အမှုဆောင် ကော်မတီ အစည်းအဝေး တက်ရန် ဖိတ်စာတစ်စောင် ရောက်လာသည်။

ပထမတွင် ဟစ်တလာသည် ထိုအစည်းအဝေးသို့ တက်သင့် မတက်သင့်ကို မဝေခွဲနိုင်ဘဲ ဖြစ်နေသေးသည်။ နောက်မှ မိမိကိုယ် [illegible] နိုင်ငံရေးနယ်ထဲသို့ လုံးလုံးကြီး ရောက်ရှိနေသည့် အဖြစ်ကို သတိရကာ အဆိုပါ အစည်းအဝေးသို့ တက်ရန် ဆုံးဖြတ်လိုက်သည်။

ယခုတစ်ကြိမ် အစည်းအဝေးမှာ ပါတီဝင်အားလုံး တက်ရသည် မဟုတ်ဘဲ အမှုဆောင်များသာ တက်ခွင့်ရသည် ဖြစ်ရာ အစည်းအဝေးက ဟန်းလမ်းမှ မထင်ရှားသော အော်လ်တီရိုဇင်သက် ဘီယာဆိုင်ကလေးတွင် ပြုလုပ်သည်။

ဟစ်တလာသည် ထတ်မှတ်ထားသောအချိန်တွင် ထိုဘီယာဆိုင်ကလေးသို့ ရောက်သွားသည်။ ဆိုင်ခန်းကလေးထဲတွင် ထွန်းညှိထားသော မီးရောင်မှာ မှိန်လွန်းသဖြင့် ဟစ်တလာသည် ရုတ်တရက် သတိမှ သဲသဲကွဲကွဲ မမြင်ရဘဲ ရှိနေသည်။

သူသည် အခန်းထဲတွင် ဟိုဟိုသည်သည် လှမ်း၍ ကြည့်သော်လည်း လူတစ်ယောက်မှ မမြင်ရသဖြင့် ရုတ်တရက် ကြောင်တောင်တောင် ဖြစ်သွားသည်။ နောက်မှ စားခန်းဘက်ဆီက လူသံသို့ ကြားရသဖြင့် အသင့် တွေ့ရသော တံခါးကိုဖွင့်ကာ ဝင်သွားရသည်။ ဤအခန်းမှာ ပို၍မှောင်နေသည်။ အခန်းအလယ် တည့်တည့်ရှိ

www.burmeseclassic.com

www.burmeseclassic.com


မီးအိမ်ခပ်မှိန်မှိန်မှ ဖြာထွက်နေသည့် ဖျော့တော့တော့ မီးရောင်အောက်တွင် စားပွဲဝိုင်းတစ်ခုကို ပတ်ပတ်လည် ဝိုင်းထိုင်နေကြသော လူ ၄ ယောက်ကို မထင်မရှား ခပ်ဝါးဝါး တွေ့မြင်ရသည်။

ဟစ်တလာသည် မီးရောင်၏ အားနည်းမှုကြောင့် ထိုလူအားလုံး မသဲမကွဲ ဖြစ်နေသော်လည်း ယခင်တစ်ပတ် အစည်းအဝေးတုန်းက သူ့အား စာအုပ်တစ်အုပ် ပေးလိုက်သော ခေါင်းဆောင် ဒရက်စ်လာကိုမူ ကောင်းကောင်းကြီး မှတ်မိနေသည်။

သူသည် လွတ်နေသော ကုလားထိုင်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ချက်ချင်းဆိုသလိုပင် အစည်းအဝေး စတော့သည်။

အစည်းအဝေးမှာ ထုံးစံအတိုင်း အစီအစဉ်ဖြင့် ကျင်းပသွားသည်။

ပထမတွင် လက်ရှိ ဘဏ္ဍာရေး ရှင်းတမ်းကို တင်ပြသည်။ ယနေ့အထိ ဘဏ္ဍာရေး လက်ကျန်ငွေမှာ ဂျာမန်ငွေ ၇ ကျပ်နှင့် ၅၀ ပြားရှိသည်။ ထို့နောက် ယခင်တစ်ပတ်က အစည်းအဝေး မှတ်တမ်းကို ဖတ်ကြား၍ အတည်ပြုသည်။ ပြီးလျှင် ပါတီကော်မတီသို့ ပေးပို့ထားသော စာ ၃ စောင်ကို ဖတ်ကြားသည်။ ထိုစာများကို အပြန်အလှန် ဆွေးနွေးကြပြီး ပြန်စာများ အကြမ်းရေးကြသည်။ နောက်ဆုံးတွင် ထိုပြန်စာ ၃ စောင်ကို ဖတ်ကြား အတည်ပြုပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဟစ်တလာသည် ဂျာမန် အလုပ်သမားပါတီ အမှုဆောင်အဖွဲ့၏ အစည်းအဝေးကျင်းပပုံကို အတော်ကြီး သဘောကျသွားသည်။ မထင်မရှားသည့် ပါတီကလေးတစ်ခု၏ အရေးအတွက်အား မပြောပလောက်သည့် အမှုဆောင်များသည် အစည်းအဝေးကို စနစ်တကျ စည်းကမ်းရှိရှိ ပြုလုပ်ကြသည်ကို တွေ့ရ၍ အထူးပင် ကျေနပ် အားရမိသည်။

အထူးသဖြင့် ဤပါတီကလေးမှာ မထင်ရှားသဖြင့် ပို၍ စိတ်ဝင်စားမိသည်။ သူလို အညတရ နိုင်ငံရေးသမား ပေါက်စ တစ်ယောက်အဖို့ ဤလို မထင်ရှားသည့် နိုင်ငံရေး ပါတီကလေးနှင့်မှ

...ကျမည်။ ဤပါတီကလေးမျိုးတွင်မှ သူ၏ ခေါင်းဆောင်မှုကို ...ဆောက်နိုင်မည်။ နာမည်ကြီး၍ အရှိန်အဝါ ရှိနေသော နိုင်ငံ...ရေး ပါတီကြီးများတွင်မူ သူလို နိုင်ငံရေးပါး မဝသေးသူများအား ...သူကမျှ ဆေးဖော်ကြောဖက် လုပ်ကြမည်မဟုတ်။ ခေါင်းဆောင် ...ရန်မှာ ပို၍ ဝေးသေးသည်။ သူ့ထက် ပို၍ ဝါရင့်နေသော ...ဟောင်း နိုင်ငံရေးသမား ကြီးများ ရှိနေကြသည်။ သို့ဖြစ်ရာ ...ပါတီကြီးများတွင် သူ့အတွက် နေရာမရှိ။ ဤပါတီကလေးမျိုး ...သာ သူ့အတွက် နေရာကောင်း ရနိုင်သည်။ ခေါင်းဆောင် ...နိုင်သည်။

ဤသို့ သဘာဝကျကျ စဉ်းစားမိသော ဟစ်တလာသည် ...ရက်မျှ အပြန်ပြန် အလှန်လှန် အနှလုံးပဋိလုံ တွက်ချက်ပြီးနောက် ...ာမန် အလုပ်သမားပါတီသို့ ခြေစုံပစ်ရုံမျှမက တစ်ကိုယ်လုံးပစ်၍ ...လိုက်တော့သည်။

ဤသို့အားဖြင့် ဟစ်တလာသည် မထင်မရှား မွေးဖွားလာ...သော ဂျာမန် အလုပ်သမား ပါတီကလေး၏ ၇-ယောက်မြောက် ...လုပ်အမှုဆောင်တစ်ဦး ဖြစ်လာခဲ့သည်။ ထိုပါတီကလေးသည်ပင် ...နောင်အခါ၌ ကမ္ဘာတစ်ခုလုံး သိမ့်သိမ့်တုန်အောင် ကိုင်လှုပ်မည့် ...ာဇီပါတီကြီးအဖြစ် ရှင်သန်ပေါက်ဖွား ကြီးထွားလာခဲ့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## မုသာဝါဒအဘိဓမ္မာ

'လိမ်စရာရှိလျှင် ကြီးကြီးကျယ်ကျယ် လိမ်ပါ'

အထက်ပါစကားမှာ ဟစ်တလာ၏ လက်သုံးစကား ဖြစ်သည်။ သူသည် သူ့စကားအတိုင်း ဂျာမန်လူထုကို စည်းရုံးခဲ့သည်။ သိမ်းသွင်းခဲ့သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အကြီးအကျယ် လိမ်ခဲ့သည်။

ဟစ်တလာ၏ အလိုအရ လိမ်စရာရှိလျှင်၊ ညာစရာရှိလျှင်၊ မိမိလိမ်လိုသည့်အချက်၊ ညာလိုသည့် အချက်ကို ပို၍ ယုတ္တိယုတ္တာ ရှိအောင် ကြီးကြီးကျယ်ကျယ် ရောမ အကြောင်းအချက်များရှာ၍ လိမ်ရညာရမည် ဟူ၍ပင် ဖြစ်သည်။

သူက ဤသို့ဆိုခဲ့သည်။

'ဤအချက်မှာ သူ့အဓိပ္ပာယ်နှင့်သူ လုံးဝ မှန်နေပေသည်။ အဘယ့်ကြောင့်ဆိုသော် ကြီးမားသော မုသား ပြောဆိုမှုများတွင် ယုံကြည်လောက်သော အင်အားများ ပါရှိစမြဲ ဖြစ်၏။ တစ်နည်းဆိုသော် လူမျိုးတစ်မျိုး၏ ကျယ်ပြန့်သော လူထုကြီးများသည် သူတို့၏စိတ်လှုပ်ရှားမှုသဘာဝ အရ သိသိသာသာပင် ဖြစ်စေ၊ မသိမသာပင် ဖြစ်စေ၊ ပို၍ ကြီးကျယ် လေးနက်သော အကြောင်းအရာများ အပေါ်



တွင် အမြဲတစေ လွယ်လွယ်ကူကူနှင့် ယုံစားတတ်ကြ၏။ ဤသို့ဖြစ်ရ သူတို့၏အတွင်း စိတ်ဓာတ်မှ မူလ ဗီဇရိုးသားမှု တို့ကြောင့် သူတို့သည် အသေးအဖွဲ လိမ်ညာမှုများထက် အကြီးအကျယ် လိမ်မှုများကို ပို၍ လက်ခံယုံကြည်ရန် အသင့် ရှိနေကြသည်'

(ကျွန်ုပ်၏ ကြိုးပမ်းမှု စာမျက်နှာ ၁၉၈)

အထက်ပါ 'မုသာဝါဒ အဘိဓမ္မာ'၏ အနက်အဓိပ္ပာယ်ကို ဆိုခဲ့သော ဟစ်တလာသည် သူ၏ သဘောတရားကို လက်တွေ့ အဖြစ် လုပ်ဆောင်ပြသရန် အခွင့်အလမ်း ပေါ်လာခဲ့သည်။

ထိုအခွင့်အလမ်းကား အခြားမဟုတ်။ ဂျာမန် အလုပ်သမား ပါတီ အမှုဆောင် ကော်မတီက ၁၉၂၀-ခုနှစ်ဦးပိုင်းတွင် သူ့အား ပါတီ၏ ဝါဒဖြန့်ချိရေး တာဝန်ခံအဖြစ် ခန့်အပ် လိုက်ခြင်းပင် ဖြစ်သည်။

ဤတာဝန်ကို ဟစ်တလာ ရရှိခဲ့ခြင်းအားဖြင့် ပါတီအတွက် ရော သူ့အတွက်ပါ အရှိန်အဟုန်တက်ဖို့ ဖြစ်လာခဲ့သည်။ အဘယ် ကြောင့်ဆိုသော် ယခင်ပါတီက ကြီးမှူးကျင်းပခဲ့သော လူထုတရားပွဲ များမှာ လူတစ်ရာနှစ်ရာမျှသာ တက်ရောက်ခဲ့၏။ 'ကြက်ပွဲသာသာ' မျှသာ ဖြစ်ခဲ့သည်။ ယခု ဟစ်တလာ ဝါဒဖြန့်ချိရေး တာဝန်ကို ယူပြီး ပထမဆုံးကျင်းပသော လူထုတရားပွဲမှာ ပရိသတ်နှစ်ထောင် နီးပါးမျှ တက်ရောက်လာသည်ကို တွေ့ရသည်။

၁၉၂၀ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ထိုတရားပွဲ ကျင်းပခဲ့ခြင်းဖြစ်ရာ ဟစ်တလာသည် ထိုရက်မတိုင်မီကပင် ကြော်ငြာ ချက်များကို ပလူပျံအောင် ဝေငှခဲ့သည်။ လမ်းထောင့်များ၊ ထိုက်နံရံများတွင် တရားပွဲကြော်ငြာ ပိုစတာကြီးများ ချိတ်ဆွဲခဲ့သည်။ နောက်ဆုံး သတင်းစာထဲမှနေ၍ပင် ကြော်ငြာ တိမှန်[illegible] သေးသည်။

ဤသို့အားဖြင့် ဟစ်တလာသည် ဝါဒဖြန့်ချိရေး [illegible] ဝိတ် များကြောင့် သတ်မှတ်ထားသောနေ့သို့ ရောက်သောအခါ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပွဲမှာ ပရိသတ်နှစ်ထောင်နီးပါးမျှ တက်ရောက်ကြ၍ တကယ့်လူထုတရားပွဲကြီး ဖြစ်လာသည်။

ထိုတရားပွဲတွင် အဓိက ဟောပြောသူမှာ ဒေါက်တာ ဒင်၊ ခဲလ်ဒါဆိုသူ ပါတီခေါင်းဆောင် တစ်ယောက်ပင် ဖြစ်သည်၊

သို့သော် ထိုနေ့က တရားပွဲတွင် ပရိသတ် 'မျက်စိကျ' ၍ ပြောစမှတ်ပြုခြင်း ခံရသူမှာ အခြားမဟုတ်၊ ဟစ်တလာပင်ဖြစ်သည်။ သူသည် အဆိုပါတရားပွဲတွင် အဓိက ဟောပြောသူမဟုတ်သော်လည်း ဝါဒဖြန့်ချိရေး တာဝန်ခံတစ်ယောက်အနေဖြင့် တရားပွဲကို စနစ်တကျဖြစ်အောင် ထိန်းသိမ်း လုပ်ဆောင်ရသည် ဖြစ်ရာ အခမ်းအနား ပြင်ဆင်ထားသည်ကအစ တရားပွဲအစီအစဉ် ပြုလုပ်ထားပုံများကိုပါ ပရိသတ်က သဘောကျသွားကြသည်။ ထို့ထက်ပို၍ ဟစ်တလာကို 'မျက်စိကျ' စရာ ဖြစ်ခဲ့ရသည်မှာ ထိုတရားပွဲတွင် 'ပါတီကို ဂျာမန်အလုပ်သမားပါတီ' ဟူသော အမည်မှ 'အမျိုးသားဆိုရှယ်လစ် ဂျာမန်အလုပ်သမားပါတီ' ဟူ၍ အမည်ပြောင်းကာ အချက်ပေါင်း ၂၅ ချက်ပါဝင်သော ပါတီ၏လုပ်ငန်းစဉ် ကြေညာစာတမ်းကြီးကို ဟစ်တလာကိုယ်တိုင် ဖတ်ကြားတင်ပြခဲ့သည်။ ဤတွင် သူ၏ ဟန်အမူအရာ လေယူလေသိမ်းနှင့် ပြောပုံဆိုပုံကို ပရိသတ်က အထူးသဘောကျ၍ ဩဘာသံ မစဲအောင် ဖြစ်ခဲ့သည်။

ဤသို့အားဖြင့် နောင်အခါ၌ နာဇီပါတီဟူ၍ ထင်ရှားကျော်ကြားလာမည့် 'အမျိုးသားဆိုရှယ်လစ် ဂျာမန်အလုပ်သမားပါတီ' ဟူသော အမည်ကို တစ်နေ့သောအခါ၌ ထိုပါတီ၏ အထွတ်အထိပ်သို့ ရောက်ရှိလာမည့် ဟစ်တလာကိုယ်တိုင် ထိုနေ့ ထိုရက်က တင်ပွန်းတပ်ခဲ့ခြင်း ဖြစ်သည်။

'နာဇီ' ဟူသော အမည်မှာ အဆိုပါ 'အမျိုးသားဆိုရှယ်ပြေအလုပ်သမားပါတီ' ဟူသော အမည်ကို ဂျာမန်အသံပါအတိုကောက် ခေါ်ဝေါ်ခြင်းပင်ဖြစ်ရာ နောင်အခါ၌ ပြည့်လုံးသာမက ကမ္ဘာတစ်ခုလုံးကပါ 'နာဇီပါတီ' ဟု ခေါ်ဝေါ် သုံးစွဲခဲ့ကြသည်။



အထက်ပါ တရားပွဲမှအစပြု၍ ဟစ်တလာ၏ အရည်အချင်းမှာ ပါတီတွင်း၌ ထင်လင်းစွာ ပေါ်ထွက်လာခဲ့သည်။ သူကိုယ်တိုင်ကလည်း သူ့အရှိန်အဝါကို ပါတီတွင်း၌ တစတစ ပို၍ ကြီးမားလာအောင် လုပ်ဆောင်ခဲ့သည်။

ထိုသို့ ပါတီတွင်း၌ ဟစ်တလာ တစ်နေ့တခြား တွင်ကျယ်လာသည်ကို မလိုလား မရှုဆိတ်နိုင်သောကြောင့် ပါတီဥက္ကဋ္ဌဖြစ်သူ ဟားရားသည် နောက်ဆုံး ဥက္ကဋ္ဌအဖြစ်မှပင် နုတ်ထွက်သွားခဲ့သည်။

သူ့ဘာဝ ခရီးအတွက် လမ်းစ ပေါ်ခဲ့ရုံမျှမက ထိုလမ်းကြောင်းပေါ်သို့ ကောင်းကောင်းကြီး လျှောက်လာနိုင်စပြုပြီ ဖြစ်သော ဟစ်တလာသည် နိုင်ငံရေးနယ်ထဲတွင် ပို၍ တွင်တွင်ကျယ်ကျယ် ခြေလှမ်းကျဲကျဲ လှမ်းနိုင်ရန်အတွက် ၁၉၂၀ ခုနှစ် ဧပြီလ တစ်ရက်နေ့တွင် စစ်တပ်မှ လုံးဝထွက်လိုက်ပြီး ပါတီလုပ်ငန်းများကို အချိန်ပြည့် စတင် လုပ်ကိုင်လာခဲ့သည်။

နာဇီပါတီ၌ မိမိဩဇာအာဏာ အရှိန်အဝါ ပိုမိုကြီးထွားအောင် လုပ်ဆောင်ရာ၌ ဟစ်တလာသည် ဗိုလ်ကြီးရှမ်း ဆိုသူ၏ အကူအညီများစွာ ရခဲ့သည်။

ဗိုလ်ကြီးရှမ်းသည် မြူနစ်မြို့ ခရိုင်စစ်ဌာနချုပ်မှ စစ်ဗိုလ်တစ်ယောက်ဖြစ်၍ သူသည် ဟစ်တလာထက်စောပြီး နာဇီပါတီသို့ ဝင်ခဲ့သူတစ်ဦးဖြစ်သည်။ သူသည် 'လွတ်လပ်သော တပ်ဖွဲ့'များ 'နယ်တိုင်းတပ်ဖွဲ့' များကို အထူး အားထားသူတစ်ဦး ဖြစ်သည်။ နိုင်ငံရေးလုပ်ကြံမှုများကိုလည်း လိုလားသူဖြစ်သည်။ သူ့အယူအဆမှာ ဂျာမန်လူထုကြီး တစ်ရပ်လုံးက အဖနိုင်ငံနှင့် တပ်မတော်ကို အထယ်လိုက်လိုက်လဲလဲ ချစ်ခင်မြတ်နိုးခြင်း၊ အားကိုးခြင်း မရှိဘဲနှင့် ခိုင်မာတောင့်တင်းသော ဂျာမန် အမျိုးသားနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ဟူ၍ ဖြစ်သည်။ အမျိုးသားရေး စိတ်ဓာတ်နှင့် စစ်ရေးစိတ်ဓာတ်တို့ ပေါင်းစပ်၍ လုပ်ကိုင်နေသော ပါတီမှန်သမျှ ကို ထောက်ခံအားပေးသူတစ်ယောက် ဖြစ်သည်။

သူသည် ဤနေရာတွင် ယုံကြည်ချက်ပြင်းပြသရောက် စိတ်ဓာတ်တက်ကြွစွာဖြင့် ရှပ်ရှပ်ချချ လုပ်တတ် ကိုင်တတ်ကြသော

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မြို့နစ်များကို အားကျမိသည်။ ဤအရည်အချင်းရှိသူမျိုး မိမိတို့၏ အလုပ်သမား လူတန်းစားအဖွဲ့ အစည်းများတွင် ရှိရန်လိုအပ်သည်ဟု သူမှတ်ယူထားသည်။

ဤသို့အားဖြင့် ဗိုလ်ကြီးရှမ်းသည် ဟစ်တလာ တစ်နေ့တခြား တွင်ကျယ်လာနေသော နာဇီပါတီအတွင်းသို့ သူ၏ 'လွတ်လပ်သော တပ်ဖွဲ့' ဝင်ဟောင်းများနှင့် စစ်သားဟောင်းများကို အစုလိုက် အပြုံလိုက် ဝင်ကြရန် လှုံ့ဆော် တိုက်တွန်းခဲ့သည်။ 'ထိုလွတ်လပ်သော တပ်ဖွဲ့' ဝင်ဟောင်းများနှင့် စစ်သားဟောင်းများသည်ပင် လျှင် နောင်အခါ၌ နာဇီပါတီ၏ ကျောရိုးများဖြစ်သော 'မုန်တိုင်းတပ်ဖွဲ့ဝင်များနှင့် ဂက်စတာပို စုံထောက်များ' ဖြစ်လာကြသည်။

ဟစ်တလာ၏ အရှိန်အဝါ ဩဇာအာဏာ ကြီးမားလာရာ၌ ထိုသို့သော အပြင်အပမှ ကူညီမှုများ ရှိခဲ့သည် မှန်သော်လည်း တကယ့်တကယ်အားဖြင့် ဆိုရလျှင် ဟစ်တလာကိုယ်တိုင်က ပျော့ညံ့နေပါက၊ အစွမ်းအစ မရှိပါက 'ဥစ္စာရှင်လို ဥစ္စာရင်ခဲ' မလုပ်ပါက အထက်ပါ အပြင်က ကူညီမှုများသည် မည်မျှပင် ကြီးမားစေကာမူ အရေးပါ အရာရောက်မည် မဟုတ်ပေ။

ဟစ်တလာသည် နိုင်ငံရေးသမား ပီသစွာ 'ကွက်ကျော်' မြင်တတ်သူ ဖြစ်သည်။ လူထုကြီးကို ချုပ်မိကိုင်မိအောင် မည်သို့မည်ပုံ စည်းရုံးရမည်၊ (ဝါ) ဝါးဖြန့်ရမည်။ လူထုကြီးအား မည်သို့မည်ပုံ အကြီးအကျယ် 'လိမ်ညာရမည်' ကို ကြိုတင် တွက်ချက် သိရှိထားပြီး ဖြစ်သည်။

သူသည် ဘဝ၏ အောက်ဆုံးအခြေမှ တက်လာသူ ဖြစ်၍ 'အောက်သက်ကျေ' ပြီး ဖြစ်သည်။ လမ်းဘေး မိုးလင်းဆိုင်များတွင် လည်းကောင်း၊ ဘီယာဆိုင်များတွင် လည်းကောင်း၊ ညလုံးပေါက် ပရိသတ် လေးငါးယောက်ဖြင့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပခဲ့ဖူးသလို မြူနစ်မြို့မှ ကရုန်းဆာကပ်စ် ရုံကြီးတွင် ပရိသတ် လေးငါးထောင် ရှေ့မှောက်တွင် တကယ့် လူထု တရားပွဲကြီး များကို လည်း နှံခဲ့ဖူးပြီးဖြစ်သည်။

သူသည် ပရိသတ် အကဲကို ကောင်းကောင်းကြီး ခတ်တတ်သည်။ ဘယ်လူတန်းစား ရှေ့မှောက် ရောက်လျှင် ဘယ်စကားလုံးကို ရွေး၍ သုံးရမည်ကို သိသည်။ ဘယ်ပရိသတ်၏ စိတ်ခေတ်ကို ဘယ်အချက်ဖြင့် ထိုးနှက်ရမည်ကို နားလည်သည်။ ဟစ်တလာ အားပြောကောင်း တရားဟော ကောင်းလှသည်ကို တစ်ခါက ဒေါက်တာ စချာချက်ဆိုသူ ပုဂ္ဂိုလ်ကြီးက 'ဒီလူဟာ အင်မတန် ကျွမ်းကျင်တဲ့ ဂီတသမား တစ်ယောက်က တော်တော် အသံသာယာတဲ့ စန္ဒရား တစ်လုံးကို တီးခတ်သွားသလို လူလတ်တန်းစား အောက်ဆုံး အလွှာတွေရဲ့ စိတ်နှလုံးကို တီးခတ်နိုင်တဲ့ လူတစ်ယောက်ပါပဲ' ဟူ၍ပင် ပြောယူရသည်။

ဤသို့ဖြင့် သူသည် ဂျာမနီ ပြည်ကြီးနှင့် ဂျာမန်လူမျိုးများ အကြောင်းကို ခေတ်အဆက်ဆက်က အခြားအခြားသော နိုင်ငံရေး ခေါင်းဆောင်ကြီးများထက် ပို၍ သိနားလည်ခဲ့သည်။ သူကိုယ်တိုင် လည်း 'ခေါင်းဆောင် တစ်ယောက် ဖြစ်ရန် ဆိုသည်မှာ လူထုကြီးက လှုပ်ရှားရွေ့လျားအောင် ပြုလုပ်နိုင်ရန်ပင် ဖြစ်သည်' ဟူ၍ ဆိုခဲ့သည်။

(ကျွန်ုပ်၏ ကြိုးပမ်းမှု စာမျက်နှာ ၄၇၄)

သာမန် နိုင်ငံရေးသမား တစ်ယောက်နှင့် လုံးဝမတူဘဲ နိုင်ငံရေးကို မိမိ၏ ဘဝပေး တာဝန် တစ်ရပ် အဖြစ် အလေးအနက် ထား၍ ကြိုးစားပမ်းစား ဆောင်ရွက်လာသော ဟစ်တလာသည် တစ်စံအတိုင်း နိုင်ငံရေး လောကမှ ဖြင့် ရင်ဆိုင်ရပြန်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပါတီတွင်း၌ ဟစ်တလာ ကျော်ကျယ်လာသည်ကို မလိုလားသည့် အနေဖြင့် ပါတီဥက္ကဋ္ဌ ဟားရားသည် ၁၉၂၀ ခုနှစ်တွင် ဥက္ကဋ္ဌ ရာထူးမှ ထွက်ခဲ့သည်။ သို့သော် ပြဿနာမှာ ဤမျှဖြင့် မပြီးခဲ့။ ပါတီတွင်း ပဋိပက္ခ၏ အစမျှသာ ရှိသေးသည်။

၁၉၂၁ ခုနှစ် နွေရာသီတွင် ဟစ်တလာသည် မြူနစ်မြို့မှ ဘာလင်မြို့သို့ ခေတ္တမျှ သွားရောက်ခဲ့သည်။ ထိုသို့ သွားရာတွင်

www.burmeseclassic.com

www.burmeseclassic.com


အကြောင်းမဲ့ မဟုတ် တာဝန်ဖြင့် သွားခြင်း ဖြစ်သည်။ ယင်းတာဝန်မှာ အမျိုးသားကာလပ်တွင် မိန့်ခွန်း ပြောကြားရန်နှင့် မြောက်ပိုင်းမှ အမျိုးသားရေး ဝါဒ သမားများကို စုစည်း သိမ်းသွင်းရန်ပင် ဖြစ်သည်။

ထိုသို့ ဟစ်တလာ ဘာလင်မြို့သို့ ခေတ္တ သွားရောက်နေစဉ် နောက်ပိုင်းမှ ပါတီကော်မတီအချို့သည် ဟစ်တလာကို ဝိုင်းပယ်ရန် ကြိုးပမ်း လာကြသည်။ သူတို့သည် ဟစ်တလာ ရှိနေစဉ်က ဟစ်တလာ လုပ်သမျှကို ဘဝင်မကျသော်လည်း မပြောရဲ မဝေဖန်ရဲဘဲ ရှိနေကြသည်။ ထိုသို့ မဝေဖန်ရဲကြသည်မှာလည်း ဟစ်တလာ လုပ်သမျှ အောင်မြင်၍ ဟစ်တလာ၏ ကြိုးစားမှုကြောင့် ပါတီ အရှိန်အဝါ တက်လာသည်မှာလည်း လက်တွေ့ ဖြစ်နေသောကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ သူတို့သည် ဟစ်တလာ ရှိစဉ်က ဟစ်တလာ၏ အရှိန်အဝါကို မလွန်နိုင်ဘဲ အမှောင်ထဲချောင်ထဲတွင် ဝပ်နေကြရမှ ယခု ဟစ်တလာ ဘာလင်မြို့သို့ တာဝန်ဖြင့် ခရီးထွက်နေခိုက် ဟစ်တလာ ရှိစဉ်က ပယ်ချထားခဲ့သော အဆိုများကို ပြန်တင်လာကြသည်။ ထိုအဆိုမှာ မိမိတို့ နာဇီ ပါတီနှင့် အခြား ဂျာမန် ဆိုရှယ်လစ်ပါတီ နှစ်ခုတို့ ပူးပေါင်းရေး အဆိုပင် ဖြစ်သည်။ ထို ဂျာမန် ဆိုရှယ်လစ် ပါတီများမှာ ဘရန်းနားနှင့် စထင့်ချား ဆိုသူ ပုဂ္ဂိုလ်နှစ်ဦး ခေါင်းဆောင်နေကြသော ပါတီများ ဖြစ်သည်။

ထိုပါတီများနှင့် ပူးပေါင်းလိုက်ခြင်းဖြင့် ဆိုရှယ်လစ် အင်အားစုများ ညီညွတ်ရေးကို တည်ဆောက်ရာ ရောက်မည်ဟု ပါတီ ကော်မတီ အများစုက ယူဆကြသည်။ အချို့ကမူ ထိုမျှမက ပါတီချင်း ပူးပေါင်းလိုက်ခြင်းဖြင့် လောလောဆယ် သူထင်ရာ သူလုပ်နေသော ဟစ်တလာကိုလည်း ထိန်းချုပ်နိုင်သည် ဟူ၍ပင် တွက်ကြသည်။

ဟစ်တလာသည် မိမိ၏ မြူနစ်မြို့တွင် ရှိစဉ်က ပယ်ချထားခဲ့သော အဆိုများတို့ မိမိမရှိသည့်နောက်ပိုင်းတွင် ပါတီကော်မတီက ထပ်မံ တင်သွင်း၍ ဆုံးဖြတ်ကြသည်ဆိုသော သတင်းကို ကြားလျှင်ကြားချင်း ဘာလင်မြို့မှ ချက်ချင်း ပြန်လာခဲ့သည်။ ဤတွင် ပါတီတွင်း တိုက်ပွဲ စတော့သည်။

စလျှင်စချင်း ဟစ်တလာက 'အပေါ်စီး' ရအောင် ယူလိုက်သည်။ သူသည် ပါတီမှ နုတ်ထွက်စာ တင်လိုက်ရာ ကျန်ကော်မတီများမှာ ဘာလုပ်ရမှန်း မသိအောင် ခွကျသွားသည်။ သူတို့သည် ဟစ်တလာ၏ နှုတ်ထွက်စာကို လက်ခံလျှင်လည်း အခက်၊ လက်မခံလျှင်လည်း အခက် ဖြစ်သွားကြသည်။ အထူးသဖြင့် ပါတီကို ပါတီဝင် အများ အပြားဖြင့် ကြီးထွား လာအောင် စည်းရုံးလာခဲ့သူမှာ ဟစ်တလာပင် ဖြစ်သည်။ ပါတီကို လူထုက တခဲနက် ထောက်ခံလာအောင် လှုံ့ဆော်ခဲ့သူမှာ ဟစ်တလာပင် ဖြစ်သည်။ နောက်ဆုံး ပါတီဘဏ္ဍာရေး တောင့်တင်းအောင် ရှာဖွေလာခဲ့သူမှာလည်း ဟစ်တလာပင် ဖြစ်နေသည်။ သို့ဖြစ်ရာ ဟစ်တလာ ပါတီမှ ထွက်သွားလျှင် ပါတီ၏ စည်းရုံးရေး၊ လှုံ့ဆော်ရေး၊ ဘဏ္ဍာရေး အခြေအနေများ ဝေါခနဲ ဒလဟော ပြိုကျသွားမည်မှာ မုချဖြစ်သည်။

ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေသော ပါတီ ကော်မတီသည် ဟစ်တလာ၏ 'အကြပ်ကိုင်မှု' ကြောင့် တစ်ထစ် လျှော့ကာ ဟစ်တလာ ပါတီမှ မထွက်ရန် ဖေ့စပ်ရေးလုပ်လာ ကြသည်။

'သူက တစ်ကွက်ရွှေ့လျှင် မိမိက နှစ်ကွက်ရွှေ့၍ နှစ်ကောင်စားလိုက်မည်' ဟူသော အကြံဖြင့်ပင် မူလကပင် မျက်စိရှင်၍ အကွက်မြင်ထားသော ဟစ်တလာသည် မိမိကို ဘယ်နည်းနှင့်မှ ပါတီက ထွက်ခွင့်မပြုရဲသော သူတို့၏ ပျော့ကွက် ချက်ကောင်းကို သိကာ ဖေ့စပ်ရေးကို ပို၍ ဈေးတင်လိုက်သည်။ ပို၍ 'မာ' လိုက်သည်။ မိမိကို ပါတီမှမထွက်စေလိုလျှင် ပါတီတွင်း၌ မိမိသဘောအတိုင်း လုပ်ဆောင်ခွင့်ပေးရမည်။ ထို့ပြင် လက်ရှိပါတီ ကော်မတီကိုလည်း ဖျက်သိမ်းပြီး အမြှိမ်းစား ပေးပစ်ရမည်ဟူ၍ အရေးဆိုလိုက်သည်။ ဝက်အူ တစ်ထစ်ထပ်၍ ရစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ဟစ်လလာနှင့် ကျန်မါတီကော်မတီတို့၏ ပါတီတွင်း တိုက်ပွဲပဋိပက္ခမှာ ပို၍ တင်းမာလာခဲ့ရာ ပါတီ ကော်မတီသည် ကြံရာမရဖြစ်ကာ ဟစ်တလာ၏ 'ငါတကောပုံ'ကို ဖွင့်ချသည့် အနေဖြင့် သတင်းစာထဲတွင် ကြေညာချက် တစ်စောင်ကို ထည့်လိုက်သည်။

အဆိုပါကြေညာချက်၏ တစ်ခုသော စာပိုဒ်တွင် အောက်ပါအတိုင်း ပါရှိခဲ့သည်။

အာဏာကို လိုချင်သည့် ဆန္ဒငမ်းငမ်းတက်၍ အလိုရမ္မက်ကြီးလှသောကြောင့် အဒေါ့ဖ် ဟစ်တလာသည် ဘာလင်မြို့တွင် ရက်သတ္တပတ် ၆ ပတ်မျှ နေခဲ့ပြီးမှ သူ့တာဝန်ရှိရာသို့ ပြန်လာခဲ့သည်။ ပို၍ပို၍ ထင်ရှားလာသောအချက်မှာ သူသည် အမျိုးသားဆိုရှယ်လစ် ပါတီအား သူ၏ အရှက်ကင်းမဲ့လာသော လုပ်ဆောင်ချက်များအတွက် ခုတုံးသဖွယ် အသုံးပြုရန်သာ ဖြစ်သည်ဟူသော အချက်ပင် ဖြစ်သည်။ ထို့ပြင် စိတ္တဇဆန်သော ဖြစ်ရပ်များ၏ အခိုက်အတန့်တွင် ခေါင်းဆောင်မှုကို လုယူသိမ်းပိုက်ရန် အတွက် ပါတီအား လမ်းကြောင်း ပြောင်းလွဲသွားအောင် အကြပ်ကိုင်ခြင်းသာ ဖြစ်ပေသည်။

(ဟောဒင်ရေး 'အမျိုးသား ဆိုရှယ်လစ်ဝါဒ၏ သမိုင်း' စာမျက်နှာ ၄၄-၄၅)

ဟစ်တလာသည် လက်နှေးသူမဟုတ်ပါ။ ပါတီတွင်းပဋိပက္ခကို ဖွင့်ချ၍ မိမိအား ပုတ်ခတ်စွပ်စွဲသည့် အထက်ပါ ကြေညာချက်ကို သတင်းစာတွင် တွေ့ရလျှင် တွေ့ရချင်း အဆိုပါ သတင်းစာကို အသရေဖျက်မှုဖြင့် တရားစွဲတော့သည်။

ဤတွင် ပြဿနာမှာ ပိုမိုပေါက်ကွဲလာက ာ ပါတီကော်မတီ၏ ပြဿနာသာ မဟုတ်တော့ဘဲ ပါတီဝင်ထုတစ်ရပ်လုံး၏ ပြဿနာ



လာခဲ့သည်။ ဤသည်ပင်လျှင် ဟစ်တလာအတွက် အကွက် င်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပါတီဝင်အားလုံးသည် က်တွင် ရှိနေသည်ကို သူသိပြီးဖြစ်သည်။ ပါတီဝင်များသည် အတွက် 'မီးသေ'ပြီး ဖြစ်သည်။

ထို့နောက် ဇူလိုင်လ ၂၆ ရက်နေ့တွင် တစ်ကြိမ်၊ ၂၉ ရက် တစ်ကြိမ် ပါတီအစည်းအဝေး နှစ်ကြိမ် ကျင်းပပြီး ဆုံးတိုက်ပွဲကို ဆင်နွှဲကြသည်။ ဤနောက်ဆုံး တိုက်ပွဲတွင် င်ပွဲဆင်သူမှာ ဟစ်တလာပင်တည်း။

အောင်ပွဲ၏ဆုလာဘ်အဖြစ် သူရရှိလိုက်သော အကျိုးအမြတ် သူသည် ပါတီဥက္ကဋ္ဌ ဖြစ်လာခဲ့ရုံမျှမက သူ့အပေါ်တွင် အကန့် အချုပ်အချယ်မရှိ လုံးဝ အာဏာကုန် လွှဲအပ်ခဲ့ခြင်းပေ

ပါတီကို စတင်တည်ထောင်ခဲ့သော ဒရက်စ်လာမှာ ပါတီ တူးဆောင် ဥက္ကဋ္ဌအဖြစ် 'အပေါ်ထပ်သို့ မြေဖြင့်ကန်' ၍ ခံခဲ့ရသည်။

ခင်စစ် ပါတီ၏ မူလ ကြေညာချက်ဖြစ်သော အခြေခံဝါဒ မ်းစဉ်ကို ရေးဆွဲစဉ်က ဒရက်စ်လာနှင့် ဖက်ဒါဆိုသူတို့အပြင် လာလည်း အပါအဝင်ဖြစ်သည်။ အဆိုပါ ပါတီလမ်းစဉ် ာချက်တွင် အချက်ပေါင်း ၂၅ ချက်ပါဝင်ခဲ့ရာ ဒရက်စ်လာ က်ဒါတို့က ပါတီသည် ဤလမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ာ ချီတက်သွားကြမည်ဟု ယုံကြည်ကြသည်။

သို့သော် ဟစ်တလာက ထိုသို့မဟုတ်၊ ဤလမ်းစဉ်များကို င်ရှက်ရုံမျှဖြင့် ကိစ္စပြီးပြီဟု မယူဆ။ ဤလမ်းစဉ်များထဲမှ သော အချက်များကို လိုသလိုသုံး၍ မလိုလျှင် မလိုသလို န်ထားရမည်ဟု ဆိုသည်။ အယူအဆတစ်ခု လမ်းစဉ်တစ်ခုကို ကိုင်စွဲထားခြင်းသည် အန္တရာယ်ပင် ဖြစ်သည်ဟု သူက မြင်

သို့ရာတွင် သူ့အတွက် ဘယ်တော့မှ မပြောင်းမလဲဘဲ ား ားရမည့် လမ်းစဉ်တစ်ခုရှိသည်။ ထိုလမ်းစဉ်ကား ရှင်းသည်၊

www.burmeseclassic.com

www.burmeseclassic.com

လွယ်သည်။ အခြားမဟုတ်၊ အာဏာရရေးလမ်းစဉ်ပင် ဖြစ်သည်။ ဤလမ်းစဉ်သည်ပင်လျှင် ဟစ်တလာ၏ ကိုယ်ပိုင်လမ်းစဉ်ဖြစ်သည်။ ဤလမ်းစဉ်အရ မိမိအာဏာရရေး၊ မိမိပါတီ အာဏာရရေး၊ မိ... အမျိုးသားများ အာဏာရရေးကို သူ ရှေ့ရှုသည်။ သို့သော် ဤ... နေရာတွင် သတိပြုရန်မှာ အာဏာရရေးအားလုံးသည် 'မိမိ' ... အခြေခံခြင်းပင် ဖြစ်သည်။ ပို၍ရှင်းအောင် ဆိုရသော် အခြားသ... အာဏာရရေးမဟုတ်၊ မိမိအာဏာရရေး၊ မိမိပါတီ အာဏာရရေး ဖြစ်သည်။ အခြားလူမျိုး အာဏာရရေးမဟုတ်၊ မိမိလူမျိုး အာဏာ ရရေး ဖြစ်သည်။

သို့ဖြစ်ရာ အားလုံးကို အုပ်ချုပ်လိုလျှင် မိမိကိုယ်ကို အခြေ ခံ၍ မိမိအာဏာရရေးသည်သာလျှင် အဓိက ဖြစ်သည်။ ဤကား အာဏာနှင့်ပတ်သက်သော ဟစ်တလာ၏ သဘောတရားခံယူချက် ဖြစ်သည်။

ထို့ပြင် သူက ဆိုပြန်သေးသည်။ ပါတီ အခြေခံ လမ်း... ၂၅ ချက်တို့သည် ၁၉၂၀ ခုနှစ်က အခြေအနေနှင့် ကိုက်ညီသည် အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ထိုအချက်များဖြင့် လူထုထောက် မှုကို ရယူခဲ့သောကြောင့် ဖြစ်သည်။

သို့သော် ပါတီသည် ထိုအခြေအနေ ထိုအဆင့်ကို ကျော် လွန်လာသည်နှင့် တပြိုင်နက် ထိုလမ်းစဉ် ကြေညာချက် များသ... ပါတီ အတွက် အနှောင့်အယှက် အဟန့်အတားများ ဖြစ်လာ... သည်ဟု ဆိုသည်။

ထို့မျှမက ဟစ်တလာသည် ၁၉၂၀ ခုနှစ်က လမ်းစဉ် ကြေ... ညာချက်တွင် 'ဆိုရှယ်လစ်' ဟူသော အသုံးအနှုန်း စာပိုဒ်မျ... ပါရှိသည်ကို သဘောတူညီခဲ့သည်။ ထိုသို့ သဘောတူညီခဲ့သည် လည်း အခြားကြောင့်မဟုတ်။ ထိုစဉ်က ဂျာမန် အလုပ်သ... များနှင့် အလတ်တန်းစားထဲမှ အောက်ဆုံး အလွှာ များလ... အခြေခံအားဖြင့် အရင်းရှင်စနစ်ကို ဆန့်ကျင်သော သဘော ... သည်။ သို့ဖြစ်ရာ သူတို့၏ ထောက်ခံမှုကို ရယူလိုသော နိုင်ငံ...



...အား မှန်သမျှ 'ဆိုရှယ်လစ်'ဆိုသော စကားလုံးကို များများကြီး ...သုံးပေးရန် လိုသည် မဟုတ်ပါလော။

တစ်ခု ကျန်ရှိနေသေးသည်။ ထို 'ဆိုရှယ်လစ်' ဟူသော စကား ...လုံးများကို စကားလုံး အဖြစ်သာ သုံးဖို့လိုသည်။ လက်တွေ့ လုပ် ...ဆောင်ဖို့ မလိုဟု ဟစ်တလာက သဘောထားသည်။ ဆိုရှယ်လစ် ...ဟူသော စကားလုံးကို သူ သုံးစွဲရာ၌ သူ့ အဓိပ္ပာယ်နှင့် သူ့ ခံယူချက် ...ည်သို့ ရှိသည်ကို ၁၉၂၂ ခုနှစ် ဂျူလိုင်လ ၂၈ ရက်နေ့က တရားပွဲ ...ခုတွင် သူကိုယ်တိုင် အောက်ပါအတိုင်း ဟောပြောခဲ့သည်။

'တစ်မျိုးသားလုံးရဲ့ အရေးကို ကိုယ့်အရေးလို သဘော ထားတဲ့ လူတိုင်း ဘယ်သူမဆို တစ်မျိုးသားလုံး သက်သာ ချောင်ချိရေးကို တစ်စုံတစ်ခုသော အတိုင်းအတာ အထိ ဦးစားပေးတဲ့လူလို့ ဆိုရလိမ့်မယ်။ ကျုပ်တို့ အမျိုးသား သီချင်းရဲ့ အဓိပ္ပာယ်ကို နားလည်တဲ့ လူတိုင်း သူ သူ့မျက်စိ ထဲမှာ ဗိုက်ချမန်နီပြည်ကြီးနဲ့ ဂျာမန်လူမျိုးတွေကို ကမ္ဘာပေါ် မှာ ဘယ်တိုင်းပြည် ဘယ်လူမျိုးကမှ မလွှမ်းမိုးနိုင်ဘူးဆိုတဲ့ အသိအမြင်မျိုး ရှိနေရင် အဲဒီလူကို ဆိုရှယ်လစ်တစ်ယောက် လို့ ခေါ်ရလိမ့်မယ်'

(၁၉၄၄ ခုနှစ် ဖြန့်ဖြိုထုတ် ဟစ်တလာ၏ မိန့်ခွန်းများ၊ စာမျက်နှာ ၄၄)

အထက်ပါ 'ဆိုရှယ်လစ် သဘောတရား' များအရ သူသည် ...ပါတီကို လူတန်းစားတစ်ခု၏ ပါတီ အဖြစ် မစည်းရုံးဘဲ လူ ...တန်းစား မျိုးစုံ၊ အလွှာမျိုးစုံ ပါဝင်အောင် စည်းရုံးခဲ့သည်။ ...တနည်းအားဖြင့် ဆိုရလျှင် လက်ရှိ အခြေအနေကို မကျေနပ်သူ ...များကို စည်းရုံးခဲ့သည်။

ဤသို့အားဖြင့် စစ်တပ်မှ ထွက်လာခဲ့ပြီး အလုပ်လက်မဲ့ ...နေကြသော ဂိုအာရင်းနှင့် ဟက်စ်တို့သည် လည်းကောင်း၊ စား...

...အကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဝတီနေရေး မဖူလုံသဖြင့် ဘဝကို စိတ်နာနေကြသော ဂိုးဘဲလ်း ရှိစင်ဘတ်တို့သည် လည်းကောင်း၊ နာဇီပါတီဝင်များ ဖြစ်လာကြ သည်။ နောင်အခါ ထိုသူများသည် အာဏာရှင် ဟစ်တလာ၏ လက်အောက်၌ လျှမ်းလျှမ်းတောက် တန်ခိုးကြီး ကြသော နာဇီ ခေါင်းဆောင်ကြီးများ ဖြစ်လာကြသည်။

ဤသို့သော သူများသာလျှင် မဟုတ်သေး။ အလုပ်သမား သမဂ္ဂသို့ မဝင်လိုသော အလုပ်သမားများသည် လည်းကောင်း၊ ဂျူး၊လူမျိုးများ၏ ကုန်စုံဆိုင်ကြီးများကို ဝင်၍ ရိုက်ခွဲ ဖျက်ဆီး သော လမ်းဘေး ဆိုင်ကလေးများသည် လည်းကောင်း စသည်ဖြင့် မျှော်မှန်းချက် ကြီးမားသူ၊ အခွင့်အရေးကို မျှော်ကိုးသူ၊ လော ကြီးကို စိတ်နာသူ၊ လက်ရှိဘဝကို မကျေနပ်သူ၊ ကိုယ့်ထက်သာ များအပေါ် မနာလိုသူ၊ သူတစ်ပါးကို အာဏာပါဝါ ပြလိုသူ ဤသူ ထိုသူတို့သည် နာဇီ ပါတီဝင်များ ဖြစ်လာကြသည်။ ဟစ် တလာအဖို့ ဤသူကိုသူ အားလုံးတို့သည် သူ၏ တစ်ခုတည်းသော ရည်မှန်းချက်အတွက် အထောက်အကူ ပေးမည့်သူများဟု မှတ်ယူ ထားသည်။

ထိုတစ်ခုတည်းသော ရည်မှန်းချက်မှာ သူ အာဏာရရေးပင် ဖြစ်သည်။

ယခုအခါ ဟစ်တလာသည် ပါတီဖွဲ့စည်းပုံကို သူ့ စိတ် တိုင်းကျ ပြောင်းလိုက်ပြန်သည်၊ သူသည် ပါတီ အစည်းအဝေး များကို အကြောင်းအမျိုးမျိုးဖြင့် မဘက်ဘဲနေကာ ဥက္ကဋ္ဌတာဝန် များကိုလည်း မက္ကစ်အမန်း ဆိုသူအား လွှဲပြောင်းပေးလိုက်သည်၊ ပါတီလုပ်ငန်းမှန်သမျှ ထိုသူအား လွှဲထားပြီး ဒိုက်ထရစ်အက်ကတ် ဆိုသူကိုမူ ပါတီ ဝါဒဖြန့်ချိရေး အတွက် ပါတီ သတင်းစာ ထုတ်ဝေ ရန် တာဝန်ပေးထားသည်။

ဤသို့ အခြားသူများအား ပါတီတာဝန် လွှဲပေးလိုက်ခြင်း ဖြင့် ဟစ်တလာသည် ခေါင်းဆောင်မှု လွှဲပြောင်းပေးခြင်းမဟုတ်၊ ခေါင်းဆောင်မှုကို သူကပင် ယူထားသည်။ ယူထားပုံ ယူထား နည်းမှာ အရေးကြီးသော ဆုံးဖြတ်ချက်များ လုပ်ဆောင်ချက်များ



မှန်သမျှ သူ့ ထံ အရင် တင်ပြပြီး သူ သဘောတူမှ ဆုံးဖြတ်ရမည်၊ လုပ်ကိုင်ရမည် ဟူသော မူကို ချမှတ်ထားခြင်း ဖြစ်သည်။ ဤသို့ဖြင့် ဟစ်တလာသည် ပါတီ၏ (အချုပ်ဆိုရလျှင်) သူသည် ပါတီတွင်း တစ်ဦးတည်း အာဏာရှင် စနစ်ကို အုတ်မြစ်ချ တည်ဆောက်နေခြင်း ဖြစ်သည်။

ဤအုတ်မြစ်ကို အခိုင်အမာ တည်ဆောက်နိုင်သည်နှင့် အမျှ နောင်အခါတွင် သူသည် နာဇီပါတီတွင်း၌သာလျှင်မက ဂျာမနီ တစ်ပြည်လုံးတွင် တစ်ပါတီ အာဏာရှင် စနစ်ကြီးကို အခိုင်အခန့် တည်ဆောက်နိုင်ခဲ့သည်။

ဟစ်တလာသည် ပါတီ အရှိန်အဝါ ကြီးမားရေး အတွက် ဝါဒဖြန့်ချိရေး လက်နက် တစ်ခု ဖြစ်သော ပါတီသတင်း စာ တစ်စောင် ဖြစ်မြောက်ရေးကို ကြိုးပမ်းခဲ့ရာ ၁၉၂၃-ခု ဖေဖော် ဝါရီ လထဲတွင် ပါတီ၏ ကြွေးကြော်သံအဖြစ် နေ့စဉ် သတင်းစာ တစ်စောင် ထွက်ပေါ်လာသည်။ ဤသတင်းစာ၏ အယ်ဒီတာအဖွဲ့ ရုံးခန်းကို ချဲလင်းလမ်း အမှတ် ၃၉ တွင် ပြုလုပ်ထားသည်။

ဤသတင်းစာသည် ပါတီ၏ အရှိန်အဝါကို ကြီးမားစေ သည်နှင့်အမျှ ဟစ်တလာ၏ သြဇာအာဏာကို လူထုအတွင်း ပျံ့နှံ့ စေရန် နည်းမျိုးစုံကို သုံးခဲ့သည်၊ ပါတီ ကြေညာချက်များ ဟော ပြောချက်များ ပါတီလုပ်ငန်းများကို တဆိတ်တအိတ် လုပ်ကာ ချဲ့ထွင် ဖော်ပြစေခဲ့သည်။

တစ်ချိန်တည်းတွင် ပါတီကို ဆန့်ကျင်သူများ၊ ပြိုင်ဘက် ပါတီများကိုလည်း ရစရာမရှိအောင် စွပ်စွဲ တိုက်ခိုက် ရေးသားခဲ့ သည်။ တစ်ဖက်ရန်သူ ပါတီ၏ ချို့ယွင်းချက်များကို ဆိုလိုအပေါက် ရှာ၍ ဖော်ထုတ် ဖွင့်ချခဲ့သည်။

ဤနေရာ၌ ပါတီ၏ ကြွေးကြော်သံ သတင်းစာကို ဝါဒ ဖြန့်ချိရေး လက်နက် အဖြစ် အသုံးပြု၍ လူထုအတွင်း ပျံ့ပြီးသြဇာ ပျံ့နှံ့အောင် ဟစ်တလာ လုပ်ဆောင်ခဲ့ပုံမှာ သူ၏ ထုတ်ဖော်ခဲ့ဖြစ်သော 'မုသာဝါဒ အာဘိဓမ္မာ' အတိုင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လူထုအတွင်း မိမိပါတီ၏၊ ဩဇာပျံ့နှံ့စေရန် တစ်ဖက်ရန်သူ၏ ဩဇာကျဆင်းအောင် ပြုလုပ်ရာ၌ မည်သည့်အခါမျှ လက်မနှေးရ၊ မိမိစကားကို ဘယ်တော့မှ ပြင်မပြောရ။ ရန်သူအား အကျိုး သက်ရောက်စေမည့် အချက်အလက်မျိုးကို တစ်ခွန်း တစ်ပါဒမျှ မပြောရ၊ မိမိပါတီနှင့် ရန်သူ့ပါတီကို လူထုအား ခွဲခြားပြရာ၌ အဖြူနှင့် အမဲကို ကွဲကွဲပြားပြား ဖြစ်အောင် ပြရမည် ဟူ၍ ဟစ်တလာက သဘောထားသည်။

ဤသည်ပင်လျှင် 'ဝါဒဖြန့်ချီရေးလုပ်ငန်း မှန်သမျှတွင် ပထမဆုံး ပြည့်စုံစေရမည့် လိုအပ်ချက် ဖြစ်သည်။ ပေါ် ပေါက်လာသည့် ပြဿနာ မှန်သမျှတွင် စနစ်တကျနှင့် ရှင်းရှင်းလင်းလင်း တစ်ဖက်သတ် ပြတ်ပြတ်သားသား ရှိနေရ မည်၊ တစ်ဖက် ရန်သူအား မစွေ့စပ်တမ်း ပြင်းပြင်းထန်ထန် တိုက်ခိုက်သည်ကို မြင်ရခြင်းဖြင့် ပြည်သူလူထုကြီး၏ စိတ် ထဲတွင် ထိုသို့ ထိရောက် ပြတ်သားသူ၏ဘက်က မှန်ကန်သည် ဟူ၍ အစဉ် မှတ်သွားကြမည် ဖြစ်သည်။ အကယ်၍ ထိုသို့ တိုက်ခိုက်သူသည် တစ်ဝက်တစ်ပြက်နှင့် လက်တွန့်ကာ အပြီး သတ် အောင်နိုင်သည်အထိ ဆက်လက် တိုက်ခိုက်ရန် နှောင့် နှေးနေပါက ဤအချက်ကြောင့် ဤသူသည် သူ၏ ယုံကြည် ချက်နှင့် သူ့ဘက်က မှန်ကန်ကြောင်း မရေရာသည့် လက္ခဏာ ပင် ဖြစ်သည်ဟု ပြည်သူလူထုက ယူဆသွားကြလိမ့်မည်။

(ကျွန်ုပ်၏ ကြိုးပမ်းမှု၊ စာမျက်နှာ ၁၆၀-၁၆၁)

ဟစ်တလာ၏ အထက်ပါ 'တိုက်ပွဲနည်းပရိယာယ်'မှာ မိမိ ဘက်က အမှားကြီး မှားနေသည့် တိုင်အောင် လူထုကြီး စိတ်ထဲ တွင် မိမိဘက်က မှန်သည်ဟု ယူဆလာစေရန် ကြိုးစား၍ လိမ်ရမည်၊ ညာရမည်၊ မုသား သုံးရမည် ဟူသော သဘောပင် ဖြစ်သည်။



ထိုသို့ လိမ်ရာ၊ ညာရာ၊ မုသား သုံးရာတွင် နောက်တွန့်နေ၍ မဖြစ်၊ ကြောက်ရွံ့နေ၍ မဖြစ်။ ရဲရဲကြီး လိမ်ရမည်၊ များများကြီး ညာရ မည်၊ အစွမ်းကုန်း မုသား သုံးရမည်' ဟူ၍ ဖြစ်သည်။

ဟစ်တလာ၏ အထက်ပါ 'မုသာဝါဒ အဘိဓမ္မာ'ကို ပြန်၍ အတိုးချုံး အကျဉ်းရုံး ဖော်ပြရမည်ဆိုက အောက်ပါ အတိုင်းပင် ဖြစ်သည်။

'လိမ်စရာရှိလျှင် ကြီးကြီးကျယ်ကျယ် လိမ်ပါ'

www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံရေး လူပေါ်လူဇော် လုပ်နည်း

ပထမ ကမ္ဘာစစ်ကြီးအပြီး၊ ဂျာမန်ပြည်၏ ပြည်တွင်းရေး အခြေအနေမှာ ၁၅ နှစ်လုံးလုံး ဖရိုဖရဲဖြစ်ကာ ဟစ်တလာ အရှိန်အဝါ ကြီးစေရန် ဖန်တီးပေးသလို ဖြစ်ခဲ့သည်။

စစ်ကြီး ပြီးလျှင်ပြီးချင်း သမ္မတ နိုင်ငံအဖြစ် ကြေညာသည့် ရီပတ်ဗလစ်ကန် အစိုးရကို ဖွဲ့စည်းခဲ့သော်လည်း ထိုသို့ ဖွဲ့စည်းပြီး နောက် တစ်နှစ်ခွဲမျှ အကြာတွင် ထိုအစိုးရကို ထောက်ခံနေကြသော ပါတီများမှာ ၁၉၂၀ ခုနှစ် ဇွန်လ ရွေးကောက်ပွဲတွင် အကြီးအကျယ် အရေးနိမ့်ခဲ့ကြသည်။

စီးပွားရေး ကျပ်တည်းမှု၊ အလုပ်လက်မဲ့များ တစ်နေ့တခြား များပြားလာမှု၊ ကုန်စျေးနှုန်း ကြီးမြင့်မှု စသော အထွေထွေ ကပ်ဆိုက်မှုကြီးမှာ နောက်ဆုံး လက်ရှိ အစိုးရအပေါ် လုံးလုံး ကြီး အပြစ်ပုံကျခဲ့သည်။ တစ်ချိန်တည်းတွင် လက်ရှိ အစိုးရကို ဆန့်ကျင်၍ လှုပ်ရှားနေကြသော လက်ဝဲသမားများနှင့် လက်ယာ သမားများမှာ လူထုထောက်ခံမှုကို အကြီးအကျယ် ရခဲ့ကြသည်။

အထူးသဖြင့် အဆိုးရွားဆုံးမှာ ကုန်စျေးနှုန်းများ တစ်နေ့ တခြား အဆမတန် ကြီးမားလာ၍ ငွေစက္ကူများ ဖောင်းပွလာ ခြင်းပင် ဖြစ်သည်။ ၁၉၁၈ ခုနှစ် စစ်ကြီးပြီးစက ဂျာမန် 'မတ်' ငွေစက္ကူ၏တန်ဖိုးမှာ ဂျာမန်ငွေ ၄ ကျပ်လျှင် အမေရိကန်ဒေါ်လာ ၁ ကျပ်တန်ခဲ့သော်လည်း ၁၉၂၁ ခုနှစ် နွေရာသီတွင်မူ ဂျာမန်ငွေ ၇၅ ကျပ်နှင့် ဒေါ်လာငွေ ၁ ကျပ် ညီမျှသည်အထိ ကျဆင်းသွား သည်။ တစ်ဖန် နောက်တစ်နှစ်မျှအကြာ ၁၉၂၂ ခုနှစ် နွေရာသီ တွင်မူ ဂျာမန်ငွေ ၄၀၀ ကျပ် ပေးမှ ဒေါ်လာငွေ ၁ ကျပ်ရ တော့သည်အထိ 'ဖောင်းပွ' လာခဲ့ရာ နောက်ဆုံး ၁၉၂၃ ခုနှစ် ဆန်းတွင်ကား ဒေါ်လာငွေ ၁ ကျပ် ဂျာမန်ငွေ ၇၀၀၀ နှင့် ညီမျှ သည်အထိ ကြောက်ခမန်းလိလိ ငွေရှေးကျသွားခဲ့သည်။

ဤမျှလောက် အကြီးအကျယ် ငွေကြေး ဖောင်းပွလာခြင်း မှာ ကုန်ပစ္စည်း ရှားပါးကုန်စျေးနှုန်းအဆမတန် တက်သည့် ဂယက် ထက် လက်ရှိ ရီပတ်ဗလစ်ကန်အစိုးရအပေါ် အယုံအကြည်ကင်းမဲ့ သည့် ဂယက်က ပို၍ ကြီးမားလာသောကြောင့် ဖြစ်သည်။

ဤသို့ တစ်ဖက်မှ စီးပွားရေးကပ်ဆိုက်နေစဉ် အခြားတစ် ဖက်မှ နိုင်ငံရေးအကျပ်အတည်းမှုလည်း တစ်နေ့တခြား ပို၍ ကြီး မားလာနေသည်။ ဆူပူမှုများ၊ အဓိကရုဏ်းများ၊ လူစုလူဝေးဖြင့် အာဏာဖီဆန်မှုများအပြင် နိုင်ငံရေးပါတီ အချင်းချင်း ချောင်း မြောင်း လုပ်ကြံမှုများ ဖြစ်ပွားလာသည်အထိ ဆိုးရွားလာခဲ့သည်။

ဤအခြေအနေမျိုးသည် 'ပွဲလန့်တုန်းဖျာခင်း' လိုသော ဟစ်တလာအတွက် အကွက်ကောင်းပင် ဖြစ်သည်။ နာဇီပါတီ ကြီးမားလာရေး၊ လူသိများလာရေးကို အနုနည်းရောအကြမ်း နည်းပါ နှစ်ခုစလုံး သုံးခဲ့သည်။ နာဇီပါတီထဲသို့ လူတန်းစားမျိုးစုံ ကို စုပြုံသိမ်းသွင်း၍ ပါတီဝင်အရေအတွက်များများဖြင့် အင်အား ကြီးမားအောင် စည်းရုံးခဲ့သည်။ ထိုနောက် ထိုသို့ အင်အားကြီး မားသော ပါတီဝင်များကို စည်းရုံး၍ လူထုက အထင်ကြီးလာ အောင် အခြားပါတီများက လန့်လာအောင် လုပ်ဆောင်ခဲ့သည်။ ခြိမ်းခြောက်ခဲ့သည်။

၁၉၂၁ ခု ဇန်နဝါရီလ ၄ ရက်နေ့က ကင်ဒ်လ်ကဲလ်ဘီး အရပ်တွင် လူထုတရားပွဲကျင်းပရာ၌ ဟစ်တလာက 'နောင်ကိုဆို ရင် ကျုပ်တို့ အမျိုးသားဆိုရှယ်လစ်ပါတီရဲ့ လှုပ်ရှားမှုကြီးအတွက် ရက်ရက်စက်စက် ကာကွယ်ရလိမ့်မယ်၊ လိုအပ်ရင် အင်အားကို

www.burmeseclassic.com

www.burmeseclassic.com

အသုံးပြုပြီး ကာကွယ်သွားမယ်၊ ကျုပ်တို့ တိုင်းသူပြည်သားတွေရဲ့ စိတ်ဓာတ်ကို လမ်းမှားရောက်အောင် လုပ်မဲ့ ဟောပြောပွဲတွေ၊ အစည်းဝေးပွဲတွေမှန်သမျှ အင်အားကို အသုံးချပြီး ချေမှုန်းပစ်ရ လိမ့်မည်' ဟူ၍ အတိအလင်း ခြိမ်းခြောက်လာသည်။

(ဟောဒင်ရေး၊ အမျိုးသားဆိုရှယ်လစ်ဝါဒသမိုင်း စာမျက်နှာ-၃၁)

ထိုသို့ ခြိမ်းခြောက်ခဲ့သည့်အတိုင်း ထိုနှစ် စက်တင်ဘာလထဲ တွင် ဟစ်တလာသည် သူကိုယ်တိုင် ခေါင်းဆောင်၍ နောက်ပါ နာဇီပါတီဝင် အကြမ်းဖက်သမားများနှင့်အတူ အခြားပါတီတစ်ခု ၏ တရားပွဲကို လူအုပ်ဖြင့် ဝင်ရောက် ဖျက်ဆီးခဲ့သည်။

ထိုနေ့က တရားပွဲမှာ ဘာဗေးရီးယန်းပြည်နယ်စုအဖွဲ့ ချုပ်က ကျင်းပသော တရားပွဲဖြစ်၍ ဘောလားစတက်ဆိုသူက ဟောပြော ရန် စီစဉ်ထားသည်။ သို့သော် တရားပွဲမှာ ဟစ်တလာနှင့် နာဇီ ပါတီဝင်များ၏ လက်ချက်ကြောင့် ပျက်စီးသွားခဲ့ရာ ဟစ်တလာ မှာ ထိုအကြမ်းဖက်မှုကြောင့် ရဲအဖွဲ့၏ အရေးယူခြင်းခံရသည်။

ဟစ်တလာသည် သူ၏ 'တိုက်ပွဲ နည်းပရိယာယ်' အတိုင်း အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးရန် ရောက်လာသော ရဲအရာရှိ အား ခပ်တည်တည် ခပ်မာမာပင် အစစ်ခံသည်။

'ဟုတ်တယ်လေ၊ ဒါဘာမှ မဖြစ်လောက်ပါဘူး၊ ကျုပ်တို့ လုပ်စရာရှိတာ လုပ်လိုက်တာပါပဲ၊ ဘောလားစတက်ဆိုတဲ့အကောင် တရားမဟောရတော့ဘူး မဟုတ်လား၊ ဒါဆိုရင် ကိစ္စပြီးသွားတာပဲ'

(ဟောဒင်ရေး အမျိုးသားဆိုရှယ်လစ်ဝါဒသမိုင်း စာမျက်နှာ-၃၁)

ရှင်းသည်၊ ပြတ်သည်၊ ဤသို့ ရှင်းရှင်းပြတ်ပြတ်ပြော၍ ရဲရဲ ဝံ့ဝံ့ အစစ်ခံခြင်းဖြင့် မိမိတို့သည် လုပ်သင့်တာကိုလုပ်ခြင်းဖြစ်သည်။ မှန်တာကို လုပ်ခြင်းဖြစ်သည်ဟု လူထုကြီးက ယူဆသွားကြမည် မဟုတ်ပါလား။



သို့သော် ဟစ်တလာမှာ ဤကိစ္စအတွက် ငြိမ်ဝပ်ပိပြားရေး ကို နှောင့်ယှက်မှုဖြင့် ရုံးတင် တရားစွဲဆိုခြင်း ခံရသည်။

ထိုအချိန် ထိုအခါက တိုင်းရေးပြည်ရေး ဗရုတ်သုကွဲဖြစ်နေ၍ အုပ်ချုပ်ရေးပိုင်းကလည်း ဖရိုဖရဲဖြစ်နေသည်ဖြစ်ရာ တရားရုံးများ အပင်လျှင် လက်ရှိ ဗာဗေးရီးယန်း အစိုးရကို မလိုလားကြဘဲ မိမိတို့ရုံးသို့ ရောက်ရှိလာသော လက်ဝဲလက်ယာ အကြမ်းဖက်သမား များ၏ အမှုများကို ခပ်ပေါ့ပေါ့ စစ်ဆေး၍ ခပ်ပေါ့ပေါ့ပင် အပြစ်ပေးနေကြသည့် ကာလဖြစ်သည်။

သို့ဖြစ်ရာ ဟစ်တလာသည် အဆိုပါ တရားပွဲ ဖျက်မှုဖြင့် ထောင်ဒဏ် ၇ လ အပြစ်ပေးခံရသော်ငြား တစ်လသာ ထောင်ကျ ခံခဲ့ရသည်။

သူသည် ဇွန်လ ၂၄ ရက်နေ့တွင် ထောင်ကျခဲ့ပြီး ဇူလိုင်လ ၂၇ ရက်နေ့တွင် ထောင်မှ လွတ်ခဲ့သည်

ဟစ်တလာ ထောင်ကျသည့် ဇွန်လ ၂၄ ရက်နေ့မှာပင် ဘာဗေးရီးယန်းအစိုးရ၏ အရေးပါ အရာရောက်သည့် နိုင်ငံခြား ရေးဝန်ကြီး ရော့သန်နောမှာ တစ်ယူသန် အကြမ်းဖက်သမားများ လက်ချက်ဖြင့် လမ်းပေါ်မှာပင် ပစ်သတ်ခြင်းခံရသည်။

ဤတွင် အစိုးရအဖွဲ့မှာ ငုတ်တုတ် ထိုင်ကြည့်နေ၍ မဖြစ် တော့ဘဲ အကြမ်းဖက်မှုများကို နှိမ်နင်း တားဆီးရန်အတွက် ကာ ကွယ်ရေးဥပဒေကြမ်းကို ထုတ်ပြန်ကြေညာရတော့သည်။

ဟစ်တလာ၏နာဇီပါတီအပါအဝင် တစ်ယူသန်အကြမ်းဖက် သမားများကလည်း ငုံ့ခံမနေဘဲ အဆိုပါ ကာကွယ်ရေးဥပဒေ ကြမ်းကို ကန့်ကွက် ဆန္ဒပြကြသည်။

၁၉၂၂ ခု ဩဂုတ်လ ၁၁ ရက်နေ့တွင် ကာကွယ်ရေးဥပဒေ ကြမ်းကို ကန့်ကွက်သည့် လူထုဆန္ဒပြပွဲကြီး ကျင်းပခဲ့ရာ နာဇီတပ်ဖွဲ့ ဝင်များ၊ နာဇီမုန်တိုင်းတပ်ဖွဲ့ဝင်များအပြင် အခြားသော အစိုးရ ဆိုက်အခံ ပါတီဝင်များနှင့်အတူ ထောင်ပေါင်း များစွာသော လူထုကြီးများပါ တက်ရောက်ခဲ့ကြ၍ ဝက်ဝက်ကွဲမျှ စည်ကားခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤ လူထုဆန္ဒပြ ကန့်ကွက်ပွဲကြီးတွင် အဓိက ဟောပြော သူကား ဟစ်တလာပင်တည်း။

ဟစ်တလာသည် ဤလူထုဆန္ဒပြပွဲကြီးအပြီးတွင် ဘာဗေး ရီးယန်း အာဏာပိုင်များ၏ အတိုက်အခံ ရန်သူစာရင်းတွင် နံပါတ် တစ်အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည့်နည်းတူ အစိုးရကို ဆန့်ကျင် လှုပ်ရှားနေကြသော ဂျာမန်အမျိုးသားတို့၏ ထိပ်တန်း ခေါင်း ဆောင်တစ်ယောက်အဖြစ် ရောက်ရှိလာခဲ့သည်။

ထိုအချိန်မှစ၍ ဟစ်တလာနှင့် ဘာဗေးရီးယန်း အာဏာပိုင် များသည် ထိပ်တိုက် ရင်ဆိုင်ခဲ့ကြသည်။

ဟစ်တလာသည် အပြော အဟော ကောင်းသလောက် အာဏာစက် လျှာဏာစက် ကောင်းသူတစ်ယောက် ဖြစ်သည်။ သို့ ဖြစ်၍လည်း ဘာဗေးရီးယန်း အာဏာပိုင်များသည် သူ့ကို တဖြည်း ဖြည်း လန့်လာကြခြင်းဖြစ်သည်။

၁၉၂၂ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့က လူထုတရား ပွဲတစ်ခုတွင် သူက အောက်ပါအတိုင်း ဟိန်းဟောက်ခဲ့သည်။

'ကျုပ်တို့ဟာ ၁၉၁၈ ခုနှစ်က 'နိုဝင်ဘာ ရာဇဝတ် ကောင်တွေ' အကြောင်းကို ဖွင့်ချရလိမ့်မယ်၊ (ပထမကမ္ဘာ စစ်ပွဲကြီးအတွင်းမှာ) ဂျာမန်အမျိုးသား ၂ သန်း ကျဆုံးခဲ့ တာကို အချည်းနှီး အဖြစ်မခံနိုင်ဘူး၊ ဒီလို အကျအဆုံးခံရ ပြီးမှ ကျုပ်တို့ဟာ သစ္စာဖောက်တွေနဲ့ စားပွဲတစ်လုံးတည်း မှာ မိတ်ဆွေလို အတူတူထိုင်ပြီး မထိုင်နိုင်ဘူး၊ မှန်တယ်၊ ကျုပ် တို့ဟာ ဘာမှ တောင်းပန်ခယနေဖို့ မလိုဘူး၊ လိုသားချက် ကို တောင်းဖို့ပဲ လိုတယ်၊ အဲဒီ လိုလားချက်က ဘာလဲ ဆိုတော့ လက်စားချေရေးပဲ၊ ကျုပ်တို့ အမျိုးသားတွေရဲ့ မျက်နှာကို အိုးမည်းသုတ်တဲ့ အလုပ်မျိုးကို ရပ်စဲသွားအောင် လုပ်ပစ်ရမယ်၊ အဖနိုင်ငံကို သစ္စာဖောက်တဲ့လူတွေနဲ့ ရန်သူ



ကို သတင်းပေးတဲ့ လူတွေအတွက် အသင့်တော်ဆုံးနေရာ ဟာ ကြိုးစင်ပဲ'

(မြူနစ်မြို့တွင် ဟစ်တလာ၏ ဟောပြောချက်များ အတွဲ ၁၊ စာမျက်နှာ-၁၀၇)

ဤသို့ ဟစ်တလာ၏ ရဲရဲတောက် မိန့်ခွန်းများ နောက်သို့ ...ကြီးက ခေါက်ခေါက်ပါအောင် လိုက်နေကြသည်ကို တွေ့ ...ရသော အာဏာပိုင်များမှာ ဟစ်တလာအား တဖြည်းထက် ...သော လုံ့ဆော်ရေးသမား တစ်ယောက်အဖြစ် အသိအမှတ်ပြု ...ရသည်။ တစ်ချိန်တည်းတွင် နာဇီပါတီ၏ နိုင်ငံရေးအန္တရာယ် ...မြင်လာကြသည်။

နောက်ဆုံးတွင် ဤအချက်ကို အကြောင်းပြု၍ ဘာဗေးရီး ... အာဏာပိုင်များအတွင်း အယူအဆ ၂ မျိုး ဖြစ်လာသည်။ ...ထား ၂ ရပ် ပေါ်လာသည်။ ပြည်ထဲရေးဝန်ကြီး ချူး... တစ်ဖန်တခြား ခြေလှမ်းကျဲ၍ ကျဲ၍လာနေသော နာဇီ ... ခြေထောက်ကို ရိုက်ချိုးသည့် အနေဖြင့် ဟစ်တလာအား ...ဒဏ်ပေးပြီး ဩစတြီးယားပြည်သို့ ပို့ပစ်ရန် လိုလားသည်။ ...သော် အစိုးရအဖွဲ့ ခေါင်းဆောင် ဝန်ကြီးချုပ် ကနင်းလင်း ...တိုင်နှင့် တရားဝန်ကြီး ဂတ်နားတို့ကမူ နာဇီပါတီ၏ လှုပ်ရှား ...ကို စနစ်တကျ ထိန်းသိမ်းချုပ်ကိုင်၍ မိမိတို့အကျိုးအတွက် ...ချလှျင် ရနိုင်သည်ဟု ယူဆကြသည်။

ဤအချိန်တွင် ဘာဗေးရီးယန်း အစိုးရ အာဏာပိုင်များ ...ကံ ဦးနှောက်ခြောက်စရာ အခြားပြဿနာတစ်ရပ် ရှိနေသေး ...။ ယင်းပြဿနာမှာ အခြားမဟုတ်၊ ဘာလင်မြို့ရှိ ဗဟို ...ရအဖွဲ့ကြီးနှင့် မိမိတို့ ဘာဗေးရီးယန်းပြည်နယ် အစိုးရအဖွဲ့ ...သောကွဲလွဲ၍ ပဋိပက္ခ ဖြစ်ပွားနေခြင်းပင် ဖြစ်သည်။ ဘာဗေး ...န်းအစိုးရသည် ဘာလင်မြို့ရှိ ဗဟိုအစိုးရကြီးကို အံတု၍ မိမိ ... ပြည်နယ်အချုပ်အခြာအာဏာကို တိုးချဲ့လိုသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တိုးချဲ့ရန်အတွက် အဓိက လက်နက်ကိရိယာနှစ်ခု ဖြစ်သော
စစ်တပ်နှင့် လူထုကြီးက မိမိတို့အား မထောက်ခံရုံမျှမက ဆန့်ကျ
လှုပ်ရှားနေသဖြင့် ပို၍ အကျပ်ရိုက်နေသည်။

သို့ဖြစ်ရာ ဤအကျပ်အတည်းမှ ထွက်ရပ်လမ်းကို ပို့ဆော
ပေးမည့်သူမှာ အခြားသူမဟုတ်၊ ဟစ်တလာပင်ဖြစ်သည်။ အဘယ့်
ကြောင့်ဆိုသော် လက်ရှိ အချိန်တွင် ဟစ်တလာ၏ နောက်၌ စ
တပ်လည်း ရှိနေသည်။ လူထုကြီးလည်း ရှိနေသည်။ ထိုမျှမ
အခြားသော အမျိုးသားရေး ပါတီများပင်လျှင် ဟစ်တလာ၏
နောက်၌ရှိနေသည်။ ထို့ကြောင့် ဘာဗေးရီးယန်း အစိုးရဝန်ကြ
ချုပ် ကနုင်းလင်းကိုယ်တိုင်က ဟစ်တလာနှင့် နာဇီပါတီကို မိ
အကျိုးအတွက် အသုံးချလိုခြင်းဖြစ်သည်။

ဤသို့ အခြေအနေ ရှုပ်ထွေး ပွေလီနေသော ဂျာမနီပြည်
ကြီး၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဖြစ်ရပ် နှစ်ခုသည်
၁၉၂၃ ခုနှစ်ထဲတွင် ပေါ်ပေါက်ခဲ့သည်။

ပထမဖြစ်ရပ်မှာ ပြင်သစ်တို့က ဂျာမနီပြည်ပိုင်နက်ဖြစ်သော
'ရူး' နယ်ကို ဝင်ရောက် သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ပထမကမ္ဘာ
စစ်ကြီးကို အကြောင်းပြု၍ ဂျာမနီအစိုးရက ပြင်သစ်သို့ စစ်လျော်
ကြေးများပေးရန် ရှိနေရာ ဂျာမန်အစိုးရမှာ ပြည်တွင်းစီးပွားရေ
ကပ်ဆိုက်နေသဖြင့် အဆိုပါ စစ်လျော်ကြေးကို မပေးနိုင်ဘဲရှိနေ
သည်။ ဤတွင် ပြင်သစ်အစိုးရသည် ဂျာမန်တို့၏ စက်မှုလုပ်ငန်း
အချက်အချာဒေသဖြစ်သော 'ရူး' နယ်ကို ၁၉၂၃ ခုနှစ် ဇန်နဝါ
လ ၁၁ ရက်နေ့တွင် ဝင်ရောက် သိမ်းပိုက်ခဲ့သည်။

'ရူး' နယ်မှာ ဂျာမနီ တစ်နိုင်ငံလုံးတွင် အသုံးပြုနေသော
သံ၊ သံမဏိနှင့် ကျောက်မီးသွေးတန်ချိန်အားလုံး၏ ၈၀ ရာနှုန်း
ထွက်ရှိနေသော အဓိကဒေသကြီးဖြစ်ရာ ထိုနယ်ကို ပြင်သစ်တို့က
သိမ်းပိုက်လိုက်ရခြင်းသည် ဂျာမနီအား အရိုက်ကို ထိုးခံရသ
အသက်မရှူနိုင်ဘဲ ဖြစ်သွားစေခဲ့သည်။

ထိုသို့ ပြင်သစ်တို့က 'ရူး' နယ်ကို သိမ်းပိုက်လိုက်သည်
အကြောင်းပြု၍ ဒုတိယဖြစ်ရပ် ဆက်လက်ဖြစ်ပေါ်လာခဲ့သည်။



ယင်းဖြစ်ရပ်မှာ အခြားမဟုတ်၊ ဂျာမန် ငွေစက္ကူများ၏
တန်ဖိုးသည် သာမန် စက္ကူစုတ်လောက်မှ တန်ဖိုးမရှိအောင် ထိုး၍
ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

၁၉၂၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဒေါ်လာငွေ
၁ ကျပ်၏ တန်ဖိုးသည် ဂျာမန် မတ်ငွေ တစ်သိန်းခြောက်သောင်း
နှင့် ညီမျှခဲ့သည်။ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျာမန် မတ်ငွေ
တစ်သိန်းနှင့် ညီမျှခဲ့သည်။ နိုဝင်ဘာလ ၁ ရက်နေ့တွင် မှုကား
သန်းပေါင်း တစ်ထောင့်သုံးရာနှင့် ညီမျှခဲ့သည်။ ဤမျှလောက်
ဆောင်းပွလာသော ဂျာမန် ငွေစက္ကူသည် ဖောင်းရာမှပွ၊ ပွရာမှ
ပေါက်ကွဲရန်သာ ရှိတော့သည် မဟုတ်ပါလော။

ဤသို့ နိုင်ငံရေး စီးပွားရေး အကျပ်အတည်းများ ပေါ်
ပေါက်လာခြင်းသည် ဟစ်တလာအဖို့ 'မျက်ဖြူဆိုက်လေ ဆရာကြိုက်
လေ' ဖြစ်ခဲ့သည်။ သို့သော် သူသည် ဤအခွင့်အရေးကို သူ့
အကျိုးစီးပွားအတွက် အသုံးပြုရာ၌ လွယ်လွယ်နှင့် မရနိုင်သည်ကို
လည်း သူ သိထားသည်။ အဘယ့်ကြောင့်ဆိုသော် နာဇီပါတီသည်
သေးငယ်သေးကောင်း၊ နာဇီမုန်တိုင်းတပ်ဖွဲ့သည် လည်းကောင်း၊ တစ်နေ့
တခြား အင်အား ကြီးမားလာသည် မှန်သော်လည်း သူတို့၏
ပြေမှာ ဂျာမနီတောင်ပိုင်း ဘာဗေးရီးယန်းပြည်နယ်အတွင်းမှာ
သာ ရှိနေသေးသည်။ အကယ်၍သာ ဘာဗေးရီးယန်းအမျိုးသား
ရေး ဝါဒသမားများကို စုစည်း၍ ဘာဗေးရီးယန်းအစိုးရနှင့် ဘာ
ဗေးရီးယန်းပြည်နယ် စစ်တပ်များကို အပိုင်စီးမိပါက နောက်ဆုံး
ဘာလင်မြို့ကိုပင် ချီတက်သိမ်းပိုက်နိုင်စရာ ရှိသည်ဟု သူတွက်ထား
သည်။

သို့ဖြစ်ရာ ဟစ်တလာသည် သူ၏ သေနတ် ပြောင်းဝကို
ဘာလင်မြို့မှ ရီပတ်ဗလစ်ကန်ဗဟိုအစိုးရဘက်သို့ လှည့်၍ချိန်ရွယ်
လိုက်ပြန်သည်။ ဘာလင်အစိုးရသည် 'ရူး' နယ်ကို ပြင်သစ်တို့
ဝင်ရောက်သိမ်းပိုက်သည်ကို အကြောင်းပြု၍ ပြည်ပရန်သူများအား
ခုခံတိုက်ခိုက်ရန် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းရေးကို

www.burmeseclassic.com

www.burmeseclassic.com

စိုင်းပြင်းလျက်ရှိသည်။ ဟစ်တလာသည် အဆိုပါ ညီညွတ်ရေး တပ်ပေါင်းစုဖွဲ့ရေးကို အပြင်းအထန် ရှုတ်ချခဲ့သည်။

ဟစ်တလာက နာဇီပါတီ၏ ကြွေးကြော်သံ သတင်းစာတွင် အောက်ပါအတိုင်း ရေးသားလှုံ့ဆော်ခဲ့သည်။

"ကျွန်ုပ်တို့ အမျိုးသားများအဖို့ ကျူးကျော်ရေးသမားများကို ကျွန်ုပ်တို့ တိုင်းပြည်နယ်နိမိတ် အတွင်းမှ မောင်းမထုတ်နိုင်သမျှ ပြည်ပရေးရာများတွင် အောင်မြင်မှုရနိုင်မည် မဟုတ်ပေ။ ပြင်သစ်တို့အား စာလုံးများ စကားလုံးများဖြင့် ကန့်ကွက်နေချိန်တွင် ဂျာမန်တို့အား အသေသတ်မည့် ရန်သူသည် ကျွန်ုပ်တို့တိုင်းပြည်၏ နံရံများအတွင်းမှာပင် ပုန်းအောင်း ချောင်းမြောင်းနေပေသည်။ နိဝင်ဘာရာဇဝတ်ကောင်များကိုဖြုတ်ချကြလော့။ သူတို့၏အဓိပ္ပာယ်မရှိသော ညီညွတ်ရေး တပ်ပေါင်းစုကို ဖယ်ရှားကြလော့"

စင်စစ်အားဖြင့် ဟစ်တလာသည် အမျိုးသား ညီညွတ်ရေးကို မိမိအာဏာရရေး မပါဘဲ အလိုမရှိ၊ မိမိအာဏာရရှိရေး အပါအဝင် အမျိုးသားညီညွတ်ရေးသာလျှင် တကယ့် အမျိုးသား ညီညွတ်ရေးဟု ယူဆသူ ဖြစ်သည်။

သို့ဖြစ်ရာ ဟစ်တလာသည် ဘာလင်အစိုးရ၏ အမျိုးသား ညီညွတ်ရေးတည်ဆောက်မှုကို ကန့်ကွက် ရှုတ်ချနေသော်လည်း သူ ကိုယ်တိုင်ကမူ ဘာဗေးရီးယန်း အမျိုးသားဆိုရှယ်လစ်၏ အင်အားစုများကို ညီညွတ်ရေးခေါ်၍ စုစည်းခဲ့သည်။ ၁၉၂၃ ခုနှစ် အတွင်း သူသည် အမျိုးသားရေးဝါဒ အခြေခံရှိကြသည့်အခြား ပါတီ ၄ ခုနှင့် ညီညွတ်ရေးရကာ 'မျိုးချစ်အဖွဲ့ချုပ်' ဟူသော အမည်ဖြင့် ပူးတွဲကော်မတီ တစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဤသို့အားဖြင့် ဟစ်တလာသည် သူ၏နိုင်ငံရေး ခေါင်းဆောင်မှုအခန်းကို တိုးချဲ့သည်။



သူ၏ နိုင်ငံရေးခေါင်းဆောင်မှုကို လုပ်ကြံဖန်တီး၍ ရယူရာ၌ သူသည် အစစအရာရာ ချောမွေ့လွယ်ကူစွာ အောင်မြင်လာခဲ့သည် မဟုတ်၊ ခက်ခက်ခဲခဲ ဇွဲနဘဲကြီးစွာဖြင့် တိုက်ခိုက် ရယူလာခဲ့ရခြင်း ဖြစ်သည်။ အချို့နေရာများတွင် သူ့အတွက် နိုင်ငံရေး ခေါင်းဆောင်မှုအရှိန်အဝါ တက်မလာရုံမျှမက နိုင်ငံရေးသမားတို့ ထုံးစံအတိုင်း အရှက်တကွဲ အကျိုးနည်းခဲ့ရသည်များနှင့်လည်း ကြုံခဲ့ရသေးသည်။

ယင်းအဖြစ်မျိုးကို ကွန်မြူနစ်များနှင့် အလုပ်သမားသမဂ္ဂများ၏ ၁၉၁၇ ခုနှစ် မေဒေးနေ့ ချီတက်ဆန္ဒပြပွဲကို နှောင့်ယှက်ဖျက်ဆီးပစ်ရန် စီစဉ်ခဲ့စဉ်က ဟစ်တလာ ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ထိုအချိန်အခါက ရုရှားပြည်တွင် ဆိုဗီယက်ဆိုရှယ်လစ်အစိုးရက အလုပ်သမား လူတန်းစားကို ကိုယ်စားပြု၍ တိုင်းပြည်အာဏာကို ထူထောင်အောင်မြင်နေခိုက်ဖြစ်ရာ ဥရောပတိုက် တစ်တိုက်လုံးမှ အလုပ်သမားများမှာ အထူးပင် စိတ်ဓာတ်တက်ကြွ၍ အလုပ်သမားနေ့ထူးနေ့မြတ်ဖြစ်သော မေဒေးနေ့ အခမ်းအနားကို နိုင်ငံရေးလှုပ်ရှားမှုကြီးတစ်ရပ်အဖြစ် အကြီးအကျယ် ကျင်းပ ပြုလုပ်လျက်ရှိကြသည်။

သို့ဖြစ်ရာ ဟစ်တလာသည် မိမိတို့နာဇီပါတီ၏လှုပ်ရှားမှုနှင့် အပြိုင်ဖြစ်လာသော ကွန်မြူနစ်များနှင့် အလုပ်သမားသမဂ္ဂများ၏ ဆန္ဒပြပွဲများကို သူ၏ဝါဒအတိုင်း အကြမ်းဖက်နှိမ်နင်းပစ်ရန် စီစဉ်ခဲ့သည်။

ဧပြီလ ၃၀-ရက်နေ့၊ နာဇီပါတီ ကော်မတီအစည်းအဝေး၌ ကွန်မြူနစ်များ၏ မေဒေးနေ့ အခမ်းအနားကို အကြမ်းဖက် ဖျက်ဆီးရန် ဆုံးဖြတ်ချက် ချခဲ့သည်။ ထိုနေ့ညတွင် ဟစ်တလာ ကိုယ်တိုင် ဘာဗေးရီးယန်း အစိုးရစစ်တပ်၏ ဗိုလ်ချုပ် ဖြစ်သူ ဗွန်လော့ဆိုးထံ သွားရောက်၍ ကွန်မြူနစ်များ၏ ဆန္ဒပြပွဲကို နှိမ်နင်းရန်အတွက် လက်နက်များထုတ်ပေးရန် တောင်းဆိုသည်။ ထိုသော် ဗိုလ်ချုပ် ဗွန်လော့ဆိုးက ဟစ်တလာအား လက်နက်များ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်မပေးရုံမျှမက တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိပါးနှောင့်ယှက်သော အဖွဲ့အစည်းမှန်သမျှ မည်သည့်အဖွဲ့ကိုမဆို စစ်တပ်ဖြင့် နှိမ်နင်းပစ်မည်ဟူ၍ ခပ်မာမာပြောလွှတ်လိုက်သည်။

ဤတွင် ဟစ်တလာမှာ အခတော် အကျပ်ရိုက်သွားသည်။

အဘယ့်ကြောင့်ဆိုသော် ပါတီကော်မတီ၏ ဆုံးဖြတ်ချက်မှာ နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်၍ ဘယ်နည်းနှင့်မျှပြင်၍မရ၊ ပြင်ရန်လည်း အချိန်မရှိ၊ နက်ဖြန်နံနက်ဆိုလျှင် ကွန်မြူနစ်တို့၏ မေ့ဒေ နေ့ချီတက်ပွဲကို ချေမှုန်းတားဆီးရန် နာဇီမုန်တိုင်း တပ်ဖွဲ့ဝင်များသည် ချူရင်ဘတ်နှင့် လင်းရှပ်မြို့များမှပင် ချီတက်လာကြတော့မည်ဖြစ်သည်။ လင်းရှပ်မြို့မှ နာဇီတပ်သားများကို ဟင်းမလားနှင့် စထရက်ဆာတို့ကိုယ်တိုင် ခေါင်းဆောင်၍ သူတို့သည် ရိုင်ဖယ်သေနတ် တစ်ရာ့ခလေးဆယ်နှင့် စက်သေနတ် အသေးစားဇလေးများပင် ကိုင်ဆောင် ချီတက်လာကြမည်ဖြစ်သည်။

ဤသို့ ပါတီဆုံးဖြတ်ချက်အရ မြို့နယ် ခရိုင်များသို့ ညွှန်ကြားချက်များ ထုတ်ပြီးမှ ပြန်၍ရုပ်သိမ်းရန် မဖြစ်တော့၊ အချိန်လည်း မရှိတော့။

နောက်ဆုံးတွင် မတတ်သာတော့ဘဲ နာဇီ ပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ကြီးရမ်းသည် မုန်တိုင်းတပ်သားအချို့ကို ထရပ်ကားကြီးများဖြင့် တင်ဆောင်ကာ စစ်တပ်မှ လက်နက်များကို သိုလှောင်ထားရာ လက်နက်ရုံကြီးများဆီသို့ အပြင်းမောင်းကာ အစောင့် စစ်သားများကို ယုံလောက်အောင် ဖြီး၍ လက်နက်များကို တစ်ဖက်လှည့်ဖြင့် ထုတ်ယူလာခဲ့သည်။

နောက်တစ်နေ့ မေလ ၁-ရက်နေ့ နံနက်တွင် ကွန်မြူနစ်များနှင့် အလုပ်သမားသမဂ္ဂများက မြူနစ်မြို့တွင်းရှိ လမ်းမကြီးများပေါ်တွင် အေးချမ်းစွာ ချီတက်ဆန္ဒပြနေခိုက်၊ ဟစ်တလာသည် လက်နက်များ တပ်ဆင်ပေးထားသော မုန်တိုင်းတပ်သား နှစ်သောင်းကျော်ဖြင့် မြို့ပြင်ဘက် စစ်ရေးပြ ကွင်းကြီးထဲတွင် ရောက်ရှိနေသည်။ ဟစ်တလာသည် သူကိုယ်တိုင် သံခမောက် ဆောင်းကာ ပထမကမ္ဘာစစ်အတွင်းက ရရှိခဲ့သော တပ်သားကျော်

...ဆိပ်များကို ရင်ဘတ်၌ချိတ်ဆွဲကာ တကယ့် စစ်ဗိုလ်ကြီးဟန် ...ရှိနေသည်။

သူနှင့်အတူ မုန်တိုင်း တပ်ဖွဲ့များ၏ တပ်မှူး ဂိုးအားရင်း ...ပြင် ဟင်းမလား၊ စထရတ်ဆား စသူတို့ပါ ရောက်ရှိနေကြ ...သည်။

သူတို့သည် မုန်တိုင်းတပ်ဖွဲ့များကို စစ်ဆေးရင်း အချိန်နှင့် ...ကို စောင့်နေကြသည်။

မြို့တွင်းသို့ ရောက်ရှိနေသော ဗိုလ်ကြီးရမ်းထံမှ အချက်ပြ၍ ...နှိပေးသည်နှင့်တစ်ပြိုင်နက် မုန်တိုင်းတပ်သား နှစ်သောင်းတို့ ...သည် မြို့တွင်းသို့ တစ်ဟုန်ထိုးချီတက်ကာ ကွန်မြူနစ် ဆန္ဒပြပွဲကို ...မှုန်းပစ်ရမည်ဖြစ်သည်။

သို့သော် တဖြည်းဖြည်း နေမြင့်၍သာလာသည်။ ဗိုလ်ကြီး ...ထံမှ ဘာအမိန့်မှ ရောက်မလာ။ ဘာအချက်ပေးသံမှ မကြားရ ...နှိမရဘဲ ထုတ်ယူသွားသဖြင့် ဗိုလ်ချုပ်ကြီး ဗွန်း လော့ ဆိုး ...ယ်တိုင်က ခေါ်ယူစစ်ဆေးခြင်းခံနေရသည်။

နောက်ဆုံး မွန်းတည့်ခါနီးအချိန်တွင်မှ ဗိုလ်ကြီးရမ်းသည် ...ပြင်ဘက်မှ ဟစ်တလာနှင့် မုန်တိုင်းတပ်များရှိရာသို့ ရောက်လာ ...သည်။ သို့သော် သူ တစ်ဦးတည်းမဟုတ်ဘဲ စစ်တပ်နှင့် ရဲတပ်ဖွဲ့ ...ပါလာရုံမျှမက ဗိုလ်ချုပ်ကြီး ဗွန်လော့ဆိုးထံမှ "လက်နက် ...ကို ခြွင်းချက်မရှိ ပြန်အပ်ရမည်"ဟူသော တစ် ချက် လွှတ် ...နှိပါ ပါလာခဲ့သည်။

ဤတွင် ထရက်ဆားနှင့် မုန်တိုင်းတပ်ဖွဲ့ စစ်ရေးတာဝန်ခံ ...မှူးကြီး ကရိုင်းဘဲလ်တို့အာ မိမိတို့ မုန်တိုင်း တပ်များထက် ...အားနည်းနေသော အစိုးရစစ်တပ်နှင့် ရဲတပ်ဖွဲ့များကို ပြန် ... အကြံပေးကြသည်။ သို့သော် ထိုအကြံကို လက်မခံဘဲ ဟစ် ...သည် အညံ့ခံ၍ စစ်ဘပ်မှ လက်နက်များကို ပြန်အပ်လိုက် ...သည်။

ဤသို့လျှင် ကွန်မြူနစ်များ၏ ဆန္ဒပြပွဲကို ချေမှုန်းရန် ...ခြင်းမှာ ထိုအခါ၌ မအောင်မြင်ခဲ့ရုံမျှမက မိမိ၏ လက်ခအောက်

www.burmeseclassic.com



ယ်သား ထောင်ပေါင်းများစွာသော မုန်တိုင်း တပ်သားများ ရှေ့မှောက်တွင် ရန်သူကို အညံ့ခံခဲ့ရ၍ ခေါင်းဆောင်မှု အတော် ထိခိုက်သွားခဲ့သည်။

သို့သော် ဟစ်တလာသည် သူ၏ ခေါင်းဆောင်မှုကို ကြာကြာထိခိုက်မခံ၊ အခွင့်သာသည်နှင့် တစ်ပြိုင်နက် ကျသွင်းသွားသောခေါင်းဆောင်မှုကို အခြားတစ်ဖက်မှ ပြန်၍ တက်လာအောင် လုပ်ယူတတ်သည်။

ထိုအချိန်က ပြင်သစ်တို့ "ရား"နယ်ဟုခေါ် ဝင်ရောက်သိမ်းပိုက်မှုမှာ မပြီးဆုံးသေးဘဲ ဆက်လက် သိမ်းပိုက်နေဆဲပင် ဖြစ်ရာ ဂျာမနီပြည်ကြီးမှာ ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲ ဖြစ်နေဆဲပင် ရှိသည်။ ပြင်သစ်တို့က "ရား"နယ်ကိုသိမ်းပိုက်ရာ၌ "ရား"နယ်အား ဂျာမနီပြည်မှ ခွဲထွက်လိုသော ခွဲရေးသမားများကို ကောင်းကောင်းကြီး အသုံးချလျက်ရှိရာ ထိုဂယက်မှာ အခြားပြည်နယ်များသို့တိုင်အောင် ရိုက်ခတ်လျက်ရှိခဲ့၍ ဘာဗေးရီးယားနှင့် ရိုင်းလင်း ပြည်နယ်များကပါ ကွဲအက်ရေး ခွဲထွက်ရေးများကို ကြွေးကြော်လာကြသည်။

တစ်ချိန်တည်းတွင် မြို့ကြီးတိုင်း လိုလို၌ အဓိကရုဏ်းများ သပိတ်မှောက်မှုများဖြင့် ဆူပူအုံကြွနေသည့်ပြင် အချို့မြို့များ၌ အစိုးရရိကွာတင်ဆောင်လာသော မီးရထားနှင့် ထရပ်ကားများကိုပင် လမ်းခုလတ်မှ ပိတ်ဆို့ လုယက်ကြသည်အထိ အင်တော်ပြဿနာများ ကြီးမားလာလေသည်။

စက်တင်ဘာလ ၂ ရက်နေ့တွင် နျူရင်ဘတ်မြို့၌ ဟစ်တလာတို့ လူသိုက် ခေါင်းဆောင်သော 'မျိုးချစ်များ အဖွဲ့ချုပ်' ကြီးမှူး၍ လူထုဆန္ဒပြပွဲကြီး ပြုလုပ်ကြသည်။ ထိုနေ့ ထိုရက်မှာ ၁၈၇၀ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့က ဆီဒန် တိုက်ပွဲတွင် ဂျာမန်တပ်များက ပြင်သစ်တပ်များကို တိုက်ခိုက် အောင်မြင်လိုက်သည့် အထိမ်းအမှတ် နှစ်ပတ်လည်နေ့ဖြစ်သည်။ လောလောဆယ် ပြင်သစ်ဆန့်ကျင်ရေးစိတ်ဓာတ် ပိုမိုကြီးထွားအောင် ဟစ်တလာတို့က ထိုနေ့တွင် ထိုဆန္ဒပြပွဲကို ပြုလုပ်ကြခြင်းဖြစ်သည်။



ဟစ်တလာတို့၏ အဆိုပါရည်ရွယ်ချက်မှာ အထူးပင်အောင်မြင်သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့ စက်တင်ဘာ ၂ ရက်နေ့က နျူရင်ဘတ်မြို့ လူထု ဆန္ဒပြပွဲကြီးမှာ ဆိုသတ် တစ်သိန်းနီးပါးမျှ တက်ရောက်၍ စည်ကားခဲ့သောကြောင့် ဖြစ်သည်။

အဆိုပါ ဆန္ဒပြပွဲကြီးတွင် ဟစ်တလာသည် ဗိုလ်ချုပ်ကြီး လူဒင်ဒေါ့ဖ်နှင့်ပခုံးချင်းယှဉ်၍ ချီတက်လိုက်ပါခဲ့သည်။ လူဒင်ဒေါ့ဖ်မှာ ပထမ ကမ္ဘာစစ်ကြီး အတွင်းက ဂျာမန်တပ်များ၏ ဗိုလ်ချုပ်ကြီးအဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။ သူသည် ဂျာမန်တစ်မျိုးသားလုံးက စစ်ရေးစစ်ရာ ပါရဂူကြီးအဖြစ် ကြည်ညိုလေးစားခြင်းခံရသူဖြစ်၍ ယခုအခါ တပ်မှထွက်ကာ ဟစ်တလာတို့၏ 'မျိုးချစ်အဖွဲ့ချုပ်' တွင် ပါဝင်လုပ်ဆောင်နေသူတစ်ဦး ဖြစ်သည်။

မဒေးနေ့က ကွန်မြူနစ်တို့ဆန္ဒပြပွဲ ဖျက်ဆီးရန် စီစဉ်ခဲ့စဉ်က နိုင်ငံရေးခေါင်းဆောင်မှု ကျဆင်းသွားခဲ့သော ဟစ်တလာသည် ယခု 'ပြင်သစ်ဆန့်ကျင်ရေး' ဆန္ဒပြပွဲကြီးတွင် ပရိသတ်တစ်သိန်းနီးပါး ရှေ့မှောက်၌ ဂျာမန်စစ်ပါရဂူဗိုလ်ချုပ်ကြီး လူဒင်ဒေါ့ဖ်အားမှ ပခုံးချင်းယှဉ်၍ ချီတက်ဆန္ဒပြခဲ့ခြင်းဖြင့် ခေါင်းဆောင်မှုကို ပြန်လည် အဖတ်ဆယ်လိုက်သည်။

ထို့ပြင် ထိုနေ့က ဟစ်တလာသည် ထုံးစံအတိုင်း သူ၏စူးရှပြောင်မြောက်သော စကားလုံးများဖြင့် ပြင်သစ်နယ်ချဲ့သမားများကို ဟိန်းဟောက်ခဲ့ရုံမျှမက ဘာလင်သစ္စာဖောက်အစိုးရ အဖွဲ့ဝင် ဝင်ဘာ ရာဇဝတ်ကောင်များကိုလည်း ရစရာမရှိအောင် ပုတ်ခတ်ဟောပြောခဲ့ရာ လူထုကြီး၏ တခဲနက် ဩဘာသံများ အကြားတွင် သူ၏ နိုင်ငံရေးအရှိန်အဝါမှာ ပြန်၍ ကြီးမားလာခဲ့ပြန်သည်။

စင်စစ် ဟစ်တလာသည် အချိန်အခါနှင့် အခြေ အနေကို ကောင်းစွာ အသုံးချတတ်သူတစ်ဦး ဖြစ်သည်။

သူသည် သူနှင့် တန်းတူ ရည်တူ နိုင်ငံရေး ခေါင်းဆောင် အချင်းချင်းကပင် လေးစားလာအောင် သို့မဟုတ် လန့်လာအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်ခဲ့ရုံမျှမက လူထု၏ ကြည်ညိုမှု၊ ယုံကြည်ကိုးစားမှုကိုပါ သူ့ နေရာနှင့် သူ ရအောင် ဖန်တီးယူတတ်သူဖြစ်သည်။

အထူးသဖြင့် သူသည် သူနှင့်တစ်ကြိမ်တစ်ခါ တွေ့ရုံမျှနှင့် သို့မဟုတ် သူ့တရားပွဲကို တစ်ကြိမ် တစ်ခါ နားထောင်ရုံမျှဖြင့် သူ့ကို တစ်သက်လုံး မမေ့နိုင်ဘဲ အမှတ်တရဖြစ်သွားအောင် လုပ်တတ်သူတစ်ဦး ဖြစ်သည်။

လူစုလူဝေးဖြင့် ပြုလုပ်သော နိုင်ငံရေး တရားပွဲ၌သာလျှင် မဟုတ်၊ လူ့အရေးအတွက် နည်းနည်းဖြင့် ကျင်းပသော မွမ်းမွန်ညည်ခံပွဲများ၊ ထမင်းစားပွဲများ စသည်တို့တွင်လည်း ဟစ်တလာသည် အခြားသူများထက် ပို၍ သူ့ကိုယ်သူ ထူးခြားအောင် လုပ်သေ့ရှိသည်။

သူသည် ထိုသို့သော ထမင်းစားပွဲများ၊ ညည်ခံပွဲများတွင် သတ်မှတ်ထားသော အချိန်အတိုင်း တယ်တော့မှ တိတိကျကျ မလာဘဲ အခြားသူများမရောက်မီ သူတစ်ယောက်တည်း ကြိုတင်၍ အစောကြီး ရောက်အောင်သော်လည်း လာတတ်သည်။ တစ်ခါတစ်ရံ အခြားသူများ အားလုံးရောက်ပြီး အချိန်အတော် နောက်ကျပြီးမှ သူတစ်ယောက်တည်း ခပ်တည်တည် ဝင်လာတတ်သည်။

ဤသို့အားဖြင့် သူသည် တစ်ခါတစ်ရံ ဤထမင်းစားပွဲ၊ ထိုညည်ခံပွဲ စသည်တို့ကို အခြားသူများထက် ပို၍ အရေးထား လေဟန် လုပ်တတ်၍ တစ်ခါတစ်ရံတွင်လည်း သူသည် အလွန် အရေးကြီးသော ကိစ္စရပ်ကြီးများ ပေါ်ပေါက်နေသဖြင့် အချိန် နောက်ကျလေဟန် လုပ်တတ်သည်။

ထို့ပြင် သူသည် ထိုထမင်းစားပွဲ၊ ညည်ခံပွဲများတွင် တစ်ခါတစ်ရံ အစမှအဆုံးအထိ စကားတစ်လုံးမျှ မပြောဘဲ ငုတ်တုတ်ထိုင်နေတတ်သည်။ တစ်ခါတစ်ရံတွင်မူ သူသည် ဆွံ့အနေသူတစ်ယောက်ကဲ့သို့ စကားတစ်လုံးမျှ မပြောဘဲ ငြိမ်နေရာမှ ရုတ်တရက် ဝုန်းခနဲ ထကာ အော်ကြီး ဟစ်ကျယ်ဖြင့် စကားကို အမျှင်မပြတ် ပြောတတ်သည်။

www.burmeseclassic.com



ဤသို့ဖြင့် သူသည် အခြားသူများနှင့် လုံးဝ မတူအောင် ...းသဖြင့် အခြားသူများက မိမိအပေါ် အာရုံစိုက်လာအောင် ...ဆောင်တတ်သည်။

တစ်ခါက ဟစ်တလာသည် သူ၏ နာဇီပါတီကို နောက်ပိုင်းမှ ...ငွေထောက်ပံ့နေသော ဖရောဂါး ထရပ်ဆိုသူ အမျိုးသမီး ...တစ်ယောက်၏ ညည်ခံပွဲသို့ သွားရောက်ခဲ့သည်။

ထိုအမျိုးသမီး ကြီးမှာ ငွေကြေးအတော်အတန် ချမ်းသာ၍ ...လုပ်ငန်းတွင် အစုရှယ်ယာများ ပါဝင်ထားသူ ဖြစ်သည်။ ...အမျိုးသမီးကြီးက နာဇီပါတီ၏ ကြေးကြော်သံ သတင်းစာ ...ချိန်မှန် ထုတ်နိုင်ရေးအတွက် ဒေါ်လာတစ်ထောင် ချေးငှား ...ထောက်ပံ့ထားရာ ဟစ်တလာသည် ထိုအမျိုးသမီးကြီး၏ ညည်ခံပွဲသို့ ...တက်မဖြစ် တက်ခဲ့ရသည်။

ထိုစဉ်က ကောနေ့ဗဟာဒင်ဆိုသူပုဂ္ဂိုလ်က အဆိုပါ ညည်ခံ...င် ဟစ်တလာ၏ အပြုအမူများကို အောက်ပါအတိုင်းအသေး...ရေးသားခဲ့ဖူးသည်။

"ဟစ်တလာသည် အိမ်ရှင် များ အား သူ့တွင် အရေးကြီးသော အစည်းအဝေးတစ်ခု တက် ရောက် ရန် ရှိနေသဖြင့် ညည်ခံပွဲသို့ အချိန်နောက်ကျမှ ရောက်မည်ဖြစ်ကြောင်း ကြိုတင်ပြောကြား ထားပါသည်။ ကျွန်တော့် အထင်အားဖြင့် ဟစ်တလာရောက်လာချိန်တွင် ၁၁-နာရီ ခန့်ပင်ရှိနေပြီ ထင်ပါသည်။ သို့နှင့်ပင် သူရောက်လာရာ သူသည် အလွန်လှပသော အပြာရောင် ဝတ်စုံများကို ဝတ်ဆင်လာ၍ အလွန်အလွန် ကြီးမားလှသည့် ပန်းစည်းကြီး တစ်စည်းကိုလည်း ကိုင်ဆောင်လာသည်ကို တွေ့ရပါသည်။ သူသည် ထိုပန်းစည်းကြီးကို အိမ်ရှင်အမျိုးသမီးကြီးလက်သို့ ပေးအပ်ရင်း ထိုအမျိုးသမီးကြီးလက်ကို သိမ်မွေ့စွာနမ်း လိုက်ပါသည်။ သူ့ကိုအခြားသူများနှင့် အိမ်ရှင်က မိတ်ဆက် ပေးနေခိုက် သူ့ အမူအရာမှာ တရားရုံးတော် များ မှ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေချုပ်ကြီး တစ်ယောက်၏ ဂိုက်မျိုး ဖမ်းနေပါသည်။ ထို့နောက် စားပွဲပေါ်တွင် တည်ခင်းထားသော လက်ဖက်ရည်နှင့် ကိတ်မုန့်များအတွက် အိမ်ရှင်အမျိုးသမီးကြီးအား ကျေးဇူးတင် စကား ပြောကြားလိုက်ရာ ကျွန်တော့်မှာ သူ့အသံကြောင့် ရုတ်တရက် လန့်ရှိမျှာ ပင် သွားမိပါသည်။ ထို့နောက် သူသည် ကိတ်မုန့်များကို အံ့ဩစရာကောင်းလောက်အောင် တဝကြီးစားနေပါသည်။ သူ့အသံမှာ ကြားရသူတိုင်းကို စိတ်လှုပ်ရှားစေပါသည်။ သို့သော် ပျော်ပွဲ၊ ရှင်ပွဲ၊ ညှော်ခံပွဲများတွင် ကြားလေ့ကြားထရှိသော အသံမျိုးမဟုတ်ပါ။ အနည်းငယ် ခက်ထံမာကျောသလို ဖြစ်နေပါသည်။ မည်သို့ပင် ဖြစ်စေ ထို့နောက် သူသည် သူထိုင်နေသော ကုလားထိုင်ပေါ်တွင် တစ်နာရီနီးပါးမျှ စကားတစ်လုံးမှမပြောဘဲငြိမ်၍ ထိုင်နေပါသည်။ ထိုသို့ ငြိမ်နေရာမှ နောက်ဆုံး အိမ်ရှင် အမျိုးသမီးကြီးက ဂျူးများနှင့် ပတ်သက်၍ ရယ်စရာလိုလို ဘတည့်လိုလိုဖြင့် အမှတ်မထင် ကာကွယ်ပြောလိုက်မိသည်တွင် သူသည် ငြိမ်နေရာမှ စကားပြောလာကာ တောက်လျှောက် မရပ်မနားဘဲ ပြောချသွားပါသည်။ သို့ပြောနေရင်းက ခဏအကြာတွင် သူသည် သူထိုင်နေသော ကုလားထိုင်ကို နောက်သို့ ဆောင့်တွန်းလိုက်ပြီး ထိုင်ရာမှ ဝုန်းခနဲ မတ်တတ်ထလိုက်ပါသည်။ သို့သော် ပြောလက်စ စကားမှာ မရပ်သေးပါ။ ပြောမနေဆဲပင်ဖြစ်ပါသည်။ စကားပြောနေသည်နှင့်မတူဘဲ တစ်ယောက်တည်း ဒေါသတကြီး အော်ဟစ်နေသည်နှင့်ပင် တူနေပါသည်။ သူ့အသံမှာ ထိခရာက် ထက်မျက်လှ၍ ဤအသံမျိုးကို ဘယ်တုန်းဘယ်အခါ ဘယ်သူ့ဆီကမှ မကြားခဲ့ရဖူးပါ။ ထိုအခိုက် ကပ်နေသော အခြားအခန်းတစ်ခန်းထဲမှ ကလေးတစ်ယောက် လန့်နိုး၍ ဝါးကနဲ အော်ငိုသံကြားလိုက်ရပါသည်။ သူပြောနေသော အကြောင်းအရာမှာ ဂျူးများနှင့် ပတ်သက်၍ လေးနက်သော အချက်အလက်များ ပါရှိသည်မှန်သော်လည်း လုံးဝ တစ်ဖက်သတ်ကျလွန်းလှပါသည်။ သူသည် ထိုသို့နာရီဝက်ကျော်မျှ မရပ်မနား အော်ဟစ်ပြောဆိုနေရာမှ ဖြုန်းကနဲ ရုတ်တရက် ပြောလက်စ စကားကို ရပ်ပစ်လိုက်ပါသည်။ ပြီးနောက် အိမ်ရှင်အမျိုးသမီးကြီးရှိရာသို့ တလှမ်း ချင်း မှန်မှန်လျှောက်သွားပါသည်။ အနားရောက်လျှင်ဦးခေါင်းငုံ့ကာ အရိုအသေပြုပြီး သူ့တို့ခွင့်ပြုပါရန် တောင်းပန်ရင်း အမျိုးသမီးကြီး၏ လက်ကို သိမ်မွေ့စွာ နမ်းရှုပ်လိုက်ပါသည်။ နောက် အခန်းထဲမှ ခပ်တည်တည် ထွက်သွားပါသည်။ သူ့ကိုသဘောမကျသော်လည်းငြိမ်နေကြရသော ကျွန်ုပ်တို့သည်များမှာ တံခါးဝတွင် မထိ လေးစားဖြင့် ဦးခေါင်းညွတ်ကာ နှုတ်ဆက်၍ ထွက်ခွာသွားသော သူ့ကို အသာကြည့်နေလိုက်ကြရပါသည်''

(ဟောဖင်ရေး- ''ဟစ်တလာအထွထွေမှတ် စာမျက်နှာ- ၁၀၂၊ ၁၀၃)

အထက်ပါ အဖြစ်အပျက်ကို ပြန်ပြောသော ဟောဖင်ဆိုသူ ...လ်၏အဆိုအရ ထိုနေ့ကညှော်ခံပွဲသို့ရောက်လာကြသမျှညှော်သည် ...ားလုံးတို့သည် ဟစ်တလာကိုတစ်သက်လုံးမေ့မရအောင်ဖြစ်သွား ...ြရသည်ဟု သိရသည်။

ဤကား ဟစ်တလာ၏ နိုင်ငံရေး လူပေါ်လူဇော်လုပ်နည်း ...င်မျိုးပေတည်း။

www.burmeseclassic.com



## အောင်ပွဲမဆင်ဘဲ ထောင်ထဲဝင်ခဲ့ရခြင်း

"ဒီအခန်းထဲက ကျုပ်အမိန့်မရဘဲ ဘယ်သူမှမထွက်ရဘူး။ ထွက်သွားတဲ့လူကို အသေပစ်သတ်ရလိမ့်မည်"

ဟစ်တလာသည် လက်ထဲမှပစ္စတိုသေနတ်ကို ကိုင်ထားရင်း အခန်းထဲရှိ လူများကို မျက်နှာထား တင်းတင်းဖြင့် အမိန့်ပေးလိုက်သည်။

အခန်းထဲတွင် သူ့အပြင် အခြားလူ ၃-ယောက်ရှိနေသည်။ တစ်ယောက်မှာ ဘာဗေးရီးယန်းပြည်နယ်ဆိုင်ရာ ဗော်မရှင်နာမင်းကြီးကား၏ ဆိုသူဖြစ်သည်။ အခြားနှစ်ယောက်မှာ ပြည်နယ်စစ်ဘပ်မှတာဝန်ခံမှူးလော့ဆိုးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲမင်းကြီးစီဆာတို့ဖြစ်ကြသည်။

"ကျုပ်သေနတ်ထဲမှာ ကျည်ဆန်၄-တောင့်ရှိတယ်၊ တကယ်လို့ ခင်ဗျားတို့ ၃-ယောက်က ကျုပ်ပြောတဲ့အတိုင်း မလုပ်နိုင်ဘူးဆိုရင် ဒီထဲက ကျည်ဆန် ၃-တောင့်ဟာ ခင်ဗျားတို့အတွက်ပဲ။ ကျန်တဲ့ နောက်ဆုံးကျည်ဆန်က ကျုပ်အတွက်ဖြစ်မှာပဲ"

လက်ထဲမှ ပစ္စတိုသေနတ်ကာကာသားသားဖြင့် ရှူးရှူးရှားရှားဖြစ်နေသော ဟစ်တလာကို ကြည့်ရသည်မှာ လူစိတ်ပျောက်ပြီး သူ့ရဲခင်ရဲစီးနေသည်ဟု ထင်ရသည်။



ထိုနေ့မှာ နိုဝင်ဘာလ ၈-ရက်နေ့ဖြစ်သည်။ နေရာမှာ မြူးနစ်မြို့ ဘာဂါဘရောကဲလားအရက်ဆိုင်အဆောက်အအုံကြီး၏ တစ်ခုသောအခန်းကလေးထဲတွင် ဖြစ်သည်။

ဤအဖြစ်အပျက်ကို အစမှတဖန်ပြန်၍ ဖော်ပြရမည်ဆိုပါက ထိုနေ့ကခြား ပိုမိုဆိုးဝါးသာနေသော အုံကြွလှုပ်ရှားမှုများနှင့် ဆူပူသောင်းကျန်းမှုများကို မထိန်းသိမ်းနိုင်သော ဘာဗေးရီးယန်းပြည်နယ်အစိုးရအဖွဲ့သည် စက်တင်ဘာ ၂၆-ရက်နေ့တွင် ပြည်နယ်တစ်ခုလုံးကို 'အရေးကြီးသောအခြေအနေ' အဖြစ် ကြေညာသတ်မှတ်ခဲ့ရသည်။ ထို့နောက် လူသိများ၍ ထင်ရှားသော ဗွန်ကားရ်ဆိုသူ လက်ယာသမား နိုင်ငံရေးခေါင်းဆောင် တစ်ယောက်ကို ကော်မရှင်နာမင်းကြီးအဖြစ်ခန့်အပ်၍ အာဏာကုန် လွှဲအပ်ခဲ့သည်။

ဤတွင် ဟစ်တလာသည် ဘာလင်မြို့တော်ရှိ ဗဟိုအစိုးရနှင့်ကျင်ရေး စကားလုံးများကိုသုံးကာ ကော်မရှင်နာ မင်းကြီးကားရ်ကို ချဉ်းကပ်စည်းရုံးခဲ့သည်။ အဟုံသွင်းခဲ့သည်။ ကားရ်သည်း ဘာလင်မှ ဗဟိုအစိုးရအဖွဲ့ကိုဆန့်ကျင်၍ ဘာဗေးရီးယန်းပြည်နယ်၏ ကိုယ်ပိုင်လွတ်လပ်ခွင့် အာဏာကို ရယူကာ ပိုမိုတိုးချဲ့လိုမှုဖြင့် ရှာသည် ဟစ်တလာ၏ ယူဆချက်များကို လက်ခံခဲ့သည်။ သို့သော် ဟစ်တလာ၏ ပရိယာယ်ကိုမူ မသိနေသည်။

ဤအတောအတွင်း ဘာဗေးရီးယန်းပြည်နယ်ကော်မရှင်နာမင်းကြီး ကားရ်အပေါ်တွင် ဘာလင်အစိုးရက သံသယ တစ်နေ့ထက်တစ်နေ့ ကြီးမားလာ၍ ငြိုငြင်မှု ပိုမိုဖြစ်ပေါ်လာခဲ့ရာ ကားရ်သည် ဟစ်တလာ၏ အကြံပေးချက်အရ 'မျိုးချစ်အဖွဲ့ချုပ်' ခေါင်းဆောင်များနှင့် နိုဝင်ဘာလ ၆-ရက်နေ့တွင် တွေ့ဆုံဆွေးနွေးကြသည်။ ဤဆွေးနွေးပွဲတွင် ဟစ်တလာ၏ လုံ ဝ အာဏာ ရှိသော ဘာဗေးရီးယန်းပြည်နယ် အစိုးရအဖွဲ့သည် နိုင်ငံရေးအတွက်သာမက ပိုမိုအင်အားကြီးမားသော ဂျာမနီ နိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် ဘာလင်မြို့ကို အလုံး

www.burmeseclassic.com

www.burmeseclassic.com



အရင်းဖြင့်ချီတက်ကာ ရိပတ်ဗလစ်ကန်အစိုးရကို တော်လှန်ဖြုတ်ချရန် အကြံပေးခဲ့လေသည်။

ဟစ်တလာသည် မိမိတစ်ဦးတည်း သော် လည်း ကောင်း၊ မိမိတို့ 'မျိုးချစ်အဖွဲ့ချုပ်' တစ်ခုတည်း၏ အစွမ်းအစဖြင့် သော် လည်းကောင်း၊ ဘာလင်အစိုးရ ဖြုတ်ချရေးမှာ လုံးဝမဖြစ်နိုင်ကြောင်း သိရှိပြီးဖြစ်သည်။ သို့ဖြစ်ရာ အခိုက်အတန့်တွင် ဘာဗေးရီးယန်းအာဏာပိုင်များနှင့်ပေါင်းပြီး ဘာဗေးရီးယန်းပြည်နယ်ကို အုပိုင်စီးနိုင်ပါက တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်၍ ဘာလင်ကိုပါ သိမ်းပိုက်နိုင်မည်ဟု တွက်ဆထား သည်။

သို့သော် နိုင်ငံရေးမှာ ကြက်ဥအရောင် တိမ်တောင်သဖွယ် ဖြစ်၍ အပြောင်းအလဲ မြန်တတ်သည် ဖြစ်ရာ ဟစ်တလာသည် ကားရ်တို့လူသိုက်က သူမပါဘဲ ဘာလင်သို့ ချီတက်ကာ အာဏာသိမ်းပွဲ ပြုလုပ်မည်ကိုလည်း တစ်ဖက်မှ စိုးရိမ်ရသည်။

ထိုသို့ တစ်နေ့နေ့ တစ်ခုနေ့ ဖြစ်လာမည်ကိုစိုးရိမ်လှသဖြင့် ဟစ်တလာသည် ရက်ကြာကြာမဆိုင်းဘဲ နိုဝင်ဘာလ ၈-ရက်နေ့မှာပင် နိုင်ငံရေး ပါတီခေါင်းဆောင် အားလုံးနှင့်တကွ ကားရ်အပါအဝင် ပြည်နယ်အာဏာပိုင်များကိုပါ အစည်းအဝေးတစ်ရပ် ဖိတ်ခေါ်လိုက်သည်။

ကားရ်သည် အစပထမ၌ ထိုအစည်းအဝေးကို ဒီဘ်ထဲက မသိုးမသန့် ဖြစ်နေသောကြောင့်လားမသိ၊ မတက်ဘဲ နေမည်ဟု ကြံမိသေးသည်။ သို့သော် အကြံပိုင် လှသော ဟစ်တလာက ထိုအစည်းအဝေးကြီးမှာ ဘာဗေးရီးယန်း ပြည်နယ်၏အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို ကြေညာရန် အတွက် ပြင်ဆင်စိုင်းပြင်းသော ပဏာမ အစည်းအဝေးကြီး ဖြစ်သဖြင့် ဆက်ဆက်တက်ရန် လိုကြောင်း၊ အခြား နိုင်ငံရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များအားလုံး တက်ရောက်ကြရမည်ဖြစ်ကြောင်း သဘောပေါက်အောင်ပြောတော့မှ တက်ရန် သဘောတူလိုက်သည်။

ဟစ်တလာပြောသည့်အတိုင်း နိုဝင်ဘာလ ၈-ရက်၊ ထိုနေ့က ဘာဂါဘရောက်ကဲလား ခန်းမဆောင်ကြီးတွင် ကျင်းပသော အစည်း



[illegible]ကြီးသို့ ဘာဗေးရီးယန်း နိုင်ငံရေးသမား ခေါင်းဆောင်[illegible]နှင့်တကွ အုပ်ချုပ်ရေးပိုင်းကပါ စုံညီစွာ တက်ရောက်လာ[illegible]သည်။

အစည်းအဝေးမှာ ပြည်နယ်ကော်မရှင်နာမင်းကြီး ကားရ်[illegible]းစတင် ပြောကြားသည်အထိ အခြေအနေ ပုံမှန်အတိုင်း[illegible]ခဲ့သည်။

သို့သော် ကားရ်စကားပြော၍ မိနစ်နှစ်ဆယ်မျှ အကြာတွင်[illegible] လုံခြုံရေးတပ်မှူး ဂိုးအားရှင်းသည် လက်နက်ကိုင် နာဇီ[illegible]တပ်သား ၂၅-ယောက်နှင့်အတူ ခန်းမဆောင်ထဲသို့ဖြုန်းခနဲ[illegible]ရောက်လာကြရာ ပရိသတ်အားလုံးမှာ ရုတ်တရက် ထိတ်လန့်[illegible]ကြား ဖြစ်သွားကြသည်။

ထိုအခိုက်မှာပင် ပရိသတ်ထဲတွင် ရှိနေသော ဟစ်တလာ[illegible] သူထိုင်နေသော ကုလားထိုင်ပေါ်သို့ ရုတ်တရက် ခုန်တက်[illegible]ပြီး လက်ထဲမှ အသင့်ကိုင်ထားသော ပစ္စတိုသေနတ်ကိုအပေါ်[illegible]ဘာင်၍ 'ဒိုင်း'ကနဲ တစ်ချက်ပစ်လိုက်သည်။ ထို့နောက် သူသည်[illegible]လားထိုင်ပေါ်မှ ချက်ချင်းခုန်ဆင်းကာ စင်မြင့်ရှိရာသို့ ပြေး[illegible]ပြီး ကြက်သေ သေနေသော ပရိသတ်ဖက်သို့ မျက်နှာမူကာ[illegible]ဟစ်လိုက်သည်။

"အခုအချိန်ကစပြီး အမျိုးသား တော်လှန်ရေးကြီး စပြီ၊[illegible]:မဆောင်ကို လက်နက်အပြည့်အစုံ ကိုင်စွဲထားတဲ့ တပ်သား[illegible]၀၀-နဲ့ဝိုင်းထားတယ်။ ဒီအခန်းထဲက ဘယ်သူမှမထွက်ကြပါနဲ့၊[illegible]အချိန်ကစပြီး ဘာဗေးရီးယန်းအစိုးရနဲ့ ဗဟိုအစိုးရကိုဖြုတ်ချ[illegible]ပြီး ကြားဖြတ် အမျိုးသားအစိုးရကို ဖွဲ့လိုက်ပြီ။ စစ်တပ်နဲ့[illegible]တပ်ဖွဲ့ တန်းလျားတွေကိုလဲ သိမ်းထားပြီးပြီ။ အခုဆိုရင် နယ်[illegible]က စစ်သားတွေနဲ့ ရဲတပ်သားတွေပါ စကြာတံဆိပ် အလံ[illegible]ဘော်ကိုလွှင့်တူပြီး ဒီမြို့တော်ကို ချီတက်လာနေကြပြီ"

ခန်းမဆောင်ထဲရှိ နိုင်ငံရေးသမားများနှင့် အုပ်ချုပ်ရေး[illegible]မှ အကြီးအကဲများမှာ ယခုမှ အခြေအနေဖြစ်မှန်ကို သိကြ[illegible] သူတို့အပေါ် တစ်ပတ်ရိုက် ခံလိုက်ရသည်ကို ဒေါ်သကာ

www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်ဖြစ်နေကြသည်။ ဟစ်တလာ၏ စကားကိုလည်း ယုံ အခက် မယုံရအခက် ဖြစ်နေကြသည်။

ဟစ်တလာသည် အခန်းထဲတွင်ရှိနေသောလူများကို စောင့်ကြည့်ရန် ဂိုးအားရင်းကို အမိန့်ပေးပြီးနောက် ပြည်နယ်ကော်မရှင်နာမင်းကြီးကားရ်၊ ပြည်နယ်တပ်မှူး ဗလာဆိုးနှင့် ပြည်နယ်ရဲမင်းကြီး စိဆာတို့ ၃-ယောက်ကို ဘေးဘက်မှ အခန်းထဲသို့ ခေါ်သွင်းကာ အခန်းထဲ အရောက်တွင် ပစ္စတို သေနတ်ဖြင့်ချိန်၍ ဒီအခန်းထဲက ကျုပ်အမိန့်မရဘဲ ဘယ်သူမှ ထွက်မသွားရဘူး။ ထွက်သွားတဲ့လူကို အသေပစ်သတ်ရလိမ့်မယ် ဟူ၍ အထက်အာဏာတွင် ဖော်ပြခဲ့သည့်အတိုင်း ခြိမ်းခြောက်ခဲ့သည်။

ဟစ်တလာသည် ပစ္စတိုသေနတ်ကိုလက်မှမချဘဲဆက်လက်၍ မိမိနှင့် ဗိုလ်ချုပ် လူဒင်ဒေါ့ဖ်တို့ ပူးပေါင်း၍ အစိုးရ အဖွဲ့သစ် ဖွဲ့လိုက်ပြီဟု ကားရ်တို့ လူသိုက်အား ပြောကြားနေသည်။ (စင်စစ် အားဖြင့် ဗိုလ်ချုပ်ကြီး လူဒင်ဒေါ့ဖ်မှာ ဤကိစ္စကို ဘာမှမသိ။ သူသည် ဤအချိန်က နယ်သို့ ခရီးလွန်နေရာ ဟစ်တလာက လူဒင်ဒေါ့ဖ်အား ဤအာဏာသိမ်းပွဲတွင် ပြုရုပ်မျှဖြစ် အသုံးချရန် သူ့လူတစ်ယောက်ကို လူဒင်ဒေါ့ဖ်နောက်သို့ အခေါ်လွှတ်ထားဆဲပင် ရှိသေးသည်။)

ဟစ်တလာသည် ယခုအချိန်အထိ မတုန်မလှုပ်ရှိနေသော လူ ၃-ယောက်ကိုကြည့်ကာ ပို၍ ဒေါပွလာပုံရသည်။ သူသည် သေနတ်ကိုင်ထားသော လက်ကို ခေါင်းပေါ်တွင် ဝှေ့ယမ်းရင်း 'ဒီကိစ္စဟာ မနက်ဖြန်သနေ့ကျလို့မှ မအောင်မြင်ဘူးဆိုရင်တော့ ကျုပ်ကိုယ်ကျုပ် သေပြီလို့ မှတ်လာပြီ ဘဲပဲ'ဟူ၍ ဆက်လက် ပြောပြန်သည်။

ဤတွင် ရဲမင်းကြီး စိဆာက ဟစ်တလာအား ယခင်က ယခုလို အာဏာသိမ်းမှုမျိုး မလုပ်ပါဟု ကတိပေးထားခဲ့ပြီးမှ ကတိဖျက်သည်ကို ပြစ်တင်ပြောဆိုရာ ဟစ်တလာက 'ဟုတ်ပါတယ်၊ ဒါ ကျုပ်အာဝန်ပါ၊ ဒီတော့ ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ် ဒီလို



ဟာလဲ အဖနိုင်ငံအတွက် မလုပ်ရင် မဖြစ်လို့ လုပ်လိုက်ရ ပါ'ဟု ခပ်တည်တည် ပြန်ပြောသည်။

ကော်မရှင်နာမင်းကြီး ကားရ်ကမူ မျက်နှာထား ခပ်တင်းတင်းထားကာ 'မင်း ငါ့ကို ဖမ်းချင် ဖမ်းနိုင်တယ်၊ သတ်ချင် သတ်နိုင်တယ်၊ ငါ့အတွက် အသက်ရှင်တာ သေတာတွေဟာ ဘာမှ မဟုတ်ပါဘူး'ဟု ပြန်ဟောက်သေးသည်။

သို့သော် သူတို့ ၃-ယောက်သည် အခြေအနေအရ အခြား ရွေးစရာမရှိ။ ပြောသည့်အတိုင်း လိုက်နာကြရန်သာရှိသည်။ ဤအချိန်အတန့်တွင် သူနှင့် ပူးပေါင်းကြရန်သာရှိသည်။ နောင် ဟာ ခနောင်ခါရှေ့'ဟု သဘောထားလိုက်ကြသည်။

သို့နှင့်ပင် ဟစ်တလာသည် ခန်းမဆောင်ကြီးထဲသို့ ပြန်ဝင်လာပြီး စင်မြင့်ဆီသို့ ကမန်းကတန်းသွားကာ မိမိနှင့် ဤလူ ၃-ယောက်တို့သည် ဂျာမန်အစိုးရသစ် ဖွဲ့စည်းရေးတွင် ပူးပေါင်း ဆောင်ရွက်ရန် သဘောတူညီမှု ရခဲ့ကြပြီဟု ကြေညာလိုက်သည်။

''ဘာဗေးရီးယန်း အစိုးရဟာ ပြုတ်ကျသွားပါပြီ။ အခု အသစ်ဖွဲ့စည်းလိုက်တဲ့ အစိုးရအဖွဲ့သစ်မှာ အာဏာကုန်လွှဲအပ်ခြင်းခံရတဲ့ နိုင်ငံရေး ရှေ့ဆောင် ပုဂ္ဂိုလ်တစ်ဦးနဲ့ ဝန်ကြီးချုပ် တစ်ဦးပါဝင်ဖို့ လိုပါတယ်၊ ဒါ့ကြောင့် မွန်ယားရ်ကို နိုင်ငံတော်ရဲ့ ရှေ့ဆောင်ပုဂ္ဂိုလ်အဖြစ် ခန့်အပ်ဖို့နဲ့ ကားရ်ဖိုးနားကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ဖို့ ကျုပ် အဆိုပြုပါတယ်၊ နိုဝင်ဘာ ရာဇဝတ်ကောင်များရဲ့ အစိုးရ အဖွဲ့နဲ့ ဝန်ကြီးချုပ်တို့ကိုလဲ ဖြုတ်ချလိုက်ပါပြီ။ ဒါ့ကြောင့် အမျိုးသားအစိုးရ အဖွဲ့သစ် တစ်ရပ်ကို ဒီမြူနစ်မြို့မှာ ဒီနေ့ပဲ စတင်ပြီး ဖွဲ့စည်းလိုက်ပါပြီ။ ဂျာမန်အမျိုးသား တပ်မတော်ကြီးကိုလဲ မကြာခင် အမြန်ဆုံး ထူထောင်ပါမယ်၊ ဒါကြောင့် နိုဝင်ဘာလ ရာဇဝတ်ကောင်များကို အပြီးသတ် စာရင်းမရှင်းရသေးမီအတွင်းမှာ အမျိုးသား အစိုးရအဖွဲ့ ပေါ်လစီများကို ကျုပ်ကိုယ်တိုင် ရှေ့ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားသွားပါမယ်၊ ဗိုလ်ချုပ်ကြီး လူဒင်ဒေါ့ဖ် ... ဂျာမန် အမျိုးသား တပ်မတော်ကြီးကို ဦးဆောင်သွား... လိမ့်မယ်၊ လော့ဆိုးက ပြည်ထဲရေးဝန်ကြီးအဖြစ်ဆောင်ရွ... ပြီး စီဆာက ရဲတပ်ဖွဲ့ဝန်ကြီးအဖြစ် တာဝန်ယူပါလိမ့်မယ်... ဂျာမန်အမျိုးသား ကြာဖြတ်အစိုးရရဲ့ တာဝန်ကတော့ ... ဒုစရိုက်မှုတွေများနေတဲ့ ဘာလင်မြို့တော်ကြီးကို ချီတက်ပြ... ဂျာမန်အမျိုးသားတွေကို ကယ်တင်ဖို့ပါဘဲ''

(မြူနစ်မြို့တရားရုံးမှတ်တမ်းများမှ)

ဟစ်တလာသည် သူ၏ ''မူသာဝါဒ အဘိဓမ္မာ'' သဘော... တရားအရ ခန်းမဆောင်ထဲမှ လူထုကြီးအား အစွမ်းကုန်ဖြီးလိုက်... သည်၊ အကြီးအကျယ် လိမ့်လိုက်သည်။ ရဲရဲဝံ့ဝံ့ လှည့်စားလိုက်... သည်။ သူ့အဘိဓမ္မာအတိုင်း လူထုကြီးသည် သူ့ဘက်သို့ ယိမ်း... လာခဲ့သည်။ သူ့နောက်သို့ ပါလာသည်။

သူ၏ ကြေညာချက်အပြီးတွင် ခန်းမဆောင်ထဲမှ ထွက်ပေါ်... လာသော သြဘာသံများသည် တစ်ဖက်ခန်းထဲတွင် အစောင့်များ... ချထား၍ ယခုတိုင် မထွက်ရသေးဘဲရှိနေသေးသော လူဥ-ယော... ၏ စိတ်ဓာတ်ကိုပင် တစ်မျိုးတစ်ဖုံ ဖြစ်စေခဲ့သည်။

အဆိုပါ အခန်းကလေးထဲသို့ ဟစ်တလာ ပြန်ဝင်လာလျှ... လာချင်း ဗိုလ်ချုပ်ကြီး လူဒင်ဒေါ့ဖ် ရောက်လာသည်။ သူသည်... ဤအာဏာသိမ်းပွဲသတင်းကို ကြားလျှင်ကြားချင်း၊ မိမိ ထ... ''နှာတဖျား''သာသွားသော ဟစ်တလာကို အကြီး အကျယ်... မကျေမနပ်ဖြစ်ခဲ့သည်။ ထို့ပြင် ဟစ်တလာ၏ အစိုးရအဖွဲ့သ... အတွင်း ရာထူးခွဲဝေခဲ့ရာတွင် သူ့ကိုယ်သူ ထိပ်ဆုံးမှ ''အာဏာ... ရှင်''အဖြစ် ခန့်အပ်ခဲ့ပြီး မိမိကိုမူ မတည်ထောင်ရသေးသော... ဘယ်မှာနေမှန်းမသိသေးသော ဂျာမန်အမျိုးသားတပ်မတော်ကြီး... ကို အုပ်ချုပ်ရန် တာဝန်ပေးခြင်းခံရသဖြင့် ပိုမို ဒေါသခဲ့သည်။



ထို့သော် လူဒင်ဒေါ့ဖ်သည်အတွေးအခေါ်ရှင်ကျက်၍ဒေါသ... ...အားတတ်သူတပ်ယောက်မဟုတ်သည့်အတိုင်း စိတ်ထဲက အစိုင်... မျိုးသိပ်ကာ ယခုကိစ္စမှာ တစ်မျိုးသားလုံး၏ သေရေး... ဖြစ်သဖြင့် အားလုံးတညီတညွတ်တည်း ပူးပေါင်း ဆောင်... ...ရွက်ရန်ပင် အကြိုးပေးစကား ပြောကြားခဲ့သည်။

ယခုအချိန်ထိ ကော်မရှင်နာမင်းကြီး ကားရိမှာ ဘာဝင်... ...ဘဲရှိနေရာ နောက်ဆုံးတွင် ဟစ်တလာက မျက်နှာချို... ...သာ ဤကိစ္စတွင် လိုအပ်ပါက ဘာဗေးရီးယန်း ပြည်နယ်၏... ...သခင်မင်းသားကြီး ရူပရိချ်ထံ မိမိကိုယ်တိုင်သွားရောက်... ...မန်အမျိုးသားများသည် လက်ရှိအခြေအနေကို မကျေနပ်ကြ... ...တော်လှန်ကြခြင်းဖြစ်ကြောင်း၊ ဤတော်လှန်ရေးမှာဗေးယခင်... ...ဘေရိယန်း မင်းမျိုးမင်းနွယ်များ စွန့်လွှတ်ခဲ့ရသော အချုပ်... ...အာဏာကို ပြည်လည်တည်ထောင်သည့် တော်လှန်ရေးကြီး... ...ကြောင်း ပြောကြား လျှောက်ထားပါမည်ဟူ၍ ဝန်ခံပြောဆို... ...သည်။

ဤတွင်မှ ကားရိသည် မင်းသားကြီးကိုယ်စား အစိုးရအဖွဲ့... ...တွင် တာဝန်ယူပါမည်ဟူ၍ သဘောတူလိုက်သည်။

သူတို့သည် ဤသို့အားဖြင့် ထိုအခန်းကလေးထဲတွင် အစိုးရ... ...ဖွဲ့စည်းရေးသည် မရေမရာ သဘောတူညီချက် ရခဲ့ပြီးနောက်... ...ခန်းမဆောင်ကြီးထဲသို့ အားလုံး ပြန်ဝင်လာကြသည်။

အခန်းထဲတွင် စောင့်နေကြသော လူထု ပရိသတ်ကြီးမှာ... ...ဟစ်တလာတို့လူစု ရှုန်းရင်းဆန်ခတ်မဖြစ်ဘဲ အခန်းထဲမှ အေးအေး... ...ဆေးဆေးဖြင့် အားလုံး တစ်ပြိုင်နက် ထွက်လာသည်ကို မြင်လိုက်... ...ရသည်နှင့်တစ်ခဲနက် သြဘာပေးကြတော့သည်။

ဟစ်တလာတို့လူသိုက်လည်း စင်မြင့်ပေါ်သို့ အားလုံးတက်... ...၍ စကားအနည်းငယ်စီ ပြောကြသည်။ တိုင်းပြည်နှင့် လူမျိုး... ...အပေါ် သစ္စာရှိကြမည်ဖြစ်ကြောင်း တိုင်တည်ကြသည်။ ထို့နောက်... ...သူတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လက်ဆွဲနှုတ်ဆက်... ...ကြသည်။ သြဘာသံများကား ဆူညံလျက်ပင်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် ရှောရှောရှူရှူဖြင့် မိမိ ဆင်ထားသော
အကွက်အတိုင်း ဝင်လာသည်ကို တွေ့ရသော ဟစ် တ လာ မှာ
အထူးပင် အားရဝမ်းသာဖြစ်ကာ စိတ်ခေါ်တက်ကြွနေသည်။ သူ
မိန့်ခွန်းမှာ ခါတိုင်းထက်ပို၍ အသက်ဝင်နေသည်။

"ကျုပ်ဟာ လွန်ခဲ့တဲ့ ၅-နှစ်လောက်က ဆေးရုံပေါ်မှာ
မျက်မမြင် ဒုက္ခိတ ဘဝနဲ့ နေခဲ့တုန်းက အဓိဋ္ဌာန်ပြုခဲ့တ
အချက်ကို ဒီနေ့ အကောင်အထည်ဖော်ဖို့ဖြစ်လာပြီ။ အဲ
အဓိဋ္ဌာန်က ဘာလဲဆိုတော့ နိုဝင်ဘာလ ရာဇဝတ်ကော
တွေကို ဖြုတ်မချမချင်း ဒီနေ့ ပျက်စီးယိုယွင်းနေတဲ့ဂျာမ
ပြည်ကြီးကိုလွတ်လပ်ပြီး ဂုဏ်ကျက်သရေအပေါင်းနဲ့ ပြည့်
တဲ့ အင်အားကြီးမားတဲ့ ဂျာမန်နိုင်ငံတော်ကြီးအဖြစ်ရောက်
မလာမချင်း ကျုပ်ဟာ မနေမနား အစွမ်းကုန် ကြိုးစား
အားထုတ်သွားမယ်ဆိုတဲ့ အဓိဋ္ဌာန်ပါပဲ"

ဟစ်တလာ၏ အထက်ပါ မိန့်ခွန်းအဆုံးတွင် ခန်းမဆောင်
ကြီးတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်တစ်ခဲနက်ဩဘာသံကြီး ထွက်
ပေါ်လာခဲ့သည်။ ထို့နောက် "အဖ ဂျာမန် နိုင်ငံတော်ကြီးသည်
မြင့်မြတ်လှပါသည်"ဟူသော ဂျာမန် အမျိုးသား သီချင်းသံသည်
ခန်းမဆောင်တစ်ခုလုံး ဖုံးလွှမ်းသွားခဲ့သည်။

ဤအတိုင်းဆိုလျှင် ဟစ်တလာ၏အာဏာသိမ်းပွဲမှာ အောင်
မြင်စွာပြီးဆုံးခဲ့ပြီဟုဆိုရန်သာရှိတော့သည်။

သို့သော် တိုင်းရေး ပြည်ရေး၊ နိုင်ငံရေးဟူသည် ကြက်ဥ
အရောင် တိမ်တောင်သဖွယ် ဖြစ်လွယ် ပျက်လွယ်တတ်သည်မဟုတ်
ပါလား။

ထိုအခိုက် မြို့တွင်း အင်ဂျင်နီယာ စစ်တန်းလျားတစ်ခုကို
နာဇီမုန်တိုင်းတပ်များက ဝင်ရောက် သိမ်းပိုက်လိုက်ရာမှ အစိုး
စစ်သားများနှင့် နာဇီတို့ အချင်းဖြစ်ပွားနေကြောင်း နာဇီတပ်ဖွဲ့



ဝင်တစ်ဦးက လာရောက်သတင်းပို့သဖြင့် ဟစ်တလာသည် ချက်
ချင်းပင် ထိုနေရာသို့ လိုက်ပါသွားရသည်။

ဟစ်တလာသည် ကားရိုတို့လူစုကို လုံးဝ စိတ်ချသွားခြင်း
မည်သို့မျှ ကြိုတင်ကာကွယ်မှု လုပ်မသွားခဲ့ဘဲ အမှတ်တမဲ့ပင်
ထွက်သွားခဲ့သည်။ ဤသည်မှာ သူ၏ မဟာ အမှားတော်ပုံဖြစ်
သည်။

အကယ်၍ကြောင့်ဆိုသော် ထိုခန်းမဆောင်မှ ဟစ် တ လာ
ထွက်ခွာသွားသည်နှင့်တစ်ပြိုင်နက်၊ လူအုပ်ကြီးသည် ခန်းမဆောင်
ကြီးထဲမှ ရုန်းရင်း တိုးဝှေ့ထွက်ကြရာ ကော်မရှင်နာ မင်းကြီး
ကားရိုနှင့် ဗိုလ်ချုပ်ကြီး လော့ဆိုး၊ ရဲမင်းကြီး စီဆာတို့ပါ
လူအုပ်နှင့်အတူရော၍ ထွက်လာကြသည်။ အထွက်တွင် လော့ဆိုးက
ကားရိုနှင့် စီဆာတို့ကို အသာလက်တို့၍ ခပ်တိုးတိုး ပြောလိုက်
သည်။ "ကြည့်လုပ်ကြတာပေါ့"

ထို့နောက် သူတို့ ၃-ယောက်စလုံး ပျောက်သွားကြသည်။

ဗိုလ်ချုပ်ကြီး လော့ဆိုးသည် သူ့ရုံးခန်းသို့ ချက်ချင်း ပြန်
ရောက်လာခဲ့ရာ အာဏာသိမ်းပွဲ သတင်းကို ကြားနှင့်နေသော
ဒု-ဗိုလ်ချုပ်ကြီး ဗွန်ဒင်းက ဆီးကြို၍ "ဘယ့်နှယ်လဲ ဗိုလ်ချုပ်၊
အခြေအနေအရ ကြည့်လုပ်ခဲ့ရတာ မဟုတ်လား"ဟု မေးလိုက်
သည်။

မှန်သည်၊ ဗိုလ်ချုပ်ကြီး လော့ဆိုးသည် ဟစ်တလာက
မိမိတို့အား တစ်ပတ်ရိုက်ခဲ့သည်ကို ပြန်၍ "နှစ်ပတ်ရိုက်"ခဲ့ခြင်း
ဖြစ်သည်။

သူသည် သူ့ရုံးခန်းမှနေ၍ ချက်ချင်းအမိန့်ထုတ်လိုက်သည်။
ထိုအမိန့်မှာ ဘာဗေးရီးယားခန်းမဆောင်တွင် ဖြစ်ပျက်
ခဲ့သော အဖြစ်အပျက် တစ်ခုလုံးသည် တရားဝင် မဟုတ်ကြောင်း၊
သို့ဖြစ်၍ ဘာဗေးရီးယန်း အစိုးရတပ်များသည် နာဇီပါတီဝင်
များကို လက်နက်မချဘဲ ပြန်လည် တိုက်ခိုက်ကြရမည်ဖြစ်ကြောင်း
ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘာဗေးရီးယန်း မင်းသားကြီး ရှူပရီချက်ကလည်း "အာဏာသိမ်းပွဲ"ကို ချေမှုန်းပစ်ရန်၊ လိုအပ်လျှင် စစ်ကူများ ဖြည့်တင်း၍ အပြင်းအထန် နှိမ်နင်းပစ်ရန် ညွှန်ကြားလိုက်သည်။

နောက်တစ်နေ့ နိုဝင်ဘာလ ၉-ရက်နေ့ နံနက်လင်းလျှင်လင်းချင်း၊ ဟစ်တလာနှင့် လူဒင်ဒေါ့ဖ်တို့ လူသိုက်သည် မိမိတို့ "အာဏာသိမ်းပွဲ" အခြေအနေ မနေ့ကနှင့် ယနေ့ ပြောင်းပြန်ဖြစ်သွားပြီကို သိကြရသည်။

ဟစ်တလာသည် နောက်ဆုံးကြိုးပမ်းသည့် အနေဖြင့် မင်းသားကြီး ရှူပရီချက် ထံ သူနှင့် ရင်းနှီးသော ဗိုလ်ကလေးတစ်ယောက်ကိုလွှတ်၍ စာတစ်စောင် ပို့ခိုင်းလိုက်သည်။ ထိုစာထဲတွင် မိမိတို့ အာဏာသိမ်းပွဲသည် ဘာဗေးရီးယန်းဘုရင်မင်းဆက်တို့၏ အချုပ်အခြာအာဏာကို ပြန်လည်ထူထောင်ခြင်းဖြစ်ကြောင်းဖော်ပြ၍ အစိုးရတပ်များနှင့် မိမိတို့ နာဇီတပ်ဖွဲ့များ အတိုက်အခိုက်ရပ်စဲရန် ကမ်းလှမ်းလိုက်သည်။

သို့သော် ထို စာကို ယူဆောင်သွားသော ဗိုလ်ကလေးနန်းဇာတ်မှာ မင်းသားကြီး ရာဘာချက်စ်ဂါဒင်မြို့အနီးမှ ရဲတိုက်သို့ မော်တော်ကားဖြင့် မသွားနိုင်ဘဲ မီးရထားဖြင့် သွားနေရသည်။ သို့ဖြစ်၍ ဟစ်တလာ ထံမှ စာမှာ မင်းသားကြီး ရှူပရီချက်၏ လက်သို့ အချိန်နှောင်းမှ ရောက်ခဲ့၍ အလဟဿ ဖြစ်ခဲ့ရသည်။

သို့ဖြစ်ရာ သူတို့သည် နောက်တစ်မျိုး ကြံရပြန်သည်။

ထိုအကြံမှာ လူဒင်ဒေါ့ဖ်၏ အကြံဖြစ်သည်။ သူက အခြေအနေကို ပြန်၍ ထိန်းရန် အတွက် မိမိတို့ နာဇီ တပ်ဖွဲ့များ ဗိုလ်ချုပ်ကြီး လော့ဆိုး၏ ဌာနချုပ်သို့ ချီတက်သိမ်းပိုက်ရန် ဖြစ်သည်။ သူ့အထင်တွင် မိမိကဲ့သို့ တစ်တိုင်းပြည်လုံးက ကြည်ညိုလေးစား၍ အစဉ်အလာရှိသော ဗိုလ်ချုပ်ကြီး တစ်ယောက်လုံးကို အစိုးရတပ်သားများက ပြန်လည် ခုခံကြမည်ဟု မထင်ကြောင်း၊ တကယ့် ဒေသရေးရှင်ရေးတွင် အစိုးရတပ်များသည် လော့ဆိုး၏



www.burmeseclassic.com

အမိန့်ကို မနာခံဘဲ မိမိ၏ အမိန့်ကိုသာ နာခံ၍ မိမိတို့ဘက်သို့ပါလာစရာရှိကြောင်း စသဖြင့် ဟစ်တလာ အား ပြောပြသည်။

ဟစ်တလာ ကိုယ်နှိုက်ကလည်း မိမိတို့နှင့် ချီတက်လိုက်ပါကြမည့် လူထုကြီးအား လော့ဆိုးတို့ လူစုက ရက်ရက်စက်စက်ပစ်ခတ်နှိမ်နင်းစံ့မည် မဟုတ်ဟု ယူဆနေသည်။

သို့နှင့်ပင် နံနက် ၁၁ နာရီ ထိုးပြီးလျှင်ပြီးချင်း လက်နက်ကိုင်များရော လက်နက်မဲ့ လူထုများပါ၊ စုစုပေါင်း လူနှစ်ထောင်ကျော် သုံးထောင်နီးပါး ရှိသည့် ဟစ်တလာ၏ "အာဏာသိမ်းတပ်ဖွဲ့"ကြီးသည် ဘာဂါဘရောကဲလား ခန်းမဆောင်ကြီးမှနေ၍ မြို့လယ်ရှိ လော့ဆိုး၏စစ်ဌာနချုပ် ရှိရာသို့ စုပြုံချီတက်ခဲ့ကြသည်။

"အာဏာသိမ်းတပ်ဖွဲ့"ကြီးသည် မြို့လယ်သို့ မရောက်မီ ဗစ်ဆာမြစ်ပေါ်မှ လူဒွစ် တံတားကို ဖြတ်ကျော် ရသည် ဖြစ်ရာ နာဇီ လုံခြုံရေးတပ်ဖွဲ့ တာဝန်ခံ ဂိုအားရင်းသည် တံတားစောင့်တပ်ဖွဲ့အား ခပ်တည်တည် အမိန့်ပေး၍ တံတားကို ဖြတ်ကျော်နိုင်ခဲ့သည်။

ရှေ့ဆုံးမှ စကြာတံဆိပ် နာဇီအလံကြီးသည် လေထဲတွင် တဖျပ်ဖျပ် လွှင့်လျက် ရှိသည်။ ထို အလံ၏ နောက်တွင်ကား ဟစ်တလာနှင့် လူဒင်ဒေါ့ဖ်တို့သည် အခြား နာဇီ ခေါင်းဆောင်များ မျိုးချစ်တပ်ဖွဲ့ ခေါင်းဆောင်များ ခြံရံ၍ ချီတက်လာကြသည်။ ဟစ်တလာသည် ပစ္စတို သေနတ် လက်မှ ကိုင်လာသည်။

ကြွေးကြော်သံများသည် နာဇီစစ်သီချင်းသံများဖြင့် ဆူညံလျက် လူအုပ်ကြီးသည် အရှိန်မပျက် ဆက်လက် ချီတက်လာနေသည်။

အချိန်မှာ နေ့ ၁၂-နာရီ မိနစ် ၃၀-ရှိပြီဖြစ်သည်။

ရုတ်တရက် လမ်းကျဉ်းကလေး တစ်ခုထဲသို့ ချိုးဝင်လိုက်ချင်းပင် တစ်ဖက်ထိပ်မှ အသင့်စောင့်နေကြသော ရဲတပ်သားတို့ကြားက နဲ့ မြင်ကြရသည်။ နာဇီမုန်တိုင်းတပ်ဖွဲ့များ၏အရှေ့ဆုံးတွင်သည် ရဲတပ်ဖွဲ့ထက် နှစ်ဆသုံးဆ များပြားသည်။ သို့သော် သူတို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်နေသောလမ်းမှာ အစောင်ပင် ကျဉ်းမြောင်းနေ၍ ဖြ
အားလုံး စုံပြုံ၍ မဝင်နိုင်ဘဲ ဖြစ်နေသည်။

ထိုအခိုက် ရှေ့နားမှ လိုက်ပါလာသော နာဇီပါတီဝင်
တစ်ယောက်သည် ရှေ့သို့ ရှက်တရက် ပြေးထွက်လာ၍ တင်ဖက်မှ
ရဲဘော်ဖွဲ့ရှိရာသို့ လှမ်းအော်လိုက်သည်။

"မပစ်ကြနဲ့၊ လူဒင်ဒေါ့ဖ်နဲ့ ဟစ်တလာတို့ ပါလာတယ်"

တပ်ဦးမှ ဟစ်တလာကသည်း ဆက်၍ အော်လိုက်သည်။

"လက်နက်ချကြပါ"

ဟစ်တလာ၏ အော်သံ ဆုံးလျှင် ဆုံးချင်း "ဒိုင်း" ခနဲ
သေနတ်သံတစ်ချက် ထွက်ပေါ်လာသည်။ ဟစ်တလာ ဘေးနားမှ
ရှစ်ချိတာဆိုသူ လဲကျသွားသည်။ ထို့နောက် "ဒိုင်း၊ ဒိုင်း၊ ဒိုင်း"
ဟူသော အသံများ နှစ်ဖက်စလုံး ဆက်တိုက် ထွက်ပေါ်လာရာ
ကျည်ဆန်များသည် လမ်းကျဉ်းကလေးထဲတွင် မိုးသီး မိုးပေါက်
များပမာ တဖောက်ဖောက်ကျလာသည်။

ဟစ်တလာသည် တစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်
သည်။ သို့မဟုတ် အကာအကွယ်ယူလိုက်သည်ဟူ၍ ကွဲကွဲပြားပြား
မသိရဘဲ နေရာတွင် လဲကျသွားသည်။

ပစ်ခတ်သံများမှာ တစ်မိနစ်မျှသာ ကြာသည်။ လင်းပေါ်
တွင် နာဇီတပ်ဖွဲ့ဝင်တစ်ယောက်မှာ မလှုပ်မယှက် လဲကျနေသည်ကို
တွေ့ရသည်။

အာဏာသိမ်းတပ်ဖွဲ့ကြီးမှာ ဖရိုဖရဲ တကွဲတပြား ဖြစ်သွား
သည်။ မိနစ်ပိုင်းအတွင်း မြွတ်သိပ်ကျပ်ခဲ့နေသော လမ်းကလေးထဲ
တွင် လူအုပ်ကြီးတစ်ခုလုံး အစအန ပျောက်သလို ဖြစ်သွားသည်။
မတုန်မလှုပ် ကျွန်ရှိမပျက် ဆက်လက်ချီတက်သွားကြသူများမှာ
ဗိုလ်ချုပ်ကြီး လူဒင်ဒေါ့ဖ်နှင့် သူ့လက်ထောက်ဗိုလ်မှူးစထရက်တို့
နှစ်ဦးသာလျှင် ရှိသည်။

ဟစ်တလာမှာ ပျောက်ခြင်းမလှ ပျောက်သွားသည်။ အရိပ်
အရောင်မျှပင် မမြင်ရတော့။



သူ့ကို မြင်လိုက်တွေ့လိုက်ရသူ နာဇီပါတီဝင် ဒေါက်တာ
ဝေါလ်တာနှင့် ဒေါက်တာ ကားလ်တို့၏ ပြောပြချက် အရ
ဟစ်တလာသည် ရှုတ်ရှုတ်သဲသဲ ဖြစ်လျှင် ဖြစ်ချင်း၊ နောက်ပိုင်းသို့
အလဲလဲအကွဲကွဲဖြင့် သုတ်ခြေတင်ပြေးသည်ဟုဆိုသည်။ ထို့နောက်
သူသည် ဖွာသင့်တွေ့ရသော အဝါရောင်ကားတစ်စီးပေါ်တက်ပြီး
တစ်ခါတည်း မောင်းပြေးသည်ဟု ဆိုသည်။

နောက် ၂-ရက်မျှ အကြာ နိုဝင်ဘာလ ၁၁-ရက်နေ့တွင်
ဟစ်တလာသည် အပ်ဖင်းမြို့ကလေး၌ ပုန်းအောင်းနေခိုက် ဖမ်း
ခံလိုက်ရသည်။

ထို့နောက် ၁၉၂၄-ခု ဖေဖော်ဝါရီလ ၂၆-ရက်နေ့တွင်
အတူးခုံအဖွဲ့ဖွဲ့ကာ မြူနစ်မြို့ ခြေလျင်စစ်သင်တန်းကျောင်းတွင်
ရုံးတင်ပေါ်၊ ၂၄-ရက်ကြာမျှ စစ်ဆေးခဲ့ပြီးနောက် ဟစ်တလာ
အား နိုင်ငံတော် ပုန်ကန်မှုဖြင့် ထောင်ဒဏ် ၅-နှစ် အပြစ်ပေး
ခဲ့သည်။

ဤကား တစ်ခါက အာဏာသိမ်းရာတွင် အောင်ပွဲမဆင်ဘဲ
ထောင်ထဲဝင်ခဲ့ရသော ဟစ်တလာ၏ ဖြစ်ရပ်တစ်ခုပေတည်း။

www.burmeseclassic.com

www.burmeseclassic.com





## စနစ်တစ်ခု၏ ခေါင်းနှင့် ပန်း

ဟစ်တလာသည် မြူနစ်မြို့နှင့် မိုင် ၅၀– ကွာဝေးသော လက်ချိတောင်ကြားဒေသရှိ လင်းဒ်ဘာ့ဂ် မြို့ကလေးမှ အကျဉ်းထောင်တွင် နိုင်ငံတော် ပုန်ကန်မှုဖြင့် ထောင်ကျခဲ့သည်။

သို့သော် သူသည် ''ထောင်ဇာတာ''ပါဟန်မတူ၊ အဘယ့်ကြောင့်ဆိုသော် သူ့ကို နိုင်ငံတော်ပုန်ကန်မှုဖြင့် အပြစ်ပေးစဉ်က ထောင်ဒဏ် ၅-နှစ် ကျခံစေရန် အပြစ်ပေးခဲ့သော်လည်း ထောင်ထဲတွင် တစ်နှစ်ကြာအောင်ပင် မနေလိုက်ရဘဲ လွတ်လာခဲ့သည်။

ယခင်တစ်ကြိမ် ၁၉၂၁-ခုနှစ် စက်တင်ဘာလ အတွင်း နာဇီပါတီနှင့်ဆန့်ကျင်ဘက်ပါတီတစ်ခု၏လူထုတရားပွဲကို လူအုပ်နှင့်ချီ၍ ဝင်ရောက် ဖျက်ဆီးခဲ့စဉ်ကလည်း သူ့ကိုထောင်ဒဏ် ၃-လ အပြစ်ပေးခဲ့ရာ တစ်လသာထောင်ထဲတွင် နေခဲ့ရသည်။

ယခုလည်း သူသည် ထောင်ထဲတွင် နှစ်စေ့အောင်ပင်မနေခဲ့ရဘဲလွတ်ခဲ့သည်။

သို့လွတ်လာသည်မှာ အကြောင်းအမျိုးမျိုးရှိသည်။

ပထမအကြောင်းမှာ ဟစ်တလာ ထောင်ကျနေစဉ်အတွင်း အပြင်တွင် ကျန်ရှိနေသော နာဇီပါတီ ခေါင်းဆောင်များသည် တစ်ဦးနှင့်တစ်ဦး အစေးမကပ်ဘဲဖြစ်ခဲ့ရာ နာဇီပါတီမှာ တဖြည်းဖြည်း ဩဇာကျလာခဲ့သည်။ သို့ဖြင့် နာဇီပါတီဝင်တို့မှာ ယခင်က ကဲ့သို့ လှုပ်ရှားမှုများ၊ ဆန္ဒပြမှုများ လုံးဝ မလုပ်နိုင်သလောက်ဖြစ်ခဲ့ရာ၊ ဘာဗေးရီးယန်း အာဏာပိုင်များ အနေဖြင့် ဟစ်တလာကို ထောင်မှလွှတ်လိုက်ခြင်းဖြင့် အန္တရာယ်မရှိတော့ဟု ယူဆခဲ့သည်။

အခြား အကြောင်းတစ်ရပ်မှာ ဟစ်တလာသည် ၁၉၂၃ ခုနှစ် နိုဝင်ဘာလတွင် ထောင်ကျခဲ့ရာ အပြင်ဘက်မှ နာဇီပါတီတွင်း အခြေအနေများကို စိတ်ပျက်သဖြင့် ပါတီခေါင်းဆောင်အဖြစ်မှ ''နုတ်ထွက်ကြောင်း'' ကြေညာခဲ့သောကြောင့်ဖြစ်သည်။

စင်စစ်ထိုသို့ကြေညာခဲ့သည်မှာ ပါတီတွင်း ပဋိပက္ခများကို အကယ် စိတ်ပျက်သည်ထက်၊ ဘာဗေးရီးယန်းအစိုးရကို တစ်ပတ်ရိုက်လိုသည့် ရည်ရွယ်ချက်က အဓိက ဖြစ်သည်။

ဤတွင် အာဏာပိုင်များသည် ဟစ်တလာကြေညာချက်အရ အကယ် ''အစွယ်ကျိုးသွားပြီ''ဟုယူဆကာ ၁၉၂၄-ခု ဒီဇင်ဘာ ၂၀-ရက်နေ့တွင် ထောင်မှ လွှတ်လိုက်ကြသည်။

ဟစ်တလာသည် ထောင်မှ မမျှော်လင့်ဘဲ လွတ်လာခဲ့သဖြင့် ဝမ်းမြောက်မိသည်ထက် ထောင်ထဲက ''အမြတ်'' ရလာခဲ့ရသည်ကို ပို၍ အားရဝမ်းသာ ဖြစ်မိသည်။

သူရလာသော ''အမြတ်''မှာ အခြားမဟုတ်၊ ထောင်ထဲတွင် တစ်နှစ်နီးပါးကျခံခဲ့ရစဉ် နောင်အခါ၌ ကမ္ဘာကျော် လာမည့် ''ကျွန်ုပ်၏ ကြိုးပမ်းမှု'' (မိန်းကင့်)* စာအုပ်ကြီးကို ရေးသားခဲ့သောကြောင့် ဖြစ်သည်။

ဟစ်တလာသည် ထောင်ကျနေစဉ်အတွင်း၊ ယင်း စာအုပ်ကြီးကိုရေးနိုင်ခဲ့ခြင်းမှာ ထောင်ထဲတွင် ''ဗိုလ်'' နှင့် နေခဲ့ရသောကြောင့်ဖြစ်သည်၊ ထောင်ကျသည်ဟု ဆိုသော်လည်း နိုင်ငံရေးသမားတစ်ယောက်မဟုတ်ဘဲ၊ တိုင်းသိပြည်သိ ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်နေသဖြင့် ပင်ပင်ပန်းပန်း ဘာမှ မလုပ်ရဘဲ

---

* ဂျမန်ဘာသာဖြင့် MEIN KAMPF
- အင်္ဂလိပ်ဘာသာဖြင့် MY STRUGGLE ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းစား ကောင်းကောင်းအိပ်ကာ အနားယူအပန်း
သလို နေခဲ့ရသည်။

ဟစ်တလာ နေခဲ့သော အခန်းမှာ အိပ်ဆောင်ကြီး
ဆောက်ထပ် အခန်းနံပတ် ၇-တွင် ဖြစ်သည်။ ထိုအခန်းမှာ
အခန်းကျယ်ကြီးဖြစ်နေ၍ နေရောင်များရသည်၊ ကျန်းမာရေးနှင့်
ကိုက်ညီသည်။

သူသည် အပြင်မှ ထောင်ဝင်စာလာသူများနှင့် မကြာခဏ
တွေ့ဆုံ၍ စားကောင်းသောက်ဖွယ်များအပြင် သတင်းစာ၊ ဂျာနယ်
မဂ္ဂဇင်း စသော စာအုပ် စာတမ်းများပါ အလိုရှိရာရနေသည်ဖြစ်၍
အားလပ်ချိန်မှာ သူ့မှ 'ကျွန်ုပ်၏ ကြိုးပမ်းမှု' စာအုပ်ကြီး ရေးသား
ခြင်းဖြင့် အချိန်ကုန်ခဲ့သည်။ ထိုစာအုပ်ကြီးကို ရေးရာ၌ ဟစ်တလာ
က ပါးစပ်မှပြော၍ သူနှင့်အတူ ထောင်ကျနေသော နာဇီပါတီဝင်
တစ်ဦးဖြစ်သူ အီမစ်လ်မောရစ်က လိုက်ရေးပေးသည်။

ဤစာအုပ်ကြီးကို ၁၉၂၄ ခုနှစ် ဇူလိုင်လနှောင်းလောက်တွင်စတင်
ရေးခဲ့ရာ စာအုပ်ပါ အကြောင်းအရာမှာ သူ၏ ဘဝအတ္ထုပ္ပတ္တိ
တစ်စိတ်တစ်ဒေသပင် ဖြစ်သည်။ အထူးသဖြင့် နာဇီပါတီ စတင်
တည်ထောင်ပြီးသည့်အချိန်မှ ယခုအထိ သူ၏နိုင်ငံရေး ဆောင်ရွက်
ချက်များနှင့် နိုင်ငံရေးခံယူချက်များကို အဓိကထား၍ ရေးသားခဲ့
သည်။

သို့ဖြစ်ရာ ပထမတွင် ဟစ်တလာက ဤစာအုပ်၏ အမည်ကို
'လိမ်လည်မှုများ၊ မိုက်မဲမှုများနှင့် သူရဲဘောနည်းမှုများကို ဆန့်ကျင်
တိုက်ခိုက်ခဲ့ရသော လေးနှစ်ခွဲကာလ' ဟူ၍ အမည်ပေးခဲ့သည်။

သို့သော် သူထောင်မှ ထွက်လာခဲ့ပြီး ထိုစာအုပ်ကို ပုံနှိပ်
ထုတ်ဝေရန် စီစဉ်ရာတွင် ပါတီစာစောင် ထုတ်ဝေရေး တာဝန်ခံ
မက်စ်အမန်းက စာအုပ်၏ မူလနာမည်မှာ ရှည်လှသည်ဟု ဆိုကာ
'ကျွန်ုပ်၏ ကြိုးပမ်းမှု' ဟု အမည်ပြောင်း၍ ထုတ်ဝေခဲ့သည်။ ထိုကျ
သော စာရင်းများအရ ထိုစာအုပ်ကို ဟစ်တလာ ထောင်မှ လွတ်
လာပြီး ၁၉၂၅ ခုနှစ် နွေရာသီတွင် ထုတ်ဝေခဲ့ရာ ထိုနှစ်တစ်နှစ်
အတွင်း အုပ်ရေ ၉၄၇၃ အုပ် ရောင်းခဲ့ရသည်။





၁၉၂၆ ခုနှစ်တွင် အုပ်ရေ ၆၉၁၃ အုပ် ရောင်းခဲ့ရ၍
၁၉၂၈ ခုနှစ်တွင်မူ ၃၀၁၅ အုပ်သာ ရောင်းရတော့သည်။ (ဤ
အချိန်တွင် 'ကျွန်ုပ်၏ ကြိုးပမ်းမှု' ဒုတိယတွဲ ထွက်လာသည်)။
စာအုပ်တွဲကို ထပ်မံ ပုံနှိပ်ရာ ဟစ်တလာ အာဏာရလုဆဲဆဲ ၁၉၃၀-
၃၁ ခုနှစ်များတွင် အုပ်ရေပေါင်း ၅၀,၀၀၀ မျှ ရောင်းချခဲ့ရ၍
ဟစ်တလာ အာဏာရပြီး ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည့်
၁၉၄၀ ခုနှစ်တွင်မူ အုပ်ရေ ၆,၀၀၀,၀၀၀ အထိ ရောင်းချခဲ့ရ
သည်။

ဟစ်တလာသည် ထောင်ထဲတွင် ရှိနေစဉ်က 'ပါတီ ခေါင်း
ဆောင်အဖြစ်မှ နုတ်ထွက်လိုက်ပြီ' ဟု ကြေညာခဲ့ခြင်းမှ ဘာဗေးရီး
ယန်း အစိုးရအား တစ်ပတ်ရိုက်ခဲ့ကြောင်း ထင်ရှားသည်။ အဘယ့်
ကြောင့်ဆိုသော် သူသည် ထောင်မှ ထွက်လျှင် ထွက်ချင်း ပါတီ
ခေါင်းဆောင်မှုကို ပြန်၍ ရယူခဲ့သောကြောင့် ဖြစ်သည်။

၁၉၂၅ ခု ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် နာဇီပါတီ
သတင်းစာတွင် ဟစ်တလာက 'အသစ်တစ်ဖန် ပြန်၍ စတင်ခြင်း'
ဟူသော ခေါင်းစဉ်ဖြင့် ရှည်လျားသော ခေါင်းကြီးပိုင်းကို ရေး
သားခဲ့သည်။ ထိုခေါင်းကြီးပိုင်းမှာ ပါတီတွင်း၌ အကွဲကွဲအပြား
ပြား ဖြစ်နေသော ခေါင်းဆောင်မှုများ အမျိုးမျိုးအဖုံဖုံဖြစ်သော
အယူအဆများကို ဖယ်ရှား၍ တစ်ခုတည်းသော ခေါင်းဆောင်မှု
နှင့် တစ်ခုတည်းသော အယူအဆကို တည်ဆောက်ကြရန် လှုံ့ဆော်
သော ခေါင်းကြီးပိုင်းပင် ဖြစ်သည်၊

ဟစ်တလာသည် ကျဆင်းနေသော ပါတီ၏ အရှိန်အဝါနှင့်
ထိမ်မြုပ်နေသော မိမိ၏ သြဇာအာဏာကို ပြန်၍ ဖော်ထုတ်ရန်
အတွက် အထက်ပါ ခေါင်းကြီးပိုင်းကို ရေးသားပြီး နောက်တစ်နေ့
ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လူထုစည်းဝေးပွဲတစ်ရပ်ခေါ်ယူ
ကျင်းပပြန်သည်။

ဟစ်တလာသည် စကားပြောရာ တရားဟောရာ၌ ပါရမီ
ရှင်သန်သည်ဟု ဆိုရန်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့က
လူထုတရားပွဲတွင် ၂ နာရီ နီးပါးမျှ သူ တရား ဟောပြီး နောက်

www.burmeseclassic.com

www.burmeseclassic.com

လူခေါင်း လေးထောင်နီးပါးမျှ ခန်းလုံးပြည့် တက်ရောက်လာကြသော လူထုကြီး၏ ဩဘာသံသည် တစ်ခဲနက် ဆူညံသွားခဲ့သည်။

ဤသို့ ဟစ်တလာ၏ ဩဇာအာဏာနှင့် နာဇီပါတီ၏အရှိန်အဝါ တက်လာသည်ထက် တက်လာနေစဉ် ထပ်မံ ဖြစ်ပေါ်လာသည်မှာ အဆိုပါ လူထု စည်းဝေးပွဲကြီးအပြီး နောက်တစ်နေ့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတဖြစ်သူ ဆိုရှယ်ဒီမိုကရက်တစ် ပါတီဝင် အဲဘတ်ကွယ်လွန်သွားခြင်း ဖြစ်သည်။

ဤတွင် နိုင်ငံတော် သမ္မတအသစ် တစ်ယောက်ထပ်မံ ရွေးကောက်ရန် ဖြစ်ပေါ်လာရာ မတ်လထဲတွင် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ နာဇီပါတီက အဆိုပါ သမ္မတရွေးကောက်ပွဲတွင် ဗိုလ်ချုပ်ကြီး လူဒင်ဒေါ့ဖ်ကို စာရင်းသွင်း၍ အရွေးခံကြသည်။

ရွေးကောက်ပွဲတွင် လူဒင်ဒေါ့ဖ်အပါအဝင် ယှဉ်ပြိုင်အရွေးခံကြသူအားလုံး မည်သူမျှ သတ်မှတ်ထားသော မဲအရေအတွက် အချိုးအစားကို မရရှိကြသဖြင့် နောက်ထပ်တစ်ဖန် ဧပြီလထဲတွင် ရွေးကောက်ပွဲ ထပ်မံကျင်းပကြပြန်သည်။

ဤတစ်ကြိမ်တွင်မူ နာဇီပါတီသည် ဗိုလ်ချုပ်ကြီးလူဒင်ဒေါ့ဖ်အစား အခြား ပုဂ္ဂိုလ် စစ်သေနာပတိချုပ်ဟောင်း တစ်ဦးဖြစ်သူ ဟင်ဒင်ဘာ့ဂ်အား ဝင်ရောက် အရွေးခံစေခဲ့သည်။ လူဒင်ဒေါ့ဖ် အရွေးမခံခြင်းမှာ ဤအချိန်တွင် လူဒင်ဒေါ့ဖ်နှင့် ဟစ်တလာတို့ ပဋိပက္ခဖြစ်၍ ခွာပြဲသွားသောကြောင့် ဖြစ်သည်။

နာဇီပါတီမှ အရွေးခံသော ဟင်ဒင်ဘာ့ဂ်သည် အဆိုပါ သမ္မတ ရွေးကောက်ပွဲတွင် အခြားပါတီ ကိုယ်စားလှယ်များကို မဲအနည်းငယ်ဖြင့် ကပ်၍ အနိုင်ရခဲ့ရာ နာဇီပါတီ၏ အရှိန်အဝါမှာ ပို၍ တက်လာခဲ့ပြန်သည်။ တစ်ချိန်တည်းတွင် ဟစ်တလာ၏နာမည်မှာလည်း တစ်ဖန် ပြန်၍ ထင်ရှားလာခဲ့သည်။

ဤသို့ ဟစ်တလာ ပြန်၍ ခေါင်းထောင်လာသည်ကို ဘာဗေးရီးယန်း အာဏာပိုင်များက လန့်၍လာကြသည်ဖြစ်ရာ ထိုအချိန်မှစ၍ နောက်ပိုင်းတွင် ဟစ်တလာအား လူထုတရားပွဲများ စည်းဝေးပွဲများတွင် စကားမပြောရ ဟူ၍ အမိန့်ထုတ်ပြန်လိုက်တော့သည်။



သို့ဖြစ်ရာ ဟစ်တလာသည် ၁၉၂၅ ခုမှ ၁၉၂၇ ခုနှစ်လယ်လောက်အထိ လူထုတရားပွဲများတွင် စကားပြောခွင့် မရဘဲ 'ပါးစပ်ပိတ်' ခံခဲ့ရသည်။

သို့သော် ဟစ်တလာသည် ဇွဲနဘဲကြီးသူဖြစ်သည်။ ပါးစပ်ကို ပိတ်ထားနေရစဉ် လက်ကို အသုံးပြုခဲ့သည်။ စကားပြောခွင့်မရသည့် ထိုအချိန်ကာလအတွင်း စာကိုဖိရေးခဲ့သည်။ သူသည် 'ကျွန်ုပ်၏ ကြိုးပမ်းမှု' စာအုပ်ကို ထောင်ထဲတွင် ရေးခဲ့စဉ်က ပထမတွဲကိုသာ ရေးနိုင်ခဲ့ရာ ကျန် ဒုတိယတွဲကို ဤအချိန် ဤကာလတွင် ရေးခဲ့ခြင်း ဖြစ်သည်။

တစ်ချိန်တည်းတွင် ပါတီသတင်းစာမှနေ၍ ခေါင်းကြီးပိုင်းများ၊ နိုင်ငံရေး ဆောင်းပါးရှည်ကြီးများ ကြေညာစာတမ်းများ စသည်တို့ကိုလည်း အမြောက်အမြား ရေးခဲ့သည်။

၁၉၂၆ ခုနှစ်အတွင်း ဟစ်တလာသည် ထိုသို့ 'ကလောင်' ကို သုံး၍ လှုံ့ဆော်ခဲ့သည့်ပြင် သူ၏ တစ်ဦးတည်းအာဏာရှင်စနစ်ဖြင့် ခေါင်းဆောင်မှုတည်ဆောက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းခဲ့သေးသည်။

မေလထဲတွင် မြူနစ်မြို့ရှိ နာဇီ ပါတီဝင်များ၏ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ရာ ယင်းဆုံးဖြတ်ချက်၏အချုပ်သဘောမှာ ဂျာမန်တစ်မျိုးသားလုံးနှင့် ဂျာမနီတစ်နိုင်ငံလုံး၏ အမျိုးသားရေး လှုပ်ရှားမှု ဗဟိုအချက်အချာ ဒေသမှာ မြူနစ်မြို့ ဖြစ်သည်။ ဤသို့အားဖြင့် မြူနစ်မြို့မှ နာဇီပါတီ၏ ခေါင်းဆောင်သည် တစ်ပြည်လုံး၏ ခေါင်းဆောင်အဖြစ် အလိုအလျောက် ဖြစ်လာမည်။ ဤသို့အားဖြင့် ဟစ်တလာသည် ကိုယ်ဝေရမည့်ဖဲ ကိုယ်ချိုးခဲ့ရခြင်း ဖြစ်သည်။

တစ်ဖန် ၁၉၂၆ ခု ဇူလိုင်လထဲတွင် သူ ရင်ဂျီယာပြည်နယ် ဝိုင်းမားမြို့၌ လူထုဆန္ဒပြပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ဟစ်တလာမှာ ဘာဗေးရီးယန်းနှင့် အခြားပြည်နယ် အာ[illegible]စကားပြောခွင့် တရားဟောခွင့် မရသော်လည်း သူ ရင်ဂျီ[illegible]ကား

www.burmeseclassic.com

www.burmeseclassic.com

မြောခွင့်ရသည်ဖြစ်ရာ ရသည့်အခွင့်အရေးကို ကောင်းကောင်းကြီး အသုံးချခဲ့သည်။ တရားပွဲအပြီး ပြဿသံများ ဆူညံနေသည့် အကြားတွင် ဟစ်တလာသည် ပါတီဝင်များ၏ ချီတက် အလေးပြု ခြင်းကို ခံယူခဲ့သည်။ ထိုနေ့က ချီတက် အလေးပြုကြသည့် နာဇီ ပါတီဝင်ပေါင်းမှာ ငါးထောင်ခန့်ရှိရာ ဟစ်တလာသည် သူလိုက်ပါ စီးနင်းလာသော မော်တော်ကားပေါ်မှနေ၍ လက်ယာဘက်လက် ကို ဆန့်တန်းကာ ပထမဆုံးအကြိမ် နာဇီအလေးပြုသည့် ပုံစံဖြင့် လူထုအား ပြန်၍ အလေးပြုခဲ့သည်။

ဤသို့ဖြင့် တစ်ခါက အာဏာသိမ်းပွဲကို အချိန်မကျသေးဘဲ လုပ်ခဲ့သဖြင့် ပြေးပေါက်မှားခဲ့ဖူးသော ဟစ်တလာသည် ယခုအခါ ထိုသင်ခန်းစာကို ကောင်းကောင်းကြီးယူ၍ မိမိ၏ခေါင်းဆောင်မှု ကို တဖြည်းဖြည်း တစတစ ခိုင်မာအောင် တည်ဆောက်လာခဲ့ သည်။

တစ်ချိန်တည်းတွင် နာဇီပါတီ အရှိန်အဝါ ကြီးမားလာ သည်နှင့်အမျှ ပါတီဝင်ဦးရေမှာလည်း တစ်နှစ်ထက်တစ်နှစ် အရေ အတွက် တိုးတက်လာခဲ့သည်။

၁၉၂၅ ခုနှစ်တွင် နာဇီပါတီဝင်ဦးရေမှာ ၂၇,၀၀၀ရှိခဲ့ရာ ၁၉၂၆ ခုနှစ်တွင် ပါတီဝင် ၄၉,၀၀၀၊ ထို့နောက် ၁၉၂၇ ခု နှစ်တွင် ၇၂,၀၀၀၊ ၁၉၂၈ ခုနှစ်တွင် ၁၀၈,၀၀၀ ရှိခဲ့၍ ၁၉၂၉ ခုနှစ်တွင်မူ ပါတီဝင်ပေါင်း ၁၇၈,၀၀၀ မျှ ရှိလာခဲ့သည်။ ထိုသို့ အရွယ်ရောက်လာသော လူရွယ် လူသတ်များကို ပါတီဝင်အဖြစ် သိမ်းသွင်းခဲ့သည့်နည်းတူ တစ်ဖက်မှလည်း အရွယ် မရောက်သေး သော ကျောင်းသား သူငယ်များနှင့် ကလေးများကိုပါ 'ဟစ် တလာ လူငယ်အဖွဲ့' 'နာဇီကျောင်းသားအဖွဲ့' စသည်ဖြင့် ဖွဲ့စည်း ပေးခဲ့သည်။ တစ်ချိန်တည်းတွင် 'နာဇီကျောင်းဆရာများအသင်း' 'နာဇီရှေ့နေများသမဂ္ဂ' 'နာဇီ ဆရာဝန်များသမဂ္ဂ' စသည်ဖြင့် လူတန်းစားအလွှာပေါင်းစုံအလိုက် နာဇီပါတီ၏ လက်အောက်ခံအဖွဲ့ များကို‌ ‌တွင် စကားမပြောနေ သည်။



အထူးသဖြင့် ဟစ်တလာအဖို့ အယုံကြည်ရဆုံးနှင့်စိတ်အချရ ‌ သူ၏ ညာလက်ရုံးများကို အရေးကြီးသော ဌာနများတွင် တာဝန်ပေးခဲ့ရာ ဂိုးဘဲလ်ဆိုသူကို ပါတီဝါဒဖြန့်ချိရေး တာဝန်ခံ အဖြစ် ၁၉၂၁ ခုနှစ် နိုဝင်ဘာလတွင် ခန့်အပ်ခဲ့၍ ဟိန်းရစ် ‌ ‌းမလားကို ၁၉၂၉ ခုနှစ် နာဇီကာကွယ်ရေး မုန်တိုင်းတပ်ဖွဲ့ ‌ ‌း၏ ကပ်မှူးကြီးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။

ထိုအခိုက် ၁၉၂၇ ခုနှစ် ကုန်ခါနီးတွင် အာမန်ဂို အားရင်း သည် နိုင်ငံခြားမှ ပြန်ရောက်လာခဲ့သည်။ သူသည် ဟစ်တလာနှင့် အတူ ၁၉၂၃ ခုနှစ် အာဏာသိမ်းပွဲ အတွင်းက ပြေးပေါက်မှား၍ ‌ ‌ရာအပြင်းအထန်ရခဲ့ပြီး ဆွီဒင်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင် နေခဲ့ရာ ယခု ပြန်ရောက်လာခြင်းဖြစ်သည်။

ဂိုးအားရင်းသည် ပထမ ကမ္ဘာစစ်အတွင်းက ဂျာမန်စစ်တပ် ‌ ‌ ဗိုလ်မှူးအဆင့်ရှိခဲ့၍ အမြင့်ဆုံး သူရဲကောင်းတံဆိပ်ကို ရခဲ့ဖူး ‌ ‌ဖြစ်သည်၊ သူသည် ပညာတတ်လူတန်းစား တစ်ယောက် ဖြစ်၍ ‌ ‌ခေါင်းအသင်းဆုံ သူတစ်ယောက်ဖြစ်ရာ ဆွီဒင်ပြည်မှ ပြန်ရောက် ‌ ‌ပြီး ဘာလင်မြို့တွင် အထက်တန်းလွှာများနှင့် ဝင်ဆံ့နေခဲ့ သည်။ သို့ဖြစ်ရာ ဟစ်တလာသည် ဂိုးအားရင်း၏ အရည်အချင်း ‌ ‌ လည်းကောင်း၊ မိမိအပေါ် ကြည်ညိုမှုကိုလည်းကောင်း သိခဲ့ ‌ ‌ဖြစ်သည့်အတိုင်း သူနှင့် ပြန်လည်ဆက်သွယ်ကာ ဘာလင်မြို့မှ ‌ ‌ီပါတီလုပ်ငန်းများတွင် တာဝန်ပေးခဲ့သည်။

၁၉၂၈-ခုနှစ် မေလတွင် ဘာလင်မြို့၌ရွေးကောက်ပွဲကျင်းပ ‌ ‌ နာဇီပါတီ၏ ကိုယ်စားလှယ် ၁၂-ယောက် အရွေးခံခဲ့ရသည်။ ‌ ‌းတို့အထဲတွင် ဂိုးဘဲလ်နှင့်ဂိုးအားရင်းတို့ပါဝင်ခဲ့သည်။ ထိုစဉ်က ‌ ‌ာမနီလွှတ်တော်တွင် ကိုယ်စားလှယ်ပေါင်း ၄၉၁-ဦးရှိရာ နာဇီ ‌ ‌တီကိုယ်စားလှယ်မှာ ၁၂-ဦးသာရှိ၍ လွှတ်တော်တွင်း၌ နဝမ ‌ ‌ောက် ပါတီအဖြစ် ရှိနေခဲ့သည်။

သို့သော် လူတန်းစားအားလုံး၊ အလွှာအားလုံးကို သိမ်း ‌ ‌း၍ စည်းရုံးခဲ့သော နာဇီပါတီသည် တစ်စတစ်စဖြင့် ပါလီမန် ‌ ‌ာရွေးကောက်ပွဲတွင် အနိုင်ရလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာလင်မြို့ ရွေးကောက်ပွဲတွင် မပြောပလောက်သော အရေအတွက်ဖြင့် ပါလီမန်အတွင်းသို့ ရောက်လာသော နာဇီပါတီ သည် ဂျာမနီပြည်၏ ပြည်နယ် ရွေးကောက်ပွဲများတွင် အ အတွက် အနတ်များများဖြင့် အနိုင်ရရှိလာခဲ့ကြသည်။ ၁၉၂၉ ခုနှစ် အောက်တိုဘာလ ရွေးကောက်ပွဲများမှ အစပြု၍ ဘာဒင် လူဘက်၊ သူရင်ဂျီယာ၊ ဆက္ကဆိုနီနှင့် ဘာရန်းဝစ် ရွေးကောက် များတွင် ယှဉ်ပြိုင် အနိုင်ရလာခဲ့ကြသည်။ ထို့ပြင် ပရပ်ရှာ ပြည်နယ်တွင်လည်း မြူနီစီပယ် ရွေးကောက်ပွဲနှင့် လူမျိုးစု ရွေး ကောက်ပွဲများ၌ နာဇီပါတီကိုယ်စားလှယ်များက အများစုဖြစ်လာ ကြသည်။ ဒီဇင်ဘာလအတွင်း သူရင်ဂျီယာ ရွေးကောက်ပွဲအပြီ တွင် ဖရစ်ဆိုသူ နာဇီပါတီဝင်တစ်ဦးမှာ ပြည်နယ်ဝန်ကြီးအဖြ ပထမဆုံးအကြိမ် ရွေးကောက် တင်မြှောက်ခြင်းပင် ခံခဲ့ရသည်။

ဟစ်တလာသည် သူ၏ နာဇီပါတီဝင်များ ရွေးကောက် များတွင် အနိုင်ရရှိရေးအတွက် နည်းမျိုးစုံကို အစွမ်းကုန်အသုံး ရသည်။ ထိုနည်းမျိုးစုံတို့အနက် ဂျာမန်စက်မှုလက်မှု အရင်းရှင်ကြီ များထံမှ အကူအညီယူသည့်နည်းလည်း အပါဝင်ဖြစ်သည်။

ဟစ်တလာသည် ပါတီသတင်းဖြန့်ချိရေးတာဝန်ခံ ဒေါ် င်းထရစ်မှတစ်ဆင့် အီမစ်ကားဒေါ့ဖ်ဆိုသူပုဂ္ဂိုလ်ကြီးနှင့် အဆ အသွယ်ရခဲ့သည်။ ကားဒေါ့ဖ်သည် ဂျာမန်စက်မှု အရင်းရှင်ကြီ များထဲတွင် အထင်ရှားဆုံး အရင်းရှင်ကြီးတစ်ယောက်ဖြစ်သည် သူသည် ဂဲလ်ဆင်ကာချင် သတ္တုတွင်းကုမ္ပဏီကြီးတွင် အစုရှယ်ယာ အများဆုံးပါဝင်၍ ရားနယ် ကျောက်မီးသွေးတွင်း ဆင်ဒီကိ လုပ်ငန်းကြီးကို စတင်တည်ထောင်ခဲ့သူ တစ်ဦးလည်း ဖြစ်သည် ထို့ကြောင့် သတ္တုလုပ်ငန်းနှင့် အနောက်မြောက်ပိုင်း သံလုပ်ငန်း ကုမ္ပဏီများ အသင်းချုပ်ကြီးကိုလည်း ရန်ပုံငွေ ထောက်ပံ့နေသ ဖြစ်သည်။

၁၉၂၉-နှစ် ဩဂုတ်လတွင် နျူရင်ဘတ်ပါတီ နှစ်ပတ် လည်ဖွန့ အခမ်းအနားသို့ ဟစ်တလာက ကားဒေါ့ဖ်အား အထူး ဧည့်သည်တော်အဖြစ် ဖိတ်ကြားခဲ့သည်။ ထိုအခမ်းအနားတွ နာဇီပါတီဝင်ပေါင်း ၆-သောင်းမျှ တက်ရောက်၍ ပါတီခေါင်း ဆောင်ကြီး ဟစ်တလာကို အလေးပြုကြသည်။ ကားဒေါ့ဖ်သည် ထိုအခမ်းအနားမှပြန်လာခဲ့ပြီးနောက် ဟစ်တလာထံသို့စာတင်ရေး ရေးခဲ့သည်။ ထိုစာတွင် "ကျုပ်နဲ့ ကျုပ်မိန်းမကတော့ ဒီအခမ်း အနားရဲ့ ကြီးကျယ်ပုံကို ဘယ်တော့မှ မေ့နိုင်မယ် မဟုတ်ပါဘူး" ဟူ၍ ပါရှိခဲ့သည်။

ထိုအချိန်မှစ၍ ကားဒေါ့ဖ်သည် ဟစ်တလာ၏ နာဇီပါတီ ကို ရန်ပုံငွေလိုသလောက် ထောက်ပံ့လာသူတစ်ဦး ဖြစ်လာသည်။ အလားတူပင် ဒီမိုကရေစီဝါဒကိုဆန့်ကျင်၍ အလုပ်သမား လူတန်း စား လှုပ်ရှားမှုများနှင့် ကွန်မြူနစ် လှုံ့ဆော်မှုများကို ကြောက်၍ ခိုးရိမ်နေကြသည့် ဂျာမန် အရင်းရှင်ကြီးများသည်နာဇီပါတီအား နောက်ပိုင်းမှ တိတ်တဆိတ် သော်လည်းကောင်း၊ ရှေ့ပိုင်းမှ ပြောင်ကျကျ သော်လည်းကောင်း အကြီးအကျယ် ထောက်ပံ့ခဲ့ ကြသည်။

ဟစ်တလာသည် ထိုသို့ အရင်းရှင်ကြီးများ၊ စက်မှုလုပ်ငန်း ရှင်ကြီးများက ထောက်ပံ့သော ပါတီရန်ပုံငွေကို ပါတီခေါင်း ဆောင်တစ်ဦးဖြစ်သူ အဲလ်ဖရက်ဟူဂင်ဘတ်ဆိုသူက တစ်ဆင့်လက်ခံ ခဲ့သည်။ ထို့ပြင် အဆိုပါ အရင်းရှင်ကြီးများနှင့် ပါတီရန်ပုံငွေ ကိစ္စအတွက် တွေ့ဆုံသည့် အခါတိုင်း သိုင်ဆင်ဆိုသူ ပါတီဝင် ရဲဘော်တစ်ယောက် အမြဲတမ်းပါလေ့ရှိသည်။

"အားလုံး ပေါင်းလိုက်မယ်ဆိုရင် စက်မှုလုပ်ငန်းရှင်ကြီး တွေက နာဇီပါတီကို ထောက်ပံ့ခဲ့တဲ့ငွေဟာ ခန့်မှန်းခြေ အားဖြင့် တစ်နှစ်တစ်နှစ်မှာ ၂-သန်းလောက် ရှိပါတယ်" ဟူ၍ သိုင်ဆင်က ဖွင့်ဟ ဝန်ခံခဲ့သည်။

(ဖရစ်သိုင်ဆင်ရေး "ဟစ်တလာအား ကျွန်ုပ် ငွေပေးခဲ့စဉ်က")

www.burmeseclassic.com

www.burmeseclassic.com

ယခု ဟစ်တလာသည် အရင်းရှင်များ၏ ထောက်ပံ့မှုဖြင့် ပါတီကို ကောင်းကောင်းကြီး အရောင်တင်နိုင်ခဲ့သည်။ သူသည် ဘရိန်းနားလမ်းမှ ကြီးကျယ် ခမ်းနားလှသော ဘာလိုနန်းတော် အဆောက်အအုံကြီးကို ဝယ်ယူကာ ပါတီဌာနချုပ်အဖြစ် မွမ်းမံခဲ့သည်။ ထည်ဝါခန့်ညားလှသည့် လှေကားကြီးတစ်ခု တပ်ဆင်ကာ အပေါ်ထပ်ကိုလည်း အရောင် တ ဖိတ် ဖိတ် တောက် နေ သော ပရိဘောဂများဖြင့် ခြယ်သ၍ စည်းဝေးခန်းဆောင်အဖြစ် အသုံးပြုခဲ့သည်။

ထို ခန်းမ ဆောင် ကြီး ၏ ထောင့်မှ အခန်းကျယ်ကြီးကို မှ ညှိခန်းအဖြစ် အသုံး ပြုကာ ခေါင်းဆောင်ကြီး ဟစ်တလာသည် ကြေးမုံပြင်ကဲ့သို့ တလက်လက်တောက်ပနေသည့် စားပွဲကြီးများဖြင့် ညှိသည်များကို ညှိခံခဲ့သည်။

ဤပါတီဌာနချုပ်အသစ်ကြီးကို ၁၉၃၁-ခု နှစ်ဦးပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ယခင် ကော်နီလီယပ်စ် လမ်းနှင့် စချဲလင်း လမ်းများထဲတွင် မှောင်နှင့်မည်းမည်း အ ရောင် မှဲ့ မှဲ့ ဖြင့် ခပ် နုပ် နုပ် ခပ်ကုပ်ကုပ်ရှိခဲ့သော ဌာနချုပ်အဟောင်းနှင့် စာနသော် ဤ ပါတီဌာနချုပ်အသစ်ကြီးသည် နွားတင်းကုပ်နှင့် နတ်ဗိမာန်တမျှ အကွာကြီးကွာလှသည်၊ အသာကြီးသာလှသည်။

မိမိပါတီကို အထက်ပါအတိုင်း ဘာ လို နန်း တော် အဆောက်အအုံကြီးသို့ မပြောင်းရွှေ့မီကပင် ဟစ်တလာကိုယ်တိုင်ကလည်း မြူနစ်မြို့တွင် လူကုံထံများသာ နေလေ့ရှိသော ပရင် ဇင်ဂျင်တင် လမ်းမကြီးပေါ်မှ အဆောက်အအုံကြီး တစ်ခုသို့ ပြောင်းရွှေ့ခဲ့ပြီးဖြစ်သည်။

ယင်း အဆောက်အအုံ၏ နံပါတ်မှာ ၁၆-ဖြစ်၍ ဟစ်တလာသည် ထိုတိုက်ကြီး၏ တတိယထပ်တစ်ခုလုံးတွင် နေထိုင်



သူ ထိုအထပ်မှာ ကြီးမားလှသည့် အခန်းကြီးပေါင်း ၉-ခန်းပင် သည်။

ဤသို့အားဖြင့် ဟစ်တလာသည်လည်းကောင်း၊ နာဇီပါတီသည်လည်းကောင်း၊ ဂျာမန်အရင်းရှင်ကြီးများ၏ အထောက်အပံ့ဖြင့် အခန့်သား ဖြစ်လာခဲ့ကြသည်။

စင်စစ် အရင်းရှင်နှင့် နာဇီဖက်ဆစ်တို့မှာ စနစ်တစ်ခု၏ "ခေါင်းနှင့်ပန်း" ပမာ ခွာ၍မရ၊ ခွာ၍မဖြစ်သည်မှာ ဓမ္မတာပင် ဖြစ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



## ငါးကြင်းဆီဖြင့် ငါးကြင်းကြော်သူ

ဟစ်တလာသည် သူ့ကိုယ်သူပင် မယုံနိုင်လောက်အော[illegible] ဖြစ်သွားမိသည်။

သူ့စိတ်အထင်အားဖြင့် ဤရွေးကောက်ပွဲတွင် မိမိတို့ပါတီ[illegible] ကိုယ်စားလှယ် အရေအတွက် အတော်အတန် ရရှိလိမ့်မည်[illegible] ကြိုတင် ရိပ်စားမိသော်လည်း ကိုယ်စားလှယ်ဦးရေ ငါးဆယ်ကျေ[illegible] ခြောက်ဆယ်ထက် မပိုနိုင်ဟု တစ်ထစ်ချ တွက်ထားခဲ့သည်။

သို့သော် ယခု ရွေးကောက်ပွဲပြီး၍ မဲအားလုံး ရေတွ[illegible] လိုက်သောအခါ ကိုယ်စားလှယ်ပေါင်း ၁၀၇ ယောက်တိတိ မိမိ[illegible] ပါတီမှ အရွေးခံရသည်ကို တွေ့နေရသည်။

သို့ဖြစ်ရာ ဟစ်တလာသည် မိမိထင်ထားသည်ထက် များ[illegible] အောင်မြင်နေသဖြင့် သူ့ကိုယ်သူပင် မယုံနိုင်လောက်အောင် [illegible] ခဲ့မိသည်။

၁၉၂၈ ခုနှစ် ရွေးကောက်ပွဲတွင် မိမိတို့ နာဇီပါတီ[illegible] မဲပေါင်း ၈ သိန်းကျော်မျှ ရရှိခဲ့၍ ယခု ၁၉၃၀ ခုနှစ် စက်[illegible] ဘာလ အထွေထွေ ရွေးကောက်ပွဲကြီးတွင်မူ အံ့သြစရာ ကော[illegible] လောက်အောင် မဲပေါင်း ၆ သန်းကျော် ရရှိလာခဲ့သည်။

သို့ဖြစ်ရာ မူလက ဂျာမန် လွှတ်တော်ထဲတွင် မိမိတို့ ပါ[illegible] ကိုယ်စားလှယ် ၁၂ ဦးသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ၁၀၇ ဦး အ[illegible]



[illegible]တက်လာခဲ့သည်။ ယခင်က လွှတ်တော်ထဲတွင် နဝမမြောက် [illegible]ါတီအဖြစ် ရှိနေခဲ့ရာမှ ယခုအခါ ဒုတိယ အင်အား အကြီးဆုံး [illegible]တီကြီးအဖြစ် ရောက်ရှိလာပြီ ဖြစ်သည်။

ဤသို့အားဖြင့် ဟစ်တလာသည် ရွေးကောက်ပွဲ မတိုင်မီ [illegible] ဆော်ရေးတရားပွဲများ ကျင်းပခဲ့စဉ်က မိမိကိုယ်တိုင် ဟောပြော [illegible]သော စကားတစ်ခုမှာ မှန်ကန်နေသည်ကို တွေ့ရသည်။

"ပါလီမန်-အင်အားအများစု ရရှိရုံနဲ့ ပါတီတစ်ခုဟာ တိုင်းပြည်တစ်ပြည်ရဲ့ ကံကြမ္မာကို မဖန်တီးနိုင်ဘူး။ ဘာပဲ ဖြစ်ဖြစ် ဒီရွေးကောက်ပွဲမှာ ကျုပ်တို့ဟာ ဒီမိုကရေစီကို ဒီမိုကရေစီလက်နက်နဲ့ပဲ ပြန်ပြီး အနိုင်ယူရမယ် ဆိုတာ သိထားကြဖို့လိုတယ်"

(မြူနစ်မြို့တွင် ဟစ်တလာ၏ ဟောပြောချက်များ ၁၉၃၀-ခု ဇူလိုင်လ ၁၀ ရက်၊ စာမျက်နှာ ၄၂).

မှန်သည်။ ဟစ်တလာသည် ဒီမိုကရေစီကို ဒီမိုကရေစီဖြင့်ပင် [illegible]၍ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ သူသည် ဒီမိုကရေစီကို အပြုတ် [illegible]တ်ရန်အတွက် ဒီမိုကရေစီကိုပင် လက်နက်အဖြစ် ဆက်လက် [illegible]သုံးပြုရဦးမည် ဖြစ်သည်။

ဤသို့ အသုံးပြုရန်အတွက် သူ့ဘက်က အခြေအနေများ [illegible]းလျက်ရှိသည်။ အခွင့်အလမ်းများ သာလျက်ရှိသည်။

အဘယ့်ကြောင့်ဆိုသော် ထိုအချိန် ထိုအခါက ၁၉၃၀ခုနှစ် [illegible]ဒိုက်တွင် တစ်ကမ္ဘာလုံး စီးပွားပျက် ကပ်ကြီးဆိုက်ခဲ့ရာ ဂျာမန် [illegible]ည်မှာ ပထမကမ္ဘာစစ်၏ဒဏ်ရာ ဒဏ်ချက်များ မပျောက်သေးမီ [illegible]တစ်ဖန် စီးပွားပျက်ကပ်ကြီး၏ လက်ချက်ကို ပြင်းထန်စွာ ထပ်မံ [illegible]ားနေရပြန်သောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျာမနီတစ်ပြည်လုံး ထိုအချိန်က အဓိက အရေးအကြီးဆုံး ရင်ဆိုင်နေရသော ပြဿနာမှာ တစ်နေ့တခြား ကြောက်ခမန်းလိလိ တိုးပွားလာနေသော အလုပ်လက်မဲ့ပြဿနာပင် ဖြစ်သည်။

၁၉၂၇ ခုနှစ် စက်တင်ဘာလအတွင်း၌ ဂျာမနီတစ်ပြည်လုံးတွင် အလုပ်လက်မဲ့ ဦးရေပေါင်း ၁,၃၂၀,၀၀၀ ရှိခဲ့ရာမှ ၁၉၃၀ ခုနှစ် စက်တင်ဘာလတွင် ၃,၀၀၀၀၀၀ အထိ တိုးလာခဲ့သည်။ ထို့နောက် တစ်နှစ်မျှအကြာ ၁၉၃၁ ခုနှစ်တွင် ၄,၃၅၀,၀၀၀ ဖြစ်လာ၍ ၁၉၃၂ ခုနှစ် စက်တင်ဘာလတွင်မူ ၅,၁၀၂,၀၀၀ မျှ ရှိလာခဲ့သည်။ နောက်ဆုံး ၁၉၃၃ ခုနှစ်တွင် ကြောက်ခမန်းလိလိ ၆ သန်းအထိပင် အလုပ်လက်မဲ့များ တိုးပွားလာခဲ့သည်။

(နိုင်ငံပေါင်းစုံ အဖွဲ့ချုပ်၏ နှစ်ချုပ်စာရင်းမှ)

ဤသို့ စီးပွားရေး ကပ်ဆိုက်ခြင်းနောက်မှ နိုင်ငံရေး ကပ်ဆိုက်ခြင်းသည် လိုက်ပါစမြဲ ဖြစ်ရာ တစ်နေ့တခြား ဆိုးရွားလာနေသော အခြေအနေသည် ဟစ်တလာ နာဇီပါတီအား တစ်နေ့တခြား အရှိန်အဝါ ကြီးမားလာစေခဲ့သည်။

ကုန်ဈေးနှုန်း ကြီးမြင့်မှု၊ ငွေစက္ကူ ဖောင်းပွမှုနှင့် လူနေမှု စရိတ်မြင့်မားလာမှုများကြောင့် ပြည်သူလူထုမှာ တစ်နေ့ထက် တစ်နေ့ အတိဒုက္ခရောက်ကြသည်။ အလုပ်ရုံ စက်ရုံကြီးများ တစ်ခုပြီးတစ်ခု ပိတ်ခဲ့ရသည်။ ထိုသို့ ပိတ်လိုက်ရသော အလုပ်ရုံ စက်ရုံကြီးများမှ အလုပ်လက်မဲ့များသည် လမ်းများပေါ်သို့ နွားအုပ်ကြီးများ မောင်းထုတ်လိုက်သလို အစုလိုက် အပြုံလိုက် ရောက်ရှိလာကြသည်။

သူတို့၏ နောက်ဆုံး ခိုလှုံစရာ စခန်းသည်ကား နာဇီပါတီပင် ဖြစ်သတည်း။

လက်ရှိ အုပ်စိုးနေသော လူတန်းစား၏ ချွတ်ယွင်းချက် အပြစ် အနာအဆာများကို တစ်ဖက်မှ လက်ညှိုးထိုး၍ ပြကာ အခြားတစ်ဖက်မှ အနာဂတ် ကာလအတွက် မျှော်လင့်ချက်ကတိ



များ ပေးခြင်းဖြင့် လှုံ့ဆော် စည်းရုံးခဲ့ရာ ယခင့် စက်ရုံ အလုပ်လက်မဲ့များသည် နောက်တစ်နေ့တွင် 'ရှပ်ညို' ယူနီဖောင်းများ ဝတ်ဆင်ကာ နာဇီပါတီဝင်များ ဖြစ်လာခဲ့ကြသည်။

ဤသို့အားဖြင့် ၁၉၃၀ ခုနှစ် စက်တင်ဘာလ အထွေထွေ ရွေးကောက်ပွဲကြီးတွင် ဟစ်တလာ ကိုယ်တိုင် အံ့သြယူရလောက်အောင် နာဇီကိုယ်စားလှယ်များ အရွေးခံရခြင်း ဖြစ်သည်။

သို့သော် ဟစ်တလာ၏ နာဇီပါတီသည် တစ်ဖက်မှ သူနှင့် အပြိုင်တက်လာသော ရန်သူများကိုလည်း မျက်ခြည်မပြတ် စောင့်ကြပ်၍ ကြည့်နေရသည်။

ထိုရန်သူများမှာ အခြားသူမဟုတ်၊ ကွန်မြူနစ်များပင်ဖြစ်သည်။

ကွန်မြူနစ်များ သည်လည်း နာဇီများ ကဲ့သို့ပင် လက်ရှိ အစိုးရဖြုတ်ချရေး ကြွေးကြော်သံဖြင့် ရွေးကောက်ပွဲ ဝင်ခဲ့ကြရာ ၎င်းတို့သည်လည်း နာဇီပါတီနှင့် မတိမ်းမယိမ်း မဲပေါင်း ၄ သန်း ၅ သိန်းကျော် ရရှိ၍ ကိုယ်စားလှယ်ပေါင်း ၇၇ ဦးမျှ အရွေးခံကြရသည်။

သို့ဖြစ်ရာ နာဇီပါတီ၏ အဓိက ရန်သူများစာရင်းတွင် ကွန်မြူနစ်များသည် ထိပ်ဆုံးမှ ပါနေခဲ့သည်။

မည်သို့ပင်ဖြစ်စေ နာဇီပါတီ၏ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်မှုသည် ဂျာမနီတစ်ပြည်လုံးသို့ ဂယက်ရိုက်စေခဲ့ရုံမျှမက ကမ္ဘာလုံး အထူးသဖြင့် ဥရောပတစ်တိုက်လုံးကိုပင် တုန်လှုပ်အံ့သြသွားစေခဲ့သည်။

ဟစ်တလာမှာ နေ့ချင်းညချင်းပင် ဥရောပနိုင်ငံရေး ခေါင်းဆောင်များ၏ စာရင်းထဲသို့ ထည့်သွင်းခြင်း ခံလိုက်ရသည်။ ဟစ်တလာနေထိုင်သော ပရင်ဇာဂျင်တန်လမ်း အိမ်အမှတ် ၁၆ တွင် နိုင်ငံခြား သတင်းထောက်များသည် ခြေချင်း လိမ်နေကြသည်။ လန်ဒန် တိုင်း သတင်းစာကြီးက ရှည် လျားသော ခေါင်းကြီးပိုင်းဖြင့် နာဇီပါတီ၏ ရွေးကောက်ပွဲ အောင်မြင်မှု သတင်းကို ကြိုဆို ချီးကျူးခဲ့သည်။ ဒေလီ-မေးလ် သတင်းစာမှ

www.burmeseclassic.com

www.burmeseclassic.com

လော့ဒ်ရောသာမီယာ ဆိုသူကလည်း 'ဟစ်တလာ့ အောင်ပွဲသည် ဘော်လ်ရှီဗစ်ကွန်မြူနစ်များအား တိုက်ခိုက်ရေးအတွက် တစ်တပ်တစ်အားဖြစ်ကြောင်း' ဖြင့် ဝမ်းသာအားရ ဖော်ထုတ်ရေးသားခဲ့သည်။

မှန်သည်။ ပါလီမန်တွင် မိမိတို့နှင့် မတိမ်းမယိမ်းလိုက်ကာ မိမိကဲ့သို့ပင် လက်ရှိအစိုးရကို ဖြုတ်ချရေးကို ကြွေးကြော်နေသော ကွန်မြူနစ်များသည် မိမိတို့နှင့်အကြံတူ ရန်သူများပင် မဟုတ်ပါလော။

သို့ဖြစ်ရာ ဟစ်တလာသည် ၁၉၃၀ ခုနှစ် စက်တင်ဘာလ အထွေထွေရွေးကောက်ပွဲကြီး ပြီးသည့်နောက် စစ်မျက်နှာ ၂ ရပ်ဖွင့်ခဲ့သည်။ ပထမစစ်မျက်နှာမှာ လက်ရှိအုပ်စိုးနေသော အစိုးရကို ပါလီမန်အတွင်း၌ အတိုက်အခံလုပ်ခြင်း ဖြစ်၍ ဒုတိယစစ်မျက်နှာမှာ ကွန်မြူနစ်များကို ပါလီမန်အပြင်ပ၌ လူစု လူဝေးနှင့် ရန်စစော်ကားခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်းများပင် ဖြစ်သည်။

ထိုစဉ်က နာဇီကာကွယ်ရေးတပ်ဖွဲ့ဝင်များ၏ အဓိက ကြွေးကြော်သံမှာ 'လမ်းများကို အပိုင်စီးထားခြင်းဖြင့် တိုင်းပြည်အာဏာကို သိမ်းပိုက်ကြ' ဟူ၍ ဖြစ်သည်။

ဤကြွေးကြော်သံအရ ရပ်ကွက်တိုင်း လမ်းတိုင်းတွင် နာဇီရှပ်ညိုတပ်သားများ၏ စစ်ရေးပြခြင်း၊ တိုက်ပွဲလေ့ကျင့်ခန်းပြုလုပ်ခြင်းများအပြင် ဆန့်ကျင်ဘက်ပါတီများ၊ အထူးသဖြင့် ကွန်မြူနစ်များ၏ လုပ်ငန်းများကို ဖြောင်ဝင်ရောက်ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဤသို့ဖြင့် နာဇီများနှင့် ကွန်မြူနစ်များသည် မကြာခဏ ရန်ရင်းဆန်ခတ်ဖြစ်ကြရာ တစ်ခါတွင် ဘာလင်မြို့ နာဇီကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဟော့စ်ဝက်လ်စ်မှာ ကွန်မြူနစ်များက သေနတ်ဖြင့် ပစ်သတ်ခြင်း ခံလိုက်ရသည်။ အလားတူပင် ကွန်မြူနစ် အများအပြားမှာလည်း နာဇီတို့၏ လက်ချက်ဖြင့် အသက်ဆုံးကြရသည်။ နာဇီပါတီဝင် တစ်ယောက် နှစ်ယောက်သော် လည်းကောင်း၊ ကွန်မြူနစ် တစ်ယောက် နှစ်ယောက်သော်



လည်းကောင်း၊ လမ်းပေါ်တွင် သေနတ်ဒဏ်ရာဖြင့် လဲကျသေဆုံးနေသည်ကို နံနက်တိုင်းလိုလို တွေ့ကြရသည်။

ညစဉ် ညတိုင်းလိုလို နာဇီပါတီဝင်များနှင့် ကွန်မြူနစ်များသည် လမ်းများပေါ်တွင် အပြိုင်အဆိုင် အင်အားပြ ချီတက်ပွဲများ ပြုလုပ်ကြသည်။ ကွန်မြူနစ်ဦးစီးသော ရပ်ကွက်တရားပွဲများရှိရာသို့ နာဇီများက လူစုလူဝေးနှင့် လာရောက်ကာ ခပ်လှမ်းလှမ်းတွင် အပြိုင်တရားပွဲတစ်ခု ချက်ချင်းလုပ်၍သော် လည်းကောင်း၊ သံပြိုင် စစ်သီချင်းများ ဆို၍သော် လည်းကောင်း တစ်ဖက်မှ တရားပွဲကို နှောင့်ယှက်ကြသည်။ ကွန်မြူနစ်များက မကျေနပ်၍ လာရောက် ဟန့်ကွက်သည့်အခါ မချေမငံ ပြောလွှတ်ခြင်း၊ စိုင်းလောင်ကြခြင်း သည်ဖြင့် ရန်စကြသည်။ ထို့နောက် တစ်ဖက်နှင့်တစ်ဖက် ရိုက်ကြ နှက်ကြ၍ ရန်ရင်းဆန်ခတ် ဖြစ်ကြရာမှ နောက်ဆုံးတွင် သေနတ်များဖြင့် ပစ်ကြခတ်ကြသည်အထိ ဖြစ်ကြသည်။

ဤသို့ ဆူပူ သောင်းကျန်းမှုများ တစ်နေ့တခြား ဆိုးရွားလာရာ ရီပတ်ဗလစ်ကန် အစိုးရသည် ကာကွယ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေး ဥပဒေများ ပြုလုပ်လာရသည်။ ရပ်ကွက်လူထုတရားပွဲများနှင့် စီတန်း လမ်းလျှောက်ခြင်းများကို ပိတ်ပင်ပစ်ရသည့်အပြင် နာဇီတို့အား ယူနီဖောင်းဝတ်ဆင်ခြင်း၊ ပခုံးတံဆိပ်များ တပ်ဆင်ခြင်း စသော စစ်တပ်အသွင်မျိုးမပြုရန် တားမြစ်ခဲ့သည်။

သို့သော် တစ်ဖက်မှ စီးပွားရေး အကျပ်အတည်းများ ဖြစ်ပေါ်၍ တိုင်းပြည် မငြိမ်မသက် ဖြစ်နေခိုက်တွင် အစိုးရ၏ အမိန့်ဥပဒေများမှာ အချည်းအနှီးသာ ဖြစ်ခဲ့ရသည်။ နောက်ဆုံး 'လမ်းများကို အပိုင်စီးထားနိုင်လျှင် တိုင်းပြည်အာဏာကို သိမ်းပိုက်နိုင်ရမည်' ဟူသော နာဇီတို့၏ ကြွေးကြော်သံအရ နာဇီရှပ်ညိုတပ်သားများသည် လမ်းတိုင်းတွင် လူစုလူဝေးများဖြင့် ထင်သလို စိုးမိုးခဲ့ကြသည်။ ထိုမျှမက အစိုးရသည် နာဇီတို့၏ တောင်းဆိုချက်အရ 'အနောက်ဘက် စစ်မျက်နှာတွင် အားလုံး ငြိမ်သက်နေသည်' (All Quite on The Western Front) အမည်ရှိ ရုပ်ရှင်ကားကို ဆက်လက်ပြသခြင်း မပြုတော့ဘဲ ပိတ်ပင်ပေးခဲ့ရသည်။

www.burmeseclassic.com

ထိုဇာတ်ကားကို ပိတ်ပင်ရန် နာဇီတို့က တောင်းဆိုခဲ့ခြင်းမှာ ထိုဇာတ်ကားသည် စစ်၏ ဆိုးရွားပုံကို အလေးစိတ် ဖော်ပြထားသည့် စစ်ဆန့်ကျင်ရေးဇာတ်ကား ဖြစ်သောကြောင့် ဖြစ်သည်။

ဤသို့ နာဇီတို့က ကွန်မြူနစ်များကို အကြမ်းဖက် နှိမ်နင်းသော ဂျာမန်အရင်းရှင်ကြီးများ၏ အထောက်အပံ့ကို နာဇီပါတီ ပို၍ရလာ ဖြစ်လာခဲ့သည်။

ယခုအခါ အီမစ်ကားဒေါ့ဖ် ကဲ့သို့သော ကျောက်မီးသွေးတွင်းပိုင်ရှင်ကြီးများထံမှ သာမက ဖရစ်သိုင်ဆင်ကဲ့သို့သော သံမဏိလုပ်ငန်းပိုင်ရှင်ကြီးများ၊ ဘာနက်ဘတ်စ်ကူးလ် ကဲ့သို့သော သတ္တုတွင်းပိုင်ရှင်ကြီးများနှင့် စတိန်နှင့် စကာရိဒါး စသော ဘဏ်တိုက်ပိုင်ရှင်ကြီးများကပါ နာဇီပါတီကို ငွေကြေးအလုံးအရင်းဖြင့် အားပေး ထောက်ပံ့လာကြသည်။

ဟစ်တလာ၏ နာဇီပါတီဝင်များသည် ပါလီမန်အပြင်ဘက်တွင် ထိုသို့ အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများဖြင့် 'လမ်းများကို အပိုင်စီး'နေကြသလို ပါလီမန်အတွင်း၌လည်း အစိုးရလုပ်ငန်းများကို ကပျက်ကယက် လုပ်ကာ မနှောင့်ယှက် ဖျက်ဆီးနေကြသည်။

နာဇီပါတီ ကိုယ်စားလှယ် အားလုံးသည် ပါလီမန် အစည်းအဝေးများသို့ ရှပ်ညို ယူနီဖောင်းများ ဝတ်ဆင်ကာ တက်ရောက်ကြသည်။ ပါလီမန်အတွင်း ဒုတိယ အင်အားအကြီးဆုံး ပါတီဖြစ်သည့်အလျောက် ပါလီမန်အစည်းအဝေး ကျင်းပနေစဉ် မကြာခဏ ဆူပူ ဟစ်အော်ခြင်း၊ ရှုန်းရင်းဆန်ခတ် ပြုလုပ်ခြင်း၊ ထို့အပြင် ပါလီမန်ထဲမှ ကန့်ကွက် ထွက်ခွာသွားကြခြင်း စသည်တို့ဖြင့် ပါလီမန်တွင်း တိုက်ပွဲဆင်ကြရာ ပါလီမန် အစည်းအဝေးကို မကြာခဏ ရွှေ့ဆိုင်းပစ်ခဲ့ရသည်။

တစ်ချိန်တည်းတွင် ဟစ်တလာသည် ဂျာမနီ တစ်ပြည်လုံးကို ခရိုင်ပေါင်း ၂၁-ခရိုင်ခွဲကာ ခရိုင်တစ်ခုလျှင် တပ်မှူးတစ်ယောက်ထားရှိ၍ နာဇီမုန်တိုင်း တပ်ဖွဲ့ကို စစ်တပ် ထုံးစံအတိုင်း တိုးချဲ့ဖွဲ့စည်းခဲ့သည်။ မုန်တိုင်းတပ်ဖွဲ့များ၏ တာဝန်ခံ တပ်မှူးကြီးမှာ



ဟင်နာဇီပါတီ တည်ထောင်စက ဟစ်တလာအား ကူညီခဲ့သူ ရိုလီကြီးရှုန်းပင် ဖြစ်သည်။

၁၉၃၁-ခုနှစ် ဇန်နဝါရီလတွင် နာဇီ မုန်တိုင်း တပ်ဖွဲ့ဝင် ထပ်သား ဦးရေမှာ ဂျာမနီ တစ်ပြည်လုံးတွင် စုစုပေါင်း သိန်းနှင့်ချီ၍ ရှိခဲ့သည်။

ထို့ပြင် ဟိမ်းရစ် ဟင်းမလား၊ အုပ်ချုပ်သော လုံခြုံရေး တပ်ဖွဲ့ကိုလည်း ထပ်မံ ပြုပြင် ဖွဲ့စည်းခဲ့သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များကို အနက်ရောင် ယူနီဖောင်း ဝတ်စုံများ ဝတ်ဆင်စေ၍ ၎င်းတို့၏ ဦးထုပ် တံဆိပ်ကိုလည်း လူဦးခေါင်းနှင့် လက်ဖျံရိုးနှစ်ချောင်း ကြက်ခြေခတ် တံဆိပ်များ တပ်ဆင် ပေးခဲ့သည်။

ဟင်းမလားသည် လုံခြုံရေး တပ်ဖွဲ့ လုပ်ငန်း၏ အရေးပါအရာရောက်ပုံကို သိထားပြီး ဖြစ်သည့် အလျောက် နောင်အခါ နာဇီတို့၏ ဂျူးလူမျိုး သုတ်သင်ရေး လုပ်ငန်းကြီးတွင် ထိထိရောက်ရောက် တာဝန်ယူ လုပ်ဆောင်ကြမည့် အဒေါ့ဖ် အိုက်ခ်မန်းနှင့်ဟိုက်ဒရစ်စသူတို့ကို ထိုအချိန်ကပင် နာဇီ လုံခြုံရေး တပ်ဖွဲ့ဝင်များအဖြစ် သွတ်သွင်းခဲ့သည်။

ဤအချိန်တွင် တိုင်းပြည် စီးပွားရေး ကပ်ဆိုက်မှုမှာ သာ၍ဆိုးရွား အကျပ်အတည်းများဖြင့် ကြီးမားစွာ ရင်ဆိုင်လာခဲ့ရသည်။ ၁၉၃၁-ခုနှစ် ဇူလိုင်လ နောက်ပိုင်းတွင် ဂျာမနီပြည်တွင် အကြီးဆုံးဖြစ်သော ဓာရက်ဒီတန်စတဲလ် ဘဏ် လုပ်ငန်းကြီးမှာ တစ်ခါတည်း ရပ်စဲပစ်လိုက်ရသည်။ အမျိုးသား ဘဏ်တိုက်ကြီးမှာလည်း ထုတ်ပေးရန်ရှိသော ငွေများကိုပင် ထုတ်မပေးနိုင်တော့ဘဲ လုံးဝ ပိတ်ပစ်လိုက်ရသည်အထိ အခြေအနေ ဆိုးရွားလာခဲ့သည်။

ထုံးစံအတိုင်း စီးပွားပျက်ကပ်ဆိုက်၍ အလုပ်လက်မဲ့ဖြစ်ကာ ဒုက္ခရောက်ရ ဖြစ်လာသော လူငယ်လူရွယ်များမှာ နာဇီပါတီဝင်များ ဖြစ်လာကြပြန်သည်။ သူတို့အဖို့ 'နောင်ရေး' အတွက် မစဉ်းစားဘဲ မျှော်လင့်ချက် ကင်းနေချိန်တွင် လောလောဆယ် နာဇီပါတီမှ ပေးသော ရှပ်ညို ယူနီဖောင်းကို ဝတ်ကာ ပါတီက ကျွေး

www.burmeseclassic.com



သော ထမင်းကို စား၍ စစ်ရေးပြနေရခြင်းသည်ပင်လျှင် အလုပ်တစ်ခုဟု သဘောထားခဲ့ကြရသည်။

သို့ဖြစ်ရာ ၁၉၃၁-ခုနှစ် အစပိုင်းတွင် ပါတီဝင် ဦးရေ ၃၀၉,၀၀၀ရှိခဲ့သော နာဇီပါတီမှာ ထိုနှစ်အကုန်တွင် ၈၀၀,၀၀၀ အထိ ၂ဆကျော်မျှ တိုးပွားလာခဲ့သည်။

ဤအချိန်တွင် နာဇီပါတီ၏ အရှိန်အဝါမှာ ဂျာမနီတစ်ပြည်လုံး ဖုံးလွှမ်းစ ပြုလာပြီ ဖြစ်သည်။ မြို့တိုင်း ရွာတိုင်းမှ လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့တွင် စကြာတံဆိပ် ကြိုးငယ်များမှာ မတွေ့ချင် အဆုံး၊ မမြင်ချင် အဆုံး ဖြစ်နေသည်။ ဟစ်တလာ သွားလေရာတွင် ထောင်ပေါင်းများစွာသော နာဇီပါတီဝင်များနှင့် ပါတီ လိုလားသူများက သူတို့၏ 'ခေါင်းဆောင်ကြီး'ကို ဆီးကြို၍ အလေးပြုကြသည်။

အောက်တိုဘာလ ၁၄-ရက်နေ့က ဟစ်တလာသည် လူထု တရားပွဲတစ်ခု ကျင်းပရန်အတွက် ဘရန်းစ်ဝစ်မြို့သို့ ဆိုက်ရောက် လာခဲ့ရာ နာဇီ လုံခြုံရေး တပ်ဖွဲ့နှင့် ကာကွယ်ရေးတပ်ဖွဲ့ ဝင်ပေါင်း တစ်သိန်းခန့်တို့က အုတ်အုတ်ကျက်ကျက် တစ်ခဲနက် ဆီးကြိုကြ သည်။ ခေါင်းဆောင်ကြီး ဟစ်တလာ၏ တရားပွဲသို့ တက်ရောက် ရန် အဆိုပါ ဘရန်းစ်ဝစ်မြို့သို့ အခြား အနီးအနား မြို့များမှ ရှပ်ညို တပ်သားများ၊ နာဇီပါတီဝင်များနှင့် ပါတီ လိုလားသူ လူထုကြီးများပါ တက်ရောက်လာကြရာ အထူး မီးရထားပေါင်း ၃၈-စင်း ခုတ်မောင်းပေးခဲ့ရ၍ လော်ရီကားပေါင်း ၁,၀၀၀ ကျော်ဖြင့် သယ်ယူ ပို့ဆောင် ပေးခဲ့ရသည် အထိ 'ကြက်ပျံမကျ' စည်ကားခဲ့သည်။

ဤသို့ ၁၉၃၁-ခုနှစ် တစ်နှစ်လုံးလုံး ရှုံ့ရင်းဆန်းတ ဖြစ် ပွားနေသည့်ကြားမှ နာဇီပါတီ နိုင်ငံရေး လှုပ်ရှားမှုများ တစ်နေ့ တခြား ကြီးထွားလာခဲ့ရာ ၁၉၃၂-ခုနှစ် ဆန်းလျှင် ဆန်းချင်း အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဘရူးနင်းသည် နာဇီပါတီ ခေါင်း ဆောင် ဟစ်တလာအား ခေါ်ယူ တွေ့ဆုံရတော့သည်။

ဘရူးနင်းက ဟစ်တလာအား တိုင်းပြည် စီးပွားရေး ကပ် ဆိုက်နေချိန်တွင် နိုင်ငံရေး အကျပ်အတည်းများ ပို၍ ဖြစ်ပေါ် အောင် မဖန်တီးဘဲ အစိုးရအား တစ်ဖက်တစ်လမ်းမှ ကူညီရန် မေတ္တာရပ်ခဲ့သည်။ ထို့ပြင် ဘရူးနင်းက အကယ်၍ တိုင်းပြည်၏ စီးပွားရေး ကပ်ဆိုက်မှုများကို ကျော်လွှား၍ စစ်လျော် ကြေး ...များကို အပြီးသတ် လုပ်ကိုင်ပြီးပါက မိမိသည် လက်ရှိ ဝန်ကြီး ချုပ် ရာထူးမှ နုတ်ထွက်ရန် ကြံစည်ထားကြောင်း၊ ထိုသို့ မိမိ နုတ် ထွက်ခဲ့ပါက၊ မိမိနေရာတွင် ဟစ်တလာကို ဝန်ကြီးချုပ် အဖြစ် ...အပ်ပါရန် နိုင်ငံတော်သမ္မတကြီးအား တိုက်တွန်းမည်ဖြစ်ကြောင်း ...သည်ဖြင့် ပြောကြားသည်။

သို့သော် နိုင်ငံရေး ဝါရင့်နေသော ဟစ်တလာသည် ဘရူး နင်း၏ စကားကို လက်မခံဘဲ ပယ်ချခဲ့သည်။

တစ်ချိန်တည်းတွင် လက်ရှိ သမ္မတရာထူး သက်တမ်းမှာ ကုန် ...လုနေပြီ ဖြစ်ရာ၊ ဘရူးနင်းက တိုင်းပြည် အခြေအနေ ...ကောင်းသည့် အချိန်အတန့်တွင် သမ္မတ ရွေးကောက်ပွဲ လုပ် ...ဖြင့် နိုင်ငံရေး ပဋိပက္ခများ ပို၍ ကြီးထွားလာမည်ကို စိုးရိမ် ...သည်။ ထို့ကြောင့် လောလောဆယ် သမ္မတ ရွေးကောက်ပွဲ ...ဘဲ သမ္မတရာထူးသက်တမ်း တိုးမြှင့်ထားရှိရန် နာဇီပါတီက ...ခံ သဘောတူပါမည့်အကြောင်း ဟစ်တလာအား ဖျောင်းဖျ ...ဆိုခဲ့သည်။ သို့သော် ဟစ်တလာက ဤအချက်ကိုလည်း ပယ်ချ ...သည်။

သို့နှင့် နာဇီပါတီနှင့်တကွ အခြား ပါတီများကပါ သမ္မတ ...ထူးသက်တမ်း တိုးမြှင့်ရေးကို လက်မခံဘဲ ရှိနေကြသဖြင့် လက်ရှိ ...တ ဟင်ဒင်ဘတ်သည် ရာထူးမှ နုတ်ထွက်၍ နောက်ထပ် သမ္မတ ...ကောက်ပွဲ ကျင်းပရန် စီစဉ်ရတော့သည်။

ဟစ်တလာသည် ပထမတွင် အဆိုပါ သမ္မတရွေးကောက်ပွဲ၌ ...ကိုယ်တိုင် ဝင်ရောက် အရွေးခံရေး မခံရေးကို ရုတ်တရက် ...ဖြတ်နိုင်သေးဘဲ ဖြစ်ခဲ့သေးသည်။ သို့သော် ဂိုးဘဲလ်စ်သို့ ... နာဇီခေါင်းဆောင် လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးချေ

www.burmeseclassic.com



နာဇီပါတီဝင်များက ဝိုင်း၍ ထိုက်တွန်းကြသဖြင့် သမ္မတ ရွေးကောက်ပွဲတွင် ဝင်ရောက် အရွေးခံရန် ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်ကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ဘာလင်မြို့ အားကစားရုံကြီးထဲ၌ ကျင်းပသော လူထုအစည်းအဝေးကြီးတွင် ဂိုးဘဲလ်က တရားဝင် ကြေညာခဲ့သည်။

ထိုစဉ်က နာဇီပါတီဝင်များ၏ တက်ကြွ လှုပ်ရှားပုံများကို ဂိုးဘဲလ်က အောက်ပါအတိုင်း ရေးသားခဲ့သည်။

‘ကျွန်ုပ်သည် တစ်နာရီနီးပါးမျှ ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် ခေါင်းဆောင်ကြီး သမ္မတ ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်လိုက်ကြောင်း တရားဝင် ကြေညာလိုက်ရာ တစ်ခဲနက် ရှည်လျားသော ဩဘာသံကြီးမှာ ၁၀ မိနစ်ကြာမျှ နားကွဲလုမတတ် မရပ်မနား ထွက်ပေါ် လာပါသည်။ လူထုကြီးတစ်ရပ်လုံးမှာ ခေါင်းဆောင်ကြီးအတွက် အားရဝမ်းသာဖြစ်ကာ နေရာမှ ရုတ်တရက်ထ၍ ဟစ်အော်ကြွေးကြော်ကြပါသည်။ သူတို့၏ တစ်ခဲနက် ဟစ်ကြွေးသံများကြောင့် အဆောက်အအုံကြီး၏ ခေါင်မိုးများပင် လွင့်စဉ် ပြုတ်ထွက်သွားလေမလားဟု ထင်လိုက်ရပါသည်။

(ဂိုးဘဲလ်၏မှတ်တမ်း၊ စာမျက်နှာ-၃၃)

ဟစ်တလာသည် တစ်ခုခုကိုလုပ်ရန် ဆုံးဖြတ်ပြီးပါက နောက်သို့ လုံးဝလှည့်မကြည့်တော့ဘဲ လုပ်စရာရှိသမျှ ဆက်တိုက် တောက်လျှောက် လုပ်သွားတတ်သူ ဖြစ်သည်။

သူသည် ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ပြီးချိန်မှစ၍ ရွေးကောက်ပွဲအတွက် နေ့ရောညပါ လုံးပန်းခဲ့သည်။ ရွေးကောက်ပွဲဝင်မည့်အကြောင်း တရားဝင် ကြေညာခဲ့သည်။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ မတ်လ ၁၂ ရက်အထိ ၁၉ ရက်အတွင်း ဘာလင်မြို့ တရားပွဲ ၁၉ ပွဲ ကျင်းပ၍ သူကိုယ်တိုင် တက်ရောက် ဟောပြော ခဲ့သည်။ ထို့ပြင် ၎င်းရက်အတွင်းမှာပင် ဘာရက်စ်လေဒ၊ ဒရက်စ်ဒင်၊ ကိုလုံ၊ ဟမ်းဘတ်နှင့် ချူးရင်ဘတ်စသော မြို့ကြီးများသို့လည်း အပြေးအလွှား သွားရောက် ဟောပြောခဲ့သေးသည်။ သူ့တရားပွဲတိုင်းမှာ ပရိသတ် တစ်သိန်းမှ ၆ သိန်းအထိ တက်ရောက် နားထောင်ခဲ့ကြသည်။

သို့သော် ရွေးကောက်ပွဲ ကျင်းပပြီးခဲ့သည့်အခါတွင်မူ ဟစ်တလာအဖို့ နေ့မအား ညမအား ကြိုးစားပမ်းစား မဲဆွယ် တရားပွဲများ ပြုလုပ်ခဲ့ရခြင်းမှာ ‘ခဲလေသမျှ သဲရေကျ’ ဖြစ်ခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် မတ်လ ၁၂ ရက်နေ့ ညနေတွင် မဲများ ရေတွက်လိုက်သောအခါ သူသည် မဲပေါင်း ၁၈ သန်းကျော်မျှ ရရှိခဲ့သော သမ္မတဟောင်း ဟင်ဒင်ဘတ်ကို မီအောင် မလိုက်နိုင်ဘဲ မဲပေါင်း ၁၁ သန်းကျော်မျှဖြင့် ရွေးကောက်ပွဲ ရှုံးခဲ့သောကြောင့် ဖြစ်သည်။

တစ်ဖန် သမ္မတဟောင်း ဟင်ဒင်ဘတ်သည် ထိုရွေးကောက်ပွဲတွင် စုစုပေါင်း ၁၈,၇၃၆ မဲ ရရှိသော်လည်း မဲပေးသူဦးရေ၏ ၅၁ ရာခိုင်နှုန်း သာလျှင် ရရှိနေသဖြင့် လိုအပ်သော ရာခိုင်နှုန်း ၅၀ မကျော်ဘဲ ဖြစ်နေပြန်သည်။ သို့ဖြင့် ဒုတိယအကြိမ်ရွေးကောက်ပွဲကို ဧပြီလ ၁၀ ရက်နေ့တွင် ထပ်မံပြုလုပ်ရပြန်သည်။

၎င်းအကြိမ်တွင်လည်း ဟစ်တလာသည် ပထမအကြိမ်ကထက် မဲပေါင်း ၂ သန်းကျော် ပို၍ စုစုပေါင်း မဲ ၁၃,၄၁၇, ၄၆၀ ရရှိခဲ့သော်လည်း ဟင်ဒင်ဘတ်ကိုမမီဘဲ အရှုံးကြီး ရှုံးခဲ့ရပြန်သည်။ ဟင်ဒင်ဘတ်မှာ ယခုတစ်ကြိမ်တွင် မဲပေါင်း ၁၉ သန်းကျော်ရခဲ့၍ ရာခိုင်နှုန်းထက်ဝက်ကျော်သဖြင့် သမ္မတရာထူးတွင် ဆက်လက်တည်မြဲသွားခဲ့သည်။

ထိုသို့ သမ္မတ ရွေးကောက်ပွဲတွင် ၂ ကြိမ်တိုင်တိုင် အရှုံးခဲ့သဖြင့် ဟစ်တလာမှာ အကြီးအကျယ် ဒေါသထွက်သွားခဲ့သည်။ ၎င်းတွင် သူနှင့် ဂိုးဘဲလ်တို့သည် တစ်ဖက်မှာ နာဇီလုံခြုံရေးတပ်ဖွဲ့များနှင့် မုန်တိုင်းတပ်ဖွဲ့ များကို လျှို့ဝှက် ညွှန်ကြားချက်များ



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ပြန်ကာ အာဏာကို အကြမ်းဖက်သိမ်းရန် ပြင်ဆင်လာကြပြန်သည်။

သို့သော် အစိုးရသည် ဟာစ်တလာ အရေးနိမ့်နေခိုက် ဆက်လက်၍ ဦးချိုးထားရန် လိုအပ်သည်ဟူသော သဘောဖြင့် နာဇီလုံခြုံရေးတပ်ဖွဲ့များနှင့် မုန်တိုင်းအဖွဲ့များကို ဖျက်သိမ်းပစ်ရန် အမိန့်များကို ရုတ်တရက် ထုတ်ပြန်လိုက်ရာ ဟာစ်တလာမှာ အကျဉ်းအကျပ် ကျခဲ့ရပြန်သည်။

နာဇီတပ်ဖွဲ့များ ဖျက်သိမ်းရန် အမိန့်ကို ဒုတိယ အကြိမ် သမ္မတရွေးကောက်ပွဲအပြီး ၅ ရက်မျှ အကြာ ဧပြီလ ၁၀ ရက်နေ့မှာပင် ထုတ်ပြန်ခဲ့သည်။

ထိုအချိန်က နာဇီတပ်ဖွဲ့ဝင်ဦးရေမှာ တစ်ပြည်လုံးတွင် စုစုပေါင်း ၄ သိန်းနီးပါးမျှရှိ၍ အစိုးရလက်နက်ကိုင် စစ်သားဦးရေထက် ၄ ဆမျှပင် ရှိနေသည်။

သို့ဖြစ်ရာ နာဇီမုန်တိုင်းနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တာဝန်ခံတပ်မှူးကြီးရှမ်းသည် အစိုးရ အမိန့်ကို မနာခံဘဲနေရန် ကြံရွယ်သေးသည်။ ဤတွင် ဟာစ်တလာကိုယ်တိုင်က ဤအခြေအနေမျိုး၌ စိတ်ရှည်ရှည်ထား၍ နောက်ပိုင်းမှ လုပ်စရာရှိသည့် လုပ်ငန်းများကို မထိခိုက်စေလိုသဖြင့် အစိုးရအမိန့်ကို နာခံကာ လုံခြုံရေးနှင့် မုန်တိုင်းတပ်ဖွဲ့များကို ဖျက်သိမ်းရန် ညွှန်ကြားခဲ့သည်။

သို့သော် သူ့ညွှန်ကြားချက်မှာ 'ပရိယာယ်' မျှသာ ဖြစ်ရာ နာဇီလုံခြုံရေးနှင့် မုန်တိုင်းတပ်ဖွဲ့များမှာ ရှပ်ညိုနှင့် ရှပ်နက်ယူနီဖောင်းများ မဝတ်ဘဲနေခြင်း၊ စစ်ရေးပြပွဲများ မပြုလုပ်ဘဲနေကြခြင်းမှအပ ယခင်အတိုင်း စုစုစည်းစည်းပင် ရှိနေခဲ့ကြသည်။

ဟာစ်တလာ၏ ပရိယာယ်မှာ အောင်မြင်သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဟာစ်တလာသည် မတည်မငြိမ်ဖြစ်နေသော အစိုးရအဖွဲ့တွင်းသို့ စစ်ဗိုလ်ချုပ်ကြီးများမှ တစ်ဆင့်ဝင်၍ ခြေထိုးခဲ့ရာ နောက်ဆုံး မေလ ၃၀ ရက်နေ့တွင် ဝန်ကြီးချုပ်ဘရူနင်းသည် သမ္မတ၏ အမိန့်ဖြင့် ရာထူးမှ ထွက်စာတင်လိုက်ရသည်။

နုတ်ထွက်သွားသော ဘရူနင်း၏ နေရာတွင် ပေပင်ဆိုသူ ...လ်တစ်ယောက် တက်လာပြန်သည်။

'နေသေးသပချုံထဲက' ဟူသောစိတ်ဖြင့်အစိုးရအဖွဲ့ကို လှုပ်ကိုင် ...သော ဟာစ်တလာသည် သမ္မတဟင်ဒင်ဘတ်အား နောက်ထက် ...သည့် ဝန်ကြီးချုပ်ပေပင်ကို ထောက်ခံပါမည် ဟူ၍ပင် ကတိ ...ခဲ့ပြန်သေးသည်။

ဤသည်မှာလည်း ဟစ်လလာ နောက်ထပ် ဆင်လိုက်သော ...ယာယ်တစ်မျိုးပင် ဖြစ်သည်။ သူသည် ယခုအချိန်အထိ အစိုးရ ...ကြီးအဖွဲ့ထဲတွင် နာဇီပါတီ ခေါင်းဆောင်များ ရာထူးယူလျှင် ...သည့်အခြေ ရှိသော်လည်း လုံးဝမယူသေးဘဲ 'ချက်ကောင်း' ကို ...ာင့်နေခဲ့သည်။

ယခုနောက် တက်လာသော ပေပင်အစိုးရအဖွဲ့ကို ထောက် ...တွင်လည်း ဟာစ်တလာသည် 'အပေးအယူ' သဘောဖြင့် ထောက်ခံ ...ခြင်း ဖြစ်သည်။ ပေပင်အစိုးရကို ထောက်ခံမည် ဟူသော ကတိ ... ဟာစ်တလာ 'ပေး' ခဲ့ခြင်းဖြင့် သူသည် အစိုးရထံမှ အရေးကြီး ...သော လိုလားချက် ၂ ခုကို ရယူခဲ့ပြီး ဖြစ်သည်။

ပထမအချက်မှာ ဂျာမန်ပါလီမန်ကို ဇူလိုင်လထဲတွင် ဖျက် ...သိမ်း၍ ရွေးကောက်ပွဲ အသစ် ပြုလုပ်ပေးရန်နှင့် ဖျက်သိမ်းထား ...သော နာဇီမုန်တိုင်းနှင့် လုံခြုံရေးတပ်ဖွဲ့များကို ပြန်လည် ဖွဲ့စည်း ...ပြုရန်ဟူသော အချက်နှစ်ချက် ဖြစ်သည်။

အထက်ပါ ဟာစ်တလာ၏ တောင်းဆိုချက်အရ ပါလီမန်ကို ...လ ၄ ရက်နေ့တွင် ဖျက်သိမ်း၍ ဇူလိုင် ၃၀ ရက်နေ့တွင် ရွေး ...ကောက်ပွဲအသစ် တစ်ဖန် ပြန်၍ ကျင်းပရန် သတ်မှတ်ခဲ့သည်။

သို့သော် နာဇီကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များ ပြန် ...သည် ဖွဲ့စည်းခွင့်ပြုသော အမိန့်ကိုမူ ရုတ်တရက် ထုတ်ပြန်ပေး ...း မပြုသေးဘဲ ရှိနေရာ ဟာစ်တလာသည် အစိုးရအပေါ် မယုံ ...ကာ ဖြစ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ဇွန်လ ၅ ရက်နေ့တွင် ဝန်ကြီးချုပ် ပေပင်နှင့်တွေ့ရာ၌ ဟစ်တလာသည် မိမိ၏ အကြံအစည်ကို ဖုံးကွယ်မနေတော့ဘဲ အောက်ပါအတိုင်း အတိအလင်း ဖွင့်ပြောခဲ့သည်။

"ခင်ဗျားတို့ အစိုးရအဖွဲ့ကို ကျုပ်တို့ထောက်ပံ့နေတာဟာ လောလောဆယ်ပြဿနာ ပြေလည်ဖို့သာ ထောက်ခံနေတာပဲ၊ ကျုပ်ပါတီကို ဂျာမနီမှာ အင်အား အကြီးဆုံးပါတီဖြစ်အောင် ဆက်ပြီး ကြိုးစားသွားမှာပဲ၊ အဲဒီအခါကျရင် ဝန်ကြီးချုပ်ရာထူးကို ကျုပ်မရရအောင် ယူမယ်"

(ဗွန်ပေပင်ရေး "ကျွန်ုပ်၏မှတ်တမ်း" စာမျက်နှာ—၁၂၆)

သို့နှင့်ပင် ဇွန်လလယ်လောက်တွင် နာဇီမုန်တိုင်းနှင့် လုံခြုံရေးတပ်ဖွဲ့များ ပြန်လည် ဖွဲ့စည်းခွင့်ပြုခဲ့သည်။

ထိုသို့ အစိုးရက နာဇီတပ်ဖွဲ့များကို တရားဝင် ပြန်လည်ဖွဲ့စည်းခွင့်ပြုလိုက်သည်နှင့် ပတ်သက်၍ ဂျာမန်ကွန်မြူနစ် ခေါင်းဆောင် သားလ်မန်းက ဤသို့ ခွင့်ပြုလိုက်ခြင်းမှာ "လူသတ်လပ်စွာ လူသတ်ခွင့်ပြုလိုက်ခြင်းပင် ဖြစ်သည်" ဟူ၍ ဝေဖန်ပြောဆိုခဲ့သည်။

သူ့ဝေဖန်ချက်မှာ သေွးထွက်အောင် မှန်ကန်နေသည်ကို တွေ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် ဇွန်လ ၁ ရက်မှ ဇူလိုင်လ ၂၀ ရက်နေ့အတွင်း နိုင်ငံရေး အဓိကရုဏ်းပေါင်း ၄၆၁ ခု ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၈ ယောက် သေဆုံး၍ ၄၀၀ ကျော် ဒဏ်ရာရခဲ့ကြသည်။ အဓိကရုဏ်းများမှာ အဓိကအားဖြင့် နာဇီများနှင့် ကွန်မြူနစ်များ တစ်ဖက်နှင့်တစ်ဖက် ရိုက်နှက် ပစ်ခတ်ကြခြင်း ဖြစ်သည်။ ၁၉၃၂ ခုနှစ် ဇူလိုင်လအတွင်း လူပေါင်း ၈၆ယောက် သေဆုံးခဲ့ရာ ၎င်းတို့အနက် ကွန်မြူနစ် ၃၀ နှင့် နာဇီ ၃၈ယောက် ပါဝင်ခဲ့သည်။ ဤသို့ဖြင့် ဂျာမနီတစ်ပြည်လုံး အဓိကရုဏ်းများ နေရာအနှံ့ဖြစ်ပွားကာ ထိန်းမနိုင်သိမ်းမရ ဖြစ်နေခဲ့သည်။



ဤအခြေအနေကြားမှာပင် ရွေးကောက်ပွဲကို ကျင်းပခဲ့၍ ဇူလိုင်လ ၃၁ ရက်နေ့ညတွင် မဲများ ရေတွက်လိုက်သောအခါ နာဇီပါတီမှာ မဲပေါင်း ၁၃ သန်းကျော် ကိုယ်စားလှယ်ပေါင်း ၂၃၀ အရွေးခံရ၍ ပါလီမန်တွင် အင်အားအကြီးဆုံး ပါတီကြီးဖြစ်လာတော့သည်။

ဟစ်တလာ၏အမည်မှာ ဂျာမနီပြည်တွင်သာမက ဥရောပတစ်တိုက်လုံးသို့ပင် ပျံ့နှံ့ခဲ့ပေပြီ။ သူ၏ လှုပ်ရှားသွားလာမှုနှင့် သူ၏ ပြောချက်များမှာလည်း ကမ္ဘာ့သတင်းစာများ၏ မျက်နှာဖုံး သတင်းများဖြစ်လာခဲ့ပေပြီ။

သို့သော် ဒီမိုကရေစီကို ဒီမိုကရေစီနှင့် ပြန်တိုက်ရာ၌ ဟစ်တလာအဖို့ လွယ်ကူလှသည် မဟုတ်ပေ။

နာဇီပါတီသည် ပါလီမန်တွင် အင်အားအကြီးဆုံး၊ ကိုယ်စားလှယ်ဦးရေ အများဆုံးဖြစ်နေသော်လည်း စုစုပေါင်း ကိုယ်စားလှယ် ၆၀၈-ယောက်ရှိသော လွှတ်တော်တွင် မိမိတို့ ပါတီအင်အားမှာ တစ်ဝက်မကျော်ဘဲ ၃၇.၃ ရာခိုင်နှုန်းသာ ရှိနေသဖြင့် အစိုးရ မဖွဲ့နိုင်သေးဘဲ ဖြစ်နေခဲ့သည်။

ဤတွင် ဟစ်တလာသည် တစ်မျိုးတစ်ဖုံ ကြံပြန်သည်။

သူသည် ပါလီမန်တွင်း၌ နာဇီပါတီကိုယ်စားလှယ်များက အခြားအယ်ဗဟို ဝါဒသမားများ၊ အမျိုးသားရေး ဝါဒသမားနှင့် ပေါင်းကာ မိမိပါတီမှ ဂိုးအားရင်းကို လွှတ်တော် သဘာပတိအဖြစ် အရွေးခံစေခဲ့သည်။

သို့နှင့်ပင် ဂိုးအားရင်းသည် ဩဂုတ်လ ၃၀-ရက်နေ့တွင် လွှတ်တော် သဘာပတိဖြစ်လာခဲ့ရာ ထိုနေ့မှာပင် သူသည် ဟစ်တလာ၏ အစီအစဉ်အရ လွှတ်တော်ကို စက်တင်ဘာလ ၁၂-ရက်နေ့အထိ ရွှေ့ဆိုင်းပစ်ခဲ့သည်။

ထို့နောက် စက်တင်ဘာလ ၁၂-ရက်နေ့တွင် လွှတ်တော်အစည်းအဝေးကို ပြန်လည်ကျင်းပရာ ကွန်မြူနစ်များက ဗွန်ပေပင်အစိုးရကို အယုံအကြည်မရှိ အဆိုတင်သွင်းတော့သည်။ လွှတ်တော် သဘာပတိဖြစ်သူ ဂိုးအားရင်းသည် အစိုးရ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင် ပေပင်၏ ကန့်ကွက်နေသည့်ကြားထဲမှ ကွန်မြူနစ်
များ၏ အယုံအကြည် မရှိအဆို လက်ခံ၍ ချက်ချင်းမဲခွဲစေခဲ့သည်။
ပေပင်မှာ ကွန်မြူနစ်များနှင့် နာဇီတို့ပေါင်း၍ အလစ်တွင် မိမိ
အား အလဲထိုးကြသည်ကို ဒေါ်အပွကြီး ပွကာ မည်သို့မျှ မတတ်
နိုင်ဘဲ လွှတ်တော်ထဲမှ ကန့်ကွက် ထွက်သွားခဲ့သည်။

ဂိုးအားရင်း၏ ခွင့်ပြုချက်ဖြင့် အယုံအကြည်မရှိ အဆိုကို
မဲခွဲလိုက်သောအခါ အဆိုဘက်မှ ၅၁၂-မဲ၊ ကန့်ကွက်မဲ ၄၂-မဲမျှ
ဖြင့် အစိုးရအဖွဲ့ ပြုတ်ကျသွားခဲ့ပြန်သည်။

စင်စစ်အားဖြင့် ဤ ၁၉၃၂-ခုနှစ် တစ်နှစ်လုံးမှာ ဟစ်
တလာနှင့် သူ၏ နောက်လိုက်နာဇီတို့က ဂျာမနီ ပြည်ကြီးအား
ဥပဒေတွင်းရော ဥပဒေပြင်ပပါ မိမိတို့ အာဏာရရေးအတွက်
ထင်သလို ခြယ်လှယ်ခဲ့သော နှစ်ပင် ဖြစ်သည်။

ထိုနှစ် တစ်နှစ်လုံး ဟစ်တလာသည် တက်လာသမျှ အစိုးရ
အဖွဲ့နှင့် အစိုးရ ခေါင်းဆောင်များကို နည်းပရိယာယ် အမျိုးမျိုး
သုံး၍ မိမိတို့ နာဇီပါတီ၏လက်ထဲသို့ တိုင်းပြည် အာဏာမရောက်
မချင်း တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်ယောက်ပြီးတစ်ယောက် ဖြုတ်ချ
ခဲ့ခြင်း ဖြစ်သည်။

သို့နှင့်ပင် တစ်နှစ်အတွင်း ပဉ္စမအကြိမ်မြောက် ပါလီမန်
ရွေးကောက်ပွဲကို နိုဝင်ဘာလထဲတွင် တစ်ဖန် ထပ်မံ ကျင်းပရပြန်
သည်။

ဤတစ်ကြိမ်တွင်လည်း ဟစ်တလာသည် မိမိတို့ တစ်ပါတီ
တည်း အစိုးရဖွဲ့နိုင်လောက်အောင် မဖြစ်ခဲ့ရုံမျှမက ယခင် ရွေး
ကောက်ပွဲတွင် ကိုယ်စားလှယ် ၂၃၀-အရွေးခံခဲ့ရာမှ ယခု ရွေး
ကောက်ပွဲတွင် ကိုယ်စားလှယ် ၁၉၆-ယောက်သာ ရရှိခဲ့သည်။

သို့သော် လွှတ်တော်ထဲတွင် နာဇီပါတီမှာ ကိုယ်စားလှယ်
အများဆုံးနှင့် အင်အား အကြီးဆုံးပါတီ ဖြစ်နေသေးသည်။

သို့ဖြစ်ရာ အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ် ထပ်မံ အရွေး
ခံရသော ဝန်ကြီးချုပ်ပေပင်သည် တည်ငြိမ်သော အစိုးရအဖွဲ့
ဖြစ်မြောက်ရေးအတွက် နာဇီပါတီ၏ ထောက်ခံမှုကိုရရှိရန် ဟစ်



တလာနှင့် နိုဝင်ဘာလ ၁၃-ရက်နေ့တွင် ခေါ်၍ဆွေးနွေးသည်။
ပေပင်က အစိုးရအဖွဲ့ တည်တည်ငြိမ်ငြိမ်မရှိသဖြင့် တိုင်းပြည်တွင်
အရေးကြီးသော လုပ်ငန်းများ မလုပ်နိုင်ဘဲ ဖြစ်နေရကြောင်း၊
သို့ဖြစ်၍ တည်ငြိမ်သော အစိုးရအဖွဲ့ တစ်ဖွဲ့ ဖြစ်မြောက်ရေး
အတွက် အမျိုးသားရေးဝါဒ လက်ကိုင်ထားသော ပါတီအားလုံး
ပေါင်းသင့်ကြကြောင်း၊ အကယ်၍ မိမိတို့နှင့်နာဇီပါတီပူးပေါင်း
၍ အစိုးရဖွဲ့နိုင်ပါက အကောင်းဆုံးဖြစ်ကြောင်း၊ ထိုသို့ ဖွဲ့ရာတွင်
ဟစ်တလာကို ဒုတိယဝန်ကြီးချုပ်ရာထူး ခန့်အပ်မည်ဖြစ်ကြောင်း
များဖြင့် ဆွယ်တရား ဟောသည်။

ဂျာမန်အစိုးရအဖွဲ့တွင် အဓိပတိမှာ ဝန်ကြီးချုပ် ရာထူး
အဘောမျိုးပင်ဖြစ်၍ ဒုအဓိပတိမှာ ဒုတိယဝန်ကြီးချုပ်ရာထူးပင်
ဖြစ်သည်။

သို့သော်''သည်ယုံမြင်၍သည်ချုံထွင်''နေသော ဟစ်တလာ
သည် ပေပင်၏ ကမ်းလှမ်းချက်ကို လက်မခံဘဲ ပယ်ချခဲ့သည်။
ထို့နောက် သူသည် ပေပင်နှင့် ထပ်မံမတွေ့လိုသဖြင့် အကြောင်း
ပြသာ နယ်သို့ ခရီးထွက်ခဲ့သည်။

ဤသို့ဖြင့် အစိုးရအဖွဲ့သစ်တစ်ရပ် တည်ငြိမ်အောင် ဖွဲ့စည်း
ရေးမှာ လွှတ်တော်တွင်း၌ အင်အား အကြီးဆုံးဖြစ်သော နာဇီ
ပါတီ၏ လိပ်ခဲတည်းလည်း လုပ်ထားမှုကြောင့် အကျပ်ရိုက်နေခဲ့ရာ
နောက်ဆုံး ပေပင်သည် အခြေအနေအရပ်ရပ်ကို စိတ်ပျက်သဖြင့်
နိုဝင်ဘာလ ၁၇-ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်စာ
တင်လိုက်ရတော့သည်။

ဤသို့ဖြင့် အစိုးရအဖွဲ့ တစ်ခုပြီးတစ်ခု ပြုတ်ကျ၍ အစိုးရ
အဖွဲ့ခေါင်းဆောင်များ တစ်ယောက်ပြီးတစ်ယောက် အပြောင်း
အလဲဖြစ်နေရခြင်းမှာ ဟစ်တလာနှင့် သူ၏ နာဇီပါတီဝင်များ
လက်ချက်ဖြစ်ကြောင်း သိရသည်တွင် ဟစ်တလာအား သမ္မတ
ဟင်ဒင်ဘာတ်က ခေါ်ယူ၍ အောက်ပါအတိုင်း ပြောခဲ့သည်။
www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားဟာ ခင်ဗျား ခေါင်းဆောင်နေတဲ့ ပါတီ ဏ အာဏာရပြီး ခင်ဗျားကိုယ်တိုင် အစိုးရအဖွဲ့ ခေါင်းဆောင် ဖြစ်အောင်လုပ်မယ်လို့ ကြေညာထားတာရှိတယ်။ ခင်ဗျား ကြေညာချက်နဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် ဒီလိုအစိုးရ အဖွဲ့မျိုးဖွဲ့နိုင်အောင် ပါလီမန်ထဲမှာ အများစုရဲ့ သဘော တူ ထောက်ခံမှုကို ရဖို့လိုလိမ့်မယ်။ အဲဒီတော့ ပါလီမန်ထဲ မှာ အများစုရဲ့ ထောက်ခံမှုကိုရအောင် တိကျတဲ့ လုပ်ငန်း စဉ်အရ လုပ်ပါဆိုတာ ခင်ဗျားကို အင်အားအကြီးဆုံး ပါတီတစ်ခုရဲ့ ခေါင်းဆောင်အနေနဲ့ ပြောချင်တယ်''

မှန်သည်။ သမ္မတ စကားမှာ ဒီမိုကရေစီ အုပ်ချုပ်ရေး အစဉ်အလာအရ ငြင်းစရာမလို၊ ငြင်း၍ မရ။ သို့သော် ဟစ်တလာ အဖို့ ခက်နေသည်မှာ ယခုထိ ပါလီမန်တွင် မိမိတို့ တစ်ပါတီတည်း ကြီးစိုးနိုင်သည့် အခြေအနေမျိုးကို ဖန်တီးလုပ်ဆောင်၍ မရသေး ဘဲ ရှိနေခြင်းပင် ဖြစ်သည်။

ဤ အခြေအနေတွင် အရင်းရှင် ဒီမိုကရေစီ၏ ထုံးတမ်းစဉ် လာအရ အုပ်စိုးသူ အာဏာရ လူတန်းစားသာလျှင် ထင်သလို ချယ် လှယ်နိုင်ခွင့် ရှိစမြဲဖြစ်ရာ သမ္မတ၏ သဘောတူညီချက်ဖြင့် ဗိုလ်ချုပ် ကြီး ဗွန်စချယ်လေးချားသည် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဝန်ကြီး ချုပ် ရာထူးကို လက်ခံခဲ့ပြန်သည်။

ဗိုလ်ချုပ်ကြီး စချယ်လေးချားသည် ဟစ်တလာနှင့် နာဇီ ပါတီ၏အန္တရာယ်ကို ကြိုတင် သိမြင်ထားပြီး ဖြစ်သည့် အတိုင်း ဝန်ကြီးချုပ်ရာထူးကို လက်ခံပြီးလျှင် ပြီးချင်း နာဇီပါတီကို ဖြိုခွဲပစ် ရန် အနုနည်းဖြင့် ကြံခဲ့သည်။

သူက နာဇီပါတီတွင်းမှ ဟစ်တလာအား အတိုက်အခံ လုပ် နေသော စထရက်ဆာ ဆိုသူကို ခေါ်ယူတွေ့ဆုံ၍ အမျိုးသား စည်းလုံးညီညွတ်ရေးကို အဓိကထားပြီး မိမိအစိုးရအဖွဲ့နှင့် နာဇီတို့ ပူးပေါင်းရန်လိုအပ်ကြောင်း၊ ထိုသို့သာ ပူးပေါင်းမည် ဆိုပါက



ရက်ဆာကို ဒုတိယ ဝန်ကြီးချုပ် ရာထူးပေးရန် ကြံရွယ်ထား ကြောင်း စသည်ဖြင့် ပြောကြားကာ ဆွယ်တရားဟောပြန်သည်။

စင်စစ် စထရက်ဆာသည် တကယ့်အမျိုးသား ဆိုရှယ်လစ် ဒါသမားတစ်ယောက်ဖြစ်၍ နာဇီပါတီတွင် လက်ဝဲခေါင်းဆောင် ယောက်အဖြစ် လူသိများသူ တစ်ဦးဖြစ်သည်။ အမျိုးသားရေး ရှယ်လစ် ဝါဒကို ခုတုံးလုပ်ကာ ဂျာမန် အရင်းရှင်ကြီးနှင့် ပေါင်း၍ သူတစ်ဦးတည်း အာဏာရရေးကို ကြိုးပမ်းနေသော ဘလာအား ဆန့်ကျင်သူ တစ်ဦးဖြစ်သည်။

သို့သော် သူသည် ဟစ်တလာ၏ အရှိန်အဝါကို မလွှမ်းမိုး အဘယ့်ကြောင့်ဆိုသော် ဟစ်တလာသည် နောက်တက်လာ ဗိုလ်ချုပ်ကြီး စချယ်လေးချားက စထရက်ဆာအား ရာထူး ခေါ်ယူဖြားယောင်းသည်ကို ပါတီအစည်းအဝေးတွင် ဖွင့်ချ သောကြောင့် ဖြစ်သည်။ ထိုအစည်းအဝေးတွင် ဟစ်တလာက ရက်ဆာအား ပါတီသွေးခွဲရေးသမားသစ္စာဖောက်တစ်ယောက် အပြင်းအထန် ရှုတ်ချဝေဖန်ခဲ့ရာ စထရက်ဆာမှာ နောက်ဆုံး မခံမရပ်နိုင် ဖြစ်လာသဖြင့် ပါတီမှ ထွက်စာတင်ကာ အီတလီ သို့ ခရီးထွက်သွားခဲ့သည်။

ဤအတောအတွင်း ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စချယ်လေး သည် တိုင်းပြည်၏ စီးပွားရေး တည်ငြိမ်စေရန်ဟု ဆိုကာ ပ်သမား အခွင့်အရေးများ ပြန်လည် ပေးအပ်ခြင်း၊ လုပ်ခ ထောက်မှုများကို ရပ်ဆိုင်းပစ်ခြင်းများ ပြုလုပ်ခဲ့ရာ စက်မှု င်းရှင်ကြီးများ၏ ဖြိုကြွင်မှုကို ခံလာရသည်။ တစ်ချိန်တည်း မြေယာ ပြုပြင်ပြောင်းလဲရေး စီမံကိန်းများကို လုပ်ဆောင် မြေရှင်ကြီးများနှင့် ပဋိပက္ခ ဖြစ်ရပြန်သည်။

သို့ဖြစ်ရာ လွှတ်တော်တွင်း၌ အခြေအနေ တစ်နေ့တခြား းလာသည်နှင့်အမျှ နာဇီပါတီ ဖြိုခွဲရေးတွင်လည်း မအောင် တစ်ဖက်မှ စီးပွားရေး လုပ်ဆောင်ချက်များကြောင့် မြေရှင် းရှင်ကြီးများကလည်း တိုက်ခိုက်လာကြသည် ဖြစ်ရာ နောက်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးတွင် သမ္မတကြီး ဟင်ဒင်ဘတ်နှင့် တွေ့ဆုံကာ ပါလီမန် ဖျက်
သိမ်းပစ်ရန် အကြံပေးခဲ့သည်။

သို့သော် သူ့အကြံကို သမ္မတကြီးက လက်မခံခဲ့။ အဘ
ကြောင့် ဆိုသော် ယခုတစ်ကြိမ် ပါလီမန်ကိုသာ ဖျက်သိမ်းလို
ပါက နာဇီများနှင့် ကွန်မြူနစ်များ အပါအဝင် နိုင်ငံရေး အ
အားစုများ၏ ပဋိပက္ခမှာ ပိုမို ကြီးထွားကာ ပြည်တွင်းစစ်ကြီး
ဖြစ်ပွားလာမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

ဤသို့ဖြင့် ပါလီမန်ကို ဖျက်သိမ်းရန် မိမိ၏ အကြံပေးချ
များ ပယ်ချခြင်းခံခဲ့ရရုံမျှမက နောက်ဆုံး လက်ရှိအကျပ်အတည်
ကို မဖြေရှင်းနိုင်ဘဲ သူကိုယ်တိုင် ဝန်ကြီးချုပ်ရာထူးမှ ထွက်စ
တင်ခဲ့ရပြန်သည်။

ဗိုလ်ချုပ်ကြီး စလိုက်ချားသည် ဝန်ကြီးချုပ် ရာထူး
ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ထွက်စာတင်ခဲ့ရာ ထိုနေ့မှ ၂ ရ
မြောက်သော ဇန်နဝါရီလ ၃၀ ရက်နေ့တွင် နောက်ထပ် ဝန်ကြီး
ချုပ် သစ်တစ်ယောက် တက်လာခဲ့သည်။

ဤအကြိမ်တွင် ဝန်ကြီးချုပ်ရာထူးကို လက်ခံ၍တက်လာသူ
မှာ အခြားသူမဟုတ် ဟစ်တလာပင် ဖြစ်သတည်း။

ဟစ်တလာသည် ပါလီမန်တွင်း ဒီမိုကရေစီ တိုက်ပွဲတွ
နောက်ဆုံး တိုက်ပွဲအဖြစ် ဤနှစ်ရက်လုံးလုံး နေ့ရော ညပါ မနေ
မနားဘဲ ကြိုးစားခဲ့သည်။

သူသည် မိမိတစ်ပါတီတည်း ပါလီမန်တွင်း ကြီးစိုးနိုင်ရေ
အတွက် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်သည်ကို သိရှိခဲ့ပြီးဖြစ်ရာ ယ
တစ်ကြိမ်တွင် ဟူဂင်ဘတ် ခေါင်းဆောင်သော အမျိုးသားဆိုရှ
လစ်များနှင့် ပေါင်းပြီး အနိုင်ယူခဲ့ခြင်း ဖြစ်သည်။

စင်စစ်အားဖြင့် သမ္မတဖြစ်သူ ဟင်ဒင်ဘတ်သည် ဟစ်တလာ
အား ဝန်ကြီးချုပ် ရာထူးခန့်ရန် မလိုလားပေ။ သို့သော် ဤ
လောက် ဘရုတ်သုက္ခဖြစ်၍ အပြောင်းအလဲများနေသည့် အစိုး
အာဏာသည် ဟစ်တလာနှင့် နာဇီပါတီ၏ လက်ထဲသို့ မရော
မချင်း ဤသို့ လုံးလည်လိုက်နေမည်ကို သိလာရသဖြင့်တစ်ကြောင်း



ဖြင့် နာဇီပါတီမှ လက်ဝဲသမား စထရက်ဆာနှင့် ဟစ်တလာတို့
ခြကြသည်ကို အကြောင်းပြု၍ ဂျာမန်အရင်းရှင်ကြီးများ ကိုယ်
က ဟစ်တလာအား ဝန်ကြီးချုပ်ရာထူး ခန့်အပ်ရန် မိမိထံ
ပြီး ရေး၍ ထောက်ခံနေကြသဖြင့် တစ်ကြောင်း တို့ကြောင့်
ောက်ဆုံးတွင် လိုက်လျောခဲ့ခြင်း ဖြစ်သည်။

၁၉၃၃ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက်တွင် ဘာလင်
ကိုင်ဇာဟော့ဖ် အဆောက်အအုံကြီးနှင့် ဝန်ကြီးချုပ် အိမ်တော်
ားရာ လမ်းမကြီးမှာ လူအုပ်ကြီးဖြင့် ပြည့်ကျပ် သိပ်ခဲ့နေသည်
တွေ့ရသည်။ သို့သော် အဆိုပါလူအုပ်ကြီးမှာ ဆူညံညံ အသံ
များ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေကြသည်။

သူတို့သည် အသစ်ဖွဲ့စည်းလိုက်သော နာဇီပါတီနှင့် အမျိုး
ား ဆိုရှယ်လစ်ပါတီ ညွန့်ပေါင်း အစိုးရအဖွဲ့ အစည်းအဝေး
ာင်းကို အပြင်မှ စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

ဟစ်တလာ ဝန်ကြီးချုပ် ဖြစ်ရေးမဖြစ်ရေးမှာ ဤအစည်း
အဝေးက ဆုံးဖြတ်မည် ဖြစ်သည်။

အစိုးရအဖွဲ့သစ် အစည်းအဝေး ကျင်းပနေသော ကိုင်ဇာ
ော့ဖ်အဆောက်အအုံကြီး အပေါ်ထပ် ပြတင်းပေါက်မှ လူတစ်
ောက်သည် အောက်သို့ ငုံ့ကြည့်နေသည်ကို တွေ့ရသည်။ ထိုသူ
 နာဇီဘာကွယ်ရေးတပ်ဖွဲ့ တပ်မှူးကြီးရှမ်းပင် ဖြစ်၍ သူသည်
တလာထွက်လာမည့် တံခါးဆီသို့ မျက်တောင်မခတ်ဘဲ စိုက်
ကြည့်နေသည်။

မွန်းတည့်သာသာလောက်တွင် အဆိုပါ တံခါးကြီး ပွင့်လာ
ည်နှင့် တစ်ပြိုင်နက် လမ်းပေါ်မှ လူအုပ်ကြီး၏ တစ်ပြိုင်နက်
ာ်ဟစ် ကြွေးကြော်လိုက်ကြသော အသံမှာ နားကွဲလုမတတ်ဆူညံ
ွားသည်။

ခေါင်းဆောင်ကြီး ဟစ်တလာသည် တံခါးမကြီးမှ ထွ
ာက် ထွက်ပေါ်လာသည်။ သူသည် ဆူညံစွာ ဟစ်ကြွေး၍ သူ့
ား တောင်းချီးပေးနေကြသော လူအုပ်ကြီးကို နာဇီအလေးပြု
ပြီးဖြင့် လက်ကိုဆန့်တန်း အလေးပြုရင်း လှေကားအတိုင်း ပြေး

www.burmeseclassic.com

www.burmeseclassic.com

ဆင်းကာ အောက်တွင် အသင့်စောင့်နေသော ကားပေါ်သို့ ...
လိုက်သည်။

ချက်ချင်းပင် ကားကလေးသည် ဝန်ကြီးချုပ် အိမ်...
ဘက်ဆီသို့ ဦးတည် ထွက်ခွာသွားသည်။

အချိန်အားဖြင့် လေးငါးနှစ်မျှသာ ကြာသည်ဟု ထင်...
ရသည်။ ဟစ်တလာ စီးသွားသော ကားသည် ကိုင်ဇာယော...
အဆောက်အအုံ ဆင်ဝင်အဝသို့ ပြန်ရောက်လာသည်။

ဟစ်တလာ ကားပေါ်မှ ဆင်း၍ လှေကားအတိုင်း ...
လာပြီး၊ အဆောက်အအုံ ခန်းမဆောင်တွင်းသို့ ဝင်လိုက်မိသည်...
တစ်ပြိုင်နက် သူ၏ အားရကျေနပ်လှသော မျက်နှာအသွင်အပြ...
ကြည့်ကာ အခန်းတွင်းမှ နာဇီပါတီ ခေါင်းဆောင်များသည် ...
ရှိရာသို့ ပြေးလာကာ သူ့ကို လက်ဆွဲနှုတ်ဆက်ကြသည်။

အားလုံး ကိစ္စပြီးခဲ့ပေပြီ။

ဤသို့အားဖြင့် တစ်ခါက ဩစတြီးယား ပြည်မှ သာ...
အကောက်အရာရှိကလေး၏ သားအဖြစ် မွေးဖွားလာခဲ့၍ ဗီယင်...
မြို့တွင် ငတ်တစ်လှည့် ပြတ်တစ်လှည့်နေခဲ့ရပြီး ပထမကမ္ဘာစစ်...
အတွင်းက မထင်ရှားသည့် ဆက်သား ရဲဘော်ကလေးသည် ...
အခါ ဂျာမန်ပြည်၏ ဝန်ကြီးချုပ် တစ်ယောက်အဖြစ် ရောက်...
စေပြီ။

ဟစ်တလာသည် ဒီမိုကရေစီကို ဒီမိုကရေစီဖြင့်ပင် တိုက်ခို...
ယှဉ်ပြိုင်၍ အနိုင်ရခဲ့လေပြီ။ တစ်နည်းဆိုရသော် ငါးကြင်းဆီ...
ငါးကြင်းကို ကြော်ခဲ့လေပြီ။



အခန်း နှစ်

# ဝန်ကြီးချုပ် ဟစ်တလာ

(၁၉၃၃-၃၉)

www.burmeseclassic.com

www.burmeseclassic.com



## ဒီမိုကရေစီ နာရေးကြော်ငြာ

ဒီမိုကရေစီကို ဒီမိုကရေစီဖြင့် အနိုင်ယူခဲ့ပြီးနောက် ဟစ်တလာသည် နောက်တစ်ဆင့် တက်၍ ခြေတစ်လှမ်း လှမ်းရန် စီစဉ်ပြန်သည်။

ယခုတစ်ကြိမ်တွင်မူ သူ၏ခြေလှမ်းသည် ဒီမိုကရေစီကို သာမန်အားဖြင့် အနိုင်ယူခဲ့ရာမှ လုံးဝပြန်၍ နာလန်မထူနိုင်အောင် အသေသတ်မည့် ခြေလှမ်းဖြစ်သည်။

ဤခြေလှမ်းကို သူ ဝန်ကြီးချုပ်ရာထူး လက်ခံပြီး တစ်နှစ်အတွင်း ပြင်းပြင်းထန်ထန် ရက်ရက်စက်စက် လုပ်ဆောင်ခဲ့သည်။

ဟစ်တလာ ခေါင်းဆောင်သော အစိုးရအဖွဲ့သည် ဟူဂင်ဘတ် ခေါင်းဆောင်သော အမျိုးသား ဆိုရှယ်လစ်ပါတီနှင့် ပူးပေါင်းထားသော ညွန့်ပေါင်း အစိုးရအဖွဲ့ဖြစ်ရာ ပါလီမန်တွင် အခြားအင်အားစုများပါ မိမိတို့အစိုးရအဖွဲ့ကို ထောက်ခံပူးပေါင်းရန် ဟစ်တလာ ကြိုးစားခဲ့ပြန်သည်။

ဤနေရာတွင် ဟစ်တလာ၏ နည်းပရိယာယ်မှာ အထူးကြောက်မက်ဖွယ် ကောင်းသော ပရိယာယ် ဖြစ်သည်။ သူသည် ပါလီမန်တွင်းမှ အခြားပါတီများ အထူးသဖြင့် အလယ်ဗဟိုဝါဒီသမားများကို မိမိတို့ အစိုးရ အဖွဲ့အား ထောက်ခံရန် ချဉ်းကပ်စည်းရုံးခဲ့သည်။ အကယ်၍ ၎င်းတို့က လက်ခံခဲ့ပါက ဤအင်အားစု

www.burmeseclassic.com

များကို အသုံးချ၍ အဓိကရန်သူ ကွန်မြူနစ်များကို ချေမှုန်းပစ်မည် ဖြစ်သည်။

အကယ်၍ အလယ် ဗဟိုဝါဒသမားများက မိမိတို့အား မထောက်ခံပါလျှင်လည်း ပိုမိုတည်ငြိမ်သော အစိုးရအဖွဲ့ဖြစ်မြောက်ရန် ဟူသော အကြောင်းပြချက်ဖြင့် ပါလီမန်ကို ဖျက်သိမ်းကာ ရွေးကောက်ပွဲသစ်တစ်ခု ထပ်မံပြုလုပ်မည်ဖြစ်သည်။ ထိုသို့ အထွေထွေ ရွေးကောက်ပွဲ ထပ်မံပြုလုပ်ရမည်ဆိုပါက အစိုးရ ယန္တရားကို မိမိတို့ပါတီက အပိုင်စီးထားခဲ့ပြီး ဖြစ်သဖြင့် ဘာမှ ကြောက်စရာ မလို၊ မိမိတို့စိတ်တိုင်းကျ ခြယ်လှယ်နိုင်သည့် အခြေအနေမျိုးတွင် ရှိနေသဖြင့် 'ငါတို့ မုချနိုင်ရမည်' ဟု ဟစ်တလာ ကိန်းခတ်တွက်ထားသည်။

သို့ဖြစ်ရာ ဟစ်တလာသည် အလယ် ဗဟိုဝါဒသမားများနှင့် ညီညွတ်ရေးရရန် ညှိနှိုင်းနေဆဲမှာပင် 'ညီညွတ်ရေးအတွက် အလားအလာ မရှိတော့'ဟု ဆိုကာ သမ္မတ ဟင်ဒင်ဘတ်ထံ ဝင်ရောက် အစီရင်ခံ၍ ပါလီမန်ကို ဖျက်သိမ်းရန် အမိန့်ကို တောင်းခံခဲ့သည်။

ဟစ်တလာ၏ အကြံကြီးပုံကို နောက်ဆုံးတွင်မှ ရိပ်မိသဖြင့် အလယ်ဗဟိုဝါဒသမားများက ပါလီမန်ဖျက်သိမ်းရေးကာကွယ်ရန် ကြိုးစားသော်လည်း နောက်ကျခဲ့လေပြီ။

သမ္မတဟင်ဒင်ဘတ်၏ အမိန့်ဖြင့် ပါလီမန်ကို ဖျက်သိမ်းကြောင်းနှင့် ရွေးကောက်ပွဲသစ်တစ်ရပ် ထပ်မံကျင်းပရန် ကြေညာချက် ထွက်လာခဲ့ပြီဖြစ်သည်။

သို့နှင့်ပင် ဂျာမန်အမျိုးသားများသည် ဒီမိုကရေစီဝါဒ၏ မဆုံးနိုင်သော ရွေးကောက်ပွဲများအတွက် နောက်ထပ် တစ်ဖန် မဲပေးရန် ပြင်ဆင်ကြရပြန်သည်။

သို့သော် ယခုအကြိမ် ရွေးကောက်ပွဲသည် မဆုံးနိုင်သော ဒီမိုကရေစီဝါဒကို အဆုံးသတ်စေမည့် ရွေးကောက်ပွဲ ဖြစ်သည်ကိုမူ ထိုစဉ်က မည်သူမျှ ကြိုတင်မသိရှိခဲ့ကြ။ အဘယ့်ကြောင့် ဆိုသော် ဟစ်တလာသည် ဤရွေးကောက်ပွဲမှာပင် ဒီမိုကရေစီကို အဆုံးသတ်ခဲ့သည်ဖြစ်ရာ ဂျာမန်အမျိုးသားများမှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည်အထိ မည်သည့်ရွေးကောက်ပွဲကိုမျှ နောက်ထပ် မမြင်ရ မတွေ့ရတော့သောကြောင့် ဖြစ်သည်။



''ယခုတစ်ကြိမ် တိုက်ပွဲသည်ကား အလားအလာလွန်စွာ ရှိသော တိုက်ပွဲဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရ ယန္တရားမှန်သမျှ ကျွန်ုပ်တို့လက်ဝယ် ရှိနေသောကြောင့် ဖြစ်၏။ ရေဒီယို၊ သတင်းစာ စသည်တို့မှာ ကျွန်ုပ်တို့ အလိုကျ အသုံးချနိုင်သော ကိရိယာများသာ ဖြစ်နေကြ၏။ ကျွန်ုပ်တို့အဖို့ အကောင်းဆုံးသော ဝါဒ ဖြန့်ချိရေး လုပ်ငန်းများကို လုပ်နိုင်ကြပေပြီ''

(ဂိုးဘဲ ''အထ္ထုပ္ပတ္တိ'' စာမျက်နှာ-၂၄၀)

ဂိုးဘဲလ်က အထက်ပါအတိုင်း ကြွေးကြော်ခဲ့သည်။

မှန်သည်။ အရင်းရှင်ဒီမိုကရေစီစနစ်၏ ဓမ္မတာသဘောအရ ရွေးကောက်ပွဲများသည် အာဏာရအုပ်စိုးသူ လူတန်းစား စိတ်တိုင်းကျ လှည့်စားဖန်တီးပြသည့် 'ဒီမိုကရေစီမျက်လှည့်ပြပွဲကြီးများ' မဟုတ်ပါလော။

ထိုသို့ တစ်ဖက်မှ နာဇီဝါဒဖြန့်ချီရေးတာဝန်ခံ ဂိုးဘဲလ်က ရွေးကောက်ပွဲအတွက် ရေဒီယို သတင်းစာများကို အပိုင်စီးထားစဉ်တွင် အခြားတစ်ဖက်မှ ဟစ်တလာနှင့် ဂိုးအားရင်းတို့က ဂျာမန် အရင်းရှင်ကြီးများကို ခေါ်ယူတွေ့ဆုံကြသည်။

ဂျာမန်တစ်ပြည်လုံးတွင်သာမက ဥရောပတိုက်၏ စီးပွားရေးကိုပါ လက်ဝါးကြီးအုပ် ခြယ်လှယ် လွှမ်းမိုးနေသော ကရုပ်ဗ[illegible]သာ၊ ဝေါလ်တာဖန့် စသော ဂျာမန်ထိပ်သီး အရင်းရှင်ကြီးများ နှစ်ဆယ်ကျော်ခန့်နှင့် ၁၉၃၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က တွေ့ဆုံရာတွင် ဟစ်တလာက တိုတိုတုတ်တုတ်နှင့် ပြတ်ပြတ်သားသား ပြောကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်တို့ ယာယီနိုင်ငံရေး ဒီရွေးကောက်ပွဲကို နောက်ဆုံး ရွေးကော ပွဲလို့ သဘောထားပြီး ဝင်အရွေးခံတာပဲ၊ အဲဒီတော့ ရှုံးသည်ဖြ စေ၊ နိုင်သည်ဖြစ်စေ ဘာပဲဖြစ်ဖြစ် နောက်ဆုတ်လို့ မဖြစ်ဘူး၊ နည်းနည်းနဲ့နိုင်အောင် လုပ်ယူရလိမ့်မယ်၊ တကယ်လို့ ရွေးကောက က အဆုံးအဖြတ် မပေးနိုင်ဘူး ဆိုရင်လဲ တခြား တစ်နည်းနဲ့ အ အဖြတ်ကျအောင် လုပ်ယူရမှာပဲ'

ဤသို့ ဟာစ်တလာက ပြတ်ပြတ်သားသား ပြောကြားသ သည်ကို ဂိုးဘဲလ်ဇာ ပို၍ ထင်ရှားအောင် အောက်ပါအတိုင်း ဝါးလိုက်သေးသည်။

> 'အခုလို ငွေရေးကြေးရေး အထူးလိုအပ်နေတဲ့ အ မှာ ဒီနိုင်ငံရေး တိုက်ပွဲထဲ တိုက်ရိုက်မပါတဲ့ အဖွဲ့အစ တွေကာ အနည်းဆုံး ရန်ပုံငွေ ထောက်ပံ့ကြဖို့တော့ လို မယ်၊ ဒီရွေးကောက်ပွဲဟာ နောက်ထပ် ၁၀ နှစ် အတ ဒါမှမဟုတ် နောင်နှစ်ပေါင်း ၁၀၀ အတွင်း နောက် ရွေးကောက်ပွဲ ဖြစ်လိမ့်မယ်ဆိုတာ သဘောပေါက် လည်ထားကြရင် အနစ်နာခံဖို့ မခဲယဉ်းဘူးလို့ ထင်တ
>
> (ချူရင်ဘတ် စစ်ခုံရုံးမှတ်တမ်း-ဒီ-၂၀

ဂိုးအားရင်း၏ ကြုံးဝါးချက်သည် သွေးထွက်အောင် လှသည်။ အဘယ့်ကြောင့်ဆိုသော် ဟာစ်တလာ နာဇီတို့သည် ဤ ကောက်ပွဲကို နောက်ဆုံးထား၍ ဒီမိုကရေစီကို အသေသတ်ရန် ဆင်နေကြခြင်း မဟုတ်ပါလော။

သို့ဖြစ်၍လည်း ဟာစ်တလာသည် ဖေဖော်ဝါရီလ ၂၄ နေ့က မြူနစ်မြို့တွင် တရားဟောရာ၌ 'တကယ်လို့ ဒီနေ့ ကျုပ် လုပ်ငန်းကြီးရဲ့ အစီအစဉ်တွေဟာ ဘာတွေလဲလို့ မေးလာ ကျုပ်တို့ဟာ တိုတိုတုတ်တုတ်နဲ့ လိုရင်းကိုချုပ်ပြီး ဖြေရလိမ့်မ ကျုပ်တို့အစီအစဉ်တွေဟာ ဘာတွေရယ်လို့ ထူးထူးထွေထွေ ပြော



နေဖို့ မလိုဘူး၊ လူသားတွေမှန်သမျှ လုပ်ရမယ့်အလုပ်ဟာ ကျုပ် တို့ရဲ့ အစီအစဉ်ပဲ၊ အဲဒီတော့ ကျုပ်တို့ရဲ့ အစီအစဉ် နံပါတ်တစ်ဟာ ဘာလဲဆိုတော့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတာတွေ အကုန်ရှင်းပစ် ဖို့ပဲ'

(မြူနစ်မြို့တွင် ဟာစ်တလာ၏ ဟောပြောချက်များ
အတွဲ ၁- ဧပြီ မျက်နှာ-၂၅၂)

မှန်သည်။ ဟာစ်တလာသည် သူပြောသည့်အတိုင်း 'ရှုပ်ရှုပ် ထွေးထွေး' မှန်သမျှကို ဤရွေးကောက်ပွဲ အကြိုကာလမှစပင် ရှင်း ပစ်ခဲ့သည်။ သူရှင်းပုံရှင်းနည်းမှာ လွယ်သည်၊ တခြား ပါတီများ အား ရွေးကောက်ပွဲအတွက် လှုပ်ရှားမှုများကို ပြုလုပ်ခွင့် ပေး ထားသော်လည်း တကယ်တမ်း လုပ်လာသောအခါ ထိုပါတီများ ၏ အစည်းအဝေးများကို နာဇီတို့က ဖျက်ဆီးပစ်ကြသည်။ တရား ဟောသူကို ဝင်၍ ရိုက်ကြ နှက်ကြသည်။ အချို့ကိုမူ သေနတ်ဖြင့် ချောင်းပစ်ကြသည်။ ရွေးကောက်ပွဲ ပိုစတာများကို ဆုတ်၍ပစ်ကြ သည်။ ကြေညာချက်များကို မဝေရန် ခြိမ်းခြောက် တားဆီးခဲ့ ကြသည်။

ဤသို့ ရှင်းပစ်ခဲ့သဖြင့် ရွေးကောက်ပွဲမတိုင်မီ အတိုက်အခံ ပါတီများမှ လူပေါင်း ၅၁ ယောက် သေဆုံးခဲ့ရ၍ လူပေါင်း များနှင့်ချီ၍ ဒဏ်ရာရခဲ့ကြသည်။

အတိုက်အခံ နိုင်ငံရေး ရှုပ်ရှုပ်ထွေးထွေးများကို ထိုသို့ ရှင်း ပစ်ခဲ့သည့်နည်းတူ အုပ်ချုပ်ရေး ယန္တရားတွင်းမှ အရှုပ်အထွေး များကိုလည်း ခြေမြန်လက်မြန် ရှင်းပစ်ကြသည်။

ထိုစဉ်က ဂျာမနီပြည်၏ အုပ်ချုပ်ရေးအစဉ်အလာ ဖွဲ့စည်းပုံ အရ ပရပ်ရှားပြည်နယ်မှ ပြည်ထဲရေးဝန်ကြီးသည် ဂျာမနီတစ်ပြည် လုံး၏ သုံးပုံနှစ်ပုံကို အုပ်ချုပ်နေရသည်။ သို့ဖြစ်ရာ ပရပ်ရှား ပြည်မှ ပြည်ထဲရေးဝန်ကြီးထက်ပင် အရေးကြီးနေသည်။ သို့ဖြစ်ရာ ဟာစ်တလာသည် သူ၏ညာလက်ရုံး ဂိုးအားရင်းအား ပရပ်ရှား ပြည်နယ်အုပ်ချုပ်ရေး တာဝန်များကို ပေးအပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုးအားရင်းကလည်း ဆရာကောင်းတပည့် ပီသစွာ ပရ
ရှားပြည်နယ် ပြည်ထဲရေးဝန်ကြီးဌာနကို လက်ခံပြီးလျှင် ပြီးချ
မူလအုပ်ချုပ်ရေးအရာရှိ အမြောက်အမြားကို ရာထူးမှ ထုတ်ပစ်က
ထိုနေရာများတွင် နာဇီပါတီကို ထောက်ခံသူများအား ပြောင်းလ
ခန့်ထားခဲ့သည်။ အထူးသဖြင့် ပြည်နယ်ရဲမင်းကြီးနှင့် ရဲအရာရှိကြီ
များ၏ အရေးပါ အရာရောက်ပုံကို သိထားသော ဂိုးအားရ
သည် လက်ရှိရဲမင်းကြီးနှင့် ရဲအရာရှိကြီးများကို ဖြုတ်ပစ်ကာ နာဇ
တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့မှ တပ်မှူးများကို လက်ရွေးစင် ခေါ
ခန့်ထားခဲ့သည်။

ထိုမျှမက ဂိုးအားရင်းက လက်ရှိရဲအဖွဲ့မှာ အရေးအတွ
ကန့်သတ်ထားရှိရသဖြင့် မလုံလောက်ဟုဆိုကာ နောက်ထပ် အရ
ရဲတပ်ဖွဲ့ဘစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအရန်တပ်ဖွဲ့ကို တပ်သားပေါ
ငါးသောင်းထားရှိ၍ ဖွဲ့စည်းရာတွင် နာဇီ မုန်တိုင်းတပ်ဖွဲ့မှ န
သောင်းငါးထောင်နှင့် နာဇီလုံခြုံရေးတပ်ဖွဲ့မှ သောင်းငါးထော
ပါဝင်စေခဲ့သည်။ ထို့ပြင် ဂိုးအားရင်း၏ အမိန့်အရ အရန်တပ်
ဝင်များ ဖြစ်လာကြသော နာဇီလုံခြုံရေးနှင့်မုန်တိုင်းတပ်သားမျ
မှာ မူလအဝတ်အစားများဖြစ်သော ရှပ်နက်နှင့် ရှပ်ညိုများကို
ပြောင်းလဲမဝတ်စေဘဲ လက်မောင်းတွင် အဖြူပတ်တစ်ခု ပတ်
ခဲ့ခြင်းဖြင့် အရန်ရဲတပ်သားများအဖြစ် နေ့ချင်းညချင်း ရောက်
လာကြသည်။

ဤသို့ဖြင့် နာဇီတို့၏ ပါတီလက်နက်ကိုင်တပ်သည် အစိုး
လက်နက်ကိုင် ရဲအဖွဲ့၏ အာဏာကို ရယူခဲ့သည်။

ဂိုးအားရင်းသည် သူ၏ နာဇီလုံခြုံရေးနှင့်မုန်တိုင်းတပ်ဖွဲ့ဝ
များကို ထိုသို့ အာဏာ အပ်နှင်းခဲ့ရုံမျှမက အတိုက်အခံပါတီမျာ
နှိမ်နင်းရာတွင်လည်း ပျော့ညံ့ သွေးကြောင်မနေစေရန် ရဲဆေးတ
ပေးခဲ့သေးသည်။ သူက ရဲတပ်ဖွဲ့ဝင်များအား 'တာဝန်ထမ်းဆော
နေစဉ် လိုအပ်ပါက လက်နက်ကို အသုံးပြုနိုင်သည်' ဟူ၍ အမ
ထုတ်ခဲ့သည်။ ထိုမျှမက 'အကယ်၍ လက်နက်ကို အသုံးပြုရန်လို



က် အသုံးမပြုသော တပ်ဖွဲ့ဝင်များကို အရေးယူမည်' ဟူ၍ပင်
ဆက်တွဲ ရဲဆေးတင်လိုက်သေးသည်။

ယခုအခါ နာဇီပါတီမှ တစ်ပါး အခြား အတိုက်အခံပါတီ
မှာ အရန် ရဲတပ်ဖွဲ့အာဏာကို ရယူထားကြသော နာဇီတပ်
၏ အကြမ်းဖက် နှိမ်နင်းမှုကို 'တရားဝင်' ခံနေကြရပြီ
ည်။

လမ်းများပေါ်တွင် လည်းကောင်း၊ စားသောက်ဆိုင်များ
ပျော်ပွဲစားရုံများတွင် လည်းကောင်း၊ နာဇီ တပ်သားများ၏
းမှုများမှာ နေ့စဉ်ဖြစ်ပွားနေသော သမားရိုးကျရှုခင်းများ
သည်။ နာဇီပါတီ ဆန့်ကျင်သူများနှင့် အတိုက်အခံပါတီကို
းသူများ၏ အိမ်များမှာ မကြာခဏ နာဇီ တပ်သားများ၏
ာက် နှိပ်စက်မှုများကို ခံနေကြရသည်။

ထိုသို့ အဓမ္မ အုပ်စိုးမှုနှင့် မတရားနှိပ်စက်မှုများကို ဥပဒေ
အရေးယူရန် ရဲအဖွဲ့သို့ တိုင်လိုသော်လည်း ရဲအရာရှိများကိုယ်
နာဇီ တပ်သားများကို ကြောက်နေကြရသဖြင့် မည်သို့မျှ
နိုင်ဘဲ ဖြစ်နေကြသည်။

ထိုစဉ်က ထုတ်ဝေသော နေ့စဉ် သတင်းစာ များတွင်
ပါ စာရင်းသုံးခု နေ့စဉ် ဖော်ပြပါရှိသည်ကို တွေ့ကြ
။

ထိုစာရင်း ၃-ခုမှာ....

(၁) ရာထူးမှ အချခံရသော၊ သို့မဟုတ် နယ်ပြောင်းခံရသော အစိုးရအရာရှိများနှင့် ရဲအရာရှိများ၏စာရင်း။
(၂) ပိတ်ပင်တားဆီးခြင်းခံရသော၊ သို့မဟုတ် သိမ်းဆည်းခြင်း ခံရသော စာရွက်စာတမ်းများ စာရင်း။
(၃) နိုင်ငံရေး အဓိကရုဏ်းများတွင် သေဆုံးသူ၊ သို့မဟုတ် ဒဏ်ရာရသူများ၏ စာရင်းများ ဖြစ်သည်။

(ဗြိတိသျှအစိုးရ၏ မှတ်တမ်းဝင် စာရွက်စာတမ်းများ
စာစဉ်-၂၊ အတွဲ-၄၊ စာမျက်နှာ-၂၄၆)

www.burmeseclassic.com

www.burmeseclassic.com

ဟစ်တလာသည် ယခု တိုက်ပွဲတွင်လည်း မိမိကို
အန်တုမည့်သူများမှာ အခြားသူများမဟုတ်၊ ကွန်မြူနစ်များ
ဖြစ်သည်ကို သိထားပြီး ဖြစ်သည်။ သို့ဖြစ်လျှင်လည်း
ဝန်ကြီးချုပ်ရာထူး လက်ခံပြီးလျှင်ပြီးချင်း ကွန်မြူနစ်များ
မဦးမီ၊ မိမိတို့က လက်ဦးအောင် ကြိုးပမ်း၍ ကွန်မြူနစ်
ချပစ်ရမည်ဖြစ်ကြောင်း ဂိုးလ်ဘဲအား ပြောကြားခဲ့ဖူးသည်
သို့ဖြစ်ရာ နာဇီ တပ်များ၏ အနှိပ်စက် အညှဉ်းဆဲ
လူများမှာ ကွန်မြူနစ်များ ဖြစ်ကြသည်။ ကွန်မြူနစ် ပါ
တိုင်းပြည်ကို ဆူပူသောင်းကျန်းအောင် လုပ်နေသော ပါ
စွပ်စွဲခဲ့ကြသည်။

ဤစွပ်စွဲချက်ကို အခြေခံ၍ ဖေဖော်ဝါရီလ ၂၄
တွင် ဘာလင်မြို့ ကွန်မြူနစ် ဌာနချုပ်ကို ရဲအဖွဲ့က ဝင်
ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေခဲ့ရာတွင် ကွန်မြူနစ်များထံမှ
လှန်ရေးတစ်ရပ် ဆင်နွှဲရန် လျှို့ဝှက်စွာကြံစည်နေသော အ
အထား စာရွက်စာတမ်းများ ဖမ်းဆီး ရမိခဲ့ကြောင်းဖြစ်
ကြေညာချက်တစ်ရပ် ထွက်ပေါ်လာခဲ့သည်။ အဆိုပါ သိမ်း
ရမိခဲ့သော စာရွက်စာတမ်းများကို အမြန်ဆုံး တိုင်းပြည်သို့
ပြန် အသိပေးမည်ဟူ၍ အစိုးရက ကတိပေးခဲ့သည်။ သို့
မည်သည့်အခါမှ ထုတ်ပြန် ကြေညာသည်ကို မတွေ့ရ။

ထိုသို့ ကွန်မြူနစ်များ၏ 'လျှို့ဝှက် တော်လှန်ရေး'
အစဉ်ကို အစိုးရက ဖမ်းဆီးရမိခဲ့ပြီဟူ၍ ကြေညာပြီးနောက်
ရက်မျှအကြာ ဖေဖော်ဝါရီလ ၂၇-ရက်နေ့ညတွင် ဂျာမန်
တော် အဆောက်အအုံကြီးမှာ ရုတ်တရက် မီးဟုန်းဟုန်း
လောင်တော့ ပြာကျသွားခဲ့သည်။

ထိုသို့ ဂျာမန်လွှတ်တော်ကြီး မီးလောင်နေစဉ် အနီးအ
တွေ့ရသော ဒပ်ချ်ကွန်မြူနစ် ဗန်ဒါလူဘီ ဆိုသူကို ရဲအ
ဖမ်းဆီးခဲ့သည်။

ဂိုးအားရင်းသည် ဂျာမန် လွှတ်တော်ကြီး မီးရှို့ခံ
ပတ်သက်၍ အုတ်ခိုင်းဖော်နေ့ခြင်းမရှိဘဲ 'ဤကိစ္စမှာ ကွန်



များ၏ လုပ်ကြံမှုကြီး ဖြစ်သည် ဟူ၍ ချက်ချင်း ကြေညာတော့၊
ကွန်မြူနစ် ခေါင်းဆောင်များကို ဒလကြမ်း ဖမ်းဆီးခဲ့သည်။ ဤ
အသဲတွင် နာမည်ကျော် ဘူလ်ဂေးရီးယားကွန်မြူနစ်ခေါင်းဆောင်
ကြီး ဒီမစ်ထရော့ဖ်လည်း အဖမ်းခံခဲ့ရသည်။

ထို့နောက် အဆိုပါ မီးရှို့မှုကြီးကို လိပ်ဇစ်မြို့တွင် ရုံးတင်
၍ စစ်ဆေးခဲ့ရာ နာဇီတို့မှာ ထင်တိုင်းမပေါက်ဘဲ အကြီးအကျယ်
သမည် ပျက်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ကွန်မြူနစ်ခေါင်း
ဆောင် ဒီမစ်ထရော့ဖ်သည် ရုံးတော်တွင် ပိုင်ပိုင်နိုင်နိုင် သူကိုယ်
တိုင် လျှောက်လဲချက် ပေးခဲ့သည်ဖြစ်ရာ နောက်ဆုံးတွင် အမှု
ဆောင်ရှားသဖြင့် ကွန်မြူနစ် ခေါင်းဆောင်များကို လုံးဝ လွှတ်
ပေးခဲ့ရသောကြောင့် ဖြစ်သည်။

သို့သော် လွှတ်တော်ကြီး မီးလောင်နေစဉ်က အနီးအနား
တွင် တွေ့ရှိ၍ ပထမဆုံး ဖမ်းဆီးခြင်းခံခဲ့ရသော ဒပ်ချ်ကွန်မြူနစ်
ဗန်ဒါလူဘီ ဆိုသူမှာ အမိက တရားခံ ဖြစ်သည်ဟု ဆိုကာ သေဒဏ်
အပေးခံရသည်။

စင်စစ် ဤလုပ်ကြံမှုကြီးမှာ ကွန်မြူနစ်တို့ လက်ချက်
မဟုတ်ဘဲ နာဇီတို့ လက်ချက်သာ ဖြစ်သည်ကို နောင်အခါ၌
ပေါ်ပေါက်လာသည်။ ဂိုးအားရင်း၏ စီစဉ်ချက်အရ ဘာလင်မြို့
နာဇီကာကွယ်ရေး တပ်ဖွဲ့ ခေါင်းဆောင် ကားလ်အားနက်စ်နှင့်
နောက်ပါ နာဇီတပ်သားများက မြေအောက်မှတစ်ဆင့် လွှတ်
တော် အဆောက်အအုံကြီးရှိရာသို့ လိုဏ်ခေါင်းတူး၍ တိတ်တဆိတ်
ချဉ်းကပ်ပြီး မီးရှို့ခဲ့ကြခြင်း ဖြစ်သည်။

ထို့နောက် မူလ စီစဉ်ထားချက်အရ ကွန်မြူနစ်များအပေါ်
ရှာ ဖမ်းဆီး အရေးယူခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဂျာမန် လွှတ်တော်ကြီး မီးရှို့ခံရသည့် နိုင်ငံရေး
လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ နောင်အခါ ဟစ်တလာ ပြော
ကြားခဲ့သော အောက်ပါ မိန့်ခွန်းတစ်ခုက ဤအချက်ကို ထောက်ခံ
သောအထောက်အထား ဖြစ်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဂျာမန် ရိုက်ချ်စတာက် လွှတ်တော်ကြီး မီးလောင်
တုန်း ညသန်းခေါင် အချိန်လောက်မှာ ကျုပ်ဟာ ပါ
သတင်းစာတိုက်ကို ရောက်သွားတယ်။ ဒါပေမယ့် ရုတ်တ
ကျုပ်ကို သတင်းစာတိုက်ထဲ ဝင်ခွင့်မပေးလို့ နာရီဝ
လောက် အပြင်မှာ ကြာသွားတယ်။ နောက်တော့မှ ဝ
ခွင့်ရလို့ အထဲ ရောက်သွားတော့ စာစီသမားတချို့ ထ
နေကြတာ တွေ့ရတယ်။ လက်ထောက် အယ်ဒီတာ တ
ယောက် နှစ်ယောက်ကိုလဲ အိပ်မှုန်စုံမွှားနဲ့ ထလာတာ
တွေ့ရတယ်။ သူတို့က ကျုပ်ကို(ဟစ်တလာမုန်း ရုတ်တရ
မသိဘဲ) 'ည အချိန်မတော် အချိန်တော်ကြီးမှာ ဘယ်သူ
မရှိဘူး၊ ကိစ္စရှိရင် အလုပ်ချိန်မှာ လာတွေ့ပါ'လို့ ပြော
လိုက်ကြသေးတယ်။ ဒီတော့ ကျုပ်က 'မင်းတို့ ရူးနေကြ
သလား၊ အပြင်မှာ သေရေးရှင်ရေးလောက် အရေးကြီး
ကိစ္စကြီး ဖြစ်နေတာကို မင်းတို့ မသိကြဘူးလား'လို့ အော
ငေါက်ပစ်ရတယ်။ နောက်ဆုံးတော့ ကျုပ်လဲ ဂိုးဘဲလ်
အခေါ် ခိုင်းပြီး နောက်တစ်နေ့ထွက်မယ့် သတင်းစာအတွ
မိုးလင်းခါနီး အရုဏ်တက်တဲ့အထိ သူနဲ့ ထိုင်ပြီး လုပ်
ရတယ်'

(ဟစ်တလာ၏ စားပွဲဝိုင်း မိန့်ခွန်းများ၊ စာမျက်နှာ-၆၁၉

ဤသို့ ကွန်မြူနစ်များကို နိုင်ငံရေး လုပ်ကြံမှုဖြင့် ထိုးနှ
ခဲ့ရုံမျှမက 'ကွန်မြူနစ်များ၏ အကြမ်းဖက်မှုများကို တားဆီ
ပိတ်ပင်ရန်အတွက်' ဟု ဆိုကာ ဟစ်တလာသည် နောက်တစ်နေ့တ
'တိုင်းပြည်နှင့် လူမျိုးအား ကာကွယ်သည့် ဥပဒေ' တစ်ရပ်
ထပ်မံ ထုတ်ပြန်ခဲ့သေးသည်။

အဆိုပါ ဥပဒေတွင် တိုင်းပြည် သစ္စာဖောက်မှုများနှ
အစိုးရ ခေါင်းဆောင်များအား လုပ်ကြံမှုများအတွက် သေဒ



နှင့် တစ်သက်တစ်ကျွန်းဒဏ်များ ကျခံစေရမည်ဖြစ်ကြောင်း ဖော်ပြ
ပါရှိခဲ့သည်။

ဤသို့အားဖြင့် ဟစ်တလာသည် သူ၏ ညာလက်ရုံး ဂိုးအား
ရင်းနှင့် တိုင်ပင်ကာ နာဇီ ပါတီအား အတိုက်အခံပြုနေကြသော
ပါတီ မှန်သမျှကို နည်းအမျိုးမျိုးဖြင့် ရှင်းပစ်ခဲ့ကြသည်။

အထူးသဖြင့် ဂျာမန် အရင်းရှင် ဒီမိုကရေစီကို အသေသတ်
သည့် ဤ ၁၉၃၃-၃၄-ခုနှစ် ကာလများအတွင်း ဂိုးအားရင်း
သည် ဟစ်တလာ၏ အားအကိုးရဆုံး ယုံကြည် စိတ်ချရဆုံးနှင့်
ဟစ်တလာ အလိုကျ ပြည့်ပြည့်ဝဝဖြစ်အောင် လုပ်ဆောင်ပေးခဲ့သူ
တစ်ဦး ဖြစ်သည်။

'ဒီနေရာမှာ ကျုပ်တို့ဟာ တရားမျှတမှု ဆိုတာကို ဘာမှ
ဂရုစိုက်နေစရာ မလိုဘူး၊ ကျုပ်တို့ တာဝန်က ဖျက်ဆီးပစ်
ဖို့နဲ့ အပြတ် တိုက်ပစ်ဖို့ပဲ၊ ဒါကလွဲလို့ ဘာမှ လုပ်စရာ
မလိုဘူး'

(နျူရင်ဘတ် စစ်နုံရုံး မှတ်တမ်း၊ စာမျက်နှာ-၁၇၅၆)

ဆရာကောင်းတပည့် ပီသစွာ ဂိုးအားရင်းကလည်း ရွေး
ကောက်ပွဲ အကြို တရားပွဲ တစ်ခုတွင် အထက်ပါအတိုင်း အတိ
အလင်း ဟောပြောခဲ့သည်။

သို့သော် နှစ်ပေါင်းများစွာ အခိုင်အမာ အမြစ်တွယ်နေပြီး
ဖြစ်သော အရင်းရှင် ဒီမိုကရေစီကို ကျူပင်ခုတ်သလို ကျူငုတ်မျှ
မကျန်ရအောင် သုတ်သင်ပစ်ရာ၌ အပြော လွယ်သလောက် အလုပ်
ခက်လှသည်။

ဤရွေ့ ဤမျှ အကြမ်းဖက်၍ ဆန့်ကျင်ဘက်ပါတီများကို နာ
လန်မထူနိုင်အောင် ဖိနှိပ်ထားသည့်အထဲက အထွေထွေရွေးကောက်
ပွဲကြီး ပြီးသောအခါ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၆၄၇-

www.burmeseclassic.com

www.burmeseclassic.com

ယောက် ရှိသည့်အနက် နာဇီပါတီသည် ၂၈၈–ယောက်သာ အရွေးခံခဲ့ရ၍ ထက်ဝက်ပြည့်အောင် မရသေးဘဲ ရှိနေခဲ့သည်။

ထို့ထက်ပို၍ ဟစ်တလာအဖို့ ခံပြင်းစရာ ကောင်းသည်မှာ အတိုက်အခံ ပါတီများသည် အဖိနှိပ် အညှဥ်းဆဲခံနေရသည့်အထဲမှ ထင်သလောက် ကျဆင်းမသွားဘဲ အချို့ပါတီများမှာမူ ပို၍ပင် ခေါင်းထောင်လာသည်ကို တွေ့ရခြင်းပင် ဖြစ်သည်။

ကွန်မြူနစ်များမှာ ယခင် ရွေးကောက်ပွဲကထက် မဲပေါင်း တစ်သန်းကျော် မျှသာ လျော့နည်း၍ ယခု ရွေးကောက်ပွဲတွင် မဲပေါင်း၊ လေးသန်းကျော် ရနေကြသေးသည်။ ဆိုရှယ်ဒီမိုကရက်များမှစ မဲပေါင်း ၆–နသောင်းမကျော်သာ လျော့နည်းခဲ့၍ ၇–သန်းကျော် ရနေသေးသည်။ အလယ်ဗဟို ပါတီမှာမူ မဲလျော့မသွားရုံမျှမက နောက်ထပ် မဲ ၂-သိန်းကျော် တိုးလာ၍ စုစုပေါင်း မဲ ၂သန်းကျော် ရခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဟစ်တလာသည် အမျိုးသား၊ ဆိုရှယ်လစ် ပါတီနှင့် ပူးပေါင်းလိုက်လျှင် စုစုပေါင်း ကိုယ်စားလှယ် အရေအတွက်၏ ထက်ဝက်ကျော်နေသဖြင့် အစိုးရအဖွဲ့ကို ခေါင်းဆောင် ဖွဲ့စည်းနိုင်ခဲ့သည်။

သို့သော် ဤသို့အားဖြင့် တည်ငြိမ်သော အစိုးရအဖွဲ့ ဖြစ်လာပါပြီလော။

စင်စစ် တည်ငြိမ်သော အစိုးရအဖွဲ့ ဆိုသည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီး ရှိနေသမျှ၊ တည်တန့်နေသမျှ (ဝါ) ဒီမိုကရေစီ ရှိနေသမျှ မရရှိနိုင်၊ မပေါ်ပေါက်နိုင်။ အဘယ့်ကြောင့် ဆိုသော် ကွန်မြူနစ်များနှင့် အတိုက်အခံ ပါတီများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေက ပေးထားသော အခွင့်အရေးများကို သုံးကာ ပါလီမန်ထဲသို့ ဝင်ရောက် နှောင့်ယှက်နေကြဦးမည် ဖြစ်သည်။

ဤသို့ စဥ်းစားမိသော ဟစ်တလာသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီးကို ဖယ်ရှားပစ်ရန် ကြံစည်တော့သည်။ ဤ အစိုးရ ကို ဖယ်ရှားပြီး ထိုနေရာတွင် တစ်ပါတီအာဏာရှင်စနစ်



www.burmeseclassic.com

ဦးတည်း အာဏာရှင်စနစ်ကို အခြေခံသည့် ဥပဒေတစ်ရပ်ဖြင့် အစားထိုးရန် ကြံစည်လာသည်။

သို့သော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို ဖယ်ရှား ရန်မှာ ပါလီမန်တွင် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်မျှမကဘဲ သုံးပုံနှစ်ပုံ၏ ထောက်ခံမှုကို ရမှဖြစ်မည် မဟုတ်ပါလော။ ထိုသို့ ကိုယ်စားလှယ်ဦးရေ သုံးပုံနှစ်ပုံ ရရန် ခဲယဥ်းလှသည် မဟုတ်ပါ လော။

အခြားသူများအတွက် ဤကိစ္စမှာ ခဲယဥ်းကောင်း ခဲယဥ်း ပါလိမ့်မည်။ သို့သော် ဟစ်တလာအတွက်မူ မခဲယဥ်းလှပါ။ အလွန် ပင်မှ လွယ်ကူလှပါသည်။ 'လိုလျှင်ကြံဆ နည်းလမ်းရ' ဟူသော စကားရှိသည် မဟုတ်ပါလော။

ဟစ်တလာနည်းလမ်း ကား၊ သူနှင့် ဆန့်ကျင်ဘက် ဖြစ်၍ ထာဝရရန်သူဖြစ်သော ကွန်မြူနစ် ကိုယ်စားလှယ်များကို စည်းဝေးတက်မတက်နိုင်အောင် လုပ်ပစ်သည့် နည်းလမ်းဖြစ်သည်။

ဤနည်းလမ်းအရ ရွေးကောက်ပွဲတွင် အရွေးခံရသော ကွန် မြူနစ်ကိုယ်စားလှယ် ၈၁ ယောက်ကို ပါလီမန် အစည်းအဝေး မတိုင်မီ တရကြမ်း ဖမ်းစေခဲ့သည်။ ကွန်မြူနစ် ကိုယ်စားလှယ် ထော်များများမှာ အလစ်တွင် အဖမ်းခံလိုက်ကြရသည်။ အဖမ်း ခံရဘဲ ကျန်နေသော ကိုယ်စားလှယ်များမှာလည်း ပါလီမန် အစည်းအဝေး မတက်နိုင်တော့ဘဲ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြသည်။

ဤသို့အားဖြင့် ပါလီမန်အစည်းအဝေး စတင် ကျင်းပသော အခါတွင် ကွန်မြူနစ် ကိုယ်စားလှယ် ၈၁ ယောက်ကို မတွေ့ရ သည့်အပြင် ရုံမျှမက ကျန် အတိုက်အခံပါတီများမှာလည်း အားလုံးလိုလို ဟစ်တလာ၏ 'ဖွဲ့စည်းအုပ်ချုပ်ပုံ' အခြေခံဥပဒေ ပြောင်းလဲရေး ကိစ္စကို ထောက်ခံရန် အသင့်ဖြစ်နေကြတော့သည်။

ပါလီမန်အစည်းအဝေးကို ၁၉၃၃ ခု မတ်လ ၂၃ ရက်နေ့တွင် စတင်ကျင်းပသည်။ သို့ ကျင်းပရာတွင် ယခင် ရိုက်ခ်ျတက် လွှတ်တော်အဆောက်အအုံကြီးမှာ 'ကွန်မြူနစ်များလက်ချက်ကြောင့်'

www.burmeseclassic.com

မီးလောင်ပျက်စီးခဲ့ပြီဖြစ်ရာ ကရိုးလ်အော်ပရာဇာတ်ရုံကြီးကို ယာ
ပါလီမန်အဆောက်အအုံအဖြစ် အသုံးပြုကြရသည်။

ဟစ်တလာသည် ပါလီမန် အစည်းအဝေးမှာပင် ဖွဲ့
အုပ်ချုပ်ပုံ အခြေခံဥပဒေပြောင်းလဲရေးအဆိုကို တင်ခဲ့သည်။

သူတင်သည့် အဆိုအရ အခြေခံဥပဒေသစ်၏အမည်ကို
တော်နှင့် ပြည်သူတို့အား ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်
ဥပဒေ’ ဟူ၍ အမည် ပေးထားသည်။ ထိုဥပဒေသစ်တွင် အ
အပိုဒ်ကြီးငါးပိုဒ်ရှိရာ ၎င်းတို့ကို အကျဉ်းရုံးလိုက်ပါက အစို
သည် ၄ နှစ်အတွင်း ပါလီမန်ကို တင်ပြခြင်းမပြုဘဲ ဥပဒေ
ထုတ်ပြန်နိုင်ခွင့်၊ ပါလီမန်ကို အသိမပေးဘဲ နိုင်ငံခြားတိုင်းပြည်
နှင့် စာချုပ်ချုပ်ဆိုနိုင်ခွင့်၊ ယင်းသို့သော ဥပဒေများနှင့် စာ
များ ပြုလုပ်ချုပ်ဆိုရာ၌ ဝန်ကြီးချုပ်ကိုယ်တိုင် မှုကြမ်းရေး
စသည့်အချက်များ ပါဝင်သည်။

ထိုနေ့က ပါလီမန်အစည်းအဝေးမှာ ရွေးကောက်ပွဲ
ပထမဆုံး ပြန်လည်ကျင်းပသော အစည်းအဝေးဖြစ်၍တစ်ကြော
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြောင်းလဲရေး အဆိုတင်သွင်း
အစည်းအဝေးဖြစ်၍ တစ်ကြောင်း၊ ခါတိုင်းထက် ထူးခြားသည
ထင်ရ၏။

ပို၍ထူးခြားသည်မှာ နာဇီလုံခြုံရေးတပ်ဖွဲ့ဝင် ရှပ်နက်
သားများသည် ပါလီမန် အဆောက်အအုံ ဖြစ်သော ကရိ
အော်ပရာဇာတ်ရုံကြီးကို အင်အား အလုံးအရင်းဖြင့် ဝိုင်း
ခြင်းပင် ဖြစ်သည်။ ဇာတ်ရုံကြီး၏ အပြင်ဘက်မှာကား အနီ
အောက်ခံ အဖြူစက်ဝိုင်းထဲမှ အနက်ရောင်စကြာကြီးဖြင့် ကြီး
လှသော နာဇီအလံကြီးသည် နံရံကြီးတစ်ခုလုံး အပြည့်ရှိနေသ
အဆောက်အအုံ အတွင်းရှိ စကြာနှင့် အမြင့်ခန်းများတွင်မူ န
ရှပ်ညိုမုန်တိုင်းတပ်သားများဖြင့် ပြည့်နှက်နေသည်။

ပါလီမန် အစည်းအဝေးကျင်းပရာ အလယ်ဗဟိုခန်းမဆော
ကြီးအတွင်းမှ ဟစ်တလာ၏ ကျယ်လောင် အောင်မြင်သော အ



သည် အသံချဲ့စက်မှတစ်ဆင့် နံရံများဆီသို့ ပဲ့တင်ထပ်လျက် ရိုက်ခတ် ထွက်ပေါ်နေသည်။

သူသည် ဂျာမန် တစ်မျိုးသားလုံး၏ တပ်ဦးမှနေ၍ နာဇီပါတီ ခေါင်းဆောင်က ချီတက်နေသော တော်လှန်ရေး ကြီးအကြောင်းကို ပြောသည်။ ပါတီအမျိုးမျိုး၊ လူတန်းစားအဖွဲ့ကွဲလွဲနေသော ဂျာမနီပြည်ကြီးကို တစ်သွေး၊ တစ်သံ၊ တစ်မိန့်အဖြစ် ရောက်အောင် ကြိုးပမ်းနေသည့် နာဇီပါတီ၏ လုပ်ဆောင်ချက်များကို တင်ပြသည်။

ထို့နောက် ဤတော်လှန်ရေးကြီးနှင့် ဤအမျိုးသားညီညွတ်ရေးကြီး အောင်မြင်နိုင်ရေးအတွက် ချီတက်ရာတွင် အဟန့်အတားဖြစ်နေသော လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို ဖယ်ရှား၍ ‘နိုင်ငံတော်နှင့် ပြည်သူလူထုတို့အား ဆင်းရဲ ဒုက္ခဘေးမှ လွတ်မြောက်ရေးအခြေခံဥပဒေကြီး’ကို အဆိုပြုတင်သွင်းသည်။

ဟစ်တလာက သူ့အဆိုပြုချက်ကို အောက်ပါအတိုင်း နိဂုံးချုပ်သည်။

“ဒါကြောင့် ပါလီမန်မှာရှိကြတဲ့ ပါတီများကို မိတ်ဆွေပီသစွာ အစိုးရနဲ့ ပူးပေါင်းကြဖို့ ဖိတ်ခေါ်ကမ်းလှမ်းပါတယ်။ ဒါပေမယ့် ဒီလို ပူးပေါင်းမှုကို ငြင်းပယ်သည့်တိုင်အောင် လုပ်စရာရှိတာကို ဆက်ပြီးလုပ်ဖို့ အားလုံးပြင်ဆင်ထားပြီးပါပြီ။ ဒီလို ငြင်းပယ်လိုက်လို့ ဖြစ်ပေါ်လာမယ့် အခြေအနေဆိုးများကို ရင်ဆိုင်ပြီး ဆက်လုပ်သွားဖို့လဲ ပြင်ဆင်ပြီးပါပြီ။ ပါလီမန် ကိုယ်စားလှယ် လူကြီးမင်းများခင်ဗျား ဒီအချိန်မှာ စစ်နဲ့ငြိမ်းချမ်းရေး ဘယ်ဟာကို ရွေးကြမလဲဆိုတာ လူကြီးမင်းတို့ရဲ့ အဆုံးအဖြတ်ပေါ်မှာတည်နေပါတယ်”

(ဟစ်တလာ၏မိန့်ခွန်းများ၊ စာမျက်နှာ—၂၄၆)

www.burmeseclassic.com

www.burmeseclassic.com

ဟစ်တလာ အဆိုတင်သွင်းပြီး ပါလီမန်ကို ခေတ္တ ရပ်နားလိုက်သည်။

ပါလီမန် ပြန်စသောအခါ ဟစ်တလာ၏ 'အခြေခံ ဥပဒေ ပြောင်းလဲရေး' အဆိုကို ကန့်ကွက်သူ တစ်ယောက် ပေါ်ထွက်လာသည်။ သူကား ဆိုရှယ် ဒီမိုကရက် ခေါင်းဆောင် ဝေါ်တို့ဝဲလ်ဆိုသူ ဖြစ်သည်။

ဝေါ်တိုဝဲလ်သည် ပါလီမန် တစ်ခုလုံး၌ ဟစ်တလာကို ပြောင် ကန့်ကွက်ရဲသူ မရှိသည့် ဤအချိန်အခါမျိုးတွင် နာဇီ ရှပ်နက် ရှပ်ညို တပ်သားများ အထပ်ထပ် ဝိုင်းထားသည့် ကြားထဲမှ မိမိ တစ်ဦးတည်း ထ၍ ကန့်ကွက်ရသည်မှာ မည်မျှ အန္တရာယ် များလှသည်ကို သိပြီး ဖြစ်သည်။

သို့သော် သူသည် ဟစ်တလာ၏ အဆိုကို တည်တည်ငြိမ်ငြိမ် တွန်းရဲရဲဖြင့် ကန့်ကွက် ပြောဆိုသွားသည်။

ဤသည်ပင် အာဏာရှင်လောင်း ဟစ်တလာသည် ဒေါသ အမျက်ခြောင်းခြောင်း ထွက်တော့သည်။ သူသည် ပါလီမန် ကိုယ်စားလှယ်များ၊ အစိုးရ အဖွဲ့ဝင်များနှင့် အထူး ဧည့်ခန်းဆောင်မှ နိုင်ငံခြား သံတမန်များကို ဂရုမထားနိုင်တော့ဘဲ အသံချဲ့စက်ရှေ့သို့ ဒေါကြီး မောကြီးဖြင့် ထလာကာ ဆိုရှယ် ဒီမိုကရက်များကို မျက်နှာ စေ့စေ့ကြည့်၍ ဘီလူးကြိမ်း ကြိမ်းတော့သည်။

'ခင်ဗျားတို့မဲကို ကျုပ် မလိုချင်ဘူး၊ ဂျာမနီ ပြည်ကြီးဟာ ခင်ဗျားတို့ အကူအညီ မပါဘဲနဲ့ လွတ်လပ်ရမယ်၊ ခင်ဗျားတို့ဟာ ကျုပ်ကို ဘူဇွာ အရင်းရှင်တွေလို ထင်မနေကြနဲ့၊ ဂျာမနီပြည်ကြီးရဲ့ ကံဇာတာ ထွန်းလင်း တောက်ပလာတာနဲ့အမျှ ခင်ဗျားတို့ရဲ့ ကံဇာတာဟာ တဖြည်းဖြည်း မှေးမှိန်ပြီး ပျောက်ကွယ်သွားရမယ်၊ ခင်ဗျားတို့အတွက် သေမင်း ခေါင်းလောင်းသံကို မကြာခင် ကြားရလိမ့်မယ်ဆိုတာ မြဲမြဲကြီး မှတ်ထားလိုက်ပါ'

ဘယ်သူ့အကော ဘာများ တတ်နိုင်ပါဦးမည်နည်း။ ဘာမှ မတတ်နိုင်ပါ၊ ဘာမှ မလုပ်နိုင်တော့ပါ။ မဲခွဲလိုက်သော အခါ



ထောက်ခံမဲ ၄၄၁-မဲ၊ ကန့်ကွက်မဲ ၉၄-မဲဖြင့် အဆိုဘက်မှ အပြတ် အနိုင်ရခဲ့သည်။

ပါလီမန်တွင် အခြေခံဥပဒေ ပြောင်းလဲရေး အဆိုကို ထိုသို့ တင်သွင်း အတည်ပြုပြီးသည့် နောက်ပိုင်းတွင်ကား ဟစ်တလာ ဝါးခဲ့သည့်အတိုင်း 'လုပ်စရာရှိသမျှ' ခပ်သွက်သွက် ဆက် တော့သည်။

မတ်လ ၉-ရက်နေ့တွင် ဘာဗေးရီးယားပြည် မြူနစ်မြို့ ပြည်နယ် အစိုးရကို ဖြုတ်ချ၍ နာဇီများက လုံးဝ အာဏာ ကြသည်။

မတ်လ ၃၁-ရက်နေ့တွင် ပြည်နယ် အားလုံးမှ ဥပဒေပြု တော်များကို ဖျက်သိမ်းခဲ့သည်။နောက်တစ်ပတ်မျှ အကြာတွင် ပြည်နယ် ၁၈-ခုတို့တွင် နာဇီခေါင်းဆောင် ၁၈-ယောက် ပြည်နယ် ဘုရင်ခံများအဖြစ် တိုက်ရိုက် ခန့်ထားခဲ့သည်။

ပြီလထဲတွင် ဆိုရှယ် ဒီမိုကရက်တစ် ပါတီ၏ အခြေခံ အဖွဲ့ များဖြစ်သော အင်အားကြီးမားသည့် ဂျာမန်အလုပ်သမား သည်ရာ ဌာနများကို ဝင်ရောက် ဖျက်ဆီးခဲ့သည်။

ဤအခတာအတွင် မေလတ်ရက် မေဒေးနေ့သို့ ရောက်ရှိ ခဲ့ရာ ဟစ်တလာသည် ထိုနေ့ကို အစိုးရ ရုံးပိတ်ရက် အဖြစ် သလိုက်သည်။ ထို့နောက် ဘာလင်မြို့တော်၌ သိန်းပေါင်း စွာသော အလုပ်သမားများကို စုဝေး၍ မေဒေးနေ့ကို ခမ်း ကြီးကျယ်စွာ ကျင်းပခဲ့သည်။ သူကိုယ်တိုင်လည်း ထိုအခမ်း အနားတွင် မိန့်ခွန်း ပြောကြားခဲ့သည်။

ဤတွင် အလုပ်သမများနှင့် အလုပ်သမား ခေါင်းဆောင် များသည် နာဇီ အစိုးရအပေါ်တွင် အတော်အတန် မျှော်လင့်ချက် ထားလာပြန်သည်။

သို့သော် သူတို့ မျှော်လင့်ချက်မှာ တစ်ရက်မျှပင်ပြည့်အောင် ခံလိုက်ဘဲ ဗုန်းဗုန်းလဲပြိုကျ ပျက်စီးခဲ့မှာသည်။ အဘယ်ကြောင့် သော် မေဒေးနေ့ နောက်တစ်ရက် နံနက်တွင် တစ်ပြည်လုံးရှိ အလုပ်သမား သမဂ္ဂ အဖွဲ့များကို နာဇီလုံခြုံရေးနှင့် မုန်တိုင်း တပ်

www.burmeseclassic.com

www.burmeseclassic.com

သားများက ဝင်ရောက် စီးနင်း၍ သိမ်းပိုက်ကြသောကြောင့် သည်။ အလုပ်သမားသမဂ္ဂ ခေါင်းဆောင် အများအပြားမှာ ရိုက်နှက် ဖမ်းဆီးခြင်း ခံကြရ၍ ချေးတပ်စခန်းများသို့ အပို့ ရသည်။

ထို့နောက် တဆက်တည်းပင် ဂျာမန်အလုပ်သမား မှ အစိုးရက ဖွဲ့စည်းမည်ဖြစ်သော 'ဂျာမန် အလုပ်သမားတပ်ဦး ပါဝင်ကြရမည်ဖြစ်ကြောင်း အမိန့်များ ထွက်လာသည်။

ဟစ်တလာအဖို့ ဤမျှလုပ်ဆောင်ရုံမျှဖြင့် မပြီးသေး။ ' လုပ်စရာ' တစ်ပုံကြီး ကျန်သေးသည်။ ကျန်သမျှကိုလည်း မြ သမျှ မြန်အောင် ဆက်လုပ်ပြန်သည်။

မေလ ၁၀-ရက်နေ့တွင် ဂိုးအားရင်း အမိန့်ဖြင့် ဆိုရှယ် ဒီမိုကရက်တစ်ပါတီ ဌာနချုပ် အဆောက်အအုံနှင့် ပါတီ သတင်း တိုက်များကို နာဇီတပ်သားများက သိမ်းပိုက်ကြသည်။ ထို့နော ဇွန်လ ၁၉-ရက်နေ့တွင် ဆိုရှယ်ဒီမိုကရက်တစ် ပါတီအား ' တော်နှင့် ပြည်သူတို့၏ ရန်သူ ဖြစ်သည်' ဟု ဆိုကာ မတရားသ ကြေညာလိုက်သည်။

ကွန်မြူနစ်ပါတီ အဖို့မှာမူ ရိုက်ချိစတက် လွှတ်တော မီးရှို့မှုကြီး ဖြစ်ပွားသည့် အချိန်မှ စ၍ ထင်ထင်ပေါ်ပေါ် မ တော့ဘဲ ပါတီဝင်များမှာလည်း မြေပေါ်တစ်ပိုင်း၊ မြေအော တစ်ပိုင်း ဖြစ်နေကြသည်။

သို့သော် ယခုအချိန်အထိ တရားဥပဒေ ဘောင်အတွင်း ပင် ရပ်တည်ခွင့် ရှိနေသေးသည်ဖြစ်ရာ ကျူပင်ခုတ် ကျူငုတ် မကျန်စေလိုသော ဟစ်တလာသည် မေလ ၂၆-ရက်နေ့တွင် ကွန် မြူနစ်ပါတီပိုင် အဆောက်အအုံနှင့် ပစ္စည်း မှန်သမျှကို သိမ်းယူ ဖြင့် အပြတ်ရှင်းပစ်လိုက်သည်။

ထို့နောက်တစ်ဖန် ဇွန်လ ၂၂-ရက်နေ့တွင် ဘာဗေးရီး ပြည်သူ့ပါတီ ခေါင်းဆောင်များကို ဖမ်းဆီး၍ ပါတီ အဆော အအုံများကို သိမ်းခဲ့ပြန်ရာ အဖမ်းမခံရဘဲ ကျန်ရှိနေသော ပ ခေါင်းဆောင်များက ဇူလိုင်လ ၄ ရက်နေ့တွင် ပါတီဖျက်သိ



ကြောင်း ကြေညာခဲ့သည်။ နောက်တစ်နေ့တွင် အလယ်ဗဟိုပါတီ မှာလည်း မနေသာတော့ဘဲ ပါတီကို အလိုအလျောက် ဖျက်သိမ်း ခဲ့ကြသည်။

နောက်ဆုံး နာဇီပါတီနှင့် ပူးပေါင်း၍ အစိုးရအဖွဲ့တွင် ပါဝင်နေသော အမျိုးသား ဆိုရှယ်လစ်ပါတီကိုပင်လျှင် ချမ်းသာ ပေးဘဲ ဇွန်လ ၂၁ ရက်နေ့တွင် ပါတီ အဆောက်အအုံများကို သိမ်းပိုက်ခဲ့ရာ ထိုပါတီမှာလည်း နောင်တော် နောင်တော် ပါတီ များ သွားရာလမ်းသို့ လိုက်ပါသွားရတော့သည်။

ဤသို့အားဖြင့် 'နိုင်ငံတော်နှင့် ပြည်သူတို့အား ဆင်းရဲဒုက္ခ အားပေါင်းမှ လွတ်မြောက်ရေး အခြေခံဥပဒေကြီးကို အတည်ပြုပြီး သည့် အချိန်မှစ၍ ၄ လ ခန့် အတွင်း နာဇီပါတီမှ တစ်ပါး ကျန် ပါတီအားလုံးမှာ ဆိုင်းဘုတ်များ တဖုတ်ဖုတ် ပြုတ်ကျ၍ 'အနိစ္စ' ရောက်ခဲ့ကြရသည်။

ဟစ်တလာအဖို့ ရှုပ်ရှုပ်ထွေးထွေးမှန်သမျှ အားလုံး အပြတ် ရှင်းရှင်းပြီးခဲ့ပြီဖြစ်ရာ ဘာများလုပ်ဖို့ရာ ကျန်ပါသေးသနည်း။

ကျန်ပါသေးသည်။ တစ်ခုကျန်ပါသေးသည်။ ထိုကျန်ေ သော အလုပ်တစ်ခုကို ဟစ်တလာက ဤသို့ ဆက်လုပ်ခဲ့သည်။

၁၉၃၃ ခု ဇူလိုင်လ ၁၄ ရက် နေ့စွဲဖြင့် ထုတ်ဝေသော အစိုးရပြန်တမ်းတွင် အောက်ပါ အမိန့်ကြော်ငြာစာတစ်ခု ပါလာ သည်ကို တွေ့ကြရသည်။

ထိုအမိန့်စာ၏ မူရင်းမှာ....

အပိုဒ်တစ်။ ။အမျိုးသားဆိုရှယ်လစ်ဂျာမန်အလုပ်သမား ပါတီသည် ဂျာမနီ ပြည်တွင် တစ်ခုတည်း သော တရားဝင်နိုင်ငံရေးပါတီဖြစ်စေရမည်။

အပိုဒ်နှစ်။ ။အခြား နိုင်ငံရေးပါတီ အသင်းအဖွဲ့များကို ဆက်လက် ဖွဲ့စည်း လုပ်ဆောင်နေသူ၊ သို့ မဟုတ် နိုင်ငံရေးပါတီသစ်တစ်ခု ဖွဲ့စည်းရန်

www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်သူမှန်သမျှ မည်သူမဆို အခြားပိုမိုကြီးလေးသော ရာဇဝတ် ပြစ်မှုများဖြစ်ခြင်းနေခြင်း မရှိပါက ထောင်ဒဏ် သုံးနှစ်သော် လည်းကောင်း၊ သို့မဟုတ် ထောင်ဒဏ် သုံးနှစ် အထိသော် လည်းကောင်း အရေးယူ အပြစ်ပေးခြင်း ခံရမည်။

နိုင်ငံတော် ဝန်ကြီးချုပ်
ဟစ်တလာ
နိုင်ငံတော် ပြည်ထဲရေးဝန်ကြီး
ဖရစ်
နိုင်ငံတော် တရားရေးဝန်ကြီး
ဒေါက်တာဂတ္တနာ

စင်စစ် ဤအထက်ပါ အမိန့်ပြန်တမ်းသည် ဂျာမနီပြည်တွင် ကွယ်လွန်အနိစ္စ ရောက်သွားရှာပြီ ဖြစ်သော အရင်းရှင် ပါလီမန်ဒီမိုကရေစီအတွက် 'နာရေးကြော်ငြာ' တစ်ပုဒ်ပင် မဟုတ်ပါလော။



## တော်လှန်ရေး အလိုမရှိ

ဗွန်ပ်၏ ချစ်လှစွာသော ဦးစီးချုပ်

"အမျိုးသား ဆိုရှယ်လစ် လှုပ်ရှားမှုကြီးနှင့် အမျိုးသားဆိုရှယ်လစ် တော်လှန်ရေးတိုက်ပွဲကြီးကို ဆင်နွဲရာ၌ ကျွန်ုပ်အဖို့ ယခုလောက် ထမြောက် အောင်မြင်ခဲ့သည်မှာ ကွန်မြူနစ်များ၏ အကြင်းဖက်မှုများကို နာဇီမုန်တိုင်းတပ်ဖွဲ့များက အဆက်မပြတ် နှိမ်နင်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အကယ်၍ တိုင်းပြည်အား တိုင်းတစ်ပါး ရန်သူများ၏ စော်ကားမှုမှ ထပ်မတော်က ကာကွယ်ပေးခဲ့သည် ဆိုပါက အမျိုးသားဆိုရှယ်လစ် တော်လှန်ရေးကြီး အောင်ပွဲခံနိုင်စေရန် လည်းကောင်း၊ အမျိုးသား ဆိုရှယ်လစ်နိုင်ငံတော် တည်ဆောက်နိုင်ရန်နှင့် တိုင်းသူပြည်သားများ၏ ပြည်တွင်းရေးရာများတွင် စုစည်းခိုင်မာစေရန် လည်းကောင်း စသည်တို့ကို နာဇီမုန်တိုင်းတပ်ဖွဲ့များက တာဝန်ယူခဲ့သည်ဟု ဆိုရပါမည်။

သို့ဖြစ်ရာ အမျိုးသားဆိုရှယ်လစ် တော်လှန်ရေးနှစ်ကြီး ဖြစ်သော ဤနှစ်ကုန်ဆုံးသည့် အခါသမယတွင် အမျိုးသား ဆိုရှယ်လစ် တော်လှန်ရေးကြီးနှင့် ဂျာမန် ပြည်သူများ အတွက် မေ့ပျောက် ဖျောက်ဖျက်၍ မရနိုင်သောက်အောင်

www.burmeseclassic.com

www.burmeseclassic.com


တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုများအတွက် ကျွန်ုပ်
ချစ်လှစွာသော အသင် အားနက်စ်ရှမ်းအား ကျွန်ုပ် ကျေး
မတင်ဘဲ မနေနိုင်ပါ။ သင့်အား အလွန်အကျူး ကျေး
ဥးကာရတာင်ရှိလှသည်ကို အခိုင်အမာ ဖြစ်စေရန် အတွ
သင်ကဲ့သို့သော သူများကို ကျွန်ုပ်၏ မိတ်ဆွေများနှင့်ရဲဘေ
ရဲဘက်များဟူ၍ ခေါ်ဝေါ်ပါရစေ။

မိတ်ဆွေစစ်ပီသစွာနှင့် ကျေးဇူးတင်စွာဖြင့်

သင်၏

ဟစ်တလာ

(ဟစ်တလာ၏ မိန့်ခွန်းများ၊ အတွဲ ၁--စာမျက်နှာ--၂၀၉)

၁၉၃၃ ခုနှစ် ဇီဇင်ဘာလ တစ်ရက်နေ့က နာဇီမုန်တိုင်း
တပ်ဖွဲ့များ၏ ဦးစီးချုပ်အဖြစ် တာဝန် ပေးအပ်ခြင်း ခံခဲ့ရသော
အားနက်စ်ရှမ်းသည် ၁၉၃၄ ခုနှစ် နှစ်သစ်ကူး အခါသမယတွင်
ဝန်ကြီးချုပ် ဟစ်တလာထံမှ အထက်ပါ သဝဏ်လွှာကို လက်ခံ
ရရှိခဲ့သည်။

ဤသို့ အမျိုးသားဆိုရှယ်လစ် တော်လှန်ရေးကြီး ဆင်နွှဲ
တွင် တာဝန်ကျေပွန်လှပါသည် ဟူ၍ ဟစ်တလာထံမှ ကျေးဇူး
တင်ကြောင်း နှစ်သစ်ကူးသဝဏ်လွှာ ရရှိခဲ့သော ရှမ်းသည် နော
၇ လမျှ ကြာသောအခါ တန်ပြန် တော်လှန်ရေးလုပ်ရန် ကြံစည်
သည် ဟူသော စွပ်စွဲချက်ဖြင့် ဟစ်တလာ၏ အမိန့်အရ သေနတ်ဖြင့်
ပစ်သတ်ခြင်း ခံရလေသည်။

ဖြစ်ပုံကား ဤသို့တည်း။

၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလထဲတွင် နာဇီမုန်တိုင်းတပ်
များ၏ တပ်မှူးကြီးရှမ်းက အစိုးရအဖွဲ့သို့ အဆိုတစ်ခု တင်သွင်း
လာသည်။ သူ့အဆိုမှာ အစိုးရစစ်တပ်ကို တိုးချဲ့ရာ၌ နာဇီမုန်တိုင်း
တပ်နှင့် လုံခြုံရေးတပ်သားများကို ဦးစားပေး ခေါ်ယူသင့်သည်။

ထို့အပြင် အစိုးရစစ်တပ်နှင့်တကွ နာဇီမုန်တိုင်းနှင့် လုံခြုံရေး တပ်ဖွဲ့
များ အပါအဝင် စစ်အသွင် ဆောင်နေသော လက်နက်ကိုင်
အဖွဲ့အားလုံးကို ဝန်ကြီးတစ်ဦးတည်း၏ လက်အောက်တွင်သာ
ထားရှိသင့်သည်ဟူသော အဆိုပင်ဖြစ်သည်။ ၎င်းနှင့် တစ်ပါတည်း
ရှမ်းက တင်ပြရာ၌ ထိုဝန်ကြီးအဖြစ် သင့်တော်သူမှာ အခြားသူ
မဟုတ်၊ မိမိပင် ဖြစ်သည်ဟူ၍ သူ့ကိုယ်သူ အဆိုသွင်း၍ သူ့ကိုယ်သူ
ထောက်ခံလိုက်သည်။

သူ့တင်ပြချက်ကို ဟစ်တလာက အစ ပထမတွင် သဘော
ကျခဲ့သည်။ သို့သော် လက်တွေ့လုပ်ဆောင်ရာတွင် ဤပြဿနာမှာ
စစ်တပ်မှ ဗိုလ်ချုပ်ကြီးများ၏ သဘောတူချက် ရယူရန် လိုသဖြင့်
ထိုအဆိုကို ခေတ္တ ဆိုင်းထားစေခဲ့သည်။

သို့သော် ဤအဆိုကို အကြောင်းပြု၍ လက်ရှိ အစိုးရအဖွဲ့
ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးဗွန်ဘလွမ်းဘတ်နှင့်နာဇီမုန်တိုင်း
တပ်မှူးကြီးရှမ်းတို့မှာ တစ်ယောက်နှင့်တစ်ယောက် မခေါ်နိုင်မပြော
နိုင် ဖြစ်သွားကြသည်။ ဗိုလ်ချုပ်ကြီး ဘလွန်းဘတ်က ရှမ်းသည်
မိမိအား ကာကွယ်ရေးဝန်ကြီးအဖြစ်မှ ဖြုတ်ချပြီး မိမိကုလားထိုင်
ကို ဝင်လုလိုသဖြင့် ဤအဆိုကို တင်လာသည်ဟု တစ်ထစ်ချ စွပ်စွဲ
သည်။

တစ်ဖန် ဟစ်တလာ၏ညာလက်ရုံးများဖြစ်ကြသော ဂိုးဘဲလ်
နှင့် ဂိုးအားရင်းတို့ကလည်း ရှမ်းနှင့် သူ၏ နာဇီမုန်တိုင်းတပ်မှူး
များအပေါ် မကျေမနပ် ဖြစ်နေကြသည်။ အဘယ့်ကြောင့်ဆို
သော် ၎င်းတို့လူသိုက်သည် ခေတ်ပညာတတ်များ မဟုတ်ကြဘဲ
လူပေ လူတေများဘဝမှ မိုက်တီမိုက်ကန်း လုပ်လာရင်း နာဇီပါတီ
တွင် ကြီးပွားနေကြခြင်း ဖြစ်သည်ဟု ယူဆထားကြသည်။ ထို့
ပြင် နာဇီမုန်တိုင်း တပ်မှူးများ ဟူသော အရှိန်အဝါဖြင့် နေရာ
တကာတွင် ဇိမ်ခံ မာန်ယစ်နေကြသဖြင့်လည်း ရှမ်းတို့ လူသိုက်ကို
ဂိုဘဲလ်နှင့် ဂိုးအားရင်းတို့က မျက်စိစပါးမွေး စူးကြသည်။

ဤနေရာတွင် ဟစ်တလာသည် အစပထမတွင် ရှမ်း၏တင်ပြ
ချက်ကို ကြောင်းကျိုးဆီလျော်သဖြင့် တစ်ကြောင်း၊ ရှမ်းမှာ နာဇီ

www.burmeseclassic.com

www.burmeseclassic.com



ပါတီထဲတွင် မိမိခေါင်းဆောင်မှု ရစေရန် အစဉ်တစိုက် အားပေ
ထောက်ခံလာခဲ့သူ ကျေးဇူးရှင်ဖြစ်နေသဖြင့် တစ်ကြောင်း ကျေး
အဘောတူခဲ့သည်။ သို့သော် အထက်တွင် ဖော်ပြခဲ့သည့် အတို
အစိုးရစစ်တပ်မှ ဗိုလ်ချုပ်ကြီးများ သဘောပေါက်အောင် အချိန်
ဆွေးနွေးရန်လိုသဖြင့် ထိုကိစ္စကို ခေတ္တဆိုင်းထားခဲ့ခြင်း ဖြစ်သည်

ဤအတောအတွင်း ဟာစ်တလာသည် ရှမ်းအား မဆန့်ကျ
လျှင် မဖြစ်တော့သည့် အခြေအနေမျိုး ရောက်လာရသည်။ (ဝ
ကျေးဇူးရှင်ကို ကျေးမစွပ်လျှင် မဖြစ်သည့်အကြောင်းများ ပေါ်လ
သည်။ ပေါ်လာပုံမှာ ပထမအချက်အားဖြင့် ရှမ်းနှင့် သူ၏နာ
မှန်တိုင်းတပ်ဖွဲ့ ခေါင်းဆောင်များ အလွန်အကျွံ ဇိမ်ခံ၍ မာန်ယ
နေကြသည်ကို ဂိုးလ်နှင့် ဂိုးဘဲလ်အားရင်းတို့မှ တစ်ဆင့် တစ်
မဟုတ် နှစ်ခါမဟုတ် အခါခါ ကြားလာ သိလာရသည်။ ထို့ပြ
ရှမ်းသည် သူ့တင်ပြချက်နှင့် ပတ်သက်၍ ဟာစ်တလာက အခ
ဆွဲထားသည်ကို မကျေမနပ် ဖြစ်လာသဖြင့် ခေါင်းဆောင်ကြ
ဟာစ်တလာကိုပါ သွယ်ဝိုက်၍ ဆန့်ကျင်သော စကားများပြောလ
သည်။

ဒုတိယအချက်မှာ လက်ရှိ သမ္မတကြီး ဘတ်ဇင်ဘတ်
အသက်အရွယ် ကြီးလှပြီဖြစ်သဖြင့် ကျန်းမာရေး တစ်နေ့တခြ
ဆိုးရွားလာကာ နေ့လား ညလား ဖြစ်နေရာ အကယ်၍ ရုတ်တရ
သမ္မတကြီး ကွယ်လွန်သွားပါက နောက်တက်လာမည့် သမ္မတမှ
မိမိမှတစ်ပါး မည်သူမျှ မဖြစ်စေရဟူ၍ ဟာစ်တလာက တစ်ထစ်
သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ သို့သော် ဘင်ဒင်ဘတ်မှာ တစ်ခါ
စစ်သေနာပတိချုပ်ကြီး ဖြစ်ရုံမျှမက ယခုအထိ ဂျာမနီစစ်တပ်ကြ
တစ်ခုလုံးက စစ်ဘုရင်ကြီးအဖြစ် လေးစားကြည်ညိုခြင်း ခံနေရ
ဖြစ်ရာ သူကွယ်လွန်သွား၍ သူ့နေရာတွင် ဆက်ခံရန် ကြံရွယ်ထ
သည့် မိမိမှာလည်း စစ်တပ်၏ ကြည်ညိုမှုကို အစွမ်းကုန်ရအော
ကြိုးစားရမည်ဟု ဟာစ်တလာ နားလည် သဘောပေါက်မိသည်

သို့ဖြစ်ရာ ဤအခြေအနေမျိုးတွင် စစ်တပ်နှင့် အစေးမက
သော နာမည်ပျက် ရှိနေသော ရှမ်းအစိုးရအဖွဲ့တွင် ကာကွယ်ရေ



ဝန်ကြီးရာထူးခန့်ရန် ဟာစ်တလာအဖို့ ကိုယ့်ဒုက္ခကိုယ်ရှာသည်နှင့်သာ
တူနေမည်ဖြစ်သည်။

နောက်ဆုံးတွင် ဟာစ်တလာသည် ရှမ်းနှင့်ပေါင်းလျှင် စစ်
တပ်၏ အငြိုးအဖြင့်ခံရမည်မှာ သေချာသဖြင့် ရှမ်းကို ဆန့်ကျင်ပြီး
စစ်တပ်၏ ကြည်ညိုမှုကို ရယူရန် ဆုံးဖြတ်လိုက်သည်။

စစ်တပ်က ကြည်ညိုမှ သမ္မတရာထူးအတွက် သေချာမည်
မဟုတ်ပါလော။

ဇွန်လ ၄ ရက်နေ့တွင် ဟာစ်တလာသည် ရှမ်းကိုခေါ်၍ တွေ့
ဆုံကာ မိမိကိုဆန့်ကျင်၍ 'တန်ပြန်တော်လှန်ရေး' မလုပ်ရန် သတိ
ပေးသည်။

ထိုနောက် တစ်ရက်နှစ်ရက်အကြာတွင် နာဇီမုန်တိုင်းတပ်ဖွဲ့
အားလုံးနှင့် တပ်သားအားလုံးကို ဩဂုတ်လ ၁ ရက်နေ့အထိ 'ခွင့်
ပေး' လိုက်ကြောင်းဖြင့် အမိန့်ထုတ်ပြန်လိုက်သည်။ ဤ 'ခွင့်' ပေး
ထားစဉ်အတွင်း မုန်တိုင်းတပ်သားများသည် တပ်ဖွဲ့ ယူနီဖောင်း
(ရုပ်ညီ) များ မဝတ်ရ၊ စီတန်းလှည့်လည်ပွဲများတွင် မပါဝင်ရ
ဟူ၍လည်း ညွှန်ကြားလိုက်သည်။

ရှမ်းကလည်း မိမိကျန်းမာရေး မကောင်းဟုဆိုကာ ခွင့်စာ
တင်လိုက်သည်။ ရှမ်းက ခွင့်ယူရာတွင် ရိုးရိုးတန်းတန်း မယူဘဲ
မိမိခွင့်ယူသည်နှင့် ကိစ္စနှင့်ပတ်သက်၍ ကြေညာချက်တစ်စောင် ထုတ်
လိုက်သေးသည်။ ထိုကြေညာချက်ထဲတွင် 'ကျွန်ုပ်တို့နာဇီမုန်တိုင်း
တပ်သားများသည် ခွင့်သွားရာမှ တစ်ခါတည်း ပြန်မလာကြတော့
ဟူ၍ ထင်ကာ ဝမ်းသာသူများ ရှိနေကြပါက ထိုသူများ၏ဝမ်းသာ
ရသည်မှာ ခေတ္တမျှသာ ဖြစ်လိမ့်မည်။ တစ်နေ့တွင် ထိုသူများသည်
၎င်းဝမ်းသာမှုအတွက် ထိုက်သင့်သော အဖြေကိုရကြလိမ့်မည် ဖြစ်
သည်။ ကျွန်ုပ်တို့ မုန်တိုင်းတပ်ဖွဲ့သည် ဂျာမနီပြည်ကြီး၏ ကံကြမ္မာ
ကို ယခု ဖန်တီးနေသလို နောင်တွင်လည်း ဖန်တီးသွားလိမ့်မည်
ဟူ၍ ကြွေးကြော်ခဲ့သည်။

ဤကြွေးကြော်ချက်ကို ရှမ်းက မည်သို့သော အဓိပ္ပာယ်ဖြင့်
ကြွေးကြော်၍ ဟာစ်တလာက မည်သို့သော အဓိပ္ပာယ်ဖြင့် နားလည်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်မသိ၊ ရှမ်းမှာ ခွင့်သွား၍ တစ်လမပြည့်မီ ဇွန်လ ၂၀ ရက်နေ့ နံနက်လင်းအားကြီးအချိန် ရိုင်းဆီးမြို့ ဟင်ဆဲလ်ဗောဒယာဒ်ဟိုတယ်၏ အခန်းတစ်ခုသော အခန်းထဲတွင် အိပ်မောကျနေခိုက် အဖမ်းခံလိုက်ရတော့သည်။

ရှမ်းသည် စတက်ဒယ်လ်ဟိမ်း ထောင်ထဲတွင် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ ဤထောင်မှာ အခြားထောင်မဟုတ်၊ လွန်ခဲ့သော ၁၉၂၃ ခုနှစ် နာဇီပါတီ၏ မအောင်မြင်ခဲ့သော တော်လှန်ရေးကြီးအတွင်း သူအဖမ်းခံခဲ့ရစဉ်က ဤထောင်မှာပင် ကျခံခဲ့ရဖူးသည်။ ယခုသော် သူသည် ထိုမအောင်မြင်သော တော်လှန်ရေးကြီးအတွင်းက ပထမဆုံး သုတ်ခြတင် ပြေးခဲ့သော နာဇီပါတီထဲတွင် မိမိ၏ ကြီးမားလှသည့် ထောက်ခံအားပေးမှုဖြင့် အထွတ်အထိပ်သို့ ရောက်လာသော မိမိအား လွန်ခဲ့သော ၇-လက ပင် ကျေးဇူးတင်ပါသည်ဟူ၍ နှစ်သစ်ကူး သဝဏ်လွှာ ပေးပို့ခဲ့သော ခေါင်းဆောင်ကြီး ဟစ်တလာ၏ လက်ချက်ဖြင့် အသက်ထွက်ခဲ့ရပေပြီ။

ဘုရားပြီးလျှင် ငြမ်းဖျက်ခံရသည်မှာ ဓမ္မတာပင် မဟုတ်ပါလော။

ဤ 'တန်ပြန်တော်လှန်ရေး' ချေမှုန်းသုတ်သင်သည့် ပွဲကြီးတွင် နာဇီမုန်တိုင်း တပ်မှူးကြီး အားနက်ရှမ်း တစ်ဦးတည်းသာ မဟုတ်၊ အခြားသော တပ်မှူးများလည်း 'ဇာတ်တူသားချင်း အစားခံ'ကြရသည်။

ဤအထဲတွင် ဂျာမန် ရိုက်ချ်စတက် လွှတ်တော်ကြီး၏ တိတ်တဆိတ် ဇင်ရောက်မီးရှို့ခဲ့သူ၊ ဘာလင် မုန်တိုင်းတပ်မှူး ကားလ် အားနက်စ်လည်း အပါအဝင် ဖြစ်သည်။ သို့သော် သူသည် ဤကိစ္စတွင် အခြေအနေအဖြစ်မှန်ကို မသိသည်အထိ သိသွားပုံမရ၊ အဘယ့်ကြောင့်ဆိုသော် သူ အဖမ်းမခံရမီ ၂၉-ရက်နေ့ညက တစ်စုံတစ်ခု ထူ ထူ ခြားခြားဖြစ်စရာရှိသည်ဟူ၍ သတင်းကြားသဖြင့် ဘာလင်မြို့ရှိ မုန်တိုင်း တပ်သားများကို သတိဝီရိယ ရှိနေကြရန် တပ်လှန့်ထားလိုက်သေးသည်။ သူ့ စိတ် ထဲ တွင်



ဘာလာဟာသ သ တင်း အ မျိုး မျိုး ကြား နေ ရ သည့် အ ထဲ က သက်ယာတစ်ယူသန်သမားများက ခေါင်းဆောင်ကြီး ဟစ်တလာ ကို လုပ်ကြံကာ တန်ပြန်တော်လှန်ရေး ဆင်နွှဲကြလိမ့်မည်'ဟူ၍ပင် ထင်နေခဲ့သည်။ သို့ဖြစ်ရာ နောက်တစ်နေ့ နံနက်လင်းအားကြီးတွင် သူ့အား လာရောက်ဖမ်းကြရာ၌ ဘယ်သူတွေက ဘယ်သူ့အမိန့်နှင့် ဖမ်းသည်ကိုပင် မသိဘဲ ဖြစ်နေသည်။ နောက်ဆုံး သူ့ကို သေနတ်နှင့် ပစ်သတ်သည်အထိ ဘယ်သူ့လက်ချက်ဖြင့် အသတ်ခံရသည်ကို မသိသေးဘဲ သေခါနီး၌ 'ဟေး ဟစ်တလာ'ဟူ၍ပင် ကြွေးကြော်ခဲ့သေးသည်။

သို့ဖြစ်ရာ စင်စစ်အားဖြင့် ရှမ်းနှင့် အ ပေါင်း ပါ တို့ ကို တန်ပြန်တော်လှန်ရေးလုပ်ရန် ကြံစည်သည် ဟူသော စွပ်စွဲချက်မှာ လုံလုံလှသည့် မဟုတ်။ သို့သော် ထိုသို့ ကြံစည်ခြင်း မရှိဟူ၍ အခိုင်အမာ ဖြင့်းဆိုရန်မှာလည်း မလွယ်ကူ။ ဤကိစ္စတွင် တကယ့်ဖြစ်ရပ်များအရ ဆိုလျှင် ရှမ်းကိုယ်တိုင်က 'တန်ပြန်တော်လှန်ရေးဆင်နွှဲမည်' တကယ် ကြံစည်ခဲ့၍သော်လည်းကောင်း၊ ဂိုးဘဲလ်နှင့် ဂိုးအရင်းတို့က ဒဂျာက်တွန်းခဲ့၍ သော်လည်းကောင်း၊ သို့မဟုတ် ဟစ်တလာ ကိုယ်တိုင်က သူ သမ္မတဖြစ်ရေးအတွက် ခလုတ်ဆန်သင်းများကို ရှင်းပစ်လို၍ သော်လည်းကောင်း၊ တစ်ခုခုကြောင့်ပင် ဖြစ်စရာရှိသည်။ သို့တည်းမဟုတ် ဤ သုံးခုစလုံးကြောင့်လည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ဤ သုတ်သင်ရှင်းလင်းပွဲကြီးနှင့် စပ်လျဉ်း၍ ဟစ်တလာက လူပေါင်း ၇၆-ဦး သေဆုံးခဲ့သည်ဟု ပါလီမန်တွင် ထုတ်ဖော်ခိုင်ခံခဲ့သည်။ သို့သော် ပြင်သစ်ပြည် ပဲရစ်မြို့ထုတ် 'စာအုပ်ဖြူ'တွင် ဖော်ပြချက်အရဆိုလျှင် လူပေါင်း ၄၀၁-ယောက် အသတ်ခံခဲ့ကြရ၍ ၎င်းတို့အနက် လူပေါင်း ၁၁၆-ယောက်တို့ကို နာမည်နာမတွေ ဖော်ပြထားသည်ကို တွေ့ရသည်။

ဟစ်တလာသည် သူ အ ရှိန် အ ဝါ ကြီး မား ရေးအတွက် ဆိုလျှင်၊ ဇာတ်တူသားကိုပင် စားခဲ့သည် တကား။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ရှေ့နောက်ဝဲယာ အတွင်းရန်ရော၊ အပြင်ရန် ခုတ်ထွင်သုတ်သင် ရှင်းလင်းခဲ့ပြီး၍ စစ်တပ်၏ ယုံကြည်ကိုးစား ခံယူရရှိပြီးသည့်နောက် ဩဂုတ်လ ၂-ရက်နေ့ နံနက်ခင်း၌ သမ္မ ကြီး ဟင်ဒင်ဘတ် ကွယ်လွန် အနိစ္စရောက်သော အခါ သမယ ကား 'ဟစ်တလာအဖို့ အစစအရာရာ ချောမောလွယ်ကူစွာ ဖြစ် ခဲ့လေသည်။

ထို့ကြောင့်ပင် မဟုတ်ပါလော၊ သမ္မတကြီး ဟင်ဒင်ဘ ကွယ်လွန်ပြီးသည့်နောက် တစ်နာရီအတွင်းမှာပင် 'လက်ရှိ ဝန် ချုပ် ဟစ်တလာသည် ကွယ်လွန်သူ သမ္မတကြီး၏ အရိုက်အရာ ဆက်ခံရုံမျှမက ဂျာမန်လက်နက်ကိုင် တပ်ပေါင်းစု၏ စစ်သေ ပတိချုပ်ကြီး ရာထူးကိုပါ ခံယူကာ၊ နိုင်ငံတော်၏ အထွတ်အ အဖြစ်သို့ ရောက်ရှိပြီဖြစ်ကြောင်း' ကြေညာချက် ထွက်ပေါ် ခဲ့သည်။

ထိုနေ့ ထိုရက်မှာပင် ဂျာမနီ နိုင်ငံတော်၏ အထွတ်အ စစ်သေနာပတိချုပ် သမ္မတကြီး ဟစ်တလာသည် ဂျာမန်လက်န ကိုင် တပ်ပေါင်းစု၏ ကတိသစ္စာခံယူသည့်အခမ်းအနားကို ခန့်ည ထည်ဝါစွာ ကျင်းပတော်မူလေသတည်း။

ဤကတိသစ္စာခံယူပွဲတွင် ဂျာမန် စစ်သားများသည် ယ ယခင် အစဉ်အဆက်က ပေးအပ်ခဲ့ကြသည့်ကတိသစ္စာမျိုးမဟုတ် ယခုအခါ တစ်မျိုးတစ်ဖုံ ထူးခြားစွာ ကတိသစ္စာ ဆိုခဲ့ကြရသည် ဂျာမန်တိုင်းသူပြည်သားများမှာလည်း ယခင့်ယခင် အစဉ်အဆ က မကြားဖူးသော ကတိသစ္စာစကားမျိုးကို ယခုအခါ ထူးဆ စွာ ကြားနာကြရသည်။

"ကျွန်ုပ်သည် ဘုရားသခင်ကို တိုင်တည်၍ မြင့်မြတ်
သော ဤကတိသစ္စာကို ပေးအပ်ပါ၏။
ကျွန်ုပ်သည် ဂျာမန်နိုင်ငံတော်နှင့် ပြည်သူတို့၏ ခေါ်
ဆောင်ကြီး၊ လက်နက်ကိုင် တပ်ပေါင်းစုတို့၏ သေနာပ


www.burmeseclassic.com

ကြီး အဒေါ့ဖ်ဟစ်တလာ၏ အမိန့်ကို ခြွင်းချက်မရှိ၊ အတိ
အကျ၊ လုံးဝဥဿုံ အလုံးစုံ နာခံပါမည်။
ကျွန်ုပ်သည် ဤကတိသစ္စာကို ရဲရင့်စွာ၊ အခါမရွေး
အသက်ပေး၍ စောင့်ထိန်း လိုက်နာပါမည်"

ဤကား ယခင့်ယခင် အစဉ်အဆက်က အခြေခံ ဖွဲ့စည်း အုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေကြီးကို သော်လည်းကောင်း၊ အမ နိုင်ငံတော်ကို သော်လည်းကောင်း၊ အသက်ပေး၍ ကာကွယ် စောင့်ရှောက်ပါမည်ဟူသော ကတိသစ္စာကို ဆိုကြစမြဲ ရှိခဲ့ရာမှ ယခုအခါ ခေါင်းဆောင်ကြီး ဟစ်တလာတည်းဟူသော လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်တည်းကိုသာ ရည်ညွှန်းပေးအပ်ခဲ့ကြရသော ကတိသစ္စာ အသစ်အဆန်းပေတည်း။

ဤသို့အားဖြင့် ဟစ်တလာသည် ဂျာမန် နိုင်ငံတော်ကြီး၏ တစ်ဦးတည်းသော အာဏာရှင်ကြီး ဖြစ်လာခဲ့ပေပြီ။

မိမိအာဏာ ရရေးနှင့် မိမိပါတီ အာဏာ ရရေး အတွက် ဟစ်တလာ လုပ်ဆောင်ခဲ့သော 'ကျွန်ုပ်၏ ကြိုးပမ်းမှု' ကြီးကား ဤတွင် ဆုံးခန်းတိုင်ခဲ့ပေပြီ။ မိမိ၏ရည်မှန်းချက်ပန်းတိုင်သို့ မရောက် မချင်း ချီတက် ဆင်နွှဲခဲ့ရသော တော်လှန်ရေးကြီးကား ဤတွင် ပြီးဆုံးခဲ့လေပြီ။

မှန်ပေသည်။ တော်လှန်ရေးကြီး အောင်ခဲ့ပြီ၊ ပြီးဆုံးခဲ့ပြီ။ မိမိကိုယ်တိုင် နိုင်ငံတော်၏ အထွတ်အထိပ်အဖြစ် ရောက်ရှိခဲ့ပြီး နောက်ထပ် ဘာများ တော်လှန်စရာ ကျန်ပါသေးသနည်း။ မကျန် တော့ပါ။ မရှိတော့ပါ။ ဤတော်လှန်ရေးကြီး အောင်မြင်ပြီးဆုံး ခဲ့ပြီဖြစ်၍ နောက်ထပ် တော်လှန်ရေးတစ်ရပ် ထပ်မံဆင်နွှဲရန် မလို တော့ပါ။ မရှိတော့ပါ။

သို့ဖြစ်လေ၍ စက်တင်ဘာလ ၅ ရက်နေ့ နျူရင်ဘတ်မြို့၌ ကျင်းပ သော နာဇီပါတီ လူထုစည်းဝေးပွဲကြီးတွင် ခေါင်းဆောင်ကြီး ဟစ်တလာသည် အောက်ပါအတိုင်း အတိအလင်း ကြေညာလိုက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကမ္ဘာကြီးမှာ အမြဲစစ်ဖြစ်နေလို့ မရသလို လူတွေမှာလဲ အမြဲ တော်လှန်ရေး လုပ်နေလို့ မဖြစ်ဘူး။ ဂျာမနီပြည်မှာဆိုရင် တော်လှန်ရေးဟာ အင်မတန် ဖြစ်ခဲ့တယ်။ ၁၉ ရာစုနှစ်ရဲ့ တုန်လှုပ် ချောက်ချားစရာကောင်းတဲ့ ခေတ်မှာ တော်လှန်ရေးဟာ ကျုပ်တို့အတွက် နိဂုံး ချုပ်ခဲ့ပြီ။ နောက် နှစ်ပေါင်း တစ်ထောင်အတွင်း ဂျာမနီပြည်မှာ နောက်ထပ် တော်လှန်ရေးလုပ်စရာ မရှိတော့ဘူး"

(ဟစ်တလာ၏မိန့်ခွန်းများ အတွဲ ၁၊ စာမျက်နှာ-၃၂၈)



## ခေါင်းထောင်လာသော နာဇီဖုတ်ကောင်ကြီး

စင်စစ်အားဖြင့် လူတစ်ယောက်၏ အတ္ထုပ္ပတ္တိ အကြောင်းခြင်းရာများသည် သူနှင့် သူ၏ပတ်ဝန်းကျင် ဖြစ်ရပ်များ အပြန်အလှန် ဆက်စပ်မှုများမှ ပေါက်ဖွားလာခြင်းပင် ဖြစ်သည်။

သာမန်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ဘဝအတ္ထုပ္ပတ္တိသည် ထိုသာမန်ပုဂ္ဂိုလ်နှင့် သူ၏ သာမန်ပတ်ဝန်းကျင်တို့ အပြန်အလှန် ဆက်သွယ်မှုများအကြောင်းပင် ဖြစ်သည်။ တိုင်းပြည်ခေါင်းဆောင် ...ခေါင်းဆောင် တစ်ယောက်၏ အတ္ထုပ္ပတ္တိသည် ထိုတိုင်းပြည် ခေါင်းဆောင်၊ ထိုကမ္ဘာ့ ခေါင်းဆောင်ကြီးနှင့် ထိုတိုင်းပြည်၊ ထိုကမ္ဘာကြီး၏ ဖြစ်ပေါ်ပြောင်းလဲမှု ဂယက်များမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ဟစ်တလာအား ဂျာမနီပြည်၏ အထွတ်အထိပ် ...ဝသို့ ရောက်စေရန် ဂျာမနီပြည်၏ နိုင်ငံရေး လှုပ်ရှားမှုများက ...ဆောင်ပေးအပ်ခဲ့ခြင်းပင် ဖြစ်သည်။

ယခုတစ်ဖန် ဂျာမနီပြည်၏ နိုင်ငံရေး ဇာတ်ခုံပေါ်တွင် အောင်မြင်စွာ ကပြ အသုံးတော်ခံခဲ့သော ဟစ်တလာအား ကမ္ဘာ့ ...ချုပ်များ က ဖန်တီးလာပြန်ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ဟစ်တလာအား ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ် ရောက်စေသည့် အကြောင်းရင်းခံများမှာ မူလကတည်းက ပေါက် တည်ရှိနေခဲ့ပြီး ဖြစ်သည်။

၎င်းအချက်ကို ပိုမို ရှင်းလင်းနက်စေရန်မှာ ထိုစဉ်က ဥရော တိုက်၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ပြန်ကြည့်ရန် လိုသည်။

ပထမ ကမ္ဘာစစ်ကြီးတွင် အကြီးဆုံးသော ကမ္ဘာ့ပြောင်းလဲ မှု ဖြစ်ရပ်ကြီးသည်ကား ကမ္ဘာ့မြေပြင်၏ ၆ပုံ ၁ပုံမျှသော ရုရှား ပြည်ကြီးသည် အလုပ်သမား လူတန်းစား ခေါင်းဆောင်သော ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့ ပင် ဖြစ်သည်။

၎င်းပြောင်းလဲမှုကြီးသည် ကမ္ဘာ့အရင်းရှင်စနစ်ကြီး အား သဖြင့် ဥရောပ အရင်းရှင်စနစ်ကြီးကို အောက်ခြေမှ ကိုင်လှုပ် သည့်အလား တုန်လှုပ် ချောက်ချားသွားခဲ့သည်ဖြစ်ရာ အရင်းရှင် နိုင်ငံများသည် ကမ္ဘာပေါ်တွင် ပထမဆုံး ဆိုရှယ်လစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာသော ဆိုဗီယက်နိုင်ငံတော်အား အဘက်ဘက်မှ ဝိုင်းဝန်း တိုက်ခိုက် ဖြိုလှဲကြသည်။

သို့သော် ကမ္ဘာ့သမိုင်း၏လမ်းကြောင်းသည် ပြောင်းလဲ မရနိုင်စကောင်းသည်ဖြစ်ရာ အရင်းရှင်နိုင်ငံများ၏ ကြိုးပမ်းမှု အချိန်ပြင်းစွာဖြင့် လည်ပတ်နေသော ရာဇဝင်ဘီးကို နောက်ပြန် ပြန်ဆွဲသည့်ပမာ အရာမရောက် ထင်တိုင်းမပေါက် ဖြစ်ခဲ့ကြ သည်။

ထိုသို့ အရာမရောက် ထင်တိုင်းမပေါက် ဖြစ်ခဲ့ကြရုံမျှ အရင်းရှင်နိုင်ငံများသည် အရင်းရှင်စနစ်၏ ရှောင်လွှဲ၍ မရသော အတွင်းပဋိပက္ခများအရ ဆိုဗီယက်ယူနီယံကို ဝိုင်းဝန်းတိုက်ခိုက် သည့်ကြားမှ မိမိတို့ တိုင်းပြည်တွင်းရှိ သန်းပေါင်းများစွာသော အလုပ်သမားနှင့် လုပ်သားပြည်သူများ၏ အုံကြွတော်လှန်မှုများကို အဖက်ဖက်မှ ရင်ဆိုင်နေကြရသည်။

အထူးသဖြင့် ဥရောပတိုက်တွင် စက်မှုလုပ်ငန်း အထွန်း အတိုးတက်ဆုံးဖြစ်သော ဂျာမနီပြည်ကြီးတွင် အလုပ်သမားများ၏



အုံကြွလှုပ်ရှားမှုမှာ တစ်နေ့တခြား ကြီးမား လာ သည် ဖြစ် ရာ အင်္ဂလိပ်၊ ပြင်သစ်၊ ဘယ်လ်ဂျီယန် စသော ဥရောပအရင်းရှင်နိုင်ငံ များသည် ပို၍စိုးရိမ်လာကြသည်။ အကယ်၍သာ ဂျာမနီပြည်ကြီး တွင် အလုပ်သမားခေါင်းဆောင်များ(ဝါ) ကွန်မြူနစ်များသာ အာဏာရရှိသွားပါက ဆိုဗီယက်ယူနီယံနှင့် တဆက်တည်း တစပ် တည်းဖြစ်ကာ ဥရောပတိုက်ရှိ တိုင်းပြည်အားလုံး ကွန် မြူ နစ် အစိုးရများ ဖြစ်လာကြမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေ သည်။

၎င်းသည်ကိုအကြောင်းပြု၍ ဂျာမန်အရင်းရှင်ကြီးများအပါ အဝင် ဥရောပ အရင်းရှင်ကြီးများအားလုံးသည် ဂျာမနီပြည်ကြီး တွင် ကွန်မြူနစ်များလက်ထဲသို့ အာဏာ ရောက်မသွားရေးကို အစွမ်းကုန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သူတို့သည် ဂျာမနီပြည်တွင် ကွန်မြူနစ်များနှင့် ဆန့်ကျင်ဘက်အဖြစ်ဆုံးပါတီကို အဖက်ဖက်မှ အားပေးကြသည်။ ကွန်မြူနစ်များကို ရက်ရက်စက်စက် နှိမ်နင်း ပစ်မည့် ပုဂ္ဂိုလ်တစ်ယောက်ကို အစွမ်းကုန် ကူညီခဲ့ကြသည်။

ထိုပါတီမှာ နာဇီပါတီဖြစ်၍ ထိုပုဂ္ဂိုလ်မှာ ဟစ်တလာပင် ဖြစ်သည်။ ၎င်းကား နာဇီပါတီနှင့် ဟစ်တလာတို့ ဂျာမနီပြည်တွင် တစ်နေ့တခြား အင်အားကြီးမားကာ နောက်ဆုံး တိုင်းပြည် အာဏာ လက်ဝယ်ရလာသည်အထိ ဖြစ်လာပုံကို ကမ္ဘာ့နိုင်ငံရေး ရှုထောင့်မှ အဖြစ်မှန်အတိုင်း သုံးသပ်ရှုမြင်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဂျာမနီပြည်တွင် ဟစ်တလာ အာဏာရလာသည့် အကြောင်းရင်းများတွင် ကမ္ဘာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု များသည် အဓိက အကြောင်းတစ်ရပ်ဖြစ်သည်မှာ ထင်ရှားသည်။

သို့သော် လက်တွေ့တွင်မူ ဟစ်တလာကို နောက်ပိုင်းမှ အစွမ်းကုန် ကူညီအားပေးခဲ့ကြသော ဂျာမန် အရင်းရှင်ကြီးများ အပါအဝင် ဥရောပအရင်းရှင်ကြီးများမှာ သေနတ်ပုဂံ ဗိုလ်ကို အာဏာသိမ်းမိသော အောက်လမ်း ဆရာကဲ့သို့ နောက်ဆုံးတစ်နေ့ တွင် မိမိ အသက်သွင်းခဲ့သော သေနတ်ပုဂံ ဗိုလ်ကြီးက မိမိ

www.burmeseclassic.com

www.burmeseclassic.com



အား ပြန်၍ ကုပ်ချီးသည့် အဖြစ်မျိုးနှင့် ရင်ဆိုင်တိုးကြရတော့သည်။

ဤသည်တို့ ဂျာမနီပြည်တွင် ဟစ်တလာ အထွတ်အထိပ်ရောက်ခဲ့သည့် ၁၉၃၄-ခုနှစ်နှင့် ၁၉၃၉-ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်ရပ်များ၏ စဏ်ားဥပမာ တင်စားစရာပင်တည်း။

စင်စစ်အားဖြင့် ဟစ်တလာသည် အမျိုးသားရေး စိတ်ဓာတ် ပြင်းထန်သူဖြစ်သည်။ သူသည် ဂျာမန် အမျိုးသားများနှင့် ဂျာမနီပြည်ကြီး၏ မြင့်မြတ် ကြီး ကျယ် သော အစဉ်အလာကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းမည် ဟူသော စိတ်ဓာတ် အမြဲ ကိန်းအောင်းနေသူဖြစ်သည်။ ထိုသို့ ပြန်လည် ဖော်ထုတ်နိုင်ရန်မှာလည်း ဂျာမန် အမျိုးသားများနှင့် ဂျာမနီပြည်ကြီးအား တိုင်းတစ်ပါးမှ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးအားဖြင့် ဖိုခွဲထိန်းချုပ်ထားသည်ကို အရှေ့နှင့် အမြန် ဖယ်ရှား တွန်းလှန်ပစ်ရမည်ဟု ယူဆသည်။ အထူးသဖြင့် ပထမကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် စစ်ရှုံးသည့် ဂျာမနီပြည်အား အနောက်နိုင်ငံကြီးများက ဗာဆိုင်း စာချုပ်ဖြင့် ထိန်းသိမ်း ချုပ်ကိုင်ထားခဲ့ကြရာ ဟစ်တလာသည် အဆိုပါ ဗာဆိုင်းစာချုပ် ဖယ်ရှားပစ်ရန် အမြဲ ကြံစည်နေခဲ့သည်။

ဗာဆိုင်းစာချုပ်ကို ပထမ ကမ္ဘာစစ်ကြီးအပြီး ၁၉၁၉-ခုနှစ် ဂျွန်လ ၂၈-ရက်နေ့ တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်အရ ဂျာမနီပြည်ကြီးသည် မိမိပိုင် နယ်မြေများထဲမှ အချို့ကို ပြင်သစ်သို့ လည်းကောင်း၊ ဘယ်လ်ဂျီယံသို့ လည်းကောင်း၊ ပိုလန်သို့လည်းကောင်း၊ လစ်သူနီးယားသို့လည်းကောင်း၊ ဒိန်းမတ်သို့လည်းကောင်း၊ ခွဲဝေပေးခဲ့ရသည်။ ထို့ပြင် ရိုင်းလင်းပြည်နယ်ကို စစ်နိုင်သော တိုင်းပြည်များက ၁၅-နှစ် အုပ်ချုပ်ထားရန်နှင့် ဆားနယ်ကို နိုင်ငံတကာအုပ်ချုပ်မှုအောက်တွင်ထားရှိရန် သတ်မှတ်ခဲ့သည်။ ထိုသို့ နိုင်ငံရေးအရ တိုင်းပြည် အစိတ်စိတ်အမြွာမြွာကွဲခဲ့သည့်ပြင် စစ်ရေး စစ်ရာအရလည်း လက်နက်ကိုင် စစ်သားဦးရေ တစ်သိန်းထက် ပို၍မထားရ၊ စစ်သင်္ဘော ၆-စင်းသာထားရမည်။ ခြား လေယာဉ်တင်သင်္ဘော၊ ရေငုပ်သင်္ဘော၊ စစ်လေယာဉ်သည်တို့ကို မတည်ဆောက်ရ၊ မထားရှိရဟူသော ကန့်သတ်ချုပ်ချယ်မှုများ ပါရှိခဲ့သည်။

ထိုသို့ဖြစ်ရာ ဟစ်တလာအဖို့ ဂျာမန်အမျိုးသားများနှင့် ဂျာမနီပြည်ကြီး၏ တန်ခိုးအာဏာ ကြီးမားလာရေးအတွက် အဆိုပါ ဗာဆိုင်းစာချုပ်ကို ရှေးဦးစွာ ဆုတ်ဖြဲပစ်ရမည်ဟူ၍ တစ်ထစ်ချ ယူဆခဲ့သည်။

ဤယူဆချက်အရ ဟစ်တလာသည် အင်္ဂလိပ်နှင့် ပြင်သစ် အစိုးရတို့အား နိုင်ငံတကာ အုပ်ချုပ်မှုအောက်တွင် ထားရှိနေရသော ဆားနယ်နှင့် ဂျာမနီပြည် ပြန်လည် ပူးပေါင်းခွင့်ကို တောင်းဆိုရယူခဲ့သည်။

၁၉၃၅-ခုနှစ်၊ ဇန်နဝါရီလတွင် ဆားနယ်မှ ပြည်သူတို့၏ဆန္ဒယူပွဲကျင်းပခဲ့ရာ ၉၀-ရာခိုင်နှုန်းက ဂျာမနီပြည်နှင့် ပြန်လည်ပူးပေါင်းရန် မဲဆန္ဒပေးခဲ့ကြသည်။

ဤသို့အားဖြင့် ဟစ်တလာသည် ဗာဆိုင်းစာချုပ်ကို ပျက်ပြားအောင် ပထမဆုံး စတင်ဖျက်ခဲ့သည်။

မိမိတို့အသက်သွင်းပေးခဲ့၍ ကြောက်မက်ဖွယ်ရာ ခေါင်းထဲမှ ထွက်လာသော သွေးစုပ်ဖုတ်ကောင်ကြီးသည် မကြာမီ မိမိတို့အား ပြန်၍ အန္တရာယ်ပြုတော့မည်ကို အရင်းရှင်နိုင်ငံကြီးများက တစ်စတစ်စ ရိပ်မိလာကြသည်။

ဟစ်တလာ၏ အန္တရာယ်ကို ပထမဆုံး စတင်သိမြင်ခဲ့သော အရင်းရှင်နိုင်ငံမှာ ဗြိတိန်နိုင်ငံပင် ဖြစ်သည်။

၁၉၃၅ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ဗြိတိန်နှင့် ပြင်သစ် အစိုးရတို့က ဟစ်တလာအား လက်ရှိလိုကာနိုစာချုပ်ကို တိုးချဲ့ချုပ်ဆိုကြရန် စကားကမ်းလှမ်းခဲ့သည်။

လိုကာနိုစာချုပ်မှာ ၁၉၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် အီတလီတို့ ပါဝင်ချုပ်ဆိုကြသော မကျူးကျော်ရေး စာချုပ်ပင် ဖြစ်သည်။ ထိုစာချုပ်တွင် ပါဝင်နေသော နိုင်ငံများမှာ ဥရောပ အနောက်ပိုင်းနိုင်ငံများသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေရာ ဥရောပအရှေ့ပိုင်းနှင့် ဥရောပအလယ်ပိုင်းမှ ရပ်ရွာ ပိုလန်၊ ချက်ကိုစလိုဗားကီး ယား စသော နိုင်ငံများပါ ထ ပါဝင်တိုးချဲ့ ချုပ်ဆိုရန် ဖြစ်သည်။

ဟစ်တလာသည် မူလကပင် ဗာဆိုင်း စာချုပ်ပါ အချ များကို တစ်နည်းနည်းဖြင့် ဖျက်ဆီးပစ်ရန် ကြံစည်နေသည်ဖြစ် နောက်ထပ် မိမိတို့အပေါ် ချုပ်ကိုင်လာမည့် စာချုပ်တစ်ခု ထ ချုပ်ဆိုရန် လုံးဝ စဉ်းစားမရအောင် ဖြစ်နေသည်။ သို့သော် တို ကြီး ဖြည့်ကြီးတို့၏ ထုံးစံအရ လိုကာနို စာချုပ်တိုးချဲ့ ချုပ်ဆိုရေး ချက်ချင်း အဖြေမပေးခဲ့သေးဘဲ 'ရာဇပရိယာယ်' သုံး၍ ဤကိ ဆွေးနွေးရန် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဆာဂျွန်ဆိုင်မွန်ကို ဘာလင်သို့ ဖိတ်ခေါ်လိုက်လေးသည်။

ဆာဂျွန်ဆိုင်မွန်သည် ဟစ်တလာ၏ ဖိတ်ကြားချက် အ မတ်လ ၇ ရက်နေ့တွင် ဘာလင်သို့ သွားရန်ရှိသော်လည်း မသွ ဖြစ်ခဲ့ချေ။ အဘယ့်ကြောင့် ဆိုသော် မတ်လ ၄ ရက် နေ့မှာ ဗြိတိသျှအစိုးရက စစ်အင်အား တိုးချဲ့ရန် ဆုံးဖြတ်သည့် ကြေညာ ချက် ထုတ်ပြန်ခဲ့သောကြောင့် ဖြစ်သည်။

ဗြိတိသျှ အစိုးရ၏ အဆိုပါကြေညာချက်တွင် 'ဂျာမနီနို သည် ဗာဆိုင်းစာချုပ် အခန်း ၄ ပါ ကန့်သတ်ချက်များကို ဖော ဖျက်ကာ စစ်အင်အားများကို အကြီးအကျယ် တိုးချဲ့ဖြည့်တင်း သောကြောင့်' မိမိတို့ကလည်း မနေသာတော့ဘဲ စစ်အင်အာ တိုးချဲ့ရန် ဆုံးဖြတ်လိုက်ရခြင်းဖြစ်သည်ဟူ၍ ဖော်ပြပါရှိသည်။

ဗြိတိသျှအစိုးရ၏ကြေညာချက်မှ အထက် ဖော်ပြပါ အကြေ ပြချက်မှာ မှန်ကန်နေသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြေ ဆိုသော် မတ်လ ၉ ရက် နေ့တွင် ဂျာမန် အစိုးရက မိမိတို့သ ဂျာမန်လေတပ်မတော် တည်ထောင်ပြီး ဖြစ်ကြောင်း နိုင်ငံခြ အစိုးရများအား တရားဝင် အကြောင်းကြားလိုက်သောကြေ ဖြစ်သည်။

ထိုမှ မတ်လ ၆-ရက်နေ့တွင်မူ နောက်တစ်ဆင့်တက် မိမိတို့ ဂျာမန်အစိုးရသည် စစ်ပညာ မသင်မနေရ ဥပဒေ



သည်အတည်ပြု၍ ဂျာမန်စစ်တပ်ကိုလည်း စစ်သားပေါင်း ၅- း ၅–သောင်း အပါအဝင် တပ်မကြီးပေါင်း ၃၆-ခုအထိ ချဲ့ဖွဲ့စည်းရန် ကြံရွယ်ထားကြောင်း၊ ကမ္ဘာသို့ အတိအလင်း ကြေညာလိုက်တော့သည်။

ထိုသို့ အင်အား ကြီးမားသော ဂျာမန် တပ်မတော်ကြီး တည်ထောင်ရန် ကြေညာရာ၌ ဟစ်တလာသည် ဂျာမနီကြောင့် နိုင်က စစ်အင်အား တိုးချဲ့ရပါသည်ဟူ၍ အကြောင်းပြသကဲ့သို့ တို့ ဂျာမနီကလည်း ပြင်သစ်ကြောင့် စစ်တပ်အင်အားကို တိုးချဲ့ သည်ဟု အကြောင်းပြခဲ့သည်။ အဘယ့် ကြောင့် ဆို သော် မန်အစိုးရက စစ်သားဦးရေ ၅-သိန်း ၅–သောင်းအထိ တိုးချဲ့ ဟူသော ကြေညာချက်ထွက်ပေါ်မလာမီ ၄-ရက်ခန့်က ပြင်သစ် ရသည့် အရွယ်ရောက်သူတိုင်း၏ စစ်မှုထမ်းရန် သက်တမ်းကို ဆ တိုးလိုက်သည့်ပြင် စစ်ထဲသို့ ဝင်နိုင်သည့် အသက်အရွယ်ကို း လျှော့ချလိုက်ခဲ့သောကြောင့် ဖြစ်သည်။

"ဂျာမနီသည် မိမိတစ်နိုင်ငံတည်း လက်နက် လျှော့ပေါ့ ရေးကို လုပ်ဆောင်ခဲ့ရ၏။ ယခုအခါတွင်မူ အခြား အင်အားကြီး နိုင်ငံများသည် လက်နက် လျှော့ပေါ့ရေးကို ပြုလုပ်ရန် ဝေးစွ၊ သူတို့၏ စစ်မက် အင်အားများကိုပင် တဖြည်းဖြည်းယ်တမ်း စတင် တိုးချဲ့နေကြလေပြီ။ သို့ဖြစ်ရာ ဂျာမနီ သည် သူတို့လုပ်သလို လိုက်လုပ်ရန်မှတစ်ပါး အခြားလမ်း ဟူ၍ ရွေးစရာ မရှိတော့ပေ။

(ဟစ်တလာ၏ ကြေညာစာတမ်းမှ၊ မတ်လ ၁၆၊ ၁၉၃၅-ခု)

ဤသို့ ဂျာမနီ၏ စစ်အင်အားကို တိုးချဲ့တော့မည်ဟူသော ကြေညာချက်သည် အရှင်းရှင် အနောက်နိုင်ငံများအတွင်း အကြီး အကျယ် ဂယက်ရိုက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ပြင်သစ်အစိုးရက ဤကိစ္စအတွက် ဂျာမနီကို အရေးယူ… ကမ္ဘာ့နိုင်ငံပေါင်းချုပ် အဖွဲ့ကြီး၏ အထူးကောင်စီ အစည်းအဝေး… တစ်ရပ် အမြန်ဆုံး ဆင့်ခေါ်ဖို့ ပန်ကြားလိုက်သည်။

ဗြိတိန်ကမူ ဟစ်တလာအားကွန်ဖြူရရကန့်ကွက်စာ တစ်ဖ… မှလည်း ဗြိတိသျှ နိုင်ငံခြားရေး ဝန်ကြီး ဘာလင်သို့ လာ… ဆွေးနွေးရန်ကိစ္စကို ဆက်လက် အကောင်အထည်ဖော်လျက်ရှိ… ခဲ့သည်။

သို့သော် ဆာဂျွန်ဆိုင်မွန်နှင့် အင်သော်နီအီဒင်တို့ ဘာလ… သို့ ရောက်လာ၍ ဟစ်တလာနှင့် တွေ့ဆုံ ဆွေးနွေးကြသောအ… ဟစ်တလာက မိမိတို့ ဂျာမန်တပ်မတော်၏ စစ်အင်အားကို တိုး… ရခြင်းမှာ အဓိကအားဖြင့် ဥရောပတိုက်ကို ကွန်မြူနစ် တော်… ရှိဗစ်များ၏ ရန်မှ ကာကွယ်ရန်သာ ဖြစ်ကြောင်းဖြင့် အနူးအညွ… ပြောဆိုကာ ''ချွေးသိပ်'' လွှတ်လိုက်သဖြင့် ကျေနပ်ပြီး ပြန်လ… ခဲ့ကြသည်။

ဧပြီလ ၁၁-ရက်နေ့၌ စထရီဆာမြို့တွင် ဗြိတိန်၊ ပြင်သ… နှင့် အီတလီအစိုးရ ကိုယ်စားလှယ်များ တွေ့ဆုံ၍ ဟစ်တလ… ဂျာမနီ၏ လုပ်ဆောင်ချက်များကို ကန့်ကွက် ရှုတ်ချခဲ့ကြသည်… ထို့ပြင် လိုကာနိုစာချုပ်ပါ အချက်များကို လိုက်နာမည် … ကြောင်း ထပ်မံ အတည်ပြုခဲ့ကြသည်။

ဤအတောအတွင်း ဂျီနီဗာမြို့တွင် ကျင်းပသော နိုင်… ပေါင်းချုပ် အဖွဲ့ကြီး၏ အထူးကောင်စီ အစည်းအဝေးတွင… ထုံးစံအတိုင်း ဂျာမနီအား ပြစ်တင်ရှုတ်ချကြောင်း ဝတ်… တန်းကျေ ဆုံးဖြတ်၍ ဤကိစ္စမျိုးအတွက် နောက်နောင်… မည်သို့မည်ပုံ အရေးယူရမည်ကို စဉ်းစားရန် ကော်မတီတစ်… ဖွဲ့စည်းခဲ့ကြသည်။

ဤသို့အားဖြင့် မိမိတို့ အသက်သွင်းလာခဲ့သော ဂျာ… ဖုတ်ကောင် ဒရက်ကူလာကြီး ကို ထိရောက်စွာ မထိန်းချုပ်… ကြဘဲ ဖြစ်လာခဲ့ရာ နောက်ဆုံး ၁၉၃၅-ခု မေလထဲတွင် ပြင်သ… ပြည်သည် ဆိုဗီယက်ယူနီယံနှင့် အချင်းချင်း မကျူးကျော်ရေ…

အခြားသူက ကျူးကျော်လာလျှင် အမြန်အလျင် ဝိုင်းဝန်းကူညီရေး စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်သည်။ မကြာမီ ဤစာချုပ်ကို ချက်ကိုစလိုဗေးကီးယား ပြည်ကလေးကပါ ပါဝင် လက်မှတ်ရေးထိုးခဲ့သည်။

မေလ ၂၁-ရက်နေ့တွင် ဟစ်တလာသည် နိုင်ငံတော်ကာကွယ်ရေး ဥပဒေကြီးကို လျှို့ဝှက်စွာအတည်ပြု၍ ယင်းဥပဒေအရ တိုင်းပြည်၏ ကုန်ထုတ်လုပ်ရေး အပါအဝင် စီးပွားရေးလုပ်ငန်းမှန်သမျှ စစ်စီးပွားရေး အသွင်မျိုးဖြစ်အောင် ပြုပြင်မှုများ၊ စီမံကိန်းများ ချမှတ်လာခဲ့သည်။

ထို့နောက် ဟစ်တလာသည် ဥရောပနိုင်ငံရေး၏ ချိန်ခွင်သွားသဖွယ် ဖြစ်နေသော ဗြိတိသျှအစိုးရကို ထပ်မံချဉ်းကပ် အသုံးချပြန်သည်။

ဗြိတိသျှအစိုးရမှာ ဟစ်တလာ၏ ပြောစကားအရ ဂျာမနီပြည်ကြီး စစ်အင်အား တောင့်တင်းလာသည်နှင့်အမျှ ဆိုဗီယက်ယူနီယံ၏ အန္တရာယ်ကို ကာကွယ်ရာရောက်လိမ့်မည်ဟု ယုံစားနေသူဖြစ်ရာ ဟစ်တလာအဖို့ ''ပျော့ကွက်'' နှိုက်သလို ဖြစ်နေသည်။

ဇွန်လဆန်းတွင် နာဇီခေါင်းဆောင် ရစ်ဘင်ထရော့သည် လန်ဒန်မြို့သို့ ရောက်ရှိလာသည်။ သူသည် နိုင်ငံခြား တိုင်းပြည်များသို့ အရေးတကြီးကိစ္စ ပေါ်ပေါက်လာပါက အထူး ကိုယ်စားလှယ်အဖြစ် ဟစ်တလာ၏ ယုံကြည်စွာ စေလွှတ်ခံရသူတစ်ဦးဖြစ်သည်။ ယခုလည်း သူသည် ဟစ်တလာ၏ ညွှန်ကြားချက်ဖြင့် …တိသျှအစိုးရ၏ ''ပျော့ကွက်''ကို နှိုက်ယူရန် လန်ဒန်သို့ ရောက်…ခြင်း ဖြစ်သည်။

ဗြိတိသျှအစိုးရသည် ဟစ်တလာဂျာမနီ၏အန္တရာယ်ကို ပထမ…း သတိပြုမိသည် မှန်သော်လည်း တစ်ဖက်မှ ဆိုဗီယက် ယူနီ…ယံ၏ ကွန်မြူနစ် အန္တရာယ်ကြီးကို ပို၍ ကြောက်ရွံ့နေသည် …ဂျာမနီ စစ်အင်အား တောင့်တင်းရေးသည် ကွန်မြူနစ် အန္တရာယ်ကြီး…ရန်မှ ကာကွယ်ရေးဖြစ်သည် ဟူသော ဟစ်တလာ၏ စကားကို

www.burmeseclassic.com

www.burmeseclassic.com

လွဲမှားစွာ ယုံစားမိသည်။ ဤသို့ဖြင့် ဂျာမနီ လက်နက်တပ်ဆင်ရေးကို မတွေးမဆ မဆင်မချင် အားပေးလာခဲ့သည်။

ရစ်ဘင်ထရော့နှင့် ဆွေးနွေးရာ၌ ဗြိတိသျှ ရေတပ်အင်အား၏ ၃၅–ရာခိုင်နှုန်းအထိ ဂျာမန် ရေတပ်မတော် တည်ဆောက်ရေး စာချုပ် တစ်ရပ်ကို ဗြိတိသျှတို့က သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် ဂျာမန် ရေတပ်မတော်သည် ဗြိတိသျှ ဓနသဟာယနိုင်ငံများနှင့် အင်အားချင်း တန်းတူညီမျှသည့် ရေငုပ်သင်္ဘောများ တည်ဆောက်ခွင့်ကိုလည်း အဆိုပါ စာချုပ်တွင် ထည့်သွင်းဖော်ပြထားသည်။

ဗြိတိသျှ အစိုးရသည် ဂျာမန် အစိုးရနှင့် ဤစာချုပ်ကို ချုပ်ဆိုရာ၌ အလားတူ ရေတပ်များ ရှိနေကြသော မိမိ၏ မဟာမိတ်များ ဖြစ်ကြသည့် ပြင်သစ်နှင့် အီတလီတို့ကို ကြိုတင် အသိပေးဆွေးနွေးခြင်း မပြုဘဲ၊ မိမိ တစ်ဦးတည်းသဘောဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ဗြိတိသျှနှင့် ဂျာမန် အစိုးရတို့၏ ရေတပ် တည်ဆောက်ရေး သဘောတူ စာချုပ်သည် ဂျာမနီ စစ်အင်အားကို ထိန်းချုပ်ထားသော ဗာဆိုင်း စာချုပ်ကို နောက်တစ်ကြိမ် ဆွဲဆုတ်လိုက်ရာ ရောက်သွားသည့်ပြင် ဟစ်တလာ၏ စစ်အင်အား တိုးချဲ့မှုကို ကန့်ကွက် ရှုတ်ချခဲ့သော စထရီဆာမြို့မှ ကြေညာချက်ကိုလည်း ဖျက်ဆီးပစ်လိုက်ရာ ရောက်သွားလေသည်။

ဟစ်တလာသည် ကမ္ဘာ့ နိုင်ငံရေး ဇာတ်ခုံပေါ်တွင် ဤသို့ စတင်ဝင်ရောက်၍ နေရာယူလာခဲ့သော်လည်း မိမိတိုင်းပြည်၏ နိုင်ငံရေး ဇာတ်ခုံပေါ်တွင်လည်း ထင်ပေါ်ကျော်ကြား လူကြိုက်များအောင် အခြားတစ်ဖက်မှ လုပ်ဆောင်လျက်ပင် ရှိနေခဲ့သည်။

စက်တင်ဘာလတွင် နူရင်ဘတ်မြို့၌ နာဇီပါတီ အင်အားပြပွဲကြီး ကျင်းပခဲ့ရာ ဟစ်တလာသည် ထိုအခမ်းအနားတွင် နောက်ထပ် တိုးချဲ့ ဖွဲ့စည်းလိုက်သောဂျာမနီ တပ်မတော်ကြီးမှ တပ်ဖွဲ့များကို ပါဝင်ချီတက်စေခဲ့သည်။



'ကျုပ်တို့ ဂျာမန် တပ်မတော်ကြီးဟာ စစ်ဖြစ်နေတဲ့ အချိန်အခါမှာဆိုရင် တစ်မျိုးသားလုံးကို ကာကွယ်ပေးနေတဲ့ အင်အားစုကြီး ဖြစ်ခဲ့သလို ငြိမ်းချမ်းနေတဲ့ ကာလမှာဆိုရင်လဲ ကျုပ်တို့ ပြည်သူပြည်သားများရဲ့ ပညာ သင်ကြားရာကျောင်းကြီး ဖြစ်နေတယ်။ ကျုပ်တို့အားလုံးရဲ့ ဘဝ ရပ်တည်မှုဟာ ဒီတပ်မတော်ကြီး အပေါ်မှာပဲ တည်နေတယ်၊ ဒါကြောင့် တပ်မတော်ကြီးကို ပြန်ကြည့်လိုက်တဲ့ အခါတိုင်း ကျုပ်တို့ ပြည်သူတွေရဲ့ အနာဂတ်အပေါ်မှာ ကျုပ်တို့ရဲ့ ယုံကြည်ကိုးစားတဲ့စိတ်ဟာ ဆတက်ထမ်းပိုး တိုးလာတာ တွေ့ရတယ်။ ဒီလို အစဉ်အလာတွေနဲ့ ပြောင်မြောက် တောက်ပခဲ့တဲ့ တပ်မတော်ကြီးဟာ မသေသေးပါဘူး။ အိပ်မောကျရုံသာ ကျနေခဲ့တာပါ။ အခုဆိုရင် ဒီတပ်မတော်ကြီးဟာ ခင်ဗျားတို့ကြောင့် ပြန်လည် နိုးကြားလာပါပြီ'

(ဟစ်တလာ၏ မိန့်ခွန်းများ။ အတွဲ ၁၊ စာမျက်နှာ–၅၆၀)

ယခုအခါ ဟစ်တလာ၏ အပြောနှင့် အလုပ်သည် သူ့ကိုယ်ယုံကြည်ချက် အပြည့်အဝ ရှိနေသော လူတစ်ယောက်၏ ...ပြောမျိုး အလုပ်မျိုး ဖြစ်နေလေပြီ။

သူသည် သူကိုယ်တိုင်က လှုပ်ရှား တက်ကြွနေသလောက် ...အားလုံးများနှင့် သူ့လုပ်ရပ်များသည်လည်း လှုပ်ရှားတက်ကြွ...သည်။ သူ့ကိုယ်နှိုက်ကလည်း လှုပ်ရှားဖွယ်ရာ တက်ကြွဖွယ်ရာ ...ပ်များကို လေ့လာ လုပ်ဆောင်တတ်သူတစ်ဦး ဖြစ်သည်။

ယခုလည်း သူသည် လှုပ်ရှား တက်ကြွဖွယ်ရာ ဖြစ်ရပ်တစ်ခု ...လုပ်ဆောင်ရန် ကြံစည်နေပြန်သည်။

ယင်းအကြံအစည်မှာ အခြားမဟုတ်၊ မေလ အတွင်းက ...စ်နှင့် ဆိုဗီယက်တို့ မကျူးကျော်ရေးစာချုပ် ချုပ်ဆိုခဲ့သည့် ...အကြောင်းပြု၍ ကမ္ဘာ့ နိုင်ငံရေးဇာတ်ခုံကို ကိုင်လှုပ်ရန် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


ဂျာမနီအဖို့ ဗြိတိန်နှင့် တိုက်ရိုက် ပဋိပက္ခများ မရှိသည့်ပြင် ဗြိတိန်၏ ပျော့ကွက်ကိုပါ သိထားသဖြင့် အတော်အတန် အဆင်ပြေအောင် ချဉ်းကပ်နိုင်ခဲ့သည်။ သို့သော် ပြင်သစ်နှင့်မူ အစဉ်အဆက်က စစ်ပွဲအမျိုးမျိုးကြောင့် ပဋိပက္ခ ကြီးမားခဲ့သည့်ပြင် ယခု ပထမကမ္ဘာစစ်ကြီးအပြီးတွင် မိမိပိုင်နက်ဖြစ်သော ရိုင်းလင်းနယ်ကို ပြင်သစ်တို့က ဗာဆိုင်း စာချုပ်အရ သိမ်းယူထားခဲ့သည်။ သို့ဖြစ်ရာ ဗာဆိုင်းစာချုပ်ကို တစ်ရွက်ပြီး တစ်ရွက် ဆွဲဖြဲလိုလှသော ဟစ်တလာအဖို့ ပြင်သစ် ဆိုဗီယက် မကျူးကျော်ရေး စာချုပ်ကို အကြောင်းပြု၍ ရိုင်းလင်းနယ်ကို ပြန်သိမ်းရန် အခွင့်ချောင်းနေခြင်းဖြစ်သည်။

ပြင်သစ်ဆိုဗီယက် စာချုပ်မှာ နှစ်ဖက် လက်မှတ်ရေးထိုးပြီး ဖြစ်သော်လည်း သက်ဆိုင်ရာ လွှတ်တော်များတွင် တင်သွင်း၍ နောက်ဆုံး သဘောတူညီချက်ရယူရန် ကျန်နေသေးသည်။

ဟစ်တလာသည် ပြင်သစ်အစိုးရထံ ဆိုဗီယက်နှင့် မကျူးကျော်ရေးစာချုပ် ချုပ်ဆိုခြင်းကို အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ၎င်းစာချုပ်သည် မူလရှိပြီးဖြစ်သော လိုကာနိုစာချုပ်ကို ထိခိုက်ပျက်ပြားစေသည်။ ကွန်မြူနစ်အန္တရာယ် ပိုမို ကြီးမားစေသည်ဟု သူက အကြောင်းပြ၍ ထိုစာချုပ်ကို အတည်မပြုရန် တောင်းဆိုခဲ့သည်။

သို့သော် နောက်ဆုံး ၁၉၃၆-ခု ဖေဖော်ဝါရီလ ၃၁ရက် နေ့တွင် ပြင်သစ်အောက်လွှတ်တော်၌ မဲခွဲလိုက်သောအခါ အဆိုပါ ပြင်သစ်-ဆိုဗီယက် စာချုပ်မှာ ထောက်ခံမဲ ၃၅၃၊ ကန့်ကွက်မဲ ၁၆၄-မဲဖြင့် အတည်ဖြစ်သွားခဲ့သည်။

၎င်းသို့ဖြင့် အဆိုပါ စာချုပ်ကို မတ်လ ၂-ရက် နေ့ တွင် ပြင်သစ်ပြည် ပဲရစ်မြို့၌ နောက်ဆုံး လက်မှတ် ရေးထိုးခဲ့သည်။ ၎င်းနေ့မှာပင် ဂျာမန် တပ်မတော် ဗိုလ်ချုပ်ကြီး ဘလွန်းဘတ်သည် ဂျာမန်စစ်တပ်များအား ရိုင်းလင်းနယ်ကို အလစ်တွင် ချီတက် သိမ်းပိုက်ရေးအတွက် အသင့်ဖြစ်နေကြရန် တပ်လှန့်နှိုးဆော်လိုက်သည်။

နောက် ၅-ရက်မျှ ကြာသောအခါ ၁၉၃၆-ခု မတ်လ ၇-ရက်နေ့နံနက် အာရုံတက်ချိန်၌ လက်နက် ခဲယမ်းမီးကျောက် အပြည့်အစုံ တပ်ဆင်ထားသော ဂျာမန် စစ်သားများသည် ရိုင်းမြစ်ပေါ်တွင် ဖြတ်ကျော်ဆောက်လုပ်ထားသော တံတားမှတစ်ဆင့် ရိုင်းလင်းပြည်နယ်ထဲသို့ စကြာတံဆိပ် နာဇီအလံကြီးကို လွှင့်ကာ ချီကာ ဘယ်ညာမှန်မှန် ချီတက်၍ ဝင်ရောက် သိမ်းပိုက်ခဲ့ကြသည်။

ဟစ်တလာက ဂျာမန်တပ်မတော်သည် အိပ်မောကျနေရာမှ နိုးကြားလာခဲ့ပြီ ဟု ပြောခဲ့သည်။

မှန်သည်။ ဥရောပတစ်ခွင် ပြုမြစ်စေအောင်ဝင်ထွက် သောင်းကျန်း၍ မြင်မြင်သမျှ ဖမ်းကာ၊ လည်ကုပ်ကို သွေးစိမ်းရှင်ရှင် သောက်တော့မည့် နာဇီ သွေးစုပ် ဖုတ်ကောင်ကြီးသည် ခေါင်းထောင် ထလာခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com





## ဘယ်တော့လဲ ဘယ်လိုလဲ

ဟစ်တလာသည် ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်သို့ ခြေလှမ်းကြဲကြဲဖြင့် ဝင်ရောက်လာခဲ့ရာ၌ တစ်ဖက်မှ ပြည်တွင်း နိုင်ငံရေး ဇာတ်ခုံပေါ်တွင်လည်း လူကြိုက်များအောင် အသုံးတော်ခံလျက် ရှိနေခဲ့သည်။

၁၉၃၅-ခုနှစ် စက်တင်ဘာလအတွင်းက နျူရင်ဘတ်မြို့တွင် ပြုလုပ်ခဲ့သော ပါတီအင်အားပြပွဲကြီးနှင့် တစ်ဆက်တည်း ဂျာမန် ရိုက်ချ်စတက် လွှတ်တော် အစည်းအဝေးကို နျူရင်ဘတ်မြို့တွင် ခေါ်ယူကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် နောင်အခါ၌ နာမည်ဆိုးနှင့် ကျော်ကြားလာမည့် နျူရင်ဘတ်ဥပဒေများကို တင်သွင်း အတည်ပြုခဲ့သည်။ ယင်းဥပဒေများကား အခြားမဟုတ်၊ ဂျူး လူမျိုး တစ်မျိုးလုံးကို မျိုးပြုတ်အောင် သုတ်သင်ရန် နာဇီတို့၏ ပထမဆုံး စတင် ဖော်ထုတ်လိုက်သော လုပ်ဆောင်ချက်ပင်ဖြစ်သည်။

ဤ "နျူရင်ဘတ် ဥပဒေများ"အရ ဂျာမနီတစ်ပြည်လုံးရှိ ဂျူးလူမျိုးမှန်သမျှ ဂျာမန်တိုင်းရင်းသားအဖြစ်မှ လုံးဝ ရုပ်စဲပစ်ခဲ့သည်။ ဂျာမန်လူမျိုးနှင့် ဂျူးလူမျိုးများ ထိမ်းမြားလက်ထပ်ခြင်းကိုလည်း တစ်ခါတည်း ပိတ်ပင်ပစ်လိုက်သည်။ ထို့ပြင် ဂျူးလူမျိုးများ၏ နေအိမ်များတွင် ဂျာမန် လူမျိုးများအား အခိုင်းအစေအဖြစ် ထားရှိခြင်းကိုလည်း လုံးဝတားမြစ်ခဲ့သည်။

ဟစ်တလာသည် သူငယ်စဉ်က ဗီယင်နာမြို့တွင် ဆင်းဆင်းရဲရဲနေခဲ့ရစဉ်ကတည်းက ဂျူးဆန့်ကျင်ရေးစိတ်ဓာတ်ကိန်းအောင်းခဲ့သည်။

ဂျူးလူမျိုးများမှာ ထိုစဉ်က နေရင်း တိုင်းပြည်ဟူ၍မရှိဘဲ ကြည်ရာ မျက်နှာရာ ဆိုသလို ဥရောပတိုက်ရှိ တိုင်းပြည်အသီးသီးသို့ လှည့်လည် သွားလာလျက် သင့်တော်ရာ တိုင်းပြည်တစ်ခုခုတွင် အခြေစိုက် နေထိုင်ကာ လုပ်ကိုင်စားသောက်နေကြသူများဖြစ်သည်။ သူတို့သည် ရောင်းရေးဝယ်တာ လုပ်ငန်းများတွင် အောင်မြင် ကျွမ်းကျင်ကြသည့်အလျောက် မည်သည့်တိုင်းပြည်တွင်မဆို အိမ်ရှင်တိုင်းရင်းသားလူမျိုးများထက် ပို၍ စီးပွားရေးအကျိုးအောင်မြင်ကြသူများ ဖြစ်လာကြသည်။

သို့ဖြစ်ရာ ပထမကမ္ဘာစစ်ကြီးမတိုင်မီကာနှင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပြီးစက ဂျာမန်လူမျိုးများမှာ စီးပွားရေးဘက်တွင် ချွတ်ခြုံကျနေကြသလောက် ဂျူးလူမျိုးများမှာ ချမ်းသာကြွယ်ဝလာခဲ့ကြသည်။ ဤသည်ကို အကြောင်းပြု၍ ဂျာမန်တို့က ဂျူးလူမျိုးများကို စီးပွားရေးနယ်ချဲ့သူများ အဖြစ် အမုန်းကြီး မုန်းခဲ့ကြသည်။

သူသည် ပထမကမ္ဘာစစ်ကြီးအတွင်း စစ်မြေပြင်တွင် ဒဏ်ရာရ၍ ဆေးရုံတက်ရောက်ကုသရန် ဘာလင်သို့ ခေတ္တပြန်လာ ထိုစဉ်ကလည်း ဂျာမနီပြည်တွင် ဂျူးများ နေရာတကာ ကြွယ်နေပုံကို တွေ့ရသဖြင့် ဒေါသပွကြီး ပွခဲ့ရသည်။

"ရုံးများမှာ ဂျူးများဖြင့် ပြည့်နေသည်ကို တွေ့ရ၏။ ရုံးစာရေးမှန်သမျှ အားလုံးလိုလို ဂျူးများချည်းဖြစ်နေ၍ ဂျူးမှန်သမျှ အားလုံးလိုလိုမှာလည်း ရုံးစာရေးများဖြစ်နေကြ၏။ ၁၉၁၆-၁၇နှစ်များအတွင်း တိုင်းပြည်၏ကုန်ထုတ်လုပ်ငန်းကြီးမှန်သမျှ အားလုံးလိုလို ဂျူးများ၏ ငွေရှင်း

www.burmeseclassic.com

ခိုက်ထုတ်၍ အုပ်ချုပ်လုပ်ကိုင်နေကြ၏။ ဂျူးများသည် ကျွန်ုပ်တို့တစ်မျိုးသားလုံးကို လုယက်၍ သူတို့၏ ခြေဖဝါး အောက်တွင် မလှုပ်နိုင်အောင် ဖိနှိပ်ထားလျက်ရှိပေသည်။

(ဟစ်တလာရေး "ကျွန်ုပ်၏ ကြိုးပမ်းမှု" စာမျက်နှာ—၁၉၃)

ဤသို့အားဖြင့် သာမန်စစ်သားလေး တစ်ယောက်အဖြစ် ၁၉၁၆- ခုနှစ်က ဟစ်တလာ၏ ရင်ထဲတွင် ကိန်းအောင်းလာ သော ဂျူးဆန့်ကျင်ရေး စိတ်ဓာတ်မှာ သူအာဏာရ၍ နိုင်ငံတော် အထွတ်အထိပ် စစ်သေနာပတိချုပ် ဖြစ်လာသော ၁၉၃၆ ခုနှစ် တွင် ဂျူးသုတ်သင်ရေး ခြေလှမ်းအဖြစ် လှမ်းလိုက်သော "နျူရင် ဘတ် ဥပဒေများ" အရ၊ ယခုအခါ ဂျာမနီပြည်တွင် ဂျူးများ မှာ ဂျာမန် ကိုင်းရင်းသားအဖြစ်မှ လုံးဝဖယ်ထုတ်ခြင်းခံကြရ၍ တချို့ တည်းတွင် တိုင်းရင်းသားများသာ ခံစားခွင့်ရှိသော အခွင့်အရေး များလည်း တစ်ခါတည်း ရုပ်သိမ်းခံကြရသည်။ အစိုးရအမှုထမ်း နေကြသော ဂျူးများမှာ အလုပ်မှထုတ်ပယ်ခြင်း ခံကြရသည်။ ယခင်က ဂျာမန်များ နှင့်တန်းတူ စီးပွားရေး အခွင့်အလမ်းများ ရနေကြသော ဂျူးကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ မှာလည်း အခွင့်အရေးများ ပိတ်ပင်ခြင်း ခံကြရသည်။

ဤသို့အားဖြင့် ဂျာမန် တစ်မျိုးသားလုံး၏ စိတ်ထဲတွင် ဟစ်တလာကို မျိုးချစ်ခေါင်းဆောင်ကြီး၊ အမျိုးသား ခေါင်း ဆောင်ကြီးတစ်ယောက်အဖြစ် မြင်လာသည်။ မှတ်ယူလာကြသည်။

ဤအတောအတွင်း အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ပထမကမ္ဘာစစ်အပြီးတွင် ပြင်သစ်သို့ ပေးထားခဲ့သော ရိုင်းလင်း နယ်ကို ပြန်လည် သိမ်းပိုက်လိုက်ရာ၊ ဂျာမန်တစ်မျိုးသားလုံးက ဟစ်တလာအား သူ့ရဲ့ခေါင်းကြီး အဖြစ် သောင်းသောင်းဖြ ချီးကျူးထောက်ခံကြတော့သည်။



ဟစ်တလာသည် ကာလ၊ ဒေသ၊ ပယောဂ အခြေအနေ ကောင်းကောင်းကြီး နားလည်သူ ဖြစ်သည်။ နိုင်ငံရေး ဒီရေ အတက်အကျကို ကြည့်၍ အကွက်ချတတ်သူဖြစ်သည်။

သူသည် မိမိအား တစ်မျိုးသားလုံးက စိုင်းဝန်းထောက်ခံ လာကြသည်ကို သိသည်။ သို့ သိသည်နှင့်တပြိုင်နက် ဤထောက်ခံ မှုကို စိတ်ဓာတ်အားဖြင့်သာမဟုတ်ဘဲ ရုပ်ဝတ္ထုအားဖြင့် ပေါ်လွင် ထင်ရှားအောင် ဖန်တီးခဲ့သည်။

၁၉၃၆-ခု မတ်လ ၇-ရက်နေ့တွင် ရိုင်းလင်းနယ်ကို ပြန် လည် ချီတက် သိမ်းပိုက်ခဲ့ပြီးနောက် မတ်လ ၂၉-ရက်နေ့တွင် "ပြည်သူ့ဆန္ဒခံယူပွဲကြီး" ကျင်းပခဲ့သည်။ ဤဆန္ဒခံယူပွဲကြီးမှာ ရိုင်းလင်းနယ်ကို ပြန်လည်သိမ်းပိုက်မှု အပါအဝင် မိမိ၏ လုပ် ဆောင်ချက်များကို တိုင်းပြည်က စိတ်ဓာတ်အားဖြင့် ထောက်ခံ မှုမှ ရုပ်ဝတ္ထုအဖြစ် ဟစ်တလာ ဖန်တီးရယူလိုက်ခြင်းဖြစ်သည်။

အဆိုပါ "ပြည်သူ့ဆန္ဒခံယူပွဲကြီး" တွင် မဲပေးသူပေါင်း ၄၅-သန်း ၅-သိန်းကျော်ရှိခဲ့ရာ၊ ဟစ်တလာ၏လုပ်ဆောင်ချက်များကို ထောက်ခံသူပေါင်းမှာ ၄၄-သန်း ၄-သိန်း၊ ၄-သောင်းကျော်ရှိခဲ့၍ ၉၉-ရာခိုင်နှုန်းကျော်မျှ ဖြစ်သည်။

ဟစ်တလာသည် ဂျာမန် အင်ပိုင်ယာကြီးတွင် မည်သည့် အခါက မည်သည့်ခေါင်းဆောင်မှ မရခဲ့ဖူးသော လူထုထောက်ခံ မှုကြီးကို ရယူခဲ့ပေပြီ။

ဤသို့အားဖြင့် ဟစ်တလာ၏ အချိန်အခါသည် ဂျာမနီ ပြည် နယ်နိမိတ်ကိုပင် ကျော်လွန်၍ ကြီးထွား မြင့်မားလာခဲ့ရာ၊ ထိုအချိန်အခါ၏ ဂယက်ကို ပထမဆုံး ရိုက်ခတ်ခြင်း ခံရသူမှာ သြစတြီးယားပြည်ကလေးပင် ဖြစ်သည်။

သြစတြီးယားပြည် ကလေးကို ဂျာမနီပြည်မှ ခွဲထုတ်၍ အုပ်ချုပ်ခြားအာဏာပိုင် နိုင်ငံတစ်ခု အဖြစ် ပထမကမ္ဘာစစ်ကြီး ပြီးတွင် ဗြိတိန်၊ ပြင်သစ်နှင့် အီတလီတို့က တည်ထောင်ဖန်တီး ခဲ့သည်။ သို့ဖြစ်ရာ ဗြိတိန်၊ ပြင်သစ်နှင့် အီတလီတို့ ပေါင်းစုံ ညီညီတည်း ရှိခဲ့စဉ်က သြစတြီးယားပြည်ကလေးမှာ ထိုနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

ကြီးများ၏ အရှိန်အဝါဖြင့် ဣန္ဒြေရရ နေနိုင်ခဲ့သော်လည်း ၎င်း
အချင်းချင်း မညီမညွတ်ဖြစ်၍ တစ်ယောက်တစ်ပေါက် ဖြစ်
ချိန်တွင်မူ ဩစထရီးယားပြည်ကလေး၏ အခြေအနေမှာ နေ့လ
ညလား ဖြစ်လာရသည်။

အထူးသဖြင့် ဗြိတိန်က ရေတပ်စာချုပ် ချုပ်ဆိုသည်အ
ဂျာမနီနှင့် အလွမ်းသင့်နေချိန်တွင် ပြင်သစ်က မိမိလက်အော
ရိုင်းလင်းနယ်ကို ပြန်အသိမ်းခံရသဖြင့် ဂျာမနီကို မကျေနိုင်မ
နိုင်ဖြစ်နေသည်။ တစ်ဖန် ဂျာမနီ ခေါင်းဆောင် ထလာသည
ထိထိရောက်ရောက် အရေးမယူ ကောင်းလား ဟူ၍ အီတလ
ပြင်သစ်နှင့် ဗြိတိန်တို့လုပ်ပုံကို အပြစ်တင်နေသည်။

ဤသို့အားဖြင့် မိမိ၏ လွတ်လပ်ရေးကို ဖန်တီးပေး
သော နိုင်ငံကြီးအချင်းချင်း သူတစ်မျိုး ငါတစ်ဖုံ ဖြစ်နေ
ဟစ်တလာ၏ အရှိန်အဝါ တစ်နေ့တခြား တားမရသိမနိုင်အော
ကြီးမားလာသည်ကို နီးနီးကပ်ကပ် မြင်တွေ့နေရသော ဩ
ရီးယား အစိုးရသည် နောက်ဆုံးတွင် မတတ်သာတော့ဘဲ ဂျ
အစိုးရနှင့် နားလည်မှုယူကာ မကျူးကျော်ရေးစာချုပ် တစ်
ဂျူလိုင်လ ၁၁-ရက်နေ့တွင် ချုပ်ဆိုလိုက်ရတော့သည်။

အဆိုပါ စာချုပ်တွင် ဩစထရီးယားပြည်ကလေး၏အ
အခြာ အာဏာကို ဂျာမန်က အသိအမှတ်ပြုရန်နှင့် တစ်
ပြည်တွင်းရေးကို အခြားတစ်ဦးက ဝင်ရောက်စွက်ဖက်ခြင်းမ
စသည်တို့အပြင် အခြားအရေးကြီးသော အချက်တစ်ချက် ပ
ခဲ့သည်။ ယင်းအချက်မှာအခြားမဟုတ် "ဩစထရီးယားပြည်
နိုင်ငံခြားရေးပေါ်လစီကို ချမှတ်ကျင့်သုံးရာ၌ မိမိကိုယ်မိမိ ဂျ
ပြည်နယ်တစ်နယ်အဖြစ် အစဉ်သဘောထား၍ စဉ်းစားလုပ်ဆော
ရန်" ဟူသော အချက်ပင်ဖြစ်သည်။

မှန်သည်။ ဟစ်တလာအဖို့ ဩစထရီးယားပြည်ကလေး
ဂျာမန်အင်ပိုင်ယာကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟု တစ်
မှတ်ယူထားခဲ့သည်။ သူကိုယ်တိုင်က ဩစထရီးယားပြည်ကလေး
မွေးဖွားလာခဲ့သည့် ဩစထရီးယန်း ဂျာမန်လူမျိုးဖြစ်ရာ ဩစ



ယားပြည် မပါလျှင် ဂျာမန် အင်ပိုင်ယာသည် အဓိပ္ပာယ်မရှိ
မပြည့်စုံဟု ယူဆခဲ့သည်။ သို့ဖြစ်ရာ ပထမ ကမ္ဘာစစ် အပြီးတွင်
ဩစထရီးယားပြည်ကလေးအား ဂျာမန်အင်ပိုင်ယားထဲမှ ခွဲထုတ်၍
အချုပ်အခြာ အာဏာပိုင်တစ်ခုအဖြစ် ထားရှိသည်မှာ သဘာဝ
မကျ၊ တစ်နေ့နေ့တွင် ဂျာမန်အင်ပိုင်ယာကြီးအတွင်းသို့ ဩစထရီး
ယားပြည်ကလေး ပြန်ရောက်ရမည်ဟု သန္နိဋ္ဌာန်ချထားခဲ့သည်။

သို့ဖြစ်ရာ ဟစ်တလာသည် အထက်ပါ ဂျာမန် ဩစထ
ရီးယားစာချုပ်၏ ပထမနှင့် ဒုတိယအပိုဒ်များတွင် အချုပ်အခြာ
အာဏာကို အသိအမှတ်ပြုရေးနှင့်မကျူးကျော်ရေးများ မည်သို့ပင်
ပါရှိနေစေကာမူ နောက်ဆုံးအပိုဒ်၌ ဩစထရီးယား ပြည်ကလေး
သည် ဂျာမန်ပြည်နယ် တစ်နယ်ဖြစ်သည်ဟု ဆိုလိုက်ခြင်းဖြင့် သူ
လိုရင်းအချက်ကို ရယူခဲ့ခြင်းဖြစ်သည်။

၁၉၃၆-ခုနှစ်အတွင်း ဟစ်တလာသည် ဩစထရီးယားနှ
စာချုပ် ချုပ်ဆိုနိုင်ခဲ့သည့်ပြင် အခြားအရေးကြီးသော တိုင်းပြည်
တစ်ပြည်နှင့်လည်း စာချုပ်တစ်ခု ချုပ်ဆိုနိုင်ခဲ့သေးသည်။ ထ
တိုင်းပြည်ကား အီတလီပင်ဖြစ်သည်။

စင်စစ်အားဖြင့် ဖက်ဆစ်မူဆိုလီနီသည် ကွန်မြူနစ်ဆန့်က
ရေးကို ကြွေးကြော်လျက် ၁၉၂၂-ခုနှစ်ကတည်းကပင် အီတလ
ပြည်၌ အာဏာသိမ်းခဲ့သူဖြစ်သည်။ ကွန်မြူနစ် တစ္ဆေကြီးကို လ
နေကြသော အင်္ဂလိပ်နှင့်ပြင်သစ်တို့ကလည်း ထုံးစံအတိုင်းအီတလ
ဖက်ဆစ်အာဏာရှင် မူဆိုလီနီအစိုးရကို ချက်ချင်း အသိအမှ
ပြုရုံမျှမက မဟာမိတ်စာချုပ်များပင်ချုပ်ဆို၍ ထောက်ခံအားပေ
လာခဲ့ကြသည်။

သို့သော် ဖက်ဆစ်တို့၏ ထုံးစံအတိုင်း ၁၉၃၆-ခုနှစ် မေ
ထဲတွင် မူဆိုလီနီက အဘီဆီးနီးယား ပြည်ကလေးကို ဝင်
သိမ်းပိုက်ခဲ့ရာတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့မှာ အာဖရိက တိုက်
မိမိတို့၏လက်အောက်ခံ ကိုလိုနီများအတွက် စိုးရိမ်တ အီတလီနှ
ခွာပြဲလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ဇူလိုင်လ ၁၇-ရက်နေ့တွင် စပိန်ပြည်၌ ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့ရာ မူဆိုလီနီသည် စပိန်ပြည်မှ ဖရန်ကိုအား အစွမ်းကုန်ကူညီအားပေးခဲ့ပြန်သည်။ ဤသို့ဖြင့် အီတလီနှင့်အင်္ဂလိပ် ပြင်သစ် မဟာမိတ် စာချုပ်များမှာ ပျက်ပြားသလောက် ဖြစ်ခဲ့သည်။

ဟစ်တလာသည် မူလက အီတလီမှ မူဆိုလီနီကို အင်္ဂလိပ် ပြင်သစ်တို့နှင့် ပူးပေါင်းနေသဖြင့်တစ်ကြောင်း၊ ထို့ပြင် မူဆိုလီနီ၏ သြဇာသည် ဥရောပတိုက်သို့တိုင်အောင် ပျံ့နှံ့လာမည်စိုးသဖြင့် တစ်ကြောင်း၊ မဆိုလားခဲ့ချေ။ အပြန်အလှန်အားဖြင့် မူဆိုလီနီကလည်း ဟစ်တလာ၏သြဇာအာဏာ တစ်နေ့တခြား ကြီးမားလာသည်နှင့်အမျှ မိမိ၏ အရှိန်အဝါ ကျဆင်းသွားဖွယ်ရာရှိသဖြင့် ဟစ်တလာကို မနှစ်မြို့ခဲ့ပေ။

သို့သော် အင်္ဂလိပ် ပြင်သစ်တို့နှင့် မဟာမိတ်အဖြစ်မှ တစ်စ တစ်စ ရပ်စဲလာခဲ့ခြင်းသည် မူဆိုလီနီအား ဟစ်တလာနှင့် တဖြည်းဖြည်း နီးစပ်လာစေခဲ့သည်။ ထို့ပြင် စပိန် ပြည်တွင်းစစ်ပွဲ အတွင်း ဟစ်တလာကလည်း ဖက်ဆစ်ဖရန်ကိုအား အကူအညီ ပေးခဲ့ရာ၊ နောက်ဆုံးတွင် ဟစ်တလာနှင့်မူဆိုလီနီတို့မှာ ဂေါ်ဇောနဂေါ်ဇော ဖြစ်သွားကြသည်။

ဤသို့ဖြင့် စပိန်ပြည်တွင်းစစ်သည် ဘာလင်နှင့် ရောမဝင်ရိုးတန်းကို သွယ်တန်းပေးလိုက်သကဲ့သို့ ဖြစ်သည်။ စပိန် ပြည်တွင်းစစ်ထက်ပို၍ ဤဝင်ရိုးတန်းကို ဖြစ်ပေါ်စေသော အဓိက အခြေခံအကြောင်းရင်းတစ်ရပ် ရှိနေသေးသည်။ ထို အကြောင်းရင်းမှာ ကွန်မြူနစ်ဆန့်ကျင်ရေး ရည်မှန်းချက်ကြီးပင်ဖြစ်သည်။

ဤတူညီသော ရည်မှန်းချက်အရ ၁၉၃၆-ခုနှစ်အောက်တိုဘာလတွင် ဂျာမနီနှင့်အီတလီတို့သည် ပထမဆုံး ပဏာမ မဟာမိတ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်၊

နိုဝင်ဘာလ ၉-ရက်နေ့ မြူနစ်မြို့တွင် နိုင်ငံရေးလူထုတရားကြီးတစ်ခု ပြုလုပ်ရာ၌ ဟစ်တလာအား သူ၏ ရည်မှန်းချက်ကို ထိုအလင်း ထုတ်ဖော်ပြောကြားခဲ့သည်။



"အမျိုးသား ဆိုရှယ်လစ် ဂျာမန် အင်ပိုင်ယာကြီး တည်ထောင် ပေါ်ပေါက်လာတာကို ဥရောပတိုက် တိုင်းပြည် အသီးသီးက မရှုဆိတ်မလိုလားတဲ့သဘောထားဟာ ကျုပ်တို့ ထင်တာထက် ပိုပြီး မြန်မြန် ပျောက်ကွယ်သွားလိမ့်မယ်။ ဒီသဘောထား ပျောက်ကွယ်သွားရုံတင်မဟုတ်ဘဲ ကျုပ်တို့ ဒီ 'ရေကာတာကြီး' ကို တည်ဆောက်ရတာဟာ ကွန်မြူနစ် ရေလွှမ်းမိုးမှုကြီးကို တားဆီး ကာကွယ်ဖို့ဆိုတာ သိရတဲ့ တစ်နေ့မှာ သူတို့ဟာ ဝမ်းမြောက်စမ်းသာတောင် ဖြစ်ကြရပါလိမ့်မယ်"

(မြူနစ်မြို့တွင် ဟစ်တလာ၏ ဟောပြောချက်များ၊
အတွဲ ၂၊ စာမျက်နှာ-၁၃၃၁)

မည်သို့ပင်ဖြစ်စေ၊ ၁၉၃၆-ခုနှစ်အတွင်း ဟစ်တလာ၏ ခြေလှမ်းများသည် ပြည်တွင်းဇာတ်ခုံပေါ်မှ ကမ္ဘာ့ဇာတ်ခုံပေါ်သို့ အောင်မြင်စွာ စတင်ဝင်ရောက်ခဲ့သော ခြေလှမ်းများဖြစ်သည်။

သူသည် ရိုင်းလင်းနယ်ကို ပြင်သစ်တို့လက်မှပြန်သိမ်းခဲ့သည်။ ဂျာမနီပြည်ကြီးကို ကမ္ဘာက မော်ကြည့်ရလောက်အောင် စစ်အင်အား ဖြည့်တင်းခဲ့သည်။ ယခုတစ်ဖန် အီတလီနှင့် မဟာမိတ်စာချုပ်ချုပ်နိုင်အောင် ချုပ်ဆိုခဲ့သည်။ ဤသို့အားဖြင့် ဟစ်တလာ၏ အမည်သည် ဥရောပတိုက်အနှံ့အပြား ရေပန်းစား၍ အရှိန်အဝါကြီးမားလာခဲ့သည်။

ဟစ်တလာသည် သူ့အစိုးရ၏သက်တမ်း(ဝါ) သူ အာဏာရခဲ့သည့် သက်တမ်း ၄-နှစ်ပြည့်မြောက်သောနေ့ဖြစ်သည့် ၁၉၃၇-ခုနှစ် ဇန်နဝါရီလ ၃၀-ရက်နေ့တွင် ဂျာမန် ရိုက်ခ်ျစတက် ပါလီမန်၌ မိမိတို့ ဂျာမန်အမျိုးသားများနှင့် ဂျာမန်ပြည်ကြီးအား အရှုး ချုပ်ချယ် တုပ်နှောင်ထားခဲ့သော ဗာဆိုင်း စာချုပ်အနှောင်အဖွဲ့မှ ရုန်းထွက်လိုက်ပြီဖြစ်ကြောင်း၊ အတိ အလင်း ကမ္ဘာသို့ ကြေညာလိုက်တော့သည်။ ထိုကြေညာချက်နှင့် တစ်ဆက်

www.burmeseclassic.com

www.burmeseclassic.com

တည်း ဗာဆိုင်းစာချုပ်အရ နိုင်ငံကြီးများက မတရားသိမ်းယူထား ခဲ့ကြသော ပြည်နယ်များကို ဂျာမနီလက်သို့ ပြန်လည် ပေးအပ်ရန် ကြွေးကြော်တောင်းဆိုခဲ့သည်။

ဒီနေ့ ကမ္ဘာကြီးဟာ ကျုပ်တို့ရဲ့ တောင်းဆိုချက် မကြားရအောင် နားပိတ်နေပေမယ့် တစ်နှစ်အတွင်း နား နေလို့ မရအောင် ဖြစ်လာလိမ့်မယ်။ သုံးနှစ်လောက်အတွင်း နားမထောင်ဘဲ မနေနိုင်အောင် ဖြစ်လာလိမ့်မယ်။ နော ငါးနှစ် ခြောက်နှစ် အတွင်းမှာဆိုရင်၊ ဒီတောင်းဆိုချက် လိုက်လျောဖို့ စဉ်းစားလာရလိမ့်မယ်။ ကျုပ်တို့ကလဲ ကိုယ် နိုင်ငံတွေမှာ ကျုပ်အတွက် နေရာရဖို့ ကျုပ်တို့ရဲ့ တော ဆိုသံကို ကမ္ဘာက အသိအမှတ်မပြုဘဲ မနေနိုင်အော ကျယ်နိုင်သမျှ ကျယ်ကျယ်ကြီး ဟစ်အော်ပြီး တောင်း ရလိမ့်မယ်'

(ဟစ်တလာ၏ မိန့်ခွန်းများ အတွဲ ၂၊ စာမျက်နှာ ၁၃၃၄

ဟစ်တလာသည် ဤသို့ကြုံးဝါးရာ၌ သူ့ကိုယ်သူ ယုံကြ ချက် ရှိသောကြောင့် ဖြစ်သည်။ ပထမ ယုံကြည်ချက်မှာ ပြ တွင်း စစ်တပ် အင်အားမှာ တစ်နေ့တခြား ကြီးမား တောင့်တ လာနေသောကြောင့် ဖြစ်သည်။ ဒုတိယ ယုံကြည်ချက်မှာ ပြည် မဟာမိတ် ဝင်ရိုးတန်းစာချုပ်၏ ထိရောက်မှုကို သိထားသော ကြောင့် ဖြစ်သည်။

ပထမ ယုံကြည်ချက်အရ ယခုအခါ ဂျာမနီပြည်၏ စစ်အ အားမှာ သမိုင်းတစ်လျှောက်တွင် ဘယ်တုန်းကမျှ မတွေ့ဘူး မကြုံစဖူး အထူး ကြီးမား တောင့်တင်း လာနေသည်ကို တွေ့ သည်။ ယင်းသို့ ကြီးမား တောင့်တင်းရေးအတွက် ဟစ်တလာ ညာလက်ရုံး ဂိုးအားရင်းသည် နေ့ရောညပါ ကြိုးစားလုပ်ဆော ခဲ့သည်။ အထူးသဖြင့် စစ်နှင့် ပတ်သက်သော လက်နက် ခဲယမ်



မီးကျောက်နှင့် စစ်ပစ္စည်းကိရိယာများ ထုတ်လုပ်ရေးက ဦးစား ပေး၍ ဆောင်ရွက်လာခဲ့ရာ စစ်ကြီးဖြစ်ရန် ၂-နှစ်မျှ လိုသေးသည့် တိုင်အောင် ဂျာမနီပြည်သည် စစ်ဖြစ်နေသကဲ့သို့ တစ်တိုင်းပြည်လုံး စစ်စီးပွားရေးအသွင်မျိုး ဖြစ်နေသည်။ လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်သော အလုပ်ရုံများမှာ နေ့မီး ညမီး မပြတ်အောင် ရှိနေ သည်။

ဤနည်းဖြင့် တိုင်းပြည်၏ အလုပ်လက်မဲ့ ပြဿနာမှာလည်း အလိုအလျောက် တစ်စတစ်စ ပပျောက်လာခဲ့သည်။ အရွယ်ရောက် သူတိုင်းကို စစ်တပ်က ဆီးကြို၍ လက်ခံနေသည်။ အလုပ်လက်မဲ့ တိုင်းအတွက် စစ်ပစ္စည်း ထုတ်လုပ်ရာ စက်ရုံအလုပ်ရုံများက အလုပ် ပေးရန် အသင့်ရှိနေကြသည်။

ဤသို့အားဖြင့် ဂျာမန် တစ်မျိုးသားလုံးမှာ စစ်ရေးနိုင်ငံရေး စီးပွားရေးအားဖြင့် စိတ်ဓာတ် တက်ကြွကောင်းမွန်လျက် ရှိကြရာ၊ ရာခိုင်နှုန်းအားဖြင့် လူတစ်ရာလျှင် နှစ်ယောက်လောက်သာ မိမိ တစ်မျိုးသားလုံးသည် ဟစ်တလာ၏ စီးပွားရေး စီမံကိန်းအောက် တွင် သေပန်းပွင့် နေကြခြင်း ဖြစ်သည်ကို ရိပ်စားမိကြသည်။ 'ပြည်သူ့ဆန္ဒယူပွဲကြီး' တွင် ၉၈-ရာခိုင်နှုန်း ကျော်ကျော်က ဟစ်တ လာအား ထောက်ခံခဲ့ကြသည်ကို ကြည့်ပါ။

ဟစ်တလာ၏ ဒုတိယ ယုံကြည်ချက် ဖြစ်သော ဘာထင် ရောမ ဝင်ရိုးတန်း စာချုပ်မှာလည်း တစ်နေ့တခြား ပိုမိုခိုင်မြဲလာ သည်ကို တွေ့ရသည်။ ဤစာချုပ်၏ အရေးကြီးပုံကို သိထားသဖြင့် ဟစ်တလာသည် ၁၉၃၇-ခုနှစ် အတွင်း နာဇီ ခေါင်းဆောင်ကြီး များကို အီတလီသို့ အကြိမ်ကြိမ် စေလွှတ်ခဲ့သည်။ ထိုသို့ စေလွှတ် ချက်အရ ၁၉၃၇-ခုနှစ် ဇန်နဝါရီ လထဲတွင် ဂိုးအားရင်း၊ မေလ တွင် နိုင်ငံခြားရေးဝန်ကြီး နျူရက်၊ ဇွန်လတွင် စစ်ဝန်ကြီး ဘလွမ်း ဘတ်၊ အောက်တိုဘာလတွင် အထူးသံအမတ်ကြီး ရစ်ဘင်ထရော့ စသော ဂျာမန် အစိုးရ ခေါင်းဆောင်ကြီးများ တစ်ယောက်ပြီး တစ်ယောက် အီတလီသို့ သွားရောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ထိပ်တန်း ခေါင်းဆောင်ကြီးများအချင်းချင်း မကြာခဏ တွေ့ဆုံခဲ့ကြရုံမျှမက အီတလီ ဖက်ဆစ်အာဏာရှင် မူဆိုလီနီ ကိုယ်တိုင် ၁၉၃၇-ခုနှစ် စက်တင်ဘာလ ၂၃-ရက်နေ့တွင် ဘာလင်သို့ လာရောက်၍ ခေါင်းဆောင်ကြီး ဟစ်တလာနှင့် တွေ့ဆုံခဲ့သည်။

မူဆိုလီနီသည် ဟစ်တလာနှင့် တွေ့ဆုံရန်အတွက် 'အထူးစီစဉ်' ချုပ်လုပ်ထားသော ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်၍ ရောမလေဆိပ်သို့ ဆင်းခဲ့သည်။ အလားတူပင် ဟစ်တလာကလည်း မြူနစ်မြို့မှနေ၍ အထူးစီစဉ် ပြုလုပ်ထားသော စစ်ရေ ပြပွဲကြီး ဖြင့် မူဆိုလီနီအား ဂုဏ်ပြု ဧည့်ခံခဲ့ရာ မူဆိုလီနီမှာ သူ့တစ်သက်တာတွင် တစ်ခါဖူးမျှ မတွေ့ဖူး မမြင်ဖူး လောက်အောင် အင်အားကြီးမားလှသည့် ဂျာမန် လုံခြုံရေး တပ်မတော်ကြီးကို ကြည့်ရှု၍ အသက်ရှုမျှားပင် မှားမတတ် ဖြစ်ခဲ့ရသည်။ အလားတူ ဂျာမန်စက်ရုံ အလုပ်ရုံကြီးများမှ နေ့မီးညမီး မပြတ်အောင် စစ်ပစ္စည်းအသုံးအဆောင်များ ထုတ်လုပ်နေသည်ကိုလည်းကောင်း၊ ဘာလင်မြို့တွင် မိမိတို့ အာဏာရှင်နှစ်ဦး မိန့်ခွန်း ပြောအပြီးတွင် လူပေါင်း ၈-သိန်းခန့်တို့က မိုးချုန်းသကဲ့သို့ ထစ်ချုန်း မြည်ဟည်းသွားအောင် ကောင်းချီးသြဘာ ပေးကြသော အသံကြီးကို ကြားလိုက်ရသော အခါ မူဆိုလီနီမှာ နေ့ချင်းညချင်းပင် ဟစ်တလာကို ဆရာတင်မိလျက်သား ဖြစ်သွားခဲ့သည်။

ဤအတောအတွင်း ၁၉၃၇ ခုနှစ် မေလကုန်တွင် ဗြိတိန်ပြည် ဝန်ကြီးချုပ် ဘော်လင်ဒွင်၏ နေရာတွင် နဲဗီးလ်ချိန်ဘာလိန် တက်လာခဲ့သည်။ ဝန်ကြီးချုပ်သစ် ချိန်ဘာလိန်သည် ဝန်ကြီးဟောင်း ဘော်လင်ဒွင်နှင့် စာလျှင် လုပ်ရည်ကိုင်ရည် ပို၍ရှိသည်။ ဥရောပ အကြောင်း ပို၍ သိသည်။ သို့သော် ပါလီမန်ဒီမိုကရေစီ၏ အစဉ်အလာ အောက်တွင် ကြီးပြင်းလာခဲ့သော ချိန်ဘာလိန်မှာလည်း အာဏာရှင် မူဆိုလီနီနှင့် အာဏာရှင် ဟစ်တလာတို့နှစ်ဦး၏ အပေါ်တွင် လုပ်ရိုးလုပ်စဉ် သံတမန်နည်းဖြင့် ချဉ်းကပ်ခြင်းမှ တစ်ပါး အခြားဘာမျှ မလုပ်နိုင်ဘဲ ရှိခဲ့သည်။



ချိန်ဘာလိန်သည် ၁၉၃၇ ခုနှစ် နိုဝင်ဘာလတွင် လော့ဒ်ဟာလီ ဖက်စ်ကို ဘာလင်သို့ စေလွှတ်၍ ဟစ်တလာ၏ သဘောထားကို လေ့လာခိုင်းသည်။ ဟစ်တလာသည် ဗြိတိန်အစိုးရ ကိုယ်စားလှယ် လော့ဒ် ဟာလီဖက်စ်ကို လက်ခံတွေ့ဆုံဆွေးနွေးရာ၌ လောကွတ်ပျူငှာနှင့် ယဉ်ကျေးစွာ ရှိခဲ့သော်လည်း သူ့လိုလားချက်ကိုမူ အသေ ဆုပ်ကိုင်၍ထားခဲ့သည်။ ၎င်းလိုလားချက်မှာ ဂျာမန်ကိုလိုနီများကို ပြန်ပေးရန်ဖြစ်သည်။ ဤပြဿနာမှာ ဗြိတိန်နှင့် ဂျာမနီ နှစ်နိုင်ငံ ဖြေရှင်းရန် ကျန်နေသော အဓိက ပြဿနာကြီးဖြစ်ပါသည်' ဟူ၍လည်း ဟစ်တလာက တင်ပြလိုက်သေးသည်။

သို့ဖြစ်ရာ လော့ဒ် ဟာလီဖက်စ်က ဟစ်တလာ၏ တင်ပြတောင်းဆိုချက်နှင့် ပတ်သက်၍ ဗြိတိန်အစိုးရသည့် ပြေလည်အောင် ဆွေးနွေးဖြေရှင်းရန် အဆင်သင့်မရှိသေးပါ။ သို့သော် အကောင်းဆုံးသော လမ်းမှာ သံတမန် နည်းလမ်းများအရ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စေ့စပ် ဆွေးနွေးဖြေရှင်းသွားခြင်းဖြင့် ပြဿနာ ပြေလည်နိုင်ဖွယ်ရာ ရှိပါသည်ဟူ၍သာ မတင်မကျပြော၍ လန်ဒန်သို့ ပြန်လာခဲ့ရသည်။

စင်စစ်အားဖြင့် ဟစ်တလာ၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ ဗြိတိသျှ ဝန်ကြီးချုပ် ချိန်ဘာလိန်အဖို့ ပြေလည်အောင် ဖြေရှင်းရန် အဆင်သင့် မရှိသေးသော်လည်း ဟစ်တလာအဖို့မှာမူ 'အဆင်သင့်' ရှိနေပြီ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဗြိတိန်ကိုယ်စားလှယ် လော့ဒ်ဟာလီ ဖက်စ် ဘာလင်သို့ မရောက်မီကပင် ဟစ်တလာသည် ဤကိစ္စအတွက် အဆင်သင့် ပြင်ဆင်ထားပြီး ဖြစ်နေသည်။

နိုဝင်ဘာလ ၅ ရက်နေ့က ဖြစ်သည်။ ဝန်ကြီးချုပ် ခေါင်းဆောင်ကြီး ဟစ်တလာ၏ ရုံးခန်းတွင် အစည်းအဝေး တစ်ခု ကျင်းပခဲ့သည်။ ယင်း အစည်းအဝေးမှာ တံခါးပိတ်၍ ကျင်းပသော လျှို့ဝှက်အစည်းအဝေးဖြစ်သည်။ ထိုအစည်းအဝေးသို့ ဟစ်တလာ အပါအဝင် စုစုပေါင်း လူခြောက်ယောက်သာ တက်ခွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ငါးယောက်မှာ စစ်ဝန်ကြီးဘာလွန်းဘတ်၊ လေတပ်ဗိုလ်ချုပ်ကြ
ဂိုးအားရင်း၊ ရေတပ်ဗိုလ်ချုပ်ကြီး ရေဒါ၊ ကြည်းတပ်ဗိုလ်ချုပ်ကြ
ဖရစ်ချ်၊ နိုင်ငံခြားရေးဝန်ကြီး ချုရက်သ်နှင့် ဟစ်တလာ၏ အတွ
ရေး အတွင်းဝန်ဗိုလ်မှူးကြီး ဟော့စ်ဘတ်ချ်တို့ ဖြစ်သည်။

အစည်းအဝေးတွင် ဟစ်တလာက သူ့သဘောနှင့် အ
အစည်များကို ပွင့်ပွင့်လင်းလင်း တင်ပြသည်။ သူ့သဘောထား
ဂျာမန် အင်ပိုင်ယာကြီးကို မဖြစ်မနေ ထူထောင်မည်။ တစ်နည်
အားဖြင့်ဆိုလျှင် မိမိတို့ဂျာမန်အစိုးရသည် အခြားတိုင်းပြည်မျ
ကို တစ်နည်းမဟုတ် တစ်နည်း နယ်ချဲ့မှုဖြစ်မည်။ အဘယ့်ကြော
ဆိုသော် တစ်နေ့တခြား များပြားလာသော လူဦးရေအရ လည
ကောင်း၊ ကုန်ကြမ်းပစ္စည်း မလုံမလောက် ဖြစ်နေသော ဂျာ
စီးပွားရေး၊ ကုန်ထုတ်လုပ်မှုအရ လည်းကောင်း နယ်မချဲ့၍မဖြ
မသိမ်းပိုက်၍မဖြစ်၊ သို့ နယ်ချဲ့ သိမ်းပိုက်ရာတွင် ပင်လယ်ရပ်ခြာ
တိုင်းတစ်ပါးသို့ ဝေးဝေးလံလံ သွားစရာမလို။ မိမိတို့တိုင်းပြ
တစ်ဝိုက် ပတ်ပတ်လည်တွင် ဥရောပတိုက်ကြီးတစ်ခုလုံး ရှိနေသည
သို့ဖြစ်ရာ အိမ်နီးချင်းတိုင်းပြည်များကို ဝင်ရောက်သိမ်းပိုက်ခြင်းဖြ
မိမိတို့မှာ အရင်းနည်းနည်းနှင့် အမြတ်များများ ရနိုင်သည်။

ဟစ်တလာက သူ့သဘောထားကို အထက်ပါအတိုင်း ရှင်
ပြ၍ သူ့အကြံအစည်ကို အောက်ပါအတိုင်း တင်ပြခဲ့သည်။

"ဂျာမနီပြည်ကြီး ရဲ့ ပြဿနာကို ဖြေရှင်းရာမှာ အင်အားက
သုံးပြီးမှ ဖြေရှင်းလို့ရနိုင်မယ်။ ဒီလို အင်အားကို သုံးရာမှာလဲ အ
စွန့်ပြီး မလုပ်ဘဲ မရနိုင်ဘူး"

ဟစ်တလာ၏ သဘောထားနှင့် အကြံအစည်ကို အစည်း
အဝေး တက်ရောက်လာကြသော ပုဂ္ဂိုလ်ငါးဦးစလုံးက မည်သ
မျှ အငြင်းမပွားကြ၊ စောဒကမတက်ကြ၊ အိမ်နီးချင်း တိုင်းပြည
ကလေးများကို နယ်ချဲ့ သိမ်းပိုက်ရန် သဘောတူကြသည်။ ထို
သိမ်းပိုက်နယ်ချဲ့ရာတွင် အင်အားကို အသုံးပြုရန်လည်း ထောက်ခ
ကြသည်။ တစ်ဖန် အင်အားကို အသုံးပြုရာ၌ 'သေမြေကြီး၊ ရှင်
ရွှေထီး' ဆိုသလို အရဲစွန့်ရမည်ကိုလည်း လက်ခံကြသည်။



သို့သော် သူတို့တစ်တွေသည် ခေါင်းဆောင်ကြီးဟစ်တလာ၏
ပို၍တိကျသော ညွှန်ကြားချက်ကို ရယူလိုကြသည်။ ကြားနာ
ကြသည်။ သူတို့ ရယူ ကြားနာလိုကြသော ညွှန်ကြားချက်မှာ
ဆိုပါ အိမ်နီးချင်း တိုင်းပြည်ကလေးများ အပါအဝင် ဥရောပ
တိုက်မှ တိုင်းပြည်များကို ဘယ်တော့ ဝင်တိုက်မလဲ၊ ဘယ်လိုဝင်
သိမ်းမလဲ။

ဤ အခြေကိုမူ ခေါင်းဆောင်ကြီး ဟစ်တလာ ကိုယ်တိုင်
သောလောဆယ် မခြေနိုင်ဘဲ ရှိနေသေးသည်။ ဟစ်တလာသည်
ဤမေးခွန်းများ၏အဖြေကို သူကိုယ်တိုင် လက်တွေ့ကျကျ ဖြေဆိုရန်
သူ့ကိုယ်သူ ပြန်၍မေးမိသည်။

"ဘယ်တော့လဲ၊ ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



## ဟစ်တလာ သို့မဟုတ်၊ လူထဲကလူ

'ဟစ်တလာသည် ဘာ့ကြောင့် သူတွေအောင် ထူးချွန်လှသည့် စကားပြောကောင်းသူ တစ်ယောက် ဖြစ်ရသည်ကို ကျွန်ုပ်အား မကြာခဏ မေးလာကြပါသည်။ သူသည် သူ့ဆိုလိုချက်များကို အထောက်အကူ ရစေရန်အတွက် သူဖတ်ဖူးသော စာအုပ်များထဲမှ အမှားမှား အယွင်းယွင်း နားလည်ထားသော သဘောတရားများနှင့် အကိုးအကားများကို ထည့်သွင်း ပြောကြားရာ၌တောင် ရိုးတန်ရုံ လူတစ်ယောက်ထက် ဘာတစ်ခုမှ ထူးခြားလှသည် မဟုတ်ပါ။ သို့ရာတွင် ဤညံ့ဖျင်းချက် အပြစ်အနာအဆာများကို ဘေးဖယ်ထားပြီး၊ ပြောစရာရှိသည်များကို ရဲရဲရင့်ရင့် စိတ်ပါလက်ပါ ပြောဘတ်သည်ဖြစ်ရာ၊ သို့နှင့်ပင် သူသည် ဤရာစုနှစ်အတွင်း စကားပြော အကောင်းဆုံး ပုဂ္ဂိုလ်များထဲတွင် တစ်ယောက်အပါအဝင် ဖြစ်လာခဲ့ပါသည်။ အခေါ်ဖြင့် ဟစ်တလာသည် ခန်းမကြီးထဲသို့ ဝင်လာသည်။ သူသည် အခြေအနေကို အကဲခတ်လိုက်သည်။ မှောင်ထဲတွင် လမ်းစရှာသလို တစ်မိနစ်ခန့် ပတ်ဝန်းကျင်ကို သေးတိုးစမ်းကြည့်လိုက်သည်။ ထို့နောက် ဖြန်းခနဲ စကားကို အဆက်မပြတ် မရပ်တမ်း ပြောချလိုက်သည်။ သူ့စကားလုံးများသည်



ပစ်ကွင်းကို တည့်တည့်မှန်သော မြှားကဲ့သို့ ထိရောက်လှသည်။ သူသည် လူတိုင်း လူတိုင်း ခံစား နေကြရသော အချက်များကို တစ်ခုပြီးတစ်ခု တင်ပြသွားသည်။ အံမှတ်မထင် ဖြစ်နေသော လူထုကြီး၏ စိတ်ကို လှုံ့ဆော်နိုးဆွလိုက်သည်။ သူတို့စိတ်ထဲတွင် စွဲစွဲလမ်းလမ်း အာသာငန်းငန်း ဖြစ်နေသော မျှော်မှန်းချက်များကို ဖော်ထုတ်လိုက်သည်။ သူတို့နားထဲတွင် အကြားချင်ဆုံးသော စကားများကို ပြောချလိုက်သည်။

(အောဲ့တိုစထရက်ဆာရေး 'ကျွန်ုပ်နှင့် ဟစ်တလာ' စာမျက်နှာ ၇၄-၇၇)

စင်စစ်အားဖြင့် ဟစ်တလာသည် ဥပမိရုပ် ကောင်းသူတစ်ယောက်မဟုတ်၊ ကိုယ်လုံး ကိုယ်ပေါက် အရပ်အမောင်းအားဖြင့်သော် လည်းကောင်း၊ လှုပ်ရှားသွားလာသည့် ကိုယ်ဟန် အမူအရာအားဖြင့်သော်လည်းကောင်း၊ ဘာတစ်ခုမှ ထူးထူးခြားခြားမရှိ၊ စူးရှထက်မြက်လှသော မျက်လုံးများမှအပ သူ၏ တိုနံ့နံ့ နှုတ်ခမ်းမွေးနှင့် နဖူးတစ်ခြမ်းပေါ်သို့ ဖုံးအုပ်နေသည့် ဆံပင်များကလည်း သူ့ရုပ်လက္ခဏာကို ပို၍ စိတ်ဝင်စားစရာ ကောင်းလောက်အောင် ဆွဲဆောင်နိုင်ခြင်း မရှိခဲ့။

သူ့မှာ ထူးခြားသည့် စွမ်းပကားတစ်ခုသာ ရှိသည်။ ထိုစွမ်းပကားမှာ အခြားမဟုတ်၊ စကားပြောကောင်းခြင်း၊ တရားဟော ကောင်းခြင်းပေတည်း။

စကားပြောကောင်းသည် ဆိုရာ၌ အကြောင်းအရာ အချက်အလက်ကောင်းသည်ထက် စိတ်ပါလက်ပါ ပြောစရာရှိသမျှ အသားဝင်အောင် ပြောတတ်ခြင်းကို ဆိုလိုသည်။ သာမန် နားထောင်သူ အခါလေးအား အင်အားအကြီးဆုံး ပါတီကြီးအဖြစ်သို့ ရောက်စေရန်နှင့် ဟစ်တလာအား မထင်မရှား ခြေသလုံးအိမ်တိုင် ဘာဝေရီယာ တိုင်းပြည်၏ အထွတ်အထိပ် အဖြစ်သို့ ရောက်စေရန် တွန်းထိုးပို့

www.burmeseclassic.com

ဆောင်ပေးလိုက်ရာတွင် ဟစ်တလာ၏ စကားပြော ကောင်းခြင်းသည် အကြောင်းရင်းတစ်ရပ် ဖြစ်သည်။

သူသည် စကားပြောရာ၌ ဘယ်တော့မှ စိတ်မပါသည့်ဟန် အမူအရာမျိုးမရှိ၊ သူကိုယ်တိုင်က သူပြောသည့်စကားထဲတွင် သူ့ကိုယ်သူ နှစ်မြှုပ်ထားသလို ပြောလေ့ရှိရာ နားထောင်ရသော ပရိသတ်ကြီးမှာလည်း သူ့စကားနောက်သို့ မြော၍ လိုက်ပါသွားရသည်ချည်း ဖြစ်ကြသည်။

တစ်ခါတစ်ရံ သူသည် စိတ်ရောကိုယ်ပါ ရှိလှန်းလှသည့်ဖြစ်ရာ သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ဒေါသအိုးပေါက်ကွဲသလို ငုန်းခနဲ ဒိုင်းခနဲ ဖြစ်လာတတ်သည်။ ဤအခါမျိုးတွင် သူ့တစ်ကိုယ်လုံးမှာ ဒေါသအဟုန်ကြောင့် တဆတ်ဆတ် တုန်နေသည်။ မျက်နှာပေါ်မှ ချွေးသီးချွေးပေါက်များမှာ နှင်းကျသလို တစ်ပေါက်ပေါက်ကျလာသည်။ သူ့အသံမှာ ကျားဟိန်းသလို မြည်ဟိန်းနေသည်။ လက်နှစ်ဖက်မှာ ဟိုဟိုသည်သည် ဆန့်ဘန်း လှုပ်ယမ်းလျက် ရှိသည်။ တစ်ခါတစ်ခါ သူ့ရှေ့မှ စားပွဲကို လက်သီးနှင့် ဒုန်းခနဲ ထုလိုက်သည်။ ထို့နောက် ဖြုန်းခနဲ ပြောလက်စ စကားကို ရပ်ပစ်လိုက်သည်။ ပြီးလျှင် သူသည် နဖူးပေါ်မှ တစ်ဆင့် မျက်လုံးများကို ဖုံးအုပ်နေသော ဆံပင်များကို လက်ဖြင့် အသာအယာ သပ်၍ ဖယ်ရှားလိုက်သည်။ တစ်ဖန် အင်္ကျီကော်လာကို ဣန္ဒြေရရ ပြင်လိုက်ပြီးမှ စကားကို ပြန်ဆက်သည်။ သို့သော် ယခုတစ်ကြိမ်တွင်မူ သူ့အသံသည် စောစောကအသံနှင့်လုံးဝမတူတော့၊ ပကတိ အေးအေးတည်ငြိမ်လှသော အသံမျိုး ဖြစ်နေသည်ကို တွေ့ရပြန်သည်။

ရုတ်တရက်အားဖြင့် လူကိုမမြင်ရဘဲ အသံကိုသာကြားနေရပါက စောစောက ကျားဟိန်းသလို ဟိန်းနေသူနှင့် ယခု သိုးငယ်ကလေးပမာ နူးညံ့စွာ ပြောဆိုနေသူမှာ တစ်ယောက်တည်းပါဟု ယုံနိုင်စရာ လုံးဝမရှိအောင် ဖြစ်နေသည်။ ဤသို့ဖြင့် ဟစ်တလာသည် တရားပွဲတိုင်းတွင် ထောင်ပေါင်းများစွာသော ပရိသတ်ကြီး၏ စိတ်ကို ညှို့ငင်ဆွဲခေါ်သွားလေ့ရှိသည်။



ထို့ပြင် ဟစ်တလာသည် လူ့သဘော လူ့စရိုက်ကို ကောင်းစွာ ကောင်းကြီး သိနားလည်သူတစ်ဦး ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် လူတို့မည်သည် ခမ်းနားသော ကြီးကျယ်သော မြင်ကွင်းများကို ပို၍ အာရုံစူးစိုက် စိတ်ပါဝင်စားကြသည် ဖြစ်ရာ ဟစ်တလာသည် သူ၏ နာဇီတရားပွဲများကို အမြဲတမ်းလိုလို ခမ်းနားကြီးကျယ်စွာ ပြင်ဆင် မွမ်းမံလေ့ရှိသည်။ တရားပွဲ စင်မြင့်ကိုလည်း ကြီးမားသော နောက်ခံ စကြာတံဆိပ်အလံကြီးဖြင့် အဝေးကပင် မြင်နိုင်အောင် တပ်ဆင်ထားသည်။ ဂျာမန် လူမျိုးတို့၏ အထိမ်းအမှတ်ဖြစ်သော လင်းယုန်ရုပ်ကြီးများကိုလည်း ရွှေရောင် တလက်လက်ဖြင့် မွမ်းမံ၍ နာဇီ တပ်သားများကို ကိုင်စွဲ ချီတက်စေသည်။ သူ တရားပွဲ ကျင်းပရာ နေရာတိုင်းတွင် ထောင်ပေါင်းများလှစွာသော နာဇီ တပ်ဖွဲ့ဝင်များနှင့်အတူ စကြာ အလံများ၊ လင်းယုန်တံဆိပ်ကြီးများနှင့် အခြား ဂျာမန်ရှေးဟောင်း စစ်သည်တော်တို့ကိုင်စွဲကြသည့် အောင်တံခွန်များမှာ ပရိသတ်ကြီး၏ ခေါင်းပေါ်တွင် နီနီရဲရဲ ပြိုးပြိုးပြက်ပြက်ဖြင့် အရောင်တလက်လက် ထိုးထွက်နေသည်ကို အဝေးကပင် မြင်ကြရသည်။

ဟစ်တလာသည် နာဇီပါတီ၏ အလံဖြစ်သော စကြာအလံ အရောင်ရွေးချယ်သည်ကအစ ဂရုတစိုက် ရွေးချယ်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ နောက်ခံ အနီရောင်ကို အသုံးပြုခြင်းမှာ မြင်ရသူတို့၏ စိတ်ဓာတ်ကို တက်ကြွစေရန်အပြင် ကွန်မြူနစ်များ၏ အလံနီကိုလည်း သရုပ်ပျက် သွားစေရန် တမင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ အဖြူဝိုင်းအတွင်းမှ အနက်ရောင် စကြာ တံဆိပ်မှာလည်း မြင်ရသူတိုင်းအဖို့ ထင်းကနဲ ရှင်းကနဲ အလွယ်တကူ မှတ်မိသိသာအောင် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် သူ့တရားပွဲမစမီ နာဇီလုံခြုံရေးနှင့် မုန်တိုင်းတပ်သား ထောင်ပေါင်းများစွာတို့က စစ်ချီသီချင်းများကို သံပြိုင်ဆို၍ ချီတက်၍ စစ်ရေးပြခြင်းများ ပြုလုပ်ကြသည်ဖြစ်ရာ ပရိသတ်ကြီးမှာ အခြား နိုင်ငံရေး တရားပွဲများကဲ့သို့ တရားမဟောမီ ပျင်းရိငွေ့မငြီးနေတော့ဘဲ မြူးတူးတက်ကြွနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နျူရင်ဘတ်မြို့တွင် နိုင်ငံရေးတရားပွဲကြီးများ၊ ပါတီ အ
အား ပြပွဲကြီးများနှင့် ဟစ်တလာ၏ ဗိုလ်ရှုခံ အခမ်းအနား
မကြာခဏ တက်ရောက်ခဲ့ရသော ဗြိတိသျှသံအမတ် ဟင်ဒါဆင်
အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ကျွန်ုပ်သည် စိန့်ပီတာစဘတ်မြို့ (ရုရှားပြည်) တွ
စစ်မဖြစ်မီက ခြောက်နှစ်ခန့် နေခဲ့ဖူးရာ ခမ်းနားကြီးကျ
လှသော ရုရှားဘဲလေး ကပွဲကြီးများကို ကြည့်ခဲ့ရဖူး
သည်။ သို့သော် နျူရင်ဘတ်မြို့တွင် နာဇီပါတီ၏ စစ်ရေး
ဗိုလ်ရှုသဘင် အခမ်းအနားများမှာ ထိုရုရှားဘဲလေး
သဘင်ကြီးများထက် ပို၍ ကြီးကျယ်ခမ်းနားပြီး လှပ
ကြယ်သည်ကို တွေ့ရပါသည်"

(ဆာဟင်ဒါဆင်ရေး "ကိုယ်စားလှယ်တစ်ဦး
မအောင်မြင်မှု" စာမျက်နှာ-၇၁

ဟစ်တလာသည် တရားပွဲများတွင် အခြားသူများနှင့်အ
ဟောပြောရမည်ဆိုပါက နောက်ဆုံးမှ ဟောပြောလေ့ ရှိသည်
အခြားသူများအားလုံး ဟောပြောအပြီးတွင် နာဇီဘင်ခရာ တီးဝိုင်း
အဖွဲ့က စစ်ချီသီချင်း တစ်ပုဒ်ကို ဘင်သံကြီးများ တဒိုင်းဒိုင်း
မိုးခြိမ်းသလို တီးမှုတ်ကြသည်။ ထို့နောက် တီးဝိုင်းအဖွဲ့မှ
တရက် တီးမှုတ်သံများ ရပ်ပစ်လိုက်သည်နှင့် တစ်ပြိုင်နက်
လုံခြုံရေးတပ်ဖွဲ့ဝင် ရှပ်နက်တပ်သား နှစ်ယောက်တို့ လူအုပ်ကြီး
ပြေးဆင်းလာပြီး အလယ်မင်းလမ်းတစ်လျှောက်မှ လူများကို
သို့ ဖယ်ခိုင်းကြသည်။

ချက်ချင်းဆိုသလို မီးမောင်းကြီးများ ဝင်းခနဲ လင်း
ပြီး ဟစ်တလာသည် မင်းလမ်းအတိုင်း တရားဟော စင်မြင့်ရှိရာ
ခပ်သုတ်သုတ် လျှောက်လာသည်။ မင်းလမ်းတစ်လျှောက်
လျှောက်လာရာ နောက်သို့ မီးမောင်းကြီးများက အဆက်မပြ



လိုက်၍ ထိုးပြနေသည်။ ဤအတောအတွင်း ဟေး ဟစ်တလာ၊
ဟေး ဟစ်တလာ ဟူသော အသံများမှာ လူအုပ်ကြီးများထဲမှ နား
ကွဲလုမတတ် အဆက်မပြတ် ထွက်ပေါ်နေသည်။

ဟစ်တလာသည် မင်းလမ်းဘေးတစ်လျှောက်မှ လူများကို
ခေါင်းတညိတ်ညိတ်ဖြင့် ပြုံး၍ နှုတ်ဆက်ရင်း စင်မြင့်ဆီသို့ ရောက်
သွားသည်။ ထို့နောက် သူသည် အသံချဲ့စက်ရှေ့သို့ သွားရပ်ကာ
လက်တစ်ဖက်ကို မသိမသာ မြှောက်ပြလိုက်ရာ စင်မြင့်အောက်မှ
ဟစ်အော်ကြွေးကြော်နေကြသော အသံများမှာ မီးကိုရေနှင့်ငြိမ်း
သလို ချက်ချင်း ငြိမ်ကျသွားသည်။

သူသည် ပရိသတ်ကို တစ်ချက်မျှ ငဲ့၍ကြည့်ကာ အကဲခတ်
လိုက်သည်။ နောက် စကားစ၍ ပြောသည်။ သူ့အသံသည် နိမ့်
ရာမှ တဖြည်းဖြည်း မြင့်လာသည်။ ခပ်တိုးတိုး ခပ်မှန်မှန်ပြောရာမှ
တစ်စတစ်စ ကျယ်လာသည်၊ မြန်လာသည်။ ပြောရင်း ဟောရင်း
ဖြင့် သူ့ပါးစပ်မှ စက်သေနတ်ပစ်သလို အဆက်မပြတ် ထွက်လာ
သော စကားလုံးများသည် စင်မြင့်အောက်မှ ပရိသတ်ကြီး၏ နား
ထဲသို့ တစ်လုံးပြီးတစ်လုံး ပစ်သွင်းသလို ဝင်သွားသည်။ ပြောရင်း
ဟောရင်းဖြင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။
ခေါင်းရော လက်ပါ အငြိမ်မနေဘဲ လှုပ်ရှား ဝေ့ယမ်းနေသည်။ သူ
သည် သူ၏ရန်သူ၊ နာဇီပါတီ၏ရန်သူ၊ ဂျာမနီ၏ ရန်သူမှန်သမျှကို
တစ်ယောက်မကျန် ရစရာမရှိအောင် ပုတ်ခတ်သည်၊ ရက်ရက်စက်
စက် ချေမှုန်းသည်၊ နာလန်မထူနိုင်အောင် နှိမ်နင်းသည်။ စကား
လုံးတိုင်းမှာ ခြိမ်းခြောက်မှုများ၊ ဟိန်းဟောက်မှုများ၊ ကြုံးဝါးမှု
များ၊ ကြိမ်းဆဲမှုများဖြင့် ဖုံးလွှမ်းနေသည်။

နောက်ဆုံး ဖြုန်းခနဲ စကားကိုဖြတ်၍ တရားပွဲကို ရပ်
လိုက်ရာ ထောင်သောင်းမက များလှစွာသော လူအုပ်ကြီး၏ 'ဟေး
ဟစ်တလာ၊ ဟေး ဟစ်တလာ၊ ဟေး ဟစ်တလာ' ဟူသော ကြွေး
ကြော်သံ လှိုင်းလုံးကြီးများအောက်တွင် သူ၏ရန်သူ၊ နာဇီပါတီ၏
ရန်သူ၊ ဂျာမနီ၏ ရန်သူများသည် ဒလိမ့်ခေါက်ကွေး မျှောပါ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့သည်။ အင်္ဂလိပ်များ၊ ပြင်သစ်များ၊ ကွန်မြူနစ်များ၊ ဂျူးများ။

ဤကား လူ့သမိုင်းတစ်လျှောက်တွင်စကားမပြောအကောင်းဆုံး၊ တရားဟော အကောင်းဆုံး ပုဂ္ဂိုလ်ကြီးများထဲတွင် တစ်ယောက် အပါအဝင် ဖြစ်သော နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏ စကားပြောနည်း နိဿယည်းပေတည်း။

BURMESE CLASSIC .com

ဟစ်တလာသည် စင်မြင့်ပေါ်တွင်သာ သူ့ရန်သူများကို ရက်ရက်စက်စက် ချေမှုန်းသုတ်သင်ခဲ့သည် မဟုတ်၊ သူ နေ့စဉ် အလုပ်လုပ်နေသော ရုံးခန်းတွင်လည်းကောင်း၊ စည်းဝေးခန်းထဲတွင်လည်းကောင်း၊ ဧည့်ခန်းထဲတွင်လည်းကောင်း၊ သူ့ကို ဆန့်ကျင်သူများ၊ အတိုက်အခံပြောသူများ၊ အမိန့်မနာခံသူများကိုလည်း ပစ်ပစ်ခါခါ ရစရာမရှိအောင် မာန်မဲကြိမ်းမောင်းတတ်သည်။ ဤအခါမျိုးတွင် သူ၏ စူးရှထက်မြက်လှသော မျက်လုံးအစုံတို့မှာ တစ်ဖက်လူ၏ ခန္ဓာကိုယ်တွင်းသို့ ထိုးဖောက် ဝင်ရောက်သွားတော့မတတ် ဖြစ်လာသည်။ လူခလေးငါးယောက် ရှိနေသည့် ရုံးခန်းသို့မဟုတ် စည်းဝေးခန်းမင်ဖြစ်စေကာမူ သူစိတ်ဆိုး၍ ဒေါသအိုးပေါက်ကွဲလာသည့်အခါ သူ့အသံမှာ လူ ထောင်ပေါင်းသောင်းကိုအောင်ဟစ်ပြောဆိုနေသကဲ့သို့ ကျယ်လောင် မြည်ဟိန်းနေတတ်သည်။ သူ့အသံမှာ ကျားဟိန်းသလို ဟိန်းနေသည်နှင့်အမျှ သူ့အမူအရာမှာ တစ်ဖက်သားကို အစိမ်းလိုက်စားတော့မတတ် ဝါးတော့မတတ် ဖြစ်လာသည်။ ဤနည်းအားဖြင့် သူသည် သူ့ကိုဆန့်ကျင်သူများ၊ အာခံသူများအား နေစရာမရှိအောင် ဟိန်းဟောက် ခြိမ်းခြောက်၍ အနိုင်ယူတတ်သည်။

သူသည် လူထုကြီးကို ချုပ်ကိုင်ထားရာ၌လည်း ပထမနည်းအားဖြင့် အစွမ်းကုန် ဝါဒဖြန့်သည့်နည်းကို သုံး၍ ဒုတိယနည်းအားဖြင့် အစွမ်းကုန် ဝါဒဖြန့်သည့်နည်းကို သုံး၍ ဒုတိယနည်းအားဖြင့် အစွမ်းကုန် ခြိမ်းခြောက် ဟိန်းဟောက်သည့်နည်းကို သုံးခဲ့သည်။ တစ်ဖက်တွင် သူနှင့် သူခေါင်းဆောင်သော နာဇီပါတီကသာလျှင် ဂျာမန် တစ်မျိုးသားလုံးကို ကြီးကျယ်မြင့်မြတ်သော အဖြစ်သို့



ရောက်အောင်နိုင်သည်ဟူ၍ ထင်မှတ်လာအောင် စိတ်ဓာတ်စစ်ဆင်ရေးသုံးခဲ့သည့်နည်းတူ အခြားတစ်ဖက်မှ သူ့ကိုဆန့်ကျင်သော အင်အားစုများနှင့် နာဇီပါတီကိုမထောက်ခံသူ မှန်သမျှကို ရက်ရက်စက်စက် လက်စတုံးအောင် ချေမှုန်းနှိမ်နင်းပစ်ခဲ့သည်။

ကမ္ဘာ့နိုင်ငံရေး သမိုင်းတစ်လျှောက်တွင် ဟစ်တလာ နာဇီပါတီလောက် စိတ်ဓာတ်စစ်ဆင်ရေးကို ကြီးကျယ်ထိရောက်အောင် အသုံးပြုခဲ့သည့် ပါတီဟူ၍ မရှိခဲ့သေးကြောင်းဖြင့် သမိုင်းသုတေသီ ဆရာတို့က တညီတညွတ်တည်း ကောက်ချက်ချခဲ့ကြရသည်။ စင်စစ် ဟစ်တလာနှင့် သူ၏ နာဇီခေါင်းဆောင်များသည် ဝါဒဖြန့်ချိရေး အကြွမ်းဖက်အုပ်စိုးမှုတို့ကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျအောင် အသုံးပြုခဲ့သူများ ဖြစ်ကြသည်။

ဟစ်တလာ၏ အခြားဝိသေသတစ်ခုမှာ အရေးကြီးသော အခြေအနေမှန်သမျှ၊ ခြေလှမ်းမှန်သမျှကို အလစ်တွင် ရုတ်တရက် လုပ်တတ်ခြင်းပင် ဖြစ်သည်။ သူသည် တစ်ဖက်ရန်သူက မမျှော်လင့်သောအချိန်တွင် မမျှော်လင့်သောအလုပ်တစ်ခုကို ကြုံးခနဲ လုပ်လိုက်ခြင်းဖြင့် ရန်သူကို အငိုက်မိအောင် ဖမ်းတတ်သည်။ ဤသည်မှာလည်း စိတ်ဓာတ်စစ်ဆင်ရေးတစ်မျိုးပင်ဖြစ်သည်။ နိုင်ငံရေးတွင်လည်းကောင်း၊ စစ်ရေးတွင်လည်းကောင်း၊ သံတမန်ဆက်ဆံရေးများတွင်လည်းကောင်း၊ မမျှော်လင့်သော လုပ်ငန်း၊ မမျှော်လင့်သောတိုက်ပွဲနှင့် မမျှော်လင့်သော စကားများကို ရုတ်တရက် အသုံးပြုလိုက်ခြင်းဖြင့် တစ်ဖက်သားကို မလှုပ်နိုင်၊ မယှက်နိုင်အောင် ဖြစ်သွားစေခဲ့သည်။

ထို့ပြင် ဟစ်တလာသည် သူနှင့်ရင်ဆိုင်ရသော ရန်သူသည် ညံ့သည့်နေရာတွင် အင်အားကောင်းသည်၊ မည်သည့်အချက်တွင် ညံ့သည်၊ စသည်တို့ကိုလည်း ကောင်းစွာ အကဲခတ်တတ်သည်။ မည်သည့်ရန်သူကို အရင်တိုက်ရမည်၊ မည်သည့်ရန်သူကို နောက်မှတိုက်ရမည်ကိုလည်း မှန်မှန်ကန်ကန် ချိန်ဆတတ်သည်။ ...သည် သူ၏ အဓိကရန်သူဖြစ်သော ဆိုဗီယက် ရုရှား၏ အင်အားကြီးမားမှုကို ဂရုပြုမိသဖြင့် အင်အားပျော့ညံ့သော ပိုလန်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com

သော ပြင်သစ်နှင့် အင်္ဂလိပ်တို့ကို အရင်ဝင်တိုက်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့မတိုက်မီ အင်္ဂလိပ်နှင့်ပြင်သစ်တို့က ကွန်မြူနစ်ဝါဒကို အလ ကြီး လန့်နေကြောင်း သိသဖြင့် ဆိုဗီယက် ရုရှားနှင့် မရမ မဟာမိတ် စာချုပ်ချုပ်ထား အင်္ဂလိပ်နှင့်ပြင်သစ်တို့ကို ခြောက်လှ ခဲ့သေးသည်။ ဤသို့ဖြင့် ဟစ်တလာသည် နိုင်ငံရေး ကျားကစား တွင် 'ကွက်ကျော်'ရိုက်၍ ရန်သူများကို လှည့်စားနိုင်ခဲ့သူဖြစ်သည်

အထူးသဖြင့် ဂျာမန် တစ်မျိုးသားလုံးအား တစ်စသ တစ်သံ၊ တစ်မိန့် အာဏာရှင်စနစ် အောင်တွင် အခိုင်အမာစုစည် ခဲ့ရာ၌ ဟစ်တလာသည် အခြား ဂျာမန်နိုင်ငံရေးခေါင်းဆောင်မျာ ထက် ပို၍ ဂျာမနီပြည်ကြီးအကြောင်းနှင့် ဂျာမန်လူမျိုးတို့၏ စိ ဓာတ်ကို သိနားလည်သူတစ်ဦး ဖြစ်သည်။ သူသည် ယနေ့ ဂျာမ လူမျိုးတို့ ဘာကို လိုလားနေသည်၊ ဘာကိုတောင့်တနေသည်၊ ဘာ မကျေမနပ်ဖြစ်နေကြသည် စသည်များကို ဘယ်နိုင်ငံရေးသမားနှ မှ မတူအောင် သိနားလည်ထားခဲ့သည်။ သို့ဖြစ်၍လည်း အခြားနိုင် ရေး ခေါင်းဆောင်များက နိုင်ငံရေးဝေါဟာရ စကားကြီး စကာ ကျယ်များကို သုံး၍ အနာဂတ် မျှော်မှန်းချက်များကို ပေးနေခ ၌ ဟစ်တလာသည် လောလောဆယ် အလုပ်အကိုင်မရှိ၊ စားစရာ ဝတ်စရာ နေရာမရှိဖြစ်နေသော ဂျာမန်လူရွယ် လူငယ်များကိုအစာ အစာကျွေး၍ ရှပ်ညိုရှပ်နက် ယူနီဖောင်းများ ဝတ်ဆင်ပေးပြ နာဇီတပ်ဖွဲ့များထဲသို့ တဖွဲဖွဲသွင်းပေးခဲ့ခြင်း ဖြစ်သည်။ ဤနည်းဖြ ရှုပ်ထွေးခက်ခဲလှသော ပြဿနာကို အလွယ်ဆုံးနည်းဖြင့် ဖြေရှ ပေးခဲ့သည်။

ဂျာမန်အမျိုးသားဘက်ကြီး၏ ဥက္ကဋ္ဌဖြစ်သူ စချားချက် ဟစ်တလာသည် အခြားသူများအဖို့ ဖြေရှင်းမရလောက်အော ရှုပ်ထွေးနေသော ပြဿနာများကို အံ့သြစရာ ကောင်းအော အလွယ်တကူ ဖြေရှင်းပေးခဲ့သည်။ သူသည် နည်းလမ်းသစ်မျ တီထွင်ကြံဆရာ၌ ပါရမီရှိသူတစ်ဦး ဖြစ်သည်။ သူ့ဖြေရှ ချက်များမှာ ကြမ်းတမ်းရက်စက်လှသည်ဟု ဆိုနိုင်သော်လည် များသောအားဖြင့် ထိရောက်ခဲ့သည်ဟူ၍ မှတ်ချက်ချဖူးသည်။



ဤအချက်နှင့် စပ်လျဉ်း၍ ဟစ်တလာကိုယ်တိုင် ပြင်သစ် သင်းစာဆရာတစ်ယောက်ကို တစ်ခါက ဤသို့ ပြောခဲ့ဖူးသည်။

"ကျုပ် အခုလို အောင်မြင်လာတာတွေဟာ ဆန်းကျယ် နက်နဲတဲ့ ဖန်တီးမှုကြောင့်လို့ တချို့က ပြောနေကြတယ်။ တစ်နည်းအားဖြင့် လွယ်လွယ် ပြောရရင် ကျုပ်ဟာ ကံ ကောင်းတဲ့ လူတစ်ယောက်မို့ ဒီလိုအောင်မြင်လာတာပဲလို့ ဆိုကြတယ်။ အဲဒီတော့ ကျုပ် အခု ဒီနေရာမျိုးကို ဘာ့ ကြောင့် ရောက်ရှိလာတယ်ဆိုတာ ခင်ဗျားကို ကျုပ်ပြောပြ မယ်။ တကယ်က ကျုပ်တို့ နိုင်ငံရေးပြဿနာတွေဟာ အင် မတန် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတယ်။ ဒါကို ဂျာမန်လူမျိုး မတွေ့ကလဲ ဘာမှ မတတ်နိုင်ကြဘူး၊ ဒီအခြေအနေမျိုးမှာ ဒီလို ရှုပ်ထွေး ပွေလီနေတဲ့ ဘဝက လွတ်မြောက်အောင် နိုင်ငံရေးသမားတွေက လုပ်ပေးလိမ့်မယ်လို့ အမျှော်လင့်ကြီး မျှော်လင့်နေကြတယ်၊ ဒီအခါမျိုးမှာတစ်ဖက်ကနေပြီး ကျုပ် က ပြဿနာတွေအားလုံးကို ရှင်းအောင်လုပ်ပေးပြီး အလွယ် ဆုံးဖြစ်အောင် ဖန်တီး ပေးလိုက်တယ်။ ဒါကို လူထုကြီးက သဘောပေါက်ပြီး ကျုပ်ခေါင်းဆောင်မှုနောက်ကို လိုက်ကြ တာပါပဲ"

(ဟစ်တလာ၏ မိန့်ခွန်းများ အတွဲ ၂၊
စာမျက်နှာ ၀၂၆၆)

ဟစ်တလာသည် သူ့တဲရားပွဲများကိုသာခမ်းနားအောင် ပြင် သည်မဟုတ်။ သူနေထိုင်ရာအိမ် သူအလုပ်လုပ်ရာ ရုံးနှင့် သူညှော်ခံ ညှိခန်းများကိုလည်း တခမ်းတနား ပြင်ဆင်ထားလေ့ရှိသည်။ သူသည် အာဏာရလာပြီးနောက် သူ့ရုံးခန်းနှင့် အိမ်ကြ ကြီးကျယ်ခမ်းနားအောင် မွမ်းမံ ပြင်ဆင်ခဲ့သည်။ သူသည် း ကျယ်ကြီးများကို အလွန်နှစ်သက်သည်။ ကော်ဇော ကြီး ကိုလည်း သဘောကျသည်။ တဖိတ်ဖိတ် အရောင်တောက်၍

www.burmeseclassic.com

www.burmeseclassic.com





ပြောင်လက်သော စားပွဲကြီးများကို ကြိုက်သည်။ သူ့ရုံးခန်း ညှိခန်းများမှ အဆိုပါ စားပွဲကြီးများပေါ်တွင် အမြဲတမ်း ဆက်သော ပန်းများကို လှပသည့် ပန်းအိုးကြီးများဖြင့် စိုက် ထားကြရသည်။

သူ့ညှိခန်းတွင် 'ရေမြေ့ရှင့်ဖရက်ဒရစ်ဘုရင်ကြီး' ပုံတူ ကြီး ချိတ်ဆွဲထားသည်။ သူသည် ဂရိတ်၊ ရောမ စသော ရှေး သရုပ်ဖော် ပန်းချီကားများကိုသာ နှစ်သက်၍ ခေတ်သစ်စိတ္တ ပန်းချီများကိုမူ လွန်စွာမုန်းသည်။ တစ်ခါက ၁၉၃၇- တွင် ဂျာမန်အနုပညာပြခန်းကြီး ဖွင့်လှစ်ရန် စီစဉ်ခဲ့ရာ ထိုပြခန်း တွင် ချိတ်ဆွဲပြသရန်အတွက် အကဲဖြတ်လူကြီးများ ရွေးချယ် ကြသော စိတ္တဇ ပန်းချီကားများကို ဟစ်တလာက ရစရာ အောင် ပုတ်ခတ်ပြောဆိုကာ ပယ်ပစ်ခဲ့ဖူးသည်။

သူသည် ဂီတ ရုပ်ရှင် စသည့် အနုပညာများကိုလည်း ဝါသနာပါသူတစ်ဦး ဖြစ်သည်။ ကွယ်လွန်သူ ဂျာမန်ဂီတပညာ ရှင်ကြီး ဝဂ္ဂနာ(၁၈၁၃-၈၃)အား ဂုဏ်ပြုသည့် အခမ်းအနား နှစ်စဉ်တက်ရောက်၍ ထိုဆရာကြီး စပ်ဆိုသီကုံးခဲ့သော သီချင်း သီချင်းခန့်များကို စိတ်ပါဝင်စားစွာ နားထောင်ခဲ့သည်။ ရုပ် နှင့် ပတ်သက်၍လည်း ဝါသနာပါသူတစ်ဦးဖြစ်ရာ သူနှင့် ဂိုး တို့သည် နိုင်ငံရေး တိုက်ပွဲများ ပြင်းထန်နေသည့် ၁၉၂၇- အတွင်းကပင်လျှင် ရုပ်ရှင်ရုံများသို့ မကြာခဏလာ၍ သွားကြ ကြသည်။ သူ အာဏာရပြီး သူ၏ ဝန်ကြီးချုပ်ရုံးခန်းကို ပြင်ဆော ရာတွင် ရုပ်ရှင်ကြည့်သည့် အခန်းတစ်ခုကို ရုပ်ရှင်ပြစက်များ၊ ပိတ် ကားများတပ်ဆင်၍ ထည့်သွင်း ဆောက်လုပ်ခဲ့သည်။ ၎င်းရုပ် ပြခန်းထဲမှာပင် ဂျာမနီပြည်၌ မပြရဟု ပိတ်ပင်ထားသော နိုင်ငံခြား ရုပ်ရှင်ကားများကို မကြာခဏ ကြည့်လေ့ရှိသည်။

သူသည် ဇိမ်ခံပစ္စည်းအသုံးအဆောင်များကို အထူးနှစ်သ ကတ်သူဖြစ်ရာ သူနှင့် ရင်းရင်းနှီးနှီး လက်ပွန်းတတီး နေခဲ့ဖူး ရော့ချ်နင်းဆိုသူက 'ပါးစပ်က တော်လှန်ရေးစကားပြောပြီး အသ အထိုင်မှာ ဓနရှင်ပေါက်စ ဆန်သည်' ဟူ၍ မှတ်ချက်ချခဲ့ဖူးသည်။

သို့သော် သူသည် ဆိုရှယ်ပွဲများ၊ မွေးနေ့ပါတီညစာပွဲများ စသည့်တို့ကိုမူ ရှောင်နိုင်သမျှ ရှောင်လေ့ရှိသည်။ အဝတ်အစား ကိုလည်း တစ်ခါနှင့်တစ်ခါ ထူးထူးခြားခြား ပြောင်းလဲ၍ ဝတ်ဆင် ခြင်းမရှိ၊ ဆေးလိပ်မသောက်တတ်၊ အရက်လည်း မသောက်တတ်၊ ထို့ပြင် စားရာ သောက်ရာတွင်လည်း အစားအသောက် အလွန် နည်း၍ သက်သတ်လွတ် စားလေ့ရှိသည်။ ဟင်းသီးဟင်းရွက် စားရာတွင်လည်း သူ့အတွက် အထူး စီမံပေးရသည်။ သူသည် ဟင်းသီးဟင်းရွက်ကို မနှမ်းယိအောင် လတ်လတ်ဆတ်ဆတ် အစိမ်း ကြော်ကြော်စားလေ့ရှိသည်။ သူက သားငါး စားခြင်းနှင့် အသားအစာများ ချက်၍စားခြင်းသည် ရှေ့ဟောင်း ကမ္ဘာဦး ယဉ်ကျေးမှုကို ဖျက်ဆီးပစ်ခြင်း ဖြစ်သည်ဟု ယူဆသည်။ ထို့ပြင် တစ်ခါက အစားအသောက်ဝိုင်း တစ်ဝိုင်းတွင် စကားစပ်မိ၍ ဟစ် တလာက "အသားစားတဲ့ လူတွေအတွက် ကျုပ် ကြိုတင်ပြီး ဟောကိန်းတစ်ခုထုတ်ချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ နောင် အနာဂတ်ကာလမှာ ကမ္ဘာကြီးတစ်ခုလုံး သက်သတ်လွတ်စားသူ တွေချည်း ဖြစ်လိမ့်မယ်" ဟူ၍ ပြောဖူးသည်။

၎င်းနေရာတွင် ခေါင်းဆောင်ကြီး ဟစ်တလာ၏ စိတ်နေ သဘောထားနှင့် စရိုက်ဝါသနာများကို ဖော်ပြရာ၌ ခြွင်းချန်ထား၍ မဖြစ်သော ကိစ္စရပ်တစ်ခု ကျန်ရှိနေသေးသည်။ ယင်းကိစ္စရပ်ကား အခြားမဟုတ်။ ဟစ်တလာ၏ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စ များပင် ဖြစ်သည်။

ဟစ်တလာသည် လူပျိုဖော်ပေါက်အရွယ် ရောက်ကတည်းက မိန်းမများနှင့် ပတ်သက်လာလျှင် အရှက်အကြောက် အားကြီး၍ ကင်းကင်းရှင်းရှင်း နေခဲ့သည်ဟု ဆိုကြသည်။ သို့သော် သူ နာဇီ ပါတီခေါင်းဆောင် ဖြစ်လာချိန်မှစ၍ တိုင်းပြည်အာဏာကို သိမ်း ပိုက်ပြီးသည့် အချိန်တွင်မူ သူနှင့်ပတ်သက်၍ မိန်းမပြဿနာများမှာ သူပြော သူမပြော အတော်များလာခဲ့ကြသည်။

သူ နိုင်ငံရေးနယ်ထဲ ရောက်လာစအချိန်တွင် သူ့ပြောဟန် ဆိုဟန်နှင့် လုပ်ဟန် ကိုင်ဟန်များကို သဘောကျကြပြီး သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ရင်းရင်းနှီးနှီး ဆက်ဆံ ကူညီခဲ့ကြသော အမျိုးသမီးများ ရှိခဲ့ကြသည်။ ၎င်းတို့အနက် ဟဲလ်လင်၊ ကာရိုလာနှင့် ဝင်နီဖရိုက်စ်သော အမျိုးသမီး ၃-ဦးတို့မှာ သူ့ကို အထူးကူညီခဲ့သူများ ဖြစ်ကြောင်း၊ သူကိုယ်တိုင်က ဖွင့်ဟ ဝန်ခံခဲ့ဖူးသည်။

ဟစ်တလာသည် နာဇီပါတီခေါင်းဆောင်အဖြစ်သို့ ရောက်ရှိလာသောအခါ အမျိုးသမီးများ၏ အစွမ်းအစနှင့် သူတို့၏ ထင်မြင်ယူဆချက်များသည် တစ်ခါတစ်ရံ လွန်စွာ အရေးပါတတ်သည်ကို သိရှိလာသည့် အလျောက် အမျိုးသမီးများနှင့် ဆက်ဆံရာတွင် အဘတ်နိုင်ဆုံး ယဉ်ကျေးသိမ်မွေ့စွာ ပြုမူ ပြောဆိုဆက်ဆံတတ်လာသည်။ စည်းဝေးပွဲများ၊ ဆွေးနွေးပွဲများနှင့် ညစာစားပွဲများတွင် အမျိုးသမီးများ ပါနေပါက သူသည် ထို အမျိုးသမီးများ၏ ထောက်ခံမှုကိုရစေအောင် ပြုမူလေ့ရှိသည်။

ဤသို့အားဖြင့် သူနှင့် အမျိုးသမီးများ ဆက်ဆံရေးမှာ သူခေါင်းဆောင် ဖြစ်လာချိန်တွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာခဲ့ရာ သူ့ကို မလိုလားသူများက အချို့သော အမျိုးသမီးများနှင့် သူ့ကို စွပ်စွဲ ပုတ်ခတ်ခဲ့ကြသည်။ အထူးသဖြင့် သူနှင့် မကြာခဏ တွေ့ဆုံသွားလာ ဆက်ဆံကြရသော ဟင်နီဆိုသူ အမျိုးသမီး တစ်ဦးနှင့် စွပ်စွဲခဲ့ကြသည်။ ဟင်နီမှာ ဟစ်တလာ၏ ဓာတ်ပုံဆရာဟော့ဖ်မန်း၏ သမီးဖြစ်သည်။ နောက်တစ်ယောက် စွပ်စွဲခံရသူမှာ လီနီဆိုသူဖြစ်၍ သူမမှာလည်း နာဇီပါတီ၏ လူထုအင်အားပြပွဲကြီးများ၊ စစ်ရေးပြပွဲကြီးများကို ရုပ်ရှင်ရိုက်ကူးရသူ အမျိုးသမီး ဒါရိုက်တာတစ်ဦး ဖြစ်သည်။ ထိုအမျိုးသမီးနှစ်ယောက်လက် ပို၍ ဟစ်တလာနှင့် တပူးတွဲတွဲ သွားလာလေ့ရှိသူ အမျိုးသမီးတစ်ယောက် ရှိသေးသည်။ သူမမှာ ဟစ်တလာ၏ မော်တော်ကားမောင်းသူ၏ နှမ ဂျင်နီပင် ဖြစ်သည်။ ဂျင်နီကို ဟစ်တလာ၏ ကားပေါ်တွင် မကြာခဏ တွေ့မြင်ကြရသည်။ သူတို့နှစ်ယောက်သည် တစ်ခါတစ်ရံ ညဘက်တွင် စားသောက်ဆိုင် တစ်ဆိုင်၌ စကားလက်ဆုံကျတော ညဉ့်နက် သန်းခေါင်ကျမှ ပြန်လေ့ရှိကြသည်။



ဟစ်တလာအား မလိုလားသူရော လိုလားသူများကပါ ဆက်စပ်ပြီး အမျိုးသမီးအချို့နှင့် စွပ်စွဲပြောဆိုကြရာ၌ များသောအားဖြင့် မသက်သေစရာ အချက်အလက်များရှိနေ၍သာ စွပ်စွဲကြခြင်း ဖြစ်သည်။ အခိုင်အမာ ခြေခြေမြစ်မြစ် ဟူ၍ မရှိလှပေ။

ဟစ်တလာ၏ တစ်သက်တာတွင် သူကိုယ်တိုင်က ချစ်ကြိုက်ခဲ့ပါသည်ဟူ၍ ဝန်ခံပြောဆိုခဲ့သော အမျိုးသမီး တစ်ယောက်နှင့် ၎င်းနှင့် တိတ်တိတ်ပုန်း ညားနေသည်ကို အတိအလင်း လူတကာ မြင် သိရှိထားသည့် အမျိုးသမီး တစ်ယောက် ဟူ၍ ပေါင်း နှစ်ယောက်သာ ခြေခြေမြစ်မြစ် ခိုင်ခိုင်မာမာ ရှိခဲ့သည်။

ဟစ်တလာကိုယ်တိုင်က သံယောဇဉ်ငြိတွယ်၍ ချစ်ကြိုက်ခဲ့သော အမျိုးသမီးမှာ ဂီလီရောဘဲလ်ဆိုသူဖြစ်သည်။ သူမလေးသည် ဟစ်တလာ၏တူမ ဝမ်းကွဲဖြစ်၍ ဟစ်တလာ၏ အစ်မဝမ်းကွဲ အဖြစ်သူ အိန်ဂျလာရောဘဲလ်၏ သမီးဖြစ်သည်။

ဂီလီသည် ၁၉၂၅ ခုနှစ်ကပင် သူ့မိခင်နှင့် အတူ နာဇီခေါင်းဆောင် လူပျိုကြီးဟစ်တလာ၏ နေအိမ်သို့ အိမ်မှုကိစ္စများကို စီမံသိမ်းဆည်းပေးရန် လာရောက် နေထိုင်ခဲ့သည်။ သူမသည် ထိုအချိန်တွင် အသက် ၁၇ နှစ်ရှိပြီဖြစ်၍ ရိုးရိုးနှင့် ယဉ်ယဉ်လေး ချောသလောက် အသံ ကောင်းသူကလေး ဖြစ်သည်။ ထိုအချိန်မှစ၍ ဦးကြီးဟစ်တလာသည် တူမလေးဂီလီကို သွားလေရာ ခေါ်သွားခဲ့ရာ နောက်ဆုံးတွင် အနေအထိုင် နီးစပ်ရာမှ သံယောဇဉ် ငြိတွယ်ခဲ့ရှာသည်။

သို့သော် ဟစ်တလာအကြောင်း သိကောင်းစရာများကို စုဆောင်းသူဘာသိတို့ကနှံ့နှံ့စပ်စပ်ကတ်ကတ်သတ်သတ်စုံစမ်းမေးမြန်းကြရာ၌ ဂီလီသည် သူမ၏ဦးလေး ဟစ်တလာကို မရိုးမသား ဆန်းပြားသော စိတ်ဖြင့် ချစ်ခဲ့သည် မချစ်ခဲ့သည်ကို ယနေ့အထိ ဆက်ဆုပ်သက်ကိုင် အခိုင်အမာမပြနိုင်ဘဲ ဖြစ်ခဲ့ကြရသည်။ သူတို့ စုံစမ်း၍ ထောက်လှမ်း၍ရသမျှ ဟစ်တလာကသာ တူမလေး ဂီလီကို မရိုးမသား ဆန်းဆန်းပြားပြား ချစ်ခဲ့ကြောင်း အခိုင်အမာ သိရှိရသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဟစ်တလာသည် ဂီလီကို မျက်စိအောက်က အပျောက်မခံ သွားလေရာ ခေါ်သွားသည်။ တစိမ်းတရံစာ ယောကျ်ားသည် များနှင့် ရောရောဝင်ဝင် ဆက်ဆံသည်ကို မလိုလား၊ မနှစ်သက် ထိုအချက်ကို စိတ်ထဲတွင် ကျိတ်ခဲ၍ပင် မထားနိုင်ဘဲ ပါးစပ်ကပ ဖွင့်ပြောသည်။ ဆူသည်၊ ကြိမ်းမောင်းသည်၊ နောက်ဆုံး ဗီယင်နာ မြို့သို့ ဂီလီဘယ်ယောက် အဆိုသင်တန်းကျောင်း သွားတက်ရန်ရှိ သည်ကိုပင် ဟစ်တလာက ခွင့်မပြုသဖြင့် မသွားဘဲ နေခဲ့ရသည်၊ တစ်နေ့သော် ဟစ်တလာသည် သူ၏ကိုယ်ပိုင်ကားကို မောင်းသော အိမ်စဲမောရစ်နှင့် ဂီလီတို့ ကြိုက်နေကြသည်ဟု မသင်္ကာစရာ အချက် များ တွေ့ရသဖြင့် ဒိန်းဒလိန်းနှုတ်ပူးကာ ဒေါသူပုန်ထ၍ ဂီလီကို အကြီးအကျယ် ကြိမ်းမောင်းခဲ့ဖူးသည်။

ဟစ်တလာနှင့် ဂီလီတို့ဇာတ်လမ်းမှာ ထိုမျှနှင့် ပြီးသေး

၁၉၃၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဟစ်တလာ သည် မြူနစ်မြို့မှ နံနက်စောစော ကားဖြင့် ခရီးထွက်လာခဲ့သည်၊ ထားထွက်ခါနီးတွင် ဂီလီကို နှုတ်ဆက်ခဲ့သေးသည်။ သူသည် ဟမ်းဘတ်မြို့တွင် ပါတီကိစ္စတစ်ခုရှိနေ၍ ထွက်လာခဲ့ခြင်းဖြစ်သည်၊ သို့သော် ဟမ်းဘတ်မြို့သို့ မရောက်မီ လမ်းတစ်ဝက် နျူရင်ဘတ်မြို့ လှည့်ပြန်လာခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် မြူနစ်မြို့တွင် ကျ ခဲ့သော ဂီလီသည် ဟစ်တလာ ထွက်သွားပြီး မကြာမီ သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်သတ်ကာ အဆုံးစီရင်သွားကြောင်း တယ်လီဖုန်းဖြင့် သတင်းရရှိခဲ့သောကြောင့် ဖြစ်သည်။

BURMESE CLASSIC .com

ဂီလီ ဘာ့ကြောင့် ကိုယ့်ကိုယ်ကို သတ်သေသွားရသလဲ ဤမေးခွန်းကို ယနေ့အထိ မည်သူမျှ တိတိကျကျ မဖြေနိုင်ဘဲရှိခဲ့ကြ သည်။ ဟစ်တလာ၏ ဓာတ်ပုံဆရာဟော့ဖ်မန်း၏ အဆိုအရမူ ဂီလီ သည် အခြားလူတစ်ယောက်နှင့် ချစ်ကြိုက်နေခဲ့သည်။ သို့သော် ဟစ်တလာ၏ ဩဇာကိုလည်း မလွန်ဆန်ရဲ၊ မလွန်ဆန်ရက်ဘဲရှိနေ ရာမှ စိတ်ညစ်ပြီး သတ်သေသွားသည်ဟု ဆိုသည်။ သို့သော် အိမ် ဖေဘ် အမျိုးသမီးကြီးဖြစ်သူ ဖရော်ကမူ ဂီလီသည် ဟစ်တလာနှင့် ချစ်ကြိုက်နေရာမှ ဦးလေးနှင့် တူမဖြစ်နေသဖြင့် လက်ထပ်၍လည်း



www.burmeseclassic.com

မဖြစ်၊ သံယောဇဉ်ကလည်း ကြီးမားနေသဖြင့် နောက်ဆုံး စိတ် ညစ်ပြီး သတ်သေသွားခြင်း ဖြစ်သည်ဟုဆိုသည်။ သူတို့နှစ်ယောက် ညီသူကမှန်သည်ကိုမူ မည်သူမှ မသိနိုင်ကြ၊ မည်သူမှ မသိခဲ့ကြ။

သို့သော် ဟစ်တလာကမူ ဂီလီအပေါ်တွင် သံယောဇဉ် ကြီးမား၍ ဆန်းဆန်းပြားပြား ချစ်ခဲ့သည်မှာ ထင်ရှားသည်။ အဘယ့်ကြောင့်ဆိုသော် ဂီလီ သေဆုံးပြီးနောက် ဟစ်တလာမှာ စိတ်ထိခိုက်လွန်းလှသဖြင့် သူနှင့် ရင်းနှီးသူ မိတ်ဆွေများက ဟစ် တလာပါ သူ့ကိုယ်သူ သတ်သေမည်ကိုပင် စိုးရိမ်နေခဲ့ကြသည်။

ဟစ်တလာသည် ဂီလီ သူ့ကိုယ်သူ သတ်သေခဲ့သည့်အတွက် သူ့တစ်သက်တာတွင် အကြီးကျယ်ဆုံး စိတ်ထိခိုက်မှုဖြစ်ခဲ့ရသည်မှာ ထင်ရှားသည်။ သူသည် ကွယ်လွန်သူ ဂီလီ နေခဲ့သော အခန်းကို ထိမသေမီကအတိုင်း ဖြေရာလက်ရာမပျက် ထားခဲ့သည် ထို့အပြင် ထိုအခန်းထဲတွင် ဂီလီ၏ဓာတ်ပုံကို ချိတ်ဆွဲထား၍ နှစ်စဉ်နှစ်တိုင်း ဂီလီ၏မွေးနေ့နှင့် ကွယ်လွန်သွားသော နေ့များတွင် မျက်ရည်စက် လက်ဖြင့် လွမ်းသူ့ပန်းခွေများ ချလေ့ရှိခဲ့သည်။ လူတိုင်း၊ လူဘိုင်း တွင် အချစ်နှင့်ပတ်သက်၍ လျှို့ဝှက်ဇာတ်လမ်းကလေးများ ရှိတတ် သဖြစ်ရာ ဂီလီနှင့် ဟစ်တလာတို့၏ အချစ်ဇာတ်လမ်းသည်လည်း သမိုင်းဆရာတို့အတွက် ဆန်းကြယ် လျှို့ဝှက်သော မြုပ်ကွက် ဆင်ကွက်အဖြစ်သာ ထားခဲ့ကြရတော့သည်။

ဟစ်တလာ၏ အခြား ချစ်သူတစ်ဦးမှာ အီဗာဗရွန်းဆိုသူ အမျိုးသမီးဖြစ်သည်။ ဟစ်တလာနှင့်အီဗာဗရွန်းတို့၏ အချစ်ဇာတ် လမ်းမှာ ဟစ်တလာနှင့် ဂီလီတို့ အချစ်ဇာတ်လမ်းနှင့် လုံးဝမတူ ခြင်တာသာစီ ဖြစ်သည်။

အီဗာသည် အင်းမြစ်ပေါ်ရှိ ဆင်ဘတ်ချ် မြို့ကလေးမှ အတ်မှုပညာသည် တစ်ယောက်၏ သမီး ၃ ယောက်အနက် ဒုတိယ သမီးဖြစ်သည်။ သူမသည် မျက်လုံးပြာပြာ မျက်နှာဝိုင်းဝိုင်းဖြင့် ချောမောလှပသူကလေးဖြစ်၍ ဟစ်တလာ၏ ဓာတ်ပုံဆရာဖြစ်သော ဟော့ဖ်မန်း၏ ဓာတ်ပုံဆိုင်တွင် အလုပ်လုပ်သည်။ ဟစ်တလာက အီဗာကို ထိုဓာတ်ပုံဆိုင်ကလေးမှာပင် စတင်တွေ့မြင်ခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာသည် ခေါင်းဆောင်အဖြစ် ရောက်ရှိလာသော အခါ မှစ၍ တာဝန်ကို ထမ်းရွက်သွားရာ ... ဟစ်တလာသည် မော်တော်ကားပြိုင်ပွဲ စသည့်
ဂုဏ်တန်ဆာ ... အတူယှဉ်လျက် အီဗာကို ခင်မင်မှုနည်းနည်း
ချုလေ့ရှိသည်။ ထို့နောက် တဖြည်းဖြည်း ခင်မင်သွားကြရာ ဟစ်တ
လာထံမှ ပန်းစည်းများနှင့် ညစာစားပွဲ ဖိတ်စာများကိုပါ အီဗာ ရလာ
ခဲ့သည်။

ထို့နောက် သူတို့နှစ်ယောက် အခြေအနေမှာ ပိုမိုရင်းနှီး
လာကြပုံရသည်။ အဘယ့်ကြောင့်ဆိုသော် အီဗာက သူမ၏ သူငယ်
ချင်းများအား မိမိနှင့် ဟစ်တလာတို့ ကြိုက်နေကြကြောင်းနှင့်
လက်ထပ်ရန် မိမိကမြော်လင့်ကြောင်းများ ပြောပြသည်။

သို့သော် နောက်ပိုင်းတွင် ချစ်သူနှစ်ဦး၏ ချစ်ခရီးလမ်းမှာ
ဖြောင့်ဖြောင့်တန်းတန်း မဟုတ်တော့ဘဲ ကွေ့ကွေ့ကောက်ကောက်
ဖြစ်လာသည်။ ဖြစ်ပုံမှာ ၁၉၃၂ ခုနှစ် နွေရာသီတွင် အီဗာသည်
သူ့ကိုယ်သူသတ်သေရန် ကြံစည်သော အဖြစ်တစ်ခု ဖြစ်ပွားခဲ့သည်။
ထိုအချိန်မှာ ဟစ်တလာ၏ ပထမချစ်သူ ဂီလီသည် ကိုယ်သူသတ်သေ
ပြီး တစ်နှစ်မျှ မကြာသေးသဖြစ်ရာ ဟစ်တလာ၏ အပူအမူကြောင့်
အတော်ကြီးထိတ်လန့်သွားခဲ့သည်။ အထူးသဖြင့်ဤအချိန် (၁၉၃၂)
မှာ သူ့အတွက် တစ်ဖက်မှ နိုင်ငံရေး စစ်မျက်နှာတွင် နောက်ဆုံး
တိုက်ပွဲကို အပြင်းအထန် သဲသဲမဲမဲ ဆင်နွှဲနေချိန်ဖြစ်ရာ အီဗာသာ
သူ့ကိုယ်သူ တကယ် သတ်သေသွားပါက မိမိမှာ အကြီးအကျယ်
နာမည်ပျက်၍ အရှက်ကွဲသော နိုင်ငံရေးတိုက်ပွဲတွင်ပါ ထိခိုက်မည်
တွေးမိပြီး အလန့်ကြီး လန့်သွားခြင်းဖြစ်သည်။

သို့နှင့် ထိုအချိန်မှ စ၍ နောက်ပိုင်း တွင် အီဗာ သည်
ဟစ်တလာနှင့် သမီးရည်းစားမက လင်မယားမကျ အဖြစ်မျိုးသို့
ရောက်ခဲ့သည်ဟု အဆိုရှိသည်။ မကြာမီ အီဗာသည် ဟစ်တလာ၏
နေအိမ်သို့ တစ်ခါတည်း ပြောင်းရွှေ့ နေထိုင်လာခဲ့သည်။ ထို
အချိန်တွင် ဂီလီ၏ မိခင် ဟစ်တလာ၏ အစ်မဝမ်းကွဲ တော်သူ
ဖရော်ရောဘဲလ်မှာလည်း ဟစ်တလာ၏ မြူနစ်မြို့ အိမ်တွင်
ဆက်လက် နေထိုင်ဆဲပင် ရှိသေးရာ၊ ထိုအိမ်သို့ ပြောင်းရွှေ့
လာသည့်အတည်းက သူတို့ နှစ်ယောက်မှာ အဆင်မပြေ အစေးမကပ်



နေခဲ့ကြသည်။ နောက်ဆုံးတွင် ဖရော်ရောဘဲလ် ၁၉၃၆ ခု
နှစ်တွင် အီဗာနှင့် မတည့်သဖြင့် ထို အိမ်ပေါ်မှ တစ်ခါတည်း
ဆင်းသွားခဲ့သည်။

အီဗာသည် ဟစ်တလာနှင့် ညားနေသော်လည်း တရားဝင်
လက်ထပ် မယားအဖြစ် မနေခဲ့ရပေ။ သူမသည် မြူနစ်မြို့မ
ဘာလင်မြို့သို့ပင် ရံဖန်ရံခါမှ လာရသည်။ တစ်ခါတစ်ရံ မြူနစ်မြို့
ဟစ်တလာ၏ ဂေဟာ၌ ထမင်းစားပွဲများ၊ ညစာစားပွဲများရှိနေ
ပါက သူမမှာ အိမ်အပေါ် ထပ်ရှိ သူမ၏ အခန်းထဲမှ အပြင်သို့
ထွက်ရဘဲ နေခဲ့ရရှာသည်။ နောက်ဆုံး ဒုတိယ ကမ္ဘာစစ်
ကြီး ဖြစ်လာ၍ သူမ၏ ညီမဖြစ်သူ ဖရော်ဖက်ဂျလိန်နှင့်
... ဟင်းမလား၏ လူယုံတော် တစ်ယောက် အိမ်
ထောင် ကျပြီးသည့် နောက်တွင်မှ လူတော သူတောထဲသို့
... လပ်လပ် သွားလာခွင့် ရခဲ့သည်။ သို့တိုင်အောင်
ဟစ်တလာ၏ ဇနီးအဖြစ် မဟုတ်ဘဲ ဖရော်ဖက်ဂျလိန်၏ အစ်မ
အဖြစ် အပြင်လူက သိခဲ့ကြသည်။

BURMESE CLASSIC .com

အီဗာသည် တိုင်းရေး ပြည်ရေး နိုင်ငံရေးတွင် စိတ်ပါ
... ခြင်း မရှိဘဲ အားကစားဘက်တွင်သာ ဝါသနာပါသူ
ဖြစ်သည်။ သူမသည် ရေကူးနှင့် ရေခဲပြင်ပေါ် လျှောစီးလုပ်တွင်
အထူးကျွမ်းကျင်သည်။ သူမ၏အလုပ်မှာ ထူးထူးထွေထွေ မရှိလှဘဲ
အားလပ်ချိန်တွင် ရုပ်ရှင်ကြည့်၊ တေးဂီတ၊ ... 
... ကောင်းဝတ် စသည်တို့ဖြင့်သာ အချိန်ကုန်၍ ဟစ်တလာ
... လာချိန်တွင် ဆီးကြို ပြုစုတာဝန်ထမ်း နေခြင်းဖြင့်
... တာဝန်မှာ ပြီးဆုံးသလောက် ရှိခဲ့သည်။

ကွယ်လွန်သူ ဂီလီကဲ့သို့ပင် အီဗာမှာလည်း ဟစ်တလာ၏
... လွှမ်းမိုးမှုကိုခံရ၍ ဟစ်တလာကို အထူးကြောက်ရွံသည်။
ဟစ်တလာက လုံးဝမနှစ်မြို့သဖြင့် ပွတ်ဆေးဝင်ခြင်း၊ ...
... ခြင်းစသည်များကို ဟစ်တလာ ကွယ်ရာတွင်သာ ...
... သောက်ရရှာသည်။

www.burmeseclassic.com

www.burmeseclassic.com

သူမသည်ဟစ်တလာနှင့် မပိုင်ဝက်မွေးအဖြစ်မျိုးဖြင့် တိတ်တခိုး ချစ်နေရသည်ကို မလိုလားဘဲ တရားဝင် ဇနီး အဖြစ် လက်ထပ်လိုလှသော်လည်း ဟစ်တလာကို အပူမကပ်ရဲရှာသဖြင့် ဖြစ်ရာဘဝမှာပင် ပျော်မွေ့ခဲ့ရရှာသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ ဟစ်တလာမှာ စစ်နိုင်ရေးကို နေ့ရောညပါ အားသွန်ခွန်စိုက်ပမ်းနေသည်ဖြစ်ရာ အီဗာထံသို့ ရံဖန်ရံခါမှသာ လာရောက်တွေ့ဆုံနိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ ဟစ်တလာမှာ စစ်ရေး နိုင်ငံရေးများကြောင့် လူရောစိတ်ပါ ပင်ပန်းလှသည်ဖြစ်ရာ၊ အီဗာထံသို့ ရောက်သည့် အခိုက်အတန့်ကလေးတွင် အီဗာ၏ ပြုစုယုယမှုတွင် ပို၍သံယောဇဉ်ကြီးမားလာခဲ့ဟန်တူသည်။ အထူးသဖြင့် မိမိအပေါ်တွင် သစ္စာရှိရှိဖြင့် ဇွဲမျိုးခံကာ ထင်ထင်ပေါ်ပေါ် လက်ထပ်မယားမဟုတ်ဘဲ မိမိထားသလိုနေခဲ့ရှာသော အီဗာအား ပို၍မြတ်နိုးဟန်တူသည်။

သို့ကြောင့်ပင် ဟစ်တလာသည် နောက်ဆုံးဘာလင်မြို့တွင်းသို့ ဆိုဗီယက်တပ်နီတော်များ ချီတက် တိုက်ခိုက်သိမ်းပိုက်နေဆဲ ဂျာမန်တို့ စစ်ရှုံး၍ သူ့ကိုယ်သူ သတ်သေခါနီး အချိန်ကလေးတွင်၊ မိမိအပေါ် သစ္စာရှိစွာဖြင့် ဆယ့်နှစ်နှစ်လုံးလုံး တိတ်တိတ်ပုန်း မယားအဖြစ် နေခဲ့ရရှာသော အီဗာဗရွန်းအား တရားဝင်လက်ထပ်ခဲ့သည်။ ထိုသို့ လက်ထပ်ပြီးစီးကြောင်းကိုလည်း သူနှင့် လုပ်ဖော်ကိုင်ဖက် နာဇီခေါင်းဆောင်ကြီးများအား ဖွင့်ဟပြောကြားခဲ့သည်။

ဤသည် ဤသည် တို့ကား နာဇီ ခေါင်းဆောင် အာဏာရှင်ကြီး တစ်ယောက်အနေဖြင့် မဟုတ်ဘဲ ပုထုဇဉ်သာမန်လူသား တစ်ယောက်အဖြစ် ဟစ်တလာ၏အကြောင်း၊ သိကောင်းစရာပင် တည်း။



# အောင်မြင်သော နေ့တစ်နေ့

"ကလင် ကလင် ကလင်"

တယ်လီဖုန်းသံသည် အဆက်မပြတ် ပေါ်ထွက်နေသည်။

နေရာမှာ ဩစတြီးယားပြည် ဗီယင်နာမြို့ရှိ ဂျာမန်သံ ...မတ်ကြီးနေအိမ် စာကြည့်ခန်းတွင် ဖြစ်သည်။

အချိန်မှာ နံနက် ၉-နာရီခန့် ဖြစ်သည်။

နေ့ရက်မှာ ၁၉၃၈-ခု ဖေဖော်ဝါရီလ ၄-ရက်။

ဤနေ့ဤရက် ဤအချိန်နှင့် ဤအဖြစ်အပျက်သည် ဥရောပ ...တိုက်မှ တိုင်းငယ်ပြည်ငယ်ကလေးများကိုနယ်ချဲ့သိမ်းပိုက်ရန် ကြံစည် ...သော ဟစ်တလာအဖို့ 'ဘယ်တော့လဲ' 'ဘယ်လိုလဲ' ဟူသော ...ခွန်းများ၏ အဖြေပင် ဖြစ်သည်။

စာကြည့်ခန်းထဲတွင် ယနေ့ထုတ် သတင်းစာများကို ဖတ် ...သော ဩစတြီးယားပြည်ဆိုင်ရာ ဂျာမန်အထူး သံအမတ်ကြီး ...ပေပင်သည် တယ်လီဖုန်း ခေါ်သံကြောင့် ထိုင်ရာမှထကာ တယ်လီ ...း စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို ဂျာမန် သံအမတ်ကြီးအိမ်ကလားခင်ဗျာ။"

တစ်ဖက်မှ အသံမှာ ပီပီသသ ကြားရသော်လည်း ခရီးဝေး ...ဟန်တူသည်၊ အသံမှာ သိပ်မကျယ်လှ။

www.burmeseclassic.com

"ဟုတ်ပါတယ် ဂျာမန် သံအမတ်ကြီး အိမ်ကပါ။ သံအမတ်ကြီး ပေပင်ကိုယ်တိုင်ပါပဲ။ အခုဖုန်းဆက်ပြောနေတာ ဘယ်သူပါလဲ ဘယ်ကပါလဲခင်ဗျာ။"

"ဪ သံအမတ်ကြီး ဖွန်ပေပင်လား။ ကျွန်တော် အင်္ဂလိပ် ဘာလင်ကပြောနေပါတယ်။ နိုင်ငံခြားရေးဝန် မစ္စတာ လင်မားပါ။ အရေးကြီးတဲ့ ကိစ္စတစ်ခု အစီရင်ခံစရာ ရှိနေပါတယ်။ ကိုယ်ကတော့ ခေါင်းဆောင်ကြီး ဟစ်တလာက သံအမတ်ကြီး ကို ချက်ခြင်း ဘာလင်ပြန်ခဲ့ဖို့ ကျွန်တော်က တစ်ဆင့်ညွှန်ကြားခိုင်းလို့ ပါပဲ ဗီယင်နာမှာ သံအမတ်ကြီးရဲ့ တာဝန် ဝတ္တရား ကုန်ဆုံး ပြီလို့ ခေါင်းဆောင်ကြီးက ပြောခိုင်းပါတယ်"

"ဘာပြောတယ်၊ ကျုပ် အခု ချက်ခြင်း ဘာလင်ကို ပြန်ခဲ့ မယ် ဟုတ်လား။ ဘယ်လိုဖြစ်တာလဲ အခြေအနေကိုလဲ ပြောပြ ဦး"

သံအမတ်ကြီး ပေပင်သည် သူ့နားကိုပင် သူမယုံကြည်နိုင် အောင် ဖြစ်သွားသဖြင့် မေး ခွန်းများကို ဆက်တိုက် မေးမိသည်။

"ဝမ်းနည်းပါတယ် သံအမတ်ကြီး၊ ဒီကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့်မှာ အခြေအနေတွေကို ရှင်းပြဖို့ ဧကတ်က မိန့် မထားပါဘူး။ ကျွန်တော့်ကို ပေးထားတဲ့ အမိန့်က ဗီယင်နာ ဘာလင်ကို ချက်ချင်းပြန်လာဖို့ သံအမတ်ကြီးကို အကြောင်းကြား ခိုင်းတဲ့ အမိန့်ပဲ ရှိပါတယ်။ အဲဒါ သံအမတ်ကြီး သိအောင် အကြောင်းကြားတာပါပဲ။ ဝမ်းနည်းပါတယ် သံအမတ်ကြီး။ ပါပဲ"

တစ်ဖက်မှ မစ္စတာလင်းမား၏ စကားပြောခွက် ပြန်ချလိုက် သည့် အသံကို ကျောက်ခနဲ ကြားရသည့်တိုင်အောင် ဗွန်ပေပင်သည် သူ့လက်ထဲမှ စကားပြောခွက်ကို ပြန်မချမိသေးဘဲ အတော်ကြာ စကားပြောခွက်ကို ခပ်ဖြည်းဖြည်း ပြန်ချလိုက်သည်။

သံအမတ်ကြီး ပေပင်အဖို့ မယုံနိုင်အောင် ဖြစ်မည်ဆိုက လောက်သည်။ အဘယ့်ကြောင့်ဆိုသော် သူသည် လွန်ခဲ့သော တနင်္ဂနွေတစ်ပတ်ခန့်ကပင် ဘာလင်သို့ ရောက်ခဲ့၍ ခေါင်းဆော



ကြီး ဟစ်တလာနှင့် နှစ်ယောက်ချင်း တွေ့ခဲ့သေးသည်။ ဆွေးနွေးခဲ့ သေးသည်။ သို့သော် ထိုစဉ်က မိမိအား ယခုကဲ့သို့ ဗီယင်နာမှ တာဝန်များ ရုပ်သိမ်း၍ ဘာလင်သို့ အလောသုံးဆယ် ပြန်ခေါ် စရာရှိကြောင်း အရိပ်အမြွက်ပင် မကြားခဲ့ရ၊ မသိခဲ့ရ။ ယခုဖြစ်ပုံမှာ မြန်ဆန်လွန်းသည်။ အလောသုံးဆယ်နိုင်လွန်းလှသည်။

ထို့ထက်ပို၍ စိုးရိမ်မိသည်မှာ မိမိကို ဘာလင်သို့ ပြန်ခေါ် ခြင်းသည် ရာထူးမှ ဖြုတ်ပစ်လို၍လော၊ သို့တည်းမဟုတ် အခြား တစ်နေရာသို့ ပြောင်းရွှေ့လို၍လော။

သူသည် ဤပြဿနာ၏ အဖြေကို ဘဲဥ အစရှာမရသလို ဖြစ် နေမိသည်။

တစ်ခုတော့ရှိသည်။ ၁၀၃၆ ခုနှစ် ဇူလိုင်လအတွင်းက ချုပ် ဆိုခဲ့ကြသော ဂျာမန် ဩစတြီးယား သဘောတူ စာချုပ်နှင့် ပတ် သက်၍ ဂျာမန်အစိုးရနှင့် ဩစတြီးယား အစိုးရတို့၏ သဘော ထားများမှာ တောင်နှင့်မြောက်ပမာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် နေကြသည်။ ဩစတြီးယား အစိုးရက ဤသဘောတူ စာချုပ်ကို ဂျာမန်နှင့် ဩစတြီးယား နှစ်နိုင်ငံပြဿနာများကို အပြီးအပိုင် ဖြေရှင်းလိုက်ရာ ရောက်သည်ဟု ယူဆနေသည်။ သို့သော် ဂျာမန် အစိုးရက အထူးသဖြင့် ခေါင်းဆောင်ကြီး ဟစ်တလာကမူ ဤစာ ချုပ်သည် ဂျာမနီပြည်နှင့် ဩစတြီးယားပြည် ပြန်လည်ပူးပေါင်း ရေးအတွက် ပထမခြေလှမ်းများသာဖြစ်သည်ဟုတစ်ထစ်ချ သတ်မှတ် ထားသည်။ ထို့ကြောင့်လည်း ဤစာချုပ် နောက်ဆုံးအပိုဒ်တွင် "ဩစတြီးယားပြည်သည် နိုင်ငံခြားရေး ပေါ်လစီများကို သတ် မှတ်ရာ၌ ဂျာမန်ပြည်နယ် တစ်နယ်အဖြစ် သဘောထား၍ ကျင့်သုံး လုပ်ဆောင်ရမည်"ဟု ထည့်သွင်း ဖော်ပြခဲ့သည် မဟုတ်ပါလော။

ဤအချက်ကို စဉ်းစားမိသော ပေပင်သည် မိမိအား ဗီယင် နာမှ ဘာလင်သို့ ပြန်ခေါ်ခြင်းသည် ရာထူးမှ ဖြုတ်ပစ်လို၍လော၊ သို့မဟုတ် ပြောင်းရွှေ့လို၍လော ဆိုသည်ကို တိတိကျကျ မဝေခွဲ နိုင်သော်လည်း ဂျာမန် အစိုးရက ဩစတြီးယားပြည်ကလေးပေါ်

www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ရာ ဆိုးဆိုးရွားရွား ပြုလုပ်ရန် ဆုံးဖြတ်ပြီးပြီ ဆိုသော အချက်မှာမူ သေချာသလောက် ဖြစ်သည်ဟု သူတွက်မိသည်။

သူ့တွက်ကိန်း မှန်ကန်ကြောင်းကို လွန်ခဲ့သော နှစ်ပတ်အတွင်း ဗီယင်နာ၌ ဖြစ်ပွားခဲ့သော ဖြစ်ရပ်များက ထောက်ခံနေသည်။

ဟစ်တလာသည် သူ့အာဏာမရမီကတည်းက ဂျာမန် အင်ပါယာကြီး ပြန်လည်တည်ထောင်ရာတွင် ဂျာမန်အဆက်အနွယ်များ အခြေစိုက်ရာ ဒေသဖြစ်သော သြစတြီးယားပြည်ကလေးသည် မ[illegible]မသွေ အဖ ဂျာမနီပြည်ကြီးနှင့် ဂဟေနှစ်ပြားကို တစ်ပြားတည်း စပ်သကဲ့သို့ ပြန်လည် ပူးပေါင်းရမည်ဟု စွဲမှတ်ထားခဲ့သည်။

သို့ဖြစ်ရာ သူ အာဏာရပြီးချိန်တွင် ဦးရည်ရွယ်ချက်ဖြင့် ဂျာမန် သြစတြီးယား စာချုပ်ကို ပထမခြေလှမ်းအဖြစ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ယင်းစာချုပ် ချုပ်ဆိုပြီးနောက် သူသည် ဂျာမနီနှင့် သြစတြီးယားပြည် ပြန်လည်ပူးပေါင်းရေးကို "ငြိမ်းချမ်းစွာ ဖြစ်ပေါ်စေရန်" အတွက် သြစတြီးယားပြည်ရှိ ဂျာမန်နာဇီပါတီဝင်များမှတစ်ဆင့် ဆက်သွယ် လုပ်ဆောင်ခဲ့သည်။

သို့သော် အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဂျာမန် သြစတြီးယားစာချုပ်ကို အဓိပ္ပာယ် တစ်မျိုးဖြင့် ခံယူထားသော သြစတြီးယား အစိုးရသည် နာဇီများ၏ လှုပ်ရှား ဆောင်ရွက်မှုများကို တစ်ဖက်တစ်လမ်းမှ မသိမသာ ဖိနှိပ် ချုပ်ချယ်လာခဲ့သည်။ ဤတွင် သြစတြီးယားပြည်အတွင်းရှိ နာဇီများကလည်း ဝန်ကြီးချုပ် စချူးချွဲနစ် ခေါင်းဆောင်သော သြစတြီးယား အစိုးရကို အကြမ်းဖက်၍ ဖြုတ်ချရန်အထိ တန်ပြန် ကြိုးပမ်းလာကြသည်။

သို့ဖြင့် ၁၉၃၈ ခု ဇန်နဝါရီလ ၂၅ ရက်နေ့တွင် သြစတြီးယားရဲအဖွဲ့သည် နာဇီတို့၏ ဌာနချုပ်ကို ဝင်ရောက် ရှာဖွေ၍ စာရွက်စာတမ်းများကို သိမ်းဆည်းရမိရာက နာဇီခေါင်းဆောင် အချို့တို့ပါ ဖမ်းဆီးခဲ့ရာ မီးခဲပြာဖုံးဖြစ်သော ပြဿနာမှာ လေပြင်းတစ်ချက် ရှုခနဲ တိုက်သလို ရဲခနဲ ဖြစ်သွားခဲ့သည်။



အထက်ပါ အဖြစ်အပျက် ဖြစ်ပွားပြီး ၁၀ ရက်မျှအကြာ ... အခုကဲ့သို့ သံအမတ်ကြီး ပေပင်အား ဘာလင်သို့ ချက်ချင်း ...ရန် ခေါင်းဆောင်ကြီးဟစ်တလာက အမိန့်ထုတ်ခဲ့ခြင်း ဖြစ်ရာ ... သော်ကန်ရာရှိဆိုသလို ဂျာမန် သြစတြီးယားနှစ်နိုင်ငံအကြား ... ရွားရွားဖြစ်ရန်မှာ သေချာနေပြီဟု ပေပင်က တွက်မိသည်။

ပေပင်အား ဘာလင်သို့ ပြန်လာရန် ဟစ်တလာက အမိန့် ...ခဲ့သည့် တစ်ချိန်တည်းတွင် သြစတြီးယား အစိုးရအဖွဲ့ ခေါင်း...င် စချူး ချွဲနစ်သည်လည်း 'မီးမလာခင်က တား'ရန် ဟစ်...ထံသို့ သွားရောက် တွေ့ဆုံ ဆွေးနွေးလိုသည့်ဆန္ဒ ဖြစ်ပေါ်...ချိန် ဖြစ်သည်။

ဗွန်ပေပင်သည် ချက်ချင်းပင် အထုပ်အပိုးပြင်၍ ဘာလင်သို့ ...လာခဲ့သည်။

သူသည် ဘာလင်မှတစ်ဆင့် ဘာချက်စ်ဂါဒင်မြို့သို့ ခရီး ...ကာ ခေါင်းဆောင်ကြီး ဟစ်တလာကို ဝင်ရောက်တွေ့သည်။ ခေါင်း...ာင်ကြီးမှာ လူရောစိတ်ပါ ပင်ပန်းနွမ်းနယ်နေပုံ ရသည်။

ပေပင်သည် ပရိယာယ်ကြွယ်ဝသူပီပီ မိမိအား ဗီယင်နာမှ ...ကြောင့်ပြန်ခေါ်သည်ကို မမေးသေးဘဲ သြစတြီးယားအစိုးရ ခေါင်းဆောင် စချူးချွဲနစ်သည် ခေါင်းဆောင်ကြီး ဟစ်တလာ...ား လာရောက်တွေ့ဆုံရန် ဆန္ဒပြင်းပြနေကြောင်းကို ပထမဆုံး ...တော်ဦး တင်လိုက်သည်။

ဤတွင် မောပန်းစွာ စိတ်ရှုပ်နေဟန်တူသော ဟစ်တလာ...သည် သံအမတ်ကြီးပေပင်၏ အစီရင်ခံချက်ကို ကြားရလျှင် ကြားရ...င်း စိတ်ဝင်စားဟန်ဖြင့် လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွ ဖြစ်...သည်။ စိတ်မြန်ကိုယ်မြန်ရှိလှသော ဟစ်တလာသည် ဗွန်ပေပင်...ား ဗီယင်နာမြို့မှ ဘာကြောင့်ပြန်ခေါ်ခဲ့သည်ကို သတိမထားနိုင်တော့...ဲ ဗီယင်နာမြို့သို့ ချက်ချင်းပြန်သွားရန်နှင့် သြစတြီးယား အစိုးရ ခေါင်းဆောင် စချူးချွဲနစ် ဘာလင်သို့လာရန်အတွက် လိုအပ်သော ...စီအစဉ်များကို အမြန်ဆုံးဆောင်ရွက်ရန် တစ်ထိုင်တည်းတွင် ညွှန်ကြားချက် ထုတ်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ ဗွန်ပေပင်မှာ ဂျာမနီပြည် ဘာချက်စ်ဂါဒင်ကြိုး ဇင်ပူ့အောင်ပင် မနေခဲ့ရဘဲ ခေါင်းဆောင်ကြီး ဟစ်တလာ တစ်ချက်လွှတ်အမိန့်ဖြင့် ဩစတြီးယားပြည် ဗီယင်နာမြို့သို့ ပြန် ခဲ့ရသည်။

ထို့နောက် ဗွန်ပေပင်၏ စီစဉ်ချက်ဖြင့် ဩစတြီးယား ဝန်ကြီးချုပ် စချူးခဲ့နစ်နှင့် နိုင်ငံခြားရေးဌာန အတွင်းဝန် မစ်တို့သည် ဖေဖော်ဝါရီလ ၁၂-ရက်နေ့ နံနက် ဆီးနှင်း ထူထပ်စွာ ကျဆင်းနေခိုက် ဩစတြီးယားနယ်စပ်ကို ကျော်ဖြတ် ဂျာမနီပြည်တွင်းသို့ မော်တော်ကားဖြင့် ဝင်ရောက်လာခဲ့သည်။

သူတို့နှစ်ယောက်စီးလာသော မော်တော်ကားသည် ဘာ ဂေါ့ဖ်စံအိမ်တော် ဆင်ဝင်အောက်သို့ ထိုးဆိုက်လျှင် ဆိုက်ချင်း ခေါင်းဆောင်ကြီးဟစ်တလာသည် လှေကားမှဆင်း၍ ဆီးကြို ဧည့်သည်တော်နှစ်ယောက်ကို သူ၏စာကြည့်ခန်းထဲသို့ ခေါ်ဆော သွားသည်။ အိမ်တော်၏ စင်္ကြံလမ်းကလေးအတိုင်း စာကြည့်ခန်း ဘက်သို့သွားရင်း ဟစ်တလာက စာကြည့်ခန်းတွင် ရှေးဦး အာလာပ သလ္လာပ စကားစမြည် ပြောဆိုပြီးမှ နေ့လယ်စာ စား စီစဉ်ထားကြောင်း ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး ပြော သွားသည်။

ဤအတိုင်းဆိုလျှင် ခေါင်းဆောင်ကြီးဟစ်တလာ၏ ညှိ့ဝ ပျူငှာ ဆီးကြိုဧည့်ခံပုံမှာ ၁၉၃၆-ခု ဂျာမန်-ဩစတြီးယား စာချုပ်ကို ပြန်လည်အသက်သွင်းလိုသော ဩစတြီးယား ဝန်ကြီး ချုပ် စချူးခဲ့နစ်အတွက် အလားအလာ မဆိုးလှဟု ထင်ရ ရှိသည်။

သို့သော် အထင်နှင့်အမြင်မှာ ပါစင်အောင် လွဲခဲ့ပေပြီ။

ဟစ်တလာသည် စာကြည့်ခန်းထဲသို့ ရောက်၍ ဧည့်သည် များ ထိုင်ရုံသာ ထိုင်ရသေးသည် ဝင်ဝင်ချင်း ဆောက်နှင့်ထွင်း ဆိုသလို ဘီလူးထွက်ထွက်၍ ဘီလူးကြိမ်း ကြိမ်းတော့သည်။

သူက ဂျာမန်အစိုးရနှင့် ဂျာမနီပြည်ကြီးအပေါ် ဩစတြီး ယား အစိုးရနှင့် ဩစတြီးယားပြည်အလေးအနက် အာခံ အန်တု



သည်ကို ဒေါသအမျက် ခြောင်းခြောင်းထွက်၍ ဆူပွက်အော်ဟစ် တော့သည်။

"ဒီမယ်....ခင်ဗျားတို့ သေသေချာချာနားထောင်ကြပါ၊ ခင်ဗျားတို့တစ်တွေ ဩစတြီးယားပြည်မှာ ကျောက်ခဲ ကလေးတစ်လုံးကို ရွှေ့လိုက်တာကအစ ကျုပ်မသိဘူးများ ထင်နေသလား၊ ဒီနေ့ ဒီလိုရွှေ့လိုက်တာကို နက်ဖြန် ဒီအနေ ကျုပ်ကြားပြီးသားလို့ အောက်မေ့လိုက်ပါ၊ ကျုပ်လုပ်ချင် တာကို လုပ်နိုင်အောင် ခင်ဗျားတို့က တားလို့ရမယ် ထင် နေကြသလား၊ ဟုတ်လား၊ ကျုပ်လုပ်ချင်တာကို တားဖို့ ဝေးရော တစ်နာရီလောက် နောက်ကျအောင် တောင် ခင်ဗျားတို့ လုပ်လို့မရဘူး မှတ်လိုက်ပါ"

[စချူးခဲ့နစ်ရေး၊ 'ဩစတြီးယန် ရှာပနတီးရိုင်း' စာမျက်နှာ-၁၉]

ခေါင်းဆောင်ကြီး ဟစ်တလာ၏အသံသည် ကျားဟိန်းသလို စာကြည့်ခန်းတစ်ခုလုံး ဟိန်းနေသည်။

သူသည် ထိုင်၍ပြောရာမှ အားမရသဖြင့် ထ၍ဟောက်သည်။ ထ၍ ဟောက်ရာမှ စိတ်မထိန်းနိုင်သဖြင့် ခေါက်တုံ့ ခေါက်ပြန် လျှောက်ကာ အော်ပြန်သည်။

စချူးခဲ့နစ်မှာ ပထမတွင် မမျှော်လင့်ဘဲ ဘီလူးကြိမ်း ကြိမ်းခံရသဖြင့် လန့်သွားသည်။ နောက် အံ့ဩသွားသည်။ နောက် ပြန်၍ ဖြေရှင်းရန်ကြိုးစားသည်။ သို့သော် မရ၊ ဟစ်တလာက ဆောက်ပစ်လိုက်သည်။

"ကျုပ်လုပ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်ခဲ့တာချည်းပဲ၊ ဒီလို လုပ်ခဲ့လို့လဲ ကျုပ်ဟာ ဂျာမန်ပြည်ကြီးရဲ့ သမိုင်းတစ်လျှောက် မှာ တန်ခိုးအကြီးဆုံး ဖြစ်လာခဲ့တာပဲ"

သူက ဤသို့အဆချောက်တိုက် ကြုံးဝါးလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သြစထရီးယားနယ်စပ်တွင် ကာကွယ်ရေးလုပ်ငန်းများလုပ်လာခြင်းသည် ဂျာမန်တို့ကို အတိအလင်း စိန်မျက်နှာဖွင့်ရန် ပြင်ဆင်ခြင်းဖြစ်သည်ဟု တစ်ဖက်သတ် စွပ်စွဲပြန်သည်။

တစ်ဖန် သြစထရီးယားမှာ ယခု 'တင်းဆောင်ကြွက်' ဖြစ်သည်။ ပြင်သစ်က သော်လည်းကောင်း၊ ဗြိတိန်က သော်လည်းကောင်း ဘယ်သူ့ထံမှ ကူညီကြလိမ့်မည်မဟုတ်။ မိမိ သည်းခံခဲ့သည်မှာ ကြာပြီဖြစ်၍ ဆက်လက်သည်းမခံနိုင်တော့။ အကယ်၍သာ မိမိတို့ တောင်းဆိုချက်များကို မလိုက်လျောနိုင်ပါက အင်အားသုံးပြီး ဖြေရှင်းရလိမ့်မည် ဟူ၍လည်း ဗလာချ ခြိမ်းခြောက်သေးသည်။

ဤသို့အခြေအနေတိုက် ကြုံးဝါမှုများ၊ တစ်ဖက်သတ် စွပ်စွဲမှုများ ဗလာချ ခြိမ်းခြောက်မှုများ ဖြင့် နှစ်နာရီ နီးပါးမျှ 'ပါးစပ်သောင်းတင်' ပစ်ခတ်ပြီးနောက် ခေါင်းဆောင်ကြီး ဟစ်တလာက ဤသို့ပြောသည်။

"ခင်ဗျား ပြန်စဉ်းစားပါ ဆူရှူးရှဲနစ်။ ကောင်းကောင်း ပြန်ပြီးစဉ်းစားပါ။ ကျုပ်ကတော့ နောက်ဆုံး ဒီနေ့ညအထိ စောင့်နိုင်မယ်။ ကျုပ်ပြော ဒီလိုပြောရင် ဒီလိုလုပ်မှ ကြိုက်တတ်တဲ့လူစားပဲ။ အဲဒီစကားတော့ မှတ်မှတ်ထားစေချင်တယ်။ ကျုပ်က ဖြီးလို့ ဖြန်းလို့တော့ ဘယ်တော့မှ မရဘူး။ ဒါကိုလဲ နောက်နောက် ကျုပ်လုပ်ခဲ့တာတွေကြည့်ပြီး သိမှာပဲ"

ဟစ်တလာသည် ထိုသို့ပြောပြီး ရုတ်တရက် မြန်းခနဲ ထကာ၊ ကို လက်စသတ်ကာ ဧည့်သည်များအား နေ့လယ်စာ စားရန် ထမင်းစားခန်းထဲသို့ ကြွပါဟု ဖိတ်ကြားကာ ကြိုးတို ဦးဆောင်၍ ထွက်သွားရာ ဧည့်သည်များမှာ ခပ်ကြောင်ကြောင်ပင် ထလိုက်သွားကြရသည်။

ဧည့်သည်များအဖို့ ပို၍ စိတ်ပူလဲတွင် ထူးဆန်းနေသည်မှာ ဟစ်တလာက သူ၏တောင်းဆိုချက်များကို မလိုက်လျောပါက ဘယ်လိုလုပ်မည် ညာလိုလုပ်မည်ဟူ၍ ခြိမ်းခြောက် ဟိန်းဟောက်ခံနေရသော်လည်း သူတို့မှာ ဟစ်တလာ ဘာတွေတောင်းဆိုမိမိတို့က ဘာတွေလိုက်လျောရမည်ကို ယခုထိ မသိရသေးဘဲ ရှိနေသည်။

ဟစ်တလာသည် နေ့လယ်စာစားပွဲတွင် ဧည့်သည်များကို ဖော်ရွှင်ပျူပျူနှင့် ဖော်ဖော်ရွေရွေ ဧည့်ခံနေလိုက်သေးသည်။

ထို့နောက် နေ့လယ်စာစား၍ပြီးလျှင် သူသည် ဧည့်သည်များကို ဂျာမန်ဗိုလ်ချုပ်ကြီးများနှင့် ထားရစ်ကာ အခြားသို့ ကိစ္စတစ်ခုဖြင့် ထွက်သွားသည်။

သူသွားသည့်ကိစ္စကား အခြားမဟုတ်၊ သူ၏ညွှန်ကြားချက်များကိုခံယူလုပ်ကိုင်နေကြသော သြစထရီးယားနာဇီခေါင်းဆောင်များကို သွားတွေ့ခြင်းဖြစ်သည်။ ထိုနာဇီခေါင်းဆောင် မှူးလ်မန်းနှင့် ကက်ပလာဆိုသူတို့ကို သြစထရီးယားမှ ဝန်ကြီးချုပ် ဆူရှူးရှဲနစ်တို့ ဂျာမနီသို့ ရောက်နေချိန်တွင် တမင်ချိန်း၍ ဘာလင်သို့ ခေါ်ယူတွေ့ဆုံနေခြင်းဖြစ်သည်။

ခပ်ဇာစားစားက ဆူရှူးရှဲနစ်တို့ကို ခြိမ်းခြောက် ဟိန်းဟောက်ရာက သူ့လိုလားချက်များကို မပြောဘဲနေခဲ့ခြင်းမှာ တမင်မပြောဘဲ ထားခြင်းမဟုတ်၊ သူဘာတွေ တောင်းရမည်ကို အသေးစိတ် ဆုံးဖြတ်ထားခြင်း မရှိသေးသဖြင့် မပြောဘဲ နေခဲ့ရခြင်းဖြစ်သည်။ သြစထရီးယားမှ တမင်ချိန်း၍ ခေါ်ထားသော နာဇီခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးမှ ဘာတွေ တင်ပြတောင်းဆိုရမည်ကို အသေးစိတ် စဉ်းစားရမည်ဖြစ်သည်။

တစ်ဖက်သားထံမှ ဘာတွေလိုချင်သည်၊ ဘာတွေရနိုင်မည်ကို မစဉ်းစားရသေးဘဲ တစ်ဖက်သားအား မပေးလျှင် ဘာလုပ်မည် ညာလုပ်မည်ဟူ၍ အခြေအနေတိုက် ဟိန်းဟောက်ခဲ့သော ခေါင်းဆောင်ကြီး ဟစ်တလာ၏ အဖြစ်ကား မည်မျှပေါကြောင်ကြောင်နိုင်လှပါသနည်း။

မည်သို့ပင်ဖြစ်စေ ဆူရှူးရှဲနစ်တို့သည် ညနေဘက်တွင်ရှိန်အထိရောက်နှင့် ပေပင်တို့ကို တွေ့ပြီးမှ ဟစ်တလာ၏ လိုအင်ဆန္ဒများသည် ဘာတွေဖြစ်သည်ကို သိကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟစ်တလစ၏တောင်းဆိုချက် လိုလားချက်များမှာ အော... ပါအတိုင်း ဖြစ်သည်။

(၁) နာဇီပါတီ မတရားသင်း ကြေညာထားသည်... ပြန်၍ ဖျက်သိမ်းပေးရမည်။ အမျိုးသားဆိုရှယ်လစ်ဝ... ဩစထရီ ယားပြည်တွင် ထူထောင်ရမည်။

(၂) ဆိုက်စအင်းကွပ်ဆိုသူ နာဇီခေါင်း ဆောင်... ဩစထရီးယား ပြည်ထဲရေးဝန်ကြီး ခန့်ရမည်။

(၃) ဖမ်းဆီးထားသော နာဇီပါတီဝင် မှန်သမျှ... ၃ရက်အတွင်း အားလုံး လွှတ်ပေးရမည်။ ရာထူးမှချ... ခြင်းခံရသော နာဇီများကို မူလ ရာထူးအတိုင်း ပြန်... မည်။

(၄) ဂဓလစီဟော့စ်တာင်နော ဆိုသော နာဇီလို... သူကို ကာကွယ်ရေးဝန်ကြီး ခန့်ရမည်။ ဂျာမန်နှင့် ဩ... ထရီးယား တပ်မတော်များ အပြန်အလှန် ဆက်သွယ်မှု... ရမည်။

(၅) ဩစထရီးယားစီးပွားရေ လုပ်ငန်းများကို ဂျာ... စီးပွားရေးလုပ်ငန်းများနှင့် သဟဇာတဖြစ်စေရမည်။ ထို... ဖြစ်စေရန်အတွက် နာဇီတို့နှင့် အဆက်အသွယ်ရှိသူ ... ဘော့အား စီးပွားရေးဝန်ကြီးအဖြစ် ခန့်အပ်ရမည်။

ဘာများ ကျန်ပါသေးသနည်း။ ပြည်ထဲရေး၊ ကာကွယ်ရေး... စီးပွားရေးဌာနများကို နာဇီခေါင်းဆောင်များလက်သို့ ထိုးအပ်... ရမည်ဆိုခြင်းမှာ အစိုးရတစ်ဖွဲ့လုံး လွှဲပြောင်းပေးသည်နှင့် ဘာများ... ခြားနားပါသေးသနည်း။

ရစ်ဘင်ထရော့က ပြောလိုက်သေးသည်။ ဤတောင်းဆိုချက်... များမှာ ခေါင်းဆောင်ကြီး၏ နောက်ဆုံးရာဇသံ ဖြစ်သည်။ ... တစ်ခုမှ ပြင်ဆင် ဖြည့်စွက်မှု မလုပ်ရဟု စချူးရှဲနစ်အား ပြော... သည်။

မှန်သည်။ ဟစ်တလာနှင့် ထိုနေ့က နောက်တစ်ကြိမ် ထပ်... တွေ့ရာတွင် ဟစ်တလာက စချူးရှဲနစ်အား နောက်ထပ် ...



...ခွန်းမှ ပြောစရာမလို။ ဘာတစ်ခုမှ ပြင်ဆင်ဖြည့်စွက်စရာမလိုဟု ...သည်။

"အခု ကျုပ်တောင်းဆိုထားတဲ့ အချက်တွေကို သဘောတူ... လက်မှတ်ထိုးပြီး သုံးရက်အတွင်း ဒီအတိုင်း လုပ်ပေးဖို့ပဲရှိတယ်။ ...မဟုတ်ဘူး၊ သဘောမတူဘူးဆိုရင်တော့ ဩစထရီးယားကို ဝင်... ...းရမှာပဲ"

ဤတွင် စချူးရှဲနစ်က ဤကိစ္စမှာ မိမိတစ်ဦးတည်းသဘော... လုပ်၍မရကြောင်း၊ ဩစထရီးယားပြည် ဖွဲ့စည်းအုပ်ချုပ်ပုံ ...ခြေခံဥပဒေကြီးအရ တရားဝင်အောင် ဆောင်ရွက်မှ ဖြစ်မည်ဖြစ် ...ကြောင်းများကို ပြန်၍ရှင်းပြရာ ဟစ်တလာမှာ အကြီးအကျယ် ...ပွသွားသည်။ သူသည် ထိုင်ရာမှ ဝုန်းခနဲထကာ တံခါးမကြီးကို ...ခနဲဆောင့်ဖွင့်၍ စချူးရှဲနစ်ကို ချက်ချင်း အခန်းထဲမှ ထွက် ...သွားခိုင်းတော့သည်။

သူသည် တစ်ဆက်တည်း ဗိုလ်ချုပ်ကိုင်းတဲလ်ကို လှမ်းအော် ... ခေါ်လိုက်သည်။

တစ်ဖက်ခန်းမှ ဗိုလ်ချုပ်ကိုင်းတဲလ်သည် ထိတ်လန့်တကြား ...ယိပျာယာပြေးထွက်လာ၍ခေါင်းဆောင်ကြီးဟစ်တလာရှေ့တွင် ...သား....ဟစ်တလာ"ဟု အော်ဟစ် အလေးပြုကာ ခြေစုံရပ်လျက် ...မိန့်ကို နာခံနေသည်။

ဟစ်တလာက သူ့ကိုလည်း လှမ်းငေါက်လိုက်သည်။

"ဘာမှ အမိန့်ပေးဖို့မရှိဘူး။ မင်းကို ဒီနားမှာ ရှိနေစေ... ...လို့ ခေါ်တာ"

နောက် နာရီဝက်ခန့် ကြာသွားသောအခါ ဟစ်တလာသည် ...ချူးရှဲနစ်ကို ထပ်ခေါ်ပြီး တွေ့ပြန်သည်။ သည်တစ်ခါတွင် သူသာ ...သို့ပြောသည်။

...-ပဉ္စမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

''ကျုပ်စိတ်ကို တစ်မျိုးပြောင်းပြီး ဆုံဖြတ်လိုက်တယ်။ ဒ
ဟာ ကျုပ်တစ်သက်မှာ ပထမဆုံးအကြိမ်ပဲ။ ခင်ဗျားတို့ ကျု
တစ်ခုတော့ သတိပေးလိုက်မယ်၊ ဒါဟာ ခင်ဗျားအတွက် နောက်
အခွင့်အရေးဆိုတာ မှတ်ထားပါ။ ကျုပ် တောင်းဆိုချက်တွေ
လက်တွေ့လုပ်ဖို့ နောက်ထပ် သုံးရက်ထပ်ပြီး အချိန်တိုးပေးလို
တယ်''

ဤစကားမှာ သူ၏ နောက်ဆုံးစကား ဖြစ်သည်။ သူ
နောက်ဆုံးလိုက်လျောချက်ဖြစ်သည်။ ဤသည်ကို ရိပ်မိ၍ မရှေ
သာ မနေပြီးသာဘဲ ဖြစ်နေသော စချူးချဲနှစ်သည် နောက်ဆုံးတ
သူတောင်းဆိုသမျှကို သဘောတူလက်ခံရန်မှတစ်ပါး အခြား
များ တတ်နိုင်ပါဦးမည်နည်း။

သို့နှင့်ပင် ဤသဘောတူညီချက်ကို သတင်းစာများတ
တရားဝင် ထုတ်ပြန်ရန်သာ ဆွေးနွေးရတော့သည်။

ဤနေရာတွင် စချူးချဲနှစ်က ၁၉၃၆ ခုနှစ်က သဘောတူ
ချက်ကို ပြန်၍ အတည်ပြုကြောင်းကိုပါ ထည့်သွင်းဖော်ပြရန် အ
ပေးရာ ဟစ်တလာက 'အို....ဒါက မလိုပါဘူး' ဟု ပိတ်ပြောလို
သည်။ သူကပြောသေးသည်၊ 'ပထမဆုံးအရေးကြီးတာက ဒီသဘော
တူချက်အတိုင်း ခင်ဗျားတို့က လုပ်ပေးဖို့ပဲ။ ဒါနဲ့ပတ်သက်
သတင်းစာထဲ ထည့်ဖို့ကတော့ ယခုနေ့ဂျာမန် အထွတ်အထိပ် ခေါ
ဆောင်ကြီးနှင့် ဩစတြီးယား ဝန်ကြီးချုပ်တို့ ဘားဂေါ့စ်
တော်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်လို့ ထည့်လိုက်ရင် ပြီးတ
ပါပဲ''

မည်မျှလွယ်ကူလှပါသနည်း။

ဤသို့ဖြင့် ဩစတြီးယားဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး
အတွင်းဝန်တို့သည် ဂျာမနီပြည်တွင် ၂၄-နာရီမျှသာ နေခဲ့
ဗီယင်နာမြို့သို့ မီးရထားဖြင့် ပြန်လာခဲ့ကြရသည်။

သူတို့နှစ်ယောက် မီးရထားပေါ်တွင် ဦးခေါင်းငိုက်စိ
ချကာ၊ စီးနင်းလိုက်ပါလာကြသည့်အချိန်တွင် ခေါင်းဆောင်ကြ



တစ်တလာသည် ဘားဂေါ့စ် စံအိမ်တော်တွင် တစ်နေ့လုံးပင်ပန်း
နွမ်းနယ်ခဲ့ရသမျှ အတိုးချ၍ အနားယူနေပေပြီ။

၂၄-နာရီလုံးလုံး ကြိမ်းလိုက်မောင်းလိုက်၊ ချိန်းလိုက်ခြောက်
လိုက်၊ အော်လိုက် ငေါက်လိုက်ဖြင့် စိတ်ရောကိုယ်ပါ ပန်းခဲ့နွမ်းခဲ့
ရသော ခေါင်းဆောင်ကြီးမှာ ယခုမှ ပန်းရကျိုး နွမ်းရကျိုးနပ်
သာ သူ့လိုဘပြည့်၍ အေးအေးလူလူ အနားယူနေပြီဖြစ်သည်။

မှန်သည်၊ ယနေ့သည် သူ့အတွက် ''အောင်မြင်သောနေ့''ပင်
မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



## ခြောက်၍ ဝေါက်၍ သိမ်းပိုက်ခြင်း

၁၉၃၈-ခု ဖေဖော်ဝါရီလ ၁၆-ရက်နေ့တွင် သြစထရီးယား အစိုးရက၊ ဖမ်းဆီးထားသော နာဇီများကို လွှတ်ပြီး ချမ်းသာခွင့် အမိန့်ထုတ်ပြန်၍ တစ်ချိန်တည်းတွင် နာဇီပါတီဝင် ဆိုက်စ်အင်းကွပ်ကို ပြည်ထဲရေး ဝန်ကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဤအထိ သြစထရီးယားပြည်ရှိ နာဇီများနှင့် ဘာလင်မှ စောင့်ကြည့်နေသော ဟစ်တလာအဖို့ သြစထရီးယား အစိုးရအပေါ် ကျေနပ်စရာ ရှိနေခဲ့သည်။

သို့သော် ဖေဖော်ဝါရီလ ၂၄-ရက်နေ့ လွှတ်တော်အစည်းအဝေးပွဲကြီးတွင် သြစထရီးယား ဝန်ကြီးချုပ် စချူးရှနစ်က ဂျာမန်တို့သည် လက်နက်အားကိုးဖြင့် မိမိတို့အပေါ် ခြိမ်းခြောက် အနိုင်ကျင့်နေမှုများကို တစ်စွန်းတစ်စ ထည့်သွင်းပြောကြားခဲ့သည်။ ဤတွင် နာဇီပါတီဝင်များမှာ မခံမရပ်နိုင်ဖြစ်ကာ၊ တရားပွဲကျင်းပရာ မြို့တော်ခန်းမကြီးထဲသို့ အတင်းဝင်ရောက်၍ တရားပွဲပျက်အောင် ရှုတ်ရှက်ရက် လုပ်ပစ်လိုက်ကြသည်။ ထို့မျှမက သူတို့သည် စကြာတံဆိပ် နာဇီ အလံကြီးကိုပင် မြို့တော်ခန်းမကြီးပေါ်သို့ တက်၍ လွှင့်ထူခဲ့ကြသည်။



သို့ဖြစ်ရာ ဂျာမန်အစိုးရနှင့် သြစထရီးယား အစိုးရတို့၏ ...ဆံမှုမှာ အေးမဲ့ယောင်နှင့် ပူလာသည်။ လွယ်မယောင်နှင့် ...လာသည်။

ဤအခါအတွင်း၌ သြစထရီးယားပြည်ကို ဂျာမန်တပ်များ ...ဘ် ဝင်ရောက် သိမ်းပိုက်တော့မည် ဟူသော ကောလာဟလ ...သင်းများမှာလည်း တစ်နေ့တခြား ပျံ့နှံ့လာလေရာ သြစထရီး ... ဝန်ကြီးချုပ် စချူးရှနစ်မှာ တက်ခုခု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်၍ ...ဆိုင်ရတော့မည်ကို ရိပ်စားမိလာသည်။

နောက်ဆုံးတွင် သူသည် ဂျာမန်တို့နှင့် လက်နက်အင်အား ...ပြိုင်၍ မရနိုင်သည်ကို သိသဖြင့် လူထုနည်းဖြင့်တိုက်ရန် ဆုံးဖြတ် ...က်သည်။ ထိုနည်းမှာ အခြားမဟုတ် သြစထရီးယားတစ်ပြည်လုံး ... 'ပြည်သူ့ဆန္ဒယူပွဲကြီး' ကျင်းပရန် ဖြစ်သည်။

ဂျာမန်တို့၏ တောင်းဆိုချက်များကို လိုက်လျောသင့်၊ ...က်လျောသင့် 'ပြည်သူ့ဆန္ဒယူပွဲကြီး'ကို မတ်လ ၁၂-ရက် ...ဂ်နေ့နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း မတ်လ ၈-ရက်နေ့တွင် ...ပြည်သို့ ကြေညာလိုက်သည်။

ဤသတင်းမှာ မတ်လ ၉ ရက်နေ့ ညနေပိုင်းတွင် ဟစ်တလာ ...သို့ ရောက်သွားရာ ဟစ်တလာသည် အကြီးအကျယ် ဒေါသူပုန် ...သွားသည်။ မလောက်လေး မလောက်စား သြစထရီးယားပြည် ...သေးက မိမိအား အာခံ အန်တုလာသည်ကို မခံမရပ်နိုင် ဖြစ် ...သွားသည်။ ထို့ထက် မိမိရှေ့တွင် ကောင်းပြီကောင်းရဲ့နှင့် 'အာမ ...န္တီ' ခံသွားပြီးမှ မိမိကွယ်ရာတွင် တစ်မျိုးတစ်ဖုံ လုပ်လာသော ...ထရီးယား အစိုးရကို မှန်မှန်ညက်ညက် ခြေပစ် လိုစိတ်များ ...ဖွားဖွား ပေါ်လာသည်။

ဟစ်တလာသည် သြစထရီးယား ပြည်ကလေးကို ချီတက် ...ပိုက်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် ဗိုလ်ချုပ်ကြီး ဂိုးအားရင်း ...ဗိုလ်ချုပ်ကိုင်းတဲလ်တို့ကို သူ့ရုံးခန်းသို့ ချက်ချင်း ခေါ်သွားလိုက် ...။ သြစထရီးယား အစိုးရအဖွဲ့ဝင် နာဇီခေါင်းဆောင်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ဂလေ့စ်ဟော့စတင်နောကိုလည်း ဘာလင်သို့ ချက်ချင်းလာရောက်ရန် ညွှန်ကြားလိုက်သည်။

မတ်လ ၃၀-ရက်ခနူညဘက်တွင် ဂျာမန်စစ်ဦးစီး/အဖွဲ့ချုပ်အစည်းအဝေးကို တံခါးပိတ်ကျင်းပ၍ စစ်ဆင်ရေး အစီအစဉ်အသေးစိတ် ရေးဆွဲကြသည်။

သို့သော် ဟစ်တလာသည် ချက်ကိုစလိုဗားကီးယား ပြည်ကလေးကို ချီတက်တိုက်ခိုက် သိမ်းပိုက်ရန်အတွက် နောက်ဆုံး'အမိန့်'ကို [illegible] လက်ထဲမှာပင် ကိုင်ထားသေးသည်။

သူသည် ချက်ကိုစလိုဗားကီးယားပြည်ကလေးကို ဂျာမန်တပ်များ ဝင်ရောက်သိမ်းပိုက်ရာတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့ကို လုံးဝ [illegible] မစိုက်၊ အင်္ဂလန်မှ ချိန်ဘာလိန်အစိုးရ၏ ပျော့ညံ့မှုကို သူကိုယ်တိုင် သိထားပြီး ဖြစ်သည်။ ပြင်သစ်ပြည်မှာလည်း လက်ဝဲလက်ယာ နိုင်ငံရေးပြဿနာများကြောင့် ပြည်တွင်းရေးအခြေအနေ မငြိမ်မသက်ဘဲ ဖြစ်နေသည်။ ယုတ်စွအဆုံး ရှိုင်းလင်းနယ်ကို ၎င်းတို့လက်ထဲ ပြန်လည်သိမ်းပိုက်စဉ်ကပင် ဘာမျှမတတ်နိုင်ဘဲ ငုံ့ခံနေခဲ့ကြသည် မဟုတ်ပါလော။

သို့ဖြစ်ရာ ဟစ်တလာ စိုးရိမ်သည်မှာ တစ်ခုတည်းသာရှိသည်။ ယင်းစိုးရိမ်ချက်မှာ အီတလီမှ ဖက်ဆစ်အာဏာရှင် မူဆိုလီနီထံသာလျှင် ဖြစ်သည်။ ချက်ကိုစလိုဗားကီးယား ပြည်ကလေး၏ အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် အာမခံချက်အဖြစ် ပေးထားကြသော နိုင်ငံများတွင် အီတလီအပါအဝင်ဖြစ်နေရာ အကယ်၍ ဂျာမန်တပ်များ ချက်ကိုစလိုဗားကီးယားသို့ ဝင်ရောက် သိမ်းပိုက်ရာ၌ မူဆိုလီနီက တစ်မျိုးတစ်ဖုံ တုံ့ပြန်လာသော် အနည်းနှင့်အများ အနှောင့်အယှက်ဖြစ်မည်ကို စိုးရိမ်ရသည်။ စင်စစ် မူဆိုလီနီမှာလည်း မိမိကဲ့သို့ လက်နက်အားကိုး၊ စိုးမိုးနေသည့် အာဏာရှင်တစ်ဦး မဟုတ်ပါလော။

သို့ဖြစ်ရာ ဟစ်တလာသည် ထိုနေ့မှာပင် မူဆိုလီနီထံသို့ စာတစ်စောင် ရေးသား၍ အမြန်ပို့လိုက်သည်။ ထိုစာမှာ ချက်ကိုစလိုဗားကီးယား ပြည်ကလေးအား မိမိတို့ ဂျာမန်တပ်များက ဘာ့ကြောင့်



ဝင်ရောက် သိမ်းပိုက်လိုက်ရသည်ကို ရှင်းပြထားသောစာပင် ဖြစ်သည်။

ဟစ်တလာက မူဆိုလီနီထံ ပေးပို့ခဲ့သော အဆိုပါ စာမှာ အကျိုးအကြောင်း မသိလျော်လှဘဲ ယုတ္တိ ကင်းမဲ့လွန်းလှသဖြင့် နောင်အခါ၌ ဂျာမန်အစိုးရ၏ တရားဝင် စာရွက်စာတမ်းများ ထုတ်ပြန်ရာတွင် အပြည့်အစုံမှုရင်းအတိုင်း ဖော်ပြခြင်းမပြုဘဲ ချန်လှပ်ထားခဲ့ကြရသည်။

ထိုစာထဲတွင် ''ချက်ကိုစလိုဗားကီးယားအစိုးရသည် ချက်ကိုစလိုဗားကီးယားပြည်ရှိ ဂျာမန်အမျိုးသားများကို နှိပ်စက် ညှဉ်းဆဲနေခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ ထို့ပြင် ချက်အစိုးရနှင့် ပူးပေါင်း၍ ဆန့်ကျင်ပေါင်းနှစ်ဆယ်မျှရှိသော အင်အားဖြင့် ဂျာမန်အစိုးရကို ဖြုတ်ချ၍ ဂျာမနီပြည်ကြီးကို ဖျက်ဆီးရန် ကြံရွယ်နေကြောင်း'' စသည်ဖြင့် အဓိပ္ပာယ်ကင်းမဲ့လှသော အချက်များ ပါနေသည်။ ထို့ပြင် ချက်ကိုစလိုဗားကီးယားပြည်ရှိ လူများစု လူထုကြီးက ဂျာမန်အင်ပိုင်ယာကြီးအတွင်း ပြန်လည်ပူးပေါင်း ဝင်ရောက်လိုကြကြောင်း၊ ဤသည်ကို တရားဝင် လုပ်ဆောင်ပေးရန် ဝန်ကြီးချုပ် စချူးရှ်နစ်က သဘောတူပြီးမှ ယခု ထိုသဘောတူညီချက်ကို ချိုးဖောက်ကာ အကြမ်းဖက်ခြိမ်းခြောက်နှိပ်စက်မှုများ ပြုလုပ်လာကြောင်း၊ ဤသည်ကို ချက်ကိုစလိုဗားကီးယားပြည်သူတစ်ရပ်လုံးက အုံကြွဆန့်ကျင်လာကြရာ ချက်ကိုစလိုဗားကီးယားပြည်၏ နောက်ဆုံးအခြေအနေမှာ မင်းမဲ့တိုင်းပြည်သဖွယ် ဆိုးဝါးနေကြောင်း၊ မိမိမှာ ချက်ကိုစလိုဗားကီးယားပြည်ဖွား ဂျာမန်အမျိုးသားတစ်ယောက်ဖြစ်ရာ မိမိဖွားရာ ဇာတိတိုင်းပြည်တွင် ဤသို့ ဆိုးဆိုးဝါးဝါး ဖြစ်နေသည်ကို လက်ပိုက်ကြည့်နေ၍ မဖြစ်သဖြင့် ယခုကဲ့သို့ ဝင်ရောက် သိမ်းပိုက်ရန် စီစဉ်လိုက်ရခြင်းဖြစ်ကြောင်း စသည်ဖြင့် အကြောင်းပြထားသည်။

ဟစ်တလာ၏ စာမှာ အချုပ်သဘောအားဖြင့် ဇာတ်ပွဲသဘင်မှ ဇာတ်ကောင်းနတ်မြတ်များကဲ့သို့ သူ့ကိုယ်သူ ကယ်တင်ရှင်ကြီးပမာ ''ငါမကယ် သေဖွယ်ရာ ရှိတော့သည်'' ဟူ၍ ဆိုလိုက်ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တတိလည်း တတ်နိုင်သော ဟာစ်တလာပါပေ။

သူသည်စစ်ဦးစီးအဖွဲ့ဝင်များ နှင့်စစ်ဆင်ရေး အစီအစဉ်များကို အသေးစိတ် ရေးဆွဲပြီးနောက် မတ်လ ၁၀-ရက်နေ့ညတစ်ညလုံးပင် လိုအပ်သော အမိန့်များကို ထုတ်ပြန်ခဲ့သည်။ အရေးကြီးသော နာဇီခေါင်းဆောင်များနှင့် တွေ့၍ ညွှန်ကြားချက်များ ပေးခဲ့သည်။ ဘာလင်တွင် အသင့်ရှိနေသော ဩစတြီးယား အစိုးရအဖွဲ့ဝင် ဂလေစီဟော့စတင်နောကိုလည်း ခေါ်ယူတွေ့ဆုံ၍ လိုအပ်သော ညွှန်ကြားချက်များပေးအပ်ကာ ဗီယင်နာသို့ လေယာဉ်ဖြင့် ချက်ချင်း ပြန်လွှတ်လိုက်သည်။

ထို့နောက် ထိုနေ့ည သန်းခေါင်ကျော်၍ မတ်လ ၁၁ ရက်နေ့ နံနက် ၂-နာရီတိတိ အချိန်တွင် "အော်တို စစ်ဆင်ရေး" ဟူ၍ အမည်ပေးထားသော ဟာစ်တလာ၏ စစ်ဆင်ရေး အမိန့် ညွှန်ကြားချက် အမှတ်(၁) ထွက်ပေါ်လာသည်။

၁။ အကယ်၍ အခြားနည်းလမ်းများဖြင့် ဖြေရှင်း၍ မရခဲ့ပါက ကျွန်ုပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ ကြီး၏ အခြေခံများကို ထိန်းသိမ်းရန်နှင့် ဂျာမန်အမျိုး အနွယ်များအား ဆက်လက် ဖိနှိပ်ညှဉ်းပန်းနေမှုများကို တားဆီးရန်အတွက် ဩစတြီးယားပြည်အား လက်နက်ကိုင် တပ်များဖြင့် ဝင်ရောက် သိမ်းပိုက်ရန် ကြံရွယ်သည်။

၂။ ဤစစ်ဆင်ရေးတစ်ခုလုံးအတွက် လိုအပ်သောအမိန့် ညွှန်ကြားချက်များကို ကျွန်ုပ်ကိုယ်တိုင် ထုတ်ပြန်သွားမည်။

သတ်မှတ်စီစဉ်ထားသော တပ်ဖွဲ့များသည် မတ်လ ၁၂ ရက်နေ့ ညသန်းခေါင် ၁၂ နာရီတွင် နောက်ဆုံးထား၍ အားလုံး အသင့်ရှိနေကြရမည်။ ဝင်ရောက်သိမ်းပိုက်ရမည့် အချိန် အတိအကျကို ကျွန်ုပ်ကသာလျှင် အဆုံးအဖြတ်ပြု၍ အမိန့်ပေးသွားမည်။

(နျူရင်ဘတ် စစ်ခုံရုံးမှတ်တမ်းများ စီ—၁၀၂)



အထက်ပါ စစ်ဆင်ရေးအမိန့် ညွှန်ကြားချက် အမှတ်(၁) ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးနောက် ဟာစ်တလာသည် မတ်လ ၁၁ ရက်နေ့ နံနက် အရုဏ်တက် အချိန်ခန့်တွင်မှ အိပ်ရာသို့ ဝင်ခဲ့သည်။ သူအိပ်ရာထဲသို့ ရောက်၍ စိတ်ချ လက်ချ အိပ်မောကျနေချိန်မှာပင် ဂျာမန်စစ်တပ်ကြီးသည် စစ်လော်ရီကားကြီးများ၊ တင့်ကားကြီးများဖြင့် တဂျိန်းဂျိန်း မောင်းနှင်ကာ ဂျာမန်-ဩစတြီးယား နယ်စပ်သို့ ချီတက်ကြလေပြီ။

ထိုနေ့ ထိုအချိန်ဖြစ်သော မတ်လ ၁၁ ရက်နေ့ နံနက် ၅ နာရီခွဲတွင် ဗီယင်နာမြို့ရှိ ဝန်ကြီးချုပ် ရှုရှ်နစ်သည် တယ်လီဖုန်း ခေါ်သံကြောင့် အိပ်ရာမှ ကမန်းကတန်း ထ၍ နားထောင်သည်။

တစ်ဖက်မှ စကားပြောသူမှာ ရဲမင်းကြီးစကူးဘဲလ်ဖြစ်သည်။

"ဟုတ်ပါတယ် ဝန်ကြီးချုပ် ကိုယ်တိုင် စကားပြောနေပါသည်၊ ဘာအကြောင်းထူးလို့လဲ ရဲမင်းကြီး"

"ကျွန်တော်တို့နယ်စပ်က ဆဲလ်စ်ဘာ့ဂ်မြို့ကို မီးရထားတွေ သွားအလာ ရပ်နေတာ တစ်နာရီလောက် ရှိပါပြီ၊ ဂျာမန်တွေ က သူတို့နယ်စပ်ကို ပိတ်ထားပါတယ်၊ အဲဒါ တစ်ခုခုဖြစ်နေပုံရလို့ ဝန်ကြီးချုပ်ကို ကျွန်တော် အကြောင်းကြားတာပါ"

ဝန်ကြီးချုပ်သည် တယ်လီဖုန်းစကားပြောခွက်ကို ချက်ချင်း ချကာ အဝတ်အစား ကောက်လဲသည်။ ထို့နောက် ကားဖြင့် ရုံးခန်းရှိရာသို့ ထွက်လာခဲ့သည်။

လမ်းများမှာ မိုးမလင်းသေးသဖြင့် အလင်းရောင်မလာသေး ဘဲ မှောင်နှင့်မည်းမည်း ဖြစ်နေသေးသည်။

ထိုနေ့နံနက် မိုးမလင်းမီ အိပ်ရာမှ ပျာယီးပျာယာ စောစော ထသူမှာ ဝန်ကြီးချုပ်တစ်ဦးတည်းသာမဟုတ်၊ အခြားသူများလည်း ရှိသည်။ သူတို့မှာ ဩစတြီးယားပြည်ဆိုင်ရာ ဂျာမန်သံအမတ်ကြီး ဗွန်ပေပင်နှင့် ဩစတြီးယားပြည် ပြည်ထဲရေးဝန်ကြီး ဆိုက်စ်အင်းကွပ်တို့ပင် ဖြစ်သည်။

ဗွန်ပေပင်သည် ထိုနေ့နံနက် အရုဏ်တက် အချိန်ကပင်

www.burmeseclassic.com

www.burmeseclassic.com



ဘာလင်မြို့သို့ လေကြောင်းမှ ထွက်ခွာခဲ့သည်။ သူသည် ဗြ
ဓရိုးယားပြည်၏ နောက်ဆုံးအခြေအနေကို အစီရင်ခံ၍ ဟစ်တလာ
ထံမှ နောက်ဆုံးအမိန့်ကို နာခံရန် သွားခြင်းဖြစ်သည်။

သူစီးနင်းလိုက်ပါသည့် လေယာဉ်ပျံ လေဆိပ်မှ ထွက်
သွားပြီး မကြာမီ ချေကိုစလိုဗားကီးယားပြည်ထဲရေးဝန်ကြီး ဆိုက်စ်အ
ကွပ်သည် လေဆိပ်သို့ရောက်ရှိလာသည်။ သူသည် လေဆိပ်ဧည့်
ဆောင်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဟစ်တလာ
ထံမှ ရောက်လာမည့်အမိန့်ကို စောင့်နေသည်။

မကြာမီ လေယာဉ်တစ်စင်းဆိုက်လာ၍ ထိုလေယာဉ်ပေါ်မှ
ဂျလေဆီဟော့စတင်နော ဆင်းလာသည်။ သူနှင့်အတူ ဟစ်တလာ
ထံမှ နောက်ဆုံးရာဇသံ ပါလာသည်။

နံနက် ၉ နာရီခွဲအချိန်တွင် သူတို့နှစ်ယောက်သည် ဝန်ကြီး
ချုပ် စချူးခဲ့နစ်ရုံးခန်းသို့ သွားရောက်၍ ဝန်ကြီးချုပ်နှင့်တွေ့
ကာ ဟစ်တလာထံမှ ရာဇသံကို ပေးအပ်ကြသည်။

ဟစ်တလာ၏ ရာဇသံမှာ သန်ဘက်ခါ (မတ်လ ၁၃ ရက်)
တွင် ကျင်းပရန် စီစဉ်ထားသော ပြည်သူ့ဆန္ဒခံယူပွဲကြီးကို ဖျက်
သိမ်း၍ နောက်တနင်္ဂနွေသုံးပတ်ကြာမှ အဆိုပါ ပြည်သူ့ဆန္ဒခံယူပွဲ
ကြီးကို ကျင်းပပြုလုပ်ရန် ဖြစ်သည်။ အကယ်၍သာ ဤတောင်းဆို
ချက်ကို မလိုက်လျောပါက ဂျာမန်ဩစတြီးယားနယ်စပ်တွင်အသ
ရောက်ရှိနေသော ဂျာမန်တပ်ကြီးများသည် ဩစတြီးယားပြည်
နယ်ထဲသို့ ချက်ချင်း ချီတက်ဝင်ရောက်၍ သိမ်းပိုက်မည် ဖြစ်သည်။

ဟစ်တလာ၏ အကြံမှာ ပြည်သူ့ဆန္ဒကို ယူရာ၌ အ
ဖက်က ပြင်ဆင်ပြီးမှ သပိတ်ဝင်အိတ်ဝင် ရယူလိုသည်။ အကယ်
ယခုအခြေအနေအတိုင်းသာ ပြည်သူ့ဆန္ဒခံယူပွဲကြီး ကျင်းပ
ပါက စချူးခဲ့နစ်တို့ ဆင်ထားသော အကွက်အတိုင်း ဖြစ်လာ
ရှိနေသည်။ သို့မဟုတ်ဘဲ တနင်္ဂနွေ သုံးပတ်ခန့် အချိန်ရပါ
ဤအတောအတွင်း မိမိတို့ဘက်မှ အစွမ်းကုန် ပြင်ဆင်နိုင်သည်။

ဝန်ကြီးချုပ်နှင့် ဝန်ကြီးနှစ်ဦးတို့သည် နှစ်နာရီကြာမျှ အ
အထင် ဆွေးနွေးကြသည်။ သို့သော် နောက်ဆုံးအချိန်အထိ ဝန်ကြီး



ချုပ်က ဟစ်တလာ၏ တောင်းဆိုချက်ကို မလိုက်လျောဘဲ တင်းခံ
နေခဲ့သည်။

သို့နှင့် နံနက် ၁၁ နာရီခွဲလောက်တွင် ဆွေးနွေးပွဲကို ခေတ္တ
ရပ်နားပြီး ဝန်ကြီးနှစ်ဦးသည် နာဇီပါတီဌာနချုပ်သို့ သွားရောက်
၍ အခြားနာဇီခေါင်းဆောင်များနှင့် ဆွေးနွေးကြပြန်သည်။

ဤအတောအတွင်း ဝန်ကြီးချုပ် စချူးခဲ့နစ်ကလည်း ဩစ
တြီးယား သမ္မတကြီးမစ်ကလပ်စ်နှင့် သွားရောက် တွေ့ဆုံခဲ့သည်။

နေ့လယ်စာစားပြီး ဝန်ကြီးချုပ်နှင့် နာဇီ ဝန်ကြီးနှစ်ဦးတို့
ထပ်မံတွေ့ဆုံရာတွင်မူ သမ္မတကြီး၏ဆန္ဒအရ ဟစ်တလာ၏ တောင်း
ဆိုချက်ကို လိုက်လျောကာ ပြည်သူ့ဆန္ဒခံယူပွဲကြီးကို နောက်ထပ်
သုံးပတ်ရွှေ့ဆိုင်းရန် ဝန်ကြီးချုပ်က သဘောတူလိုက်သည်။

သို့သော် ရလေလိုလေ အိုတလေ့ဆိုသကဲ့သို့ ပြည်သူ့ဆန္ဒခံယူ
ပွဲကြီးကို ရက်ရွှေ့ပေးရန် လိုက်လျောခဲ့ပြီးခါမှ နာဇီတို့သည်
နောက်တစ်ဆင့်တက်၍ တောင်းဆိုချက်အသစ်တစ်ခု ထပ်မံတောင်း
လာပြန်သည်။

ဤတောင်းဆိုချက်အသစ်မှာ အခြားမဟုတ်၊ ဝန်ကြီးချုပ်
စချူးခဲ့နစ်ကိုယ်တိုင် ရာထူးမှ နုတ်ထွက်ပေး၍ ထိုနေရာတွင် ဆိုက်စ်
အင်းကွပ်ကို ဝန်ကြီးချုပ် ခန့်ရမည်ဟူသော တောင်းဆိုချက်ပင်ဖြစ်
သည်။

သည်ယုန်မြင်၍ သည်ချုံထွင်လာသော နာဇီတို့၏ခြေလှမ်းကို
မြင်သည့်နည်းနှင့်မျှ တားမရတော့ကြောင်း သိလာရသော ဝန်
ကြီးချုပ် စချူးခဲ့နစ်သည် နောက်ဆုံးတွင် စိတ်ပျက်လက်ပျက်ဖြစ်
ကာ ရာထူးမှ နုတ်ထွက်ပေးလိုက်တော့သည်။

ဤသို့ဖြင့် နာဇီတို့၏ ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေး ခြေလှမ်း
များမှာ တစ်လှမ်းပြီးတစ်လှမ်း၊ တစ်ထစ်ပြီးတစ်ထစ် အောင်မြင်လာ
သည်။ သို့သော် နောက်ဆုံးအဆင့် ရောက်လာခါမှ ထစ်နေ
သည်။ ဤအကြိမ်တွင်မူ သမ္မတကြီးမစ်ကလပ်စ် ကိုယ်တိုင်က
ဆိုက်စ်အင်းကွပ်ကို ဘယ်နည်းနှင့်မှ ဝန်ကြီးချုပ်မခန့်နိုင်ဟု ဆိုကာ
ခေါင်းမာစွာ ငြင်းဆန်နေခဲ့ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအခြေအနေတွင်း ထိုခနဲ ညနေမစောင့်မီ ဟစ်တလာ၏ လူယုံတော် နာဇီခေါင်းဆောင် ကက်ပလာဆိုသူသည် ဘာလင်မှ ဗီယင်နာသို့ ရောက်လာပြန်သည်။ သူသည် ဗီယင်နာရှိ ဂျာမန် သံမှူး ဗိုလ်ချုပ်မတ်ဖ်နှင့်အတူ သမ္မတကြီးမက်ကလပ်စ်ထံ သွား ရောက်ကာ ဆိုက်စ်အင်းကွပ်ကို ဝန်ကြီးချုပ်ရာထူး မခန့်ပါက ဂျာ မန်တပ်များသည် ဩစတြီးယားပြည်ထဲသို့ ဝင်ရောက် သိမ်းပိုက် အသင့်ရှိနေကြောင်းဖြင့် ခြိမ်းခြောက်ပြန်သည်။ သို့သော် သမ္မ ကြီးက ခေါင်းခေါ်မြဲ ခါနေခဲ့သည်။ ခေါင်းမာမြဲ မာနေခဲ့သ

ညနေ ၅ နာရီခွဲတွင် ဘာလင်မှ ဂိုးအားရင်းသည် ဗီယ နာရှိ ဆိုက်စ်အင်းကွပ်ကို တယ်လီဖုန်းဖြင့် အမိန့်ပေးပြန်သည်။ အသံမှာ တယ်လီဖုန်းစကားပြောခွက်ပင် ကွဲထွက်မတတ် ပြင်း မာကျယ်လှသည်။

''ဒီမယ် အင်းကွပ်၊ ခင်ဗျား ဗိုလ်ချုပ်မတ်ဖ်ကို ခေါ်ပြ အခုချက်ချင်း သမ္မတဆီကိုသွားပါ၊ တကယ်လို့ ကျုပ်တို့တောင်း ထားတဲ့ အချက်တွေကို မလိုက်လျောနိုင်ဘူးဆိုရင် နယ်စပ်မှာအသ ချထားတဲ့ ကျုပ်တို့တပ်တွေဟာ ဒီနေ့ပဲ တပ်ဖြန့်ပြီး ချီတက်လာ ကြလိမ့်မယ်၊ အဲဒီအချိန်ကျရင်တော့ ဩစတြီးယားပြည်ကတော့ ဟာ တစ်ခါတည်း ကိစ္စတုံးပြီလို့သာ မှတ်လိုက်ပေတော့၊ ဒါဟာ ပြက်လုံးထုတ်နေတာ မဟုတ်ဘူးဆိုတာကိုလဲ သူ့ကို ပြောပြလို ပါ၊ အဲဒီတော့ ခင်ဗျားကို မစ်ကလပ်စ်က ဝန်ကြီးချုပ်ခန့် သဘောတူပြီဆိုတာကို ၇ နာရီ ၃၀ မိနစ် ၃၀ တိတိမှာ နောက်ဆုံး ထားပြီး အကြောင်းကြားပါ၊ ဒါမှ ကျုပ်တို့တပ်တွေဟာ ဝ မသိမ်းဘဲ နယ်စပ်မှာရပ်ပြီး တပ်စွဲနေကြလိမ့်မယ်၊ ၇နာရီ ၃၀ တိတိမှာ ကျုပ်ဆီကို သတင်းပို့မှဖြစ်မယ်၊ အဲဒါကို သေသေသ ချာ မှတ်ထားပါ၊ မစ်ကလပ်စ်ဟာ ကျုပ်တို့ပြောတာကို လေးနာ နဲ့မှ သဘောမပေါက်ဘူးဆိုရင် လေးမိနစ်ထဲနဲ့ သဘောပေါက်သွား အောင် လုပ်ပြရလိမ့်မယ်''

တဖြည်းဖြည်း ညနေစောင်းလာသည်နှင့်အမျှ ဗီယင်နာ ကြီးမှာ လှုပ်လှုပ်ရှရှဖြစ်ဖို့ လမ်းများပေါ်တွင် လူများ ပြွတ်သိပ်



ကျပ်ခဲလာနေသည်။ ဤအထဲတွင် စကြာတံဆိပ် လက်ပတ်များဖြင့် နာဇီများမှာ လူအုပ်များကြားထဲတွင် ရေးကြီးသုတ်ပျာ ပြေးလာ လွှားကာဖြင့် အလုပ်များနေကြသည်။

ညဘက်ရောက်၍ ၇နာရီခွဲပြီးသည်နှင့် တစ်ပြိုင်နက် စချူး ရှဲနစ်က တိုင်းပြည်သို့ ရေဒီယိုမှတစ်ဆင့် မိန့်ခွန်းတစ်ရပ် ပြောကြား လိုက်သည်။ ထိုမိန့်ခွန်းတွင် ဂျာမန်တို့က မိမိတို့အား ရာဇသံပေး ထားကြောင်း၊ မိမိမှာလည်း ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်ပြီ ဖြစ်ကြောင်း၊ သို့သော် ဩစတြီးယားပြည်တွင် ပြည်တွင်းစစ် ဖြစ်ပွားနေပြီဟူသော ဂျာမန်တို့၏ ကြေညာချက်မှာ လုံးဝမဟုတ် မမှန်ကြောင်းများ ပြောကြားသွားသည်။

ည ၈နာရီထာသာတွင် ဘာလင်မှ ဂိုးအားရင်းသည် ဂျာမန် စစ်သံမှူး ဗိုလ်ချုပ်မတ်ဖ်ထံ တယ်လီဖုန်း ဆက်ပြန်သည်။ ဤတစ် ကြိမ်တွင်မူ စချူးရှဲနစ် ရာထူးမှ နုတ်ထွက်သွားသဖြင့် အင်းကွပ် အား သူ့ကိုယ်သူ ဝန်ကြီးချုပ်အဖြစ် သဘောထား၍ လုပ်စရာ ရှိသည်များကို တာဝန်ယူ လုပ်ကိုင်သွားရန် ညွှန်ကြားခြင်း ဖြစ်သည်။

ဤညွှန်ကြားချက်အရ ဆိုက်စ်အင်းကွပ်သည် ဩစတြီးယား ဝန်ကြီးချုပ်အဖြစ် တာဝန်ယူနေပြီဖြစ်ကြောင်း ၉ နာရီ မထိုးမီ ကလေးတွင် ဆက်ပလာတာ ဂိုးအားရင်းထံ ဖုန်းဆက်၍ အကြောင်း ပြန်သည်။ ဤတွင် ဂိုးအားရင်းက နောက်တစ်ဆင့် ညွှန်ကြား ပြန်သည်။

''ဒီမယ်နားထောင်ပါ၊ အခုခင်ဗျားတို့ဟာ အစိုးရဖြစ်နေပြီ၊ အဲဒီတော့ ကျုပ်ပြောတာကို သေသေချာချာနားထောင်ပြီး စာနဲ့ ရေးမှတ်ထားပါ၊ အခုကျုပ်ဖတ်ပြမယ့် စာကို ဆိုက်စ်အင်းကွပ် နာမည်နဲ့ ဘာလင်ကို ချက်ချင်း သံကြိုးရိုက်ပို့လိုက်ပါ၊ အဲဒီစာက

''စချူးရှဲနစ်အစိုးရကို ဖယ်ရှားခဲ့ပြီးနောက် ယခုဩစတြီး ယားကြားဖြတ်အစိုးရသည် တိုင်းပြည်တွင် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပြန်လည်တည်ဆောက်ရန် မိမိတို့တာဝန် ယူသည်ဟု ယုံကြည်ယူဆပါသည်။ အထူးသဖြင့် ဤတာဝန်ကို ထမ်း

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရန်နှင့် တိုင်းပြည်တွင် သွေးထွက်သံယိုမှုများ ဖြစ်ပွားခြင်းမှ ကာကွယ်ပေးရန်အတွက် ကူညီပါရန် ဂျာမန်အစိုးရအား မေတ္တာရပ်ခံအပ်ပါသည်။ ဤကိစ္စအတွက် ဂျာမန်အစိုးရက ဂျာမန်စစ်တပ်များကို အမြန်ဆုံး စေလွှတ်ပေးပါရန် တောင်းဆို မေတ္တာရပ်ခံအပ်ပါသည်''

စင်စစ် အထက်ပါ 'လုံကြုပ်ကြေးနန်း' မှာ ဂျာမန်တပ်များ သြစတြီးယားပြည်ကို ဝင်ရောက် သိမ်းပိုက်ရေးအတွက် တရားဝင်ဖြစ်စေရန် ဟစ်တလာ၏ ညွှန်ကြားချက်အရ ဂိုးအားရင်းက စီစဉ် ဆောင်ရွက်ရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် 'လိမ်စရာရှိလျှင် ကြီးကြီးကျယ်ကျယ် လိမ်ပါ' ဟူသော သူ၏ဆောင်ပုဒ်အရ တိုင်းပြည်တစ်ပြည်ကိုပင် 'လိမ်၍ သိမ်းပိုက်ရန်' ကြံခဲ့သော ခေါင်းဆောင်ကြီး ဟစ်တလာ၏ ရောမ အကြံကြီးပင်ဖြစ်သည်။

ထို့ကြောင့်ပင်မဟုတ်လော၊ ထိုနေ့ည သန်းခေါင်မတိုင်မီ နောက်ဆုံးအချိန်တွင် သြစတြီးယား၊ သမတကြီးက နာဇီခေါင်းဆောင် ဆိုက်စ်အင်းကွပ်ကို ဝန်ကြီးချုပ်ခန့်ရန် 'မနိုင်၍ သည်းခံခြင်း' မျိုးဖြင့် သည်းခံလိုက်ရလျှာခဲ့သည့်တိုင်အောင် ဂျာမန်တပ်များမှာ မူလ အစီအစဉ်အတိုင်း သြစတြီးယားပြည်ကလေးကို ချီတက် သိမ်းပိုက်ခဲ့ကြသည်။

ဆိုက်စ်အင်းကွပ်အား ဝန်ကြီးချုပ်ရာထူးခန့်အပ်ရန် သမ္မတကြီးက သဘောတူပြီးနောက် (မတ်လ ၁၂ ရက်) နံနက် ၂နာရီတွင် ဂျာမန်စစ်သံမှူး ဗိုလ်ချုပ်မတ်ဖ်က အင်းကွပ်၏ ဆန္ဒအရ ဂျာမန်တပ်များကို သြစတြီးယားပြည်ထဲသို့ ချီတက်ခြင်း မပြုသေးဘဲ ဂျာမန် နယ်စပ်တွင်ပင် ရပ်နား တပ်စွဲထားပါရန် မေတ္တာရပ်ခံခဲ့သည်။

သို့သော် အချိန်နှောင်းခဲ့လေပြီ။

ဂျာမန်တပ်များသည် ဟစ်တလာ၏အမိန့်အရ မတ်လ ၁၁ ရက်နေ့ည ၈ နာရီ ၄၅ မိနစ်တွင် ဂျာမန်နယ်အတွင်းမှ စတင်ချီတက်၍ မတ်လ ၁၂ ရက်နေ့နံနက်မိုးသောက်ချိန်တွင် နယ်စပ်ကို ဖြတ်ကျော်ကာ သြစတြီးယား ပြည်ထဲသို့ ဝင်လာခဲ့ကြပြီဖြစ်သည်။



ဤသို့လျှင် အာဏာရှင် ခေါင်းဆောင်ကြီး ဟစ်တလာ၏ ဝါးစပ်မှ တစ်ခွန်းဝေါက်ရုံမျှဖြင့် သြစတြီးယား ပြည်ကလေးမှာ နာဇီတို့၏ ခြေဖဝါးအောက်သို့ ပြားပြားဝပ်၍ ကျရောက်ခဲ့ရရှာသတည်း။

www.burmeseclassic.com



## စစ်နှင့်ငြိမ်းချမ်းရေး

"ကျုပ်တို့ ရင်ဆိုင်နေရတဲ့ အခက်အခဲကို အမှန်အတိုင်း အစီရင်ခံရမယ်ဆိုရင် ဒီကိစ္စမှာ ဘယ်နည်းဘယ်ပုံ ဖြစ်ပျက်ခဲ့တယ်ဆိုတာ ကျုပ်တို့မသိနိုင်ဘဲ ဖြစ်နေပါတယ်၊ ဒီလိုအဖြစ်မှန်ကို တိတိကျကျမသိရဘဲနဲ့ ကျုပ်တို့တိုင်းပြည်က ဖြစ်စေ အခြား တိုင်းပြည်က ဖြစ်စေ ဒီလိုကိစ္စမှာ လက်နက်အင်အားကို အသုံးပြုဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။"

မတ်လ ၁၂ ရက်နေ့တွင် ဩစထရီးယား ပြည်ကလေး ဂျာမန်တပ်များ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးနောက် ၂ ရက်မျှအကြာ မတ်လ ၁၄ ရက်နေ့တွင် အင်္ဂလန်ပြည် အောက်လွှတ်တော်အစည်းအဝေးတွင် ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်က အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ဟစ်တလာ ကြိုတင် ယူဆခဲ့သည့်အတိုင်း ဗြိတိသျှတို့သည် ဤပြဿနာကို ပျော့ညံ့စွာ သုံးသပ် သဘောထားခဲ့ပြီ မဟုတ်လော။

ဤအချိန်တွင် ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန် ပျော့ညံ့သလောက် နာဇီအာဏာရှင် ဟစ်တလာသည် မာကျောခဲ့သည်။



တစ်ယောက်က နှောင့်နှေး လေးလံသလောက် အခြားတစ်ယောက်က လျင်မြန်သွက်လက်လှသည်။

ဟစ်တလာသည် မည်မျှ လျင်မြန်သွက်လက်သနည်းဆိုသော် ဂျာမန်တပ်များ ဩစထရီးယားပြည်ထဲသို့ မတ်လ ၁၂ ရက်နေ့တွင် ချီတက်ဝင်ရောက် သိမ်းပိုက်ခဲ့ကြရာ ထိုနေ့ နေ့လယ် အချိန်လောက်တွင် သူသည် နောက်လိုက်နောက်ပါ နာဇီကိုယ်ရံတော် ဗိုလ်မှူးကြီးများ ခြံရံလျက် ဩစထရီးယားပြည် လင့်ဇ်မြို့ကလေးထဲသို့ ချက်ချင်း ဆိုက်ရောက်လာခဲ့သည်။

သူစီးနင်းလိုက်ပါလာသော မော်တော်ကားသည် ဝဲ ယာ တစ်ဖက်တစ်ချက်တွင် ဖကောင်းချီး ဩဘာပေးကြ၍ အော်ဟစ်ကြွေးကြော်နှုတ်ဆက်နေကြသော လူအုပ်ကြီးများကို ဖြတ်ကျော်သော စကြာတံဆိပ် နာဇီအလံကြီးများဖြင့် ကြွားကြွားဝင့်ဝင့် လှုလှုလှင့်နေသော လင့်ဇ်မြို့ကလေးထဲသို့ ဖြည်းညှင်းစွာဝင်ရောက်လာခဲ့သည်။

ယမန်နေ့ညကအထိ ဩစထရီးယားအစိုးရ လက်အောက်တွင် ရှိနေခဲ့သေးသော လင့်ဇ်မြို့ကလေးမှာ ယခု ဂျာမန်တို့လက်အောက်သို့ ကျရောက်ခဲ့ရုံမျှမက ဂျာမန်ခေါင်းဆောင် အာဏာရှင်ကြီးကို သောင်းသောင်းဖြဖြ ဆီးကြို နှုတ်ဆက်နေကြပေပြီ။

ဤသို့ တစ်မြို့လုံး အုံးအုံးကျက်ကျက် ခမ်းနားသိုက်မြိုက်စွာ ပြင်ဆင်၍ ဟစ်တလာအား ဆီးကြိုနှုတ်ဆက်စေရန် နာရီပိုင်းအတွင်း စီမံခေါင်းဆောင်ခဲ့ကြသူများမှာ နာဇီလုံခြုံရေးတပ်ဖွဲ့ဗိုလ်ချုပ်ကြီး ဟင်းမလားနှင့် သူ၏လက်ထောက် ဗိုလ်ကြီးအိုက်ခ်မန်းတို့ပင် ဖြစ်သည်။ ၎င်းတို့နှစ်ယောက်သည် ယမန်နေ့ ညဦးပိုင်းကပင် ဤမြို့ကလေးကို ရောက်ခဲ့၍ ခေါင်းဆောင်ကြီး ဟစ်တလာအား ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုရေးကို ညတွင်းချင်း တက်သုတ်ရိုက်၍ စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဟစ်တလာမှာ လင့်ဇ်မြို့သူမြို့သားများ အကြားတွင် ... ရောက်ကြွလှုပ်ရှားနေမိသည်။ အထူးသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ... ခန့်က ဤမြို့ကလေး၏ လမ်းကြိုလမ်းကြားတွင် ... ခြေဖျား

www.burmeseclassic.com

www.burmeseclassic.com

ဆော့ကစားခဲ့သော မထင်ရှားသည့် သာမန်ကျောင်းသား တစ်ယောက်အဖြစ်မှ ဂျာမန်အင်ပါယာကြီး၏ အထွတ်အထိပ် အာဏာရှင်ကြီး တစ်ယောက်အဖြစ် ဤမြို့ကလေးသို့ ပြန်ရောက်လာသော မိမိဘဝကို အထူးပင် ကျေနပ်မိသည်၊ အားရမိသည်။

ဤနယ် ဤမြေသည်ပင်လျှင် မိမိ၏ ဇာတိချက်ကြွေ ရပ်ခြေ မဟုတ်ပါလော။

ဟစ်တလာသည် နောက်တစ်နေ့ နံနက်တွင် လင့်ဇ်မြို့ လှမ်းမကမ်းရှိ လီယွန်ဒင်း ရွာကလေးသို့ သွားရောက်ကာ ... လွန်သူ မိဘနှစ်ပါး၏ အုတ်ဂူတွင် လွမ်းသူ့ပန်းခွေများ ချခဲ့ သည်။

သူသည် ဤမျှ အလုပ်များ၍ မအားသည့်ကြားထဲမှ အ... အရေးကြီးသော အလုပ်တစ်ခုကို လုပ်လိုက်သေးသည်။ ထိုအ... မှာ သူ၏မဟာမိတ် အီတလီမှ မူဆိုလီနီထံသို့ ကြေးနန်းရိုက်... ခြင်းပင် ဖြစ်သည်။

သူ ဘာလင်မှ ထွက်ခွာမလာမီ ဩစတြီးယားကို ဂျာ... တပ်များ ဝင်ရောက် သိမ်းပိုက်လိုက်ခြင်းနှင့် ပတ်သက်၍ မဆို... ထံမှ သဘောတူ ထောက်ခံပါကြောင်း၊ တယ်လီဖုန်းဖြင့် သ... ကောင်း ရခဲ့သည်။ ယခု လင့်ဇ်မြို့ကလေး ရောက်သည့်အခါ... ဤကိစ္စအတွက် မူဆိုလီနီထံသို့ ကြေးနန်းရိုက်၍ ကျေးဇူးတင်... ပြောမိအောင် ပြောလိုက်သေးသည်။

"ဤကိစ္စတွင် သင်၏ ကျေးဇူးကို ဘယ်တော့မှ မေ့... မဟုတ်ပါ"

အဒေါ့ဖ် ဟစ်တလာ

သူ့ကြေးနန်းစာမှာ ဒါပဲ ဖြစ်သည်။

တစ်ချိန်တည်းတွင် သူသည် သူ၏အတွင်းဝန် စတက်ဖ... ဗီယင်နာမြို့သို့ လေကြောင်းမှ ပြန်လွှတ်လိုက်သည်။ ကိစ္စမှာ အသ... ဖွဲ့စည်းလိုက်သော ဆိုက်စ်အင်းကွပ်အစိုးရအဖွဲ့၏ ပထမဆုံးလုပ်... မည့် အလုပ်ကို ညွှန်ကြားရန်ဖြစ်သည်။



ဤညွှန်ကြားချက်အရ ဩစတြီးယား ကြားဖြတ် အစိုးရ ...သည် အရေးပေါ် အစည်းအဝေးခေါ်ယူကာ တိုင်းပြည်၏ ...ဥပဒေကို ပြန်လည် ပြင်ဆင်ကြသည်။

ဤပြင်ဆင် ရေးသားလိုက်သော အခြေခံဥပဒေကို ထိုနေ့ ...ချင်းပင် ဝန်ကြီးချုပ် ဆိုက်စ်အင်းကွပ်ကိုယ်တိုင် လင့်ဇ်မြို့သို့ ...ကာ၍ ခေါင်းဆောင်ကြီး ဟစ်တလာထံ ပြသသည်။

ထိုပါ အခြေခံဥပဒေ၏ ပထမဆုံးအပိုဒ်တစ်တွင် အောက် ...တိုင်း ဖော်ပြထားသည်။

"ဩစတြီးယား ပြည်သည် ဂျာမန်အင်ပါယာ အတွင်းမှ ...ယ်တစ်နယ်ဖြစ်သည်"

ဟစ်တလာသည် အထက်ပါ အခြေခံဥပဒေမှ ပထမဆုံး ...ကိုဖတ်ပြီး၊ အကြီးအကျယ် ကျေနပ်သွားသည်။ သူ့ရင်တွင်းမှ ...ဖွား ဖြစ်ပေါ်လာသော ပီတိအဟုန်ကြောင့် သူ့တစ်ကိုယ် ... တုန်တုန်ယင်ယင် ဖြစ်ကာ မျက်ရည်များပင် ကျဆင်းလာ ... သူသည် အနီးအပါးရှိ နာဇီခေါင်းဆောင်များဘက်သို့ ...ကာ ကောက်ချက်ချလိုက်သေးသည်။

"ဘယ်တော့ မှန်ကန်တဲ့ နိုင်ငံရေးလုပ်ဆောင်ချက်တစ်ရပ် ... သွေးထွက်သံယိုဖြစ်မှုကို တားဆီးလိုက်တာပဲ"

ဟစ်တလာ၏ ပါးစပ်မှ ဤသို့ မှတ်ချက်ချနေဆဲ၊ ထိုနေ့ ... ထိုအချိန်မှာပင် လင့်ဇ်မြို့နှင့် ဗီယင်နာမြို့တွင် နာဇီလုံခြုံရေး ...များက လူများအား အစုလိုက် အပြုံလိုက်ဖမ်းဆီးခြင်းများ ...ပြုလုပ်နေပြီ ဖြစ်သည်။

ဤရက်များအတွင်းက ဗီယင်နာမြို့ တစ်မြို့တည်းမှာပင် လူ... ...ဦး ၇၆,၀၀၀ ခန့် အဖမ်းခံကြရသည်။ ၎င်းတို့အထဲတွင် ...များမှာ အများဆုံးဖြစ်သည်။ ဤသို့ဂျူးများကို ထောင်သောင်း ... ဖမ်းဆီးခြင်းကို အသေးစိတ် စီမံခန့်ခွဲလုပ်ဆောင်ခဲ့သူမှာ နောင် ...ခါ၌ အဆိုပ်ငွေ့လွှတ်၍ သတ်သည့် နည်းလမ်း အပါအဝင် ... ...စုံဖြင့် ဂျူးလူမျိုးပေါင်း ၆-သန်းကျော် သတ်ခဲ့သည့် နာဇီ ...ခြုံရေး တပ်ဖွဲ့ဝင် ဗိုလ်ကြီး အိုက်ခ်မန်းပင် ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာသည် မတ်လ ၁၃-ရက်နေ့တွင် ဗီယင်နာမြို့ လာရောက်ရန် ရှိသော်ငြားလည်း သူ၏လုံခြုံရေး ကိစ္စ အဝဝတို့ ထားဝန်ယူ ဆောင်ရွက်ရသော ဗိုလ်ချုပ်ကြီး ဟင်းမလားအာ အ... အနေ စိတ်မချရသေးဟုဆိုကာ တစ်ရက်ဆိုင်းထားသဖြင့် နော... တစ်နေ့ မတ်လ ၁၄-ရက် နေ့တွင်မှ ဗီယင်နာမြို့သို့ ဆိုက်ရော... လာခဲ့သည်။

ဤဗီယင်နာမြို့ကြီးသည် တစ်ခါက ဟစ်တလာအား အငေ... ငတ် အပြုတ်ပြုတ်ဖြင့် ဆင်းဆင်းရဲရဲဖြစ်အောင် ညှဉ်းဆဲခဲ့သော... ကြီးပင်ဖြစ်သည်။ တစ်ကောင်ကြွက်မျက်နှာငယ် ဟစ်တလာအ... စားရမဲ့ ဝတ်ရမဲ့ ဖြစ်အောင် အဖက်ဖက်မှ နှိပ်စက်ခဲ့သော မြို့ကြီး... ဖြစ်သည်။

ယခုမူကား ဤဗီယင်နာမြို့ကြီးတစ်မြို့လုံးမှာ စကြာတံ... များ ဖုံးလွှမ်း၍ လွန်ခဲ့သော နှစ်ပေါင်း ၃၀-ခန့်က အပယ်ခံ... တွင် ထားခဲ့သော ဟစ်တလာအား ဝမ်းမြောက် ဝမ်းသာ အ... အောင်သောင်းနင်းဆီး ကြိုဆိုခြင်း ပြုနေပေပြီ။

ဟစ်တလာသည် တစ်ခါက အလုပ်လက်မဲ့ ဘဝ ခြေသ... အိမ်တိုင် ဘဝဖြင့် ငတ်တစ်လှည့် ပြတ်တစ်လှည့် နေခဲ့ရသော ဗီယ... နာမြို့ကြီးတွင် ယခုအခါ လှည်းနေလှေအောင်း မြင်းစောင်းမ... မြို့သူမြို့သားအားလုံး၏ ဆီးကြို ဂုဏ်ပြုခြင်းခံယူပြီး နောက်တစ်... တွင် မြူနစ်မြို့သို့ ပြန်လာခဲ့သည်။

ဤသို့ ဟစ်တလာသည် စစ်ရေးနိုင်ငံရေး ခြေလှမ်းမျာ... ခြေမြန် လက်မြန် လှမ်းနေခိုက်တွင် ဗြိတိန်၊ ပြင်သစ်စသော ဥရော... နိုင်ငံကြီးများမှာ ဂျာမနီ၏ ခြေလှမ်းများကို မီအောင်မလိုက်... ကြရှုံမျှမက၊ တုံ့ပြန်ဖင့်ဆိုင်းလျက်ပင် ရှိနေကြသည်။

အထူးသဖြင့် ဂျာမနီ၊ ဩစတီးယားတို့နှင့် နယ်နိမိတ်ခ... ဆက်စပ်နေရုံမျှမက ဂျာမနီ၏ရန်ကို အမြဲတမ်း သတိထားနေ... သော ချက်ကိုစလိုဗက်ကီးယားပြည်ကလေး၏ မိမိတိုင်းပြည်... လုံခြုံရေးကို ဝိုင်းဝန်း၍ အာမခံပေးကြပါရန် ဗြိတိန်နှင့် ပြင်သစ်...



...အား မေတ္တာရပ်ခံခဲ့သည်ကိုပင် ဗြိတိန်ဝန်ကြီးချုပ် ချိန်ဘာလိန်က ...ငြင်းပယ်ခဲ့သည်အထိ ဖြစ်လာသည်။

ဤနေရာတွင် ချက်ကိုစလိုဗက်ကီးယားပြည်ကလေးနှင့် ပေါ ...သီ စာချုပ် ချုပ်ဆိုထားခဲ့သော ပြင်သစ်က ချက်စလိုဗက်ကီး ...ယား၏ မေတ္တာရပ်ခံချက်ကို အလေးအနက် ပဉ်းစား၍ လက်ခံ ...သဘောတူခဲ့သည့်တိုင်အောင် ပျော့ညံ့လှသော ဗြိတိသျှအစိုးရက ...ကိစ္စတွင် မိမိတို့အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် မစဉ်းစားနိုင် ...ကြောင်း အတိအလင်း ပြောကြားခဲ့သည်။

တစ်ဖန်ဂျာမနီ၏ကျူးကျော်သော ခြေလှမ်းများကို အချိန်မီ ...တားဆီးနိုင်ရေးအတွက် ဥရောပနိုင်ငံကြီးများ တိုင်ပင်ဆွေးနွေးကြ ...ဆိုဗီယက်အစိုးရက တင်ပြလာသည်ကိုလည်း ဗြိတိသျှတို့က ...ချခဲ့ပြန်သည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ဤသို့ နိုင်ငံကြီးများ ...ချင်းချင်း တိုင်ပင်ဆွေးနွေးကြခြင်းဖြင့် ဥရောပတိုက်တွင် အင် ...အားစုနှစ်ခု ကွဲပြားကာ ပဋိပက္ခကို ပိုမိုကြီးထွားအောင်ပြုလုပ်ရာ ...ရည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ချိန်ဘာလိန်က ဗြိတိသျှ အောက် ...တော်တွင် မတ်လ ၂၄ ရက်နေ့က ထုတ်ဖော်ပြောကြား ...သည်။

ချိန်ဘာလိန်သည် ယခုအထိ ဟစ်တလာနှင့် မူဆိုလိနီတို့ ...ပေါ်တွင် 'ငြိမ်းချမ်းစွာ ဖြေရှင်းရေး' ကို ကြိုးပမ်း၍ ရနိုင်ဦးမည် ...မျှော်သင့်အားထား နေဆဲပင်ဖြစ်ရာ ဂျာမနီ၏ ခြေလှမ်းများကို ...အကြမ်းဖက်တားဆီးရန် လုံးဝ သဘောမတူနိုင်ဘဲ ဖြစ်နေသည်။

ဤအချိန်တွင် ဗြိတိသျှခေါင်းဆောင်များအတွင်း ဂျာမနီ၏ ...အန္တရာယ်ကို အမှန်တကယ် တိတိကျကျ သိမြင်ခဲ့သူတစ်ဦးရှိသည်။ ...သူမှာ ဝင်စတန် ချာချီပင်ဖြစ်သည်။ ချာချီသည် ဂျာမနီ ...တွင် နာဇီတို့ အာဏာရပြီး အကြမ်းဖက် အုပ်စိုးလာခဲ့သည့် ...မှစ၍ တစ်နေ့တွင်ဤအန္တရာယ်သည် ဥရောပတိုက် တစ်တိုက် ...ပေါ်သို့ ကျရောက်လာဖွယ်ရာရှိသည်ကို ကြိုတင်သိမြင်ခဲ့သည်။ ...သည် ထိုစဉ်ကတည်းကပင် ဗြိတိသျှတို့၏ကာကွယ်ရေး အင်အား ...ကို ဖြည့်တင်းရန် လှုံ့ဆော်ခဲ့ကြသည်။

—ချွှမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ယခု ဟစ်တလာ တစ်စတစ်စ ခြေလှမ်းကျဲကာ ဩဇ ယား ပြည်ကလေးကို ဝင်ရောက် သိမ်းပိုက်ခဲ့ရာ ဤအဖြစ်အ သည် သာမန် အသေးအဖွဲ့မျှမဟုတ်ဘဲ ဂျာမနီနှင့် အီတ တစ်ဖက်၊ ကျန်ဥရောပနိုင်ငံကြီးများက တစ်ဖက် စစ်ရေးနိုင်ငံ အားပြိုင်နေကြရာတွင် အာဏာရှင် နိုင်ငံများဘက်သို့ ချိန်ခွင် သိသိသာသာကြီး တက်လာသော ဖြစ်ရပ်ဟု ဝန်စုတန် ချာ ယူဆခဲ့သည်။

ထို့ပြင် ဩစထရီးယားပြည်ကလေးမှ ထွက်ရှိသော သံမဏိနှင့် အခြားကုန်ကြမ်းများသည်လည်း အဟုန်ပြင်းစွာ ထုတ်လုပ်နေဖသာ ဟစ်တလာ၏ စီးပွားရေး စစ်လက်နက် ပ ထုတ်လုပ်ရေးကို လိုလေသေးမရှိအောင် ဖြည့်တင်းပေးလိုက် ရောက်သည်ဟု ဝင်စတန်ချာချီအတွက်ချက်မိသည်။

သူ ယူဆ တွက်ချက်သည့်အတိုင်းလည်း အမှန်ပင်ဖြစ်သည် အဘယ့်ကြောင့်ဆိုသော် ဟစ်တလာသည် ဂျာမန်စစ်တပ်ကြီး ဥရောပတိုက်တွင် အကြီးမားဆုံးသော စစ်တပ်ကြီးအဖြစ် တိုးချဲ့ သမျှ တိုးချဲ့ဖွဲ့စည်းခဲ့ရာ၊ ဤစစ်တပ်ကြီးအတွက် လိုအပ်သော လက်နက်ပစ္စည်းများ ထုတ်လုပ်ရေးတွင် ဂျာမနီပြည်တစ်ပြည် ထွက်ကုန်များဖြင့် မလုံလောက်သဖြင့် ဤနယ်ချဲ့ကျူးကျော်ရေး စီမံကိန်းကြီးကို ရေးဆွဲခဲ့ခြင်းပင် မဟုတ်ပါလော။

၁၉၃၈-ခုနှစ် ဧပြီလ တစ်ရက်နေ့တွင် ဂျာမနီပြည်၌ ဂျာ တို့၏ စစ်အင်အားမှာ တပ်မကြီး ပေါင်း ၂၇-ခု၊ ၂၈-ခုမျှ ရှိ ပြီဖြစ်သည်။ ထိုနှစ်ဆောင်းဦးပေါက် ရာသီတွင်မူ ထိုမျှမက အ တပ်မကြီးများအပါအဝင် တပ်မကြီးပေါင်း ၅၅-ခုအထိ တက်များပြားလာခဲ့သည်။

(ဗျူရင်ဘတ်စစ်ခုံရုံးတွင် ဗိုလ်ချုပ် ဂျိုဒ်လ်၏ အစစ်ခံချက်မှ)

ဤသို့စစ်တပ်အင်အားများ အဆမတန် ကြီးမားလာသည် နှင့်အမျှ စစ်အသုံးစရိတ်မှာလည်း တစ်ဟုန်ထိုး ခုန်တက် မြင့်မား လာခဲ့သည်။ ၁၉၃၅-၃၆-ခုနှစ်တွင် စစ်အသုံးစရိတ်မှာဂျာမန်မ

www.burmeseclassic.com



ငွေပေါင်း သန်းပေါင်း ၆၂၀၀-ရှိခဲ့ရာမှ ၁၉၃၆-၃၇ ခုနှစ်တွင် သန်းပေါင်း ၁၄,၆၀၀-ရှိလာခဲ့သည်။ နောက်ဆုံး ၁၉၃၈-ခု ၃၉-ခုနှစ်တွင်မူ သန်းပေါင်း ၁၆,၀၀၀-အထိ ကြောက်ခမန်း လိလိ များပြားလာခဲ့သည်။

(၁၉၃၉-ခုနှစ် ကမ္ဘာ့နှစ်ချုပ်စာရင်းမှ)

ဤသို့ မြောက်မြားလှစွာသော စစ်စရိတ်များကို အသုံးပြု ကာ သန်းနှင့်ချီ၍ ဂျာမန်စစ်တပ်ကြီး များကို ဖွဲ့စည်းထားခြင်းသည် အခြားတိုင်းပြည်များအား နယ်ချဲ့ ကျူးကျော်ရန်မှ တစ်ပါး အခြားဘာများ ရည်ရွယ်ချက် ရှိပါဦးမည်နည်း။

သို့ဖြစ်ရာ ဟစ်တလာသည် ဤဂျာမန် စစ်တပ်ကြီးများဖြင့် ဩစထရီးယားပြည်ကလေးအား ကျူးကျော် ဝင်ရောက်ပြီးနောက် အခြားအိမ်နီးချင်း တိုင်းပြည်ကလေးတစ်ခုကို ဝင်ရောက် သိမ်းပိုက် ရန် စီစဉ်ပြန်သည်။ ဤတစ်ကြိမ်တွင် ဟစ်တလာ၏ စစ်သံဖနောင့် ဖြင့် ချိန်ရွယ်ခြင်းခံရသည့် တိုင်းပြည် ကလေးမှာ အများသိပြီး ဖြစ်ကြသည့်အတိုင်း ချက်ကိုစလိုဗေးကီးယား ပြည်ကလေးပင် ဖြစ် သည်။

ဤတိုင်းပြည်ကလေးအား မည်သို့သောအကြောင်းပြချက် များဖြင့် ဝင်ရောက်သိမ်းပိုက်ရမည်နည်း။

အကြောင်းပြချက်းတား ပေါများလှပါသည်။ အဖက် ဖက်က လုံလောက်စွာရှိနေပါသည်။

ဤချက်ကိုစလိုဗေးကီးယားတိုင်းပြည်ကလေးသည် ဗြိတိန် စစ်ပြေငြိမ်းရေး စာချုပ်၏ ရလဒ်တစ်ခု ဖြစ်သည်။ ဒီမိုကရေစီ ဝါဒကို ယုံကြည်လက်ခံသော တိုင်းပြည်ကလေးဖြစ်သည်။ ကမ္ဘာ့ နိုင်ငံပေါင်းစုံ အဖွဲ့ချုပ်ကြီးကို အစွမ်းကုန် ထောက်ခံနေသော တိုင်းပြည်ဖြစ်သည်။ ပြင်သစ်နှင့် ဆိုဗီယက် ရုရှားတို့၏ မဟာမိတ် တိုင်းပြည်ဖြစ်သည်။ ဤအချက်များသည် ချက်ကိုစလိုဗေးကီးယား ပြည်ကလေးအား ဝင်ရောက်သိမ်းပိုက်ရန် လိုအပ်သောအကြောင်း အချက်များ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com

ထို့ထက်ပို၍ အရေးကြီးသော အကြောင်းအချက်တစ်ရပ်မှာ ဂျာမနီပြည်၏ အိမ်နီးချင်းတိုင်းပြည်ကလေးများထဲတွင် ချက်ကိုစလိုဗေးကီးယားပြည်သည် စီးပွားရေး နိုင်ငံရေး၊ စစ်ရေးအားဖြင့် ဂျာမန်အင်ပါယာကြီးကို ယှဉ်ပြိုင် အန်တုနေသည့် တိုင်းပြည်တစ်ပြည်ပင် ဖြစ်ပါသည်။ အထူးသဖြင့် ချက်တပ်မတော်သည် အရည်အချင်း အဆင့်အတန်းမြင့်သော တပ်မတော်ဖြစ်၍ စစ်ရေးအားဖြင့် ပြင်သစ်တို့၏ ကမ္ဘာကျော် မဂ္ဂီနော့စစ်ကြောင်းကဲ့သို့ပင် ခိုင်မာတောင့်တင်းလှသည်။

ဤသို့အားဖြင့် ငယ်ပင် ငယ်သော်လည်း အစွယ်ထက်လှသော ချက်တပ်မတော်ကို အချိန်မနှောင်းမီ ဦးချိုးထားမှုဖြစ်မည်။ သို့မဟုတ်ပါက နောက်တစ်နေ့တွင် မလောက်လေး မလောက်စား ချက်ကိုစလိုဗေးကီးယား အမှိုက်ကလေးကြောင့် မိမိတို့ဂျာမန်အင်ပိုင်ယာပြာသာဒ်ကြီးပါ ပြိုလဲကျသွားမည်ကို စိုးရသည်။

ဤသို့ တွေးမိသော ဟစ်တလာသည် ချက်ကိုစလိုဗေးကီးယား ပြည်ကလေးအား နောက်ထပ် ကျူးကျော်ရန် အတွက် ပဏာမခြေလှမ်းကို စတင် လှမ်းလိုက်သည်။

သူ့ခြေလှမ်းမှာ ဤသို့ဖြစ်သည်။

လက်ရှိ ချက်ကိုစလိုဗေးကီးယားပြည် ပိုင်နက်ထဲတွင် ဆူဒီတန်အမည်ရှိ နယ်မြေကလေး ပါဝင်နေသည်။ ယင်းဆူဒီတန်နယ်ကလေးမှာ ရှေးအစဉ်အဆက်ကပင် ဂျာမန် အမျိုးအနွယ်များနေထိုင်ခဲ့ကြ၍ ထိုနယ်မြေတွင် ဂျာမန် အမျိုးသား စုစုပေါင်း ၃ သန်းကျော်ရှိနေသည်။

ချက်ကိုစလိုဗေးကီးယားအစိုးရအဖို့ အဆိုပါ ဆူဒီတန်ဂျာမန်များနှင့် ပတ်သက်၍ မကြာခဏ ဦးနှောက်ခြောက်ခဲ့ရသည်။ သူတို့သည် ချက်အမျိုးသားများနှင့် နိုင်ငံရေး စီးပွားရေးပြဿနာများတွင် အမြဲတစေ ပဋိပက္ခ ဖြစ်နေခဲ့သည်။

ဤအတောအတွင်း ဂျာမနီပြည်တွင် နာဇီများ အာဏာရ၍ ဂျာမန်တို့၏ အရှိန်အဝါ ကြီးမားလာခဲ့ရာ ဆူဒီတန်ဂျာမန်များသည် မိမိတို့နယ်မြေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုကာ



ဆူဒီတန်နယ်မြေမှာပင် နာဇီပါတီများ တည်ထောင်၍ နာဇီဝါဒ ...ဘာတရားများကို သွတ်သွင်းလာခဲ့သည်။

ဟစ်တလာ၏ ဂျာမန်အစိုးရ နိုင်ငံခြားရေး ဌာနကလည်း ဆူဒီတန်ဂျာမန်တို့၏ နာဇီပါတီကို ၁၉၃၅ ခုနှစ်လောက်က စ၍ ...ဝှက်စွာ ဆက်သွယ်အားပေးခဲ့ရုံမျှမက ဆူဒီတန်ဂျာမန် နာဇီ...တီခေါင်းဆောင် ကွန်နာဟန်လိန်း ဆိုသူကိုလည်း ပါတီလုပ်ငန်းများအတွက် လစဉ် ဂျာမန်ငွေ တစ်သောင်းငါးထောင် တိဘ်တဆိုက် ...ထောက်ပံ့လာခဲ့သည်။

ဤအခြေအနေအောက်တွင် ဟစ်တလာသည် ၁၉၃၈ ခုနှစ် ...ဧပြီလ ၂၈ ရက်နေ့၌ ဆူဒီတန် နာဇီခေါင်းဆောင် ဟန်လိန်းကို ...ဘာလင်သို့ ခေါ်ယူ တွေ့ဆုံခဲ့သည်။ ဟစ်တလာနှင့် ဟန်လိန် တို့ ...တွေ့ဆုံရာတွင် အခြား နာဇီခေါင်းဆောင်များ ဖြစ်ကြသော ရစ် ...ဘင်ထရော့နှင့် ဟက်စ်တို့လည်း ပါဝင်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဟစ်တလာက ဟန်လိန်းအား ...ပေးသော ညွှန်ကြားချက်တစ်ခု ပေးအပ်ခဲ့သည်။ ယင်းညွှန်ကြားချက်မှာ အခြားမဟုတ်၊ 'ဆူဒီဂျာမန်တို့သည် ချက်ကိုစလိုဗေးကီး...ယားအစိုးရအား လိုလားချက်များ တစ်ခုပြီးတစ်ခု တောင်းဆိုရမည်၊ အထူးသဖြင့် ချက်အစိုးရအနေဖြင့် မလိုက်လျောနိုင်သည့် ...တောင်းဆိုချက်များကို အဓိကရွေး၍ တောင်းဆိုရမည်' ဟူသော ...ညွှန်ကြားချက်ပင် ဖြစ်သည်။

ဟစ်တလာ၏ အကြံမှာ ရှင်းလှသည်၊ လွယ်လှသည်။ ဆူဒီ...တန် ဂျာမန်တို့က ချက်အစိုးရအား ယင်းသို့မလိုက်လျောနိုင်သော ...တောင်းဆိုချက်များကို တစ်ခုပြီးတစ်ခု တောင်းဆိုခြင်းဖြင့် အခြေ...အနေကို တင်းမာအောင် ဖန်တီးမည်။ ထိုမှတစ်ဆင့်တက်၍ ဆူဒီတန်...ဂျာမန်များနှင့် ချက်အစိုးရတို့အကြား ပဋိပက္ခကို ကြီးမားသည်...ထက် ကြီးမားအောင် လှုံ့ဆော်လာကာ နောက်ဆုံးတွင် ဆူဒီတန်...မှ မိမိတို့ဂျာမန်အမျိုးသား သွေးချင်းသားချင်းများကို ချက်...အစိုးရက မတရားဖိနှိပ်ညှဉ်းဆဲနေခြင်းမှ ကာကွယ်ကြသော် ဟူ၍

www.burmeseclassic.com

www.burmeseclassic.com


ကြေးကြော်အာ ဆူဒီတန်နယ်ကို ပထမ ဝင်ရောက် သိမ်းပိုက်ပြီး နောက် ချက်ကိုစလိုဗေးကီးယား တစ်ပြည်လုံးကို သိမ်းယူမည်။

ဟစ်တလာသည် တကယ်အကြံပိုင်သော ခေါင်းပါတ

ဤသို့ ဟစ်တလာနှင့် ဟန်လိန်းတို့ လက်ဝါးချင်း ရိုက်သည့် နောက်ပိုင်း ရက်များတွင်မူ ဆူဒီတန်နယ်မြေမှ ဂျာမန်အမျိုး သားတို့ အုံကြွလှုပ်ရှားမှုများမှာ နေ့စဉ်ရက်ဆက် ဖြစ်ပွားလာ သည်။ ဆာ့ဇ်မြို့တွင် ဂျာမန်အမျိုးသား တစ်သောင်းငါးထော တို့သည် စိတ်အားလှည့်လည်ကာ 'ဂျာမန်အမျိုးသားတွေ အစွန်း ပါစေ၊ ဂျာမန်အင်ပိုင်ယာကြီး အစွန်းရှည်ပါစေ၊ ခေါင်းဆော ဟစ်တလာ အစွန်းရှည်ပါစေ' ဟူ၍ ကခဲနက် ကြွေးကြော်ကြ အီဂါမြို့တွင်လည်း ဂျာမန်အမျိုးသား နှစ်သောင်းငါးထော ပါဝင်သော လူထုဆန္ဒပြပွဲကြီး ကျင်းပ၊ ဘာ တစ်မြို့လုံးကြွေးကြေ သံများ၊ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းထိုးသံများဖြင့် နေသည်။

တင်ချိန်တည်းတွင် ဂျာမန်တပ်များသည် ချက်ကိုစလို ကီးယားပြည်အလားကို ဝင်ရောက် သိမ်းပိုက်တော့မည် ဟူ ကောလာဟလသတင်းများလည်း တောမီးပမာပျံ့နှံ့လာခဲ့သည်။

ပြီလ ၂၄ ရက်နေ့တွင် ဆူဒီတန် နာဇီခေါင်းဆောင် လိန်းသည် ကာလ်ဘတ်မြို့တွင် လူထုတရားပွဲကြီး ကျ ဆူဒီတန်နယ်မြေကို သီးခြားလွတ်လပ်စွာ ကိုယ်ပိုင် အုပ်ချုပ်ခွင့် ပေးရန် အတိအလင်း တောင်းဆိုကြေညာလိုက်သည်။

ဟစ်တလာသည် တစ်ဖက်တွင် ဤသို့စိမံကိန်းချကာ အကွက် ရိုက်ခဲ့ပြီး၊ အချိန်ကို အလဟဿမဖြစ်စေရဘဲ မေလ ၂ ရက်နေ့တွင် အီတလီဖက်ဆစ်အာဏာရှင် မူဆိုလီနီ၏ ဖိတ်ကြားချက်အရ ရောမ မြို့တော်သို့ နောက်လိုက်နောက်ပါ အခြွေအရံ စုံလင်စွာဖြင့် တို ခန်း လှည့်လည်ရန် ထွက်ခွာလာခဲ့သည်။

ဟစ်တလာသည် အီတလီပြည်ကို သဘောကျသွားသည် ရောမမြို့တော်နှင့် ဖလောရင့်စ်မြို့များ၏ လှပပုံကို အထူးနှစ်သက် မိသည်။ ထို့ထက် မူဆိုလီနီအား ရင်းရင်းနှီးနှီး ဆွေးနွေး၊ သိမ်းသွ

သည်ကို ပို၍သဘောကျခဲ့သည်။ ဂျာမနီနှင့် အီတလီ နှစ်ပြည် တစ်ပြည် ရွေလမ်းငွေလမ်း သွယ်တန်းကာ 'ရောမဘာလင်ဝင်ရိုး ကြီး' ခိုင်ခန့်အောင် လုပ်ဆောင်နိုင်ခဲ့သည်ကို ပို၍ နှစ်သက် အားရမိသည်။

ရောမမြို့မှ ပြန်လည်ထွက်ခွာမလာမီ ဟစ်တလာသည် မူဆို နီအား ဂျာမန်တပ်များ နောက်ထပ် ချက်ကိုစလို ဗေးကီးယား ပြည်သို့ဝင်ရောက်သိမ်းပိုက်ရန် ကြံရွယ်ထားကြောင်း အရိပ်အမြွက်မျှ ပြောကြားခဲ့ရာ ချက်အစိုးရကို မလိုလားဖြစ်နေသော မူဆိုလိုနီအ ညီး သဘောတူ ထောက်ခံခဲ့သည်။

ဟစ်တလာသည် ဘာလင်မြို့သို့ ပြန်လည်ဆိုက်ရောက်လာခဲ့ သောအခါ ချက်ကိုစလိုဗေးကီးယားနှင့် ပတ်သက်၍ မိမိဆင်ထား သော အကွက်မှာ မိမိမျှော်လင့်ထားသည်ထက် ပို၍ အံဝင်ခွင်ကျ ဖြစ်နေသည်ကို တွေ့ရသဖြင့် အထူးပင် ကျေနပ်မိသည်။ အဘယ် ကြောင့်ဆိုသော် ချက်ကိုစလိုဗေးကီးယား ပြည်သနှင့် စပ်လျဉ်း၍ ဗြိတိသျှဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးတို့သည် ဗြိတိသျှ ဝန်ကြီးချုပ် ချိန်ဘာလိန်၊ နိုင်ငံခြားရေးဌာနအတွင်းဝန် လော့ဒ် ဟာလီဖက်စ်တို့နှင့် လန်ဒန်မြို့တွင် တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

ထိုဆွေးနွေးပွဲ၏ အကျိုးအမြတ်အဖြစ် ရက်များ မကြာမီ ချက်ကိုစလိုဗေးကီးယားပြည် ပရုပ်မြို့တွင် ဗြိတိသျှနှင့် ပြင်သစ်တို့ ပူးတွဲကြေညာချက်တစ်ခု ထွက်ပေါ်လာခဲ့သည်။ အဆိုပါ ပူးတွဲ ကြေညာချက်၏ အတိုချုပ်သဘောမှာ 'ချက်အစိုးရသည် ဆူဒီတန် ဂျာမန်တို့၏ တောင်းဆိုချက်ကို အစွမ်းကုန် လိုက်လျောသင့်သည်' ဟူသတည်း။

ဗြိတိသျှအစိုးရသည် ဟစ်တလာ၏ထောင်ချောက်ထဲသို့ ထိုးဝင်ခဲ့ရုံဖြင့် အားမရသေးဘဲ၊ နိုင်ငံခြားရေးဌာန အတွင်းဝန် ဟာလီ ဖက်စ်ကိုယ်တိုင် ချက်ကိုစလို ဗေးကီးယားပြည်ရှိ ဗြိတိသျှသံအမတ်ကြီး တစ်ဆင့် ရစ်ဘင်ထရော့အား 'ဤကိစ္စတွင် ဆူဒီတန် ဂျာမန် ခေါင်းဆောင် ဟန်လိန်းနှင့် တွေ့ဆုံဆွေးနွေး၍ ပြေလည်အောင် ဖြေရှင်းရန် မိမိတို့ ဗြိတိသျှအစိုးရက ချက်အစိုးရအား အသင်း

www.burmeseclassic.com

www.burmeseclassic.com


အကျပ် တိုက်တွန်းနှားချနေပါသည်'' ဟူ၍ပင် ပြောကြားခဲ့သေးသည်။

ဤသို့အားဖြင့် အမြဲအနေမှာ အသက်အကျိုး အသ… အလာ ကောင်းနေခဲ့ရာမှ ရုတ်တရက် မမျှော်လင့်ဘဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ပြန်သည်။

ချက်ကိုစလိုဗေးကီးယား နယ်စပ်တွင် ဂျာမန်တပ်များ လှုပ်ရှားရှားဖြင့် စုရုံးလာကြသည့် သတင်းနှင့် အဆိုပါ ဂျာမန်တပ်များ ချက်ကိုစလိုဗေးကီးယားပြည်ထဲသို့ မကြာမီ ချီတက် ဝင်ရောက်လာကြလိမ့်မည်ဟူသော ကောလာဟလ သတင်းများကြောင့် ချက်အစိုးရသည် ထိတ်လန့်တကြားဖြစ်ကာ ကြို့တင်ပြင်ဆင်သည့် အနေဖြင့် နယ်စပ်မှ မိမိတပ်များကိုလည်း အဆင်သင့်စုရုံးကြရန် အမိန့်များ ထုတ်ပြန်လိုက်သည်။

ဤတွင်မှ ဗြိတိန်နှင့် ပြင်သစ်တို့သည်လည်း မျက်လုံးပြူးမျက်ဆံပြူးဖြစ်ကာ 'အကယ်၍ ဂျာမန်တို့ကသာ ချက်ကိုစလိုဗေးကီးယား ပြည်ကလေးကို အခမ့ဝင်ရောက် သိမ်းပိုက်ခဲ့ပါက အတွေ့ စစ်ပွဲကြီးတစ်ရပ် ဖြစ်ပွားလာဖွယ်ရာရှိကြောင်း'ဖြင့် ဘာလ… အစိုးရကို ဖုတ်ပူမီးတိုက် အခြေအနေကြား သတိပေးကြသည်။

သို့သော် 'မိုးလွန်မှ ထွန်ချ၍' ရနိုင်ပါတော့မည်လား။

မေလ ၂၈ ရက်နေ့တွင် ဟစ်တလာသည် သူ၏ရုံးခန်းတွင် စစ်ဦးစီးချုပ်များ၏ အစည်းအဝေးတစ်ရပ်ကို အရေးတကြီး ခေါ်ယူကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ ဂိုးအားရင်း၊ ရစ်ဘင်…ရော့၊ ချုရက်ဘ်ိုအပြင် ဗိုလ်ချုပ်ကြီးဘက်ခ်၊ ဗိုလ်ချုပ်ကြီးကိုင်းတဲလ်၊ ဗိုလ်ချုပ်ကြီး ဘာခရာချစ်စ်နှင့် ရေတပ်ဗိုလ်ချုပ်ကြီး ရေဒါ… တက်ရောက်ခဲ့ကြသည်။

ဟစ်တလာသည် ဥရောပတိုက် မြေပုံကြီးကို စားပွဲပေါ်တွင် ဖြန့်ချကာ သူ၏ ကျူးကျော် သိမ်းပိုက်ရေး အစီအစဉ်ကို ဒေါ်နှ… မော့နှင့် တင်ပြသည်။ သူ၏ စစ်ဆင်ရေးအတွက် လိုအပ်သော အချက်အလက်များကို ညွှန်ပြခဲ့သည်။

ဗိုလ်ချုပ်ကြီးများမှာ အာဏာရှင်ကြီး ဟစ်တလာ၏ အလိုကျ …တော်ညိတ်ရုံမျှဖြင့် စိတ်တော်သိကာ' ကျူးကျော်သိမ်း…ရေး အစီအစဉ်ကို ဖြည့်စွပ် ထောက်ခံကြတည်။

နောက် နှစ်ရက်မျှ ကြာသောအခါ*''အစိမ်းရောင်စစ်ဆင်ရေး'' ဟူသော အမည်ဖြင့် စစ်ဆင်ရေးအမိန့်တစ်ရပ် ထွက်ပေါ်လာသည်။ 'အစိမ်းရောင်' မှာ ချက်ကိုစလိုဗေးကီးယားပြည်ကလေးအား ဂျာမန်စစ်ဦးချုပ် အဖွဲ့က လျှို့ဝှက်သင်္ကေတအဖြစ် ခေါ်ဝေါ်သော အမည်ဖြစ်သည်။

အဆိုပါ 'အစိမ်းရောင်စစ်ဆင်ရေး' အမိန့်၏ ပထမဆုံးသော …ပိုဒ်များတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

''ချက်ကိုစလိုဗေးကီးယား ပြည်ကလေးအား စစ်ဆင်ရေးအရ မကြာမီချီတက်သိမ်းပိုက်၍ တိုက်ခိုက်ချေမှုန်းပစ်ရန်မှာ ကျွန်ုပ်တို့၏ ပြောင်းလဲ၍ မရသော ဆုံးဖြတ်ချက်ဖြစ်သည်။ ထိုသို့ ချီတက် သိမ်းပိုက်ရန်အတွက်၊ စစ်ရေးနိုင်ငံရေးအရ သင့်တော်သော အချိန်အခါကိုစောင့်ဆိုင်းရန်မှာ နိုင်ငံရေးခေါင်းဆောင်မှု၏ လုပ်ငန်းဆောင်တာပင်ဖြစ်သည်။

(ဂျာမန် နိုင်ငံခြားရေးပေါ်လစီမှတ်တမ်း စာမျက်နှာ-၂၉၉)

ဗိုလ်ချုပ်ကြီး ကိုင်းတဲလ်သည် အထက်ပါ''အစိမ်းရောင်…ဆင်ရေး''အမိန့်ကို ထိပ်တန်းလျှို့ဝှက် အမိန့်စာ အဖြစ်ချုပ်…ကာ ဂျာမန်-ချက်နယ်စပ်မှ တပ်မှူးကြီးများထံသို့ ပို့လိုက်…သည်။ သို့ရာတွင် နောက်ဆက်တွဲ ညွှန်ကြားချက်က ''ဤအမိန့်…သက်တွေ့လိုက်နာ လုပ်ဆောင်ရန်အတွက် ၁၉၃၈-ခုနှစ်…အောက်တိုဘာလ ၁-ရက်နေ့ကို နောက်ဆုံးထား၍ အစစအရာရာ…သင့်ရှိနေကြရမည်'' ဟူ၍ ဖြစ်သည်။

*(OPERATION GREEN)

www.burmeseclassic.com

ဟစ်တလာသည် အထက်ပါ စစ်ဆင်ရေး အစီအစဉ်ကို ရေး ဆွဲ ချတ်ပြန်ခဲ့ပြီးနောက်၊ ၃-လကြာမျှ စောင့်ကြည့်နေခဲ့သည်။

သူသည် နိုင်ငံရေးတွင် နည်းပရိယာယ် ကြွယ်ဝသလောက် စစ်ရေးတွင် သေနင်္ဂဗျူဟာ ပိုင်နိုင်သူတစ်ယောက်ဖြစ်ရာ၊ ''ရှေ့နှင့် လှမ်းတက်ပြီးမှ နောက်တစ်လှမ်းဆုတ်ကာ ရန်သူကို အကဲခတ်ခြင်းဖြစ်သည်။ တစ်နည်း အားဖြင့် ဆိုသော် မိမိက အပေ စီးယူထားပြီးမှ တစ်ဖက် ရန်သူသည် လက်နက်ချ အညံ့ခံမည် လော၊ သို့မဟုတ် ပြန်လည်ခုခံဦးမည်လော ဆိုသည်ကို စောင့်ကြည် နေခြင်းဖြစ်သည်။ အကယ်၍ ရန်သူက ပြန်လည်ခုခံ လျှင်လည် တစ်ချက်တည်းနှင့် အလဲထိုးရန် မိမိတို့ဘက်က ပြင်ဆင်ပြီး မဟုတ်ပါလော။

ဤ ၃လမျှ ဟစ်တလာ စောင့်ကြည့်ခဲ့ရသည်မှာ သူ့အတွ စောင့်ရကျိုးနပ်သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့် သော် ဤ ၃လအတွင်း၊ ဖြစ်ပျက်ခဲ့သော အခြေအနေများမှာ သူ့ အတွက် မရကန်အသင့် ကြာအသင့် ဖြစ်ခဲ့သည်။

ဤ အခြေအနေကို ဩစတြီးယားပြည် ပရပ်ဂ်မြို့တော် ဖန်တီးပေးခဲ့ခြင်းမဟုတ်ဘဲ အင်္ဂလန်ပြည် လန်ဒန်မြို့နှင့် ပြင်သစ်ပြ ပဲရစ်မြို့တော်များက ဖန်တီးပေးခဲ့ခြင်း ဖြစ်သည်။

စက်တင်ဘာလ ၁၃ ရက်နေ့တွင် လန်ဒန်မြို့မှ ဘာလင်မြို့ အကြောင်းကြားစာ တစ်စောင် ရောက်လာခဲ့သည်။ ထိုစာ ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်ထံမှ 'ချက်ကိုစလိုဗေးကီးယားပြ ဆူဒိတန်ပြဿနာကို ငြိမ်းချမ်းစွာ ဆွေးနွေး ဖြေရှင်းလိုပါသဖြ ခေါင်းဆောင်ကြီး ဟစ်တလာနှင့် လာရောက် တွေ့ဆုံခွင့်ပြုပါရ မေတ္တာရပ်ခံလိုက်သော စာပင်ဖြစ်သည်။

ဟစ်တလာသည် အကြီးအကျယ် ထဘောကျသွားသည်

၈

နေမဝင်သော ဗြိတိသျှ အင်ပိုင်ယာကြီး၏ ဝန်ကြီးချု ကိုယ်တိုင်က သူ့ထက် အသက်နှစ်ဆယ်မျှငယ်၍ သားအရွယ်လော သာရှိသော မိမိအား 'တွေ့ပါရစေ၊ ဆွေးနွေးပါရစေ'ဟု အ



...တွက် မေတ္တာရပ်ခံလာသည်မှာ နိုင်ငံရေးအရ မိမိ၏ဂုဏ်သိက္ခာ ...မျှ မြင့်မားလာသည်ကို ပြသခြင်းပင် မဟုတ်ပါလော။

ထို့ပြင် ချိန်ဘာလိန်မှာ ယခုအခါ အသက် ၆၉ နှစ်မျှပင် ...ခဲ့သော်လည်း လေယာဉ်ဖြင့် တစ်ခါဖူးမျှ ခရီးမသွားခဲ့ဖူး ...ပါလျက် မိမိနှင့် တွေ့လိုလှသဖြင့် မဝေးဟာင်မှ လေယာဉ်စီးကာ ခရီး ...ဆက်ခွဲလာရန် စိစဉ်ခြင်းမှာ မိမိအတွက် ဂုဏ်ယူစရာပင် မဟုတ် ...လော။

ဟစ်တလာသည် ချိန်ဘာလိန်ထံသို့ ချက်ချင်းပင် လက်ခံ ...ဘာတုန့်ကြောင်း ပြန်ကြားလိုက်ရာ စက်တင်ဘာလ ၁၅ရက်နေ့ ...တ် လင်းအားကြီး၊ ငှန်းရိခန့်လှောင် နေမဝင်သည့် ဗြိတိသျှ အင် ...ယာကြီး၏ ဝန်ကြီးချုပ် ချိန်ဘာလိန်သည် နာဇီဖက်ဆစ်အာဏာ ...ဟစ်တလာ၏ ရှေ့တော်မှောက်သို့ အခစားရောက်လာခဲ့သည်။

ဟစ်တလာသည် ပို၍ဘဝင်မြင့်ကာ ဗြိတိသျှခြင်္သေ့ကြီးအား ...ကြိုးလို၍သားမသိ၊ ချိန်ဘာလိန်ကို ဘာလင်မြို့တော်၌ပင် လက်ခံ ...တွေ့ဆုံခြင်းမပြုဘဲ ဂျာမနီပြည်၏ အရှေ့မြောက် အစွန်အဖျားမှ ...ဘားဂေါ့စ်အိမ်တော်အထိ လာရောက် တွေ့ဆုံစေခဲ့သည်။

စံအိမ်တော်၏ ဆင်ဝင်အောက်သို့ ချိန်ဘာလိန်စီးလာသော ...ကားတော်ကား ဆိုက်လျှင်ဆိုက်ချင်း ဟစ်တလာသည် လှေကား ...ထိပ်မှ ဆီးကြိုလျက် ချိန်ဘာလိန်အား စာကြည့်ခန်းမဆောင်သို့ ...ခေါ်လာကာ လက်ဖက်ရည်ပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

ထို့နောက် ဟစ်တလာသည် သူ၏စာတ်ပြားဟောင်းကြီးကို ...ဘာလိန်အား ဖွင့်ပြတော့သည်။ ဂျာမန်လူမျိုးများနှင့် ဂျာမနီ ...ပြည်ကြီးမှာ ပထမကမ္ဘာစစ်ကြီးအပြီးတွင် ဗားဆိုင်း စာချုပ်အရ ...မဟာမိတ်နိုင်ငံကြီးများ၏ အဖိနှိပ်ခံခဲ့ရပုံ၊ ဂျာမန် အင်ပိုင်ယာကြီး၏ ...နယ်မြေများကို အစိတ်စိတ်အမြွှာမြွှာခွဲ၍ အခြားတိုင်းပြည်များအား ...ပေးခဲ့ရပုံ၊ ယခု မိမိ အာဏာရလာ၍ ဂျာမန်အမျိုးသားများ ဂျာမနီပြည်ကြီး စည်းလုံးညီညွတ်လာချိန်တွင် ယခင်က မိမိတို့ ...ဆုံးရှုံးလက်လွှတ်ခဲ့ရသော အခွင့်အရေးများကို ပြန်လည်တောင်းဆို ...ဆုံ စသည်များကို မနားတမ်း ပြောတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် ဟာစ်တလာက မိမိသည် ဂျာမန်အမျိုးသားတို့ ရသင့်ရထိုက်သော အခွင့်အရေးများနှင့် ဂျာမန်အင်ပိုင်ယာကြီး တလုံးတစည်းတည်းဖြစ်ရေးအတွက် လိုအပ်ပါက စစ်ဖြစ်ရန်ပင် မလေးဘဲ အရေးဆို တိုက်ပွဲဝင်သွားရန် ကြံရွယ်ထားကြောင်း ထောက် ပြောကြားကာ ဟိန်းဟောက် ခြိမ်းခြောက်တော့သည်။

ဤတွင် ဟာစ်တလာပြောသမျှကို တစ်ချိန်လုံး ခေါင်းတညိတ် ညိတ် လည်တဆတ်ဆတ်ဖြင့် နားထောင်လာခဲ့သော ချိန်ဘာလိန် သူလိုချင်သော အချက်ကို ရောက်ပြီဟူသော သဘောဖြင့် ဆူဒီ တန်နယ်မြေကိုဂျာမန်တို့အားပေးအပ်ရန်မှာ အပြောလွယ်သလောက် လက်တွေ့တွင် တရားဝင် ပြုလုပ်ရန် ခက်ခဲလှကြောင်း၊ အဘယ့် ကြောင့် ဆိုသော် ဆူဒီတန်နယ်မြေတွင် ဂျာမန်လူမျိုးများသာမက အခြားလူမျိုးများလည်း ဒွန်းရောယှက်တင် နေထိုင်လျက်ရှိနေကြ၍ ဤလူမျိုးများကို ပြောင်းရွှေ့ရန်နှင့် သီးခြားနယ်နိမိတ် သတ်မှတ် ပေးရန်မှာ ခဲယဉ်းလှကြောင်းများဖြင့် ပြန်၍ ရှင်းပြရာ ဟာစ်တလာ မှာ အကြီးအကျယ် ဒေါပွသွားခဲ့သည်။

သူသည် ထုံးစံအတိုင်း ထိုင်ရာမှ ဂုန်းခနဲထလာ သူ့ထက် အသက်နှစ်ဆယ်မျှကြီး၍ အသက် ၇၀ နီးပါးရှိနေသော အဘိုးကြီး မျက်နှာကို စေ့စေ့ကြည့်ကာ ဘီလူးကြိမ်း ကြိမ်းတော့သည်။

''ဒါကတော့ ပညာရှိဆန်တဲ့ သဘောပဲ၊ ကျုပ်ကတော့ တကယ်ဖြစ်နေတဲ့အတိုင်းပဲ ကြည့်တယ်၊ ဆူဒီတန်မှာ ဂျာမန်သုံးသန်း လောက်ဟာ မကြာခင်ကဘဲ အသတ်ခံခဲ့ရတယ်၊ အဲဒါ ဒီအတိုင်း ဆက်ပြီး ခွင့်ပြုနေလို့ မဖြစ်နိုင်ဘူး၊ ချက်ချင်း ဖြေရှင်းပစ်မှဖြစ်မယ်၊ ဖြေရှင်းပစ်ဖို့လဲ ကျုပ် ယတိပြတ် ဆုံးဖြတ်ပြီးပြီ၊ ကမ္ဘာစစ်မကလို့ ဘာကြီးပဲဖြစ်ဖြစ် ကျုပ် ဂရုမစိုက်ဘူး'

ဟာစ်တလာ၏ကျယ်လောင်သော အသံသည် အပြင်ဘက်တွင် အရှိန်ပြင်းစွာဖြင့် ရွာသွန်းတိုက်ခတ်နေသော မိုးသံလေသံကိုပင် ဖောက်ထွင်းပေါ်ထွက်လာနေသည်။



ချိန်ဘာလိန်မှာလည်း မမျှော်လင့်ဘဲ မိမိထက်အရွယ်လောက် ရှိသော လူမျိုးခြားတစ်ယောက်၏ အခေါ်အဝေါ် ခံရသဖြင့် ဒေါသလည်းထွက် ရှက်လည်းရှက်မိသည်။

''ဒီလိုသာ ကျုပ်တို့အချင်းချင်း ဆွေးနွေးတာကိုတောင်မှ ခေါင်းမခံနိုင်တော့ဘဲ၊ လက်နက်အားကိုးနဲ့ ဖြေရှင်းဖို့ ဆုံးဖြတ်ပြီးပြီ ဆိုရင် ဘာဖြစ်လို့ ကျုပ်ကို ဒီလာဖို့ ခေါ်သေးသလဲ၊ ဒီလိုဆိုရင် ကျုပ်လာတာဟာ အချိန်ကုန်ရုံပဲ ရှိတာပေါ့''

ဤတွင်ဟာစ်တလာက ထုံးစံအတိုင်း ခေတ္တမျှ ငြိမ်နေပြီးမှ ''ကောင်းပြီလေ၊ ထားပါတော့၊ တကယ်လို့ ဗြိတိသျှအစိုးရကသာ ကျုပ်တို့ ဆောင်းဆိုချက်ကို မူအားဖြင့် လက်ခံထားတယ် ဆိုရင် တော့ နောက်တစ်ကြိမ်ထပ်တွေ့ပြီး ဆွေးနွေးကြသေးတာပေါ့''ဟူ၍ လေသံပြောင်းလာသည်။

သို့နှင့်ပင် နှစ်ယောက်စလုံး ကိုယ်ရှိန်သတ်၍ သူ့ဘက်ကိုယ့် ဘက် နှစ်ဖက်စလုံးမှ ရသမျှနှင့် အမြတ်ထုတ်ကာ ဆွေးနွေးပွဲကို အဆုံးသတ်ခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် ချိန်ဘာလိန်က 'ဆူဒီတန် နယ်မြေကို ဂျာမန်အင်ပိုင်ယာအတွင်း ငြိမ်းချမ်းစွာ ပူးပေါင်းရေးကို မိမိအစွမ်းကုန် ကြိုးစားပါမည်။ ဟာစ်တလာကသာ မိမိတို့ထံမှ နောက်ဆုံး အဖြေမရမီ အတောအတွင်း လက်နက်အားကိုးဖြင့် ဝင်ရောက် သိမ်းပိုက်ခြင်း မပြုပါနှင့်'' ဟူ၍အပေးအယူ လုပ်ခဲ့သည်။

ဟာစ်တလာကလည်း 'တုတ်နှင့်ပင်ပစ်၍ရရ၊ ခဲနှင့်ပင်ပေါက်၍ ရရ' ဆူဒီတန်နယ်မြေ မိမိတို့လက်ထဲရောက်လျှင် ကျေနပ်ပြီ၊ ဤ အတွင်း ကျူးကျော်သိမ်းပိုက်မှုများကို မပြုလုပ်ပါ ဟူ၍ သဘော တူခဲ့သည်။

ဟာစ်တလာသည် ဤသဘောတူချက်ကိုပေးခဲ့ရာ၌ သူ့တွင် ကိုယ်ခံနှင့်သူ ပေးခဲ့ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ 'ဆိပ်ကမ်းရောင်စစ်ဆင်ရေး' အစီအစဉ်ကို လက်တွေ့ဆင်နွှဲရန် နောက်ဆုံး အား၍ သတ်မှတ်ခဲ့သောရက်မှာ နှစ်ပတ်ခန့် လိုသေးသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဤနှစ်ပတ်အတွင်း သူ့အတွက် အဘက်ဘက်၏ ပြင်ဆင်ရန် အချိန်ရှိသေးသည် မဟုတ်ပါလော။

ဤသို့ဖြင့် ဗြိတိသျှ ဝန်ကြီးချုပ် ချိန်ဘာလိန်နှင့် ဂျာမန်အာဏာရှင် ဟစ်တလာတို့၏ဆွေးနွေးပွဲမှာ နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံကြရန် သဘောတူညီချက်ဖြင့် အဆုံးသတ်ကာ တစ်ခန်းရပ်ခဲ့သည်။

နောက်တစ်ကြိမ် သူတို့နှစ်ဦး ထပ်မံ တွေ့ဆုံကြရာတွင်မူ အကျယ်အကျယ် ဆွေးနွေးနေကြရန် မလိုတော့။ စစ်နှင့်ငြိမ်းချမ်းရေးကို တစ်ခုခုကို ရွေးကြရန်သာ ရှိသည်။

မှန်သည်။ ပြဿနာ၏ အချုပ်မှာ ဒါပဲဖြစ်သည်။

စစ်နှင့်ငြိမ်းချမ်းရေး ဘယ်ဟာကို ရွေးကြမလဲ။



## ကျားကို သက်သတ်လွတ်စားရန် မေတ္တာရပ်ခံသူ

စင်စစ်အားဖြင့် ဟစ်တလာသည် ချိန်ဘာလိန်ကို လက်ခံတွေ့ဆုံခဲ့ရာ၌ ချက်ကိုစလိုဗားကီးယားပြည်ဇာမလားအား လက်နက်အားကိုဖြင့် ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ရန်ဟူသော သူ၏ မူလစီအစဉ်ကို ပြောင်းလဲလို၍ မဟုတ်ပေ။ ထို့ပြင် ချိန်ဘာလိန်ကချက်အစိုးရအား ဆူဒီတန်နယ်ကို ဂျာမန်တို့ထံ အညွှံခံကာ အလွယ်တကူ ထိုးအပ်ရန် နားချ၍ ရလိမ့်မည်ဟုလည်း လုံးဝ မမျှော်လင့်ပေ။

ချိန်ဘာလိန်နှင့် တွေ့ဆုံဆွေးနွေးရာ၌ သူ့ရည်ရွယ်ချက်မှာ ဗြိတိသျှနှင့် ပြင်သစ်တို့က ဆူဒီတန်ပြဿနာတွင် ကြားဝင်စွက်ဖက်ခြင်း မပြုနိုင်ရန် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းအားထုတ်ခဲ့ခြင်းသာဖြစ်သည်။

ယခုမူ သူဆင်ထားသည့် အကွက်အတိုင်း ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်သည် စစ်ကိုရှောင်ရှားလိုသည့် တစ်ခုတည်းသောအချက်ဖြင့် ဆူဒီတန်နယ်မြေကို ဂျာမန်တို့အား ထိုးအပ်ရန် ချက်အစိုးရကို သူကိုယ်တိုင် နားချပါမည်ဟူ၍ ဝန်ခံပြောဆိုသွားခဲ့ပြီမဟုတ်ပါလော။ ယင်းသို့ ဝန်ခံခဲ့သည့်အတိုင်း ချက်အစိုးရအား နားချ၍ မရသည့်အဆုံး အကယ်၍ စစ်ဖြစ်လာပါက ဤစစ်သည်

www.burmeseclassic.com

www.burmeseclassic.com

ချက်အစိုးရ၏ ခေါင်းမာမှုကြောင့် ဖြစ်ရသည်ဟုဆိုကာ ဗြိတိန်က ချက်အစိုးရအား လုံးဝ အကူအညီမပေးဘဲ နေရန်သာ ရှိသည်။ ထိုမျှမက ပြင်သစ်က ချက်အစိုးရအား ကူညီရန်ကိုလည်း ဗြိတိန်က တိုက်တွန်းခြင်းမပြုဘဲ နေမည်ဖြစ်သည်။

ဤသို့ ကွယ်ကျော်ကြားသော ဟစ်တလာသည် ချိန်ဘာလိန်အား ချက်ကိုစလိုဗက်ကီးယားပြည်ကလေးကို ဂျာမန်တို့က စစ်အင်အားဖြင့် ကျူးကျော်သိမ်းပိုက်ခြင်း မပြုပါဟု အာမခံချက်ပေးသော်လည်း သူ၏အစိမ်းရောင်စစ်ဆင်ရေးကို ဆက်လက် အကောင်အထည်ဖော်ရန် စီစဉ်မြဲ စီစဉ်နေခဲ့သည်။

စက်တင်ဘာလ ၁၇ ရက်နေ့တွင် သူသည် ဆူဒိတန်ဂျာမန် လွတ်လပ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းရေးကို အတည်ပြုခဲ့၍ ထိုတပ်ဖွဲ့များအတွက် လိုအပ်သမျှ အသုံးအဆောင်များ ထောက်ပံ့ရန်ကိုလည်း စစ်ဦးစီးဌာနချုပ်ကို ညွှန်ကြားခဲ့သည်။ နောက်တစ်နေ့တွင် ချက်ကိုစလိုဗက်ကီးယားပြည်ကလေးအား ဝင်ရောက်တိုက်ခိုက်ရန်အတွက် ဂျာမန်တပ်မတော်ကြီး ငါးခုကို အသေးစိတ်တိုက်ခိုက်ရေးအစီအစဉ်များ ချမှတ်ပေးခဲ့သည်။ အဆိုပါ ဂျာမန် တပ်မကြီး ၅ခုတွင် သံချပ်ကာကားတပ်မကြီး ၃ခု အပါအဝင် တပ်မကြီးပေါင်း ၃၆ ခု ပါဝင်သည်။

သူသည် တစ်ဖက်မှ စစ်ရေးအားဖြင့် ဆင်ကဲသလို တခြားတစ်ဖက်မှ နိုင်ငံရေးအားဖြင့် လုပ်ကြံမှုများကိုလည်း ဖန်တီးခဲ့သေးသည်။ ယင်းနိုင်ငံရေးလုပ်ကြံမှုမှာ အခြားမဟုတ်၊ ချက်ကိုစလိုဗက်ကီးယားပြည်ရှိ စလိုဗက်ပြည်သူ့ပါတီအား တစ်ဖက်လှည့်ဖြင့်ထိုး၍ စလိုဗက်လူမျိုးများအတွက် သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့် နယ်မြေပေးရန် ချက်အစိုးရအား အကျပ်ကိုင် တောင်းဆိုစေခဲ့ခြင်းပင်ဖြစ်သည်။

ထို့ပြင် တစ်ချိန်တည်းတွင် ပိုလန်အစိုးရနှင့် ဟန်ဂေရီအစိုးရတို့အား မြှောက်ပေး၍ ယခင် ပိုလန် ဟန်ဂေရီတို့ ပိုင်နယ်ဖြစ်သော နယ်မြေအချို့ကိုပြန်လည်ပေးအပ်ရန် ချက်အစိုးရအား ခြိမ်းခြောက်စေခဲ့ပြန်သည်။



ဤသို့ ချက် အစိုးရအား အရှုံးပေးစိုင်းသလို ဖြစ်စေရန် အဘက်ဘက်မှ ဝိုင်းဝန်းအကျပ်ကိုင်ထားပြီးသည့်နောက် စက်တင်ဘာလ ၂၂ ရက်နေ့တွင်မူ ဟစ်တလာ လက်နက်တပ်ဆင်ပေးထားသော ဆူဒိတန် ဂျာမန်လွတ်လပ်ရေးတပ်ဖွဲ့များသည် ပုန်ကန်ထကြွကြပြီး အီဂါမြို့နှင့် အက်ချ်မြို့များကို စီးနင်းသိမ်းပိုက်လိုက်ကြတော့သည်။

ထိုနေ့တွင်ပင် ဗြိတိသျှ ဝန်ကြီးချုပ် ချိန်ဘာလိန်သည် ဟစ်တလာနှင့် ဒုတိယအကြိမ် လာရောက်တွေ့ဆုံခဲ့သည်။

ယခုတစ်ကြိမ် တွေ့ဆုံကြသည့်နေရာမှာ ရိုင်းမြစ်ကမ်းပေါ်ရှိ ဂိုဒက်စဘာ့ဂ်မြို့ကလေး ဖြစ်သည်။ ရိုင်းမြစ်သည် ထိုမြို့ကလေးကို ဖြတ်သန်း စီးဆင်းသည်ဖြစ်ရာ မြစ်တစ်ဖက်ကမ်းရှိ ပီတာစ်ဘာ့ဂ်ဟိုတယ်တွင် ဗြိတိသျှ ဝန်ကြီးချုပ် ကိုယ်စားလှယ် အဖွဲ့က တည်းခိုကြ၍ အခြား တစ်ဖက်ကမ်းရှိ ဒရီဆန်ဟိုတယ်တွင်မူ ဟစ်တလာနှင့် နာဇီခေါင်းဆောင်များ ရောက်ရှိနေကြသည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် ချိန်ဘာလိန်သည် ဟစ်တလာနှင့် တွေ့ဆုံရန် မြစ်တစ်ဖက်ကမ်းသို့ ကူးလာခဲ့သည်။ ဟစ်တလာနှင့် တွေ့သည့်အချိန်တွင် သူသည် အထူးပင် ရွှင်ရွှင်ပျပျရှိနေသည်။

အဘယ့်ကြောင့် ဆိုသော် ဟစ်တလာကို ပေးရန် သူနှင့်အတူ "လက်ဆောင်ကောင်း"များ ပါလာခဲ့သည် မဟုတ်ပါလော။ တစ်နည်းအားဖြင့် ဆိုသော် အလွန်တရာ တန်ခိုးကြီးလှသော နာဇီဖက်ဆစ် နတ်ဆိုးကြီးအား ပူဇော်ပသရန် ယဇ်ကောင်များ ပါလာခဲ့ပြီ မဟုတ်ပါလော။

သို့ဖြစ်ရာ ယခုအကြိမ်တွင် သူတို့နှစ်ယောက် တွေ့လျှင်တွေ့ချင်း ပထမဆုံး စကားပြောသူမှာ ဟစ်တလာ မဟုတ်တော့ဘဲ ချိန်ဘာလိန် ဖြစ်သည်။

ချိန်ဘာလိန်က ဆူဒိတန်နယ်မြေများကို ဂျာမန်တို့လက်သို့ "ငြိမ်းချမ်းစွာ" လွှဲပြောင်းပေးရန် အစေ့အစပ် သဘောတူခဲ့ပြီဖြစ်ကြောင်း၊ လွှဲပြောင်းရာတွင် 'ပြည်သူ့ဆန္ဒခံယူပွဲ' ပင် ကျင်းပရန်မလိုတော့ဘဲ ကော်မရှင်တစ်ခုဖွဲ့စည်းကာ လိုအပ်သမျှတို့ကို

www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ်လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း၊ ထိုမှုမှာ ဂျာမနီပြည်က ချက်ကိုစလိုဗေးကီးယားပြည်၏ရန်ကို ကြောက်ရွံ့မနေစေရန် ချက်အစိုးရနှင့် ပြင်သစ်၊ ရုရှားတို့ချုပ်ဆိုထားခဲ့သော မဟာမိတ် စာချုပ်များကိုပင် ဖျက်သိမ်းပေးရန် ကြံရွယ်ထားကြောင်း စသည်ဖြင့် အားရပါးရ တသီတစ်တန်းကြီး ပြောသည်။

ချိန်ဘာလိန်သည် သူ့စကားအဆုံးတွင် ဟစ်တလာထံမှ ဝမ်းသာအားရ ကျေးဇူးတင်စကားများကို ကြားရလိမ့်မည်ဟု ထင်သည်။

သို့သော် သူ့အထင်နှင့်အမြင်မှာ တက်တက်စင်လွဲခဲ့ချေပြီ။ ဟစ်တလာသည် ချိန်ဘာလိန်၏စကားအဆုံးတွင် ဝမ်းသာအားရရှိလှသည့် အမူအရာမျိုး လုံးဝမပြရုံမျှမက မတုန်မလှုပ် အေးတိအေးစက် ဟန်အမူအရာဖြင့် 'အခု ပြောသွားတဲ့ အစီအစဉ်တွေကို ချက်အစိုးရက သဘောတူပြီးပြီလား' ဟုမေးလိုက်သည်။

ချိန်ဘာလိန်သည် စိတ်မပါ့တပါ ဟန်အမူအရာကြောင့် စိတ်ထဲတွင် မသိုးမသန့်ဖြစ်ကာ 'သဘောတူပြီးပါပြီ' ဟု ဖြေလိုက်သည်။

"ကျွန်တော် အများကြီး ဝမ်းနည်းပါတယ်။ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်အတွင်းက ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကြောင့် အခု ဝန်ကြီးချုပ် စီစဉ်လာခဲ့တဲ့ အစီအစဉ်တွေဟာ အရာမရောက်တော့ပါဘူး"

ချိန်ဘာလိန်မှာ ဟစ်တလာ၏စကားကြောင့် မိုးကြိုးပစ်ခံလိုက်ရသည်ပမာ မှင်သက်မိကာ ဘာပြော၍ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။

သူသည် အကြီးအကျယ် စိတ်ဆိုးသွားသည်နှင့်အမျှ ဟစ်တလာ၏ အပြောင်းအလဲမြန်ပုံကိုလည်း နားမလည်နိုင်အောင် ဖြစ်သွားသည်။ ဆူဒီတန်ပြဿနာကို 'ငြိမ်းချမ်းစွာ' ဖြေရှင်းနိုင်ရေးအတွက် သူ့အသက်အရွယ်နှင့် နိုင်ငံရေးဂုဏ်သိက္ခာကိုမှ မထောက်ထားဘဲ ဟစ်တလာ၏ ခြေတော်မှောက်သို့ တစ်ကြိမ်နှစ်ကြိမ် ဒူးထောက်၍ ခစားခဲ့သည်။ ယခုသော်မူ ဟစ်တလာသည် သူ့ရှေ့



မှောက်တွင် ဒူးထောက်၍ခစားလာသူကိုပင်ဖနောင့်ဖြင့်ထပေါက်ပြီ မဟုတ်ပါလော။

ချိန်ဘာလိန်မှာ လုံးဝ စကားမပြောနိုင်အောင် ဖြစ်သွားခဲ့ရာ ဟစ်တလာက ဤသည်ကိုပင် ချက်တောင်းယူကာ အဆက်မပြတ် ဒလစပ်ပြောချတော့သည်။ သူက ချက်အစိုးရသည် တရားမျှတသော အစိုးရမဟုတ်၊ ကျောသား ရင်သား ခွဲခြားသော အစိုးရဖြစ်သည်၊ ယခင်က ဆူဒီတန်ပြဿနာ တစ်ခုတည်း ရှိနေခဲ့သော်လည်း ယခုအခါ ပိုလန်နှင့် ဟန်ဂေရီအစိုးရတို့ကလည်း ချက်အစိုးရလက်အောက်ရောက်နေသော သူတို့ပိုင်နယ်မြေများကို တရားအဖြင့် ပြန်ဖတောင်းနေကြပြီဖြစ်ကြောင်း။ သို့ဖြစ်ရာ ချက်အစိုးရ၏ အရာမျှတမှု ကင်းမဲ့သောအပြုအမူကို မိမိတို့ဂျာမန်များသာ မဟုတ် အခြား လူမျိုးများပါ သိရှိလာကြပြီ ဖြစ်ကြောင်း။ အထူးအဖြင့် ဆူဒီတန်နယ်မြေတွင် ဂျာမန်အမျိုးသားများအား အမဲ့နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်နေခြင်းများကို အမြန်ဆုံးနည်းဖြင့် ရပ်စဲသွားအောင် ပြုလုပ်ရမည်ဖြစ်ကြောင်း။ ဤပြဿနာကို ဖြေလည်စေရန် တစ်ခုတည်းသော နည်းလမ်းမှာ ဆူဒီတန်နယ်မြေကို ဂျာမန်တပ်များ ချက်ခြင်း ချီတက် သိမ်းပိုက်ရန်ပင် ဖြစ်ကြောင်း စသည်များကို အော်ကြီးဟစ်ကျယ် အဆက်မပြတ် ပြောချလိုက်သည်။

ချိန်ဘာလိန်အဖို့ ဘာများပြောရန်ရှိသေးသနည်း၊ ဘာများ လုပ်နိုင်ပါဦးမည်နည်း။

နောက်ဆုံးတွင် ဟစ်တလာက ချိန်ဘာလိန်အား စစ်နှင့် ငြိမ်းချမ်းရေးတစ်ခုခု ရွေးရန်အတွက် တင်ပြလိုက်သည်။ မိမိတို့ ဂျာမန်တပ်များမှာ အောက်တိုဘာလ တစ်ရက်နေ့ နောက်ဆုံးထား၍ ဆူဒီတန်နယ်မြေကို ချီတက်သိမ်းပိုက်ရန် ဆုံးဖြတ်ပြီး ဖြစ်သည်။ အကယ်၍ ငြိမ်းချမ်းရေးကို လိုလားပါက ချက်အစိုးရ တပ်များသည် မိမိတို့ သတ်မှတ်ထားသော ထိုဒေသမှ ဆုတ်ခွာ ပေးရမည် ဟူ၍ တောင်းဆိုကာ ဆွေးနွေးပွဲကို အဆုံးသတ် လိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးနာရီကြာမျှ ဆွေးနွေးကြပြီးနောက် ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်မှာ ခေါင်ငိုက်စိုက်ကျကာ လက်တစ်ဖက်မှ ထီးကိုချိတ်လျက် ခတ်မဆိတ် ပြန်လာခဲ့ရသည်။

ဟစ်တလာသည် အိမ်ရှင်ပီပီ ညွှန်ကြားကြီး ချိန်ဘာလိန်အား ဟောတယ်စကြံ တစ်လျှောက် လိုက်ပို့ရင်း သူကပြောလိုက်လေသည်။

"ခြောင် ဝန်ကြီးချုပ်ကို ကျွန်တော်တစ်ခုပြောဖို့ ကျန်နေသေးတယ်။ တခြားတော့ မဟုတ်ပါဘူး၊ ဝန်ကြီးချုပ် ဒီကိုရောက်လာတဲ့အခိုက် ရိုင်းမြစ်ရဲ့လှပတဲ့ ရှုမျှော်ခင်းတွေကို မြင်မလို့ စိတ်ကူးထားတာ အခုတော့ မြစ်ထဲမှာ မြူတွေဆိုင်းနေလို့ မပြလိုက်ရတာ အင်မတန် ဝမ်းနည်းပါတယ်"

တတ်လည်း တတ်နိုင်သော ဟစ်တလာပါပေ။

နောက်တစ်နေ့တွင် ချိန်ဘာလိန်သည် ရိုင်းမြစ် တစ်ဖက်ကမ်းမှနေ၍ စာဖြင့်ရေးသားကာ 'ဖစ့စပ်ရေး'ကို ထပ်မံကြိုးစားပြန်သေးသည်။ သို့သော် အချည်းအနှီးပင်။

နောက်ဆုံးတွင် ချိန်ဘာလိန်သည် လုံးပ လက်လျှော့ကာ ဟစ်တလာအား လိုလားချက်များကို စာဖြင့်ရေးသား၍ မြေပုံနှင့်တကွ ပူးတွဲပေးပါရန် မေတ္တာရပ်ခံရတော့သည်။

စက်တင်ဘာလ ၂၃-ရက်နေ့ ညနေဘက်တွင် ဟစ်တလာသည် သူတည်းခိုသော ဟောတယ်သို့ ချိန်ဘာလိန်ကို ထပ်မံခေါ်ယူတွေ့ဆုံကာ သူ့လိုလားချက်များ ရေးသား ဖော်ပြထားသည့်စာကို ပေးအပ်ခဲ့သည်။ ထိုစာတွင်ပါရှိသောအချက်များမှာ 'ချက်အစိုးရစစ်တပ်များသည် ယခုပူးတွဲပါမြေပုံတွင် ဖော်ပြထားသော နယ်မြေများမှ စက်တင်ဘာလ ၂၆-ရက်နေ့တွင်စတင် ဆုတ်ခွာပေးရမည်။ ၂၈-ရက်နေ့တွင် ဆုတ်ခွာမှုများအားလုံး ပြီးစီးစေရမည်' ဟူ၍ဖြစ်သည်။

ဤစာကို ဟစ်တလာက ချိန်ဘာလိန်အား ပေးအပ်နေစဉ် အခန်းထဲသို့ ရင်ဘင်ကာရောက်လာသည်။ သူက ချက်အစိုးရသည် စစ်တပ်များကို စုရုံးရန် အမိန့်ထုတ်လိုက်ပြီဟူသော သတင်းကို



ဟစ်တလာအား အစီရင်ခံလိုက်ရာ ဟစ်တလာမှာ ဒေါပွသွားကာ ချက်အစိုးရအား ရမ်းရမ်းမရှိအောင် ပုတ်ခတ်ပြောဆိုနေပြန်တော့သည်။ ဤတွင် ချိန်ဘာလိန်ကလည်း တကယ်တမ်းစစ်တပ်များကို ပထမဆုံး စတင်ပြင်ဆင်စုရုံးသူမှာ ဂျာမန်အစိုးရသာဖြစ်ကြောင်း၊ ပြန်လှန် ပြောဆိုရာမှ အငြင်းပွားလာကြပြန်သည်။

နောက်ဆုံးတွင်မှ ဟစ်တလာက ကိုယ်ရှိန်သတ်ကာ စကားကိုဖြတ်၍ တစ်ထစ်လျှော့လိုက်သည်။

"ကဲပါလေ ထားပါတော့။ ချက်အစိုးရတပ်တွေ ဆုတ်ခွာပေးဖို့ရက်ကို ကျုပ်ပြင်လိုက်ပါမယ်။ ဝန်ကြီးချုပ်အတွက် လုပ်ရကိုင်ရတာ ပိုပြီးအချိန်ရအောင် အောက်တိုဘာလ တစ်ရက်နေ့အထိ ရွှေ့ပေးလိုက်ပါမယ်"

ဟစ်တလာသည် ပြောပြောဆိုဆိုနှင့် စားပွဲပေါ်မှ ခဲတံတစ်ချောင်းကို ကောက်ကိုင်ကာ စောစောက လက်နှိပ်စက်ဖြင့် ရိုက်ထားသောစာရွက်ပေါ်တွင် သူကိုယ်တိုင် လက်ရေးဖြင့် နေ့စွဲကို ပြင်ပေးလိုက်သည်။

ဤကိစ္စနှင့်ပတ်သက်၍ နောင်အခါ၌ အချို့သောသူတို့အား ဟစ်တလာလုပ်ပုံကိုင်ပုံမှာ တစ်ဖက်သားအပေါ်တွင် 'အောင်နိုင်သူ'ပမာ ပိုင်စိုးပိုင်နင်း ရှိလှသည် ဟူ၍ ဝေဖန်ကြသည်။ သို့သော် ဟစ်တလာက ထိုသူများအား ဤသို့ ပြန်ဖြေခဲ့သည်။

"ဒါဟာ တကယ်တော့ ကျုပ်ပိုင်တဲ့ ပစ္စည်းကို ကျုပ်အနိုင်ရှင်အနေနဲ့ ပြန်တောင်းတာပဲ"

ချိန်ဘာလိန်သည် ဟစ်တလာထံတွင် အောက်ကျနောက်ကျခံ၍ အငေါက်အငမ်းခံကာ ဆောင်ရွက်လာခဲ့သမျှ လန်ဒန်မြို့သို့ ပြန်ရောက်သောအခါ မျက်နှာပန်းမလှဘဲ ဖြစ်ရတော့သည်။

အတိုက်အခံပါတီများနှင့် အတိုက်အခံ သတင်းစာများက သူ့အား ဖက်ဆစ်အာဏာရှင် ဟစ်တလာထံ သွားရောက်ဒူးထောက်အညံ့ခံရပါမည်လား ဟူ၍ အပြင်းအထန် ရှုတ်ချပြစ်တင်ကြရုံမျှမက သူ့ပါတီနှင့် သူ့အစိုးရအဖွဲ့အတွင်းမှပင် သူ့ဆောင်ရွက်ချက်များကို မကျေနပ်ကြဘဲ ဝေဖန်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး စက်တင်ဘာလ ၂၅ ရက် တနင်္ဂနွေနေ့ ဗြိတိ အစိုးရ ကက်ဘိနက်အစည်းအဝေးက ဝန်ကြီးချုပ် ချိန်ဘာလ ယူဆောင်လာသော ဟစ်တလာ၏ တောင်းဆိုချက်ကို ပယ်ချခဲ့ မျှမက နောက်တစ်နေ့တွင် အကယ်၍ ဂျာမနီနှင့် စစ်ဖြစ်ခဲ့ပါ မိမိတို့က မဟာမိတ်ဘချုပ်ပါ သဘောတူညီချက်များအရ အစွ ကုန် ကူညီပါမည်ဟူ၍ ပြင်သစ်အစိုးရထံ တရားဝင် အကြော ကြားလိုက်သည်၊

တစ်ချိန်တည်းတွင် ပြင်သစ်နှင့် အင်္ဂလိပ်တို့ နှစ်ဦးစလုံး စစ်အတွက် လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ကြသည်။

ရှေ့ပြည်အေးသမားကြီး ချိန်ဘာလိန်ကား ယခုအထိ စေ့ ဆွေးနွေးရေးကို လက်မလျှော့သေးဘဲ ရှိနေသေးသည်။

သူသည် နောက်ဆုံး ကြိုးပမ်းမှုအနေဖြင့် ဆာဟောရေ စီလ်ဆင်ကို ဘာလင်သို့စေလွှတ်ကာ ဟစ်တလာထံသို့ ပုဂ္ဂိုလ်ရေး စာတစ်စောင်ကို ပေးခိုင်းခဲ့သည်။ ထိုစာတွင် ချက်အစိုးရက ဂျာ တို့၏ နောက်ဆုံးတောင်းဆိုချက်ကို လုံးဝလက်မခံဘဲ ရှိနေကြ သို့ရာတွင် ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် လက်မလျှော့ဘဲ ဂျာ အစိုးရကိုယ်တိုင် ချက်အစိုးရနှင့် တိုက်ရိုက် တွေ့ဆုံ ဆွေးနွေးပ ပြဿနာပြေလည်နိုင်စရာ အလားအလာရှိသေးကြောင်း၊ အက ထိုသို့ ဆွေးနွေးကြမည်ဆိုပါက မိမိတို့ ဗြိတိသျှအစိုးရက တဝ ကြားလူအဖြစ် ပါဝင်ရန် အသင့်ရှိကြောင်းများကို ဖော်ပြ သည်။

စက်တင်ဘာလ ၂၆ ရက်နေ့ ညနေ ၅နာရီခန့်တွင် ဟောရေ့စ်ဝီလ်ဆင်သည် ဂျာမနီပြည်ဆိုင်ရာ ဗြိတိသျှသံအမတ် နှင့်အတူ ဟစ်တလာကို ဝင်ရောက်တွေ့ဆုံ၍ ချိန်ဘာလိန်ထံမှ ပုဂ္ဂို ရေးစာကို ပေးအပ်ကြသည်။

ဟစ်တလာ၏ကိုယ်ရေးတော် စကားပြန် ဇခဲ့မစ်က ထို ချက်ချင်းဖောက်ဖတ်ကာ ဟစ်တလာအား ဘာသာပြန်ပြသည်။

'ချက်အစိုးရသည် ဤတောင်းဆိုချက်များကို လုံးဝ လက်မခံနိုင်ကြောင်း သဘောရရှိပါသည်'



ဤစာပိုဒ်ကို စကားပြန်က ဘာသာ ပြန်ပြလိုက်သည်တွင် ဟစ်တလာသည် စာတစ်စောင်လုံး ဆုံးအောင်ပင် မစောင့်နိုင် မစောင့်နိုင်တော့ဘဲ ထိုင်ရာမှ ဖြုန်းခနဲထကာ အသံကုန်အော်လိုက် တော့သည်။

"ဒီလိုဆိုရင် စေ့စပ် ဆွေးနွေးရေးအတွက် ဘာမှလုပ်နေ စရာ မလိုဘူး"

သူသည် ဝီလ်ဆင်က စာကိုဆုံးအောင် သည်းခံ၍နားထောင် ပါရန် တောင်းပန်သည့်ကိုပင် နားမထောင်ဘဲ ဒေါသတကြီးဖြင့် ဆက်၍ ဟောက်နေပြန်လေသည်။

"နောက်တိုဘာလ တစ်ရက်နေ့ကျရင် ချက်ကိုစလိုဗေးကီး ယားဆိုတဲ့ တိုင်းပြည်ကို ကျုပ်ပိုင်ချင်တဲ့နေရာ ရောက်အောင် ပို့ ပစ်ရုံပဲရှိတယ်၊ အဲဒါကို ပြင်သစ်နဲ့ အင်္ဂလန်က မခံနိုင်လို့ ချကြရ မယ်ဆိုရင်လဲ ချကြပေါ့၊ ကျုပ်ကတော့ တစ်ပြားဖိုးမှ ဂရုမစိုက် ဘူး"

သူသည် သူ့ကိုယ်သူ ဂျာမနီပြည်၏ အထွတ်အထိပ်ပုဂ္ဂိုလ် ကြီးတစ်ယောက်ဟူ၍ပင် သတိမထားနိုင်တော့ဘဲ အရပ်ထဲမှ ကာလ သားခေါင်း လူမိုက်တစ်ယောက်ပမာ ခြိမ်းခြောက်၍ ကြိမ်းနေတော့ သည်။

နောက်ဆုံးတွင် ဟစ်တလာက ဗြိတိသျှဝန်ကြီးချုပ်၏ ဆန္ဒ ကို လေးစားသောအားဖြင့် ချက်အစိုးရနှင့် တိုက်ရိုက် ဆွေးနွေး မည်၊ သို့သော် ဆုဒီတန်နယ်မြေကို အောက်တိုဘာလ တစ်ရက်နေ့ တွင် ဝင်ရောက်သိမ်းပိုက်ရန်ကိုမူ ဆက်လက်စီစဉ်သွားမည်ဖြစ်သည်၊ အကယ်၍ ထိုဒေသမှ ချက်အစိုးရတပ်များ ဆုတ်ခွာပေးမည်ဆိုပါက စက်တင်ဘာလ ၂၈ ရက် ဗုဒ္ဓဟူးနေ့ နေ့လယ်နှစ်နာရီကို နောက်ဆုံး ထား၍ အကြောင်းပြန်ကြားပါဟု အဖြတ်ပြောကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

ထုံးစံအတိုင်း ဟစ်တလာသည် ဝီလ်ဆင်အား ပြန်ခါနီးတွင် 'ယနေ့ည ၈နာရီအချိန် ဘာလင်အားကစားကွင်းကြီးတွင် ကျင်းပ မည်ဖြစ်သော လူထုတရားပွဲကြီးသို့ တက်ရောက်ပါရန် အနွံးအညွှတ်

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ဖြစ်အောင် ဖိတ်လိုက်သေးသည်။ သူက လူထုတရားပွဲကြီး၌ ဂျာမနီပြည်ကြီးနှင့် ဂျာမန်လူမျိုးတို့၏ စိတ်ခေတ်ထဲတွင် မည်သို့မည်ပုံ ခံစားနေကြရသည်ကို တွေ့မြင်ရပါလိမ့်မည်ဟူ၍လည်း ထပ်ဆင့်ပြောလိုက်သေးသည်။

မှန်ပါသည်။ ဝီလ်ဆင်သည် ညွှသည်ပီပီ အိမ်ရှင်၏ ဖိတ်ကြားချက်ကိုမငြင်းခဲ့ဘဲ ထိုညက လူထုတရားပွဲကြီးသို့ တက်ရောက်နားထောင်ခဲ့သည်။ ဟစ်တလာပြောသည့်အတိုင်း ခံစားချက်များကို အပြည့်အဝ တွေ့ခဲ့ရသည်။ သို့သော် ထိုခံစားချက်များမှာ ဂျာမန်တစ်မျိုးသားလုံး၏ ခံစားချက်ဟုတ်မဟုတ် အနေသအချာ မပြောနိုင်သော်လည်း ဟစ်တလာတစ်ဦးတစ်ယောက်တည်း၏ ခံစားချက်များ အစစ်အမှန် ဖြစ်သည်ကိုမူ တိတိကျကျ ပြောနိုင်သည်။

ဟစ်တလာ၏ ဟောပြောချက်များသည် များသောအားဖြင့် သူနှင့်ဆန့်ကျင်ဘက်များကို ပုတ်ခတ်စွပ်စွဲသော အချက်များဖြင့်သာ ပြည့်လျှံနေခဲ့သည်။ သို့သော် ထိုညက ဘာလင်အားကစားရုံကြီးတွင် ဟောပြောခဲ့သမျှမှာ ညနေဘက်က ဒေါသအရှိန်ကြောင့်လားမသိ၊ သူ၏နာမည်ကျော် ဟောပြောချက်များထဲတွင် အကြမ်းဆုံး အရိုင်းဆုံးဟူ၍ မှတ်တမ်းတင်ခဲ့ကြရသော ဟောပြောချက်တစ်ခုပင် ဖြစ်သည်။

အထူးသဖြင့် သူသည် ချက်ကိုစလိုဗေးကီးအား သမ္မတကြီးဘိန်းစ်ကို ရစရာမရှိအောင် ပုတ်ခတ်ဆဲရေးခြင်းဖြင့် သူ၏ဒေါသအိုးကြီးကို ဖောက်ခွဲခဲ့သည်။

"တကယ်တော့ ချက်ဆိုတဲ့ ပြည်နယ်ဟာ လိမ်ညာပြီး ပေါ်ပေါက်လာတဲ့ ပြည်နယ်ပဲ၊ ဒီလိမ်ညာမှုတွေရဲ့ ဖခင်ကြီးကတော့ ဘိန်းစ်ဆိုတဲ့ လူပါပဲ"

"ဘိန်းစ်ဟာ ပရပ်ဂ်မြို့မှာ စိမ်နဲ့ထိုင်နေပြီး သူ့စိတ်ထဲဒီလိုထင်နေပုံရတယ်၊ 'ငါ့မှာ ဘာမှဖြစ်စရာမရှိဘူး၊ နောက်ဆုံးတစ်နေ့ အင်္ဂလန်နဲ့ပြင်သစ်ဟာ ငါ့နောက်မှာ ရှိနေသားပဲ'လို့ တွေးနေပုံရတယ်၊ အဲဒီတော့ ပြည်သူလူထုအပေါင်းတို့ သူ့အတွက် သူလုပ်ချင်ရာ လုပ်လို့ရတယ်ဆိုတဲ့ အချိန်ဟာ ကုန်ဆုံးပြီဆိုတာ ပြော



လိမ့်မယ်၊ ဘာလို့လဲ ဆိုတော့ နောက်ဆုံးအချိန်မှာ ဘိန်းစ်ဟာ သူ့အားထားစရာ ချက်လူမျိုး ၇သန်းပဲရှိတယ်၊ ဒါပေမယ့် ကျုပ်တို့ဘက်မှာဆိုရင် လူပေါင်း ၇၅သန်း ရှိနေပြီ"

"အခုဆိုရင် ဆုံးဖြတ်ချက်ဟာ သူ့အပေါ်မှာ တည်နေပြီ၊ စစ်နဲ့ငြိမ်းချမ်းရေး ကြိုက်ရာရွေးဖို့ပဲ၊ ကျုပ်တို့ တောင်းဆိုချက်ကို လိုက်လျောပြီး ဂျာမန်အမျိုးသားတွေရဲ့ လွတ်လပ်ရေးကို ကျုပ်တို့ ကိုယ်တိုင်သွားပြီး ရအောင်ယူပေးရမလား ဒါပဲ"

"ကျုပ်ဟာ ဘယ်တော့မှ သူရဲဘောမကြောင်ခဲ့ဘူး၊ အခုဆိုရင် တကယ့်ပထမတန်း စစ်သားကောင်းတစ်ယောက် အနေနဲ့ ကျုပ်အမျိုးသားတွေရဲ့ ရှေ့မှာ ကျုပ်ရောက်နေပြီ၊ ကျုပ်ရဲ့နောက်မှာ ၁၉၁၈ ခုနှစ်ကနဲ့မတူတဲ့ ဂျာမန်လူထုကြီး ချီတက်လိုက်ပါနေတယ်ဆိုတာ ကမ္ဘာက သိဖို့တောင်းပြီ"

"ကျုပ်တို့ဘက်ကတော့ သေသေချာချာ ဆုံးဖြတ်ပြီးပြီ"

"ဘိန်းစ်အတွက်ကတော့ သူကြိုက်ရာကို ရွေးပါစေ"

စစ်နှင့်ငြိမ်းချမ်းရေး ပြဿနာကို လူတစ်ဦး တစ်ယောက်၏ ဒေါသအလျောက်၊ ဆန္ဒအလျောက်၊ မာနအလျောက် အဆုံးအဖြတ်ပြုစေခဲ့သော ဟစ်တလာ၏ လုပ်ဆောင်ချက်သည် မည်မျှ ရက်တွင်းနက်လှပါသနည်း။

ထိုနေ့က ဟစ်တလာ၏ အကြမ်းဆုံး၊ အရိုင်းဆုံး တရားပွဲကြီးသို့ တက်ရောက်နားထောင်ကြသူများထဲတွင် အမေရိကန် ရေဒီယိုအသံလွှင့်ဌာနမှ သတင်းထောက် ဝီလျံရှိုးယားဆိုသူလည်း အပါအဝင်ဖြစ်သည်။ ရှိုးယားသည် ဟစ်တလာစကားပြောသည့်နောက်ဘက်နားတွင်ပင် ရှိနေခဲ့ရာ ဟစ်တလာ၏ လှုပ်ရှားမှု ပေါက်ကွဲမှုများကို အနီးကပ်တွေ့မြင်ခဲ့ရသည်။ သူက သူ၏ နေ့စဉ်မှတ်တမ်းတွင် ဤသို့ ရေးသားဖော်ပြခဲ့သည်။

"ကျွန်ုပ်သည် သူ့ကို နှစ်ပေါင်းများစွာ စောင့်ကြည့်အကဲခတ်လာခဲ့သူ တစ်ယောက်ဖြစ်ရာ သူ့ကို ယနေ့ညအဖို့ ပထမဆုံးအကြိမ် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ လုံးဝအောက်

www.burmeseclassic.com

www.burmeseclassic.com

ခြေလှတ်သွားခဲ့သည်ကို တွေ့ရပါသည်။ သူစကားပြော ထိုင်ချလိုက်ရာတွင် ဂိုးဘဲလ်က ရှတ်တရက် ထိုင်ရာမှ 'တစ်ခုတော့ စွဲစွဲမြဲမြဲ မှတ်လိုက်ကြပါ။ ၁၉၁၈ ခုနှ ဘယ်တော့မှပြန်မရောက်နိုင်တော့ဘူးဆိုတာ မှတ်ထားကြ ဟု အော်လိုက်ပါသည်။ ဤတွင် ဟစ်တလာက ဂိုးဘဲ မော့ကြည့်လိုက်သည်။ သူယုံကြည်ပုံမှာ ဂိုးဘဲလ် ပြော သော စကားလုံးများသည် ယနေ့တစ်ညနေလုံး သူရှာ နေသော စကားလုံးများပင် ဖြစ်နေသည်ဟူသော အကြ မျိုး ဖြစ်ပါသည်။ သူသည် ရုတ်တရက် တစ်ဖန် ထိုင် ရာမှ ဝုန်းခနဲ ခြေစုံရပ်လိုက်ပါသည်။

ဤအချိန်တွင် သူ့မျက်လုံးများမှာ မီးထတောက်ေ မည့်အလား ရဲရဲနီနေရာ ကျွန်ုပ် တစ်သက်တာတွင် ေ တော့မည် မဟုတ်ပါ။ သူသည် သူ့ညာဘက်လက်ကို မြှေ လိုက်ပြီး စားပွဲခုံကို ဒုန်းခနဲပုတ်ကာ 'ဟုတ်တယ်' တအားကုန် သံကုန်ကျုံး၍ အော်လိုက်ပါသည်။ ထို့နေ သူသည် ကုလားထိုင်ပေါ်သို့ ဝုန်းခနဲ ပစ်လှဲချကာ အ ဆိုက်နေပါသည်''

(ဗိုလ်ချုပ်ရှီးယားရေး ဘာလင်နေ့စဉ်မှတ်တမ်
စာမျက်နှာ ၁၀၈—၁၁

နောက်တစ်နေ့ စက်တင်ဘာလ ၂၇ ရက် နေ့တွင် ဘာလင်တွင် စစ်ရေးတပြင်ပြင် ဖြစ်နေသည့်နည်းတူ လန်ဒန် ပဲ နှင့် ပရပ်ဂ်မြို့များတွင်လည်း စစ်မိန့်သံများ ဖုံးလွှမ်းနေသည်။

ဘာလင်မြို့ရှိ အင်္ဂလိပ်၊ ပြင်သစ်နှင့် ချက်သံရုံးများမှ ဂျာ တပ်များ လှုပ်ရှားစုရုံးပုံ သတင်းများကို ရအောင်စုဆောင်း၍ သ ဆိုင်ရာ မိမိတိုင်းပြည်သို့ အမြန်ဆုံး သတင်းပို့နေကြရသလို လန်ဒ ပဲရစ်နှင့် ပရပ်ဂ်မြို့များရှိ ဂျာမန်သံရုံးများမှလည်း အင်္ဂလိပ်၊ ပြ သစ်နှင့် ချက်အစိုးရတပ်များ၏ အပြောင်းအရွှေ့၊ အသွားအလာ



သတင်းများကို နိုက်နိုက်ချွတ်ချွတ် စုံစမ်း၍ ဘာလင်သို့ ပေးပို့နေ ကြသည်။

ည ၁၀ နာရီခန့်တွင် ဂျာမန်ရေတပ်ဗိုလ်ချုပ် ရေဒါသည် ဂျာမန်ကြည်းတပ် လေတပ်များနှင့် ပူးတွဲစစ်ဆင်ရန် ပြင်ဆင်နေစဉ် ဗြိတိသျှရေတပ်၏ စစ်ပြင်မှုသတင်းများကို ရခဲ့သည်။

ည ၁၁ နာရီခွဲအချိန်တွင် ဟစ်တလာသည် ဝီလ်ဆင်မှတစ်ဆင့် ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်ထံ စာတစ်စောင်ပေးပို့ခဲ့သည်။ ထိုစာတွင် 'ချက်အစိုးရအား နောက်ဆုံးအချိန်အထိ သဘောပေါက် နားလည်လာစေအောင် နားချပေးရန်' ဖော်ပြထားသည်။ စင်စစ် ဤစာမှာ ချိန်ဘာလိန်အား ဟစ်တလာက နောက်ထပ် ကြိမ်တို့ပေး လိုက်ခြင်းပင် ဖြစ်သည်။

စက်တင်ဘာလ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့။

မျှော်လင့်ချက်အားလုံး ကုန်ဆုံးသလောက် ရှိနေပြီ။

လန်ဒန်၊ ပဲရစ်နှင့် ပရပ်ဂ်မြို့များထက် ဘာလင်မြို့မှာ အခြေ အနေပို၍ လှုပ်ရှားနေပုံရသည်။ နောက်နာရီပိုင်းအတွင်း စစ်နှင့် ငြိမ်းချမ်းရေး အဆုံးအဖြတ် ပေးရတော့မည် မဟုတ်ပါလော။

နံနက် ၁၁ နာရီသာသာခန့်တွင် ဟစ်တလာ၏အခန်းထဲသို့ ရေးကြီး သုတ်ပြာဖြင့် လူတစ်ယောက် ဝင်သွားသည်ကို တွေ့ရ သည်။ သူကား ပြင်သစ်အစိုးရ၏ ညွှန်ကြားချက်အရ ဂျာမန်တပ် များ အောက်တိုဘာလ ၁ ရက်နေ့တွင် ဆူဒီတန်နယ်မြေမှ အချို့ ဒေသများကို ဝင်ရောက် သိမ်းပိုက်ရန် သဘောတူကြောင်းနှင့် ကျန်ဒေသများကိုမူ အောက်တိုဘာလ ၁၀ ရက်မတိုင်မီ တဖြည်း ဖြည်း သိမ်းပိုက်စေလိုကြောင်း ဟစ်တလာထံလာရောက်အကြောင်း ကြားခြင်း ဖြစ်သည်။

ဤသို့ ပြင်သစ်သံအမတ်ကြီးနှင့် ဟစ်တလာတို့ တံခါးပိတ် ဆွေးနွေးနေကြစဉ် နောက်ထပ်တစ်ယောက် ဟစ်တလာ၏ ရုံးခန်း ဆောင်သို့ ရောက်လာပြန်သည်။

မိနစ်ပိုင်း၊ စက္ကန့်ပိုင်းနှင့်အညီ သေရေးရှင်ရေး အရေး ကြီးနေသည့်အချိန်ဖြစ်ရာ ဟစ်တလာသည် နောက်ထပ်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သော ညှိသည်၏အမည်ကို ကြားရသည်နှင့် ပြင်သစ်သံအမတ်ကြီးကို ရုံးခန်းထဲတွင် ခေတ္တထားခဲ့ပြီး ဧည့်ခန်းထဲသို့ လာခဲ့သည်။ နောက်ရောက်လာသော ဧည့်သည်မှာ အခြားသူမဟုတ်၊ အီတလီသံအမတ် အော်တိုလီကိုဖြစ်သည်။ သူသည်လည်း အီတလီအာဏာရှင် မူဆိုလီနီ၏ ညွှန်ကြားချက်အရ ဟစ်တလာနှင့် အရေးတကြီး လာရောက်တွေ့ဆုံခြင်း ဖြစ်သည်။

ဖြစ်ပုံမှာ ဗြိတိသျှအစိုးရသည် ဟစ်တလာ၏ အကြမ်းဖက်မှုကို တားဆီးရန် အကြိမ်ကြိမ် ကြိုးစားခဲ့၍ မရသည့်အဆုံး အီတလီမူဆိုလီနီထံ အကူအညီတောင်းကာ ဟစ်တလာအား ဖျောင်းဖျပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ မူဆိုလီနီမှာ ဟစ်တလာက ဆူဒီတင်နယ်မြေကို ချက်အစိုးရထံမှပြန်တောင်းသည့်ကိစ္စအပေါ်တွင် မူလကသဘောတူခဲ့သည် မှန်သော်လည်း ဤပြဿနာကြောင့် အထွေထွေစစ်ပွဲကြီး ဖြစ်ပွားလာမည်ကိုမူ စိုးရိမ်သူဖြစ်သည်။ အထူးသဖြင့် အီတလီအဖို့ စစ်အတွက် အစစအရာရာ ပြင်ဆင်မှုများ အဘက်ဘက်က လိုနေသေးသည့်အချိန်တွင် စစ်ကိုရှောင်လွှဲ၍ရနိုင်သလောက် ရှောင်လွှဲလိုသော သဘောရှိနေသည်။ သို့ဖြစ်ရာ ဗြိတိသျှအစိုးရ၏ မေတ္တာရပ်ခံချက်ကို အလွယ်တကူ လက်ခံကာ ဘာလင်ရှိ အီတလီသံအမတ်မှ တစ်ဆင့် ဟစ်တလာကို နားချစေခဲ့ခြင်း ဖြစ်သည်။

အီတလီသံအမတ် အော်တိုလီကိုက မူဆိုလီနီ၏ မှာကြားချက်အရ အီတလီသည် ဂျာမနီ၏ လုပ်ဆောင်ချက်မှန်သမျှ အစွမ်းကုန် ထောက်ခံသွားမည် ဖြစ်ကြောင်း၊ သို့သော် ယခုကိစ္စတွင်မူ အလားသုံးဆယ်မလုပ်ဘဲ လန်ဒန်နှင့် ပဲရစ်တို့မှ နောက်ဆုံးတင်ပြသော လိုက်လျောချက်များ ထပ်မံ စဉ်းစားနိုင်ရန် နောက်ထပ် အနည်းဆုံး ၂၄ နာရီ စောင့်ဆိုင်းပြီးမှ အဆုံးအဖြတ်ပြုသင့်ကြောင်းများကို ဟစ်တလာအား ပြောပြသည်။

ဟစ်တလာသည် မူဆိုလီနီ၏ အကြံပေးချက်ကို ခေတ္တမျှ စဉ်းစားပြီး အခြေအနေ အရပ်ရပ်ကို တွက်ကာ သဘောတူသက်လိုက်သည်။



ထို့နောက် သူသည် ပြင်သစ်သံအမတ်ရှိရာ သူ၏ရုံးခန်းသို့ ပြန်လာခဲ့ပြီး စောစောက ပြင်သစ်အစိုးရ၏ တင်ပြချက်ကို ယနေ့ ညနေမချောင်းမီ အကြောင်း ပြန်ကြားပါမည်ဟု ပြောလွှတ်လိုက်သည်။

ပြင်သစ်သံအမတ် ပွန်ဆက်ပြန်သွား၍ မိနစ်အနည်းငယ်မျှ အကြာတွင် နောက်တစ်ယောက် ထပ်မံရောက်ရှိလာသူမှာ ဗြိတိသျှ သံအမတ် ဟင်ဒါဆင် ဖြစ်သည်။ ဟင်ဒါဆင်က ယမန်နေ့ညက ဒါလဆင်မှတစ်ဆင့် ချိန်ဘာလိန်ထံသို့ ဟစ်တလာပေးလိုက်သော စာနှင့်ပတ်သက်၍ ချိန်ဘာလိန်၏ ပြန်ကြားချက်ကို လာရောက်ပေးပို့ခြင်းဖြစ်သည်။

ချိန်ဘာလိန်၏ ပြန်ကြားချက်မှာ ဟစ်တလာ၏ တောင်းဆိုချက်များနှင့်ပတ်သက်၍ မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ပေးရမည်ကို ဆွေးနွေးရန် နိုင်ငံတကာ ကွန်ဖရင့်တစ်ရပ် ကျင်းပသင့်ကြောင်း အကြံပေးထားသည်။

ဟစ်တလာက ဤကိစ္စကို မူဆိုလီနီနှင့် တိုင်ပင်လိုသေးသည်ဟု ဆိုသဖြင့် အီတလီသံအမတ် အော်တိုလီကိုမှတစ်ဆင့် မူဆိုလီနီ၏ သဘောထားကို တယ်လီဖုန်းဖြင့် မေးရပြန်သည်။ မူဆိုလီနီကလည်း ချိန်ဘာလိန်၏ အကြံပေးချက်အရ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်တစ်ရပ် ကျင်းပရေးကို ထောက်ခံ၍ ထိုကွန်ဖရင့်တွင် လိုအပ်ပါက မိမိကိုယ်တိုင် တက်ရောက်ပါမည်ဟူ၍ အကြောင်း ပြန်ကြားခဲ့သည်။ တစ်ဆက်တည်းတွင် မူဆိုလီနီက အဆိုပါ ကွန်ဖရင့်ကို မည်သည့်ပုံစံမျိုးဖြင့် ကျင်းပသည်ဖြစ်စေ၊ ဟစ်တလာစကားလွန်ထစ်ပြီး ဖြစ်နေသည့်အတွက် နောက်တစ်ဘာလ ဟစ်ရက်နေ့တွင် ဂျာမန်တပ်များ ဆူဒီတင်နယ်မြေထဲသို့ ချီတက်ဝင်ရောက် ခွင့်ပြုရမည်ဟူသော အချက်ကိုပါ ထပ်မံ အကြံပေးခဲ့သေးသည်။

ဤသို့ ဟစ်တလာသည် စစ်ရေးတိုက်ပွဲမှ နိုင်ငံရေးတိုက်ပွဲအဖြစ် ပုံစံပြောင်းလာကာ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်ကျင်းပရေးအတွက် ဖိတ်စာများကို ချက်ချင်း ပို့လိုက်သည်။ သို့သော် ဖိတ်ကြားခြင်းခံရသူများထဲတွင် အင်္ဂလန်၊ ပြင်သစ်နှင့် အီတလီတို့

www.burmeseclassic.com

www.burmeseclassic.com



သာ၍ပါဝင်၍ ချက်နှင့် ဆိုဗီယက်အစိုးရတို့ကိုမူ လုံးဝ မဖိတ်ကြား
ခဲ့ပေ။

ကွန်ဖရင့်ကျင်းပရန်နေရာကို မြူနစ်မြို့တွင် သတ်မှတ်ခဲ့သည်။

ဤသို့အားဖြင့် ဒုတိယကမ္ဘာစစ်၏ သမိုင်းတစ်လျှောက်တွ
ထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်သည့် မြူနစ်စာချုပ် (Munic
Agreement) သည် အကောင်အထည် ပေါ်လာခဲ့တော့သည်။

ဆူဒီတန် ဂျာမန်ပြဿနာကို နောက်ဆုံး အဆုံးအဖြတ်ပြု
မည့် အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်ကို မြူနစ်မြို့ ကူနစ်ပလ
အမည်ရှိ ဘုရင့်ပန် ခြံကြီး အတွင်းမှ အသစ်ဆောက်လုပ်ပြီးခါ
ခေါင်းဆောင်ကြီး၏ စံအိမ်တော်တွင် ၁၉၃၈ ခု စက်တင်ဘာ
၂၉ ရက်နေ့၊ ၁၂ နာရီ ၄၅ မိနစ် အချိန်တွင် ကျင်းပခဲ့ကြသည်

ထိုကွန်ဖရင့်သို့ ဂျာမနီနှင့် အီတလီမှ အာဏာရှင်ကြီးနှ
ဖြစ်ကြသော ဟစ်တလာနှင့် မူဆိုလီနီတို့အပြင် အင်္ဂလန်မှ ဝန်ကြ
ချုပ် ချိန်ဘာလိန်နှင့် ပြင်သစ်မှ ဝန်ကြီးချုပ် ဒလာဒီယား
တက်ရောက်ခဲ့ကြသည်။

ကွန်ဖရင့်တွင် အဓိက ဇာတ်လိုက်မှာ ဟစ်တလာမဟု
တော့ဘဲ မူဆိုလီနီဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် မူဆို
သည် ဤကိစ္စတွင် ဟစ်တလာနှင့် စည်းဝါးရိုက်ထားခဲ့သည့်နည်း
ချိန်ဘာလိန်နှင့်ပါ ညှိနှိုင်းထားပြီး ဖြစ်နေသည်။ ထို့ထက်
လက်တွေ့ကျကျ ပြောရလျှင် ဤကွန်ဖရင့်တွင် မူဆိုလီနီတစ်ယော
သာလျှင် စကားပြန်ကိုမသုံးဘဲ ဘာသာမျိုးစုံ ပြောတတ်သူဖြစ်
ကွန်ဖရင့်တစ်လျှောက်လုံး သူသာလျှင် အစအဆုံး 'သယ်'သွာ
သည်။

စက်တင်ဘာလ ၂၉ ရက်နေ့ နေ့လယ်အချိန်မှစတင်ကျင်း
ခဲ့သော အဆိုပါ ကွန်ဖရင့်မှာ ထိုနေ့ည သန်းခေါင်ကျော်၍
တင်ဘာလ ၃၀ ရက်နေ့ နံနက်ဘက်တွင်မှ သဘောတူညီချက်မျာ
ရရှိပြီးဆုံးခဲ့သည်။

ဤ မြူနစ်စာချုပ်သည် ဟစ်တလာ၏ မူလ အကြံအစ



ဖြစ်သော ကျူးကျော်သိမ်းပိုက်ရေးကို ဟန့်တား ပိတ်ပင်နိုင်ခဲ့ပါ
သလော။

မပိတ်ပင်နိုင်ခဲ့ရုံမျှမက အဆိုပါ ကျူးကျော် သိမ်းပိုက်ရေး
အကြံအစည်ကိုပင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် တစ်ရပ်
အဖြစ် တရားဝင်အောင် လုပ်ဆောင်ပေးခဲ့သည်။

သို့ဖြစ်ရာ မူလက ဟစ်တလာ ကြုံးဝါးခဲ့သည့် အတိုင်း
အောက်တိုဘာလ တစ်ရက်နေ့တွင် လက်နက်အပြည့်အစုံ တပ်ဆင်
ထားသော ဂျာမန် စစ်တပ်ကြီးများသည် စကြာတံဆိပ် နာဇီ
အောင်လံကြီးများကို တပ်ဦးမှ တလူလူလွင့်ထူ၍ ဆူဒီတန်နယ်မြေ
လေးကို တရားဝင် ချီတက်သိမ်းပိုက်ခဲ့ကြတော့သည်။

ဤသို့အားဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ ပဏာမ ဖြစ်ရပ်များ
နောက် ဤမြူနစ်စာချုပ်သည် အရှုပ်ဆိုးခဲ့သည့်နှင့်အမျှ ဗြိတိသျှ
ဝန်ကြီးချုပ် ချိန်ဘာလိန်မှာလည်း နာမည်ပျက်၍ အရှက်တကွဲ
ဖြစ်ခဲ့ရသည်။

ယခုသို့ ဖြစ်ရသည်မှာလည်း အခြားကြောင့် မဟုတ်၊ ဆူဒီ
တန်အရေးတွင် ဟစ်တလာနှင့် အကြိမ်ကြိမ် တွေ့ဆုံ နားချခဲ့သော
ချိန်ဘာလိန်၏ ကြိုးပမ်းမှုများမှာ 'ကျားသတ္တဝါကို သက်သတ်
လွတ်' စားပါရန် မေတ္တာရပ်ခံခဲ့သည်နှင့် တူနေသောကြောင့်ပင်
ဖြစ်သည်။

စင်စစ်အားဖြင့် သမင်၊ ဒရယ်၊ ချေငယ်စသော သတ္တဝါ
လေးများ၏ အသွေးအသားကို ခုန်အုပ်ဝါးမျို စားသောက်ခြင်း
ဖြင့်သာ အသက်ရှင် တည်တံ့နေကြရသော ကျားတိရစ္ဆာန်တို့မည်
သည် ဘယ်အခါ ဘယ်ကာလကများ သက်သတ်လွတ် စားခဲ့ကြ
သည်ဟူ၍ ကြားဖူးကြပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂလိပ်နှင့်ပြင်သစ်၊ မိတ်ဆွေးနှစ်ခါနာဖြစ်ခဲ့ရပုံ

"ပထမတော့ ချောက်လုံးပြူးနဲ့ခြတာပြီး ငွေ၁ကျပ်အတောင်းခံခဲ့ရတယ်။ အဲဒါကိုပေးလိုက်တော့ နောက်တစ်ခါ ထပ်ပြီး ငွေ ၂–ကျပ် တောင်းပြန်တာပဲ။ နောက်ဆုံးတော့ ၁ကျပ်၇၅ ပြားပဲယူပါဦး၊ ကျန်တာကို နောက်မှ ဖြေးဖြေးပေးသွားပါရစေဆိုလို့ ဓာတ်ရှင်ကြီးက ကျေနပ်သွားတယ်"

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောအခါ ဗြိတိသျှ ဝန်ကြီးချုပ်အဖြစ် စစ်ကြီးတစ်လျှောက်လုံး ခေါင်းဆောင်မှုပေးသွားမည့် ဝင်စတန်ချာချီက မြူနစ်စာချုပ်နှင့်ပတ်သက်၍ ၁၉၃၈-ခုနှစ် အောက်တိုဘာလ ၅–ရက်နေ့ (ဆူဒီတန်နယ်မြေကို ဂျာမန်တပ်များ ဝင်ရောက် သိမ်းပိုက်ပြီး ၄–ရက် အကြာ)တွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

စင်စစ် ဟစ်တလာသည် ချာချီပြောသည့်အတိုင်း ငွေ-ကျပ် အပြည့်အဝရအောင် ကြိုးစားခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုသော် ချက်ကိုစလိုဗေးကီးယား တစ်ပြည်လုံးကို တိုက်ခိုက်သိမ်းပိုက်ရန် ကြံရွယ်ခဲ့ခြင်းဖြစ်သည်။

သူ့တွက်ကိန်းအရ ဆူဒီတန် နယ်မြေထဲသို့ မိမိတို့ ဂျာမန်တပ်များ အမြန် ချီတက်သွားပါက ချက်အစိုးရ တပ်များနှင့် မုချ



တိုက်ပွဲဖြစ်ပွားမည်။ ဤတိုက်ပွဲကို အကြောင်းပြု၍ ဂျာမန်နှင့် ချက်တို့စစ်ဖြစ်ပွားတာ နောက်ဆုံး ချက်တစ်ပြည်လုံးကို သိမ်းပိုက်မည်ဟု ဆင်ကြံကြံယခြင်း ဖြစ်သည်။

ဤအချက် သူကိုယ်တိုင်ကလည်း အတိအလင်း ဖွင့်ဟဝန်ခံ ပြောဆိုခဲ့သည်။

"ကျုပ်ဟာ ဆူဒီတန်နယ်မြေကိုရရုံနှင့် မကျေနပ်နိုင်ဘူးဆိုတာ အစကတည်းက ရှင်းရှင်း သဘောထားခဲ့တာပဲ။ ဒါကို တစ်စိတ်တစ်ဒေသပြေရှင်းတဲ့အနေနဲ့ လက်ခံခဲ့တာပဲ"

(နူရင်ဘတ်စစ်ခုံရုံးမှတ်တမ်းများ ၇၀၉)

ဟစ်တလာသည် ဆူဒီတန်နယ်ကို သိမ်းပိုက်ခဲ့ပြီး ၁၀-ရက်အတွင်း ဗိုလ်ချုပ်ကြီး ကိုင်းတဲလ်ကို အောက်ပါ အချက်များနှင့် ပတ်သက်၍ အမြန်ဆုံး စုံစမ်းရန် ညွှန်ကြားခဲ့သည်။

(၁) ယခု လက်ရှိအခြေအနေတွင် ဘိုဟီးမီးယားနှင့် မော်ရေဗီးယား ပြည်နယ်များတွင်၊ ချက်အစိုးရ တပ်များကို ချေမှုန်းပစ်နိုင်ရန်အတွက် နောက်ထပ် စစ်တပ်အင်အား မည်၍မည်မျှဖြည့်တင်းရန် လိုအပ်ပါသလဲ။

(၂) ဖြည့်တင်းရမည့် စစ်တပ် အင်အားသစ်များကို ပြန်လည်စုစည်းရန်နှင့် ရွှေ့ပြောင်းရန် အချိန်မည်မျှ လိုအပ်ပါသလဲ။

(၃) ထိုသို့ ပြန်လည်စုစည်းခြင်းနှင့် ရွှေ့ပြောင်းခြင်းများကို အကယ်၍ တပ်များဖြန့်ပြီးမှ ဆောင်ရွက်မည် ဆိုပါက အချိန် မည်မျှ လိုအပ်ပါသလဲ။

(၄) အောက်တိုဘာလတစ်ရက်နေ့က အခြေအနေမျိုးသို့ အဆင်သင့်ရောက်ရှိနေစေရန် အချိန်မည်မျှ ကြာကြာ လိုအပ်ပါသလဲ။

(နူရင်ဘတ် စစ်ခုံရုံးမှတ်တမ်းများ ၃၇၉)

ဟစ်တလာသည် အထက်ပါအချက်များကို စုံစမ်းရန် ဗိုလ်ချုပ် ကိုင်းတဲလ်ထံ ညွှန်ကြားခဲ့ပြီးနောက် အောက်တိုဘာလ ၂၁-

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့တွင် လက်နက်ကိုင်တပ်များအားလုံးသို့ အမိန့်သစ်များ ထုတ်ပြန်ခဲ့သည်။ ယင်းအမိန့်သစ်တွင် ဂျာမနီပြည်ကြီးကို စာကွယ်ရေးနှင့် ချက်ကိုစလိုဗေကီးယားပြည်မှ ကျန်ရှိနေသေးသော နယ်မြေများကို သိမ်းပိုက်ရန် ပြင်ဆင်ရေး ပါဝင်သည်။

သို့သော် ဟစ်တလာသည် အချိန်အခါနှင့် အခြေအနေကို အကဲဖြတ်သတိသူတစ်ဦးဖြစ်ရာ ချက်တစ်ပြည်လုံး သိမ်းပိုက်ရေးကို ဆက်လက်ပြင်ဆင်နေစဉ် တစ်ဖက်မှ သံတမန်ရေးရာ လုပ်ငန်းများကို ဆောင်ရွက်ကာ ရိသမျှကို အမြတ်ထုတ်ခဲ့သေးသည်။

ဒီဇင်ဘာလ ၆-ရက်နေ့တွင် ပြင်သစ်ပြည် ပဲရစ်မြို့၌ ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့ ကိုယ်တိုင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဗဂျာ့ဘွန်းနက်နှင့်အတူ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကာ ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် အဓိကအားဖြင့် ပြင်သစ်၊ ဂျာမန် နယ်နိမိတ်များကြောင်းကို လက်ရှိအခြေအနေအတိုင်း ထပ်မံအတည်ပြုရန်နှင့် နှစ်နိုင်ငံ ဆက်ဆံရေးကို ထိခိုက်စေမည်ဟု ယူဆရသော ပြဿနာမှန်သမျှ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တင်ပြဆွေးနွေးမှုများ ပြုလုပ်ကြရန် စသည်တို့ ပါဝင်သည်။

ဤသို့အားဖြင့် ဟစ်တလာသည် လောလောဆယ် ပြင်သစ်ကို ကြိုးရှည်ရှည်ဖြင့် လှန်ထားခဲ့သည်။

တစ်ချိန်တည်းတွင် မကြာမီဖြစ်ပွားလာဖွယ်ရာရှိသည့်ကမ္ဘာ့အထွေထွေစစ်ပွဲကြီးအတွက် အရေးကြီးသောခြေလှမ်းတစ်ခုကိုလည်း ဤအတောအတွင်းမှာပင်လှမ်းရန် ပြင်ခဲ့သေးသည်။ ယင်းခြေလှမ်းမှာ အခြားမဟုတ်၊ ဂျာမနီနှင့် အီတလီ ဝင်ရိုးတန်းကို ပို၍ခိုင်မာရှည်လျားစေရန် အရှေ့အာရှမှ ဂျပန်အစိုးရအပါအဝင် * 'ရောမ-ဘာလင်-တိုကျို ဝင်ရိုးတန်း' စာချုပ်တစ်ရပ် ချုပ်ဆိုရေးကို စိုင်းပြင်းခဲ့ခြင်းဖြစ်သည်။

---

* Rome Berlin. Tokyo Ezis,

ရစ်ဘင်ထရော့သည် ဤစာချုပ်မူကြမ်းကို ဟစ်တလာနှင့် မြူနစ်မြို့တွင် တိုင်ပင် ရေးဆွဲပြီးနောက် အောက်တိုဘာ လကုန်လောက်တွင် ရောမမြို့သို့ သွားရောက်ကာ မူဆိုလီနီထံ တင်ပြခဲ့သည်။

မူဆိုလီနီသည် ဟစ်တလာနှင့် ပတ်သက်၍ သူ့စိတ်ထဲတွင် အမြဲတမ်းဆန့်ကျင်ဖက်နှစ်ခုဖြစ်ပေါ်နေလေ့ရှိသည်။ သူသည် ဥရောပတိုက်တွင် ဟစ်တလာ တစ်နေ့တခြား ဩဇာကြီးမားလာသည်ကို နောလို မရှုဆိတ်ဖြစ်မိသည်။ သို့သော် ဟစ်တလာ၏ ဩဇာကြီးမားသည် မိမိ၏ရန်သူဖြစ်သော ပြင်သစ်နှင့် အင်္ဂလိပ် စသည့် ဥရောပနိုင်ငံကြီးများ၏ ဩဇာ ကျဆင်းခြင်းပင်ဖြစ်ရာ ဟစ်တလာအပေါ်တွင် တစ်ဖက်မှ မနာလိုစိတ် ဖြစ်ပေါ်နေချိန်တွင် အခြားတစ်ဖက်မှ ရှောင်သာဘဲ အားကိုးစိတ်များ ရှိနေခဲ့ပြန်သည်။

တစ်ဖန် ဂျာမနီ၊ ပြင်သစ် ပူးတွဲကြေညာချက်ကြောင့် မူဆိုလီနီမှာ ဟစ်တလာအပေါ် ရုတ်တရက် မကျေမနပ် ဖြစ်ခဲ့မိသည်။ အဘယ့်ကြောင့်ဆိုသော် မိမိသည် ပြင်သစ်တို့လက်အောက်ကျရောက်နေသော ကျူနီရှား၊ ကော့စီကာ၊ စသော ကျွန်းကလေးများကို အီတလီသို့ ပြန်ပေးရန် အရေးဆိုနေဆဲဖြစ်ရာ မိမိနှင့် ပြင်သစ်တို့ ပဋိပက္ခချင်းဖြစ်ပွားလာပါက ဟစ်တလာ ပါဝင်လာမည်ကို စိုးသဖြင့် ပြင်သစ်၊ ဂျာမန် ပူးတွဲကြေညာချက်ကို ရုတ်တရက် မကျေမနပ် ဖြစ်ခဲ့သည်။

သို့ဖြစ်ရာ မူဆိုလီနီသည် ရစ်ဘင်ထရော့ တင်ပြလာသော သုံးနိုင်ငံ ဝင်ရိုးတန်းစာချုပ်ကို ရုတ်တရက် မည်သို့မျှ အကြောင်းမပြန်သေးဘဲ အချိန်အတော်ကြာ စဉ်းစားနေခဲ့သည်။

သို့သော် နောက်ဆုံးတွင် အရေးတစ်စုံတစ်ရာ ကြုံကြိုက်လာပါက ဟစ်တလာသည် မိမိဘက်က ရပ်တည်၍ အင်္ဂလိပ်၊ ပြင်သစ်တို့ကို ဆန့်ကျင်လိမ့်မည် ဟူ၍ ယုံကြည်မိသည့်ပြင် မိမိကိုယ်တိုင်အနေဖြင့်လည်း တကယ်အရေးတွင် ဟစ်တလာကို အားကိုးစရာများရှိနေသဖြင့် ၁၉၃၉ ခုနှစ် ဇန်နဝါရီလဆန်းတွင် သုံးနိုင်ငံဝင်ရိုးတန်း

www.burmeseclassic.com

www.burmeseclassic.com

စာချုပ် ချုပ်ဆိုရန် မိမိသဘောတူပါကြောင်း၊ ရစ်ဘင်ထရော့ထံ အကြောင်းပြန်ကြားလိုက်သည်။

ဂျပန်၊ ဂျာမန်၊ အီတလီ (ဝါ) 'ပန်-နို'အိ' သုံးနိုင်ငံ ဝင်ရိုးတန်းစာချုပ်ကို နောက်လ အနည်းငယ်ကြာမှ တရားဝင် လက်မှတ်ရေးထိုးကြရန် ရှိသော်လည်း ကွက်ကျော်မြင်တတ်သော ဟစ်တလာသည် 'ကြားဖြတ်လုပ်ငန်း' အနေဖြင့် ပူးလုပ် ပြီးစီးခဲ့ပေပြီ။

ဤသို့ စစ်ရေး၊ နိုင်ငံရေး အစီအစဉ်များ လုပ်ဆောင်ခဲ့ပြီး နောက် ဟစ်တလာသည် ဆူဒီတန်ကိစ္စတွင် အသုံးပြုခဲ့သည့် နည်းလမ်းကို ထပ်မံ အသုံးပြုပြန်သည်။ ထိုနည်းလမ်းမှာ ရှေ့ပိုင်းမှ ပြောင်ကျကျ တရားဝင်လုပ်ငန်းများကို လုပ်ကိုင်ရင်း နောက်ပိုင်းမှ တိတ်တဆိတ် ခြေထိုးလုပ်ကြံသော နည်းလမ်းပင် ဖြစ်သည်။

ချက်ကိုစလိုဗေးကီးယား ပြည်ကလေးမှာ ချက်လူမျိုးများနှင့် စလိုဗက်လူမျိုးများ နေထိုင်သော ပြည်နယ်များကို ပူးပေါင်း၍ တိုင်းပြည်တစ်ပြည်အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ရာ ဟစ်တလာသည် စလိုဗက်လူမျိုးများနှင့် လျှို့ဝှက်ဆက်သွယ်ကာ ချက်အစိုးရအား အကျပ်ကိုင်သည့် လုပ်ငန်းများကို လုပ်ကိုင်စေခဲ့သည်။

၁၉၃၉ ခု ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဟစ်တလာသည် စလိုဗက် အမျိုးသားပါတီခေါင်းဆောင် ဒေါက်တာ တူးကားကို ခေါ်ယူတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံပြီးသည့်နောက် ရက်အနည်းငယ်အတွင်းမှာပင် တူးကားက 'မိမိတို့ စလိုဗက် အမျိုးသားများသည် ချက်အစိုးရ အောက်တွင် ဆက်လက် နေထိုင်ရန် မဖြစ်နိုင်တော့ကြောင်း' အတိအလင်း ကြေညာကာ ချက်အစိုးရ ဆန့်ကျင်ရေးများကို အနှံ့အပြား လှုံ့ဆော်လုပ်ကိုင်လာတော့သည်။

သို့နှင့်ပင် ချက်ကိုစလိုဗေးကီးယား ပြည်ကလေး အတွင်း ပြည်တွင်းမီး တစ်နေ့တခြား တောက်လောင်ခဲ့ရာ နောက်ဆုံး ချက်အစိုးရမှာ မနေသာတော့ဘဲ မတ်လ ၆ ရက်နေ့တွင် ရှုသန်နီးယား ပြည်နယ်အစိုးရအဖွဲ့ကို ဖြုတ်ပစ်လိုက်ရသည်။ တစ်ဖန် မတ်လ ၉ ရက်နှင့် ၁၀ ရက်နေ့ညတွင် စလိုဗက်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး ဖြစ်သူ ဒေါက်တာစကီမှာ ဂျာမန်ကောင်စစ်ဝန်၏ အားဖြင့် နယ်ခြားကိုဖြတ်ကျော်၍ ဂျာမနီပြည်ထဲသို့ ထွက်ပြေးလာခဲ့ရသည်။



အကွက်တောင်းနှင့် ချက်ကောင်းကို စောင့်နေသော ဟစ်တလာသည် ချက်ကိုစလိုဗေးကီးယားပြည်တွင် ဆူဆူပူပူ ဖြစ်ပြီဟု ကြားလျှင် ကြားချင်း ဩစတြီးယားပြည် နယ်စပ်မှတစ်ဆင့် မြစ်ကို ဖြတ်ကျော်၍ ချက်ပြည်ထဲတွင် ရှိနေကြသော ဂျာမန်များထံ လက်နက်များကို ကူသယ်ခေါက်သယ် ပေးပို့စေခဲ့သည်။ မူလကပင် အကြံနှင့် စောင့်နေကြသော ဂျာမန်များကလည်း လက်နက်များ ရသည်နှင့် တစ်ပြိုင်နက် အစိုးရ အဆောက်အအုံများကို စီးနင်း သိမ်းပိုက်လိုက်ကြသည်။

မတ်လ ၁၁ ရက်နေ့ နံနက်တွင်မူ ဘာလင်မြို့၌ ကြေညာချက်တစ်ရပ် ထွက်ပေါ်လာသည်။ ယင်းကြေညာချက်မှာ 'ချက်အစိုးရက ရာထူးမှ မတရားဖြုတ်ချခြင်း ခံခဲ့ရသော စလိုဗက် ဝန်ကြီးချုပ် တီဆိုက ခေါင်းဆောင်ကြီး ဟစ်တလာအား စလိုဗက် လူမျိုးများအရေးကို ဝင်ရောက် ဖြေရှင်းပေးပါရန် မေတ္တာရပ်ခံလိုက်ပြီ' ဟူသော ကြေညာချက်ပင် ဖြစ်သည်။

ဤကြေညာချက်ကား သည်ယုန်မြင်၍ သည်ချုံထွင်လိုက်သော လိမ်ကြုပ်ကြေညာချက်ဖြစ်သည်မှာ ထင်ရှားလှသည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ ကြေညာချက် ထုတ်ပြန်ခဲ့ပြီးနောက် တစ်ဘက်မှာပင် ဂျာမန်အစိုးရကိုယ်စားလှယ်များ ဖြစ်ကြသော ဘာသ်နှင့် ဆိုက်စ်အင်းကွပ်တို့သည် ဂျာမန်ဗိုလ်ချုပ်ကြီး ငါးယောက် ခေါ်ကာ ချက်ကိုစလိုဗေးကီးယားပြည် ဘရက်တစ္စလာဘာမြို့သို့ ဆိုက်ရောက်လာကြသည်။ သူတို့သည် မြို့ထဲသို့ ရောက်လျှင်ရောက်ချင်း စလိုဗက်အစိုးရအဖွဲ့သစ် အစည်းအဝေး ကျင်းပနေသော အဆောက်အအုံသို့ တန်းသွားကြ၍ အစည်းအဝေးထဲသို့ တရကြမ်း ဝင်သွားကြသည်။

ထို့နောက် ဂျာမန်ကိုယ်စားလှယ် ဘာကဲလ်က ဟစ်တလာ၏ အမိန့်အရ စလိုဗက်အစိုးရအဖွဲ့သစ်၏ ဝန်ကြီးချုပ် ဆီဒိုအား

www.burmeseclassic.com

www.burmeseclassic.com

စလိုဗက်အစိုးရအနေဖြင့် ချက်ကိုစလိုဗေးကီးယားနိုင်ငံမှ သီးခြားခွဲထွက်ပြီး လွတ်လပ်ရေးကို ချက်ချင်းကြေညာရန် အတင်းအဓမ္မ ခိုင်းစေသည်။

ဆီဒိုကလည်း ရုတ်တရက် မကြေညာသေးဘဲ အကြောင်းအမျိုးမျိုးပြ၍ ဖွင်းဆန်နေခဲ့ရာ ယို့နှင့်ပင် အခြေအနေမှာ မထောင်မကျဖြင့် ထိုညက တစ်ချိန်ကုန်သွားခဲ့သည်။

နောက်တစ်နေ့ မတ်လ ၁၂ ရက် တနင်္ဂနွေနေ့တွင်မူ ဝန်ကြီးချုပ်ဟောင်း တီဆို၏ အကြံပေးချက်အရ အစိုးရအဖွဲ့ အစည်းအဝေးကို 'စလိုဗက်' သတင်းစာတိုက်တွင် ကျင်းပကြပြန်သည်။ ဤအစည်းအဝေးတွင် တီဆိုက မိမိအား ဟစ်တလာက ဘာလင်သို့ အမြန်ဆုံး လာရောက်ရန် ခေါ်ထားကြောင်း၊ သို့ဖြစ်ရာ မိမိ ဘာလင်ရောက်လျှင် ဟစ်တလာနှင့် အသေးစိတ် ထပ်မံဆွေးနွေးရန် ကြံရွယ်ထားကြောင်း၊ သို့သော် ဂျာမန်တို့၏တောင်းဆိုချက်ကို မိမိတို့ ငြင်းဆန်ခဲ့ပါက ဘရက်တစ္စလာဗားမြို့ကို ဂျာမန်တပ်များ ဝင်ရောက်သိမ်းပိုက်၍ တစ်ချိန်တည်းတွင် စလိုဗက်နယ်အရှေ့ပိုင်း ဒေသကို ဟန်ဂေရီတို့က ဝင်ရောက်သိမ်းပိုက်လာဖွယ်ရာ ရှိကြောင်း များကို ဖွင့်ဟဆွေးနွေးသွားသည်။

နောက်ဆုံးတွင် ဤပြဿနာမှာ ဟစ်တလာနှင့်တွေ့ပြီးမှ ဖြေရှင်းမည်ဖြစ်ရာ အားလုံး၏ သဘောတူညီချက်ဖြင့် ဝန်ကြီးချုပ်ဟောင်း တီဆိုသည် ဗီယင်နာမှတစ်ဆင့် ဘာလင်သို့ ချက်ချင်းထွက်ခွာလာခဲ့သည်။

နောက်တစ်နေ့ မတ်လ ၁၃ ရက်နေ့ ညနေဘက်တွင် စလို ဗက် ဝန်ကြီးချုပ်ဟောင်း တီဆိုနှင့် ဝန်ကြီးချုပ်ဟောင်း ဒါလာ စကီတို့သည် ဟစ်တလာနှင့် ဝင်ရောက်တွေ့ဆုံသည်။

ဟစ်တလာက ထုံးစံအတိုင်း သူ၏ခေတ်ပြားဟောင်းကြီးကို ဖွင့်ပြန်သည်။ သူက ချက်အစိုးရ၏ 'ကျောသားရင်သား' ခွဲခြား လုပ်ဆောင်ပုံများကို ရှုတ်ချကာ တစ်ချိန်တည်းတွင် စလိုဗက်လူမျိုး များကလည်း ချက်အစိုးရ၏ အမွေမှုများကို ငုံ့ခံနေကြသည်မှာ အထူးပင် ဝမ်းနည်းစရာကောင်းကြောင်း၊ မိမိအနေဖြင့် စလိုဗက် လူမျိုးများသည် ချက်အစိုးရလက်အောက်မှ လွတ်မြောက်လိုသော ဆန္ဒ အမှန်တကယ်ရှိနေသည်ဟု ယုံကြည်မိသဖြင့် စလိုဗက်နယ်မြေ များကို ဟန်ဂေရီက ဝင်ရောက် သိမ်းပိုက်ရန် ကြံရွယ်သည်ကိုပင် ဟန့်တားထားခဲ့ရကြောင်း၊ ယခုမူ စလိုဗက် အစိုးရ အဖွဲ့သစ်က ချက်ကိုစလိုဗေးကီးယားပြည်မှ သီးခြားခွဲ၍ လွတ်လပ်သော စလို ဗက်နိုင်ငံထူထောင်ရန်ပင် သဘောမတူဘဲဖြစ်နေသဖြင့် အထူးပင် စိတ်ပျက်ဝမ်းနည်းမိကြောင်း စသည်ဖြင့် 'အိုးကမပူ စလောင်းကပူ' ဆိုရပုံများကို စီကာပတ်ကုံး ပြောပြသည်။



ဤသို့ စလိုဗက်လူမျိုးများအပေါ် ထားရှိသော မိမိ၏ 'စေ တနာတရား' ကြီးမားလှပုံကို ပဏာမနိဒါန်းပျိုးပြီးမှ ဟစ်တလာက ဆက်လက်၍ 'ဤအခြေအနေများကြောင့် လူကြီးမင်းများကိုခေါ်ယူ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စလိုဗက်လူမျိုးများသည် ကိုယ့်ကြမ္မာကိုယ် ဖန်တီးမည်၊ မဖန်တီးမည်ဟူသောပြဿနာကို အမြန်ဆုံးဖြတ်ကြရန်လို အပ်ကြောင်း၊ အမြန်ဆုံးဆိုရာ၌ရက်ပိုင်းအတွင်းမဟုတ်ဘဲ နာရီပိုင်း အတွင်းပင် အဆုံးအဖြတ်ပေးကြရန်လိုကြောင်း၊ စလိုဗက် လူမျိုး များက လွတ်လပ်ရေးကို အလိုရှိကြပါက မိမိအနေဖြင့် အတတ်နိုင်ဆုံး ကူညီသွားမည်ဖြစ်ကြောင်း၊ ဤသို့မဟုတ်ဘဲ အချိန်ဆွဲနေကြ မည်ဆိုလျှင် နောင်ဖြစ်ပေါ်လာသမျှ အခြေအနေများကို မိမိတာဝန်မယူ နိုင်ကြောင်း' စသည်အားဖြင့် နောက်ဆုံးစကားကို ပြောကြားကာ ဆွေးနွေးပွဲကို အဆုံးသတ်ခဲ့သည်။

တီဆိုသည် နောက်တစ်နေ့နံနက်စောစော စလိုဗက်ပြည်နယ် သို့ ပြန်သွားခဲ့သည်။ ဘရက်တစ္စလာဗားမြို့သို့ သူပြန်ရောက်ပြီး နာရီ ပိုင်းအတွင်းမှာပင် စလိုဗက်လွှတ်တော် အစည်းအဝေးကို ကျင်းပ ခဲ့သည်။

ဤသို့ဖြင့် ၁၉၃၉ ခု မတ်လ ၁၄ ရက် အင်္ဂါနေ့တွင် ချက် ကိုစလိုဗေးကီးယားပြည်မှခွဲထွက်၍ သီးခြားလွတ်လပ်သော စလိုဗက် နိုင်ငံ ထူထောင်လိုက်ပြီဖြစ်ကြောင်း ကြေညာချက် ထွက်ပေါ်လာ ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဟစ်တလာသည် ဤနည်းအားဖြင့် တစ်ဖက်မှ စစ်အင်အား ကို ပြကာ အခြားတစ်ဖက်မှ နိုင်ငံရေးနည်းအားဖြင့် ချက်ကိုစလိုဗေးကီးယားပြည်ကလေးအား ထပ်မံ၍ အစိတ်စိတ် အမြွှာမြွှာ အောင် ထုခွဲချေမှုန်းလိုက်ပြန်ပေပြီ။

ဤသို့ ချက်ကိုစလိုဗေးကီးယားပြည်ကလေး၏ အခြေအနေ မှာ 'သည်တောင်က ကျော်နိုင်ဖွယ်ရာမရှိ'တော့သည်ကို သိခဲ့ပြီ ဖြစ် သော ဟစ်တလာသည် သူ၏ နာဇီမုန်တိုင်းတပ်များကို ချက်ကို စလိုဗေးကီးယားပြည်တွင်းသို့ မတ်လ ၁၄ ရက်နေ့တွင် ချီတက် သိမ်းပိုက်လိုက်ကြရန် 'အလံစိမ်း'ပြလိုက်တော့သည်။

သူသည် ထိုနေ့ကိုပင် တမင်ရွေး၍ ချက်သမ္မတနှင့်နိုင်ငံခြား ရေးဝန်ကြီးတို့ကို မိမိနှင့် လာရောက်တွေ့ဆုံပါရန် ခေါ်ယူလိုက် ပြန်သည်။

ဟစ်တလာသည် သူ သိမ်းပိုက်မည့် တိုင်းပြည် တစ်ပြည်၏ အစိုးရအဖွဲ့၏ အထွတ်အထိပ် ခေါင်းဆောင်ကြီးကို ထိုတိုင်းပြည် အား သိမ်းပိုက်မည့်နေ့၊ သိမ်းပိုက်လုဆဲဆဲ အချိန်မှာပင် ခေါ် တွေ့ဆုံ၍သူ ကိုယ်ရံတော်ကပ်ဖွဲ့ဖြင့် ဂုဏ်ပြုညွှန့်ခံနေလိုက်သေးသည်။

ထိုနေ့ ၁ နာရီ အချိန်တွင် ဟစ်တလာသည် ချက်သမ္မတ ဟာချာနှင့် ချက်နိုင်ငံခြားရေးဝန်ကြီး ချဗဲလ် ကော့ဗ်ဇကီး တို့ အထက်ပါအတိုင်း ကိုယ်ရံတော် ရှပ်နက် တပ်ဖွဲ့ဖြင့် အလေးပြု စေပြီးမှ သူ၏ စာကြည့်ခန်းထဲသို့ ခေါ်ဆောင်ကာ ဆွေးနွေးသည်။

ဟစ်တလာက ယခု တစ်ကြိမ်တွင်လည်း ယခင်က သို့ ကြိုတင် ပြင်ဆင်ထားသည့်အတိုင်း "ချက်ကိုစလိုဗေးကီးယား တွင် ယခုကဲ့သို့ ဖရိုဖရဲဖြစ်နေသည်ကို မိမိတို့ အနေဖြင့် လက်ပိုက် ကြည့်မနေနိုင်ကြောင်း။ သို့ဖြစ်၍ ဂျာမနီတပ်များကို ယနေ့ည ၆ နာရီတိတိအချိန်တွင် ချက်ကိုစလိုဗေးကီ ယားပြည်ထဲသို့ ချီ ဝင်ရောက်ကြရန် နောက်ဆုံး အမိန့်ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း။ ဖြစ်ရာ သမ္မတကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့အဖို့ မည်သို့ ဆောင်ရွက်သင့်သည်ကို ပရပ်ဂ်မြို့သို့ ပြန်၍ဆွေးနွေးရန်သာ ရှိတော့ ကြောင်း" ဖြင့် အပြတ်ပြောချလိုက်သည်။



အသက်အရွယ်လည်းကြီး၊ နိုင်ငံရေးအတွေ့အကြုံလည်း မရှိ သော ချက်သမ္မတကြီးမှာ ဟစ်တလာနှင့်တွေ့လျှင် ဘယ်က စ၍ ပြောရမည်ကို မှုသာကပင် စဉ်းစားမရအောင်ဖြစ်နေခဲ့ရာ ယခု 'ဝင်ဝင်ချင်း ဆောက်နှင့်ထွင်း'သည့်ပမာ တွေ့လျှင် တွေ့ချင်း ပိုင်းအတွင်း မိမိတိုင်းပြည်ကို ဂျာမန်တပ်များ ဝင်ရောက်သိမ်း ကြတော့မည် ဟူ၍ ကြားလိုက်ရသောအခါ ပို၍ စိတ်ရှုပ်သွား ဘာတစ်ခွန်းမှ လုံးဝ ပြန်မပြောနိုင်အောင် ဖြစ်သွားခဲ့ရှာသည်။

နောက်မှ သူက ယခုကဲ့သို့ တိုတောင်းလှသော နာရီပိုင်း တွင်း ဤကိစ္စကို မည်သို့မည်ပုံ ဆောင်ရွက်ရပါမည်နည်းဟု ဆို ဟစ်တလာက အလွယ်ဆုံးနည်းအဖြစ် ပရပ်ဂ်မြို့သို့ တယ်လီ ဖြင့် ဆက်သွယ်ရန် အကြံပေးသည်။

သို့နှင့်ပင် ဟစ်တလာသည် ချက်သမ္မတကြီးနှင့် နိုင်ငံခြား ဝန်ကြီးတို့အား ပရပ်ဂ်မြို့သို့ တယ်လီဖုန်းပြောရန်နှင့် ဆွေးနွေး အခြားအခန်းတစ်ခန်းသို့ ဂိုးအားရင်း၊ ရစ်ဘင်ထရော့ တို့နှင့် လွှတ်လိုက်သည်။

ကိုယ်ဟန်အမူအရာ ကြမ်းတမ်းသလောက် အပြောအဆို တမ်းလှသော ဂိုးအားရင်းက အဆိုပါ အခန်းထဲသို့ ရောက် ရောက်ချင်း ချက်သမ္မတကြီး အား၊ မိမိတို့၏တောင်းဆိုချက်ကို နာရန် ပျက်ကွက်နှောင့်နှေးနေပါက ပရပ်ဂ်မြို့ကို ဗုံးကြဲပစ် ဟု ခြိမ်းခြောက်လိုက်ရာ ချက်သမ္မတကြီးမှာ အထိတ်တလန့် ရုတ်တရက် ကုလားထိုင်ပေါ်တွင်ပင် သတိလစ်သွားတော့ ။

ဤတွင် ဟစ်တလာ၏ လက်သုံးဆရာဝန် ဖြစ်သော ဒေါက် မောရစ်ကိုခေါ်ယူ၍ ဆေးတစ်လုံး အမြန်ထိုးပေးလိုက်တော့မှ ပြန်လည်၍ စကားပြောနိုင်လာသည်။

နောက်ဆုံးတွင် ချက်သမ္မတကြီး ဟာချာမှာ စိတ်နှလုံး ကျကာ လုံးဝ အားလျော့လိုက်ပြီဖြစ်ရာ ဟစ်တလာ၏ ခုံး နေ၍ ပရပ်ဂ်မြို့သို့ တယ်လီဖုန်းဖြင့်ဆက်ကာ ဂျာမန်တပ်များ



www.burmeseclassic.com

www.burmeseclassic.com

ချီတက် ဝင်ရောက်လာသည်ကို လုံးဝ ခုခံခြင်း မပြုလုပ်ကြရန် ညွှန်ကြားလိုက်ရတော့သည်။

ထိုနောက် ညနေ ၄ နာရီတိတိတွင် ချက်သမ္မတကြီး ဟစ်တလာနှင့် ထပ်မံတွေ့ဆုံကာ ယင်းတို့ ကြိုတင်ပြင်ဆင်ထား သော ကြေညာချက်ကို တုန်တုန်ယင်ယင်ဖြင့် လက်မှတ်ရေးထိုး သည်။

တိုင်းပြည်တစ်ပြည်ကို "တရားဝင် ကျူးကျော် သိမ်းပို နည်း၊ နိသျည်း"ကို ကျွမ်းကျင်နေပြီဖြစ်သော ဟစ်တလာသည် ကြေညာချက်တွင် "ချက်သမ္မတကြီးက ချက်အမျိုးသားတို့၏ ကြမ္မာကို ခေါင်းဆောင်ကြီး ဟစ်တလာ၏လက်သို့ ယုံကြည်စိ စွာဖြင့် အပ်နှင်းပါကြောင်း"ဟူ၍ ဖော်ပြခဲ့သည်။

ဤကြေညာချက်ကို ချက်သမ္မတကြီးက လက်မှတ်ရေးထို သည်နှင့် တစ်ပြိုင်နက် ဟစ်တလာသည် သူ့ကိုယ်သူ မထိန်း လောက်အောင် အကြီးအကျယ် ဝမ်းသာလုံး ဆို့သွားသည်။ သည် ချက်ချင်း သူ၏အတွင်းရေးမှူးများ အဖြစ် အလုပ်လု သော စာရေးမကလေးများရှိရာ ရုံးခန်းထဲသို့ ပြေးဝင်သွား စာရေးမလေးများကို သူ့အား အနမ်းခိုင်းတော့သည်။ ထို ပါးစပ်ကလည်း ပြောလိုက်သေးသည်။

"ဟဲ့ကောင်မလေးတွေ ဒီနေ့ဟာ ငါ့အတွက် တ နေ့ထူးနေ့မြတ်ကြီးဟ။ ငါဟာ အကြီးအကျယ်ဆုံး ဂျာမန်လူ တစ်ယောက်အနေနဲ့ ရာဇဝင်မှာ စာတင်ခံရတော့မယ်"

နေ့စက် ၂ နာရီမျှအကြာ ၁၉၃၉ ခု၊ မတ်လ ၁၄ ရက် ညနေ ၆ နာရီအချိန်တွင် ဂျာမန် စစ်တပ်ကြီးများသည် သံချပ် ကားကြီးများကို တဂျိန်းဂျိန်းမောင်းနှင်ကာ ချက်ကိုစလိုဗ ယား ပြည်ကလေးထဲသို့ "တရားဝင်"ချီတက်လာခဲ့ကြပေပြီ။

နောက်တစ်နေ့တွင် အင်္ဂလိပ်နှင့်ပြင်သစ် သံအမတ်ကြီး သည် "ထုံးစံအတိုင်း"ဤကိစ္စကို မိမိတို့အစိုးရများက ကန့်ကွက် ကြောင်း၊ အကြောင်းကြားစာများ ဟစ်တလာထံ လာရောက် အပ်ကြသည်။



ဟစ်တလာကလည်း "ထုံးစံအတိုင်း" ဤကိစ္စမှာ ယခင်က ဩစတြီးယား အစိုးရ၏ မေတ္တာရပ်ခံချက်အရ ဝင်ရောက် သိမ်း ပိုက်ခဲ့ရသည့်နည်းတူ ယခုလည်း ချက်ကိုစလိုဗေးကီးယား အစိုးရ ၏ တောင်းပန်ချက်အရ ချီတက်သိမ်းပိုက်ရခြင်းဖြစ်ကြောင်း ခပ် တည်တည် ပြန်ကြားလိုက်သည်။

အင်္ဂလိပ်နှင့် ပြင်သစ်တို့မှာ "မိအေးနှစ်ခါနာ" ဖြစ်ရပြန် ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## မစ္စတာရူစဘဲ့ခင်များ

"ကျုပ်တို့ အီတလီခတွက်တော့ ကျုပ်ကို ရယ်ကြမှာပဲ။ ဘာလို့လဲဆိုတော့ ဟစ်တလာက တိုင်းပြည်တစ်ပြည်ကို သိမ်းပြ တိုင်း၊ ကျုပ်ကို ကျေးဇူးတင်ကြောင်း ကြေးနန်းရိုက်နေတော့ ကျုပ် ဟာ လူရယ်စရာ ဖြစ်နေပြီ"

ဖက်ဆစ် အီတလီ အာဏာရှင် မူဆိုလိနီသည် ချက်ကိုစလ ဗေးကီးယားပြည်အား ဂျာမန်တို့ ဝင်ရောက်သိမ်းပိုက်ပြီ အောင်ပွဲ ခံပြီးလျှင် ပြီးချင်း၊ ဟစ်တလာက သူ့ထံ ပေးပို့လိုက်သော "သဝဏ်လွှာ"ကို ဖတ်ပြီး၊ ထိုသဝဏ်လွှာကို ယူဆောင်လာသူ အီတလီမင်းသားကြီး ဖိလစ်အား အထက်ပါအတိုင်း "မချီသွားဖြ ပြောရှာသည်။

စင်စစ်အားဖြင့် ဟစ်တလာသည် တိုင်းပြည်တစ်ပြည်ကို သိမ်း ပြီးသည့်အခါတိုင်း မဟာမိတ်ကြီးမူဆိုလီနီထံ သူ၏ အောင်မြင်မှု အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်စေရန် ရည်ရွယ်၍ "သဝဏ်လွှာ" ပေးပို့ခြင်း ဖြစ်ကြောင်း ဖြစ်ပေလိမ့်မည်။ သို့သော် ဟစ်တလာ၏ အောင်မြင်မှု တစ်နေ့တခြား အချိန်အခါကြီးသည်ထက် ကြီးလာ မှုများကို "ငိုရအခက် ရယ်ရအခက်" ဖြစ်နေသော မူဆိုလီနီအဖို့



ဟစ်တလာ၏ သဝဏ်လွှာများကို အောင့်သက်သက်ဖြင့် လက်ခံ ယူရှနေရသည်။

ထို့ထက်ပိုဆိုးသည်မှာ "ဘာလင်ရောမ" ဝင်ရိုး တန်းဟူ၍ နေရာ၌ ဘာလင်ဘက်က ကမ္ဘာကို တစ်ချက်ပြီးတစ်ချက်ကိုင်လှုပ်နေ ၍ မိမိတို့ရောမက "ငြိမ်"နေရသည်မှာ "သိက္ခာ"ကျလှသည်ဟု ယူဆမိသည်။

ဤသို့"ဘာလင်ရောမ"ဝင်ရိုးတန်း တစ်ဖက်သတ်သည်နေခဲ့ ခြင်းနှင့် ပတ်သက်၍ အီတလီ နိုင်ငံခြားရေးဝန်ကြီး စီယာနိုက ဩဂုတ်လ ၁၄-ရက်နေ့က သူ၏နေ့စဉ်မှတ်တမ်းတွင် ဤသို့ရေးသား ထားသည်။

"ကျွန်ုပ်တို့အား အနည်းငယ်မျှ အရေးမထားဘဲ၊ ၎င်းတို့၏ ဆောင်မှု သက်သက်ဖြင့် လုံးဝ လုပ်ဆောင်နေခဲ့၍ ဝင်ရိုးတန်း ၏ တစ်ဖက်သတ် လည်ပတ်လှုပ်ရှားနေခဲ့ရာ ဤသည်မှာ တစ်ဖက် သတ်အင်အား ကြီးမားနေမှုကို ပြသနေခြင်းပင် ဖြစ်သည်"

(စီယာနို၏ နေ့စဉ်မှတ်တမ်း၊ စာမျက်နှာ-၄၄)။

သို့ဖြစ်ရာ မူဆိုလီနီသည် ဝင်ရိုးတန်း၏ တစ်ဖက်စွန်းဖြစ်သော မိမိတို့ ရောမကလည်း ကမ္ဘာကို ကိုင်လှုပ်ရန် ကြံစည်ပြန်တော့ သည်။ သူ့အကြံအစည်ကား ဟစ်တလာ၏ "ကျူးကျော်ရေး နည်း"အတိုင်း သူ့လက်လှမ်းမှီရာ အယ်လ်ဘေးနီးယားပြည် ကလေးအား သိမ်းပိုက်ရန်ပင် ဖြစ်သည်။

သို့သော် မူဆိုလီနီအဖို့ အယ်လ်ဘေးနီးယားပြည်ကလေး အား နယ်ချဲ့ရန်သာ ကြံစည်ရှိသော ကြံစည်ရသေးသည်။ သူ့ထက် ကြိုသွက်လှသော နယ်ချဲ့ကျူးကျော်မှုတွင် လက်တွေ့အတွေ့အကြုံ ကြွယ်ဝနေပြီဖြစ်သော ဟစ်တလာသည် နောက်ထပ် တိုင်းပြည် တစ်ပြည်ကို "ပစ်ကွင်း"အဖြစ် သတ်မှတ်ခဲ့ပြီး ဖြစ်နေသည်။

ထိုတိုင်းပြည်ကား ပိုလန်ပြည်ကလေးပင် ဖြစ်သည်။

ပိုလန်ပြည်ကလေးမှာ ဂျာမန် ကိုင်ဇာဘုရင်များလက်ထက်က ဂျာမန်တို့၏ နယ်မြေများကို ပထမ ကမ္ဘာစစ်ကြီး အပြီး ဗာဆိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာချုပ်အရ ခွဲဝေပေးခဲ့ရခြင်းဖြစ်ရာ၊ ဟစ်တလာ အာဏာ ဂျာမန်အစိုးရ အဆက်ဆက်ကထည်းက ထိုနယ်များကို ပြန်ရ ရန် ပိုလန်အစိုးရအား အကြိမ်ကြိမ် တောင်းဆိုခဲ့ဖူးသည်။

အထူးသဖြင့် ဗောလ်တစ် ပင်လယ်ကမ်းခြေမှ ဒန်းဇစ်မြို့ စင်းရေးစီးပွားရေးအားဖြင့်အရေးကြီးသောမြို့တစ်မြို့ပင်ဖြစ်ရာ ဂျာမန် အဖို့ ထိုမြို့ကို လက်လွှတ်လိုက်ရသည်မှာ အထူးပင် ထိခိုက်နစ် လှသည်။ ယင်းမြို့ကလေးကို ဥရောပတိုင်းပြည်များ၏ ကူးသန်းရော ဝယ်ရေးအတွက် ''လွတ်လပ်သောမြို့''အဖြစ် ပထမကမ္ဘာစစ်အ သတ်မှတ်ထားရှိခဲ့ရာ ဤအခွန်အရေးကို ပိုလန်က ''လွတ်လပ် အကျိုးခံစားခွင့် ရရှိသလောက် ဂျာမန်တို့မှာ ''မြင်ရုံသာ မြင် မကြင်ရ''တဲ့ ဖြစ်နေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဒန်း မြို့ကလေးသို့ ရောက်ရန်မှာ ပိုလန်ပြည်ကို ဖြတ်ကျော်ပြီး သွ ဖြစ်နိုင်သဖြင့် ဂျာမန်တို့မှာ တင်းပြည့်ကျပ်ပြည့် အခွန့်အရေး မခံ ရဘဲ ဖြစ်နေကြသည်။

ဤသို့ ဂျာမန်တို့အတွက် အထူးထိခိုက်နေသော ပြဿနာ ဟစ်တလာက ရုတ်တရက် မဖြေရှင်းရန်စောင့်ဆိုင်းနေခဲ့သည်မှာ အခြ ကြောင့်မဟုတ်၊ ပိုလန်ပြည်မှာ ဂျာမန်နှင့် ဆိုဗီယက် ရုရှားပြ တို့၏ အလယ်တွင် ရှိနေခဲ့ရာ ဆိုဗီယက်ရုရှား၏ ရန်ကို စိုးရိမ်နေသော ဟစ်တလာသည် ပိုလန်အစိုးရနှင့် ပဋိပက္ခ ဖြစ်ပွားရန် မလို သ ရှိနေသောကြောင့်ဖြစ်သည်။ အကယ်၍ ပိုလန်နှင့် မိမိတို့ အ ဖြစ်ပွားလာပါက ဤသည်ကို ဆိုဗီယက်ရုရှားက အခွင့်ကော ယူ၍ မိမိတို့ ဂျာမနီနိုင်ငံကို အန္တရာယ်ပြုလာဖွယ်ရာရှိသည်ဟု သူ တွက်ထားသည်။

ထိုမျှမက အကယ်၍ မိမိတို့သည် ဆိုဗီယက်တို့နှင့် စစ်ဖြ သည့်တိုင်အောင် ပိုလန်ပြည်ကို မိမိတို့၏ ချဉ်းကပ် သိမ်းသွင်းထာ နိုင်ပါက ပိုလန်သည် မိမိတို့အတွက် အကာအကွယ် ဒိုင်းကြီး တ ပင် ဖြစ်လာမည်ဟု ဟစ်တလာက ယုံကြည်နေသည်။

သို့ဖြစ်၍လည်း ဟစ်တလာသည် သူ အာဏာ ရလျှင်ရချ မကျူးကျော်ရေးစာချုပ်ကို ပိုလန်ပြည်နှင့် ပထမဆုံး စတင်ချုပ်



ခြင်းဖြစ်သည်။ ထိုမျှမက ပိုလန်ဗိုလ်မှူးကြီး ဘက်စ်အား ဟစ်တ လာက ''ရုရှားပြည်နယ်စပ်မှာချထားတဲ့ ပိုလန် တပ်မကြီးတိုင်းဟာ ဂျာမန်တပ်ခကြီးတွေရဲ့ကိုယ်စား တာဝန်ယူနေတာနဲ့ အတူတူပါပဲ'' တူ၍ ပြောခဲ့ဖူးသည်။

(ပိုလန်စာအုပ်ဖြူ အမှတ် ၄၈)

တစ်ဖန် ပရိယာယ်ကြွယ်ဝလှသော ဟစ်တလာသည် အကယ် ၍''မိုးမပြိုဘူး မြို့ခဲ့သော်'' ဆိုသကဲ့သို့ ပိုလန်နှင့် မိမိတို့ ပဋိပက္ခ ဖြစ် ပွားလာပါက၊ သို့မဟုတ် တစ်နေ့နေ့တွင် မိမိတို့အားပိုလန်အစိုးရက ခံလာပါက ဆိုဗီယက် ရုရှားနှင့် မိမိတို့ဂျာမနီ နှစ်နိုင်ငံ မဟာ မိတ် စာချုပ်ချုပ်ကာ ပိုလန်ပြည်အား နှင်ပက်ညှပ်၍ ခြိမ်းခြောက် အကျပ်ကိုင်ရန်အထိပင် ကြံရွယ်ထားသည်။

အကြံပက်စက်လှသော ဟစ်တလာပါတကား။

ဟစ်တလာသည် ပိုလန်ပြည်အပေါ်တွင် ဤသို့''နှစ်ဖက်လှ'' သဘောထားဖြင့် မဟာမိတ်စာချုပ်ချုပ်ကာ ငါးနှစ်နီးပါးမျှ ကြီး ရှည်ရှည် လှန်ထားခဲ့ပြီးနောက် ၁၉၃၈ ခုနှစ်ကုန်ခါနီး အချိန်တွင် ပထမဆုံးအကြိမ် စတင်''စိန်''ခေါ်ခဲ့သည်။

၁၉၃၈ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ရစ်ဘင် ထရော့သည် ပိုလန်သံအမတ်ကြီး ဂျိုးဇက်လစ်စကီးနှင့် တွေ့ဆုံ၍ ခြားကိစ္စတစ်ခုကို ဆွေးနွေးရင်းက တောင်းဆိုချက် နှစ်ရပ်ကို တင်ပြလာခဲ့သည်။ ယင်းတို့မှာ ဒန်းဇစ်မြို့ကို ဂျာမန်တို့ လက်သို့ ပြန်လည်ပေးအပ်ရန်နှင့် ပိုလန်ပြည်တွင်းမှဖြတ်၍ ဂျာမနီပြည်မှ ဒန်းဇစ်မြို့သို့ မီးရထားလမ်းနှင့် မော်တော်ကားလမ်း ဖောက်လုပ် ခွင့်ပြုရန် ဟူသော အချက်နှစ်ချက်ပင် ဖြစ်သည်။

သို့သော် ဟစ်တလာသည် ဤအချိန်အထိ ဤပြဿနာကို မိမိရရ မကိုင်သေးဘဲ ပိုလန်အစိုးရအပေါ် ''မျော့သေးစမ်းသလို'' စမ်းနေခြင်းသာ ဖြစ်သည်။

တစ်ဖန် ရစ်ဘင်ထရော့သည် ပိုလန် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်မှူးကြီး ဘက်စ်ကို ဘာဒလင်သို့ ခေါ်ယူတွေ့ဆုံကာ

www.burmeseclassic.com

www.burmeseclassic.com

တောင်းဆိုချက်နှစ်ခုကို ထပ်မံတင်ပြခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင်မူ ရစ်ဘင်ထရော့က ဆိုဗီယက်ရုရှား၏ အန္တရာယ်ကို ကာကွယ်သောအားဖြင့် ပိုလန်နှင့်ဂျာမနီတို့ပူးတွဲ၍ ကွန်မြူနစ်ဆန့်ကျင်ရေးစာချုပ်တစ်ခုကိုပါ ချုပ်ဆိုသင့်ကြောင်းများကို တင်ပြအကြံပေးခဲ့သည်။

သို့သော် မိမိမျက်စိအောက်တွင် ဩစတြီးယားနှင့် ချက်ကိုစလိုဗေးကီးယားပြည်ကလေးတို့၏ ကံကြမ္မာကို မျက်ဝါးထင်ထင် တွေ့မြင်နေရသော ပိုလန်အစိုးရသည် တစ်ဖက်က ကွန်မြူနစ်အန္တရာယ်ကိုပြဆော အခြားတစ်ဖက်အော မိမိတို့ ပိုလန်ပြည် ကလေးအား အပိုင်စီးလိုသော ဟစ်တလာ၏အကြံကို ရိပ်မိပြီ ဖြစ်နေသဖြင့် ဂျာမန်တို့၏တောင်းဆိုချက်ကို လက်မခံဘဲ ပစ်ပယ်ချခဲ့သည်။

ဤအတောအတွင်း ဟစ်တလာသည် ပိုလန်အစိုးရကို မည်သို့မျှ မတုံ့ပြန်သေးဘဲ အချိန်ကောင်းကိုစောင့်ရင်း အခြား လက်လှမ်းမီရာ နယ်မြေကလေးတစ်ခုကို ဆွဲ၍ သိမ်းပိုက်လိုက်သေးသည်။ ထိုနယ်မြေကလေးမှာ ဘာလ်တစ်ပင်လယ်ကမ်းရှိ ပြည်ငယ်များအနက်မှ လစ်သူနီးယားပြည်ကလေး၏ ပိုင်နက်အတွင်းမှ မင်းမဲလ် နယ်မြေကလေးပင် ဖြစ်သည်။

စင်စစ် ဤမင်းမဲလ်နယ်မြေကလေးမှာလည်း ပထမ ကမ္ဘာစစ်ကြီးပြီး ဗားဆိုင်းစာချုပ်အရ ဂျာမန်အင်ပိုင်ယာ အတွင်းမှ လစ်သူနီ ယားပြည်သို့ ခွဲဝေပေးခဲ့ရသော နယ်မြေပင်ဖြစ်သည်။

ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့သည် ချက်ကိုစလိုဗေးကီးယားပြည်ကလေးအား သိမ်းပိုက်ပြီး ရက်အနည်းငယ်အတွင်းမှာပင် ဤမင်းမဲလ်နယ်မြေကလေးကို ဂျာမန်တို့ လက်သို့ ပြန်အပ်ရန် လစ်သူနီးယားအစိုးရထံ ရာဇသံ ပေးလိုက်သည်။

နာဇီဖက်ဆစ်ကောင်ကြီး ခေါင်းထောင်၍ ထလာသည့် အချိန်မှစ၍ ဥရောပတိုက်မှ တိုင်းပြည်ကလေးများမှာ ထိတ်လန့်တကြားကြီးလန့်စာစား ဖြစ်ခဲ့ကြသည်။ မိမိမျက်စိအောက်တွင် တိုင်းပြည်တစ်ခုပြီးတစ်ခု နာဇီဖက်ဆစ်ကောင်ကြီး၏ ကုပ်သေးစုပ်ခြင်း ခံခဲ့ကြရသည်ကို တွေ့မြင်နေရသော လစ်သူနီးယားပြည်ကလေးမှာ ရုတ်တရက် ကြောက်ကြောက်ပင် မဆိုင်းရဲဘဲ မင်းမဲလ်နယ်ကလေးကို ဂျာမန်တို့လက်သို့ ထိုးအပ်လိုက်ရသည်။



ဟစ်တလာသည် သူသိမ်းပိုက်ခဲ့သော နယ်မြေများကို သူ့ရုံးခန်းထဲမှ ကမ္ဘာ့မြေပုံကြီးတွင် စကြာအလံကလေးများ တစ်ခုပြီးတစ်ခု ထိုးစိုက်ကာ တစိမ့်စိမ့်ကြည့်ရင်း အောင်မြင်မှုဖြင့် ယစ်မူးနေတတ်သူမဟုတ်၊ သူကိုယ်တိုင် အာဏာပေါက်အောင် ခြိမ်းခြောက်ဟိန်းဟောက်၍ သိမ်းပိုက်ခဲ့သော တိုင်းပြည်နယ်မြေများကို ကိုယ်တိုင် ကိုယ်ကျ သွားရောက်၍ အောင်ပွဲခံရမှ ကျေနပ်သူဖြစ်ရာ ဩစတြီးယားပြည်ကလေးကို သိမ်းပိုက်စဉ်က ဗီယင်နာသို့ လည်းကောင်း၊ ချက်ကိုစလိုဗေးကီးယားကို သိမ်းပိုက်စဉ်က ပရပ်ဂ်မြို့သို့ လည်းကောင်း တစ်ရက်နှစ်ရက်အတွင်း ချက်ချင်း သွားရောက်ခဲ့သည်။

ယခုလည်း မင်းမဲလ်နယ်ကလေးကိုသိမ်းပြီး ရက်ပိုင်းအတွင်းမှာပင် ဘောလ်တစ်ပင်လယ်ကိုဖြတ်၍ ရေကြောင်းခရီးဖြင့် မင်းမဲလ်မြို့ကလေးသို့ ကိုယ်တိုင်လာရောက်ကာ မြို့သူမြို့သားများအား 'ဂျာမန်ပိုင်အင်ပိုင်ယာကြီး၏ ကြီးကျယ်မြင့်မြတ်ပုံ'ကို ရှင်းလင်းဟောပြော 'အောင်ပွဲ'ခံခဲ့ပြန်သည်။

ဤသို့ဖြင့် နာဇီ သွေးစုပ်ဖုတ်ကောင်ကြီး၏ အန္တရာယ်သည် ဥရောပတိုက်တွင် တစ်နေ့တခြား ထိတ်လန့်ဖွယ်ရာ ကြီးမားလာခဲ့ရာ မတ်လ ၁၇ ရက်နေ့တွင် လန်ဒန်သို့ရောက်ရှိနေသော ရူမေးနီးယားဝန်ကြီးတစ်ဦးဖြစ်သူ တီလီယားသည် မိမိတို့ရူမေးနီးယားပြည်ကလေးအား ဂျာမန်တို့က ကျူးကျော် ဝင်ရောက် သိမ်းပိုက်ရန် ကြံစည်နေကြောင်း ဗြိတိသျှ အစိုးရအား အကြောင်းကြားခဲ့သည်။

သူ၏အကြောင်းကြားချက်သည် မည်မျှ ခိုင်လုံသည် မခိုင်လုံသည်ကို အတိအကျ မပြောနိုင်သော်လည်း ရူမေးနီးယားအစိုးရအဖို့ ဂျာမန်၏ ရန်ကို အထူးစိုးရိမ်မကင်း ဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ဤစိုးရိမ်မှုကိုပင် အကြောင်းပြု၍ ရူမေးနီးယားအစိုးရသည်

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် အကြံမရဖြစ်ကာ မတ်လ ၂၃-ရက်နေ့တွင် ဂျာမ
နှင့် နှစ်နိုင်ငံဆက်ဆံရေးသဘောတူ စာချုပ် တစ်ရပ်ကို ချုပ်
လိုက်ရတော့သည်။

ဤတွင် အင်္ဂလိပ်၊ ပြင်သစ်စသောအနောက်ပိုင်း နိုင်ငံကြီး
များက ယခုတစ်ကြိမ် ဟစ်တလာ၏ခြေလှမ်းသည် မုချ ရှမေး
ယားပြည်ဘက်သို့ လှမ်းလိမ့်မည်ဟု တစ်ထစ်ချ ယူဆထားခဲ့ကြ
သည်။

သို့သော် မမျှော်လင့်သောအချိန်၊ မမျှော်လင့်သောနေ
တွင် မမျှော်လင့်သောအလုပ်ကို လုပ်တတ်သော ဟစ်တလာသ
ရှမေးနီးယား ပြည်ကလေးကို သိမ်းတော့မည်ဟု အများက ထ
နေချိန်တွင် သူသည် ပိုလန်ပြည်ကလေးကို 'ဝင်စီး'ရန် ဆုံးဖြတ်
လိုက်သည်။

ဤဆုံးဖြတ်ချက်အရ မတ်လ ၂၁-ရက်နေ့တွင် ရစ်ဘင်ထ
ရော့သည် ပိုလန်သံအမတ် လစ်ပ်စကီးကိုခေါ်ယူတွေ့ဆုံကာ ယခင်အ
တောင်းဆိုချက်နှစ်ရပ်ကို ထပ်မံတင်ပြခဲ့သည်။ ထို့နောက် ရစ်ဘင်
ထရော့၏အကြံပေးတိုက်တွန်းချက်အရ လစ်ပ်စကီးသည် ပိုလန်ပြည်
ဝါဆောမြို့သို့ ပြန်ကာ ပိုလန်အစိုးရနှင့် ဤကိစ္စကို ဆွေးနွေးခဲ့
သည်။

မတ်လ ၂၆ ရက်နေ့တွင် လစ်ပ်စကီးသည် ဝါဆောမှဘာလင်
သို့ ပြန်ရောက်ခဲ့သည်။ သူနှင့်အတူပါလာသောအစိုးရ၏ ပြန်ကြား
ချက်ကို ရစ်ဘင်ထရော့လက်သို့ ပေးအပ် လိုက်သည်။

ဂျာမန်တို့၏ တောင်းဆိုချက်များမှာ 'ယခင်အတိုင်းပင်'ဖြစ်
သကဲ့သို့ ပိုလန်အစိုးရ၏ အဖြေမှာလည်း 'ယခင်အတိုင်း'ပင် ဖြစ်
သည်။ ဒန်းဇစ်မြို့ကို ဂျာမန်တို့လက်သို့မအပ်နိုင်။ ဒန်းဇစ်သို့ မီးရထား
လမ်းဖောက်လုပ်ရန်ခွင့်မပြုနိုင် ဟူသော အဖြေပင် ဖြစ်သည်။

ရစ်ဘင်ထရော့မှာ အကြီးအကျယ် ဒေါသထွက်သွားသည်။
ပိုလန်သံအမတ် လစ်ပ်စကီးကို အတွင်းအလင်းပင် ခြိမ်းခြောက်လာ
သည်။ ဒန်းဇစ်ပြဿနာကို မိမိတို့အလိုကို မလိုက်လျောဘဲ ဆန့်ကျင်



သော လုပ်ငန်းစွန့်စားမှုတို့သည် မိမိတို့ကို ရန်စစော်ကားခြင်းဖြစ်
သည်ဟု သူက ကြိမ်းမောင်း၍ လွှတ်လိုက်သည်။

နောက်တစ်နေ့တွင် သူသည် လစ်ပ်စကီးကို ထပ်မံခေါ်ယူတွေ့
ဆုံကာ ပိုလန်အစိုးရ၏ ပြန်ကြားချက်ကို မိမိတို့ဂျာမန်အစိုးရက
လုံးဝကျေနပ်မှုမရှိကြောင်း ပြောကြားရင်း ပိုလန်ပြည်ရှိဂျာမန်
လူနည်းစုများအား ပိုလန်အစိုးရက ဖိနှိပ်ညှဉ်းဆဲနေမှုများကို ချက်
ချင်းရပ်စဲပစ်ရန်လိုကြောင်း၊ အကယ်၍ ဆက်လက်ညှဉ်းဆဲနှိပ်စက်
နေမည်ဆိုပါက မိမိတို့အဖို့ လက်ပိုက်ကြည့်မနေတော့ဘဲ တစ်နည်း
နည်းဖြင့် အရေးယူရလိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့် သတိပေး
ခြိမ်းခြောက်ခဲ့ပြန်သည်။

ဘာလင်တွင် ဂျာမန်နိုင်ငံခြားရေးဝန်ကြီးနှင့် ပိုလန် သံ
အမတ်တို့ကြီး ဤသို့ အချင်းဖြစ်ပွားနေစဉ် ဝါဆောမြို့တွင်လည်း
ပိုလန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဂျာမန်သံအမတ်တို့မှာ အချီအချ
ထားများနေကြသည်။

မတ်လ ၂၈-ရက်နေ့တွင် ပိုလန်နိုင်ငံခြားရေးဝန်ကြီးဗိုလ်မှူး
ကြီး ဘက်ခ်သည် ဂျာမန်သံအမတ်ကြီးကို ခေါ်ယူတွေ့ဆုံကာ
ဒန်းဇစ်ကိစ္စတွင် ပိုလန်အစိုးရက စော်ကား ရန်စသည်ဆိုသော
ရစ်ဘင်ထရော့၏ စွပ်စွဲချက်မှာ လုံးဝ မဟုတ်မှန်ကြောင်းငြင်းဆို
သော ကြေညာချက်ကို ပေးအပ်သည်။ တစ်ချိန်တည်းတွင် ဒန်းဇစ်
ကို "လွတ်လပ်သောမြို့" အဖြစ်မှ ပျက်ပြားအောင် လုပ်ဆောင်
မှုန်သမျှသည် ပိုလန်ပြည်အား ရန်စစော်ကားခြင်းဖြစ်သည်ဟူ၍
ပြန်လှန်ခြိမ်းခြောက်ခဲ့သည်။

ဤတွင် ဂျာမန်သံအမတ်ကြီးက "ဒီလိုဆို ခင်ဗျားတို့က
ရှ စွပ်နဲ့ထောက်ပြီးမှ စေ့စပ်ရေးလုပ်ချင်တာပေါ့" ဟု မေးရာ
ဗိုလ်မှူးကြီး ဘက်ခ်ကလည်း ငုံ့ခံမနေဘဲ "ဒါကတော့ ခင်ဗျား
တို့လုပ်နေကျနည်းပဲ" ဟူ၍ ပြန်လှန်ချေပခဲ့သည်။

(ပိုလန်စာအုပ်ဖြူ၊ အမှတ် ၀၃=၆၃)



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ တစ်ဖက်နှင့် တစ်ဖက် တင်းမာသည်ထက် တင်းမာလာခဲ့ရာ နောက်ဆုံး ဒန်းဇစ်နှင့် ပိုလန်ပြည်ကို ဝင်ရောက် တိုက်ခိုက်ရန် ဂျာမန်တပ်များ စုရုံးပြင်ဆင်နေကြပြီဟူသော သတင်းများ လန်ဒန်မြို့သို့ အထိတ်တလန့် ရောက်ရှိလာပြန်သည်။

ယခင်က''မိမိအား နှစ်ခါနာ''ဖြစ်ခဲ့ရသော ဗြိတိသျှအစိုးရသည် ယခုတစ်ကြိမ်တွင်မူ ဂျာမန်တို့အား ဒူးထောက် အညံ့ခံ မဖြစ်တော့သည်ကိုသိရှိပြီးဖြစ်သည့်အလျောက်''မားမားချင်း လှလှချင်း''ရင်ဆိုင်ရန် ပြင်ဆင်တော့သည်။

မတ်လ ၃၁-ရက်နေ့ ဗြိတိသျှအောက်လွှတ်တော် အစည်းအဝေး၌ ဝန်ကြီးချုပ် ချိန်ဘာလိန်က ''ပိုလန်ပြည်ရဲ့ လွတ်လပ်ရေးကို အတိအလင်းခြိမ်းခြောက်လာတဲ့ အပြုအမူမှန်သမျှ ပိုလန်အစိုးရရဲ့ အမျိုးသားတပ်များက ခုခံကာကွယ်ဖို့ပြင်ဆင်လာခဲ့မှာ ကျုပ်တို့ ဗြိတိသျှအစိုးရက အစွမ်းကုန် ချက်ချင်းကူညီအသင့်ရှိနေပါတယ်''ဟူ၍ ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် ပြင်သစ်အစိုးရကလည်း ပိုလန်အစိုးရအား ကူညီရန် အသင့်ရှိကြောင်း၊ အလားတူ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဧပြီလ ၃-ရက်နေ့တွင် ဟစ်တလာသည် သူ၏ ဂျာမန်တပ်မှူးများအား *''အဖြူရောင် စစ်ဆင်ရေး''အမိန့်ထုတ်ပြန်သည်။ အဖြူရောင်စစ်ဆင်ရေးမှာ ပိုလန်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် အမိန့်ဖြစ်၍ ၎င်းနှင့်တစ်ပါတည်း ဒန်းဇစ်မြို့ကိုသိမ်းပိုက်ရန်ပါ ညွှန်ကြားခဲ့သည်။ စစ်ဆင်ရေးအတွက် နောက်ဆုံးသတ်မှတ်သော ရက်မှာ ၁၉၃၉-ခု စက်တင်ဘာလ တစ်ရက်နေ့ဖြစ်သည်။

ဟစ်တလာသည် ပိုလန်ပြည်ကို တိုက်ခိုက် သိမ်းပိုက်ရန် အတွက် အချိန်အလားလမျှ ယူခဲ့ခြင်းမှာ အကြောင်း နှစ်ရပ်ရှိသည်။

---

* Operation Whiet



ပထမအကြောင်းမှာ သူ့အလို ဆန္ဒ အရ ပိုလန်ပြည်ကို စစ်မက်အင်အားဖြင့် ဝင်ရောက် သိမ်းပိုက်ခြင်းကို နောက်ဆုံး မရှောင်လွှဲသာမှ ပြုလုပ်လိုသည့် သဘောရှိသည်။ အကယ်၍သာ ဒန်းဇစ်ကို ပိုလန်တို့က အသာတကြည်ဖြင့် လက်လွှတ်လိုက်မည်ဆိုပါက ပိုလန်ကို လုံးဝသိမ်းပိုက်ခြင်းမပြုဘဲ နေလိုသည်။ သို့ဖြစ်ရာ ယခင် ဩစတြီးယားနှင့် ချက်ကိုစလိုဗေးကီးယားပြည်များကိုသိမ်းခဲ့စဉ်က ကဲ့သို့ သေနတ်တစ်ချက်မျှမဖောက်လိုဘဲ ပါးစပ်မှ တစ်ချက်ငေါက်ရုံဖြင့် တိုင်းပြည်များကို ''တရားဝင်ကျူးကျော် သိမ်းပိုက်ခွင့်'' ရခဲ့သည့်နည်းတူ ပိုလန်ပြဿနာကိုလည်း ထိုအခြေအနေမျိုး ရောက်အောင် ဖန်တီးလိုသောကြောင့် တမင် အချိန်ဆွဲထားခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြောင်းမှာ ပိုလန်ကို စစ်မက်အင်အားဖြင့် အရယ်တမ်း တိုက်ခိုက် သိမ်းပိုက်ရန် လိုအပ်လာပါက ပိုလန်ကို အကြောင်းပြု၍ ဆိုဗီယက်ရုရှားနှင့် စစ်ဖြစ်ရသည်အထိပြဿနာ ကြီးကျယ်သွားမည်ကိုလည်း၊ တစ်ဖက်က စိုးရိမ်မိသည်။ သို့ဖြစ်ရာ ''အဖြူရောင်စစ်ဆင်ရေး'' အမိန့်အရ နောက်ဆုံးသတ်မှတ်ထားသော စက်တင်ဘာလတစ်ရက်နေ့မတိုင်မီ ဆိုဗီယက်ရုရှားနှင့် နားလည်မှုယူကာ နှစ်နိုင်ငံသဘောတူ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်အောင် ကြိုးစားလိုသေးသည်။ ၎င်းအတွက် ပြင်ဆင်လိုသေးသဖြင့် ပိုလန်ကို ရုတ်တရက် မတိုက်သေးဘဲ အချိန်ဆွဲထားခြင်း ဖြစ်သည်။

ဤသို့ ဟစ်တလာအနေဖြင့် စစ်ရေးသေနင်္ဂဗျူဟာများကို အသေးစိတ်ချမှတ်နေစဉ် ဟစ်တလာ၏ ''ကျူးကျော်ရေးလမ်းစဉ်''ကို အားကျနေခဲ့သော မူဆိုလိနီသည် အချိန်အတော်ကြာအောင် မျက်စေ့စပါး ထိုးနေခဲ့သော အယ်လ်ဘေးနီးယားပြည်ကလေးအား ဧပြီလ ၇-ရက်နေ့တွင် ဝင်ရောက် သိမ်းပိုက်လိုက်တော့သည်။

ယခင်က ဟစ်တလာ၏ ခြေလှမ်းတိုင်းကို ဗြိတိသျှအစိုးရသည် အထိတ်တလန့်စောင့်ကြည့်နေခဲ့သလို ယခုတစ်ကြိမ် မူဆိုလိနီ၏

www.burmeseclassic.com

www.burmeseclassic.com



ဆစ် အာဏာရှင် မူဆိုလီနီ၏ ကျူးကျော်သော ခြေလှမ်းကြော စိုးရိမ်မကောင်းဖြစ်ခဲ့သူမှာ အမေရိကန်ပင် ဖြစ်သည်။

အမေရိကန်အစိုးရသည် ယခင်က တိုင်းငယ်ပြည်ငယ်ကလေး များကို ဟစ်တလာ အမှသိမ်းပိုက်ခဲ့စဉ်က သူ၏ နောက်ဆုံးရည် မှန်းချက်သည် ဆိုဗီယက်ရုရှားကို ချေမှုန်းရန်ပင်ဖြစ်သည်ဟူသော အသိဖြင့် မည်သို့မျှ မပြောဘဲ ရေငုံနေခဲ့သည်။ သို့သော် ဟစ်တ လာက ပိုလန်ကို သိမ်းပိုက်တော့မည် တကဲကဲဖြစ်နေ၍ ဤအတော အတွင်း မူဆိုလီနီက အယ်လ်ဘေးနီးယားပြည်ကလေးကို ဝင် သိမ်းလိုက်ပြန်ရာ ဖက်ဆစ်အာဏာရှင်များ၏ ပြောင်းစသည့်မီး မျှော်လင့်ထားသလို ကွန်မြူနစ်များဘက်သို့ မလှည့်ဘဲ မိမိတို့ အရ ရှင် နိုင်ငံများဘက်သို့ လှည့်လာတော့မည် ဖြစ်ကြောင်း ရိပ် လာခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ အယ်လ်ဘေးနီးယားပြည်ကလေးအား မူဆိုလီနီ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးနောက် တစ်ပတ်အကြာ ဧပြီလ ၁၄-ရက် နေ့တွင် အမေရိကန်သမ္မတကြီး ရုစဗဲ့ကိုယ်တိုင်ဟစ်တလာနှင့် မူဆို လီနီတို့ထံ တိုက်ရိုက် အကြောင်းကြားစာများ ပေးပို့လာခဲ့သည်။

ထိုစာတွင် ရုစဗဲ့က ဟစ်တလာနှင့် မူဆိုလီနီတို့အား အခြားတိုင်းပြည်များကို ကျူးကျော် ဝင်ရောက် သိမ်းပိုက်သည့် အပြုအမူမျိုး ရပ်စဲသင့်ပြီဖြစ်ကြောင်းနှင့် ကမ္ဘာငြိမ်းချမ်းရေးကို ထိန်းသိမ်းသောအားဖြင့် ဤနိုင်ငံ ဤနိုင်ငံများ၊ အပေါ် ကျူး ကျော်ခြင်း မပြုပါရန် နိုင်ငံပေါင်း သုံးဆယ့် တစ်နိုင်ငံကို စာရင်း နှင့်တကွ ဖော်ပြ၍ မေတ္တာရပ်ခံခဲ့သည်။

အမေရိကန်သည် ပထမကမ္ဘာစစ်ကြီး ပြီးခဲ့သည့်အချိန်မှစ၍ ဥရောပ အရေးအခင်းများတွင် တိုက်ရိုက်ပါဝင်စွက်ဖက်ခြင်းများ မရှိသလောက်ဖြစ်ခဲ့ရာ ယခုကဲ့သို့ အမေရိကန်သမ္မတကြီး ကိုယ်တိုင် စာရေး၍ ဥရောပပြဿနာများတွင် ပထမဆုံးအကြိမ် ပါဝင်ပြော ဆိုမှုမှာ ကမ္ဘာ့အရပ်ရပ်သို့ ဂယက်ရိုက်သွားခဲ့သည်။

ရုစဗဲ့ထံမှ ပေးစာသည် ကမ္ဘာ့နိုင်ငံရေးနယ်ထဲတွင် ထို ဂယက်ရိုက်နေကြောင်း သိရှိခဲ့သော ဟစ်တလာသည် ထိုစာနှ



တိသက်၍မိမိတို့ဘက်က စနစ်တကျတုံ့ပြန်ရန်လိုအပ်သည်ဟု ယူဆ သည့်အတိုင်း မတ်လ ၂၀-ရက်နေ့တွင် ရုစဗဲ့ထံ မိမိက အကြောင်း ပြန်မည်ဟူ၍ ကမ္ဘာသို့ ကြေညာလိုက်သည်။

ထိုနောက် ဟစ်တလာသည် တနင်္ဂနွေ ၂-ပတ်မျှ အချိန်ယူ ပြီးသော် သတ်မှတ်ထားသည့်မတ်လ ၂၀-ရက်နေ့တွင် လွှတ်တော် အစည်းအဝေးပွဲကြီးမှတစ်ဆင့် ရုစဗဲ့ထံကို ပြန်ကြားခဲ့သည်။

ရုစဗဲ့ထံ စာပြန်ကြားရင်း ထိုနေ့ ထိုရက်က ဟစ်တလာ ပြောကြားခဲ့သော မိန့်ခွန်းမှာ သူ၏ ကမ္ဘာကျော် မိန့်ခွန်းများထဲ တွင် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။

ဟစ်တလာက ရှေးဦးစွာ သူ၏ မိန့်ခွန်းတွင် လောလော ဆယ် ဖြစ်ပေါ်နေသော ပိုလန်ပြဿနာကို ထည့်သွင်း ပြောကြားခဲ့ သည်။

သူ၏အဆိုအရ "ပိုလန်နှင့်ဂျာမနီ" တို့သည် ကြိုက်သည်ဖြစ် စေ၊ မကြိုက်သည်ဖြစ်စေ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်ပြည်နှင့် တစ်ပြည် ယှဉ်တွဲ၍ နေသွားကြရမည်ဖြစ်ကြောင်း၊ ယခုဒန်းဇစ်မြို့ ကို ဂျာမန်တို့လက်သို့အပ်ရန် အကြိမ်ကြိမ်အခါခါ တောင်းဆိုခဲ့ရာ တွင် ပိုလန်တို့သည် ထိုတောင်းဆိုချက်ကို ပယ်ချခဲ့ရုံမျှမက ကမ္ဘာ့ အလယ်တွင် ဂျာမန်အား သွားပုပ်လေလွင့် ပြောကြားသော မှုန် သတင်းများကို လွှင့်နေခဲ့ကြောင်း။ သို့ဖြစ်ရာ ယခုအတိုင်းဆိုလျှင် ၁၉၃၄-ခုနှစ်က ချုပ်ဆိုခဲ့ကြသော ဂျာမန်ပိုလန်နှစ်ဦး သဘောတူ စာချုပ်မှာ လုံးဝ အသုံးမကျတော့ဘဲ အလဟဿ ဖြစ်ခဲ့ရပြီဖြစ် ကြောင်း၊ စသည်ဖြင့် ပြောကြားသွားခဲ့ကြောင်း။

တစ်ဖန် ဗြိတိသျှတို့နှင့်ပတ်သက်၍ ဟစ်တလာက "မိမိသည် ဗြိတိန်ပြည်ကြီးအား မိတ်ဆွေအဖြစ် သဘောထား၍ အစဉ်သဖြင့် လေးစားခဲ့ကြောင်း။ သို့သော် တကယ့်မိတ်ဆွေစစ်တို့ မည် သည် တစ်ဦး၏အောင်မြင်မှုကို အခြားတစ်ဦးက ဝမ်းသာ၍ တစ်ဦး နှင့် တစ်ဦး၊ အပြန်အလှန် လေးစားမှုရှိမှသာ မိတ်ဆွေစစ် ပီသ ကြောင်း။ ယခုမူ ဗြိတိသျှတို့သည် ဤသဘောမျိုး လုံးဝ မရှိရုံမျှမက ဂျာမနီနှင့် မလွဲမသွေ စစ်ဖြစ်တော့မည်မျှပင် သတိ

www.burmeseclassic.com

www.burmeseclassic.com

မှတ် ယူဆကာ ရှေးယခင်ကကဲ့သို့ ဂျာမနီပြည်အား ဝိုင်းဝ ပိတ်ဆို့ရန် ကြံရွယ်လာကြပြန်ကြောင်း၊ သို့ဖြစ်ရာ ၁၉၃၅ ခု က ချုပ်ဆိုခဲ့ကြသော အင်္ဂလိပ် ဂျာမန် ရေတပ်တည်ဆောက်ရေး စာချုပ်မှာ အဓိပ္ပာယ်မရှိ ဖြစ်ခဲ့သဖြင့် ထိုစာချုပ်ကို မိမိတို့က ဆ သက် အသိအမှတ်မပြုနိုင်တော့ကြောင်း'' စသည်ဖြင့် ပြောကြ သွားသည်။

ဤသို့ တစ်ခါက သူကိုယ်တိုင် လိုလိုလားလား ချုပ်ဆို သော နှစ်နိုင်ငံသဘောတူ စာချုပ်များကို ဆုတ်ဖြဲပစ်ပြီးနော ဟစ်တလာသည် အမေရိကန် သမ္မတကြီး ရုစဘဲ့ထံမှ စာနှင့် ပ သက်၍ ရှည်လျားစွာ ပြန်ကြား ပြောဆိုသွား သည်။

ဟစ်တလာက ''အမေရိကန်သမ္မတကြီး ရုစဘဲ့သည် ပြဿ မှန်သမျှကို စားပွဲဝိုင်းတွင်ထိုင်၍ ဖြေရှင်းရုံဖြင့် ပြေလည်နိုင်သည် ယူဆနေကြောင်း၊ သို့သော် အမေရိကန်တို့သည် အမေရိကန်ပြ ကြီး၏ လွတ်လပ်ရေးကို စားပွဲဝိုင်းတွင်ထိုင်၍ ဖြေရှင်း ရယူခဲ့ခြ မဟုတ်ဘဲ တောင်ပိုင်းနှင့်မြောက်ပိုင်း ပဋိပက္ခဖြစ်ပွားခဲ့ပြီးမှ ရ ကြခြင်းဖြစ်ကြောင်း၊ ထို့ပြင် သမ္မတကြီး ရုစဘဲ့က ဂျာမန် အား လက်နက်တပ်ဆင်မှု လျှော့ပေါ့ရန် ပြောကြားနေကြောင်း သို့သော် ဂျာမန်တို့သည် တစ်ခါက အခြား အမေရိကန် သမ္မတကြ တစ်ဦး (သမ္မတ ဝီလ်ဆင်)၏ ကတိစကားများကို ယုံစာ မိသဖြ လက်နက်ချခဲ့ကြရာ နောက်ပိုင်းတွင် စစ်ပြေငြိမ်းရေးစာချုပ်ချုပ် ခဲ့ပြီးနောက် ဂျာမန်တို့မှာ ရှက်စရာကောင်းလောက်အောင် အနိ ခံခဲ့ကြရကြောင်း၊ သို့ဖြစ်ရာ ဂျာမန်တို့အဖို့ တစ်ဖက်သတ် လက်န လျှော့ပေါ့ရေးကို ဆက်လက် လုပ်ဆောင်ရန် မလိုတော့ကြောင်း'' စသည်ဖြင့် အမေရိကန်တို့အား ပြန်၍ ''နှက်''ခဲ့သည်။

ထို့ပြင် သမ္မတကြီး ရုစဘဲ့က တိုင်းပြည်ပေါင်း ၃၁ ခု စာရင်းပြုလုပ်၍ ထိုတိုင်းပြည်များကို မကျူးကျော်ရန် မိမိတို့အား မေတ္တာရပ်ခံနေပြန်ကြောင်း၊ ဤနေရာတွင် ထိုတိုင်းပြည်များ ထိုသို့မေတ္တာရပ်ခံပေးပါရန် သမ္မတကြီး ရုစဘဲ့အား တောင်းယ ခြင်း ရှိမရှိဆိုသည်ကို မိမိတို့သိလိုကြောင်း၊ စင်စစ် ဤတိုင်းပြည်



များအား ဂျာမန်တို့က ခြိမ်းခြောက်နေသည် မနေသည်ကို စုံစမ်း မေးမြန်းကြည့်လျှင် သိလိမ့်မည်ဖြစ်ကြောင်း၊ တကယ်တမ်းအားဖြင့် အိုးရီးယား၊ ပါလက်စတိုင်း စသော တိုင်းပြည်များတွင် ဝင်ရောက် ကျူးကျော် နေကြသူများမှာ ဂျာမန်တို့မဟုတ်ဘဲ ပြင်သစ်နှင့် အင်္ဂလိပ်တို့သာ ဖြစ်ကြောင်း'' စသည်ဖြင့်လည်း ရုစဘဲ့အား ပြန် သည် ချေပခဲ့သည်။

''မစ္စတာရုစဘဲ့ ခင်ဗျား၊ အင်မတန် လူဦးရေ များ ပြားလှတဲ့ လူကြီးမင်းရဲ့ ပြည်သူပြည်သားများနဲ့ အင်မတန် ချမ်းသာကြွယ်ဝလှတဲ့ လူကြီးမင်းရဲ့ တိုင်းပြည်အခြေအနေ ကြောင့် ကမ္ဘာတစ်ခုလုံးနဲ့ လူမျိုးအားလုံးရဲ့ သမိုင်းဖြစ်ရပ် များဟာ လူကြီးမင်းအပေါ်မှာ တာဝန်ကျရောက်နေတယ် ဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်မိ ပါတယ်။ ဒါပေမယ့် ကျွန်တော့် အခြေအနေ ကတော့ မစ္စတာ ရုစဘဲ့နဲ့ စာလိုက်ရင် ဘာမှ မပြောပလောက်တဲ့ ''ပါမွား''သာသာပဲ ရှိနေပါတယ်။

အဲဒီတော့ မစ္စတာ ရုစဘဲ့ ခင်ဗျား၊ ကျွန်တော့်အမျိုး သားများရဲ့ သနားစရာကောင်းတဲ့ ကံကြမ္မာကို ကမ္ဘာ ကြီးက ဂရုမစိုက်ဘဲ လျစ်လျူရှုထားခဲ့တဲ့အတွက် ကျွန်တော် ဟာလဲ ကမ္ဘာကြီးရဲ့ ကံကြမ္မာအတွက် ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ မယူဆနိုင်ပါဘူး။ ကျွန်တော့်မှာ ရှိတဲ့ တာဝန်အတော့ ရိုးရိုးကလေးနဲ့ လွယ်လွယ်ကလေး တစ်ခု တည်းပဲ ရှိပါတယ်။ အဲဒီ တစ်ခုတည်းသော တာဝန်အရ ကမ္ဘာကြီး တစ်ခုလုံးက လျစ်လျူရှုထားခြင်း ခံနေကြရတဲ့ ကျွန်တော့်အမျိုးသားများရဲ့ အစွမ်း သတ္တိကို ပြန်လည် ဖော်ထုတ်ဖို့ ကျွန်တော်ဟာ နေ့ရောညပါ ကြိုးစားအားထုတ် ခဲ့ရပါတယ်။

အခုဆိုရင် ကျွန်တော်ဟာ ဂျာမနီပြည်ကြီးရဲ့ ပျက်စီး ယိုယွင်းနေတဲ့ အခြေအနေကို ပြုပြင် ဆောင်ရွက်ခဲ့ပါပြီး

www.burmeseclassic.com



ငြိမ်ဝပ်ပိပြားရေးကိုလဲ ပြန်လည်တည်ဆောက်ခဲ့ပါပြီ။ ထုတ်လုပ်ငန်းမှာ အဆမတန် တိုးပွားအောင် လုပ်နိုင်ခဲ့ပြီ။ ကျွန်တော်ဟာ ဂျာမန်အမျိုးသားတွေကို နိုင်ငံ... အရ စုစည်းနိုင်ခဲ့ရုံတင်မက သူတို့ကို လက်နက် ပြန်ပြီးတော့လဲ တပ်ဆင်ပေးခဲ့ပါပြီ။

ကျွန်တော်ဟာ ၁၉၁၉ ခုနှစ် ကျွန်တော်တို့ဆီက ခိုး... သွားတဲ့ နယ်မြေဒေသတွေကိုလဲ ကျွန်တော်တို့ ဂျာ... အင်ပိုင်ယာကြီးထဲ ပြန်ရောက်အောင် ယူဆောင်ပေးခဲ့ပါ... ကျွန်တော်တို့နဲ့ တခြားခွဲသွားခံရပြီး အတိဒုက္ခရောက်နေ... ရတဲ့ ဂျာမန်အမျိုးသား သန်းပေါင်း အမြောက်အမြား... ကိုလဲ သူတို့ရဲ့ ဖွားရာဇာတိဖြစ်တဲ့ တိုင်းပြည်ကြီးကို ပြန်... ရောက်အောင် ကျွန်တော် ခေါ်ဆောင်လာခဲ့ပြီးပါပြီ။

မစ္စတာရုစဘဲ့ ခင်ဗျား၊ လွန်ခဲ့တဲ့ ၂၁ နှစ် လောက်... မထင်ရှားတဲ့ အညတရ အလုပ်သမားကလေးတစ်ယောက်... စစ်သားတစ်ယောက်ဖြစ်ခဲ့တဲ့ ကျွန်တော်ဟာ ဒီလုပ်ငန်းကြီး... တွေကို အောင်အောင်မြင်မြင် လုပ်ခဲ့ရာမှာ ကျွန်တော်... ကိုယ်ပိုင်အစွမ်းအစနဲ့ လုပ်ခဲ့ရတယ်ဆိုတာ ကိုယ်ချင်း... ကြည့်ရင် အလွယ်တကူသိနိုင်ပါလိမ့်မယ်။

မစ္စတာရုစဘဲ့ဟာ ကျွန်တော် ဂျာမန့်အင်ပိုင်ယာကြီး... ဝန်ကြီးချုပ်ဖြစ်လာတဲ့ ၁၉၃၃ ခုနှစ်မှာပဲ အမေရိကန်ပြည်... ထောင်စုကြီးရဲ့ သမ္မတကြီး ဖြစ်လာခဲ့တယ်လို့ သိရပါတယ်... အဲဒီတော့ လူကြီးမင်းဟာ အစကတည်းက ကမ္ဘာပေါ်မှာ... အကြီးဆုံးနဲ့ အချမ်းသာဆုံး တိုင်းပြည်တစ်ပြည်ရဲ့ ခေါင်း... ဆောင်အဖြစ် ရောက်ရှိလာခဲ့ပြီး ကမ္ဘာပေါ်မှာ မကုန်နိုင်... မခန်းနိုင်လောက်အောင် များပြားလှတဲ့ သယံဇာတပစ္စည်း... များကို သမ္မတကြီးကြိုက်သလို အသုံးပြုနိုင်တဲ့ အဖြစ်မျိုး... ကို ရရှိခဲ့ပါတယ်၊ သမ္မတကြီးရဲ့ တိုင်းပြည်က လူဦးရေဟာ... မဟာဂျာမနီနိုင်ငံတော်ကြီးနဲ့စာလိုက်ရင် သုံးပုံတစ်ပုံလောက်... သာရှိပေမယ့် သမ္မတကြီးဟာ ဂျာမန်နိုင်ငံရဲ့ ဆယ့်ငါး...



လောက် ကျယ်ပြန့်တဲ့ နယ်မြေဒေသတွေကို ပိုင်ဆိုင်နေခဲ့ပါတယ်။

အဲဒီတော့ မစ္စတာရုစဘဲ့ ခင်ဗျား၊ လူကြီးမင်းရဲ့အစတွေ၊ အခေါ်များနှင့် အကြံဉာဏ်များဟာ ကျွန်တော့် ထက်ပိုပြီး ကြီးမား ကျယ်ပြန့်ပါလိမ့်မယ်၊ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်ရဲ့ ဘဝပေးတာဝန်အရ ကျွန်တော်ရောက်ရှိနေရတဲ့ နေရာနဲ့ လွဲအပ်ခြင်းခံရတဲ့အလုပ်ဟာ လူကြီးမင်းနဲ့ စာလိုက်ရင် အင်မတန်မှ ကျဉ်းမြောင်း သေးငယ်လှပါတယ်။

ဒါပေမယ့် မစ္စတာရုစဘဲ့ ခင်ဗျား၊ ကျွန်တော်ဟာ ဒီနေရာနဲ့ ဒီအလုပ်ကို အရာအားလုံးထက်ပိုပြီး အမြတ်တနိုး တန်ဖိုးထားနေပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဒါဟာ ကျွန်တော့် အမျိုးသားများရဲ့ အကျိုးအတွက် လုပ်နေရလို့ ပါပဲ။

(နိုင်ငံ့ဟာကာရေးရာ မှတ်တမ်းဝင် စာတမ်းများ၊ ၁၉၃၉-၄၆၊ အတွဲ၊ ၁-၈၁ မျက်နှာ-၂၁၄)

အထက်ပါ ဂျာမန် အမျိုးသားများသည် ဟစ်တလာအား ...တို့ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် အမှန်တကယ် ယုံကြည် ...စားခဲ့သည်ဟု ဆိုကြသော်၊ ယင်းသို့ ယုံကြည်ကိုးစားမှုကို ရယူရာ၌ ...ထက်ပါ မိန့်ခွန်းသည် ဟစ်တလာအဖို့ အထူးပင် အရေးပါ ...ရောက်လှသော မိန့်ခွန်းဖြစ်သည်ဟု ဆိုရချိမ့်မည်။

သူသည် ဂျာမန် အမျိုးသားများ၏ နှစ်ပေါင်း များစွာ ...ဆင့်အည်းနေကြရသော နာကျည်းချက်များ၊ မကျေနပ်ချက် ...၊ ခံစားချက်များကို ထိုနေ့က အ ပြောင် မြောက် ဆုံး သော ...အားလုံးများဖြင့် ထိရောက်စွာဖော်ထုတ်၍ တစ်ချိန်တည်းတွင် ...ကိုယ်သူ ဂျာမန်တစ်မျိုးသားလုံး၏ ဆယ်တင်ရှင်ကြီး၊ ကျေးဇူး... ...ကြီး သူရဲကောင်းကြီးအဖြစ် လိမ္မာပါးနပ်စွာ ထုတ်ဖော်ပြသ... ...သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ဟစ်တလာ၏ 'နိုင်ငံတကာ့ရေးရာ' မိန့်ခွန်းကြ
သည် ဂျာမန်အမျိုးသားများ၏ အသည်းနှလုံးထဲတွင် တစ်သက်
ပြောစမှတ်ဖြစ်ရလောက်အောင် စွဲသွားခဲ့ရုံမျှမက အမေရိကန်ပြည်
ရှိးသားသော သာမန်ပြည်သူများကပင် သဘောကျထောက်ခံသ
အထိ ဖြစ်ခဲ့ကြသည်။

ဤမိန့်ခွန်းကို ဂျာမန်လွှတ်တော်အစည်းအဝေးအဖွဲ့တွင် ပြော
ကြားခဲ့ခြင်းဖြစ်၍ ထိုအစည်းအဝေးမှတစ်ဆင့် ဂျာမန်တစ်ပြည်
ကိုသာမက ကမ္ဘာ့အရပ်ရပ်သို့ တိုက်ရိုက် အသံလွှင့်ပေးခဲ့ရာ
တလာ၏ မိန့်ခွန်းများအနက် ဤမိန့်ခွန်းသည် အထင်ရှား အ
ကြားဆုံးနှင့် အကျယ်ပြန့်ဆုံး မိန့်ခွန်းပင် ဖြစ်သည်။

အထူးသဖြင့် အမေရိကန်ပြည်ထောင်စုရှိ အသံလွှင့်ဌာန
တိုင်းက ဤမိန့်ခွန်းကိုတစ်ဆင့်ဖမ်းယူ၍ မြို့ကြီးပြကြီးတိုင်းတွင်
အသံလွှင့်ပေးခဲ့ကြရာ ထိုနေ့က အမေရိကန်ပြည်ထောင်စု တစ်ခု
မှာ 'မစ္စတာ ရုစဘဲ့ ခင်ဗျား' ဟူသော ဟစ်တလာ၏ အသံ
ဖုံးလွှမ်းနေခဲ့သတည်း။



## ပိုလန်နယ်စပ်မှ အမြောက်သံ

"နိုင်ငံ တစ်နိုင်ငံက မိမိဘာသာ တောင်းဆိုချက်များကို
ပြင်ဆင် ရေးဆွဲလာခဲ့၍ ဤ တောင်းဆိုချက် များကို
အခြားနိုင်ငံတစ်ခုက မည်သို့မျှ ပြုပြင်ပြောင်းလဲခြင်း မပြုဘဲ
လက်ခံ သဘောတူရမည်ဟူသော စေ့စပ်ဆွေးနွေးရေးသည်
စင်စစ်အားဖြင့် စေ့စပ်ဆွေးနွေးရေး ဟူ၍ မခေါ်နိုင်ပေ"

(ပိုလန် စာအုပ်ဖြူ၊ အမှတ်စဉ်-၇၂)

အထက်ပါ စာပိုဒ်မှာ ဧပြီလ ၂၈-ရက်နေ့တွင် "နိုင်ငံတကာ
ရေးရာ" မိန့်ခွန်းကြီးကို ဟစ်တလာ ပြောကြားခဲ့ပြီးနောက် ပိုလန်
အစိုးရက ဂျာမန်တို့၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ မေလ
၅-ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ပါရှိသော
စာပိုဒ် တစ်ပိုဒ် ဖြစ်သည်။

ပိုလန် အစိုးရသည် ဒန်းဇစ်အရေးနှင့် စပ်လျဉ်း၍ "အညှိ
မခံ၊ အလုံမလဲ"ဘဲ ယခုအထိ တင်းတင်းမာမာ ပြတ်ပြတ်သားသား
ပင် ရပ်တည်ခဲ့ရာ ဤပြဿနာမှာ ၁၉၃၉-ခုနှစ် ဩဂုတ်လကုန်
လောက်အထိ မည်သို့မျှ မထူးခြားဘဲ ရှိနေခဲ့သည်။

သို့သော် အပေါ်ယံအားဖြင့် ကြည့်လိုက်လျှင် "ရွှေသိဥတု"
မှာ သာသာယာယာရှိ၍ ကောင်းကင်ပြင်တွင် ကြည်လင်နေသည်



www.burmeseclassic.com

www.burmeseclassic.com

မှန်သော်လည်း ထိုသို့ အချိန်အတော်ကြာအောင် သာယာကြည်လင်
နေခြင်းသည် မကြာမီ ကြီးမား ပြင်းထန်သော "မုန်တိုင်းကြီး"
ကျရောက်လာတော့မည်ကို ကြိုတင် သတိပေးသကဲ့သို့ ရှိနေသည်။

မှန်သည်။ ယခုကဲ့သို့ "အေး" နေခြင်းမှာ ကောင်းသောလက္ခဏာ
မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ဟစ်တလာသည် ထိုရက်များ၏
နောက်ပိုင်းတွင် ခါတိုင်းကဲ့သို့ လူထုတရားပွဲကြီးများ ကျင်းပ
ခြိမ်းခြောက် ဟိန်းဟောက်ခြင်းများ မပြုလုပ်တော့ဘဲ "အဖြူရော
စစ်ဆင်ရေးအတွက်" လိုအပ်သော ပြင်ဆင်မှုများကို အပြင်းတန်
လုံးပမ်းနေသောကြောင့် ဖြစ်သည်။

၁၉၃၉-ခု မေလကုန်လောက်တွင် ဂျာမန်တို့၏ စစ်ပစ္စည်း
ထုတ်လုပ်ရေးမှာ "ကမ္ဘာ့စစ်ပွဲကြီး" ဆင်နွှဲရန် အတွက် ပြည့်
လုံလောက်ပြီဟု ဆိုရလောက်အောင်ပင်တိုးတက်လာခဲ့သည်။ လက်နက်
ရုံကြီးများမှာ နေ့ရော ညပါ အဆက်မပြတ် လှုပ်ရှား လည်ပတ်
နေခဲ့ရာ နေ့စဉ်နှင့်အမျှ အမြောက်ကြီးများ၊ တင့်ကားကြီးများ
လေယာဉ်ပျံ များနှင့် စစ်သင်္ဘောများကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

ဂျာမန်တို့သည် ပထမကမ္ဘာစစ်ကြီး မဖြစ်မီက ၁၈၉၈-ခုနှစ်မှ
၁၉၁၄-ခုနှစ်အထိ ၁၆-နှစ်အတွင်း ဒီဇယ် တပ်မကြီးပေါင်း ၇
(၄၃-ခုမှ ၅၀-အထိ) သာတိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သော်လည်း ယခုဆိုလျှင်
ဟစ်တလာ အာဏာရခဲ့သည့် ၁၉၃၄-ခုနှစ်မှ ယခု ၁၉၃၉-ခုနှစ်
အထိ ၄-နှစ်အတွင်း တပ်မကြီးပေါင်း ၄၃-ခု (၇-ခုမှ ၅၀-အထိ)
တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ ဤအထဲတွင် အကြီးစား ယန္တရားတပ်မကြီး
၅-ခုနှင့် အသေးစား ယန္တရား တပ်မကြီး ၄-ခု ပါဝင်ခဲ့ရာ ခေတ်မီ
စစ်အင်အား ဖြည့်တင်းရေးတွင် အခြားမည်သည့် နိုင်ငံမျှ လိုက်၍
မမီအောင် ကြီးထွားလာခဲ့သည်။

ရေတပ်အနေဖြင့်လည်း မူလက လုံးဝ တစ်ခုမျှ မရှိဘဲ သုည
အဆင့်မှ ယခုအခါ တန်ချိန် ၇၁,၃၀၀ ရှိသော စစ်သင်္ဘောကြီး
၂-စင်း၊ ကရုဇာ တိုက်သင်္ဘောကြီး ၂-စင်း၊ ဖျက်သင်္ဘော
၁၇-စင်းနှင့် ရေငုပ်သင်္ဘောပေါင်း ၄၇-စင်း တည်ဆောက်နိုင်ခဲ့ပြီ
ဖြစ်သည်။ ဤသည်တို့အပြင် လောလောဆယ် တန်ချိန် ၄၁,၇၀၀



ရှိသော စစ်သင်္ဘောကြီး ၂-စင်း၊ လေယာဉ်တင် သင်္ဘောကြီး
တစ်စင်း၊ ကရုဇာ တိုက်သင်္ဘောကြီး ၄-စင်း၊ ဖျက်သင်္ဘော ၅-စင်း
နှင့် ရေငုပ်သင်္ဘော ၇-စင်းတို့မှာလည်း တည်ဆောက်ပြီးစီးလုဆဲဆဲ
အခြေ အနေတွင် ရှိနေသည်။

လေတပ်အင်အားတွင်လည်း မူလက ဂျာမန်တို့တွင် လေတပ်
ဟူ၍ လုံးဝမရှိဘဲ ဖြစ်ခဲ့သည်။ ယခုအသော်မူ တပ်သား ပေါင်း
၂၆၀,၀၀၀ ပါဝင်သော စက်ကွပ်ဗရှန် လေတပ်ဖွဲ့ ပေါင်း ၂၁-ဖွဲ့
ဖြင့် ကြီးမားသော လေတပ်ဖွဲ့ကြီး အဖြစ် ဖွဲ့စည်း နိုင်ခဲ့ပြီးဖြစ်သည်။

ဤသို့ ဂျာမန်တို့၏ စစ်ပြင်ဆင်မှုများကြောင့် ဥရောပတွင်
စစ်ဖြစ်တော့မည်မှာ နေ့လား ညလား မြေကြီးလက်ခတ်မလွဲ ဖြစ်နေ
ရာ ဖက်ဆစ် ဂျာမန်တို့၏ ရန်ကို ပူးပေါင်း ခုခံကာကွယ်ရန်အတွက် ဆိုဗီ
ယက်ယူနီယံအား အင်္ဂလိပ်တို့အား စကားကမ်းလှမ်းလာခဲ့သည်။

ဤတင်ပြချက်ကို မစ္စတာချာချီ၏ လက်ခံ လိုသော်လည်း
တကယ့် အကောင်အထည်လည်း မရှိ၊ လက်ဆုပ်လက်ကိုင်လည်း မပြ
နိုင်ဘဲ စိတ်ကူးထဲတွင်သာ ရှိနေသော ကွန်မြူနစ်တစ္ဆေကြီးကို အလန့်
ကြီး လန့်နေသည့် ဗြိတိသျှ ဝန်ကြီးချုပ် ချိန်ဘာလိန်က လက်မခံဘဲ
ငြင်းဆန်နေခဲ့သည်။

ဤသို့ ဗြိတိသျှတို့က မိမိတို့ရှေ့မှောက်ရောက်လာသော အခွင့်
အရေးတစ်ရပ်ကို ယူရကောင်းမှန်း မသိခဲ့သော်လည်း "နိုင်ငံရေးကျား
ကွက်" ကစားရာတွင် လသာမြင်လှသော ဟစ်တလာသည် ထိုအခွင့်
အရေးကို မရမက လိုက်၍ ယူမိအောင်ယူခဲ့လေသည်။

ဤသို့ဖြစ် ဆိုဗီယက်ဂျာမန် မကျူးကျော်ရေး စာချုပ်သည်
ဒုတိယကမ္ဘာစစ်ဖြစ်လုဆဲဆဲမိုးသားတိမ်တိုက်များမည်းမှောင်နေသည့်
အခိုက်တွင် အကောင်အထည် ပေါ်လာခဲ့သည်။

ဟစ်တလာသည် သူ၏ ညာလက်ရုံး နိုင်ငံခြားရေး ဝန်ကြီး
ရစ်ဘင်ထရော့မှတစ်ဆင့် ရုရှားပြည်မော်စကိုမြို့ရှိ ဂျာမန်သံအမတ်ကြီး
ရှူလင့်ဘာ့ဂ်ထံ တိုက်ရိုက်ညွှန်ကြားချက်များ ပေးပို့ကာ ဆိုဗီ
ယက်နှင့်နှစ်နိုင်ငံ ဆက်ဆံရေးအတွက်ဖြစ်နိုင်သည့် အခြေအနေမှတောင်
၍ရနိုင်သည့် အခွင့်အရေးကို မလွတ်တမ်း ယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့်ပင် ၁၉၃၉-ခု ဩဂုတ်လ ၂၀-ရက်နေ့တွင် ဂျာမန် ဆိုဗီယက် ကူးသန်းရောင်းဝယ်ရေး စာချုပ်ကို ဘာလင်မြို့တွင် ချုပ်ဆိုနိုင်ခဲ့သည်။

စင်စစ်အားဖြင့် ဟစ်တလာ၏ရည်မှန်းချက်မှာ မကြာမီ ရက်ပိုင်းအတွင်း (စက်တင်ဘာလ ၁ ရက်နေ့) ပိုလန်ပြည်ကို သိမ်းပိုက်ရေး "အဖြူရောင်စစ်ဆင်ရေး"ကို ပြင်ဆင်ခဲ့ပြီးဖြစ်နေရာ ပိုလန်ကို သိမ်းပိုက်ရာတွင် အနောက်ဘက် စစ်မျက်နှာ၌ အင်္ဂလိပ် ပြင်သစ်တို့ကို အလုံးအရင်းဖြင့် ယှဉ်ပြိုင် တိုက်ခိုက်နိုင်ရန်အတွက် အရှေ့ဘက်စစ်မျက်နှာမှ ဆိုဗီယက် ရုရှားကို မဟာမိတ်အဖြစ် "လက်ချင်းချိတ်" ထားရန်အထိ စီစဉ်ခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ဆိုဗီယက်ဂျာမန် ကူးသန်း ရောင်းဝယ်ရေးစာချုပ်ကို ဩဂုတ်လ ၂၀-ရက်နေ့ ၂-နာရီ အချိန်တွင် လက်မှတ်ရေးထိုး၍ အောင်မြင်စွာ ချုပ်ဆိုခဲ့ပြီးနောက် ထိုနေ့ညနေ ၆-နာရီ ၄၅-မိနစ်အချိန်မှာပင် စတာလင်ထံသို့ ကြေးနန်းတစ်စောင် ရိုက်ခဲ့သည်။

"မာရှယ်စတာလင်၊ မော်စကို"

ကျွန်ုပ်သည် ဂျာမန် ဆိုဗီယက် ကူးသန်းရောင်းဝယ်ရေး စာချုပ်သစ် လက်မှတ်ရေးထိုး နိုင်ခဲ့ခြင်းကို ဂျာမန် ဆိုဗီယက် ဆက်ဆံရေးများ ပြန်လည်ဖော်ထုတ်ရန် အတွက် ပထမ ခြေလှမ်းအဖြစ် ယုံကြည်ရိုးသားစွာ ခရီးဦးကြိုပြုခဲ့ပါသည်။

ကျွန်ုပ်၏ ဆန္ဒအရဆိုပါလျှင် နှစ်နိုင်ငံ ရည်မှန်းချက်များကို မျှော်ကိုး၍ အပြန်အလှန် ဆက်ဆံရေး အဆင့်သစ်တစ်ရပ် တည်ဆောက်ရာတွင် အချိန်နောက်ကျရန် မသင့်တော့ ယူဆပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်၏ နိုင်ငံခြားရေးဝန်ကြီးကို ဩဂုတ်လ ၂၂-ရက် အင်္ဂါနေ့၊ သို့မဟုတ် နောက်အကျဆုံး ဩဂုတ်လ ၂၃-ရက် ဗုဒ္ဓဟူးနေ့တွင် လက်ခံတွေ့ဆုံရန် ပန်ကြားလိုပါသည်။ ဂျာမန်နိုင်ငံခြားရေးဝန်ကြီးသည် မကျူးကျော်ရေး စာချုပ်နှင့်တကွ ပဏာမစာချုပ် ရေးဆွဲရန်နှင့် လက်မှတ်



ရေးထိုးရန် အာဏာ လုံးဝအပြည့်အစုံ ပါရှိပါသည်။ နိုင်ငံတကာ အခြေအနေများကြောင့် နိုင်ငံခြားရေးဝန်ကြီးအား မော်စကိုမြို့တွင် အလွန်ဆုံး တစ်ရက် နှစ်ရက်ထက်ပို၍ နေရန်မှာ မဖြစ်နိုင်ပါ။ သင့်ထံမှ ပြန်ကြားချက်ကို အမြန်ရလိုပါသည်။ ကျေးဇူးတင်ပါသည်။

အဒေါ့ဖ်ဟစ်တလာ

(ဂျီမီဗီးဿဝ်စ်ခွဲ၏ "ဆိုးရွားသော အဆုံးသတ်မှုသို့" စာမျက်နှာ ၃၆၃)

ဤကြေးနန်းစာနှင့် စပ်လျဉ်း၍ စတာလင်ထံမှ ပြန်ကြားစာသည် နောက်တစ်နေ့ ည ၆-နာရီ ၃၅-မိနစ်တွင် ဘာလင်သို့ ရောက်လာခဲ့သည်။

သို့....

အဒေါ့-ဟစ်တလာ

ဂျာမန် အင်ပါယာ နိုင်ငံတော်ဝန်ကြီးချုပ်

သင့်ထံမှ စာအတွက် ကျေးဇူးတင်ပါသည်။ ဂျာမန် ဆိုဗီယက် မကျူးကျော်ရေး စာချုပ်သည် နှစ်နိုင်ငံအကြားရှိ နိုင်ငံရေး ဆက်သွယ်မှုများကို ပိုမို ကောင်းမွန်လာစေလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျွန်ုပ်၏ ပြည်သူများသည် ၎င်းတို့အချင်းချင်း ငြိမ်းချမ်းသာယာစွာ ထက်ဆံလိုကြပါသည်။ မကျူးကျော်ရေး စာချုပ်ကို အပြီးသတ် ချုပ်ဆိုကြရန် ဂျာမန်အစိုးရက သဘောတူလာခြင်းမှာ ကျွန်ုပ်တို့နိုင်ငံများအကြားရှိ နိုင်ငံရေး တင်းမာမှုများကို ပယ်ရှားပစ်ရန်နှင့် ငြိမ်းချမ်းစွာ ပူပေါင်းဆောင်ရွက်မှုကို ဖြစ်ထွန်းစေရန် အခြေခံ အုတ်မြစ်ချလိုက်ခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟားမွန်ရစ်ဘင်ထရော့အား ဩဂုတ်လ ၂၃-ရက်
တွင် မော်စကိုသို့ လာရန် သဘောတူ လက်ခံပါကြော
အကြောင်းပြန်ကြားပါရန် ဆိုဗီယက် အစိုးရက ကျွန်ုပ်အ
ညွှန်ကြားလိုက်ပါသည်။

ဂျေ-စတာ

(ဂျာမန်နိုင်ငံခြားရေး ဌာနသို့ ပြန်ကြားစာမျ
စာမျက်နှာ ၃၀၉-၃၁

ဤသို့ဖြင့် ဂျာမန် နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့
ဩဂုတ်လ ၂၃-ရက်နေ့ မွန်းတည့်ချိန်တွင် ဆိုဗီယက် ရှရှားပြ
မော်စကိုမြို့သို့ ဆိုက်ရောက် လာခဲ့သည်။ ထိုနေ့ညမှာပင် ဂျာ
ဆိုဗီယက် မကျူးကျော်ရေး စာချုပ်ကို တရားဝင် လက်မှတ်ရေး
ခဲ့ကြသည်။

ဟစ်တလာသည် ပိုလန်ကို စိတ်ချ လက်ချ တိုက်နိုင် ပေတော့မည်
ဂျာမန် ဆိုဗီယက် မကျူးကျော်ရေး စာချုပ်အရ "အရှေ့အ
မျက်နှာစာတွင် အားလုံး ငြိမ်သက် နေပေတော့မည်"

ဩဂုတ်လ ၂၅-ရက်နေ့ နံနက်တွင် ဟစ်တလာသည် သူ့အတ
မလုပ်မဖြစ်သော လုပ်ငန်းတစ်ခုကို ပထမဆုံး ဦးစားပေး၍ လု
သည်။ ယင်း အလုပ်ကား အခြားမဟုတ်၊ သူ၏ ဝင်ရိုးတန်းမဟာမိ
ကြီး မူဆိုလီနီထံ အခြေအနေ အရပ်ရပ်ကို အကြောင်းကြားခြင်း
ဖြစ်သည်။

အဆိုပါ အကြောင်းကြားစာတွင် ဟစ်တလာက မော်စကိုမြို့
ချုပ်ဆိုခဲ့သော ဂျာမန် ဆိုဗီယက် မကျူးကျော်ရေး စာချုပ်
ပတ်သက်၍ မိမိ၏ ကြိုးပမ်းခဲ့ပုံများကို ဖော်ပြကာ ဤစာချုပ်
ချုပ်ဆိုလိုက်ခြင်း အားဖြင့် မိမိတို့ ဝင်ရိုးတန်း မဟာမိတ်အဖွဲ့အတွ
ပိုမိုစိတ်ချဖွယ်ရာ ဖြစ်လာကြောင်း ပါရှိခဲ့သည်။ ထို့ပြင် စာ
နောက်ဆုံးပိုဒ်တွင် "နောက် တစ်နာရီအတွင်း မည်သို့မည်ပုံ ဖြစ်
မည်ကို မည်သူမျှ မပြောနိုင်ပါ၊ ဤအခြေအနေမျိုးတွင် ကျွန်ုပ်သ
အီတလီနှင့် ပတ်သက်၍ အစစအရာရာ လုံးဝသဘောပေါက်ပြီးဖြ



မည်သည့် အခြေအနေမျိုးတွင်မဆို ကျွန်ုပ်၏ သဘောထားမှာမပြောင်း
မလဲ ရှိနေမည် ဖြစ်ကြောင်း သင့်အား ကတိပေးပါသည်" ဟူ၍ နိဂုံး
ချုပ်ခဲ့သည်။

(ဂျာမန်နိုင်ငံခြားရေးဌာနမှ မှတ်တမ်းဝင်စာတမ်းများ၊
အမှတ်-၂၆၆)

ဟစ်တလာသည် ထိုသို့အားဖြင့် မဟာမိတ်ကြီး မူဆိုလီနီအား
အားပေး စကားပြောကာ 'ချေးသိပ်' ခဲ့ပြီးနောက် ထိုနေ့ နေ့လယ်
ပိုင်းတွင် ဗြိတိသျှ သံအမတ်ကြီးကို လက်ခံတွေ့ဆုံခဲ့သည်။

ထောင်သောင်း မကသော လူထုတရားပွဲကြီးများတွင် ဟစ်တလာ
သည် ပရိသတ်၏ အခြေအနေကို ကြည့်၍ ဒူးနေရာဒူး တော်နေရာ
တော် ဆိုသကဲ့သို့ ကာလ ဒေသ အလိုက် ထိုက်သင့်သော စကားကို
ပြောနိုင်ခဲ့သည့်နည်းတူ နှစ်ဦးချင်း နှစ်ယောက်ချင်း တွေ့ဆုံကြရာ
တွင်လည်း သူသည် တစ်ဖက်သား၏ အနေအထားနှင့် မိမိ၏ပြဿနာ
ကိုကြည့်၍ ချောက်သင့်သူကို ချောက်၍ ချော့သင့်သူကိုလည်း ချော့
တတ်သော အကျင့်ရှိသည်။

ယခုလည်း ဗြိတိသျှသံအမတ်ကြီး ဟင်ဒါဆင်နှင့် တွေ့ဆုံရာတွင်
ဟစ်တလာက ပိုလန်ပြဿနာနှင့် စပ်လျဉ်း၍ မိမိ အနေဖြင့် ငြိမ်းချမ်း
စွာ ဖြေရှင်းလိုကြောင်း၊ သို့သော် ပိုလန်၏ ခေါင်းမာမှုနှင့် ဗြိတိသျှ
အစိုးရတို့၏ သဘောထား မမှန်မှုကြောင့် မရှောင် မလွှဲသာဘဲ
အတွေ့တွေ့ စစ်ပွဲကြီးဖြစ်လုဆဲဆဲ အခြေအနေသို့ ဆိုက်ရောက်နေရ
ဤအတွက် မိမိ အထူးဝမ်းနည်း မိကြောင်းများကို စကာ ပတ်ကုံးဖြင့်
တကယ့် စိတ်ကောင်း နှလုံးကောင်းရှိသူ တစ်ယောက်ပမာ ပြောကြား
သွားခဲ့သည်။

ထို့ပြင် သူက ပြောသေးသည်။ 'မိမိမှာ ပင်ကိုယ်အားဖြင့် နိုင်ငံ
ရေးသမားတစ်ယောက် မဟုတ်ဘဲ အနုပညာကို မြတ်နိုးသူတစ်ဦးဖြစ်
ကြောင်း၊ ပိုလန် ပြဿနာကို အပြီးသတ် ဖြေရှင်းပြီးပါက မိမိသည်
စစ်ရေးစစ်ရာ ဝါဒသမား တစ်ယောက်အနေဖြင့် မနေတော့ဘဲ အနု
ပညာသည် တစ်ယောက်အနေဖြင့် အသက်ထက်ဆုံး နေထိုင်သွားရန်

www.burmeseclassic.com

www.burmeseclassic.com

ကြံရွယ်ထားကြောင်း, စသဖြင့် တစ်ဖက်သားက သနားယူရလောက်အောင် ပြောကြားခဲ့သေးသည်။

(ဗြိတိသျှ အစိုးရ စာအုပ်ပြာ၊ အမှတ်စဉ်–၆၉)

ဟစ်တလာသည် ထိုနေ့အဖို့ရာ၌ အခြား ဧည့်သည်နှစ်ဦးကို ထပ်မံ လက်ခံတွေ့ဆုံခဲ့သေးသည်။ ၎င်းတို့မှာ အီတလီသံအမတ်ကြီး အောင်တိုလိကိုနှင့် ပြင်သစ် သံအမတ်ကြီး ကိုလုဒရီတို့ပင် ဖြစ်သည်။

ရှေးဦးစွာ အီတလီ သံအမတ်ကြီးနှင့် တွေ့ဆုံရာ၌ ထိုနေ့နံနက်ခပ်စောစောက မူဆိုလီနီထံ မိမိ ပေးပို့လိုက်သည့် အကြောင်းကြားစာနှင့်ပတ်သက်၍ ရောမမြို့တော်မှ ပြန်ကြားချက်ရ မရ ဟစ်တလာက မေးမြန်း ကြည့်သည်။ သို့သော် ယခုအချိန်ထိ မူဆိုလီနီထံမှ ပြန်ကြားချက် တစ်စုံတစ်ရာ မရသေးကြောင်း အီတလီ သံအမတ်ကြီးက ပြောကြားရာ ဟစ်တလာမှာ အတော်အားမလို အားမရ ဖြစ်သွားခဲ့သည်။ ထို့နောက် သူသည် ရစ်ဘင်ထရော့အား ရောမမြို့တော် အီတလီ နိုင်ငံခြားရေးဝန်ကြီး စီယာနိုထံ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းရန် အမိန့်ပေးခဲ့သည်။

အီတလီ သံအမတ်ကြီး ပြန်ထွက်သွားပြီး တစ်ဖန် ညနေ၅နာရီခွဲခန့်တွင် ပြင်သစ် သံအမတ်ကြီးသည် ဟစ်တလာနှင့် လာရောက်တွေ့ဆုံပြန်သည်။

ဤတွင်လည်း ဟစ်တလာက ယခုကိစ္စတွင် ပြင်သစ်နှင့် ဂျာမန်တို့ သွေးချောင်းစီး လောက်အောင် တိုက်ခိုက်ကြရန် မိမိအနေဖြင့် အကြောင်းရှာ၍ မရကြောင်းဖြင့် လေပြည်ထိုးကာ "ကျုပ်အတွက်ကတော့ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ စဉ်းစားမိတိုင်း စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒါအတွက် အဆုံးအဖြတ်က ကျုပ်အပေါ်မှာမတည်ပါဘူး။ အဲဒါကို ထည့်တွက် မစွတာ ဒါလာဒီယာကို ပြောပြပါ"ဟူ၍မှာကြားလိုက်သည်။

ပြင်သစ် သံအမတ်ကြီးနှင့် ဟစ်တလာတို့ တွေ့ဆုံနေကြစဉ် အရေးကြီးသော သတင်းတစ်ခုကို ကိုယ်ရံတော်တပ်မှူးကြီး စခွဲမစ်က ယူဆောင်လာ၍ ဟစ်တလာထံ သတင်းပို့သည်။



ထိုသတင်းမှာ အခြားမဟုတ်၊ လန်ဒန်မြို့တွင် ဗြိတိသျှအစိုးရနှင့် ပိုလန်အစိုးရတို့ နှစ်နိုင်ငံ အပြန်အလှန် ကူညီရေးစာချုပ်တစ်ခုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြပြီ ဟူသော သတင်းပင်ဖြစ်သည်။ ဟစ်တလာသည် ဤသတင်းကိုကြားလျှင် ကြားချင်း ပြင်သစ်သံအမတ်ကြီးနှင့် စကားကို လက်စသတ်ကာ ဆွေးနွေးပွဲရုပ်သိမ်းလိုက်သည်။

ပိုလန်ပြဿနာတွင် အင်္ဂလိပ်ကို "လက်ရှောင်" နေရန် မိမိ၏ ကြိုးစားမှုမှာ အချည်းနှီးဖြစ်ခဲ့ရလေပြီ။ ယခုအတိုင်းဆိုလျှင် အစီအစဉ်အတိုင်း အဖြူရောင်စစ်ဆင်ရေးကို လက်တွေ့အကောင်အထည် ဖော်ရန်သာ ကျန်တော့သည် မဟုတ်ပါလော။

နောက်တစ်နေ့ ဩဂုတ်လ ၂၆–ရက်နေ့ ညနေဘက်တွင် "အားလုံး အစစအရာရာ အဆင်သင့်လုပ်ထားပါ" ဟူသော ဟစ်တလာ၏ တယ်လီဖုန်းဖြင့် အမိန့်ပေးချက်အရ ဂျာမန်စစ်ဦးစီးဌာနမှ ဗိုလ်ချုပ်ကြီးဟဲလ်ဒါသည် "အဖြူရောင် စစ်ဆင်ရေး" ၏ နောက်ဆုံးအမိန့်ကို အောက်ပါအတိုင်း ထုတ်ပြန်ခဲ့သည်။

(၁) စက်တင်ဘာလ တစ်ရက်နေ့တွင် စတင်တိုက်ခိုက်မည်။

(၂) အကယ်၍ တိုက်ခိုက်ရန် မလိုအပ်ပါက ခေါင်းဆောင်ကြီး ဟစ်တလာက ချက်ချင်းအကြောင်းကြားလိမ့်မည်။

(၃) အကယ်၍ တိုက်ခိုက်ရန် သတ်မှတ်ထားသောရက်ကို နောက်ထပ်ရွှေ့ဆိုင်းရန် လိုအပ်ပါက ထပ်မံအကြောင်းကြားမည်။

(၄) ပိုလန်ပြည်အား စေ့စပ်ရေးများ မလုပ်နိုင်၊ အကျဉ်းအကျပ်ကျအောင် ဖန်တီးထားရန် ရည်ရွယ်သည်။ ဤနည်းအားဖြင့် ရည်မှန်းချက်အတိုင်း အမြင့်မားဆုံးအောင်မြင်မှုကို ရအောင်လုပ်ယူရမည်။

(ဂျာမန် နိုင်ငံခြားရေးဌာန တရားဝင် စာတမ်းများ စာမျက်နှာ ၂၆၅–၂၆၆)

www.burmeseclassic.com

www.burmeseclassic.com


အထက်ပါ နောက်ဆုံး စစ်ဆင်ရေး အမိန့် ထုတ်ပြန်ခဲ့ အချိန်တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့ဘည့် အခြားတစ်ဖက်မှ သူ "စေ့စပ်ရေးလမ်းစဉ်ကြီး"ကို နောက်ဆုံး ကြိုးပမ်းသည့် အနေ ကြိုးပမ်းခဲ့ကြပြန်သည်။

ဩဂုတ်လ ၂၆-ရက်နေ့မှာပင် ဒဲလားရပ်စ်ဆိုသူ ဆွီဒင် သားတစ်ယောက်သည် လန်ဒန်မှဘာလင်သို့ ဆိုက်ရောက်လာခဲ့သ သူသည် ဂိုးအားရင်းနှင့် အလွန်ရင်းနှီးသူတစ်ဦးဖြစ်၍ အင်္ဂလိ ဂျာမန်တို့၏ ဆက်ဆံရေးများတွင် ဂိုးအားရင်းကိုအဘက်ဘက်မှ အ အညီပေးနေသူဖြစ်သည်။

ဒဲလားရပ်စ်သည် သူနှင့်အတူ ဗြိတိန် နိုင်ငံခြားရေး ဌာ အတွင်းဝန် လော့ဒ်ဟာလီဖက်စ်ထံမှ ဂိုးအားရင်းသို့ပေးရန် စာ ဆောင်ပါလာသည်။ ထိုစာ၏သဘောမှာ ဗြိတိန်အစိုးရသည် ဂျာ တို့နှင့် ပိုလန်ပြဿနာတွင် ငြိမ်းချမ်းစွာဖြေရှင်းရန် ယခုတိုင် လို လျက်ပင် ရှိနေသေးကြောင်း၊ သို့ဖြစ်၍ အင်္ဂလိပ်-ဂျာမန် နှစ်နို အချင်းချင်း နားလည်မှုယူလိုကြောင်း စသဖြင့် ဖော်ပြပါရှိသ

ဂိုးအားရင်းသည် ထိုအချိန်က သူ၏စစ်ဌာနချုပ် ရှိရာ မီးရထားဖြင့် ထွက်ခွာအံ့ဆဲဆဲ ဘာလင်မြို့အပြင်ဘက် တစ်နေရာ ရောက်နေရာ ဒဲလားရပ်စ်သည် အဆိုပါ အဘူးမီးရထား ဆိုက်ထာ သော ဘူတာရုံသို့ အပြေးအလွှားလိုက်၍ စာကိုပေးရသည်။

စာပါအကြောင်းအရာများကို သိလျှင် သိရချင်း ဂိုးအားရ က ဤပြဿနာမှာ အရေးကြီးသည်ဟု နားလည်လိုက်သည်။ အ သဖြစ်သူသည် ပိုလန်ကို တိုက်ရေး မတိုက်ရေးနှင့် ပတ်သက် အကြောင်းတစ်စုံတစ်ရာကြောင့် အပြောင်းအလဲ ဖြစ်ပေါ်လာပါ မိမိအနေပါတွင် တာဝန်ကျလာမည်ကို စိုးမိသဖြင့် ထိုစာကို ဟစ် လာထံချက်ချင်းပို့ရန် ဆုံးဖြတ်ကာ ဘာလင်မြို့သို့ ပြန်လာခဲ့သည်

ဂိုးအားရင်းနှင့် ဒဲလားရပ်စ်တို့သည် ဟစ်တလာ၏ စံအိ တော်သို့ ညသန်းခေါင် အချိန်လောက်တွင်မှ ရောက်သွားကြသည် စံအိမ်တော်မှာ မီးများငြိမ်းထားပြီး မှောင်နှင့်မည်းမည်း ဖြစ်နေ ဟစ်တလာမှာ အိပ်မောကျနေပြီဖြစ်သည်။

သို့သော် မတတ်နိုင်၊ ဂိုးအားရင်းသည် ဟစ်တလာကို အိပ်ရာ နှိုး၍ ဗြိတိသျှအစိုးရ၏ စာကိုပြသည်။ ဤအချိန်တွင် ဒဲလားရပ်စ် မှာ ဧည့်ခန်းထဲတွင် ထိုင်စောင့်ရင်း ဟစ်တလာနှစ်သက်တတ်သော ကြီးမားလှသည့် ဆောင်ဆောကြီးများနှင့် အလှုလှုပသော သစ်ခွ ပန်းများကို ကြည့်ကာ အဘွင်းခန်းဘက်သို့ နားစွင့်နေရသည်။

ခဏအကြာတွင် သူ့အား အတွင်းခန်းသို့ဝင်လာရန် ခေါ် ၍ ထလိုက်သွားရသည်။

ဟစ်တလာသည် ဒဲလားရပ်စ် ယူဆောင်လာသော စာနှင့်ပတ် သက်၍ တစ်ခွန်းတစ်ပါဒမျှ မပြောသေးဘဲ မိနစ်နှစ်ဆယ်နီးပါးမျှ သူ၏ဆောင်ရွက်ချက်များ မှန်ကန်ပုံနှင့် ဗြိတိသျှအစိုးရ၏ သဘော အားမမှန်ပုံကို ညကြီး သန်းခေါင် တစ်သီတစ်တန်းကြီး ပြောနေပြန် သည်။ ထိုသို့ပြောပြီးနောက် ဒဲလားရပ်စ်အား အင်္ဂလန်တွင် မည်သို့ ညဲပုံ နေထိုင်လျက်ရှိကြောင်း၊ တစ်နာရီခန့်အာလာပသလ္လာပစကား များဖြင့် ဟိုမေးသည်မေး မေးနေပြန်သည်။

ဤသို့ တစ်နာရီနီးပါးခန့် အချိန်ဆွဲပြီးမှ နောက်ဆုံး ပိုလန်အရေး နှင့် ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေကို အခန်းထဲ တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ ဒေါနှင့်မောနှင့် ပြောတော့ သည်။ သူက ထုံးစံအတိုင်း "ယနေ့ ဂျာမနီပြည်ကြီးမှာ ယခင်က အခြေအနေမျိုးနှင့် လုံးဝမတူတော့ဘဲ၊ သမိုင်းတစ်လျှောက်တွင် အင်အားအကြီးမားဆုံးအခြေအနေမျိုးသို့ရောက်ရှိနေပြီဖြစ်ကြောင်း။ ဤအခြေအနေမျိုးသို့ ရောက်အောင် မိမိသည် မနေမနား နေ့ရော ညပါ ကြိုးစားခဲ့ရကြောင်း။ ဤအခြေအနေမျိုးတွင် ဂျာမနီအဖို့ စစ် ဖြစ်ရန်ဝန်မလေးတော့ဘဲ အဘက်ဘက်က အဆင်သင့် ဖြစ်နေပြီဖြစ် ကြောင်း" များကို အမျှင်မပြတ် ပြောပြီးမှ ရုတ်တရက် စကားကို ဖြတ်လိုက်သည်။

ဤတွင်မှ ဒဲလားရပ်စ်က သူလာရင်းကိစ္စကို စတင်ပြောကြား ရတော့သည်။ သူက လော့ဒ်ဟာလီဖက်စ်၏ စာအရ ဗြိတိသျှအစိုးရ သည် ဂျာမန်တို့နှင့် အဆင်ပြေအောင် ကြိုးပမ်းလိုဆဲပင် ရှိနေသေး ကြောင်း။ ဂျာမန်တို့သည် ဤအခွင့်အရေးကို လက်မလွှတ်ဘဲ ရယူ


www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါကြောင်း၊ အထူးသဖြင့် ဗြိတိသျှရေတပ်မှာ အင်အား ကြီး လှသဖြင့် အကယ်၍ ပိုလန်ပြဿနာကြောင့် ဗြိတိန်နှင့် ဂျာမနီ လာပါက အလွန်ဆိုးဆိုးဝါးဝါး ဖြစ်လာစရာ ရှိကြောင်းမျ အရှုံစွန့်ပြောကြားလိုက်သည်။

ဟစ်တလာသည် အစပထမတွင် ဒဲလားရပ်စ်၏ စကားကို မဆိတ်ထိုင်၍နားထောင်နေရာမှ ဗြိတိသျှရေတပ်အကြောင်း ပြော သည်တွင် ထိုင်ရာမှ ဝုန်းခနဲထကာ အော်ကြီးဟစ်ကျယ် လု တော့သည်။ သူသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှော ကာ ဂျာမန်တို့၏ စစ်အင်အားကြီးမားပုံကို ဒေါနှင့် မောနှင့် လာပြန်သည်။

သူသည် ပြောရင်းပြောရင်း ပို၍ဒေါပွလာဟန်တူသည်။

"သူသည် ရုတ်တရက် အခန်း၏ အလယ်ဘည့်တည် ဖြုန်းခနဲရပ်ကာ ထိုနေရာမှနေ၍ စိုက်ကြည့်နေပါသည်။ အသံမှာ လေးလေးနက်နက် ရှိလှ၍ သူ့အမူအရာမှာ သူနှင့်မှ မတူအောင် ဖြစ်နေပါသည်။ "တကယ်လို့ လာရင် ကျုပ်ဟာ ယူဘုတ်တွေကိုဆောက်မယ်၊ ယူဘုတ် ကိုဆောက်မယ်။ နောက်ပြီးတော့ ယူဘုတ်တွေကို ဆော မယ်" ဟူ၍ သူက စကားလုံးကို မဆုံးနိုင်အောင် ထ တလဲလဲ ပြောလိုက်သည်။ သူ့အသံမှာ တဖြည်းဖြည်း တိမ်၍သွားရာ နောက်ဆုံး စကားလုံးပင် ကွဲပြားအော မကြားရဘဲဖြစ်သွားသည်။ ထို့နောက် သူ့ကိုယ်သူမတ် ပြီးမှ ကြီးမားလှသော ပရိသတ်ကြီးကို မိန့်ခွန်းပြောနေ အလား သူ့အသံကို အစွမ်းကုန်မြှင့်ကာ အော်လိုက်ပြ သည်။ "ကျုပ်ဟာ လေယာဉ်ပျံတွေကိုဆောက်မယ်၊ ယာဉ်ပျံတွေကို ဆောက်မယ်၊ လေယာဉ်ပျံတွေ၊ လေယ ပျံတွေ၊ နောက်ပြီးတော့ ကျုပ်ရဲ့ရန်သူတွေမှန်သမျှ အ ချေမှုန်း ပစ်မယ်" သူ့ကိုကြည့်ရသည်မှာ တကယ့်လူ

တစ်ယောက်နှင့်မှ မတူဘဲ ဝတ္ထုစာအုပ်ထဲမှ ဖုတ်တစ္ဆေကြီးနှင့် တူနေပါသည်"

(ဒဲလားရပ်စ်မှေး နောက်ဆုံးကြိုးပမ်းမှု)

မှန်သည်။ ဤနာဇီ သွေးစုပ်ဖုတ်ကောင်ကြီးလည်း ဥရော တိုက်တွင် ခေါင်းထောင်၍ ထနေခဲ့သည်မှာ ကြာပြီမဟုတ်ပါလော။

နောက်ဆုံးတွင် ဟစ်တလာက ဒဲလားရပ်စ်ယူဆောင်လာသော ဗြိတိန်အစိုးရ၏ ကမ်းလှမ်းချက်နှင့် ပတ်သက်၍ ဒန်းဇစ်မြို့ကို ဂျာမန် တို့လက်သို့အပ်နှံရန်နှင့် ဒန်းဇစ် ပိုလန်နယ်စပ်မှတစ်ဆင့် ဖြတ်၍ မီး ထားလမ်း ဖောက်လုပ်ခွင့်ရရန် ဗြိတိသျှအစိုးရတို့က ကူညီဆောင်ရွက် ပေးပါက ဂျာမန်နှင့် ဗြိတိန်တို့ မဟာမိတ်စာချုပ် ချုပ်မည်ဟူ၍ အကြောင်းပြန်ကြားလိုက်သည်။

ဒဲလားရပ်စ်သည် ဟစ်တလာထံမှ နောက်ဆုံးအဖြေကို ယူ ဆောင်ကာ နောက်တစ်နေ့တွင် လန်ဒန်သို့ပြန်လာခဲ့သည်။

ဤအချိန်တွင် ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်မှာ အမှတ် ၁၀ ဒေါင်းနင်းလမ်းမှ သူ၏နေအိမ်တွင် ဦးနှောက်ချောက်လျက် ရှိ နေသည်။ သူသည် ဟစ်တလာထံမှ ဒဲလားရပ်စ်ယူဆောင်လာသော တင်ပြချက်များကို အပြန်အလှန် စဉ်းစားပြီး နောက်ဆုံး၌အတိုင် သဘောတူရန်မှတစ်ပါး အခြားနည်းလမ်းမရှိသဖြင့် လက်ခံကြောင်း ပြန်ကြားရန် ဆုံးဖြတ်လိုက်ရသည်။

သို့ဖြစ်ရာ ဒဲလားရပ်စ်မှာ ဗြိတိသျှအစိုးရ၏ သဘောတူညီချက် ကို ယူဆောင်ကာ ဘာလင်သို့ ထိုနေ့ညတွင်းချင်းပင် ပြန်ရောက်လာ ခဲ့ပြန်သည်။

ဒဲလားရပ်စ်သည် ဘာလင်လေဆိပ်တွင် လေယာဉ်ဆိုက်လျှ ဆိုက်ချင်း ဂိုးအားရင်းထံသို့ ချက်ချင်းတန်းလာခဲ့သည်။ အချိန်မှ ည ၁၁-နာရီခန့်မျှပင် ရှိပြီဖြစ်သည်။

ဂိုးအားရင်းသည် ဤတစ်ချိန်တွင်မူ ဒဲလားရပ်စ် မပါဘဲ သူ တစ်ယောက်တည်း ဟစ်တလာထံ ယမန်နေ့ညက ကဲ့သို့ပင် ညကြီး သန်းခေါင် သွားရောက်တွေ့ဆုံ၍ ဗြိတိသျှ အစိုးရ၏ သဘော

www.burmeseclassic.com

www.burmeseclassic.com

ညီချက်ကို ပြုသ‌ ပြန်သည်။ ဗြိတိသျှအစိုးရ၏ ပြန်ကြားစာတွင်ပိုလန်နှင့်ဂျာမန်တို့ တိုက်ရိုက်ဆွေးနွေးပါရန်လည်း အကြံပေး တင်ပြထားသည်။

တစ်ဖန် ဩဂုတ်လ ၂၈-ရက်နေ့တွင် ဗြိတိသျှသံအမတ်ကြီး ဟင်ဒါဆင်သည် လန်ဒန်မှ ဘာလင်သို့ပြန်ရောက်လာခဲ့ပြီး ည ၁၀-နာရီခွဲ အချိန်တွင် ဟစ်တလာနှင့် ကိုယ်တိုင် ဝင်ရောက်တွေ့ဆုံကာ ပိုလန်နှင့်ဂျာမန်တို့ တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးရန် ထပ်မံ အကြံပေးခဲ့ပြန်သည်။ ဟစ်တလာသည် ထိုနေ့ညက မည်သို့မျှ အဖြေမပေးလိုက်ဘဲ နောက်တစ်နေ့သို့ ချိန်းလိုက်သည်။

ဟစ်တလာသည် စင်စစ်အားဖြင့် နောက် ၂-ရက် ၃-ရက်အတွင်း ပိုလန်ကိုဝင်တိုက်ရန် အဘက်ဘက်ကပြင်ဆင်ပြီးဖြစ်နေသည်တိုင်အောင် "ငြိမ်းချမ်းရေးအောင်သွယ်တော်ကြီး" ဗြိတိသျှအစိုးရကို အမျိုးမျိုး ဒုက္ခပေးခဲ့သေးသည်။

ဩဂုတ်လ ၂၉-ရက်နေ့ ညတွင် ဟစ်တလာ့ ပြန်ကြားချက်သည် ဗြိတိသျှသံအမတ်ကြီးလက်သို့ ရောက်ရှိလာခဲ့သည်။

ဤပြန်ကြားချက်မှာ "ပိုလန် ပြဿနာကို အပြီးအပိုင် ဆွေးနွေးရန်အတွက် အာဏာကုန် လွှဲအပ်ခြင်းခံရသော ပိုလန်ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ကို ဩဂုတ်လ ၃၀-ရက်နေ့ အရောက် ဘာလင်သို့လွှတ်ပေးပါ" ဟူ၍ ဖြစ်သည်။

ဤစာကို ဗြိတိသျှသံအမတ်ကြီး လက်ခံရရှိသော အချိန်မှာ ည ၇-နာရီ ၁၅-မိနစ်ပင် ရှိနေပြီဖြစ်သည်။ ထိုနေ့မှာ ဩဂုတ် ၂၉ ရက်နေ့ဖြစ်သည်။ ယခု ဟစ်တလာက ဩဂုတ် ၃၀-ရက်နေ့အရောက် ဘာလင်သို့ ပိုလန် ကိုယ်စားလှယ် အဖွဲ့ကို စေလွှတ်ပေးရမည်ဟု တောင်းဆိုနေသည်။ ထို့ပြင် ဤကိုယ်စားလှယ် အဖွဲ့သည် လုံးဝ အာဏာကုန် လွှဲအပ်ခြင်းခံရသည့် အဖွဲ့ဖြစ်ရမည်ဟု ဆိုထားသည်။ ဤမျှတိုတောင်းသော အချိန်ကာလအတွင်း ဤမျှ အရေးကြီးသော ပြဿနာကို အပြီးအပိုင် ဖြေရှင်းပေးရမည် ဆိုခြင်းမှာ "ရာဇသံပေးခြင်းကဲ့သို့ပင် ဖြစ်သည်ဟု ဗြိတိသျှသံအမတ်က ယူဆသည်။ ဤ



အချက်ကို ဟစ်တလာအား ပြောပြရာ သူက ဤသို့မဟုတ်ရပါဟု ခါးခါးသီးသီး ငြင်းခဲ့သည်။

သို့သော် ဗြိတိသျှသံအမတ်ကြီး ပြန်ခါနီးတွင် ဟစ်တလာက ဤသို့ပြောလိုက်သေးသည်။ "ကျုပ်စစ်သားတွေက ကျုပ်ကို တိုက်ရတော့မလား" "မတိုက်ရတော့ဘူးလား" လို့ မေးနေကြပြီ။

ဤတစ်ကြိမ်တွင်မူ ဗြိတိသျှအစိုးရတို့သည် "မိအေးနှစ်ခါနာ" ခံပြီးဖြစ်၍ ပိုလန်ဂျာမန် တိုက်ရိုက်စေ့စပ်ရေးအတွက် ပိုလန်အစိုးရအား အတင်းအကြပ် မတိုက်တွန်းတော့ပေ၊ ယခင် ဤသို့သော စေ့စပ်ဆွေးနွေးမှုမျိုးဖြင့် ဩစတရီးယားနှင့် ချက်ကိုစလိုဗေးကီးယားပြည်များကို ဂျာမန်တို့က "တရားဝင်" ကျူးကျော် သိမ်းပိုက်ခဲ့ပြီ မဟုတ်ပါလော။

ဤသို့ဖြင့် သတ်မှတ်ထားသော ဩဂုတ်လ ၃၀-ရက်နေ့တွင် ဘာလင်သို့ ပိုလန်အစိုးရကိုယ်စားလှယ်အဖွဲ့ ရောက်မလာဘဲ ပိုလန်အစိုးရထံ ဂျာမန်တို့က တောင်းဆိုသော တောင်းဆိုချက် ၁၆ချက်သာလျှင် ဘာလင်မြို့တွင် ထုတ်ပေါ်လာခဲ့သည်။ ဤတောင်းဆိုချက် ၁၆ ချက်တို့တွင် ဒန်းဇစ်မြို့အား ဂျာမန်တို့လက်သို့အပ်ရန်၊ ပိုလန်နယ်နိမိတ် တစ်လျှောက်တွင် နိုင်ငံပေါင်းစုံ ကြီးကြပ်မှုအောက်မှ "ပြည်သူ့ဆန္ဒယူပွဲ" ကျင်းပပေးရန်၊ ဂျာမနီနှင့် အရှေ့ပိုင်း ပရပ်ရှားနယ်မြေများကို သီးခြားနယ်နိမိတ်လမ်းကြောင်းဖြင့် ဆက်သွယ်ခွင့်ပေးရန်၊ ပိုလန်နှင့် ဂျာမန်လူမျိုးများ အပြန်အလှန် နယ်မြေပြောင်းရွှေ့ခွင့်ပြုရန်၊ ပိုလန်ပြည်ရှိ ဂျာမန် အမျိုးသားများအတွက် အာမခံချက်ပေးရန်စသည်ဖြင့်နောက်ထပ်ဖြည့်စွက်ချက်များပါဝင်လာခဲ့သည်။

လူသားတို့၏ "သေရေး ရှင်ရေး" ပြဿနာကြီးကို အဆုံးအဖြတ်ပေးမည့် နေ့ရက်သည် တစ်နေ့ထက် တစ်နေ့ တစ်ရက်ထက် တစ်ရက် ပိုမိုနီးကပ်လာခဲ့လေပြီ။

ဤရက်များအတွင်း အလုပ် အများဆုံးသော နေရာများမှာ နိုင်ငံခြားသံရုံးများပင် ဖြစ်ကြသည်။ လန်ဒန်မှ ဘာလင်၊ ဝါဆောမှ လန်ဒန်၊ လန်ဒန်မှ ပဲရစ် စသဖြင့် နိုင်ငံခြားသံရုံးများ အချင်းချင်း

www.burmeseclassic.com

www.burmeseclassic.com

အပြန်အလှန် ကြေးနန်းများကို နေ့ရော ညပါ ၂၄ နာရီစလုံးအဆက်
မပြတ် ပေးပို့နေကြရသည်၊ လက်ခံနေကြရသည်။

နောက်ဆုံးတွင်ကား ဩဂုတ်လ ၃၁ ရက်နေ့ ၁၂ နာရီ မိနစ်
၃၀ အချိန်တွင် ဟစ်တလာသည် ကမ္ဘာကြီးတစ်ခုလုံးအား စင်
တဟုန်းဟုန်း တောက်လောင်စေမည့် "စစ်အမိန့်ပြန်တမ်းအမှတ်တစ်"
ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

နောက်တစ်နေ့ စက်တင်ဘာလတစ်ရက်နေ့ နံနက် အရုဏ်တက်
အချိန်တွင် ဂျာမန်-ပိုလန် နယ်စပ်တွင် တပ်စွဲနေကြသော ဂျာမန်
တပ်များမှ အမြောက်သံကြီးများသည် တဒိန်းဒိန်းမြည်ဟည်း၍ ထွက်
ပေါ်လာ၍ ဂျာမန်သံချပ်ကာ ယန္တရားတပ်ကြီးများသည်လည်း ပိုလန်
နယ်ထဲသို့ တဂျိန်းဂျိန်းဖြင့် ခေါင်းနှင့်ဝင်ရောက်လာကြလေပြီ။

၁၉၃၉ ခုနှစ် စက်တင်ဘာလ တစ်ရက်နေ့ နံနက်အရုဏ်တက်
၅ နာရီ ၄၅ မိနစ်အချိန်တွင် ထွက်ပေါ်လာသော ပိုလန်နယ်စပ်
၌အမြောက်သံများသည် နောင်အခါ၌ ငါးနှစ်ကျော်မျှ ကမ္ဘာ
အရပ်ရပ် အတိုင်းတိုင်း အပြည်ပြည်သို့ ပြန့်ပွားကူးစက်၍ နေ့
ရက်ဆက် သွက်သွက်ခါအောင် တုန်လှုပ်စေခဲ့သတည်း။

အခန်း သုံး

# စစ်အာဏာရှင် ဟစ်တလာ

(၁၉၃၉–၁၉၄၅)

www.burmeseclassic.com

www.burmeseclassic.com



## ဟစ်တလာနှင့် စတာလင်

ဂျာမန်တပ်များသည် မှုလကတည်းက လအပေါင်း များစွာကြိုတင် ပြင်ဆင်ထားသည့်အတိုင်း စစ်ပွဲစလျှင်စချင်း ပိုလန်ပြည်ထဲသို့ အလုံးအရင်းဖြင့် ဝင်ရောက်ကာ ဝါဆော မြို့တော်ကို သိမ်း၍ တောင်ဘက် မြောက်ဘက် စစ်မျက်နှာများမှ ထိုးစစ်ဆင်ခဲ့ကြသည်။

ဂျာမန် ဗုံးကြဲလေယာဉ်များကလည်း ထိုနေ့တွင်ပင် ချက်ချင်း ပိုလန်စစ်စခန်းများ၊ စစ်လက်နက်သိုလှောင်ရာဌာနများ၊ တံတားများ၊ မီးရထားလမ်းများနှင့် အကာအကွယ် ကင်းမဲ့သော မြို့ကြီးများကို ဗုံးများ ဒလဟော သွန်၍ ကြဲချကြရာ ပိုလန်စစ်သားများနှင့် အပြစ်ကင်းမဲ့သော အရပ်သား ပိုလန် အမျိုးသားများ ထောင်ပေါင်းများစွာတို့မှာ စစ်ကြီးလျှင် စချင်း စစ်၏ ဆိုးဝါး ခါးသီးလှသော အတွေ့အကြုံကို ကြေကွဲဖွယ်ရာ ထိခိုက်ခံစားကြရတော့သည်။

နောက်ဆုံးတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့က သက်သတ်လွှတ်ထားပါရန် အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့သော "ကျားကြီး ဟစ်တလာ" သည် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် စသော တောကောင်သတ္တဝါများကိုသာမက လူသားများကိုပင် မြိန်မြိန်ယှက်ယှက်ကြီး စားခဲ့လေပြီ။

ဤအချိန်တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့အဖို့ မည်သို့ပြုကြပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

ပိုလန်ပြည်ထဲသို့ ဂျာမန် တပ်များ အလုံးအရင်းဖြင့် ဝင်ရောက်၍ ပိုလန်တစ်ပြည်လုံးကို ဂျာမန်စစ်လေယာဉ်များက ဗုံးများ ကြဲနေချိန်တွင် အစပထမ၌ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ရှယ်တရက် ဝင်ရောက်စွက်ဖက်ရန် လက်နှေးနေခဲ့ကြသေးသည်။

ဘာလင်မြို့ရှိ ဗြိတိသျှ သံအမတ်နှင့် ပြင်သစ် သံအမတ်တို့သည် စက်တင်ဘာလ တစ်ရက်နေ့ညတွင် သက်ဆိုင်ရာ အစိုးရများ၏ ညွှန်ကြားချက်အရ ဂျာမန် နိုင်ငံခြားရေး ဝန်ကြီး ရစ်ဘင်ထရော့ပ်ထံ သွားရောက်ကာ "အကယ်၍ ဂျာမန်တို့၏ ကျူးကျော် ရက်စက်မှု များကို မရပ်စဲပါက မိမိတို့အစိုးရများသည် မဟာမိတ် စာချုပ် များအရ ပိုလန်အစိုးရအား အကူအညီ ပေးရလိမ့်မည်" ဟူသော သတိပေးစာများကို ပေးအပ်ကြသည်။

သို့သော် စက်တင်ဘာလ ၂-ရက်နေ့အထိ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ရည်သို့မျှ မလှုပ်ရှားသေးဘဲ ငြိမ်နေကြဆဲပင် ရှိခဲ့သည်။

ဤသို့ အင်္ဂလိပ်နှင့် ပြင်သစ်တို့က ငြိမ်နေခဲ့ကြသော်လည်း အခြားတိုင်းပြည် တစ်ပြည်ကမူ ငြိမ်မနေဘဲ လှုပ်ရှားလာခဲ့သည်။ ထိုတိုင်းပြည်ကား အီတလီပြည်ပင်တည်း။

အီတလီမှ မူဆိုလီနီသည် ပိုလန်ပြည်အား ဂျာမန်တို့က ဝင်ရောက် တိုက်ခိုက်ခြင်းကို မူအားဖြင့် အတိအလင်း ကန့်ကွက်ခြင်း မပြုခဲ့သော် လည်း ယခု လက်ရှိအခြေအနေတွင် အီတလီပြည်၏ စစ်အင်အားမှာ စစ်ပွဲ ဆင်နွှဲရန် လုံလောက်သောအင်အား မရှိသေးသဖြင့် အေးအေး ဆိုင်းထားလိုသော သဘော ရှိခဲ့သည်။

သူသည် ပိုလန်ပြဿနာကို ယခင် ဩစတြီးယားနှင့် ချက်ကို စလိုဗေးကီးယား ပြဿနာများကဲ့သို့ "တရားဝင်ကျူးကျော်ခွင့် ရအောင် ဟစ်တလာအား ကြိုးပမ်းပေးလိုခဲ့သည်။ ထို့ပြင် သူသည် မြူနစ်စာချုပ်ကဲ့သို့သော စာချုပ် တစ်ခုကို ဖြစ်မြောက်အောင် ချုပ်ဆို၍ ပိုလန်ပြဿနာကို ဖြေရှင်းရန်ပင် နောက်ဆုံးအချိန် အထိ ကြိုးပမ်းခဲ့သူ ဖြစ်သည်။

သို့သော် ဟစ်တလာ၏ အရှိန်အဝါကို မလွန်ဆန်နိုင်သော မူဆိုလီနီသည် နောက်ဆုတ်နေခဲ့ရရာ စက်တင်ဘာလ တစ်ရက်နေ့တွင် ဂျာမန်တပ်များ ပိုလန်ကို ဝင်ရောက် တိုက်ခိုက်ပြီး ဖြစ်ပွားလာသော နောက်တစ်ရက် စက်တင်ဘာလ ၂-ရက်နေ့တွင် လက်မလျှော့သေးဘဲ စစ်ကို ပိုမိုကျယ်ပြန့်မလာမီ တားဆီးရန် ကြိုးပမ်းခဲ့သည်။

မူဆိုလီနီသည် ဗြိတိသျှအစိုးရထံ ပိုလန်ပြဿနာနှင့် စပ်လျဉ်း၍ ကြားဝင်ညှိနှိုင်းပေးလိုကြောင်း လက်ရှိအခြေအနေအတိုင်း ပိုလန်နှင့် ဂျာမန်တပ် များ ရောက်ရှိရာ အရပ်တွင် အတိုက်အခိုက် ရပ်စဲထား၍ အပြည်ပြည် ဆိုင်ရာ ကွန်ဖရင့်တစ်ရပ် ကျင်းပကာ တွေ့ဆုံ ဆွေးနွေး ဖြေရှင်း ရေး ပြုလုပ်သင့်ကြောင်း တင်ပြ အကြံပေးခဲ့သည်။

သို့သော် ဗြိတိသျှတို့က ဂျာမန်တပ်များ ပိုလန်ပြည်တွင်းမှ အမြန် ဆုတ်ခွာပေးရမည်။ နောက်မှ ဆွေးနွေးပွဲကို ကျင်းပနိုင်မည် ဟု "တင်းခံ" နေသဖြင့် မူဆိုလီနီ၏ အကြံမှာ မဟန်ဘဲ လက်လျှော့ လိုက်ရသည်။

စင်စစ် မီးဆိုသည်မှာ မလောင်မီကသာ တားမြစ်ရနိုင်သည် မဟုတ်ပါလော။

ဤသို့ စက်တင်ဘာလ ၂-ရက် နေ့တွင် ပိုလန်ပြည်မှာ ဂျာမန် တို့၏ ဗုံးသံ အမြောက်သံများဖြင့် ဆူညံစွာ ကြဲချသဖြင့်ဖြစ်ပွားခြင်း ဖြစ်နေရချိန်တွင် အရင်းရှင် ပါလီမန် ဒီမိုကရေစီတို့၏ ထုံးစံအရ ဗြိတိသျှ အောက်လွှတ်တော်မှာလည်း အစိုးရအဖွဲ့နှင့် အတိုက်အခံတို့ အချင်းချင်း ငြင်းခုံကြသံများဖြင့် ဆူညံနေခဲ့သည်။

အထူးသဖြင့် ပိုလန်ကို ကူညီရန်မှာ ဗြိတိန် တစ်ဦးတည်း တွင်သာ ရှိသည်မဟုတ်ဘဲ၊ ပြင်သစ်တွင်လည်း တာဝန် ရှိနေရာ ဗြိတိသျှအစိုးရသည် ပြင်သစ်ထံမှ တိကျသော အဖြေကို ရယူရန် အရေးကြီးနေလေသည်။

"ဒီမှာတော့ အခြေအနေက အတော့်ကို ဆိုးရွားနေ တယ်။ ပါလီမန်ထဲမှာ ဆိုရင်လဲ အားလုံး စိတ်ဆိုးမာန်ဆိုး ဖြစ်နေကြတယ်။ တကယ်လို့ နက်ဖြန်နေ့လယ် ၁၂-နာရီက



www.burmeseclassic.com

www.burmeseclassic.com

စပြီး ၄၈-နာရီ အတွင်း ပြင်သစ်အစိုးရက ဒီအတိုင်း
ငြိမ်နေမယ်ဆိုရင်တော့ ကျုပ်တို့ အစိုးရအနေနဲ့ ဒီမှာ
အခြေအနေကို ထိန်းဖို့ အတော်ခဲယဉ်းနေပါတယ်”

(ဗြိတိသျှအစိုးရ တရားဝင်စာတမ်းများ၊ စာအုပ်စဉ်
အတွဲ ၇ အမှတ်-၇၄

ဗြိတိသျှ ဝန်ကြီးချုပ် ချိန်ဘာလိန်သည် စက်တင်ဘာ
၂-ရက်နေ့တွင် လန်ဒန်မှနေ၍ ပြင်သစ် နိုင်ငံခြားရေး ဝန်
ဒါလာဒီးယားထံပဲရစ်မြို့သို့ အထက်ပါအတိုင်း တယ်လီဖုန်း
အကြောင်းကြားခဲ့ရသည်။

အကယ်၍ ပြင်သစ်အစိုးရထံမှ ပိုလန်ပြဿနာနှင့် စပ်လျဉ်း
အချိန်မီ အကြောင်းပြန်ကြားချက် မရခဲ့ပါက ဗြိတိသျှ အ
သည် မိမိတစ်ဦးတည်း ပိုလန်ကို ဝင်ရောက်ကူညီရန် ဆုံး ဖြတ်
ဖြစ်သည်။ ဤဆုံးဖြတ်ချက်အရ အောက်လွှတ်တော်အစည်းအဝေး
စက်တင်ဘာလ ၃-ရက်၊ တနင်္ဂနွေနေ့ မွန်းတည့်အချိန်တွင် ကျ
ရန် ဆင့်ခေါ်ခဲ့ပြီး ဖြစ်သည်။ ဤ အစည်းအဝေးတွင် ပို
ပြဿနာနှင့် ပတ်သက်၍ တိကျသော ဆုံးဖြတ်ချက်ကို မချနိုင်ပ
ချိန်ဘာလိန်အစိုးရ တစ်ဖွဲ့လုံး နုတ်ထွက်ပေးရတော့မည့် အခြေအ
အထိ ဗြိတိန်ပြည်မှာ ဂယက်ရိုက်လျက် ရှိနေခဲ့သည်။

နောက်ဆုံးတွင် ပြင်သစ် အစိုးရအဖွဲ့မှာလည်း ဤမျှ သေ
ရှင်ရေး အရေးကြီးလှသော ဆုံးဖြတ်ချက်ကြီးကို အချိန်မီချမှတ်
မပြုနိုင်လောက်အောင် အစိုးရအဖွဲ့ဝင်အချင်းချင်း အငြင်းပွားလျ
ရှိနေခဲ့ရာ၊ ဗြိတိသျှ အစိုးရမှာ ဆက်လက်သည်းခံ စောင့်စိုင်းမ
နိုင်တော့ဘဲ ဂျာမနီအား စစ်ကြေညာရန် ဆုံးဖြတ်လိုက်ရတော့သည

စက်တင်ဘာလ ၃-ရက်နေ့ ဖြစ်သည်။

ယနေ့အဖို့တွင် ဘာလင်မြို့မှာ နေသာလျက် ရှိသည်။ ဘာလ
မြို့သူ မြို့သားများအဖို့ ဤလိုနေ့မျိုးတွင် မြို့ပြင် ပတ်ဝန်းကျ
ဆင်ခြေဖုံးမှ တောအုပ်များထဲသို့ ပျော်ပွဲစားထွက်ခြင်း၊ အ

အနားယူ၍ ရေကန်များတွင် ရေကူးခြင်းဖြင့် ‘တနင်္ဂနွေအားလပ်ရက်’
တစ် အပျင်းဖြေလေ့ ရှိတတ်ကြသည်။

နံနက် ၉-နာရီ အချိန်တွင် ဂျာမနီပြည်ဆိုင်ရာ ဗြိတိသျှ
သံအမတ်ကြီး ဟင်ဒါဆင်သည် ဗြိတိသျှ အစိုးရ၏ ‘ရာဇသံ’ ပေးအပ်
ရန်အတွက် ဘာလင်မြို့ ဝီလျံလမ်းရှိ ဂျာမန် နိုင်ငံခြားရေး ရုံးသို့
ရောက်ရှိလာသည်။

သို့သော် ဂျာမန် နိုင်ငံခြားရေး ဝန်ကြီးမှာ အခြား ‘အရေး
ကြီးသော ကိစ္စများ’ ရှိနေသည်ဟု ဆိုသဖြင့် ဟင်ဒါဆင်သည်
ဗြိတိသျှအစိုးရတို့၏ ရာဇသံကို ဟစ်တလာ၏ သီးသန့် စကားပြန်
ဖြစ်သူ စချဲမစ်လက်သို့ ပေးအပ်ခဲ့ရသည်။

“အကယ်၍သာ ပိုလန်ပြည်သို့ ကျူးကျော်ဝင်ရောက် တိုက်ခိုက်
နေသော ဂျာမန်တပ်များကို ယနေ့ စက်တင်ဘာလ ၃-ရက်နေ့
နံနက် ၁၁-နာရီ အချိန်တွင်မှ ပြန်လည် ဆုတ်ခွာပေးခြင်း မပြုခဲ့
ပါက ဤအချိန်မှစ၍ အင်္ဂလိပ်နှင့် ဂျာမန်တို့သည် စစ်ဖြစ်ပြီဟု
ယူဆရလိမ့်မည်”

အထက်ပါ ဗြိတိသျှတို့၏ ရာဇသံကို စကားပြန် စချဲမစ်က
ဟစ်တလာရှိရာ ရုံးခန်းထဲသို့ ယူဆောင်သွားကာ ဟစ်တလာအား
ဂျာမန်ဘာသာဖြင့် တစ်လုံးချင်း ဖြေးညင်းစွာ ဖတ်ပြခဲ့သည်။
စာ ဆုံးသွားသော အခါ ဟစ်တလာမှာ ဘာမှ ပြန်မပြောဘဲ
ငြိမ်နေသည်။

“သူသည် မလှုပ်မယှက်ထိုင်နေရာမှ သူ့ရှေ့တည့်တည့်ကို
စိုက်ကြည့်နေပါသည်။ သူ့အမူအရာမှာ အေးစက်စက် နိုင်လှ
ပါသည်။ ဒေါသဖြစ်ပုံလည်း မရပါ။ သူသည် လုံးဝ လှုပ်ရှား
ခြင်း မပြုဘဲ ငြိမ်၍သာ ထိုင်နေပါသည်။

ခဏမျှ ကြာသွားပါသည်။ ဤတစ်ခဏမှာ ကျွန်တော့်
စိတ်ထဲတွင် တစ်သက်လောက် ကြာသည်ဟု ထင်ရသည်။
သူ့နံဘေး ပြတင်းပေါက်နားတွင် ရပ်နေသော ရှစ်ဘင်

www.burmeseclassic.com

www.burmeseclassic.com

ထရော့ကို လှည့်ကြည့်လိုက်ပြီး 'ဘယ်နှယ်လဲ' ဟု မေးလိုက်ပါသည်။

(စစ်ချုပ်၏ မှတ်တမ်း၊ စာမျက်နှာ-၄၆၄)

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးသည် စက်တင်ဘာလ ၃-ရက်နေ့တွင် စတင် ဖြစ်ပွားခဲ့လေပြီ။

အင်္ဂလိပ်တို့က ဂျာမန်တို့အား စစ်ကြေညာခဲ့ပြီးနောက် ပြင်သစ်တို့မှာလည်း မနေသာတော့ဘဲ ထိုနေ့မှာပင် ရှေ့ဆင့်နောက်ဆင့် ဂျာမန်တို့အား စစ်ကြေညာခဲ့သည်။

နောက်ဆုံးတွင် အထွေထွေစစ်ပွဲကြီးသည် လုံးဝ ရှောင်လွှဲ၍ မရတော့ဘဲ ဖြစ်ပွားလာခဲ့သည်။

ဟစ်တလာသည် ပိုလန်ကို ဝင်ရောက် တိုက်ခိုက်ရာတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့အနေဖြင့် ယခုလောက် မြန်မြန်ဆန်ဆန် ဤစစ်ကြီးတွင် ပါဝင်လာကြလိမ့်မည်ဟု မူလက မျှော်လင့်မထားခဲ့ပေ။ သို့ဖြစ်ရာ ၎င်းတို့၏ စစ်ကြေညာချက်များကို တရားဝင်ကြားသိရသောအခါ သူ့စိတ်ထဲတွင် အတော်အတန် ကသိကအောက်ဖြစ်ခဲ့မိသည်။

သို့သော် ပိုလန်ပြည်ထဲတွင် ဝင်ရောက် တိုက်ခိုက်ကြသော ဂျာမန်တပ်များ၏ အောင်ပွဲ သတင်းများကြောင့် တအားတက်လာ၍ သူကိုယ်တိုင် ပိုလန်စစ်မျက်နှာသို့ သွားရောက် ကြည့်ရှုခဲ့သည်။

ဟစ်တလာသည် 'ပေါက်သည့် နဖူး မထူးတော့' ဟူ၍ သဘောထားကာ အင်္ဂလိပ်နှင့် ပြင်သစ်တို့ စစ်ကြေညာကြသော စက်တင်ဘာလ ၃-ရက်နေ့ ည ၉ နာရီအချိန်တွင် အနောက်ဘက်စစ်မျက်နှာသို့ ထွက်ခွာလာခဲ့ရာ၊ ထိုအချိန်မှာပင် ဂျာမန်ရေတပ်သည် ပွဲဦးထွက် အောင်ပွဲတစ်ခုကို ရရှိခဲ့သည်။

ဤအောင်ပွဲကား အခြားမဟုတ်။ ဂျာမန် ရေငုပ် သင်္ဘော "ယူ-၃၀" သည် ဗြိတိသျှ ပင်လယ်ကူးသင်္ဘောကြီး အေသင်နီးယားကို တော်ပီတိုဖြင့်ပစ်ကာ ဖောက်ခွဲနှစ်မြုပ်လိုက်ခဲ့ခြင်းပင် ဖြစ်သည်။ ဤပင်လယ်ကူးသင်္ဘောကြီးမှာ ထိုအချိန်က ခရီးသည်ပေါင်း ၃၄၀၀ ကို တင်ဆောင်ကာ အင်္ဂလန်ပြည် လစ်ဗာပူးဆိပ်ကမ်းမှ ထွက်ခွာသော ... ဂျာမန်ရေငုပ်သင်္ဘော၏လက်ချက်ဖြင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ရာ၊ အမေရိကန်လူမျိုး ၂၈ ယောက် အပါအဝင် ယောက်ျား၊ မိန်းမ၊ ကလေးများပါ စုစုပေါင်း ၁၁၂-ယောက် အသက်ဆုံးခဲ့ကြရသည်။

စက်တင်ဘာလ ၄ ရက်နေ့တွင် ဂျာမန်တပ်များသည် ပိုလန်ပြည်ထဲသို့ အနောက်ဘက်ဒေသမှ အမှတ် ၄ တပ်မတော်သည် လည်းကောင်း၊ အရှေ့ဘက် ပရပ်ရှားနယ်မြေဘက်မှ အမှတ် ၃ တပ်မတော်သည်လည်းကောင်း သံချပ်ကာ ကားတပ်များ၏ အကူအညီဖြင့် အဟုန်ထိုး တိုက်ခိုက်လျက်ရှိကြသည်။

သူရဲကောင်းပီသသော ပိုလန်တပ်မတော်သားများနှင့် ပိုလန်မြို့ချစ်များကလည်း ဂျာမန်တို့အား ဆီးကြိုခုခံ၍ အပြင်းအထန် တိုက်ခိုက်ကြသည်။ ဤတိုက်ပွဲများတွင် အပြောင်မြောက်ဆုံးနှင့် အရဲရင့်ဆုံးကား နာမည်ကျော် ပိုလန်မြင်းတပ်များပင် ဖြစ်သည်။ ပိုလန်မြင်းတပ်သားများသည် တဂျုန်းဂျုန်းမြည်ဟည်းကာ မောင်းနှင်လာသော မဲနက်ကြီးမားလှသည့် ဂျာမန်သံချပ်ကာ တင့်ကားများကို မြင်းများစီးကာ တဒိုင်းဒိုင်းပစ်ခတ်နေသော အမြောက်ကျည်ဆန်များကြားမှ ရှပ်ရှပ်ချွံချွံ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

သို့သော် ဂျာမန်တပ်များမှာ ပရွက်ဆိပ်နက်များပမာ မရေမတွက်နိုင်လောက်အောင် အင်အားများပြားလှသည့်ပြင်၊ ကောင်းကင်မှ တဝီဝီျသန်းအော ဗုံးကြဲ၍ ကူညီတိုက်ခိုက်ကြသော ဂျာမန်လေတပ်အကူအညီဖြင့် ဤရက်ပိုင်းအတွင်း တစ်နေ့လျှင် မိုင်ပေါင်းလေးဆယ်မျှ ချီတက်ကာ ပိုလန်နယ်မြေများကို သိမ်းပိုက်နိုင်ခဲ့ကြသည်။

ဟစ်တလာသည် ဤစစ်ပွဲကို ဆုံးခန်းတိုင်အောင် အစွမ်းကုန် သဲသဲမဲမဲတိုက်ရန် သန္နိဋ္ဌာန် ချခဲ့ပြီးဖြစ်ရာ၊ သူသည် စက်တင်ဘာလ ၃-ရက်နေ့တွင် ဘာလင်မှ ထွက်ခွာလာခဲ့၍ ပိုလန်နယ်စပ်အနီးမှ ... လင်မြို့ကလေးတွင် အထူးမီးရထား တစ်စင်းပေါ်၌ ဌာနချုပ်ဖွင့်ထားခဲ့သည်။ သူသည် နေ့စဉ်နံနက်တိုင်း အဆိုပါဌာနချုပ်မှ စစ်

www.burmeseclassic.com

www.burmeseclassic.com

မြေပြင်သို့ မော်တော်ကားဖြင့် သွားရောက်ကာ သူကိုယ်တိုင်စစ်မျက်နှာတွင် ကြပ်မတ်ကွပ်ကဲခဲ့သည်။

ပိုလန် တပ်မတော်များမှာ ဂျာမန် ပန်ဇာတပ်ကြီး များ၏ လျှပ်တစ်ပြက် စစ်ဆင်ရေးကို အလစ်တွင် ခံလိုက်ရသည်ဖြစ်ရာ အထိ အခိုက် အကျအဆုံး မြောက်မြားစွာဖြင့် ဒလဟော ဆုတ်ခွာနေကြ သည်။ အထူး သဖြင့် လေယာဉ် အစင်းပေါင်း ၅၀၀ ခန့် ရှိသော ပိုလန်လေတပ်မတော်သည် စက်တင်ဘာလ ၁ ရက်နှင့် ၂ ရက် နေ့များတွင် ဂျာမန်လေတပ်၏ မမျှော်လင့်ဘဲ ဗုံးကြဲတိုက်ခိုက်ဖျက် ဆီးခြင်း ခံလိုက်ရသဖြင့် လေယာဉ်အများအပြားမှာ လေဆိပ်မှာပင် မီးလောင် ပျက်စီးခဲ့ကြရသည်။ ဤသို့ဖြင့် ပိုလန်လေတပ်မှာ ဂျာမန် လေတပ်၏ လက်ချက်ကြောင့် ၄၈ နာရီအတွင်း လုံးဝ ပျက်စီးသွား သလောက် ဖြစ်ခဲ့ရသည်။

သို့ဖြစ်၍ စက်တင်ဘာလ ၆ ရက်နေ့တွင် ပိုလန်ပြည်၏ ဒုတိယ မြို့တော်ဖြစ်သော ကရာကောဝ်းမြို့မှာ ဂျာမန်တို့လက်သို့ ကျရောက် ရ၍ ထိုညမှာပင် ပိုလန်အစိုးရသည် ဝါဆောမြို့တော်မှ လပ်ဘလင် မြို့သို့ ဆုတ်ခွာခဲ့ရသည်။

နောက်တစ်နေ့မှာပင် ဂျာမန်ဗိုလ်ချုပ်ကြီး ဟောလ်ဒါသည် ပိုလန်စစ်မျက်နှာမှ အချို့သော ဂျာမန်တပ်များကို အင်္ဂလိပ်၊ ပြင် သစ်တပ်များနှင့် ရင်ဆိုင်ရန် အနောက်ဘက်စစ်မျက်နှာသို့ စတင်ပို့ ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာလ ၈ ရက်နေ့တွင်ကား အမှတ် ၄ ဂျာမန် ပန်ဇာ တပ်မကြီးသည် ဝါဆောမြို့နှင့် မလှမ်းမကမ်း အရပ် ဒေသ များ၌ တပ်စွဲမိခဲ့ကြသည်။ တစ်ချိန်တည်းတွင် အမှတ် ၁၀ တပ်မတော်နှင့် အမှတ် ၁၄ တပ်မတော်များကလည်း ဝါဆောမြို့ကို ဦးတည်၍ တောင်ဘက်အရပ်မှ ချီတက်လာခဲ့ကြသည်။

ပိုလန် တပ်မတော်မှာ တနင်္ဂနွေတစ်ပတ်အတွင်း လုံးဝချေ မှုန်းခံခဲ့ရပေပြီ။

ဤသို့ ဝါဆောမြို့ကို အလုံးအရင်းဖြင့် ဝိုင်းထားချိန်တွင် အခြား၊ ဂျာမန်တပ်များကလည်း ဘရက်စ်လစ်တော့ စသော ပိုလန် မြို့ကြီးများကို စက်တင်ဘာလ ၉ ရက်နေ့မှ ၁၇-ရက်နေ့အတွင်း မြို့ပြီးတစ်မြို့ သိမ်းခဲ့ကြသည်။

ပိုလန်စစ်မြေပြင်တွင် ဂျာမန်တို့က အပေါ်စီးရခဲ့၍ အခြေ အနေမှာ လုံးဝစိတ်ချရသည်နှင့် တစ်ပြိုင်နက် ဟစ်တလာသည် သူ၏ ဌာနချုပ်ကို ဘောလတစ် ပင်လယ်ကမ်းခြေမှ ဇောပို့မြို့ကလေးသို့ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပြောင်းရွှေ့ခဲ့သည်။ သူသည် ဤမြို့ ကလေးမှ ကာဆီနိုဟိုဘယ်ကို သူ၏ဌာနချုပ်အဖြစ် အသုံးပြုခဲ့သည်။

စက်တင်ဘာလ ၁၉ ရက်နေ့တွင်ကား ဒုတိယ ကမ္ဘာစစ်ကြီး ကို စတင်တိုက်ခိုက်ရာတွင် ဟစ်တလာ ပါးစပ်မှ တဖွဖွပြော၍ အကြိမ်ကြိမ်တောင်းဆိုခဲ့သော ဒန်းဇစ်မြို့ကလေးမှာ ဂျာမန်တို့လက်သို့ လုံးလုံးလျားလျား ကျရောက်သွားခဲ့လေသတည်း။

ဟစ်တလာသည် ထုံးစံအတိုင်း ဒန်းဇစ်မြို့သို့ ချက်ချင်းရောက် ရှိလာ၍ 'မအောင်ပွဲခံ'ခဲ့သည်။ သူသည် ဒန်းဇစ်မြို့အောင်ပွဲ အခမ်း အနားတွင် မိန့်ခွန်းပြောကြားရာ၌ ထုံးစံအတိုင်း၊ ပိုလန်အစိုးရ၏ 'ခေါင်းမာမှု' ကို ပြစ်တင်ရှုတ်ချ၍ အင်္ဂလိပ်တို့၏ သဘောထားမှန် ပုံကို ပုတ်ခတ်ပြောဆိုအော ဂျာမန်အင်ပိုင်ရာကြီး၏ ကြီးကျယ် မြင့် မြတ်ပုံကို အမွှမ်းတင်ခဲ့ပြန်သည်။

ဤသို့ ဂျာမန်တပ်များက မမျှော်လင့်ဘဲ ပိုလန်ပြည်ကို ဝင် ရောက်တိုက်ခိုက်ခဲ့၍ ပိုလန်တစ်ပြည်လုံးကို မုချ သိမ်းပိုက်နိုင်တော့ မည့် အချိန်တွင် ဆိုဗီယက်ယူနီယံသည် ပိုလန် ဂျာမနီ စစ်ပွဲတွင် ဝင် ရောက်လာခဲ့သည်။

စင်စစ်အားဖြင့် ဂျာမန် ဆိုဗီယက်စာချုပ်ကို စစ်ကြီးမဖြစ်မီ တစ်ပတ်ခန့်အလို ဩဂုတ်လ ၂၃ ရက်နေ့က ချုပ်ဆိုခဲ့ကြရာ၌ ဟစ် တလာသည် ပိုလန်ကိုဝင်တိုက်ရန် ယတိပြတ်ဆုံးဖြတ်ပြီးဖြစ်၍ တစ် ဘက်မှ ဆိုဗီယက်အန္တရာယ်ကို ကြိုတင်ကာကွယ်သောအားဖြင့် ချုပ် ဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် ဆိုဗီယက် မာရှယ်စတာလင် အနေဖြင့်လည်း အနောက်ဥရောပ နိုင်ငံကြီးများက ကွန်မြူနစ်ချေမှုန်းရေး ရည်ရွယ် ချက်ဖြင့် ဂျာမန်တို့အား အသုံးပြုရန် 'အတွင်းကြိတ်' ကြံရွယ်အား

www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့ကြောင်း၊ သိရှိထားသဖြင့် အခိုက်အတန့်တွင် ဂျာမန်တို့နှင့် မော်လိုတော့ စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုသော် ဟစ်တလာ၏ ကွန်မြူနစ်ဆန့်ကျင်ရေး 'သေနတ်ပြောင်းဝ' ကို ဂျာမန် ဆိုဗီယက် စာချုပ်ဖြင့် ခေတ္တ 'ပိတ်ဆို့'ထားခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခုကဲ့သို့ ဂျာမန်တပ်များအား ပိုလန်ပြည်ကဆော အား ဝင်ရောက်တိုက်ခိုက်၍ မကြာမီရက်ပိုင်းအတွင်း ပိုလန်တစ်ပြည်လုံး ဂျာမန်တို့လက်သို့ ကျဆင်းတော့မည့်ကို တွေ့မြင်ရသည်တွင် တစ်ဖက်မှ ဂျာမန်တို့ရန်ကို ကာကွယ်သော အားဖြင့် ပိုလန်ပြည်အတွင်း လက်လှမ်းမှီရာဒေသများကို စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဝင်ရောက် သိမ်းပိုက်လိုက်တော့သည်။

ဆိုဗီယက် တပ်နီတော်၏ ချီတက်သိမ်းပိုက်မှုမှာလည်း လျင်မြန်လှသည်ဖြစ်ရာ ဂျာမန်တပ်များနှင့်ဆိုဗီယက်တပ်များသည် ဘရက်လစ်တော့မြို့တွင် တပ်ချင်းဆုံမိကြသည်။ ထိုမျှမက တောင်ပိုင်းဒေသမှ တပ်နီတော် တပ်သားများမှာ ရက်အနည်းငယ် အတွင်း ဟန်ဂေရီနယ်စပ်အထိ သိမ်းပိုက်မိကြသည်။

စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဝါဆောမြို့တော်မှာလည်း ဂျာမန်တို့လက်တွင်းသို့ ကျရောက်ခဲ့တော့သည်။

ထို့နောက်တွင်ကား စတာလင်သည် ဟစ်တလာအပေါ်တွင် 'လက်ဘစ်လုံးခြား' ပရိယာယ်ကစား၍ အနိုင်ယူလိုက်ခဲ့သည်။ စက်တင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်နေ့များတွင် မော်စကို ကရင်မလင်နန်းတော်၌ ကျင်းပခဲ့သော ဆွေးနွေးပွဲများတွင် ပိုလန်ပြည်အား ဂျာမနီ ဆိုဗီယက်တို့ ခွဲဝေ၍ သိမ်းပိုက်ကြရန် ညှိနှိုင်းရာ၌ စတာလင်၏ တောင်းဆိုချက်အရ ပိုလန်ပြည်၏ နယ်မြေ ထက်ဝက်နီးပါးမျှ ဆိုဗီယက်တို့အား ပေးအပ်ခဲ့ရသည်။

အသူးသဖြင့် ပိုလန်ပြည်၏ အဓိက ရေနံထွက်ရာ ဖြစ်သော ဘောရစ်လက်ဒေသမှာ ဆိုဗီယက်တို့ထံသို့ ပါသွားခဲ့၍ ဘောလတ်ပင်လယ်ဘက်သို့ ထွက်ပေါက်ဖြစ်သော နယ်မြေများကိုလည်း ဂျာမန်တို့က ဆိုဗီယက်တို့အား ပေးအပ်ခဲ့ကြရသည်။



စင်စစ်အားဖြင့် ဆိုဗီယက်တပ်နီတော်သည် ပိုလန်စစ်မျက်နှာတွင် အထိအခိုက် အကျအဆုံးဟူ၍ လုံးလုံးမရှိသလောက် ဖြစ်ခဲ့သည်။ ဂျာမန်တပ်များမှာမူ စစ်ကြီး၏ ပထမဆုံး ပွဲဦးထွက် တိုက်ပွဲဖြစ်သဖြင့် ရှိသမျှလူအင်အားကို စုပြုံ၍ အသုံးပြုခဲ့ရာ ပိုလန်တပ်မတော်သားများ၏ ရဲရင့်ပြောင်မြောက်သော ခုခံတိုက်ခိုက်မှုကြောင့် ပိုလန်စစ်မျက်နှာတွင် ဂျာမန်တပ်သားပေါင်း ၁၀,၅၇၂ ယောက်ကျဆုံး၍ ၃၀,၃၂၂ ယောက် ထိခိုက် ဒဏ်ရာရခဲ့ပြီး ၃၄၀၀ မှာ ပျောက်ဆုံးနေသည်အထိ အနာခံခဲ့ကြရသည်။

ဟစ်တလာသည် ဤမျှအနာခံ၍ တိုက်ခိုက်ခဲ့ပြီးမှ ပိုလန်ပြည်၏ ထက်ဝက်နီးပါးမျှကို စတာလင်အား အဘယ်ကြောင့် လိုက်လျောပေးအပ်ခဲ့ပါသနည်း။

အဖြေမှာ ရှင်းနေသည်။ ဤစစ်ပွဲကြီးတွင် ဆိုဗီယက် ယူနီယံအား အင်္ဂလိပ် ပြင်သစ်တို့နှင့် ပူးပေါင်းမသွားမိစေရန် အထူးသဖြင့် အနောက်ဘက်တွင် အင်္ဂလိပ်ပြင်သစ်တို့နှင့် ပွဲကြီးပွဲကောင်း ဆင်နွှဲရန် ရှိနေချိန်တွင် အရှေ့ဘက်မှ ဆိုဗီယက်ယူနီယံကို အစွမ်းကုန်လိုက်လျောမည်ဟူသော သဘောဖြင့် စတာလင် တောင်းသမျှကို ပေးခဲ့ခြင်းပင် ဖြစ်သည်။

နောက်ဆုံးတွင် ဟစ်တလာသည် 'လွတ်လပ်သောပိုလန်အစိုးရ' ဖွဲ့စည်းရန်မလိုဟူသော စတာလင်၏ အဆိုပြုချက်ကိုပင် လက်ခံခဲ့ရသည်။ စတာလင်က လွတ်လပ်သော ပိုလန်အစိုးရဟူ၍ ဖွဲ့စည်းခြင်းဖြင့် ဂျာမန်နှင့် ဆိုဗီယက်တို့အကြား ကွဲပြားခြားနားမှုများ ဖြစ်သာနိုင်သည်ဟူ၍ အကြောင်းပြခဲ့သည်။

စင်စစ် 'လွတ်လပ်သောပိုလန်အစိုးရ' ဖွဲ့စည်း ခဲ့ပါက ဤအစိုးရသည် ဂျာမန်တို့၏ 'ရုပ်သေးအစိုးရ' သာလျှင် ဖြစ်နေမည်ကို စတာလင်က သိရှိနားလည်ထားပြီး ဖြစ်နေသည်။ ဤသို့အားဖြင့် ဩစတြီးယား၊ ချက်ကိုစလိုဗေးကီးယား၊ စသော တိုင်းပြည်များကဲ့သို့ ဂျာမန်တို့သည် ပိုလန်ပြည်တွင် ဂျာမန်တို့၏ ကျူးကျော်မှုကို 'တရားဝင်ထောက်ခံမှု' ရယူကြဦးမည်ကို စတာလင်က ရိပ်မိပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ဟစ်တလာ၏ လက်တစ်လုံးကြား လုပ်မှုကို အခေ... အချာရိပ်စားမိ၍ 'ကွက်ကျော်' မြင်ထားသော စတာလင်က ဟစ်တလာအား မလှုပ်သာမရှက်သာအောင် နှိုင်ပေါက်ကိုကိုင်ထားခဲ့သည်။

ဟစ်တလာမှာလည်း လောလောဆယ် အင်္ဂလိပ် ပြင်သစ်တို့နှင့် အနောက်ဘက်စစ်မျက်နှာတွင် ရင်ဆိုင်ရန် အရေးကြီးနေသဖြင့် စတာလင်၏တောင်းဆိုချက်များကို တစ်ခုမကျန် လိုက်လျောခဲ့ရသည်။

စက်တင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက် နေ့များတွင် အပြန်အလှန် ဆွေးနွေးခဲ့ကြပြီးနောက် စတာလင်၏အထက်ပါ တောင်းဆိုချက်များကို လိုက်လျောခဲ့ရပြီး ၂၉ ရက် နေ့တွင် ပိုလန်ပြည်နှင့် ပတ်သက်သော ဆိုဗီယက် ဂျာမန် နှစ်နိုင်ငံ သဘော တူညီချက်ကို လက်မှတ်ရေးထိုး ခဲ့ကြသည်။

ဤသို့ဖြင့် ဟစ်တလာသည် ပိုလန်ပြည်အား ပွဲဦးထွက် အောင်နိုင်သလို စတာလင်က ဟစ်တလာအား ပွဲဦးထွက် အောင်နိုင်ခဲ့သည်။

တစ်နည်းအားဖြင့် ဆိုရလျှင် ဖက်ဆစ်အာဏာရှင် ဟစ်တလာအား ပစ္စည်းမဲ့အာဏာရှင် စတာလင်က 'ကတ်ုံးပေါ်ထိပ်ကွက်' ခဲ့ပြလေတော့သည်။



## သွေးချောင်းစီးခဲ့သော နေ့ရက်များ

ဟစ်တလာသည် စစ်အင်အားကို အသုံးပြုပြီး ငြိမ်းချမ်းရေးမ...ကားကို တွင်တွင်ကြီး ပြောတတ်သူ ဖြစ်သည်။ မီးစတုန်းမှာ မလှယ်ဟု တစ်ဖက် ကိုင်ထားသူ ဖြစ်သည်။ ...ည့်အတိုင်း နောက်

ပိုလန်တစ်ပြည်လုံးကို မီးဟုန်းဟုန်း တော...ယူ၍ ဝင်ရောက်သခု သူသည် "ငြိမ်းချမ်းရေး" ကို ဟစ်ကြွေးပြန်လေပြီ။

အောက်တိုဘာလ ၆-ရက်နေ့တွင် ဂျာမန်ပါလီမန် အဆောက်အအုံ၌ ဟစ်တလာက ထုံးစံအတိုင်း မိန့်ခွန်းပြားဟောင်းကြီးကို ဖွင့်ပြပြန်သည်။ ပိုလန်အား ဂျာမန်တို့က ကျူးကျော် တိုက်ခိုက်ခဲ့ရခြင်းသည်ပင် "ငြိမ်းချမ်းရေးအတွက်" ဟု သူက ဆိုလိုက် သေးသည်။ အင်္ဂလိပ်နှင့် ပြင်သစ် တို့အား "ပြီးတာတွေ ပြီးပါစေတော့" ဟု ဆိုကာ၊ ငြိမ်းချမ်းရေး ကမ်းလှမ်းလိုက်ပြန်သည်။

"ကျုပ်ဟာ ပြင်သစ်ပြည်နဲ့ ရှေးအဆက်ဆက်က ရန်သူလို သဘောထားခဲ့ကြတာတွေကို တစ်ခါတည်း လုံးဝမေ့ပျောက်ပြီး၊ အတိတ်က ဂုဏ်ရောင် ပြောင်ခဲ့ကြတဲ့ ကျုပ်တို့နှစ်နိုင်ငံ လက်တွဲ ပူးပေါင်းကြဖို့ အမြဲတမ်း ပြောလာခဲ့တယ်"

"ကျုပ်ရဲ့ အဓိက ရည်မှန်းချက်ကြီးကတော့ ကျုပ်တို့နဲ့ ပြင်သစ်ပြည် ဆက်ဆံရေးမှာ နှစ်နိုင်ငံစလုံးအတွက် ...လိုလား



www.burmeseclassic.com

www.burmeseclassic.com

အပ်တဲ့ အဖြစ်အပျက်တွေမှန်သမျှ တစ်စမကျန် ပျောက်ပျက်
သွားအောင် လုပ်ဖို့ပဲ"

သူသည် ပြင်သစ်ပြည်အား ဤသို့ ငြိမ်းချမ်းရေး ဖိတ်ခေါ်လိုက်ပြီးနောက် အင်္ဂလန် ကိုလည်း ဤသို့ ကမ်းလှမ်း လိုက်ပြန်သည်။

"ကျုပ်ဟာ အင်္ဂလိပ် ဂျာမန် နားလည်မှုရရှိရေးအတွက် တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားခဲ့တယ်။ ဒါတင်မကသေးဘဲ အင်္ဂလိပ် ဂျာမန် ချစ်ကြည်ရေး အတွက်လဲ အတတ်နိုင်ဆုံး ကြိုးပမ်းခဲ့တယ်။ ကျုပ်ဟာ ဗြိတိသျှတို့ရဲ့ အကျိုးစီးပွားကို ဆန့်ကျင်ပြီး ဘာယ်တုန်းကမှ မလုပ်ခဲ့ဘူး။ ဂျာမနီနှင့် အင်္ဂလန် လက်မှတ်ရေး ချင်းချင်း နားလည်မှု ရကြမှ ဥရောပတိုက်နှင့်တကွ ... ခုလုံး တကယ့် ငြိမ်းချမ်းရေး ရနိုင်မယ်ဆိုတာ ဒီနေ့ ... ကျုပ် ယုံကြည်နေတုန်းပဲ ရှိသေးတယ်"

ဤသို့ဖြင့် ... အောင်နိုင်သလို ... ခဲ့သည်။

... နှစ်ခွန်းများ အတွဲ ၂၊ စာမျက်နှာ ၂၀၃

ဟစ်တလာသည် ဂျာမန် လွှတ်တော် အဆောက်အအုံတွင် မထောင်သောင်းမကသော ပရိသတ်များ ရှေ့မှောက်၌ အထက်ပါ အတိုင်း ငြိမ်းချမ်းရေးကိုဟစ်ကြွေးခဲ့ပြီး ၄-ရက်မျှအကြာ အောက်တိုဘာ လ ၁၁-ရက်နေ့တွင် ဂျာမန်ရေတန်း၊ လေတပ်နှင့် ကြည်းတပ် ဗိုလ်ချုပ်ကြီး သုံးဦးအပြင်၊ ဗိုလ်ချုပ် ဟဲလ်ဒါနှင့်ဗိုလ်ချုပ် ကိတ်တဲလ် တို့အား သူ၏ "စစ်ရေး သေနင်္ဂဗျူဟာ စီမံကိန်း" များကို တင်ပြ ဆွေးနွေးခဲ့သည်။

သူ၏ သေနင်္ဂဗျူဟာမှာ အဓိက အားဖြင့် အနောက်နိုင်ငံများက ဘယ်ဂျီယံနှင့် ဟော်လန်ပြည်များတွင် ဝင်ရောက် တပ်စွဲခြင်း မပြုမီ ဂျာမန်တို့က လက်ဦးမှုအရယူ၍ ဝင်ရောက်သိမ်းပိုက်ထားရန်ပင် ဖြစ်သည်။ အထူးသဖြင့် ရန်သူ့တပ်များကို လုံးဝနလန်မထူနိုင်အောင် တစ်ဟုန်ထိုးချေမှုန်းသုတ်သင်ရန်ပင်ဖြစ်သည်။ ထိုသို့ ချေမှုန်းသုတ်သင် နိုင်ရေးအတွက် သံချပ်ကာ ကားတပ်ကြီးများကို ယခုထက် ပို၍ အသုံးပြုရန် သူက ရည်ရွယ်သည်။ ဤအချက်များကို အကြောင်းပြု၍

... ဟော်လန်၊ ဘယ်ဂျီယံနှင့် လူဇင်ဘတ်နိုင် ... များကို ချီတက် သိမ်းပိုက်၍ ရန်သူတပ်များ အနေဖြင့် အခိုင်အမာ ... စစ်ကြောင်းများ မတည်ဆောက်နိုင်မီ လျှပ်တစ်ပြက် ဝင်ရောက် ... ချေမှုန်းပစ်ရန်မှာ သူ၏ အကြီးဆုံး ရည်မှန်းချက်ပင် ဖြစ်သည်။ ... ချုပ်အားဖြင့် ဤသေနင်္ဂဗျူဟာ စစ်ဆင်ရေးအတွက် လိုအပ်သမျှ ... အစီအစဉ်နှင့် အသုံးအဆောင် စစ်လက်နက် ပစ္စည်းများကို "အစွမ်း ကုန်" ထုတ်လုပ်ရန် ဖော်ပြရင်း စတင် တိုက်ခိုက်ရမည့် အချိန်မှာ ... သိပ် စောလွန်း၍ မဖြစ်"ဟု ဟစ်တလာက ဗိုလ်ချုပ်ကြီး များကို ... တင်ပြခဲ့သည်။

သို့သော် ဗိုလ်ချုပ်ကြီးများသည် ဟစ်တလာ၏ သေနင်္ဂဗျူဟာကို ဘဝင်မကျဘဲ ဖြစ်နေကြသည်။ သူတို့အဖို့ ဂျာမန် တပ်မ တော်သည် ပြင်သစ်တပ်မတော်ကို နိုင်အောင် တိုက်ရန်မှာ မလွယ်ဟု ယူဆနေကြသည်။ အကယ်၍ ဟစ်တလာ တင်ပြသည့်အတိုင်း နောက် ... ဥရောပတိုက်မှ တိုင်းပြည်များကို လက်ဦးမှုယူ၍ ဝင်ရောက် တိုက်ခိုက်ရာတွင် မအောင်မြင်ခဲ့ပါက ဂျာမန်တို့မှာ ဒုတိယ ကမ္ဘာ စစ်ကြီး အတွင်းမှ ထွက်ပေါက် မရှိဘဲ နောက်ပိုင်းမှ ထောက်ပံ့မှု ... မလောက် ဖြစ်ကာ နောက်ဆုံးတွင် အရှုံးနှင့်သာ နိဂုံးချုပ်ရလိမ့် မည်ဟု ထောက်ချက်ချကြသည်။

သို့သော် ဗိုလ်ချုပ်ကြီးများသည် ဟစ်တလာ တင်ပြလာ သော အစီအစဉ်များကို မိမိတို့၏ တိုက်ရိုက် လက်မခံ နိုင်ကြောင်း ... မှန်လည်း ငြင်းဆန်လိုက်ပါက ထုံးစံအတိုင်း ဟစ်တလာသည် ဒေါသပွ ကြီး ပွတော့မည်ကို သိထားကြသည်။ သို့ဖြစ်ရာ သူတို့သည် လက်တွေ့ အခက်အခဲများကိုသာ တင်ပြ၍ တစ်ဖက်လှည့်အားဖြင့် ဟစ်တလာ၏ အစီအစဉ်ကို မသိမသာ ဆန့်ကျင်ခဲ့ကြသည်။ အထူးသဖြင့် ဂျာမန် တပ်များအား လက်နက် ပိုမို တပ်ဆင်ရေး၊ ပိုလန်မှ အနောက်ဖက် စစ်မျက်နှာသို့ ရွှေ့ပြောင်းရေးများမှာ မလွယ်လှဘဲ ဥရောပတိုက် ဆိုး ... လှသော ဆောင်း... အခြေအနေ စသည်များကို ပြန်လည် တင်ပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤဗိုလ်ချုပ်ကြီးများ အနက် ဗိုလ်ချုပ် ဟဲလ်ဒါမှာ ၁၉၃၈ ခုနှစ် အတွင်း သြစတြီးယားနှင့် ချက်ကိုစလိုဗေးကီးယား ပြည်များအား ဟစ်တလာ ဝင်ရောက် သိမ်းပိုက်ရန် ကြံစည်ခဲ့စဉ်က "စစ်ကြီးဖြစ်လာဖွယ်ရာ ရှိသည်" ဟု ဆိုကာ သဘော မတူခဲ့ဘဲ အခြားဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်သူ ဘဲရာချစ်နှင့် ပူးပေါင်း၍ ဟစ်တလာကို ဖမ်းဆီး ချုပ်နှောင်ရန်ပင် ကြံခဲ့သူ ဖြစ်သည်။

ဤသို့ဖြင့် ငါးနှစ်ကျော်မျှ ကိုယ်ထင်ရာ ကိုယ်လုပ် လာခဲ့သော အာဏာရှင် ဟစ်တလာအား ဆန့်ကျင်သည့် ဂိုဏ်းတစ်ဂိုဏ်းသည် ဂျာမန် စစ်ဦးစီး ဌာနချုပ်အတွင်း "အမှောင်" အဖြစ် စုစည်းမိခဲ့ကြသည်။ ဤဂိုဏ်းတွင် အထက်ပါ ဗိုလ်ချုပ်ကြီး ဟဲလ်ဒါနှင့် ဘဲရာချစ်တို့အပြင် ယခင် စစ်ဦးစီးချုပ်မှူး ဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီး ဘက်စ်၊ တန်ပြန် စုံစမ်းထောက်လှမ်းရေး တာဝန်ခံ ဗိုလ်ချုပ်ကြီး အောစ်တာ၊ စီးပွားရေး တည်ဆောက်မှုနှင့် စစ်လက်နက် ပစ္စည်း ထုတ်လုပ်ရေးရုံးမှ ဗိုလ်ချုပ်ကြီး ထောမတ်စ်နှင့် သံအမတ်ဟောင်း ဟက်စ်လ်တို့ ပါဝင်ကြသည်။

မည်သို့ပင် ဖြစ်စေ၊ တစ်သက်လုံး "ငါမြင်း ငါစိုင်း" လာခဲ့သော ဟစ်တလာအား ယခု ဂျာမန် ဗိုလ်ချုပ်ကြီးများက တားဆီး ကန့်ကွက်ရန် ကြံသည်မှာ လက်တွေ့ အောင်မြင် ကြပါလော၊ မအောင်မြင်ကြပါ။ လုံးဝ မအောင်မြင်ကြပါ။

ထိုသို့ မအောင်မြင်ရုံမျှမက ဟစ်တလာသည် "ငါ့လှေ ငါ့ထိုး ပဲ့ခူးရောက်ရောက်" ဆိုသကဲ့သို့ သူ၏ စစ်ရေး သေနင်္ဂဗျူဟာ စီမံကိန်းကို သူကိုယ်တိုင် ရေးဆွဲ တင်ပြ၍ သူကိုယ်တိုင်ပင် အတည်ပြုသည်။ သူသည် ဥရောပ ဖစ်မျက်နှာတွင် နောက်ထပ် ဟော်လန်၊ ဘယ်ဂျီယံ စသော တိုင်းပြည်ကလေးများကို ထပ်မံ တိုက်ခိုက် သိမ်းပိုက်ရန် ဆုံးဖြတ်ခဲ့သည်။ စတင် တိုက်ခိုက်ရန် နေ့ရက်ကို ၁၉၃၉-ခု နိုဝင်ဘာ ၁၂-ရက်နေ့ ဟူ၍ သတ်မှတ်ခဲ့သည်။

ဟစ်တလာ၏ နောက်ထပ် စစ်ဆင်ရေး အမိန့် ထွက်ပေါ်လာသောအခါ ဟစ်တလာ ဆန့်ကျင်ရေး ဂိုဏ်းသားများသည် သူတို့၏ လုပ်ကြံမှု အစီအစဉ်ကြီး အတွက် တအား တက်စရာ တွေ့လာကြ



သည်။ အဘယ့်ကြောင့်ဆိုသော် ဟစ်တလာ၏ ဂျာမန် စစ်ဦးစီးဌာနချုပ်သည် ဟစ်တလာ၏ နောက်ထပ် စစ်ဆင်ရေး အမိန့်ကို သဘောတူ လက်မခံနိုင်သည့် အမှုအရာများ ဖြစ်ပေါ် လာသောကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ၊ ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဟဲလ်ဒါသည် နိုဝင်ဘာ ၂-ရက် ၃-ရက် နေ့များတွင် အခြား ဗိုလ်ချုပ်ကြီး များနှင့် တွေ့ဆုံ၍ ဟစ်တလာအား လုပ်ကြံရေး အစီအစဉ်များကို ဆွေးနွေးသည်။ သူတို့ အစီအစဉ်အရ နိုဝင်ဘာလ ၅-ရက် ကနဂ်နေ့နေ့တွင် ဗိုလ်ချုပ်ကြီး ဘရောချစ်သည် ဟစ်တလာနှင့် တွေ့ဆုံ၍ အခြေအနေကို တင်ပြရသည်။ သို့ရာတွင် ဟစ်တလာထံမှ နောက်ဆုံး သဘောထား ပြောင်းလဲဘဲ ရှိနေပါက "လုပ်ကြံမှုကြီး" ကို စတင်ရန် ဖြစ်သည်။

သတ်မှတ် ထားသော နိုဝင်ဘာလ ၅-ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဘရောချစ်သည် ဟစ်တလာနှင့် ဝင်ရောက် တွေ့သည်။ ဤသို့ တွေ့ဆုံရာတွင် အချိန် သိပ်မကြာခဲ့။ အဘယ့်ကြောင့်ဆိုသော် ဟစ်တလာသည် မိမိ၏ စစ်ဆင်ရေးများအား ဗိုလ်ချုပ်ကြီး ဘရောချစ်က "အောင်မြင်ရန် အလားအလာ မရှိ" ဟူ၍ ပြောကြား လာသည်တွင် အကြီးအကျယ် ဒေါသထွက်ကာ ဘရောချစ်အား ရစရာ မရှိအောင် ဆဲဆိုကြိမ်းမောင်း၍ အခန်းထဲမှ နှင်ထုတ်ပစ်ခဲ့သောကြောင့်ဖြစ်သည်။

ဟစ်တလာသည် တစ်သက်လုံးက သူ့ကို မော်၍ပင် မကြည့်ခဲ့ကြသော ဂျာမန် ဗိုလ်ချုပ်ကြီး အချို့က သူ၏ စစ်ဆင်ရေး အစီအစဉ်များကို လက်မခံ အယုံအကြည် မရှိကြောင်း၊ အတိအလင်း ပြောဆို လေသည်ကို ဒေါသ အမျက် ချောင်းချောင်း ထွက်ကာ ရူးရူး ရှားရှား ဖြစ်နေခဲ့သည်။ သို့နှင့်ပင် သူသည် ဘရောချစ်၏ အကြံပေးရေး ဝါဒ ကို လုံးဝပြစ်တင် ရှုတ်ချခဲ့ရုံမျှမက၊ နိုဝင်ဘာ ၁၂-ရက်နေ့တွင် သတ်မှတ်ထားသော တိုက်ခိုက်ရေး အစီအစဉ်များကို ထပ်မံ အတည်ပြုကာ အသေးစိတ် ပြင်ဆင်မှုများ အတွက် အမိန့်များပင် ထပ်ထုတ်ခဲ့သည်။

သို့နှင့် နိုဝင်ဘာလ ၇-ရက်နေ့သို့ ရောက်ရှိလာခဲ့သည်။

ဤနေ့ ဤရက်သည် လွန်ခဲ့သော ၁၉၁၂-ခုနှစ်က နာဇီ

www.burmeseclassic.com

www.burmeseclassic.com

ပါတီ အနေဖြင့် ပထမဆုံးအကြိမ် [illegible] ကြိုးပမ်းခဲ့သော နှစ်ပတ်လည်နေ့ကြီး ဖြစ်သည် ('အောင်ပွဲ မဆ[illegible] ရဘဲ၊ ထောင်ထဲ ဝင်ခဲ့ရခြင်း'' ဟူသော အခန်းကို ပြန်ကြည့်ပါ)။ ဟစ်တလာသည် သူအာဏာ ရလာသည့် အချိန်မှစ၍ နှစ်စဉ်နှစ်တိုင်း ထိုနေ့ ထိုရက်တွင် အာဏာသိမ်းရန် ကြိုးပမ်းခဲ့စဉ်က ကျဆုံးခဲ့ရသော နာဇီပါတီဝင် ရဲဘော်များအား သတိရ ချီးကျူးဂုဏ်ပြုသည့် အခမ်းအနား တစ်ရပ်ကို ကျင်းပခဲ့သည်။

ယခုနှစ် နိုဝင်ဘာလ ၈- ရက်နေ့တွင်လည်း ထိုစဉ်က နာဇီပါတီဝင်များ စုရုံးခဲ့ကြသည့် ဘာဂါဘရောက်ကဲလား အဆောက်အအုံတွင် 'တော်လှန်ရေးနေ့ အခမ်းအနား' ကို ကျင်းပခဲ့ရာ နှစ်စဉ် နှစ်တိုင်း ကဲ့သို့ပင် ဟစ်တလာကိုယ်တိုင် တက်ရောက် ဟောပြောခဲ့သည်။

ဟစ်တလာသည် ထိုနေ့က တရားဟောရာတွင် ခါတိုင်းကဲ့သို့ စကားကြော ရှည်မနေဘဲ ခပ်တိုတိုပင်ပြော ခပ်စောစောပင် ပြန်သွားခဲ့သည်။ ထိုသို့ ခပ်တိုတိုပြော၍ ခပ်စောစော ပြန်သွားခဲ့ခြင်းမှာ ဟစ်တလာ အဖို့ အထူး ကံကောင်းသည်ဟု ဆိုရမည် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဟစ်တလာ ထွက်ခွာသွားပြီး ခဏမျှအကြာတွင် အဆိုပါ ဘာဂါဘရောက်ကဲလား အဆောက်အအုံကြီးမှာ ဗုံးပေါက်ကွဲ၍ တစ်ခါတည်း ပြိုလဲ ပျက်စီး သွားခဲ့သောကြောင့် ပေတည်း။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် တော်လှန်ရေး အခမ်းအနားသို့ တက်ရောက်လာသော နာဇီ ပါတီဝင် အများ အပြား ထိခိုက်သေကြေ၍ ဒဏ်ရာအနာတရ ဖြစ်ခဲ့ကြသည်။

ဤ မြူနစ်မြို့မှ ဗုံးပေါက်ကွဲမှု သတင်းကြီးသည် အခြား ဂျာမန် ခေါင်းဆောင်ကြီးများနှင့် စစ်ဘက်အရာရှိများကို တုန်လှုပ်ချောက်ချား စေရုံမျှမက၊ ဟစ်တလာ ဆန့်ကျင်ရေး ဂိုဏ်းသားများ ဗိုလ်ချုပ်ကြီးများပင် အထိတ်တလန့် တအံ့တသြ ဖြစ်သွားကြရသည်။

အဘယ့်ကြောင့်ပါနည်း။ ဤ ဗုံးပေါက်ကွဲမှုကြီးမှာ ၎င်းတို့၏ လက်ချက်ကြောင့် မဟုတ်ပါလော။

စင်စစ်အားဖြင့် မြူနစ်မြို့ ဗုံးပေါက်ကွဲမှုကြီးသည် ဟစ်တလာ ဆန့်ကျင်ရေး ဂိုဏ်းသားများ၏ လက်ချက် လုံးဝ မဟုတ်ဘဲ ဂျာမန် ဂက်စတာပို စုံထောက် များ၏ လက်ချက် ဖြစ်သည်။ သူတို့သည် ဟစ်တလာအား တကယ်လုပ်ကြံခဲ့ကြခြင်း မဟုတ်၊ ဤဗုံးပေါက်ကွဲမှု သတင်းကြောင့် ဟစ်တလာကို ပို၍ နာမည်ကြီးအောင် သူ ပြန်သွားချိန်တွင် တမင် လုပ်ကြံ၍ ဗုံးဖေါက်ခဲ့ကြခြင်း ပင်တည်း။

စင်စစ် ဤ 'ဟန်ဆောင် လုပ်ကြံမှုကြီး' ကို ဟစ်တလာ ပင် သိဟန်မတူ။ အဘယ့်ကြောင့် ဆိုသော် ဟစ်တလာသည် အဆိုပါ တော်လှန်ရေး အခမ်းအနားမှ ပြန်အလာ မီးရထားပေါ်တွင် ဗုံးပေါက်ကွဲမှု သတင်းကြီးကို ကြားရသော အခါ မျက်လုံး မြူးကာ အထိတ်တလန့် ဖြစ်သွား ခဲ့သော ကြောင့်ပင် ဖြစ်သည်။ သို့သော် နောက်ဆုံးတွင် သူသည် အသက်ဘေးမှ သီသီကလေး လွတ်လာခဲ့သည်ကိုပင် အထူး အားရကျေနပ်လှ၍ 'ကျုပ် ဒီအဆောက်အအုံက ခါတိုင်းထက်စောပြီး ထွက်လာခဲ့မိတာ ဘုရားသခင်က ကျုပ်ကို ကူညီစောင့်ရှောက် လိုက်တာဘဲ။ ဒါဟာ ကျုပ်အတွက် ကျုပ်ရဲ့ ရည်မှန်းချက်ကို မုချ ရောက်အောင် သွားနိုင် လိမ့်မယ် ဆိုတာ ပြတာပဲ' ဟူ၍ပင် ပြောလိုက်သေးသည်။

ဟစ်တလာသည် မည်သို့ပင် ပါးစပ်က ပြောခဲ့သော်လည်း သွေးနှင့်သားနှင့် လူသားတစ်ယောက်ပင်ဖြစ်ရာ၊ သူ့ အသက်အန္တရာယ် ကို လုပ်ကြံခံရသည့် အတွက် စိတ်ထဲတွင် ပထမဆုံးအကြိမ် အထိတ် တလန့် ဖြစ်ခဲ့ဟန် တူသည်။

အထက်ပါ ဗုံးပေါက်ကွဲမှုကြောင့် ပင်လော၊ သို့မဟုတ် စစ်ဦးစီး ဌာနချုပ်မှ ဗိုလ်ချုပ်ကြီး အချို့၏ သဘောမတူမှုကြောင့် ပင်လော ဟူ၍ တိတိကျကျ မသိရသော်လည်း နိုဝင်ဘာလ ၁၂-ရက် နေ့တွင် ဂျာမန်တပ်သားများကို ထိုးစစ် ဆင်နွှဲရန် ဟူသော မူလ ရက်အချိန်သတ်ချက်ကို ရွှေ့ဆိုင်းဖြစ်ခဲ့သည်။

သို့သော် ဤသည်မှာလည်း သူ၏ မူလအကြံအစည်ကို လုံးဝ စွန့်ပစ်လိုက်ခြင်း မဟုတ်သေးဘဲ အချိန်အခါ နှင့် အခြေအနေကို စောင့်ကြည့်ရန်သာ ရက်ရွှေ့ခဲ့ခြင်း ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် နိုဝင်ဘာ ၂၀-ရက်နေ့တွင် ဂျာမန် တပ်သားများအား လုံး

www.burmeseclassic.com

www.burmeseclassic.com

'အသင့်' ရှိနေကြရန် အမိန့် ညွှန်ကြားချက် အမှတ် ၈ ကို ထုတ်ပြန်ခဲ့ပြီးနောက် ၂၃-ရက်နေ့တွင် ကြည်း ရေ လေ ဗိုလ်ချုပ်ကြီးများကို ထပ်မံခေါ်ယူ တွေ့ဆုံပြန်သောကြောင့် ဖြစ်သည်။

သူသည် ဗိုလ်ချုပ်ကြီးများကို ယခင်အကြိမ် တွေ့စဉ်ကကဲ့သို့ပင် လျှပ်တစ်ပြက်တိုက်စစ်ကြီး ဆင်နွှဲရေးအတွက် ပြင်ဆင်ရန်လိုအပ်ကြောင်း ထပ်မံ ရှင်းပြပြန်သည်။

"အခု လက်ရှိ အခြေ အနေဟာ အလား အလာ အကောင်းဆုံးဆိုတာ အဖက်ဖက်က ကြည့်ရင် သိနိုင်တယ်။ နောက် ၆ လ အတွင်းဆိုရင် ဒီ အခြေအနေမျိုး ဒီ အလား အလာမျိုးဟာ မရှိတော့ဘူး၊ ကျုပ် ဆုံးဖြတ်ချက်ကတော့ ပြောင်းလို့ မဖြစ်နိုင်ဘူး။ ကျုပ်ဟာ ပြင်သစ်နဲ့ အင်္ဂလန်ကို အကောင်းဆုံးအချိန် ရွေးပြီး အမြန်ဆုံးတိုက်ဖို့ စီစဉ်ပြီးပြီ"

(ဟစ်တလာ၏ မိန့်ခွန်းများ၊ စာမျက်နှာ-၄၉)

အထက်ပါအတိုင်း ဟစ်တလာသည် သူ၏ ထိုးစစ်ဆင်ရေး အစီအစဉ်ကို လက်မလျှော့ဘဲ ဆုတ် ကိုင် မြဲ ဆုတ် ကိုင်ထားခဲ့ရာ ဗိုလ်ချုပ်ကြီး ဘရောချစ်မှာ ဟစ်တလာအား ပြောမရသည့် အဆုံး စိတ်ပျက်လက်ပျက် ဖြစ်ကာ ထိုနေ့က ဟစ်တလာနှင့်တွေ့ဆုံပြီး နောက် ရာထူး နှုတ်ထွက်စာ တင်ခဲ့သည်။

သို့နှင့်ပင် ဂျာမန် ဗိုလ်ချုပ်ကြီးများမှာ ဟစ်တလာလုပ်သမျှ မျက်စိကိုမှိတ်၍ လိုက်လုပ်ကြရန်သာ ရှိနေကြသည်။ သူတို့အတွက် အားထားရန် တစ်ခုသာ ကျန်သည်။ ၎င်းမှာ ဥရောပတိုက်၏ ဆိုး ဝါး ပြင်း ထန် လှသော ဆောင်းရာသီပင် ဖြစ်သည်။ အကယ်၍ ၁၉၃၉-၄၀-ခုနှစ်၊ ဆောင်းရာသီသည် ဆိုးဝါးပြင်းထန်စွာ ကျရောက် လာပါက ဟစ်တလာသည် သူ၏ ထိုးစစ်ဆင်ရေး ပြင်ဆင်မှုများကို မုချ ရွှေ့ဆိုင်းရလိမ့်မည်ဟု သူတို့က မြော်လင့် အားထား တွက်ဆ နေကြသည်။

ဤအတောအတွင်း ဟစ်တလာအား စိတ်အနှောင့် အယှက် ဖြစ်စေသော အကြောင်းတစ်ရပ် ပေါ်ပေါက်လာသည်။ ၎င်းမှာ



[illegible]ခြားမဟုတ် သူ၏ မဟာမိတ်ကြီး မူဆိုလီနီထံမှ သူ့ထံသို့ ပေးပို့[illegible]က်သော စာတစ်စောင်ပင် ဖြစ်သည်။

မူဆိုလီနီသည် ယခင် အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း [illegible]စ်တလာ၏ လုပ်ဆောင်ချက်များ အပေါ်တွင် မကြိုက်တစ်ဝက် [illegible]ကြိုက်တစ်ဝက်ဖြင့် ဟစ်တလာကို မပေါင်းလည်းခက်၊ ပေါင်းလည်း [illegible]က် ဖြစ်နေခဲ့သည်။ မိမိ အတန်တန် တားဆီး နေသည့် အထဲက [illegible]ထွေထွေ စစ်ပွဲကြီး ဆင်နွှဲခဲ့သည့်အတွက် ဟစ်တလာကို သဘော [illegible]ကျဘဲ ဖြစ်နေသည်။ ထို့ထက်ပို၍ ဂျာမန်ဆိုဗီယက် စာချုပ် ချုပ် ဆိုပြီး နောက်ဆုံး ပိုလန်ပြည်၏ ထက်ဝက်နီးပါးမျှ ဆိုဗီယက်ယူနီယံ [illegible]က်သို့ ဟစ်တလာက ထိုးအပ်ခဲ့သည်ကိုလည်း လုံးဝ မကျေနပ်ခဲ့။ [illegible]ခုလည်း အရှေ့ဘက် စစ်မျက်နှာတွင် ဆိုဗီယက်ယူနီယံကို စိတ်ချ [illegible]က်ချ လွှဲထားပြီး၊ အနောက်ဘက် စစ်မျက်နှာဖွင့်ရန် ဟစ်တလာ [illegible]စဉ် နေသည်ကို သဘောမတူဘဲ ရှိနေသည်။

"မည်သို့ပင် ဖြစ်စေ၊ ပိုလန်နှင့် ဘောလတစ် ဒေသတွင် သေနတ်တစ်ချက်မျှ မဖောက်လိုက်ရဘဲ အမြတ်ထွက်ခဲ့သူမှာ ရုရှားတို့ပင် ဖြစ်သည်၊ နှစ်ပေါင်း များစွာက သစ္စာ လွှင့်ထူလာခဲ့သော ဘော်ရှီဗစ်၊ ဆန့်ကျင်ရေးနှင့် ဂျူး ဆန့်ကျင်ရေး အောင်လံများကို သင် စွန့်ပစ်နိုင်လိမ့်မည် မဟုတ်ဟု ကျွန်ုပ် တစ်ထစ်ချ ယူဆပါသည်။ ထို့ပြင် သင်နှင့် ဆမ်ဗောကိုတို့ ဆက်ဆံရေးကို ရှေ့တစ်လှမ်းသာ တိုးခဲ့ပါက အီတလီပြည်တွင် ရုတ်တရက် ဆိုးဝါးသော အန္တရာယ်များ ကျရောက် ဖြစ်ပေါ်လာနိုင်သည်ကို ထပ်လောင်း ဖော်ပြရန်မှာ ကျွန်ုပ်၏ တာဝန်ပင် ဖြစ်ပါသည်"

(ဟစ်တလာနှင့် မူဆိုလီနီ၊ စာမျက်နှာ ၃၃-၃၉)

၁၉၄၀-ခုနှစ် ဇန်နဝါရီလ ၄-ရက် နေ့စွဲဖြင့် ဟစ်တလာထံ [illegible]ပို့ခဲ့သော စာတွင် မူဆိုလီနီသည် ဂျာမန်နှင့် ဆိုဗီယက်တို့ [illegible] စာချုပ် ချုပ်ဆိုခဲ့ခြင်းကို အထက်ပါ အတိုင်း အ[illegible]လင်း [illegible]ကွက်ခဲ့ရုံမျှမက အတော်ယုတ်ကအနောက်ဘက် စစ်မျက်နှာတွင် ထိုးစစ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်နွဲလာပါက အမေရိကန် ပြည်ထောင်စုသည် ဤစစ်တွင် ဒီမိုကရေ
နိုင်ငံများဘက်မှ ပါဝင် ရပ်တည်လာဖွယ်ရာ ရှိသည်ဟူ၍ပင် ယော
က်နီး ထုတ်ပြန်လိုက်သေးသည်။

စင်စစ် ဟစ်တလာ အနေဖြင့်လည်း ဂျာမန် ဆိုဗီယက် စာ
ချုပ် ချုပ်ဆိုခဲ့ရာ၌ ဆိုဗီယက်ကို တကယ့် ထာဝစဉ် မဟာမိတ် အဖြ
သဘောထား လို၍ မဟုတ်ဘဲ၊ အနောက်ဘက် စစ်မျက်နှာတွ
အင်္ဂလိပ် ပြင်သစ်တို့အား ထိုးစစ်ဆင်လိုသဖြင့် အရှေ့ဘက်စစ်မျ
နှာတွင် ဆိုဗီယက်ကို ယာယီ မဟာမိတ် အဖြစ် ထားရှိခြင်းပ
ဖြစ်သည်။ ထို့ပြင် အနောက်ဘက် စစ်မျက်နှာ ထိုးစစ် အတွ
လိုအပ်သော စားနပ်ရိက္ခာနှင့် တကွ စစ်အတွက် အသုံးဝင်သော
ကုန်ကြမ်း ပစ္စည်းများကိုပါ ဆိုဗီယက် ယူနီယံမှ ရရှိလိမ့်မည်ဟု
တစ်ထစ်ချ တွက်ဆထားသည်။ ဤသို့အားဖြင့် သူသည် ဆိုဗီယ
ယူနီယံနှင့် မဟာမိတ် စာချုပ် ချုပ်ဆိုရာတွင် စစ်ရေး၊ နိုင်ငံရေး
သေနင်္ဂဗျူဟာ အမြင်အရပါ တွက်ချက်ခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်ရာ သူသည် မုဆိုလီနီ၏ အကြံပေးချက် သတိပေးချ
များကို ဘေးချိတ်ထား မူလ ကြံရွယ်ချက် အတိုင်း အနောက်ဘ
စစ်မျက်နှာတွင် ထိုးစစ်ကြီး ဆင်နွဲရန် အချိန်ကောင်းကိုသာ စော
ဆိုင်းနေခဲ့သည်။ အဘူးသဖြင့် ၁၉၃၉–၄၀ ခုနှစ်၏ ဆောင်းဝါးလှသော
ဆောင်းရာသီ ကုန်ဆုံးမည့် အချိန်ကိုသာ မျှော်လင့်နေခဲ့သည်။

ဟစ်တလာသည် ထိုသို့ ဆောင်းရာသီ ကုန်ဆုံးအောင် စော
ဆိုင်းနေရာ၌ အလဟဿ အချိန်ကို ထိုင်ဖြုန်း မနေခဲ့ပေ။ ဤရ
များအတွင်း သူသည် အခြား ကြီးကျယ်သော လုပ်ငန်းတစ်ခု
လုပ်ခဲ့သေးသည်။ ယင်း လုပ်ငန်းကား "ဂျူးလူမျိုးများ၏ ပြဿ
အပြီးသတ် ဖြေရှင်းရေး" ဟူ၍ အမည်ပေးထားသော ဂျူးတစ်မျိုး
လုံး သုတ်သင်ပစ်ရေး စီမံကိန်းကြီးကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်

သူသည် ဤစီမံကိန်းကြီးအတွက် ရှပ်နက် လုံခြုံရေး တပ်
ကြီး ဗိုလ်ချုပ်ကြီး ဟင်းမလားကို အစစ အရာရာ လိုအပ်သော
ညွှန်ကြားချက်များ ပေးအပ်ကာ "ဂျာမန် အမျိုး အနွယ်များ သ
စင် ကြီးထွားရေး" ဌာနချုပ်တစ်ခုကို ဖွင့်လှစ် လုပ်ကိုင်စေခဲ့သည်

ဤ "ဂျာမန် အမျိုးအနွယ်များ သန့်စင်ကြီးထွားရေး" ဌာန
ချုပ်၏ လုပ်ငန်းကား ဂျာမန်တို့ သိမ်းပိုက်ထားသော ဩစတြီးယား၊
နှင့် ပိုလန်ပြည်များမှ ဂျူးလူမျိုး မှန်သမျှကို တစ်ယောက်မကျန်
သိမ်းကာ ချေးတပ် အကျဉ်းစခန်းများသို့ ပို့ဆောင်၍ အသက်
ာ သေအောင် နှိပ်စက် ညှဉ်းဆဲ သတ်ဖြတ်ရသော အလုပ်ပင်
သည်။

ထိုသို့ ဂျူးလူမျိုး သုတ်သင်ရေး လုပ်ငန်းများကို စံနစ်တကျ
ကိန်းချ၍ လုပ်ဆောင်ခဲ့ရာ၌ ပိုလန်ပြည် အော့စ်ဝစ်ဇ် အကျဉ်း
န်းမှာ နာမည်အကြီးဆုံး ဖြစ်ခဲ့သည်။

ထိုအကျဉ်းစခန်း ငရဲခန်းတွင် လုံခြုံရေး တပ်မှူး ဗိုလ်မှူးကြီး
တ်ခ်မန်း၏ အစီအစဉ်ဖြင့် အဆိပ် ဓာတ်ငွေ့ခန်းကြီး များ ဆောက်
ာ ဂျူးများကို နေ့စဉ် ထောင်နှင့်ချီ၍ သတ်ဖြတ်ခဲ့ကြသည်။
ို အဆိပ်ဓာတ်ငွေ့ဖြင့် သတ်ရာ၌ ဂျူးများမှာ အစ ပထမတွင်
ဆိပ်ဓာတ်ငွေ့ခန်းကြီးများကို "ကျန်းမာရေး ဆေးစစ်ခန်း" "ရေ
ခန်း" ဟူ၍ ဆိုင်းဘုတ်များ ရေးဆွဲထားသဖြင့် တကယ်ပင် ရေ
ခန်းများ၊ ဆေးစစ်ခန်းများဟု ထင်မှတ် ခဲ့ကြသည်။ သို့သော်
မှတ်ထားသည့် ဂျူးလူမျိုးများကို အရေအတွက်နှင့် ထိုအခန်း
များထဲသို့ ခေါ်ဆောင်လာပြီး လူပြည့်သည်နှင့် တစ်ပြင်နက်
ပ်မှ တံခါးကို လေအလုံပိတ်ကာ အဆိပ်ငွေ့များကို စတင်လွှတ်
ည်။ အချိန်စေ့၍ ထို တံခါးကြီးများကို ဖွင့်လိုက်သောအခါ
း လော ကျိုး၊ မိန်းမနှင့် ကလေး များ မှာ မြင်မ ကောင်း
ကောင်းအောင် အလောင်းချင်း ထပ်၍ သေနေကြသည်ကို တွေ့
ရသည်။

ထိုသို့ နေ့စဉ်နှင့်အမျှ ဂျူးများကို အဆိပ်ငွေ့လွှတ်၍ သတ်ခဲ့
ာ တစ်ခါက လူသတ်ကောင် အိုက်ခ်မန်း၏ မျက်စိအောက်တွင်
လူမျိုးပေါင်း ၆၀၀၀-ခန့်မှာ ၂၄–နာရီအတွင်း မရှုမလှ အဆိပ်
သင့်၍ သေခဲ့ကြရသည်။

ဂျူးများကို သတ်ဖြတ်ရာ၌ လုံးဝ တာဝန်ယူ စီစဉ်ရသော





www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီး အိုက်ခ်မန်းမှာ သူ၏ လူသတ်လုပ်ငန်းတွင် အထူး စိတ်ဝင်စားသူ ဖြစ်သည်။

သူသည် ဂျူးများကို နေ့စဉ်နှင့်အမျှ ထောင်ချီ၍ သတ်နိုင်သော်လည်း၊ ထိုအလောင်းများကို ဖျောက်ဖျက်ပစ်ရာ၌ အခက်အခဲ တွေ့နေရသည်။ ပထမတွင် ထိုအလောင်းများကို ကြီးမားလှသော တွင်းကြီးများ တူးကာ၊ ကျင်းကြီးတစ်ခုလျှင် အလောင်းပေါင်း တစ်ထောင်မှ နှစ်ထောင် မြှုပ်နှံစေခဲ့သည်။

သို့သော် နေ့စဉ် အဆိပ်ငွေ့ လွှတ်၍ သတ်ခဲ့သော အလောင်းများကို ထိုသို့ မြေမြှုပ်ရာ၌ အထူးပင် တာဝန်ကြီးလှသဖြင့် နောက်ထပ် တစ်မျိုး ကြံခဲ့ရပြန်သည်။

ထိုအကြံမှာ အခြား မဟုတ်၊ မီးသင်္ဂြိုဟ်သည့် စက်ကြီးများကို ဆောက်လုပ်၍ အလောင်းများကို တစ်ခါတည်း လက်စ ပျောက်အောင် ပြာချ၍ ပစ်သည့်နည်း ဖြစ်သည်။

နောက်ဆုံးတွင် သူ၏ ရက်စက်လှသော အကြံအစည်သည် တကယ်လက်တွေ့ အကောင်အထည် ဖော်ခဲ့သည် ဖြစ်ရာ အဆိုအောက်ဝစ်၏ အကျဉ်းစခန်းမှ ငရဲခန်းများတွင် နေ့စဉ် လူသတ်လုပ်ငန်းကို ခေတ်မီသည် နည်းဖြင့် ပြုလုပ်ခဲ့၍ ပိုလန်ပြည် တစ်ပြည်ထဲတွင် ဤသို့သော ငရဲခန်းများ၌ လူပေါင်း ၂-သန်းကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။

ထို့ပြင် အခြား ဥရောပ တိုင်းပြည်များမှ ဂျူးများကိုလည်း တွေ့သမျှ မြင်သမျှ 'အကုန်ဖမ်း ကုန်သတ်' ကြရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျူးလူမျိုးပေါင်း ၆-သန်းကျော်တို့မှာ နားမထောင်ထက်ချက်ဖြင့် မရှုမလှ သေဆုံးခဲ့ကြရသည်။

ဤသို့ အားဖြင့် ဟင်းမလာ၏ ရုပ်နက်တပ်သားများ အားသူတို့၏ ဦးထုပ်တွင် တပ်ဆင် ထားကြရသော လူဦးခေါင်းနှင့် လက်ဖျံရိုး နှစ်ချောင်း တံဆိပ်မှာ ယခုမှပို၍ အဓိပ္ပာယ်ရှိလာသည်ကို တွေ့ကြရသည်။ အဘယ့်ကြောင့် ဆိုသော် ရုပ်နက် လုံခြုံရေးတပ်ဖွဲ့၏ အဓိက လုပ်ငန်းမှာ ပါးကွက် အားထားသား လူသတ်ကောင်များ၏ အလုပ်သာ ဖြစ်ခဲ့သောကြောင့် ဖြစ်သည်။



ဟင်းမလားသည် သူ၏ သူ့လက်ထောက် လူသတ်ကောင် ထစ်ပြောက်ဖြစ်သော အဒေါ့ဖ် အိုက်ခ်မန်း၏ စွမ်းဆောင်ချက်ဖြင့် နာဇီတို့ သိမ်းပိုက်ထားခဲ့သော တိုင်းပြည်များမှ ဂျူးမှန်သမျှကို ဖမ်းဆီး၍ အကျဉ်းစခန်းများသို့ ပို့ဆောင်ကာ ညှဉ်းဆဲ သတ်ဖြတ်စေခဲ့သည်။

ဤသို့ဖြင့် ထောင်သောင်းများသော ဂျူးအဖိုးကြီး၊ အဖွားကြီးများ၊ ယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ်များကို တင်ဆောင်လာသော မီးရထားတွဲကြီးသည် ဆိုးရွားပြင်းထန်လှ၍ ဆီးနှင်းများ အထပ်ထပ် ကျနေသည့် ဆောင်းရာသီ နေ့ရက်များတွင် ပိုလန်ပြည်ရှိ အကျဉ်းစခန်း ငရဲခန်းများ ရှိရာသို့ တစ်စင်းပြီး တစ်စင်း ခုတ်မောင်းနေကြသည်ကို တွေ့မြင်ကြရသည်။

ဂျူးများမှာ ရထားတွဲပေါ်တွင် ငါးပိငါးချဉ်သိပ်၊ ပြွတ်သိပ်၍ တင်ဆောင်လာခြင်း ခံရသည့်ပြင် လမ်းခရီးတွင် အစာရေစာ အငတ်ငတ် အပြတ်ပြတ် ဖြစ်ကြ၍ ဆောင်းရာသီဥတုမှာ သွေးခဲလောက်အောင် ခိုက်ခိုက်တုန် အေးချမ်းလှသည်ဖြစ်ရာ အကျဉ်းစခန်းများသို့ မရောက်မီ လမ်းခုလတ်မှာပင် မချိမဆန့်မရှုမလှ သနားဖွယ်ရာ သေဆုံးခဲ့ကြရရှာသည်။

ထိုစဉ်က ထိုဂျူးလူမျိုးများကို ကျွန်ုပ်တိရစ္ဆာန်များပမာ တင်ဆောင် ခုတ်မောင်းလာသော မီးရထားတွဲကြီး နှစ်စင်းကို ဘရက်စလော်မြို့ ဘူတာရုံတွင် အမှတ်မထင် တွေ့မြင်လိုက်ရသော ဒပ်ချ်အမျိုးသားတစ်ယောက်က အောက်ပါအတိုင်း ကြေကွဲဖွယ်ရာ ဖော်ပြရေးသားခဲ့သည်။

"မမှာမကျန်း ဖြစ်နေသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကို ရင်ခွင်ပိုက်ထားကြသည့် သားသည်အမေများသည် သစ်သားတန်းများရိုက်၍ ကာထားသည့် ကျွဲနွား တိရစ္ဆာန်များ တင်ရသော တွဲကြီးများပေါ်တွင် ပြည့်ကျပ်ပြွတ်သိပ်နေကြပါသည်။ ကျွန်ုပ်စီးလာသော ရထားပေါ်မှနေ၍ ကြည့်လိုက်လျှင် ထိုတွဲပေါ်မှ လူများ၏အခြေအနေမှာ ကြောက်စရာကောင်းလောက်အောင် ဖြစ်နေသည်ကို တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com

နေရပါသည်။ ကျွန်ုပ်တို့ မီးရထားမှာ အလံမချိုးသေးသဖြင့် ဘူတာသို့ မဝင်ရသေးဘဲရှိနေရာ ရထားလမ်းခွဲ တစ်ခုတွင် ဆိုက်ထားသော ထိုရထားတွဲများပေါ်မှ "ကယ်ပါ-ယူပါ" တစာစာနှင့် အော်ဟစ်ငိုယိုနေကြသံများကို အတိုင်းသား ကြားနေရပါသည်။

သားသည်အမေ ဂျူးအမျိုးသမီးတစ်ယောက်က သူမက ဗီယင်နာမြို့ရှိ နေအိမ်မှ လွှန်ခဲ့သည့် တစ်ပတ်လောက်ကပင် ဖမ်းဆီး ခေါ်ဆောင်လာပြီး မြို့ပြင်ဘက်ရှိ သစ်လုံးများ ထူထပ်စွာ ကာထားသော ဝင်းကြီးအင်ခုထဲတွင် အခြား လူပေါင်း မြောက်မြားစွာတို့နှင့်အတူ ဆင်းရဲဒုက္ခကြီးစွာဖြင့် နေခဲ့ရကြောင်း၊ နောက်မှ ဓလော်ရီကားကြီးများ ရောက်လာ၍ ဘူတာရုံသို့ လိုက်လာခဲ့ရပြီး ယခုကဲ့သို့ ရထားတွဲကြီးများဖြင့် တင်ဆောင်လာခြင်း ခံကြရကြောင်းကို သနားစဖွယ် ပြောပြ နေရှာပါသည်။ သူတို့သည် ဤရထား တွဲများပေါ်တွင် လိုက်ပါလာခဲ့ရာ ၂-ရက်မျှ ရှိပြီ ဖြစ်၍ အစားအသောက်မှာ လမ်းခရီးတွင် တစ်ကြိမ်သာ စားကြရသည်ဟု ဆိုပါသည်။

သူမ၏ပြောပြချက်အရ၊ အချို့ကလေးများမှာ တွဲပေါ်တွင် လူများ မြွတ်သိပ်ပြည့်ကျပ်နေသဖြင့် အသက်မရှူနိုင်ဘဲ မွန်းကုန်-ဓမ့ကုန် ကြရှာသည်ဟု သိရပါသည်။ လုံခြုံရေး ရှပ်နက်တပ်သား ဂျာမန် အစောင့်တပ်သားများကလည်း လူများကို တွဲထဲသို့ အတင်း ထိုးသိပ်ပြီး တံခါးကြီးများကို ကန့်လန့်ထိုးပစ်ကြပါသည်။ ကလေးတစ်ယောက် နှစ်ယောက် အပြင်ဘက်တွင် မေ့ကျန်နေရစ်သည်ကိုလည်း ၎င်းတို့ ဂျာမန် စစ်သားများက လူအုပ်ကြီး၏ ခေါင်းပေါ်သို့ ထိုကလေး ငယ်များကို ဆွဲကိုင်ပစ်သွင်း ပေးလိုက်သည်ဟု ဆိုပါသည်။

ထိုနေ့ ထိုရက်များက ရာသီဥတုမှာ အေးမြလွန်းလှသည် ဖြစ်ရာ ညဘက်ကျလျှင် သူတို့တစ်တွေ မည်မျှ ဒုက္ခရောက်မှာ ကြမည်ကို မတွေးဝံ့လောက်အောင်ပင် ဖြစ်မိပါသည်။

ဘူတာရုံထဲသို့ ကျွန်ုပ်တို့ရထား ဆိုက်ပြီးသော အခါ ကျွန်ုပ်



သည် ရုံပိုင်ထံသို့ သွား၍ ထိုရထားတွဲများပေါ်မှ အခြေ အနေကို သူ့အား ပြောပြပါသည်။ သို့သော်-သူသာမျှ မတတ်နိုင်ဟု ဆိုပါသည်။ ထိုရထားများမှာ ဂျာမန် လုံခြုံ ရေး တပ်ဖွဲ့က လုံးဝ တာဝန်ယူ အုပ်ချုပ်နေသော ရထား များဖြစ်ကြောင်း၊ ထိုရထားတွဲများကို ဘူတာရုံတွင် ဆိုက် ထားရန် ကျပ်တည်းစွာ အမိန့်ထုတ်ထားကြောင်း၊ အကယ်၍ ခရီးဆက်မသွားနိုင်သေးပါက ဘူတာ၏ပြင်ဘက် လမ်းခွဲများ တွင် တွဲ ထိုးထားရမည် ဖြစ်ကြောင်း၊ သို့မှသာ ထိုရထား တွဲများပေါ်မှ ဂျူးများ၏ ဆိုးရွားလှသော အခြေအနေ များကို လူများ မမြင်တွေ့ရဘဲရှိမည်ဖြစ်ကြောင်းဖြင့်ဆိုင်ရာက ညွှန်ကြားထားသည်ဟု ဆိုပါသည်။

ရုံပိုင်ကို ကြည့်ရသည်မှာ စိတ်ကောင်း နှလုံးကောင်း ရှိဟန်တူပါသည်။ သူ၏ပြောပြချက်အရ ဤဘူတာမှ ဖြတ်သန်း သွားရသော ရထားတွဲများပေါ်တွင် လမ်းခုလတ်၌ အစာ ရေစာငတ်၍သော်လည်းကောင်း၊ နှင်းများ၏ အအေး ဒဏ် ကြောင့်သော်လည်းကောင်း အကုံးအရုံးသေဆုံးနေကြသည်ကို တွေ့ရသည်ဟု သိရပါသည်။ ထိုဂျူးများလိုက်ပါပြီး အပြန်တွင် ထိုရထားတွဲများ အပေါ်၌ သေးကွက်ကြီးများ အများ အပြား တွေ့မြင်ရ၍ တစ်ခါကဆိုလျှင် မွေးခါစ ကလေး ငယ်ကလေး၏ အလောင်းများပင် တွေ့ရသည်ဟု ဆိုပါသည်။ ထိုသို့ ဖြစ်ရသည်မှာလည်း ထို ကလေးငယ် များ၏ အလောင်းများကို ဂရုတစိုက် ဖယ်ရှား ရှင်းလင်း ပစ်ရန် မတတ်နိုင်ကြ၍သော်လည်းကောင်း၊ သို့မဟုတ် ရထားတွဲများ ကို နောက်တစ်သုတ် ဂျူးများ တင်ရန်အတွက် အရေးတကြီး ပြန်မောင်းလာခဲ့ရ၍သော်လည်းကောင်း ဖြစ်ဟန်တူကြောင်း စသည်ဖြင့် ပြောပြပါသည်"

ဤနေ့ ဤရက်များသည်ကား၊ ဖက်ဆစ် အာဏာရှင် ဟစ်တ လာ၏ လက်ချက်ဖြင့် ဥရောပတိုက်တွင် သွေးချောင်းစီးခဲ့သော နေ့ရက် များ ဖြစ်ခဲ့ရပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com





## ပဲရစ်မြို့တော် ကျဆုံးခြင်း

ဟစ်တလာသည် အနောက်ဘက် စစ်မျက်နှာတွင် ထိုးစစ်ဆင်ရေးကို ၁၉၃၉-၄၀ ခုနှစ် ဆောင်းရာသီတွင် မပြုလုပ်နိုင်ခဲ့ခြင်းမှာ အဓိကအားဖြင့် ရာသီဥတု ဆိုးဝါးမှု တစ်ခုတည်းကြောင့်မဟုတ်ပေ။

သူသည် ၁၉၄၀-ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၀-ရက်နေ့ တစ်ကြိမ်၊ ထိုးစစ်ဆင်နွှဲရန် ကြံစည် ခဲ့သေးသည်။ ထိုနေ့ ထိုရက်များတွင် ထိုးစစ်ဆင်နွှဲရန် အမိန့်ကို ဇန်နဝါရီလ ၁၀-ရက်နေ့က ထုတ်ပြန်ခဲ့သည်။

သို့သော် ထိုအမိန့်များ ထုတ်ပြန်ခဲ့သည့်နေ့မှာ "ဂျာမန် ...... ဦးစီးအဖွဲ့ဝင် အရာရှိတစ်ဦး စီးနင်းလိုက်ပါသော ... ယာဉ်ပျံမှာ ဘယ်လ်ဂျီယံပြည်ထဲသို့ အတင်းအဓမ္မ မ... ရှာင်မလွှဲသာဘဲ ထိုးဆင်းခဲ့ရသည်။ အဆိုပါ ဂျာမန်ဗိုလ်မှူး အရာရှိ၏ အိတ်ထဲ၌ ဟစ်တလာ၏ အနောက်ဘက် စစ်မျက်နှာ ထိုးစစ်ဆင်ရန် အမိန့်များပါသွားခဲ့ရာ သူသည် အဆိုပါ စာရွက် စာတမ်းများကို မီးရှို့ဖျက်ဆီးရန် ကြိုးစားခဲ့သော်လည်း တချို့တစ်ဝက်မှာ ဘယ်လ်ဂျီယံ အစိုးရ... ဖမ်းဆီးရမိသွားခဲ့၍ ဟစ်တလာ၏ စစ်ဆင်ရေး အမိန့်များ ပေါက်ကြား သွားခဲ့ရသည်။

ဤသို့ဖြင့် ဂျာမန်တို့၏ ထိုးစစ်မှာ ၁၉၄၀-ခုနှစ် မေလအထိ လက်ခံတွဲ အကောင်အထည် မပေါ်သေးဘဲ ဖြစ်ခဲ့ရသည်။



ဤအတောအတွင်း ဟစ်တလာသည် ယခင်က ချောင်ထိုးထား...သာ မူဆိုလီနီထံမှ စာကို ပြန်အောက်ကိုင်ကာ ပြန်စာ ရေးခဲ့...သည်။ ထိုစာကို ပေးရိုး ပေးစဉ် သံတမန်ဆရာရှိများမှ တစ်ဆင့်မပင် ...ခဲ့ဘဲ နိုင်ငံခြားရေး ဝန်ကြီး ရစ်ဘင်ထရော့ ကိုယ်တိုင် ရောမ...သို့ သွားရောက်ပေးစေခဲ့သည်။

သူသည်မိမိအပေါ်တွင် မူဆိုလီနီက မယုံတစ်ဝက် ယုံတစ်ဝက် "ယုံရခက်ကြီး" ဖြစ်နေသည်ကို သိထားသည်။ ဤစစ်ပွဲ စတင်...ခိုက် လာခဲ့ရာတွင်လည်း မူဆိုလီနီက လုံးဝ သဘော မတူဘဲ ...မ်းကုန် တားဆီးခဲ့သည်ကိုလည်း သတိထားမိသည်။ ယခု နောက် ...အနောက်ဘက် စစ်မျက်နှာတွင် ထိုးစစ်ဆင်ရန် မိမိ ကြံစည်...ကိုပင် မူဆိုလီနီက ဟန့်တား သတိပေးခဲ့ရာ ဟစ်တလာသည် ...လီနီကို အတတ်နိုင်ဆုံး ပြန်လည် စည်းရုံးရန် လိုအပ်သည်ဟု ...ဘော့ရကာ အဆိုပါ စာကို ပေးခဲ့ခြင်း ဖြစ်သည်။

"ဤ စစ်ပွဲကြီး ဖြစ်ပွားလာခဲ့ခြင်းသည် အီတလီပြည်၏ အနာဂတ် အရေးကို အဆုံးအဖြတ် ပေးလိုက်ခြင်း ဖြစ်သည်ကို ကျွန်ုပ် လုံးဝ သံသယ မဖြစ်ဘဲ ယုံကြည် မိပါသည်။ မကြာမီ တစ်နေ့နေ့တွင် အနေးနှင့်အမြန် ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး လက်တွဲ၍ တိုက်ပွဲဝင်ရန် ဖန်တီးလာဖွယ် ရှိနေပါသည်။ ဤ အချိန်အခါတွင် သင်သည် ဤလက်နက်ကိုင်ပဋိပက္ခကြီးမှ တိမ်းရှောင် လွှဲဖယ်၍ မရသည်ကို တွေ့ရှိလာရလိမ့်မည်။ ဤအခါတွင် သင်သည် ယခင်ကထက် ပို၍ ကျွန်ုပ်တို့ ဘက်သို့ ရောက်ရှိလာသည့် နည်းတူ ကျွန်ုပ်သည်လည်း သင်တို့ဘက်သို့ ရောက်ရှိလာမည်မှာ မုချ ဖြစ်ပါသည်"

("ဟစ်တလာမှ မူဆိုလီနီသို့ ပေးစာ")

မူဆိုလီနီသည် ဟစ်တလာထံမှ စာကိုဖတ်ပြီး အတော်အတန်...ထား ပြောင်းလဲသွားဟန် ရှိသည်ကို ရစ်ဘင်ထရော့မှ တစ်ဆင့်...တလာ သိရသည်။ သို့ဖြစ်ရာ မူဆိုလီနီကို ကိုယ်တိုင် ...ကိုယ်ကျ...ဆုံ၍ ချဉ်းကပ် စည်းရုံးလိုသဖြင့် ၁၉၄၀-ခုနှစ် မတ်လ ၁၈-

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့တွင် သူကိုယ်တိုင် အီတလီပြည် ဘရမ်းနား မြို့ကလေး၌ သွားရောက် တွေ့ဆုံခဲ့သည်။

အစဉ်သဖြင့် ဆီးနှင်းများ ဖုံးအုပ်နေသော တောင်ပေါ်မြို့ကလေး တစ်မြို့ဖြစ်သည့် ဘရမ်းနား မြို့ကလေးတွင် ဟစ်တလာသည် သူ၏ ရောင်းရင်း ရဲဘော်ရဲဘက်ကြီး မူဆိုလီနီနှင့် နှစ်ကိုယ်ကြား အားရပါးရ ရင်းရင်းနှီးနှီး စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်သည်။ ယခုအထိ မိမိ၏ အစီအစဉ်များမှာ တစ်ခုပြီးတစ်ခု ဆုံးရှုံးမှု မရှိဘဲ အောင်ပွဲတစ်ပွဲပြီးတစ်ပွဲ ခံနိုင်ခဲ့ပုံ၊ ပိုလန်ကို ဂျာမန်တပ်များ နှစ်ပတ်အတွင်း ရှပ်ရှပ်ချွန်ချွန် တိုက်ခိုက် ခဲ့ကြပုံများနှင့် တကွ အနောက်ဘက် စစ်မျက်နှာ ထိုးစစ်ကြီး အတွက် အဘက်ဘက် ပြင်ဆင်နေပုံများကို အားရပါးရ ပြောပြသည်။ နောက်ဆုံး ဤ စစ်ပွဲကြီးသည် မိမိတို့ ဂျာမနီနှင့် အီတလီ ပြည်ကြီးအား ဥရောပ တိုက်၏ လက်နက်နိုင်ငံကြီးများ အဖြစ် မုချ ပို့ဆောင်ပေးလိမ့်မည် ဖြစ်ကြောင်း စကားတက်ကိုး ပြောကြား၍ မူဆိုလီနီအား စည်းရုံး ခဲ့သည်။

သူ၏ စည်းရုံးရေးမှာ အောင်မြင်သည်ဟု ဆိုရမည် ဖြစ် သည်။ အဘယ့်ကြောင့် ဆိုသော် ဟစ်တလာနှင့် မူဆိုလီနီတို့ ထို တွေ့ဆုံ ဆွေးနွေးခဲ့ပြီး ဘရမ်းနားမြို့ ဘူတာရုံကလေးတွင် ရဲဘက်ကြီး မူဆိုလီနီအား ဟစ်တလာက ကျေနပ် ဝမ်းမြောက်လှသော အ အရာဖြင့် လက်တပြုပြု ခေါင်းတညိတ်ညိတ် နှုတ်ဆက် ထွက်ခွာလာ ပြီး၊ နောက် ၃-လမျှ အကြာ ၁၉၄၀-ခုနှစ် ဇွန်လ ၁၀-ရက်နေ့ တွင် အီတလီသည် အင်္ဂလိပ်၊ ပြင်သစ် တို့အား စစ်ကြေညာ၍ ဂျာမန်တို့ဘက်မှ ဝင်ရောက် တိုက်ခိုက် ခဲ့ကြသောကြောင့်တည်း။

ဟစ်တလာသည် ဤသို့ စစ်ပွဲကို တိုးချဲ့၍ အနောက်ဘက် စစ်မျက်နှာတွင် ထိုးစစ်ဆင်ရန် ပြင်ဆင် စိုင်းပြင်းနေသလို ဗြိတိသျှ တို့ကလည်း ဟစ်တလာ၏ စစ်ရေး သေနင်္ဗျူဟာကို ရင်ဆိုင်တုံ့ပြန် ရန် အကက်ဖက်မှ အားထုတ်လျက် ရှိနေခဲ့ကြသည်။

ဗြိတိသျှတို့ ရေတပ် ဗိုလ်ချုပ်ကြီးအဖြစ် တာဝန် ယူနေသူ ဖြစ်သော ဝင်စတန်ချာချီသည် ဟစ်တလာ၏ အကြံအစည်ကို ကြို



သက်ချက် သိရှိပြီးဖြစ်သည့် အလျောက် နော်ဝေပြည် ပိုင်နက် ဖြစ် သော ပင်လယ်ရေပြင်တွင် ဂျာမန် ရေငုပ်သင်္ဘောများ၏ ရန်မှ ကြိုတင် ကာကွယ်ရန် ရေမြှုပ်ဗုံးများ ပိုက်စိပ်တိုက်၍ ချထားရေး အစီအစဉ်ကို ဗြိတိသျှအစိုးရ အဖွဲ့သို့ ၁၉၄၀-ခု ဆန်းကပင် အကြံ ပေး တင်ပြခဲ့သည်။ သို့သော် အစစ အရာရာ သတ်ဆိုင်းဖင့်နွှေးလှ၍ ဆင်ခြင် စဉ်းစားမှု ကြီးမားလှသော ဗြိတိသျှအစိုးရသည် ချာချီ၏ တင်ပြချက်ကို ရုတ်တရက် လက်မခံသေးဘဲ ရှိနေခဲ့သည်။

နောက်ဆုံး ၃-ကျော် ၄-လ နီးပါးမျှ စဉ်းစားပြီးမှ နော်ဝေ ပြည်ပိုင်နက် ပင်လယ်ရေပြင်တွင် ရေမြှုပ်ဗုံးများ မြှုပ်နှံထားရန် သဘောတူခဲ့သည်။

သို့သော် အလားကောင်းသော်လည်း အခါနှောင်းခဲ့လေပြီ။

ဂျာမန် ရေတပ်မှ ရေငုပ်သင်္ဘောများနှင့် စစ်သင်္ဘောများ သည် နော်ဝေ ပင်လယ်ပြင်တွင် ဗြိတိသျှ ရေတပ်နှင့် ဧပြီလ ၇-ရက် ၈-ရက်နှင့် ၉-ရက်နေ့များတွင် အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့ကြ သည်။ သို့သော် ဂျာမန်တို့မှာ နော်ဝေ ပြည်ကလေးကို ကာလ အတန်ကြာကပင် ချိန်ရွယ်ပြင်ဆင်ထားခဲ့ကြပြီး ဖြစ်ရာ အော်စလို၊ ဘာဂျင်၊ နားဗစ် စသော မြို့များမှာ ဂျာမန်ရေတပ်၏ အလစ်တွင် ဝင်ရောက်သိမ်းပိုက်ခြင်း ခံလိုက်ကြရသည်။

ဗြိတိသျှတပ်များ အပါအဝင် မဟာမိတ်တပ်များသည် နော် ဝေကမ်းခြေ ကိုတက်ရန် ကြိုးစားခဲ့သော်လည်း ဂျာမန်တပ်များ၏ အပြင်းအထန် တိုက်ခိုက်ခြင်းကို ခံကြရ၍ လုံးဝ အရေးနိမ့်ခဲ့ကြရ သည်။

ဟစ်တလာသည် နော်ဝေတွင် ဂျာမန်ရေတပ်၏ အောင်ပွဲ များကို အားကျေနပ် အားရခဲ့သည်နှင့်အမျှ မကြာမီ အနောက် ဘက်စစ်မျက်နှာတွင် ထိုးစစ်ဆင်ရန် ကြံစည်ထားခဲ့သည်ကို ပို၍ အားတက်သရော ဖြစ်လာခဲ့သည်။

သို့ဖြစ်ရာ အစစအရာရာ ဗြိတိသျှတို့နှင့် ကွာလှ၍ ခြေမြန် လက်မြန်ရှိလှသော ဟစ်တလာသည် အကြောင်းအမျိုးမျိုးတို့ကြောင့် အကြိမ်ကြိမ်ရွှေ့ဆိုင်းလာခဲ့သော အနောက်ဘက် စစ်မျက်နှာထိုးစစ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးကို နောက်ဆုံး မေလ ၁၀-ရက်နေ့ နံနက်အရှေ့တက်အချိန်တွင် စတင် တိုက်ခိုက်စေခဲ့တော့သည်။

ဤသို့စစ်ကြီးမှာ ဒုတိယကမ္ဘာစစ်ကြီး တစ်လျှောက်လုံးတွင် ပသမဆုံး ကြုံမိ ဂျာမန်တပ်မကြီးများကို စုပြုံ၍ တိုက်ခိုက်ခဲ့သည့် တိုက်ပွဲကြီး ဖြစ်ရာ မဟာမိတ်တို့မှာ ဂျာမန်တပ်များ၏ ထိုးနှက်မှုကို အလူးအလဲ ခံခဲ့ကြရသည်။

မေလ ၁၀-ရက်နေ့ နံနက်အရှေ့ဘက်တွင် ထိုးစစ်ဆင်ခဲ့သော ဂျာမန်တပ်များတွင် တပ်မကြီးပေါင်း ၈၉ ခုမျှပါဝင်၍ အရံတပ်မကြီးပေါင်း ၄၇-ခုမှာလည်း နောက်ပိုင်းတွင် အဆင်သင့်ရှိခဲ့ကြသည်။ ဤတပ်မကြီးများအနက် တင့်ကားအကြီးစား တစ်ထောင်အပါအဝင် သံချပ်ကာ ကားပေါင်း သုံးထောင်ဖြင့် ဖွဲ့စည်းထားသည့် ပန်ဇာတပ်မကြီးပေါင်း ၁၀-တို့လည်း ပါဝင်ခဲ့ကြသည်။

ဤသို့ စစ်သမိုင်းတစ်လျှောက်တွင် ခေတ်အမီဆုံးနှင့် အင်အားအကြီးမားဆုံး ယန္တရားတပ်ကြီးဖြင့် လျှပ်တစ်ပြက် ထိုးစစ်ဆင်ခဲ့ကြရာ ဂျာမန်တပ်များ မေလ ၁၂-ရက်နေ့တွင် နယ်စပ်ကိုဖြတ်ကျော်၍ ပြင်သစ်ပြည်ထဲသို့ ချဉ်းနင်းဝင်ရောက် လာနိုင်ခဲ့ကြသည်။

ဗြိတိသျှတပ်များနှင့် ပြင်သစ် တပ်များသည် ဘယ်လ်ဂျီယံပြည်တွင် ဂျာမန်တို့နှင့် အပြင်းအထန် တိုက်ပွဲများ ဖြစ်ပွားခဲ့ကြရာမှ ဂျာမန်တပ်များက မဟာမိတ်တပ်များကို ပြင်သစ်ပြည်ထဲသို့ ဆုတ်ခွာခွင့်မပေးဘဲ တောင်ဘက်မှနေ၍ စစ်ကြောင်းကိုဖြတ်တောက် တိုက်ခိုက်ခဲ့ကြသည်။ မေ ၂၀-ရက်နေ့ညတွင် ဂျာမန်တပ်များ တောင်ဘက်စစ်ကြောင်းမှ ချီတက်လာသည့် သတင်းကို ရရှိကြပြီးနောက်၊ တစ်ပတ်မျှအကြာတွင် ဗြိတိသျှနှင့် ပြင်သစ်တပ်များမှာ ဂျာမန်တို့၏ ထောင်ချောက်အတွင်းသို့ မလှုပ်သာ မရှုက်သာအောင် ကျရောက်ခဲ့ကြရပြီး ဘယ်လ်ဂျီယံတပ်များမှာလည်း ဘယ်လ်ဂျီယံဘုရင်၏ အမိန့်အရ အပစ်အခတ်ရပ်စဲ၍ လက်နက်ချ အညံ့ခံလိုက်ကြရတော့သည်။

နောက်ဆုံး မေလ ၂၇-ရက်နှင့် ဇွန်လ ၄-ရက်အတွင်း စစ်သားပေါင်း ၃၃၇,၀၀၀-မျှရှိသော ဗြိတိသျှနှင့် ပြင်သစ်တပ်များမှာ အခြားထွက်ပေါက် မရှိတော့သဖြင့် မြောက်ဘက် ပင်လယ်ဆိပ်

မြို့တစ်မြို့ဖြစ်သည့် ဒန်းကာ့ပ်မြို့မှ အကျအဆုံးများစွာဖြင့် ဆုတ်ခဲ့ကြရသည်။ ဤဒန်းကာ့ပ်မြို့မှ ဆုတ်ခွာခဲ့သည့် အဖြစ်အပျက်သည် ယကမ္ဘာစစ်အတွင်း ထင်ရှားသော မှတ်တိုင်တစ်ခု ဖြစ်ခဲ့ရသည်။

ဂျွန်လ ၁၀-ရက်နေ့တွင် အီတလီသည် အင်္ဂလိပ်နှင့် ပြင်သစ်တို့အား စစ်ကြေညာ၍ စစ်ပွဲအတွင်းသို့ အတင်းအလင်း ပါဝင်လာခဲ့ရာ စစ်ကြီးမှာ ဥရောပတိုက် တစ်ခုလုံး၏ အထွေထွေ စစ်ပွဲကြီး၏ လက္ခဏာသို့ အပြည့်အဝ ရောက်ရှိလာခဲ့တော့သည်။

ဟစ်တလာသည် စစ်ကြီးအတွင်းသို့ အီတလီပြည် ပါဝင်သည်ကို အတူးပင် အားရမိသည်။ ယင်းသို့ အားရမိသည်မှာ အီတလီ၏ အကူအညီကို ရရှိ၍ ဝမ်းသာအားရ ဖြစ်မိခြင်းထက် မိမိအပေါ်တွင် အီတလီက တစ်နေ့နေ့တွင် သစ္စာဖောက်ကာ နောက်ပိုင်းမှ ရန်ရှာမည်ကို စိုးရိမ်မကင်း ဖြစ်နေရခြင်းမှ လုံးဝ လွတ်ကင်းခဲ့သောကြောင့် ဖြစ်သည်။

သို့သော် ဂျာမန်တို့က အလုံးအရင်းဖြင့် စစ်ကြီးကို ရပ်းတို့ ဦးတည်း ဆင်နွှဲခဲ့ရပြီး၊ ကြုံစပူး ထူးကဲလှသော အောင်ပွဲကြီးများကို ရရှိခဲ့ပြီးမှ အီတလီက စစ်ထဲသို့ ပါဝင်လာခဲ့ခြင်းဖြစ်ရာ ဟစ်တလာအပါအဝင် ဂျာမန် စစ်ဦးစီးဌာနချုပ်အဖွဲ့ အီတလီ၏ ပြုမူမှုမှာ နှာခေါင်းရှုံ့စရာပင် ဖြစ်ခဲ့သည်။ အထူးသဖြင့် ၁၉၄၀ ဂျွန်လတွင်မှ အီတလီ စစ်ထဲသို့ပါဝင်ရန် ဆုံးဖြတ်လာခဲ့ခြင်း ဖြစ်သည်။ စစ်ကြီး၏ အစပိုင်း ၁၉၃၉-ခုနှစ် စက်တင်ဘာလ တွင်းက မည်သို့မျှ လှုပ်ရှားခြင်းမပြုဘဲ ငြိမ်နေသည်ထက် ပို၍ ကျောကျ'' ဘွယ်ရာ ဖြစ်သည်ဟု သဘောထားခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ အောင်ပွဲရ ဂျာမန်တပ်များမှာ စိတ်ဓာတ်ကြနေသည့်အလျောက် ရန်သူကို အနားမပေးဘဲ ဂျွန်လ ၅-ရက် တောင်ပိုင်းသို့ ဆက်လက်ချီတက် တိုက်ခိုက်ကြပြန်သည်။

ဘယ်လ်ဂျီယံ စစ်မျက်နှာတွင် မဟာမိတ်ဘက်မှ ဆုံးရှုံးမှုမှာ များလှသည်။ ပြင်သစ်တပ်မကြီးပေါင်း ၃၀ ခန့်မှာ လုံးဝပြုတ်ပြုန်းခဲ့ရ၍ ဤအရေအတွက်မှာ ပြင်သစ်တပ်မတော်ကြီး၏ အင်အား သုံးပုံတစ်ပုံဖြစ်သည်။ အလားတူပင် အင်္ဂလိပ်တပ်



www.burmeseclassic.com

www.burmeseclassic.com

များမှာလည်း တပ်မကြီးပေါင်း ၁၄ ခုရှိသည့်အနက် ဘယ်လ်ဂျီ
ထိုက်ပွဲ ပြီးဆုံးသွားသောအခါ ပြင်သစ်ပြည်တွင် တပ်မကြီးနှစ်ခုသ
ကျန်တော့သည်အထိ ချေမှုန်းခံလိုက်ရသည်။

စစ်မျက်နှာတိုင်းတွင် အောင်ပွဲဆင်နေကြသော ဂျာမန်တ
များအဖို့ နေ့ကက်ပိုင်းမှ ဂျာမန်လေတပ်နှင့် သံချပ်ကာ ယန္တ
တပ်ကူများဖြစ်၍ အင်အားဖြည့်တင်းကာ ဒယ်ကြမ်းတိုက်ခိုက်ကြ
ပြင်သစ်တပ်များမှာ လုံးဝ ခုခံနိုင်စွမ်း မရှိသဖြင့် ဖြစ်ခဲ့ကြရသည်။

သို့နှင့်ပင် ၁၁-ရက်ကြာမျှ အပြင်းအထန် တိုက်ခိုက်ခဲ့ကြ
ဇွန်လ ၁၄-ရက်နေ့တွင် ကမ္ဘာ့အနုပညာမြို့တော်ကြီးအဖြစ် ထင်ရှား
ခဲ့သော ပဲရစ်မြို့တော်ကြီးမှာ ဖက်စစ် ဂျာမန်တပ်များ၏ ခြေဖဝ
အောက်သို့ လုံးလုံးလျားလျား ပြားပြားဝပ် ကျရောက်ခဲ့ရတော
သတည်း။



# နယ်ချဲ့စစ်မှ ပြည်သူ့စစ်သို့

ပြင်သစ်ပြည် ပဲရစ်မြို့တော်ကြီး ကျဆုံးခဲ့ပြီးနောက် တစ်လမျှ အကြာ ၁၉၄၀-ခုနှစ် ဇူလိုင်လတွင် ဟစ်တလာသည် ထူးဆန်း ခြားနား အကြံအစည်တစ်ခုကို လျှို့ဝှက်စွာ ကြံစည်ခဲ့သည်။

ယင်းအကြံအစည်ကား အခြားမဟုတ်၊ ဗြိတိသျှ ဘုရင့် ဆွေတော်-မျိုးတော်တစ်ဦး ဖြစ်သော ဝင်ဆာမြို့စားကြီးနှင့် မြို့စား ကတော်တို့အား ဖမ်းဆီး၍ ပြန်ပေးဆွဲရန် ကြံစည်ခြင်းပင်ဖြစ်သည်။

ဝင်ဆာ မြို့စားကြီးမှာ ၁၉၃၆- ခုနှစ်က အငွေမပြောက် အက်ဒွပ် ဘုရင်အဖြစ် ဗြိတိသျှ အင်ပါယာကို ရက်ပေါင်း ၃၂၅- ရက်မျှ အုပ်ချုပ် စိုးစံပြီးမှ မုဆိုးမ မစ္စက်ဆင်ပဆင်နှင့် ချစ်ကြိုက် ကာ အချစ်အတွက် ထီးနန်းကို စွန့်လွှတ်ခဲ့သော ကမ္ဘာကျော် ဗြိတိသျှမင်းသားကြီး တစ်ပါးပင် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ ပြင်သစ်ပြည်ကြီးကို ဂျာမန်တို့ သိမ်းပိုက်မိသည့်အချိန်တွင် အဆိုပါ ဗြိတိသျှမင်းသား ဝင်ဆာ မြို့စားကြီးနှင့် မြို့စားကတော် (မစ္စက် ဆင်ပဆင်)တို့သည် ပေါ်တူဂီ ပြည်၏ မြို့တော် လစ္စဘွန်းမြို့တွင် ခေတ္တ သွားရောက် နေထိုင်လျက် ရှိနေကြသည်။

ဟစ်တလာသည် ဝင်ဆာ မြို့စားကြီးတို့ ဇနီးမောင်နှံကို ဖမ်းဆီး၍ ပြန်ပေးဆွဲထားရန် ရစ်ဘင်ထရော့မှ တစ်ဆင့် လျှို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com



ခွာ အမိန့်ပေးခဲ့ရာ ရစ်ဘင်ထရော့က တစ်ဖန် ဂျာမန် ဂက်စတာပို စုံထောက်ဌာနမှ တာဝန်ခံတစ်ဦးဖြစ်သူ စချဲလင်းဘတ်ဆိုသူကို တာဝန် ပေးအပ်ခဲ့သည်။

ဟစ်တလာသည် ဂျာမန် လျှို့ဝှက်စုံထောက်များ၏ အစီရင်ခံချက်အရ ဝင်ဆာမြို့စားကြီးမှာ ဗြိတိသျှတို့ လက်အောက်တွင် မနေလိုဘဲ ဖြစ်နေသည်ဟု သိရသဖြင့် အကယ်၍ ဝင်ဆာမြို့စားကြီးက သာ သဘောတူညီပါက ဂျာမင်တို့နှင့် နီးစပ်သော စပိန်ပြည်တွင် ဖြစ်စေ၊ သို့မဟုတ် ကြားနေနိုင်ငံတစ်ခုဖြစ်သော ဆွစ်ဇာလန်ပြည်တွင် ဖြစ်စေ နေနိုင်ရန် စီစဉ်ပေးမည်။ ထိုသို့ နေထိုင်မည် ဆိုပါက ဆွစ်ဇာလန် သုံးငွေ ၅၀-သန်း ထောက်ပံ့ရန် စီစဉ်ထားသည်။ ဤ အစီအစဉ်အရ ဝင်ဆာမြို့စားကြီးနှင့် ဆက်သွယ် ပြောဆိုရန်ဖြစ်သည်။ အကယ်၍ မြို့စားကြီးက လက်မခံပါက မြို့စားကြီးကို အကြမ်းဖက် ဖမ်းဆီးထားရန် ဖြစ်သည်။

ဟစ်တလာ၏ အထက်ပါ ထူးဆန်းသော လျှို့ဝှက်အကြံအစည်အရ ဂျာမန် ဂက်စတာပို တာဝန်ခံတစ်ဦးဖြစ်သူ ရှဲလင်းဘတ်သည် ဝင်ဆာ မြို့စားကြီး ခေတ္တရောက်ရှိနေသော ပေါ်တူဂီပြည် လစ္စဘွန်းမြို့ကလေးသို့ သွားရောက်၍ မြို့စားကြီးကို ဖမ်းဆီးရန် ကြံစည်ခဲ့သည်။ ရှဲလင်းဘတ်သည် မြို့စားကြီး၏ သက်တော်စောင့်များ၊ လူယုံတော် အခိုင်းအစေများနှင့် တိတ်တဆိတ် ဆက်သွယ်နိုင်ခဲ့ပြီးမှ နောက်ဆုံးတွင် ဗြိတိသျှ စုံထောက်များက ရိပ်မိ၍ အခြေအနေ မလှသဖြင့် တိတ်တဆိတ် ပြန်လစ်လာခဲ့ရသည်။

သို့နှင့်ပင် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ပုဂ္ဂိုလ် သုံးဦး လေးဦးသာ သိရှိခဲ့ရသော ဟစ်တလာ၏ လျှို့ဝှက် အကြံအစည် တစ်ခုမှာ ထမြောက်အောင်မြင်ခြင်းမရှိဘဲ ဖြစ်ခဲ့ရသည်။

ထိုအခါ ဟစ်တလာ၏ ဂျာမန်တပ်များသည် နော်ဝေး၊ ဒိန်းမတ်၊ ဟော်လန်၊ ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်စသော တိုင်းပြည် ကလေးများသာမက၊ ပြင်သစ်ပြည်ကြီး တစ်ခုလုံးကိုပါ သိမ်းပိုက် မိခဲ့ကြလေပြီ။

လွန်ခဲ့သော ၁၉၁၄၊ ၁၉၁၈-ခုနှစ်များအတွင်းက ပထမ ကမ္ဘာစစ်ကြီးတွင် အလားတူပင် ဂျာမန်တပ်များသည် အနောက်ဘက် စစ်မျက်နှာတွင် ထိုးစစ်ကြီး ဆင်နွှဲခဲ့ဖူးသည်။ သို့သော် ထိုစဉ်က ကျဆုံးမှုသာ များပြား၍ တကယ့်တကယ်တွင် အကျိုးသက်ရောက်မှုမရှိဘဲဖြစ်ခဲ့ရသည်။ ထိုသို့ပထမကမ္ဘာစစ်ကြီးအတွင်းက ၄-နှစ်လုံးလုံး အကျအဆုံး များစွာဖြင့် ထိုစစ်ဆင်နွှဲ၍ မအောင်မြင်ဘဲ ဖြစ်ခဲ့ရသည်ကို ယခု ဒုတိယ ကမ္ဘာစစ်ကြီ အတွင်း ဟစ်တလာ၏ တစ်သွေး၊ တစ်သံ၊ တစ်မိနစ်အောက်၌ တစ်လကျော်ကလေးအတွင်း အကျအဆုံး နည်းနည်းဖြင့် အောင်ပွဲခံနိုင်လေပြီ။

ဤသို့အားဖြင့် ဟစ်တလာသည် သူ၏ စစ်ဦးစီး ဌာနချုပ်မှ ဗိုလ်ချုပ်ကြီး အချို့၏ သဘောမတူ ဆန့်ကျင်နေသည့်ထဲမှ အနောက်ဘက် စစ်မျက်နှာတွင် ထိုးစစ်ကြီးကို ဖြစ်မြောက်အောင် ဆင်နွှဲခဲ့ရာ၊ ယခုကဲ့သို့ ကြီးကြီးမားမား ထူးထူးခြားခြား အောင်မြင်ခဲ့သည့် အတွက် သူ၏အရှိန်အဝါ ပိုမိုကြီးမားစေရန် ဖြစ်လာရပြန်သည်။ အထူးသဖြင့် ခေတ်ပညာလည်း မတတ်၊ တက္ကသိုလ် သိပ္ပံ ကျောင်းတော်ကြီးများ တွင်လည်း ပညာမသင်ခဲ့ဖူးဘဲ စစ်အတွေ့အကြုံ ဆို၍လည်း ဒုတိယ ကမ္ဘာစစ် အတွင်းက သာမန် ဆက်သားလေး ဘဝဖြင့်သာ အမှုထမ်း ခဲ့ဖူးသော ဟစ်တလာ၏ စစ်ရေး သောနင်္ဂဗျူဟာသည် ခေတ်ပညာ ဘွဲ့ထူး ဂုဏ်ထူးများရရှိခဲ့၍ တက္ကသိုလ် သိပ္ပံ ကျောင်းတော်ကြီး များ နှင့် စစ်တက္ကသိုလ်များတွင် အနှစ်နှစ်အလလ ပညာ ဆည်းပူးခဲ့ကြ ပြီး စာတွေ့ရော လက်တွေ့ပါ စစ်ပညာများကို တစ်ဖက်ကမ်းခပ်နေ ကြသည့် ဂျာမန် စစ်ပါရဂူ၊ ဗိုလ်ချုပ်ကြီးများ၏ သောနင်္ဂဗျူဟာ များထက် လက်တွေ့တွင် ပိုမိုအောင်မြင် နေသည်ကို တွေ့ရသည်။

ဤသည်ကို အကြောင်းပြု၍ ဟစ်တလာသည် ပိုမို ဘဝင်မြင့် လာ၍ သူ့ကိုယ်သူ တကယ့်စစ်ဘုရင်၊ စစ်အာဏာရှင်ကြီး တစ်ယောက် အဖြစ် စစ်ဦးစီးချုပ်မှူး ဗိုလ်ချုပ်ကြီးများကိုပင် တိုင်ပင် ဆွေးနွေး ခြင်း မပြုတော့ဘဲ တစ်ဦးတည်း အာဏာဖြင့် လုပ်ဆောင်လာခဲ့ တော့သည်။

ဟစ်တလာသည် သူ၏ ရုံးခန်းထဲတွင် စစ်ကြီးဖြစ်ပွားလာသည့် အချိန်မှစ၍ တစ်နေ့မပြတ် နေ့စဉ်ရက်ဆက်ပင် စစ်ရေး စစ်ရာများ

www.burmeseclassic.com

www.burmeseclassic.com

ကို ဗိုလ်ချုပ်ကြီးများနှင့် ခေါ်ယူ "ဆွေးနွေး" ဆာ စစ်ကုန်ဖဲရန် ကို ကျင်းပလေ့ရှိခဲ့သည်။ သို့ "ဆွေးနွေး" ရာတွင်လည်း နှစ်ဦး နှစ်ဖက် အပြန်အလှန် ညှိနှိုင်းသည့်သဘော၊ အပေးအယူသဘော လုံးဝ မပါခဲ့ဘဲ တစ်ဦးတည်း၏ ဆန္ဒဖြင့် ရေးဆွဲလာသော စီမံကိန်း များကို သူတစ်ဦးတည်းက ဒိုင်ခံ "ဆွေးနွေး" ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် အဆိုပါ "ဆွေးနွေး" ရာ၌လည်း ဂျာမန် ဗိုလ်ချုပ်ကြီးများ အဖို့ မည်သို့မှ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း မပြုနိုင်ဘဲ လက်တွေ့ လုပ်ဆောင်သည့် "နည်းပရိယာယ်" ပိုင်းတွင်သာ လိုအပ် သည်များကို အကြံဉာဏ်ပေးခြင်း၊ ဖြည့်စွက်ထောက်ခံခြင်း၊ ထပ်မံ အတည်ပြုခြင်းများကို ပြုလုပ်နိုင်ခဲ့ကြသည်။

ဤသို့ စစ်အာဏာရှင် ဖြစ်လာခဲ့သော ဟစ်တလာ သည် အနောက်ဘက် စစ်မျက်နှာတွင် လူဇင်းဘတ် ပြည်ကလေးမှ အစ ဥရောပတိုက်၏ အင်အားကြီး နိုင်ငံတစ်နိုင်ငံ ဖြစ်သော ပြင်သစ်ပြည် ကြီးကိုပါ သိမ်းပိုက်၍ ဗြိတိသျှတပ်များကို ပင်လယ်ထဲသို့ ကန်ချပြီး ခဲ့သည့်တိုင်အောင် သူ့အဖို့ အလိုမကျ အားမရနိုင်သေးဘဲ ရှိ နေသည်။

စင်စစ် ဟစ်တလာသည် ဂျာမန်အင်ပိုင်ယာကြီးကို ထူထောင် ရန် အတွက် တိုင်းတစ်ပါးကို နယ်ချဲ့ရန် ကြံစည်ရာ၌ မူလကတည်းက ဥရောပ အနောက်ပိုင်းကို သိမ်းပိုက်ရန် ကြံစည်ခဲ့သည်မဟုတ်။ သူ၏ သေနင်္ဗျူဟာအရ ဂျာမန်အင်ပိုင်ယာကြီးကို တိုးချဲ့ရာတွင် အရှေ့ ဥရောပ တိုင်းပြည်များကိုသာ အဓိကထား၍ သိမ်းပိုက်ရန် လိုသည်ဟု တွက်ထားခဲ့သူ ဖြစ်သည်။ ထခုကဲ့သို့ အနောက် ဥရောပဘက်သို့ ထိုးစစ်ဆင်ခဲ့ရခြင်းမှာလည်း အလယ်ပိုင်းနှင့် အရှေ့ ဥရောပနိုင်ငံများ ဖြစ်ကြသော ပိုလန်၊ ချက်ကိုစလိုဗေးကီးယား စသည်တို့ကို မိမိတို့ ဂျာမန် အင်ပိုင်ယာထဲသို့ သွတ်သွင်းခဲ့ရာ၌ အင်္ဂလိပ်နှင့် ပြင်သစ်တို့က သဘောမတူ ကန့်ကွက်တားဆီးခဲ့သည့်အတွက် တစ်စထက်စ ပဋိပက္ခ ကြီးထွား လာခဲ့ရခြင်း ဖြစ်သည်။

သို့ဖြစ်ရာ သူသည် ပြင်သစ်ပြည်ကြီးကို သိမ်းပိုက်ပြီးနောက် အင်္ဂလန်ပြည်ကို ဆက်လက် တိုက်ခိုက်ရန် ဂျာမန်ရေ ပ ဗိုလ်ချုပ်

ကြီး ရေဒါ၏ အကြံပေးချက်ကို လက်မခံဘဲ ပယ်ချခဲ့သည်။ သူ့အဖို့ ဆွဲ ပြန်သစ်ပြည်ကြီး တစ်ပြည်လုံးကို သိမ်းပိုက်နိုင်ခဲ့ပြီး မာရှယ် ပတိန်းကဲ့သို့သော "သစ္စာတော်ခံ" ရုပ်သေး အစိုးရအဖွဲ့ကို လက် ကိုင် ရရှိခဲ့ပြီဖြစ်ရာ ဤ အနောက်ဘက် စစ်မျက်နှာတွင် ဤရွှေ့ ဤမျှဖြင့် "အနိုင်နှင့်ပွဲသိမ်း" ထားလိုက်ရန် စိတ်ကူးသည်။

သို့ဖြစ်ရာ သူသည် အင်္ဂလန်နှင့် စစ်ရပ်စဲရေးကို တစ်ဖက်တစ် လမ်းမှ ကြိုးစားခဲ့သည်။ သူ့အထင် အားဖြင့် အင်္ဂလန်ကို လုံးဝ ချုံးကျော် တိုက်ခိုက်ခြင်း မပြုပါဘဲ၍ အခိုင်အမာ အာမခံချက် ပေးခဲ့ပါက မိမိ၏ စစ်ပြေငြိမ်းရေး ကမ်းလှမ်းချက်ကို အင်္ဂလန်က ဆက်ခံလိမ့်မည်ဟု ယူဆထားခဲ့သည်။

သို့သော် ဤတစ်ကြိမ်တွင်မူ စစ်အာဏာရှင်ကြီး ဟစ်တလာ၏ တွက်ကိန်းမှာ လုံးဝ အံမချော် လွဲမှားသွားခဲ့သည်။ အဘယ့်ကြောင့် ဆိုသော် ရွှေပြည်အေး သမားကြီး ချိန်ဘာလိန်၏ နေရာကို ဆက်ဆံခဲ့သည့် ဗြိတိသျှ ဝန်ကြီးချုပ် ဝင်စတန်ချာချီသည် ဟစ်တ လာ၏ စစ်ပြေငြိမ်းရေး ကမ်းလှမ်းချက်ကို ခ ါးခါး သီးသီး ပြင်းပြင်း ထန်ထန် ငြင်းဆန် လိုက်သောကြောင့် ဖြစ်သည်။

ဇွန်လ ၁၈-ရက်နေ့တွင် ဝန်ကြီးချုပ် ချာချီသည် ဗြိတိသျှ အောက်လွှတ်တော်တွင် မိန့်ခွန်းပြောကြားရာ၌ "ဗြိတိသျှ အင်ပိုင်ယာ ကြီးနှင့် ဓနသဟာယ နိုင်ငံများအား အမှန်တစ်ခုတည်းသော ဖြစ်နိုင်မြဲရေး အတွက်" မည်သည့် အခက်အခဲ အကျပ် အတည်းမျိုးကို ဆို ကြံ့ကြံ့ ခံ၍ခိုင်ခိုင် ရင်ဆိုင်၍ စစ်ပွဲကို ဆက်လက်ဆင်နွှဲသွားမည် ဟု အတိအလင်း ကြေညာခဲ့သည်။

သို့သော် ဟစ်တလာသည် အင်္ဂလိပ်နှင့် စစ်ပြေငြိမ်းရေးကို လက်မလျှော့သေးဘဲ ဆက်လက် ကမ်းလှမ်းနေခဲ့သေးသည်။ ဇူလိုင်လ ၁၉-ရက်နေ့တွင် ဂျာမန် လွှတ်တော်၌ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ သည်။ ဤမိန့်ခွန်း၏ အနှစ်သာရမှာ အင်္ဂလန်နှင့် စစ်ပြေငြိမ်းရေးကို အဓိကထား၍ ကမ်းလှမ်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒီအချိန် ဒီအခါမှာ ဂရိတ်ဗြိတိန်ပြည်ကြီးနဲ့ တကွ တခြား တိုင်းပြည်များကိုပါ နောက်တစ်ကြိမ်ထပ်ပြီး မေတ္တာရပ်ခံချင်ပါတယ်။ ဒီမေတ္တာရပ်ခံချက်ဟာလဲ တောင်းပန်ခယပြီး ပြောဆိုနေတဲ့ အဓိပ္ပာယ်မျိုးမဟုတ်ဘဲ စစ်နိုင်တဲ့ လူတစ်ယောက်က အကျိုးအကြောင်း ဆင်ခြင် စဉ်းစားပြီး ပြောဆိုနေခြင်း ဖြစ်ပါတယ်။ ကျုပ်အနေနဲ့ကတော့ ဒီစစ်ဟာ ဆက်ပြီး ဖြစ်ပွားစရာအကြောင်း မရှိတော့ဘူးလို့ ယူဆပါတယ်"

(ကျွန်ုပ်၏ အာဏာသစ်၊ စာမျက်နှာ-၁၀၉)

ဟစ်တလာသည် ၎င်းအထက်ပါ မိန့်ခွန်းကို ပြောကြားရာ၌ ခါတိုင်းထက်ပို၍ ဣန္ဒြေရရဖြင့် သူ့ကိုယ်သူ ထိန်းထိန်းသိမ်းသိမ်း ရှိခဲ့သည်ကို ထိုနေ့က တက်ရောက်နားထောင်သူတို့ အကဲခတ်မိကြသည်။ သူတို့အားလုံးက ဟစ်တလာသည် ဗြိတိန်နှင့် တကယ် စစ်ပြေငြိမ်းရေးကို လိုလားသည်ဟု ယုံကြည်ခဲ့ကြသည်။

သို့သော် ဗြိတိသျှ ဝန်ကြီးချုပ် ချာချီသည် ချိန်ဘာလိန်ကဲ့သို့ မဟုတ်ဘဲ ဟစ်တလာ၏ "ဖက်ဆစ်ဝါဒ"ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သူတစ်ဦးဖြစ်ရာ ဟစ်တလာ၏ စစ်ပြေငြိမ်းရေး ကမ်းလှမ်းချက်မှာ အရာမရောက်ဘဲ ဖြစ်ခဲ့ရသည်။

သို့နှင့်ပင် ဟစ်တလာအဖို့ မရှောင်မလွှဲသာဘဲ ဗြိတိန်ပြည်ကို ဆက်လက် တိုက်ခိုက် သိမ်းပိုက်ရန် စီစဉ်ရတော့သည်။

၁၉၄၀-ခုနှစ် နွေရာသီ တစ်လျှောက်လုံးနှင့် ဆောင်းဦးပေါက်ရာသီအထိ ဂျာမန်တပ်များ ဗြိတိန်ကျွန်းစုကို ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်နေကြပြီ ဟူသော သတင်းများ ထွက်ပေါ်နေခဲ့သည်။ ကမ္ဘာတစ်ခုလုံးကလည်း ဂျာမန်တပ်များ အင်္ဂလိပ်ရေလက်ကြားက ဖြတ်ကျော်၍ ဗြိတိန်ကျွန်းစုပေါ်သို့ တက်ရောက်ကြမည့် နေ့ကို တထိတ်ထိတ်ဖြင့် စောင့်ရင်း နားစွင့်နေကြရသည်။

ဟစ်တလာသည် ၁၉၄၀-ခုနှစ် နိုဝင်ဘာလထဲတွင် စစ်ဆင်ရေး အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ သို့သော် ထိုစစ်ဆင်ရေး အမိန့်မှာ ဗြိတိန်ပြည်အား ဝင်ရောက် တိုက်ခိုက်ရန် အမိန့်မဟုတ်ဘဲ ဆိုဗီယက်ယူနီယံအား ကျူးကျော် တိုက်ခိုက်ရန် အမိန့် ဖြစ်သတည်း။

ဟစ်တလာသည် အဘယ့်ကြောင့် စိတ်ပြောင်းသွားခဲ့ပါသနည်း။ သူသည် ဗြိတိန်ပြည်ကို တိုက်ခိုက်ရန် စီစဉ်ခဲ့ပြီးမှ ကာယကံမြောက် မတိုက်ခိုက်ရသေးမီ အဘယ့်ကြောင့် ဆိုဗီယက်ယူနီယံကို တိုက်ရန် အကြံပေးခဲ့ပါသနည်း။ သူသည် အဘယ့်ကြောင့် စစ်မျက်နှာ နှစ်ရပ်ဖွင့်ကာ အန္တရာယ်များလှသည့်အလုပ်ကိုလုပ်ရန် ကြံစည်ခဲ့ပါသနည်း။

ကမ္ဘာ့အရပ်ရပ်မှ စစ်ပါရဂူကြီးများနှင့် ကမ္ဘာ့နိုင်ငံရေး အကဲဖြတ် ပုဂ္ဂိုလ်များသည် ဂျာမန်တပ်များ ဆိုဗီယက်ယူနီယံကို ဝင်ရောက် တိုက်ခိုက်လာသည့် အခါ အထက်ပါ မေးခွန်းများကို အချင်းချင်းမေး၍ အဖြေရှာမရဘဲ ဦးနှောက်ခြောက်ခဲ့ကြသည်။

သို့သော် အထက်ပါ မေးခွန်းများအတွက် တစ်ခုတည်းသော အဖြေကိုသာ ရရှိခဲ့ကြပါက နိုင်ငံရေး၊ စစ်ရေး အကဲခတ်သမားများအဖို့ ဤမျှ ဦးနှောက် ခြောက်ခဲ့ကြလိမ့်မည် မဟုတ်ပေ။ ထိုတစ်ခုတည်းသော အဖြေကား အခြားမဟုတ်၊ ဟစ်တလာသည် ဗြိတိန်ကျွန်းစုကို တကယ်တိုက်ရန် ပြင်ဆင်ခြင်း မဟုတ်ဘဲ ရန်သူကို လှည့်စား၍ ပရိယာယ် ကစားခဲ့ခြင်းသာ ဖြစ်သည်ဟူသော အဖြေပင် ဖြစ်သည်။

စင်စစ်အားဖြင့် ဟစ်တလာသည် မူလကတည်းက ဗြိတိန်ကျွန်းစုကို တိုက်လိုစိတ် မရှိခဲ့။ တိုက်ရန်လည်း မရည်ရွယ်ခဲ့။ သို့သော် တစ်ဖက်မှ ဗြိတိသျှအစိုးရအဖို့ ဂျာမနီတို့ဘက်က မုချ ထိုးစစ်ဆင်တော့မည်ဟု ယူဆ၍ ထိတ်လန့် တုန်လှုပ်ကာ စစ်ပြေငြိမ်းရေး ကမ်းလှမ်းချက်ကို လက်ခံသာလို လာငြား၊ ဟန်ဆောင် စစ်ရေးပြ၍ 'ခြောက်' လိုက်ခြင်းပင် ဖြစ်သည်။ သူသည် ဗြိတိန်ပြည်ကို ဝင်ရောက် တိုက်ခိုက်ရေးအတွက် 'ရေခြသေ့စစ်ဆင်ရေး' (Operation Sea-Lion) ဟူသော လျှို့ဝှက်အမည်ဖြင့် စစ်ဆင်ရေးအမိန့်တစ်ရပ်ပင် ဟန်ဆောင် ထုတ်ပြန်ခဲ့သေးသည်။ 'တကယ်ကတော့ ဒီစစ်ဆင်ရေးဟာ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com

အချင်းချင်း ဖြိုးလုံးတစ်ခုလို သဘောထားခဲ့ကြတာပဲ’ ဟူ၍ ဟစ်တလာ၏ စစ်ဆင်ရေးတာဝန်ခံ ဗိုလ်ချုပ်ကြီး ဘလူးမန်းထရစ်အား နောင်အခါ၌ ဖွင့်ပြောဆိုခဲ့သည်။

ဟစ်တလာကိုယ်တိုင်ကလည်း ဆိုဗီယက်ယူနီယံကို ဝင်ရောက်တိုက်ခိုက်ရန်အတွက် အရှေ့ဘက်စစ်မျက်နှာ ဖွင့်ရေးကိုသာ စိတ်ဝင်စားနေခဲ့သည်ဖြစ်ရာ၊ အင်္ဂလိပ်ကျွန်းစုကို တက်ရောက်တိုက်ခိုက်ခြင်း မပြုဘဲ တစ်နည်းတစ်လမ်းအားဖြင့်ဖြိုဖျက်ပြီး အညံ့ခံလာအောင် အခြားနည်းဖြင့် လုပ်ဆောင်ခဲ့သည်။

၁၉၄၀-ခုနှစ်၊ စက်တင်ဘာလ ၇-ရက်နေ့တွင် ဂျာမန်လေတပ်သည် လန်ဒန်မြို့ကြီးအား ပထမဆုံးအကြိမ် စတင် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အဆိုပါ ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည့် လေကြောင်းတိုက်ပွဲတွင် ဂျာမန်တို့သည် တိုက်လေယာဉ်ပေါင်း ၆၄၈-စင်း ခြံရံလျက် ဗုံးကြဲလေယာဉ်ပေါင်း ၆၂၅-စင်းကို အသုံးပြုကာ စုစုပေါင်း လေယာဉ်ပျံ ၁၂၀၀-ကျော်ဖြင့် အကြီးအကျယ် ဆင်နွှဲခဲ့ကြသည်။

ဤသို့ဖြင့် ဗြိတိသျှလေတပ်ကလည်း ဂျာမနီ ပြည်ပေါ်သို့ ပျံသန်းလာရောက်ကာ ဘာလင်နှင့် အခြားမြို့ကြီးများကို တုံ့ပြန် ဗုံးကြဲခဲ့ကြသည်။

ဒုတိယ ကမ္ဘာစစ်ကြီး တစ်လျှောက်လုံးတွင် နောက်ပိုင်း၌ အင်္ဂလိပ်နှင့် ဂျာမန်တို့သည် ထိုသို့ အပြန်အလှန် လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ခဲ့ရုံမှတစ်ပါး ဂျာမန်တပ်များ အင်္ဂလိပ်ကျွန်းစု ပေါ်သို့ တက်ရောက်တိုက်ခိုက်ရန် အစီအစဉ်မှာ လက်တွေ့အကောင်အထည် မပေါ်ဘဲ ရှိနေခဲ့သည်။

နောက်ဆုံး ‘ရေခြသေ့ စစ်ဆင်ရေး’ နှင့် ပတ်သက်၍ ဟစ်တလာ၏ အမိန့်အရ ဗိုလ်ချုပ်ကြီး ကိုင်းတဲလ်က အောက်တိုဘာလ ၁၂-ရက်နေ့တွင် အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

“ယခုအချိန်မှစ၍ နွေဦးပေါက်သည်အထိ ‘ရေခြသေ့ စစ်ဆင်ရေး’နှင့် စပ်လျဉ်းသော ပြင်ဆင်မှုများကို အင်္ဂလိပ်တို့အား စစ်ရေး၊ နိုင်ငံရေးအရ ဆောက်ကိုင်သည့်သဘော မျိုးအဖြစ် လုံးဝ သဘောထားကာ ဆက်လက် လုပ်ဆောင်သွားရန် ခေါင်းဆောင်ကြီး ဟစ်တလာက ဆုံးဖြတ်လိုက်သည်။

စစ်ဆင်တိုက်ခိုက်ရေးကို ၁၉၄၁-ခုနှစ် လာမည့် နွေဦးပေါက် အစပိုင်းတွင်မှ ပြန်လည် စဉ်းစားလိမ့်မည်ဖြစ်သည်။ စစ်ဆင်ရေးအတွက် အဆင်သင့်ဖြစ်ရမည့် အမိန့်သစ်များကို နောင်တွင်မှ ထုတ်ပြန်သွားမည် ဖြစ်သည်”

ကိုင်းတဲလ်



လက်တွေ့အားဖြင့်မူ အင်္ဂလိပ်ကျွန်းစုအား ဝင်ရောက်တိုက်ခိုက်ရေးနှင့် ပတ်သက်၍ ဤတွင်အပြီးသတ်ခဲ့၍ နောက်ထပ်မည်သည့် အမိန့်မှ ထုတ်ပြန်ခြင်းမရှိဘဲ ဖြစ်ခဲ့သည်။ နောက်ဆုံး ၁၉၄၂-ခုနှစ် ဇန်နဝါရီလတွင်မူ အဆိုပါ ‘ရေခြသေ့ စစ်ဆင်ရေး’မှာ မသိမသာ ဖြင့် ဖယ်ဖျက်ခြင်း ခံခဲ့ရသည်။

ဟစ်တလာသည် ဆိုဗီယက် ယူနီယံကို တိုက်ရန် အတွက် ၁၉၄၀-ခုနှစ် နွေရာသီ (ပဲရစ်မြို့ကြီးကို သိမ်းပိုက်ပြီး) ကတည်းက ကြံစည်ခဲ့သည်။ သူသည် ထိုအချိန်ကတည်းက ဂျာမန်တပ် အချို့ကို အနောက်ဘက်မျက်နှာမှ အရှေ့မျက်နှာသို့ ပို့မှစ်ခဲ့သည်။

တစ်ဖန် နိုဝင်ဘာတွင် ဆိုဗီယက်ယူနီယံနှင့် စပ်လျဉ်း၍လိုအပ်သော အချက်အလက်များကို ရှာဖွေစုဆောင်းရန်နှင့် အခြေအနေ အရပ်ရပ်ကို စုံစမ်းထောက်လှမ်းရန် ‘ဆိုဗီယက်ယူနီယံဆိုင်ရာ သုတေသနကြီး’ တစ်ခုကိုပင် ဖွင့်လှစ်ခဲ့သည်။ ထို့ပြင်မက တပ်ပေါင်းစု ဦးစီးဌာနချုပ် စီးပွားရေး ဌာနခွဲကလည်း နောက်ထပ် ထိုးစစ် ကြီးတစ်ခုအတွက် လိုအပ်သော စီးပွားရေး လုပ်ဆောင်ချက်များကို ပြင်ဆင်စေခဲ့သည်။

ဤအတောအတွင်း ဂျာမန်ရေတပ် ဗိုလ်ချုပ်ကြီး ရေဒါ အကြံတစ်ခု ပေးလာသည်။ ယင်းအကြံမှာ မြေထဲပင်လယ်ဘက်သို့ ဦးလှည့်အား ဂျီဘရော်လ်တာရေလက်ကြားကို သိမ်းပိုက်ထားရန် ဖြစ်သည်။ တစ်ချိန်တည်းတွင် အာဖရိကတိုက်မှ အင်္ဂလိပ်ပြင်သစ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com

ကိုလိုနီ တိုင်းပြည်ကလေးများကို အပိုင်စီးထားသဖြင့်ကြောင်းများ
လည်း တင်ပြဆွေးနွေးလှာသည်။

ဟစ်တလာကလည်း ရေဒါ၏အကြံကို တစ်ချက်ခုတ် နှစ်ချက်ပြ
သဘောထားကာ ဆောင်ရွက်ရန် သဘောတူခဲ့သည်။

အဘယ့်ကြောင့် ဆိုသော် မြေထဲပင်လယ် ဒေသကို
အင်္ဂလိပ်တို့ လက်လွှတ်လိုက်ရပါက အခြားဘက်မှ မိမိ ကမ်းလှမ်း
သော စစ်ပြေငြိမ်းရေးကို အလွယ်တကူ လိုက်လျော လာလိမ့်မည်
ဟူ၍ ယူဆခဲ့သည်။

ထိုပြင် စပိန်ပြည် စစ်ထဲ ပါဝင်လာခြင်းဖြင့် မြေထဲပင်လယ်
ဒေသသို့ ဂျာမန်တပ်များ အလွယ်တကူ သိမ်းပိုက်နိုင်မည်ဟု ဟစ်
လာ ယူဆထားခဲ့ရာ သူသည် စပိန်ကို ဆွဲဆောင် ဖြားယောင်
ရန်အတွက် ရောမမြို့သို့ ရစ်ဘင်ထရော့ကို စေလွှတ်ကာ အီတ
နိုင်ငံခြားရေးဝန်ကြီး စီယာနိုမှတစ်ဆင့် ဖရန်ကိုအား တစ်ဖက်လှ
ဆွေးနွေး စေခဲ့သည်။

ဖရန်ကိုသည် မူလက စစ်ပွဲကြီးမှာ လွယ်လွယ်နှင့် အမြန်ဆုံး
ပြီးဆုံးလိမ့်မည်ဟု ယူဆကာ ၁၉၄၀-ခုနှစ်၊ ဇွန်လနောက်ဆုံး စ
ထဲသို့ ပါဝင်ရန် ကြံရွယ်ခဲ့သေးသည်။ သို့သော် တကယ် လက်တွေ့
တွင် လွယ်လွယ်နှင့် မပြီးရုံမျှမက တဖြည်းဖြည်း ကျယ်ပြန့်ကြီးထွား
လာဖွယ်ရာ ရှိသည်ကို တွေ့မြင်နေရသဖြင့် အသာ နောက်ဆုတ်နေ
ခြင်း ဖြစ်သည်။ ယခုလည်း ဂျာမန်တို့က မိမိအား အီတလီမှတစ်ဆ
လာဆွယ်နေရာ အဘက်ဘက်မှ တွက်ဆပြီးနောက် စစ်ထဲ ပါဝင်
မည်မဟုတ် ငြင်းဆန်နေခဲ့သည်။

ဟစ်တလာသည် ဖရန်ကိုအား မိမိ ကိုယ်တိုင် သွားရောက်
တွေ့ဆုံရန် လိုအပ်သည်ဟု ဆိုကာ စပိန်နယ်စပ်မှ ဟင်ဒါယီမြို့ကလေး
သို့ ထွက်ခွာလာခဲ့သည်။

အောက်တိုဘာလ ၂၃-ရက်နေ့တွင် ဟစ်တလာနှင့်ဖရန်ကိုတို့
ထိုမြို့ကလေးတွင် တွေ့ကြရာ ဟစ်တလာမှာ ဖရန်ကိုအား အတော်
စိတ်ပျက်သွားခဲ့သည်။ အဘယ့်ကြောင့် ဆိုသော် ဖရန်ကိုသည် စစ်ထဲ
ပါဝင်ရန် ကတိမပေးခဲ့ရုံမျှမက အကယ်၍ အင်္ဂလန်ပြည်ကို ဂျာမန်တို့



သိမ်းနိုင်စေကာမူ နောက်ဆုံး အင်္ဂလိပ်တို့သည် ကနေဒါသို့ ဆုတ်ခွာ
ကာ ထိုမှတစ်ဆင့် အမေရိကန်၏ အကူအညီဖြင့် ပြန်တိုက်လာဖွယ်ရာ
ရှိသည်ဟူ၍ပင် သူက ပြောကိန်း ထုတ်နေသောကြောင့် ဖြစ်သည်။

ဟစ်တလာသည် ဖရန်ကိုနှင့် ဆွေးနွေးရာတွင် ၉-နာရီလုံးလုံး
အချိန်ကုန်သော်လည်း နောက်ဆုံးတွင် ဖရန်ကို စစ်ထဲသို့ ပါဝင်လာ
ရေးမှာ မအောင်မြင်ဘဲ သူ့တစ်သက်တာတွင် ပထမဆုံးအကြိမ်
ဆက်လျှော့ ပြန်လာခဲ့ရသည်။ ဟစ်တလာသည် မူဆိုလိနီအပေါ်တွင်
လူပေါ် လူဇော်လုပ်၍ သူ့အလိုကျ ပါအောင် စည်းရုံးသိမ်းသွင်း
နိုင်ခဲ့သလောက် ဖရန်ကိုကျမှ လက်မြှောက်ခဲ့ရသည်။

ဤကိစ္စနှင့် ပတ်သက်၍ ဟစ်တလာသည် ဖရန်ကို အပေါ်တွင်
ဒေါသအပွကြီးပွခဲ့ရာ မူဆိုလိနီနှင့် တွေ့သည့်အခါတွင် 'ဒီလူကို စကား
ဆက်ပြီး မပြောနိုင်လောက်အောင် ပါးစပ်ထဲကသွားတွေ သုံး လေး
ချောင်းလောက် ရိုက်ချိုးပစ်လိုက်ချင်တယ်' ဟူ၍ပင် ပြောခဲ့မိသည်။
ဤသတင်းကို ကြားရသော ရစ်ဘင်ထရော့ကလည်း 'ဒီဖရန်ကိုဆိုတဲ့
လူဟာ သတ္တိကြောင်ပြီး ကျေးဇူး မသိတတ်တာဘဲ။ တကယ်ဆို
သူဟာ ကျုပ်တို့အပေါ်မှာ ကျေးဇူးတွေ အများကြီး တင်စရာရှိနေ
တာပဲ။ ဒါတောင် ကျုပ်တို့နဲ့ ပေါင်းပြီး တိုက်ဖို့ကျတော့ ငြင်းနေ
ခဲ့တယ်' ဟူ၍ ရေရွတ်ခဲ့သည်။ စင်စစ်အားဖြင့် ဂျာမန်တို့သည် စပိန်
ပြည်တွင်း စစ်အတွင်းက အစွမ်းကုန် ကူညီတိုက်ခိုက်ပေးခဲ့ကြရသည်
မဟုတ်ပါလား။

သို့ဖြစ်ရာ ဟစ်တလာ၏ မြေထဲပင်လယ်ဒေသတွင် ထိုးစစ်ဆင်ရေး
နှင့် ဂျီဘရော်လတာ ရေလက်ကြားကို သိမ်းပိုက်ရေး အစီအစဉ်မှာ
အကောင်အထည်မပေါ်ဘဲ လက်လျှော့ခဲ့ရသည်။

ဟစ်တလာအဖို့ ထိုသို့ မြေထဲပင်လယ်စစ်ဆင်ရေးကို လက်လျှော့ခဲ့
သော်လည်း ဆိုဗီယက်ယူနီယံကို တိုက်ခိုက်ရေးမှာ တစ်နေ့တခြား
အရေးကြီးလာနေသည်ကို တွေ့ရသည်။

အဘယ့်ကြောင့်ဆိုသော် ဂျာမန်တပ်များက အနောက်ဘက်စစ်
မျက်နှာတွင် အကြီးအကျယ် တိုက်ခိုက်၍ အောင်ပွဲများ တစ်ပွဲပြီး
တစ်ပွဲဆင်နွှဲနေစဉ် ၁၉၄၀-ခုနှစ် ဇွန်၊ ဇူလိုင်လများတွင် ဆိုဗီယက်

www.burmeseclassic.com

www.burmeseclassic.com

ယူနီယံသည် အက်စတိုးနီးယား၊ လက်ဗီးယားနှင့် လစ်သူနီးယားစသော ဘောလ်တစ် ပြည်ငယ်ကလေးများသို့ ဝင်ရောက်သိမ်းပိုက်ခဲ့၍ ကြဂုတ်လထဲတွင် ထိုတိုင်းပြည် ကလေးများကို ဆိုဗီယက် ယူနီယံနှင့် ပူးပေါင်းလိုက်ကြောင်း ကြေညာခဲ့ကြသည်။

ထို့ပြင် ဆိုဗီယက်ယူနီယံသည် ရှမေနီးယားပြည်မှ အချို့သော ဒေသများကိုပင် တောင်းဆိုခဲ့ရာ ဟစ်တလာအဖို့ ဆိုဗီယက် ယူနီယံ၏ အန္တရာယ်သည် နောက်ဆုံး မိမိတို့ကို ဦးတည် ချိန်ရွယ်လာနေကြောင်း သိရှိလာခဲ့သည်။

ဤသို့အားဖြင့် ဆိုဗီယက်၊ ဂျာမန် ဆက်ဆံရေးမှာ တဖြည်းဖြည်း တင်းမာစပြုလာရာ ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့သည် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး မိုလိုတော့ကို ဘာလင်သို့ လာရောက် ဆွေးနွေးပါရန် ဖိတ်ခေါ်ခဲ့သည်။

မိုလိုတော့သည် နိုဝင်ဘာလ ၁၂-ရက်နေ့တွင် ဘာလင်သို့ ဆိုက်ရောက်လာခဲ့သည်။ သူသည် ရစ်ဘင်ထရော့နှင့် တွေ့ဆုံ ဆွေးနွေးပြီးနောက် ဟစ်တလာနှင့် ဝင်ရောက်တွေ့ဆုံခဲ့သည်။

ဟစ်တလာသည် ထုံးစံအတိုင်း သူ့ကို အထင်ကြီးအောင် သူ၏ အောင်မြင်ချက် များနှင့် ကက္ကဏ္ဍ သမိုင်းကြောင်း၏ ဖြစ်ပေါ်ပြောင်းလဲမှု အထားအလာများကို စကားကြီး စကားကျယ်များဖြင့် တစ်နာရီနီးပါးမျှ ရှည်လျားစွာ ပြောကြားနေခဲ့ရာ မိုလိုတော့က လည်း ဂုဏ်ရှိရှိပင် နားထောင်နေခဲ့သည်။ ထို့နောက် ဟစ်တလာ စကားဆုံးတော့မှ မိုလိုတော့က ဟစ်တလာထက်ပို၍ ဟိတ်ဟန်ကောင်းကောင်းဖြင့် ဟစ်တလာ ပြောခဲ့သော စကားများကို လုံးဝအရေးမထားဘဲ သောလေ့ရှိသော ဂျာမန်နှင့် ဆိုဗီယက် ဆက်ဆံရေးပြဿနာကို တင်ပြီး ဆွေးနွေးလေတော့သည်။

ဟစ်တလာနှင့် မိုလိုတော့တို့ တွေ့ဆုံဆွေးနွေးကြရာ၌ မိုလိုတော့၏ ဟန်အမူအရာမှာ ဟစ်တလာကို အရေးမထားသည့် သဘောမျိုး ပေါ်ပေါက်နေသဖြင့် ဟစ်တလာ၏ စကားပြန် ရှဲမစ်သည် အတော်ပင် အံ့ဩနေမိသည်။ 'သူသည် ဟစ်တလာကို မေးခွန်းများ တစ်ခုပြီး တစ်ခု ဆက်တိုက်စုပြုံ၍ မေးခဲ့ပါသည်။ ကျွန်ုပ်သည် နိုင်ငံခြား ဧည့်သည်များနှင့် ဟစ်တလာတွေ့ဆုံကြရာ၌ ယခုကဲ့သို့ ပြောဆိုသူမျိုးကို တစ်ခါမှ မတွေ့မမြင်ခဲ့ဖူးပါ'' ဟူ၍ ရှဲမစ်က ထုတ်ဖော်ရေးသားခဲ့သည်။

မိုလိုတော့သည် ဘာလင်တွင် တနင်္ဂနွေ နှစ်ပတ်မျှနေ၍ ဟစ်တလာနှင့်လည်းကောင်း၊ ရစ်ဘင်ထရော့နှင့် လည်းကောင်း အကြိမ်ကြိမ် ဆွေးနွေးခဲ့သော်လည်း နှစ်ဦးနှစ်ဖက် မပြေလည်ဘဲ ရှိနေခဲ့သည်။

ထို့နောက်ပင် မိုလိုတော့သည် မော်စကိုမှ ညွှန်ကြားချက်အရ ဖင်လန်မှ ဂျာမန်တပ်များ ရုပ်သိမ်းပေးရန်၊ ရုရှားနှင့် ဘူလ်ဂေးရီးယားပြည်တို့ အပြန်အလှန် ကူညီရေး စာချုပ်ကို ချုပ်ဆိုခွင့်ရရန် စသော တောင်းဆိုချက်များကို ပေးအပ်ကာပြန်သွားခဲ့သည်။

ဟစ်တလာသည် မိုလိုတော့နှင့် ယခုကဲ့သို့ တွေ့ဆုံပြီးနောက် ဆိုဗီယက်ယူနီယံကို တိုက်ခိုက်ရန်ပို၍ လိုအပ်လာသည်ဟု ယူဆခဲ့သည်။ ထို့ကြောင့် သူသည် ဂိုးအားရင်းကို ခေါ်ယူတွေ့ဆုံ၍ ဆိုဗီယက်ယူနီယံကို ဝင်ရောက်တိုက်ခိုက်မည့် အစီအစဉ်ကို ရှင်းလင်းပြောပြသည်။

ဂိုးအားရင်းမှာ ဂျာမန်လေတပ်ဗိုလ်ချုပ်ကြီး ရေဒါကဲ့သို့ပင် မြေထဲပင်လယ်ဒေသမှ ဗြိတိသျှပိုင်နက်များကို ဦးစွာတိုက်ခိုက်ရန် စိတ်သန်နေသည်ဖြစ်ရာ ဆိုဗီယက်ယူနီယံကို တိုက်ခိုက်လိုသော ဟစ်တလာ၏ အစီအစဉ်များကို သဘောမကျဘဲ ရှိနေခဲ့သည်။ သို့သော် အနှစ်နှစ်အလလကပင် ဟစ်တလာ၏ အမိန့်မှန်သမျှ ခေါင်းငုံ့၍ နာခံလာခဲ့ရသော ဂိုးအားရင်းသည် ယခုတစ်ကြိမ်တွင်လည်း ဟစ်တလာ၏ အစီအစဉ်ကို မည်သို့မျှ ပြောင်းလဲအောင် မတတ်နိုင်ဘဲ ဖြစ်ခဲ့သည်။

ထို့နောက်ပင် ၁၉၄၁-ခု ဇွန်လ ၂၂-ရက်နေ့ နံနက် လင်းအားကြီး အချိန်တွင် လပေါင်းများစွာ စီစဉ်ပြင်ဆင်လာခဲ့သော ဟစ်တလာ၏ အစီအစဉ်အရ ဂျာမန်တပ်များသည် ဆိုဗီယက်ယူနီယံကို အလုံးအရင်းဖြင့် ဝင်ရောက် တိုက်ခိုက်ကြတော့သည်။

စင်စစ် ဆိုဗီယက်ယူနီယံကို ဂျာမန်တို့ ဝင်ရောက် တိုက်ခိုက်ခဲ့ကြသော ဇွန်လ ၂၂-ရက်နေ့သည် ဟစ်တလာအဖို့ မဟာအမှားတော်ကြီးကို ကျူးလွန်ခဲ့သောနေ့ပင် ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆိုဗီယက်ယူနီယံကို စတင်တိုက်ခိုက်ခဲ့ခြင်းဖြင့် ဟစ်တလာသည် အကျပ်အတည်းများကို ရင်ဆိုင်ခဲ့ရသည်။

ပထမ အကျပ်အတည်းမှာ အနောက်ဘက် စစ်မျက်နှာတွင်အင်္ဂလန်ကျွန်းစုံကို တက်ရောက် သိမ်းပိုက်ခြင်း မပြုနိုင်သေးမီ အရှေ့ဘက် စစ်မျက်နှာတွင် ထိုစစ်ဆင်နွှဲခြင်းဖြင့် စစ်မျက်နှာ နှစ်ရပ်ဖွင့်ခဲ့၍ အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။

ဒုတိယ အကျပ်အတည်းမှာ ဂျာမန် စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ကြီးများ၊ အနက် အများစုက ဤစစ်မျက်နှာနှစ်ရပ် ဖွင့်လှစ်ခဲ့သော ဟစ်တလာ၏ ဆန္ဒဗျူဟာကို သဘောကျခြင်း မရှိခဲ့ကြဘဲ မကျေမနပ်ဖြစ်ကာ နောက်ဆုံးတွင် ဟစ်တလာကို လုပ်ကြံရန် ကြံစည်ခဲ့ကြသည့်အထိ ဖြစ်လာခဲ့ကြသည်။

တတိယ အချက်အားဖြင့် ဆိုဗီယက်ယူနီယံသည် ကမ္ဘာ့ ၆-ပုံ တစ်ပုံမျှ ကျယ်ဝန်းလှသည့် တိုင်းပြည်ကြီး ဖြစ်ရာ ဟစ်တလာအဖို့ ဤမျှကြီးမားကျယ်ဝန်းလှသည့် တိုင်းပြည်ကြီး တစ်ပြည်လုံးကို သိမ်းပိုက်နိုင်ရန် ကြိုးစားရာ၌ ရေရှည်စစ်ပွဲဆင်နွှဲခဲ့ရသည့်အပြင် နောက်ဆုံးတွင် အရှုံးနှင့်သာ ရပ်ဆိုင်းခဲ့ရသည်။

အထူးသဖြင့် အရေးအကြီးဆုံးသော အချက်မှာဂျာမနီနှင့် ဆိုဗီယက်တို့ စစ်ဖြစ်လာခဲ့ခြင်းဖြင့် ဤစစ်ကြီး၏ လက္ခဏာများ ပြောင်းလဲသွားခဲ့ခြင်းပင် ဖြစ်သည်။

စင်စစ် ဂျာမနီနှင့် အနောက်ဥရောပ နိုင်ငံကြီးများ ဖြစ်ကြသော အင်္ဂလိပ်၊ ပြင်သစ်တို့ ဖြစ်ကြခြင်း၏ အခြေခံ အကြောင်းရင်းမှာ ဥရောပတိုက်မှ တိုင်းငယ်ပြည်ငယ်ကလေးများကို ပြိုင်လုခဲ့ကြရာမှ အစပြုခဲ့ရာ ဖြစ်ကာ တစ်စ တစ်စ ပဋိပက္ခ ကြီးမား၍ စစ်ကြီးဖြစ်ပွားလာခဲ့ခြင်း ဖြစ်သည်။

တစ်နည်းဆိုရလျှင် နယ်ချဲ့သမားအချင်းချင်း တိုက်ခိုက်ကြသော "နယ်ချဲ့စစ်"ပင် ဖြစ်သည်။

ယခု ဂျာမန်တို့က ဆိုဗီယက်ယူနီယံကိုကျူးကျော် တိုက်ခိုက်လာခဲ့သောအခါ နိုင်ငံတကာရှိ ကွန်မြူနစ်ပါတီများနှင့် တိုးတက်သော အင်အားစုများကပါ ဆိုဗီယက်ယူနီယံဘက်မှ ရပ်တည်ခဲ့ကြ၍ ဂျာမန်



www.burmeseclassic.com

တို့အား တိုက်ခိုက်နေကြသော မိမိတို့အစိုးရများကို အစွမ်းကုန် ကူညီပါဝင်ခဲ့ကြသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ပြည်သူ့ဘက်ရပ်သည့် ဤစစ်ပွဲကြီးသို့ ပါဝင်ခဲ့ကြသည်။

သို့ဖြစ်ရာ ဆိုဗီယက်ယူနီယံကို တိုက်ခိုက်ခဲ့ခြင်းဖြင့် ဟစ်တလာသည် ကိုယ့်သေတွင်း ကိုယ်တူးသည့်ပမာ ဖြစ်ခဲ့ရသည်။

အဘယ့်ကြောင့်ဆိုသော် ထိုအချိန်အခါမှ စ၍ ဤစစ်ပွဲ၏အသွင်လက္ခဏာသည် နယ်ချဲ့စစ်ပွဲမှ ပြည်သူ့စစ်ပွဲကြီးအဖြစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့သောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com





## ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ခြင်း

"ကျုပ်တို့က တံခါးကို ခြေထောက်နဲ့ ဆောင့်ကန်လိုက်ရုံပဲ၊ အခုထဲမှာ သူ့တာသူ အလိုလိုပြိုကျပြီး အဆောက်အအုံ တစ်ခုလုံး ဗုန်းဗုန်းလဲသွားမှာသေချာတယ်"

(လစ်ဒယ်လ်ဟတ်ရေး "တောင်ကုန်း အခြားတစ်ဖက်တွင်" စာမျက်နှာ ၂၁၉)

ဆိုဗီယက်ယူနီယံကို ဂျာမန်တပ်များ ဝင်ရောက်တိုက်ခိုက်ရာတွင် အလွယ်တကူ အောင်ပွဲဆင်နိုင်လိမ့်မည်ဟု စိတ်ကူးယဉ်ခဲ့သော ဟစ်တလာသည် ဂျာမန်ဗိုလ်ချုပ်ကြီး ဂျိုဒယ်လ်အား အထက်ပါအတိုင်း ပြောခဲ့သည်။

ဟစ်တလာ၏ စိတ်ထဲတွင် ဂျာမန်တပ်များက ဖိတိုက်လာသည်နှင့် အမျှ ဆိုဗီယက်အစိုးရမှာ ပြည်တွင်းအကျပ်အတည်းများကို မဖြေရှင်းနိုင်ဘဲ စတာလင် ကိုယ်တိုင် လူထု၏ အုံကြွတော်လှန်မှုဖြင့် ပြုတ်ကျလိမ့်မည်ဟု လွဲမှားစွာ တွက်ဆထားခဲ့သည်။ ဆိုဗီယက် တပ်နီတော်၏ အင်အားသည် ဂျာမန်တပ်မတော်ထက် ပိုမို၍ လူအရေအတွက် များပြားသော်လည်း ဆိုဗီယက်အစိုးရ၏ နိုင်ငံရေး အားနည်းမှုကြောင့် ပြင်သစ်ပြည်ကြီးကို တိုက်ခိုက်သိမ်းပိုက်ခဲ့ရစဉ်ကထက် ပို၍ မကြာဘဲ ထစ်ယာန်ထိုးချီတက်၍ ရက်ပိုင်းအတွင်း သိမ်းပိုက် နိုင်လိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။

ဟစ်တလာ၏ အထက်ပါယူဆချက်၊ မျှော်လင့်ချက်များ မှာ ထိုစစ်၏ ပထမပိုင်းတွင် မှန်ကန်သည်ဟုဆိုရမလို ဖြစ်ခဲ့သည်။ အဘယ့်ကြောင့် ဆိုသော် ဂျာမန်တပ်များ၏ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်၍တစ်ဟုန်ထိုး ချီတက်မှုတို့ကြောင့် ဇူလိုင်လ ၁၆ ရက် နေ့တွင် မော်စကိုမြို့နှင့် မိုင် ၂၀၀-ခန့်ဝေးကွာသော ဇမိုလင့်မြို့ကြီး မှာ ဂျာမန်တို့လက်သို့ ကျဆုံးခဲ့ရသည်။

သို့သော် ဂျာမန်တို့ အဖို့ နယ်မြေကို သိမ်းပိုက် နိုင်ခဲ့ကြသော်လည်း ဆိုဗီယက်တပ်နီတော်မှ တပ်များကို မချေမှုန်းနိုင်ခဲ့ရုံမျှမက တပ်နီတော်၏ ဝိုင်းဝန်းတိုက်ခိုက်မှုများကို အလူးအလဲ ခံခဲ့ကြရသည်။ ဂျာမန်တို့ အဖို့ ဆိုဗီယက် တပ်သား အမြောက်အမြားကို ဖမ်းဆီးရမိခဲ့သော်လည်း တစ်နေရာတွင် ထိုသို့ ဖမ်းဆီးနိုင်ခဲ့သည့် တိုင်အောင်၊ နောက်တစ်နေရာတွင် တပ်နီတော်၏ ပြင်းထန်သော ခုခံမှုများကို ရင်ဆိုင်ခဲ့ကြရသည်။

သို့နှင့်ပင် ဂျာမန်တပ်များမှာ တပ်နီတော်၏ စစ်ရေးငြိမ့် နောက်သို့ လိုက်လံ တိုက်ခိုက်ရင်း ဆိုဗီယက်ပြည်နယ်၏ အတွင်းပိုင်းသို့ ရောက်မှန်းမသိ ရောက်ခဲ့ကြသည်။

ဟစ်တလာမှာလည်း အရှေ့ဘက် မျက်နှာဖွင့်ခဲ့သည့် အချိန်မှစ၍ အခြားစစ်မျက်နှာများကို လှည့်မကြည့်နိုင်တော့ဘဲ ဤစစ်မျက်နှာ တစ်ခုတည်းကိုသာ အာရုံစိုက်၍ နေခဲ့ရာညပါ စစ်ဆင်ရေးအမိန့်များကို ထုတ်ပြန်ခဲ့ရသည်။ ယခုအခါ သူသည် ဂျာမန်ပြည် ဘာလင်မြို့တွင်ပင် မနေနိုင်တော့ဘဲ၊ အရှေ့ဘက် စစ်မျက်နှာမှ ဂျာမန်တပ်များကို ဦးစီးကပ်ကဲရန်အတွက် အရှေ့ပိုင်း ပရပ်ရှားပြည်နယ်မှ ရတ်စ်တင်းဘတ်မြို့ အနီးတွင် အမြဲတမ်းဌာနချုပ်တစ်ခု ဖွင့်လှစ်၍ ဤဌာနချုပ်မှာပင် အချိန်ကုန်ခဲ့ရသည်။ ထိုမှတစ်ဆင့် ရံဖန်ရံခါ ယူကရိန်းပြည်နယ်ထဲမှ ဝင်နီဇာမြို့အနီးရှိ စစ်ဌာနချုပ်သို့ သွားရောက်ကာ တပ်များကို ဦးစီးကွပ်ကဲခဲ့သည်။ ဘာလင်ကိုမူ ဟစ်တလာ ရံဖန်ရံခါမှ ပြန်ခဲ့သည်။

ဟစ်တလာသည် ယခင်က ဂျာမန်တပ်များအတွက် အစီအစဉ်ရေးဆွဲသည့် ဗိုလ်ချုပ်များကိုရေးဆွဲ၍ စီစဉ်လုပ်ဆောင်စေခဲ့ရာမှ ယခုအခါ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် စစ်မြေပြင်နှင့် အနီးကပ်ဆုံးနေရာသို့ လာရောက်ကာ တိုက်ပွဲများ၏ အသေးစိတ် တိုက်ခိုက်ရေး နည်းပရိယာယ်များကိုပါ ညွှန်ကြားကွပ်ကဲသည်အထိ ဖြစ်လာခဲ့သည်။

ဆိုဗီယက် စစ်မျက်နှာတွင် ဂျာမန်စစ်သားတို့၏ ရက်စက်မှုကား ဒုတိယကမ္ဘာစစ်သမိုင်းတွင်သာမက လူသားတို့၏ သမိုင်းတစ်လျှောက်လုံးတွင် မကြုံစဖူး မကြားဖူးသော ရက်စက်မှုများပင် ဖြစ်ကြသည်။ ဤသို့ရက်စက်ကြရန်လည်း ဟစ်တလာ ကိုယ်တိုင်း လှုံ့ဆော်ခဲ့သည်။

"အကြင်နာတရားကို ဖယ်ရှားပစ်ကြ၊ ခြေမြန်လက်မြန်ဖြင့် ရန်သူကို ရက်ရက်စက်စက် ချေမှုန်းကြ။ ဤသည်ပင်လျှင် စစ်ရေးစစ်ရာအရ လူ့လောကအကျိုးကို သည်ပိုးသည့် နည်းလမ်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် လူအများကို ထိတ်လန့်ချောက်ချားစေသောကြောင့် ဖြစ်၏။ သို့ဖြစ်ရာ ရန်သူကို အရက်စက်ဆုံးနည်းကိုသုံး၍ အမြန်ဆုံးရှေ့သို့ ချီတက်ကြ"

နေ့စဉ်နှင့်အမျှ စစ်မြေပြင်သို့ ရောက်ရှိလာသော ဟစ်တလာ၏ အထက်ပါ ဩဝါဒကို နာခံ၍ ဂျာမန် တပ်သား များသည် ဆိုဗီယက်ပြည်သူများကို အစုမ်းကုန် ရက်စက်ကြသည်၊ အစွမ်းကုန် သတ်ဖြတ်ကြသည်၊ အစွမ်းကုန်ချေမှုန်းကြသည်။

ဤရက်များအတွင်းက ဆိုဗီယက်ရုရှားနှင့် ဘောလတစ်နိုင်ငံများတွင် လူပေါင်း တစ်သန်း၊ ခုနစ်သိန်း၊ နှစ်သောင်း၊ လေးထောင်ခန့် (၁၇၂၄၀၀၀) တို့မှာ ဂျာမန်တို့၏ ကြိုးစင်များနှင့် သေနတ်ပြောင်းဝများတွင် အသက်ပျောက် ခဲ့ကြရသည်။

ဂျာမန်တပ်သားများသည် ဆိုဗီယက် နယ်မြေထဲသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် နေ့မှစ၍ တွေ့သမျှ၊ မြင်သမျှ ယောကျ်ား၊ မိန်းမ၊ ကလေးများပါ မကျန် ဆိုဗီယက် ပြည်သူများကို သေနတ်ဖြင့် ပစ်သတ်ခဲ့ကြသည်၊ ကြိုးစင်တင်၍ သတ်ခဲ့ကြသည်၊ အရှင် လတ်လတ် မြေမြှုပ်၍ သတ်ခဲ့ကြသည်၊ မုဒိမ်းကျင့်၍ သတ်ကြသည်။

ဆိုဗီယက် ပြည်ထောင်စုတွင် အပါအဝင် ဖြစ်သော ယူကရိန်းပြည်နယ်မှ ကိဗ်မြို့ကို သိမ်းပိုက်ခဲ့စဉ်က ဂျာမန်တပ်များသည် တစ်မြို့လုံးကို မီးလောင်းတိုက် သွင်း၍ လူအများကို အထိခိုက်ကြသည်။ မီးတောက် မီးလျှံများ အကြားတွင် ကြောက်လန့်တကြား ပြေးလွှားနေကြသော မြို့သူမြို့သားများကို စက်သေနတ်ဖြင့် ဒလစပ်ပစ်ခတ်ခဲ့ကြသည်။ ထို့နောက် မီးမလောင်ဘဲ တစ်ပိုင်းတစ်စ ကျန်နေသော တိုက်တာ နေအိမ်များပေါ်သို့ တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်လံရှာဖွေကာ၊ တွေ့ရှိသမျှ ယောကျ်ား အားလုံးကို နေရာတွင်ပင် ပစ်သတ်ကြသည်။ အမျိုးသမီး မှန်သမျှကိုလည်း ငါးနှစ်သမီးကလေးများကိုပါ ရက်ချက်စက်စက် မတရားကျင့်၍ လှံစွပ်ဖြင့် ထိုးသတ်ကြသည်။ ရက်သား လသားမျှသာ ရှိသေးသော ကလေးသူငယ်များကို ဂျာမန် စစ်သားများက ကောင်းကင်သို့ ပစ်မြှောက်ကာ ပြုန်အကျတွင် လှံစွပ်ဖြင့် ဆီး၍ ထိုးခံကာ "လူသတ်ကမ်းကစား" ကြသည်။ ဤသို့ လူမဆန်သော ရက်စက်မှုများမှာ အခြားသူများအဖို့ မမြင်ဝံ့စရာ၊ မကြည့်ရက်စရာများ ဖြစ်နေသော်လည်း ဂျာမန်စစ်သားများအတွက်မူ ပျော်စရာ၊ ရွှင်စရာအဖြစ်ဖြင့် တဝါးဝါး၊ တဟားဟား ကျလျက် ရှိနေခဲ့ကြသည်။

ဖက်ဆစ် နာဇီတို့သည် လူ့သမိုင်းတွင် အရိုင်းဆုံးသော လူသတ်ပွဲကြီးကို ဆင်နွှဲကြပြီတကား။

ဤသို့ ဂျာမန်တပ်များ ဆိုဗီယက်ယူနီယံကို ဝင်ရောက်တိုက်ခိုက် အောင်ပွဲ ဆင်နေဆဲ ၁၉၄၁-ခု ဩဂုတ်လ ကုန်လောက်တွင် ဆိုလီနီသည် ဟစ်တလာ၏ စစ်ဌာနချုပ်ရှိရာ ပရပ်ရှား အရှေ့ပိုင်းနယ်မြေသို့ ရောက်ရှိလာခဲ့သည်။

ဟစ်တလာ၏ ဌာနချုပ်မှာ လူနေအိမ်ခြေနှင့် မိုင်ပေါင်းများစွာ ဝေးကွာလှ၍ သစ်ပင်များ ထူထပ်လှသော တောအုပ်အလယ်တွင် ဆောက်လုပ် ထားခြင်း ဖြစ်သည်။ ဤ ဌာနချုပ်တွင် တယ်လီဖုန်းခန်းခု၊ ကြိုးမဲ့ ကြေးနန်းရုံတစ်ခုနှင့် တကွ ရုပ်ရှင်ရုံတစ်ခုပါ တွဲဖက်ဆောက်လုပ် ထား၍ အစောင့်တပ်များ အထပ်ထပ် ချထားသည့်ပြင် ယာဉ်ပစ် အမြောက်များပါပတ်ပတ်လည် ထားရှိခဲ့သည်။ ဟစ်တလာသည် လေကြောင်းရန် အချက်ပေးသည့် အခါများတွင် သူ့


www.burmeseclassic.com

www.burmeseclassic.com

ရှုံးခန်းမှတစ်ဆင့် ပုန်းခိုကျင်းထဲသို့ ဆင်းကာ နေ့ရောညပါ ဖစ်ေ များဖြင့် အလုပ်ရှုပ်လျက် ရှိနေခဲ့သည်။

မူဆိုလီနီသည် ဟစ်တလာ၏ အထက်ပါ ဌာနချုပ်သို့ ဩဂုတ် ၂၅-ရက်နေ့တွင် ရောက်ရှိလာခဲ့သည်။

ဟစ်တလာသည် မူဆိုလီနီကို "ငယ်နိုင်" ဖြစ်နေသည့်အလျော တွေ့လျှင် တွေ့ချင်း ဆိုဗီယက် စစ်မျက်နှာတွင် ဂျာမန်တပ်များ အောင်ပွဲများကို အားရ ပါးရ ကြွားရှို ပြောတော့သည်။ သို့သေ ဟစ်တလာ၏ စကားထဲတွင် သူ့ဘက်က တွက်ကိန်းတစ်ချက်မှားသွ သည်ကိုမူ သူဝန်ခံပြောဆိုခဲ့သည်။ ထိုမှားသွားသော တွက်ကိန်းမ အခြားမဟုတ်၊ သူ၏ဂျာမန် စုံစမ်းထောက်လှမ်းရေးဌာန၏ သတ ပေးချက်များအရ ဆိုဗီယက် တပ်နီတော်သည် အင်အား ပြေ လောက်အောင် ကြီးမားသည် မဟုတ်၊ တိုက်ခိုက်ရေး အရည်အချ မှာလည်း ထက်ထက်မြက်မြက် မရှိလှ ဟူ၍ သိရှိထားခဲ့ရာ လက်တွေ တွင်မူ တပ်နီတော်မှာ မိမိထင်ထားသည်ထက် ပို၍အင်အားကြီးမာ ရုံမျှမက၊ တိုက်ခိုက်ရေး အရည်အချင်းမှာလည်း ရဲရင့် ပြောင်မြေ လှသည်ဟူသော အချက်ကို ဟစ်တလာဝန်ခံပြောဆိုရခြင်း ဖြစ်သည်

နောက်တစ်နေ့တွင် အာဏာရှင်ကြီး နှစ်ဦးသည် ဘရက်စ်လ တော့စ်မြေပြင်သို့ လည်းကောင်း၊ ထိုမှတစ်ဖန် ယူကရိန်း စစ်မြေ သို့ လည်းကောင်း သွားရောက်စစ်ဆေး ကြည့်ရှုခဲ့ကြသည်။

အပြန်တွင် ဟစ်တလာနှင့် မူဆိုလီနီတို့သည် လေယာဉ်အတူစီး လာခဲ့ကြသည်။ လမ်းခရီး လေယာဉ်ပေါ်တွင် မူဆိုလီနီသည် ဟ တလာ၏ လေယာဉ် မောင်းသမား ဘေးသား ရှိရာစက်ခန်းထဲ သွား၍ ကိုယ်တိုင်ခေတ္တ ဝင်မောင်းခဲ့ရာ ဟစ်တလာမှာ မူဆို လေယာဉ်မောင်းနေသည်ကို မျက်တောင်မခတ်ပဲ တထိတ်ထိတ် ကြည့်ကာ လိုက်ပါလာခဲ့ရသည်။ အတန်ကြာ၍ မူဆိုလီနီစက်ခန်း က ထွက်လာတော့မှ ဟစ်တလာမှာ အသက်ပြောင့်အောင် ရှူ တော့သည်။

ဤသို့ ဖက်စစ် အာဏာရှင်ကြီးနှစ်ဦး "ရင်းရင်းနှီးနှီး" တွေ့ ဆွေးနွေးခဲ့ကြသလို ဗြိတိသျှဝန်ကြီးချုပ်ချာချီနှင့် အမေရိကန် သ

တကြီး ရုစဗဲ့တို့သည်လည်း၊ ဩဂုတ်လဆန်း၌ နယူးဖောင်လန် ကျွန်းအနေးတွင် တွေ့ဆုံကာ နှစ်နိုင်ငံ သဘော တူညီချက်အဖြစ် *"အတ္တလန်တိတ် ချာတာ" ကို ပူးတွဲလက်မှတ်ရေးထိုး၍ ထုတ်ပြန် ခဲ့ကြသည်။

"အတ္တလန်တိတ် ချာတာ"တွင် အင်္ဂလိပ်- အမေရိကန်တို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် သဘောထားများကို ဖော်ပြ ၍ အဓိကအားဖြင့် ဂျာမန်တို့၏ ကျူးကျော် တိုက်ခိုက်မှုများကို ပြစ်တင်ရှုတ်ချခဲ့ကြခြင်း ဖြစ်သည်။

ဟစ်တလာသည် ဤစစ်ပွဲတွင် အမေရိကန် ပါဝင်လာမည်ကို တစ်နည်းနည်းဖြင့် ကြိုတင်တားဆီးလိုသော သဘောရှိခဲ့သည်။ ယ ကဲ့သို့ အင်္ဂလိပ် အမေရိကန် ပူးတွဲကြေညာလိုက်သော "အတ္တလ တိတ်ချာတာ"သည် သူ့အတွက် ကောင်းသောလက္ခဏာ မဟုတ်ပ သိမြင်ခဲ့ရ၍ ဤကြေညာချက်ကို တုံ့ပြန်ရန် အစီအစဉ်တစ်ရပ်ကို ရ မှတ်ခဲ့သည်။

၁၉၄၁-ခုနှစ် နိုဝင်ဘာလကုန်တွင် ဟစ်တလာနှင့် ရစ်ဘင် ထရော့တို့၏ စီစဉ်ချက်အရ ဥရောပ နိုင်ငံပေါင်းစုံ သေးစည်းရေ ကွန်ဖရင့်တစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါကွန်ဖရင့်တွင် ဟစ်တလာ သည် အထူးကိုယ်စားလှယ်များအဖြစ် အရွေးများခေ့သမှ ဂျာမန်နှ မန်ချူးရီးယားကိုပါ ဖိတ်ကြား တက်ရောက်စေခဲ့သည်။ ဥရော နိုင်ငံများအနေဖြင့် အီတလီ၊ စပိန်၊ ဟန်ဂေရီ၊ ရူမေးနီးယား၊ ဘ ဘက်ကီးယား၊ ကရုတ်ရှား၊ ဘူလ်ဂေးရီးယား၊ ဖင်လန်နှင့် ဒိန်းမ စသည်ဖြင့် နိုင်ငံပေါင်း ၉ နိုင်ငံ တက်ရောက်ခဲ့ကြသည်။

ဤကွန်ဖရင့်၏ အဓိကရည်မှန်းချက်မှာ နိုင်ငံတကာ ကွန်မြ နစ်လှုပ်ရှားမှုများကို ချေမှုန်းရန်ဖြစ်သော်လည်း တစ်ချိန်တည်းတွ ဥရောပတိုက်၌ ဂျာမနီ၏ တစ်ဦးတည်းသောခေါင်းဆောင်မှုကို တ ဝင် ထူထောင်လိုက်ခြင်းပင် ဖြစ်သည်။

* Atlantic Charter

www.burmeseclassic.com


www.burmeseclassic.com

ဤအချက်ကို အခြားနိုင်ငံများထက် အီတလီအား ပို၍ ရိပ်မိခဲ့သည်။ သို့ဖြစ်၍လည်း ဘာလင်မြို့တွင် ကျင်းပ ခဲ့သော အဆိုပါ "ဥရောပနိုင်ငံများ ဓသွးစည်းရေးကွန်ဖရင့်"သို့ တက်ရောက်ခဲ့သည့် အီတလီနိုင်ငံခြားရေးဝန်ကြီး စီယာနိုအာ သူ၏ နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ဂျာမန်များသည် အိမ်ကြီးရှင်များပမာ ဖြစ်နေကြပါသည်။ သူတို့၏ ဟန်အမူအရာများမှာ ယဉ်ကျေးလှပါသော်လည်း ကျွန်ုပ်တို့အားလုံးအား ဤအချက်ကို သတိထားမိနေကြပါသည်။ ကျွန်ုပ်တို့အဖို့ အခြားထွက်ပေါက်လည်း မရှိတော့ပါ။ ဥရောပတိုက်တွင် ၎င်းတို့၏ ခေါင်းဆောင်မှုမှာ ယခုအခါ အထင်အရှား တည်ဆောက်ခဲ့ပြီ ဖြစ်ပါသည်။ ဤအချက်ကို ထိုနေရာမှသော်လည်းကောင်း၊ ဤနေရာမှသော်လည်းကောင်း ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ လက်မခံ၍ မဖြစ်တော့ပါ။ အခြေအနေအရ ဆိုပါက အိမ်ရှင်၏ညာဘက်တွင် ကပ်ထိုင်နေခြင်းသာလျှင် အကောင်းဆုံး ဖြစ်ပါသည်"

(စီယာနို၏နေ့စဉ်မှတ်တမ်း စာမျက်နှာ-၄၀၂)

မည်သို့ပင်ဖြစ်စေ၊ ဤ "ဥရောပသွေးစည်းရေး ကွန်ဖရင့်"တွင် ဂျာမန်နှင့် မန်ချူးရီးယားတို့အား ဖိတ်ကြားခဲ့ခြင်းဖြင့် ဟစ်တလာသည် အရှေ့ဖျားဒေသမှ ဂျပန်ကို ဤစစ်ကြီးအတွင်း ပါဝင်စေရန် လှုံ့ဆော်လိုက်သကဲ့သို့ ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါကွန်ဖရင့် ကျင်းပပြီး တစ်ပတ်မျှအကြာ ဒီဇင်ဘာလ ၇-ရက်နေ့တွင် ဂျပန်တို့သည် ပုလဲဆိပ်ကမ်းမှ အမေရိကန်ရေတပ်ကို အငင်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြင့် စစ်ထဲသို့ ပါဝင်လာခဲ့သောကြောင့်ပေတည်း။



# မူဆိုလီနီ၏ ဇာတ်သိမ်းခန်း

စင်စစ်အားဖြင့် ဟစ်တလာသည် အရှေ့ဘက် စစ်မျက်နှာတွင် ထိုးစစ်ဆင်ခဲ့ပြီး အရှေ့ဖျားဒေသမှ ဂျပန်တို့အား ဆိုဗီယက်ယူနီယံကို နောက်ကျောမှ တိုက်ခိုက်စေရန် ကြိုးပမ်းခဲ့သေးသည်။ ဤကိစ္စအတွက် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့သည် တိုကျိုမြို့ရှိ ဂျာမန်သံအမတ်မှတစ်ဆင့် ဂျပန်အစိုးရအား အကြိမ်ကြိမ်တိုက်တွန်းခဲ့သည်။

၁၉၄၁ ခုနှစ် ဇူလိုင်လ ၁၀-ရက်နေ့စွဲဖြင့် ဂျာမန်သံအမတ်ကြီးက ရစ်ဘင်ထရော့ထံ ကြေးနန်းရိုက်၍ အကြောင်းပြန်ကြားရာတွင် "ဂျပန်အစိုးရအား ဆိုဗီယက်ယူနီယံကိုစင်ရောက်တိုက်ခိုက်ခြင်းဖြင့် ဤစစ်ထဲသို့ပါဝင်လာစေရန် ကျွန်ုပ်စွမ်းအားရှိသလောက် ကြိုးစားနေပါသည်"ဟူ၍ အတိအလင်း ဖော်ပြခဲ့သည်။

(နျူရင်ဘတ်စစ်ခုံရုံးမှတ်တမ်းများ စာမျက်နှာ ၂၀၀၆၊ ၂၀၉၇)

တစ်ဖန် ၁၉၄၁-ခုနှစ် နွေဦးပေါက်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မတ်ဆူအိုကာ ဘာလင်သို့ ရောက်ခဲ့စဉ်က ဟစ်တလာသည် ဂျပန်တို့အား စင်ကာပူကို ဝင်တိုက်ရန် အကြံပေးခဲ့ဖူးသည်။ ဤသို့ ဝင်တိုက်ခြင်းဖြင့် စင်ကာပူကိုသာ ဂျပန်တို့သိမ်းပိုက်နိုင်ခဲ့ပါက အမေရိကန်သည် ဤစစ်ပွဲအတွင်းသို့ လုံးဝ ပါဝင်လာလိမ့်မည် မဟုတ်ဟု ဟစ်တလာကယူဆထားသည်။ သို့သော် သူသည် ဂျပန်နိုင်ငံခြားရေး

www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးအား အမေရိကန်ကို ဂျပန်တို့က တိုက်ခိုက်ရန် မည်သည့်အခါ အမျှ အကြံပေးတိုက်တွန်းခြင်း မရှိခဲ့ပေ။

သို့ဖြစ်ရာ ဂျပန်တို့က ပုလဲဆိပ်ကမ်းတွင် အမေရိကန်တို့အား အလစ်တွင် ဝင်တိုက်ခိုက်သည့်သတင်းကို ရုတ်တရက် မမျှော်လင့်ဘဲ ကြားလိုက်ရသောအခါ ဟစ်တလာမှာ အံ့အားသင့်သွားခဲ့သည်။

သူသည် ဂျပန်တို့အား အရှေ့ဖျားမှနေ၍ ဆိုဗီယက်ယူနီယံကိုသော်လည်းကောင်း၊ အင်္ဂလိပ်တို့ကိုသော်လည်းကောင်း 'ဒုက္ခ' ပေးရန်လိုလားခဲ့သည်။ သို့သော် ဂျပန်မှာ လက်ငင်းအားဖြင့် အရှေ့ဖျားဒေသတွင် အမေရိကန်နှင့် ပဋိပက္ခ ပိုမိုကြီးထွားလာသဖြင့် ပုလဲဆိပ်ကမ်းကို အလစ်တွင် ဝင်ရောက်ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဟစ်တလာအဖို့ အရှေ့ဖျားမှ သုံးနိုင်ငံ ဝင်ရိုးတန်းတွင် အပါအဝင်ဖြစ်သော ဂျပန်တို့ ယခုကဲ့သို့ စစ်ထဲသို့ မရှောင်မလွှဲသာဘဲ ပါဝင်လာသည်ကိုမူ ကျေနပ်မိသည်။ သို့ဖြစ်၍လည်း ပုလဲဆိပ်ကမ်းသတင်းကို ကြားရသောအခါ ပထမတွင်အံ့အားသင့်မိသော်လည်း နောက်တွင် သဘောကျ နှစ်ခြိုက်မိသည်။

"ခင်ဗျားတို့ရဲ့ စစ်ကြေညာပုံ ကြေညာ နည်းဟာ မှန်ကယ်၊ ဒီနည်းဟာ အကောင်းဆုံး နည်းပဲ။ အရေးကြီးတာက ချပြီဆိုမှတော့ ထိထိမိမိဖြစ်အောင် ချဖို့ပဲလိုတယ်၊ စစ်ကြေညာတာတွေ ဘာတွေနဲ့ အချိန်ဖြုန်းခနေဖို့မလိုပါဘူး"

(နျူရင်ဘတ် စစ်ခုံရုံးမှတ်တမ်းများ၊ စာမျက်နှာ ၂၉၇)

နောက်ဆုံးတွင် ဟစ်တလာသည် ဒီဇင်ဘာလ ၁၄-ရက်နေ့က ဘာလင်မြို့ရှိ ဂျပန်သံအမတ်ကြီး အိုရှိမာအား အထက်ပါအတိုင်း အားပေးစကား ပြောခဲ့သည်။

ဤသို့ အရှေ့ဖျားဒေသမှ ဂျပန်တို့အား ရဲဆေးတင်ပေးနေသည့်အချိန်တွင် ဟစ်တလာသည် ဆိုဗီယက်စစ်မျက်နှာမှ မိမိ၏ဂျာမန်တပ်များအား ထိန်းမနိုင်သိမ်းမရ ဖြစ်လာသည်ကို တွေ့ရှိလာရသည်။

ဆိုဗီယက်တပ်နီတော်သည် ပုလဲဆိပ်ကမ်းကို ဂျပန်တို့ ဗုံးကြဲ

www.burmeseclassic.com

...တစ်ရက်အလို ဒီဇင်ဘာလ ၆ ရက်နေ့ညောင် စတင်၍ ပြန်လှန်ထိုးစစ်ကြီး ဆင်နွှဲခဲ့ကြရာ ဂျာမန်တပ်များမှာ ဆိုဗီယက်စစ်မျက်နှာတွင် ပထမဆုံးအကြိမ် အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရသည်။

အထူးသဖြင့် ဆိုးရွားပြင်းထန်လှသော ရုရှားပြည်၏ ဆောင်းရာသီသည် ဆိုဗီယက်တပ်နီတော်ဘက်မှနေ၍ ဂျာမန် တပ်များအား ကူညီတိုက်ခိုက်ချေမှုန်းခဲ့ရာ ဂျာမန်တို့မှာ မရှုလှ ဒုက္ခရောက်ခဲ့ကြရသည်။

အရှေ့ဘက်စစ်မျက်နှာမှ ဂျာမန်တပ်မှူးကြီး တစ်ဦးဖြစ်သူ တစ်ပဲလ်စကာပ်ချ်သည် ထိုစဉ်က အခြေအနေနှင့် ပတ်သက်၍ 'ကျုပ်တို့တပ်တွေဟာ နပိုလီယန်ရဲ့တပ်တွေ မော်စကိုက ဆုတ်ခွာခဲ့ရတဲ့ အဖြစ်အပျက်ကို သတိရပြီး ဒါကိုပဲတွေးလန့်နေကြတယ်။ အဲဒီတော့ ဆုတ်ရပြီဆိုတာနဲ့တပြိုင်နက် ဖရိုဖရဲနှင့် တစ်ကွဲတပြား ဆိုးဆိုးရွားရွား ဖြစ်ကြတော့မယ်ဆိုတာ သိနေကြတယ်'ဟူ၍ပင် ပြောခဲ့သည်။

မှန်သည်။ ဂျာမန်တပ်များမှာ ဆိုဗီယက်နယ်မြေထဲမှ ဆုတ်ခွာရသည်နှင့် တပြိုင်နက် ဖရိုဖရဲနှင့် တစ်ကွဲတပြားဖြစ်ကုန်ကြသည်။ ပြင်းထန်ဆိုးရွားလှသော ရုရှားဆောင်းရာသီနှင့် ရဲရင့်ပြောင်မြောက်လှသော ဆိုဗီယက် မျိုးချစ်ဘက်တော်သားများ တပ်နီတော်များ၏ တိုက်ခိုက်မှုများကြောင့် ဂျာမန်စစ်သားပေါင်း တစ်သန်း တစ်သိန်း ခြောက်သောင်း ရှစ်ထောင် ကျဆုံးခဲ့ကြရသည်။ ဤအထဲတွင် ဖျားနာ၍ သေဆုံးခဲ့ရသူများ ပါဝင်ခြင်းမရှိသေးပေ။ ထို့ပြင် တပ်မကြီးပေါင်း ၁၆၂-တပ် ရှိခဲ့ရာ ၁၉၄၂-ခုနှစ် မတ်လကုန်တွင် တပ်မကြီးပေါင်း ၈-ခုသာလျှင် မပျက်မစီး ကျန်ရှိခဲ့၍ သံချပ်ကာတပ် ၁၆ ခုရှိသည့်အနက် အင်္ဂါး ၁၄၀ ခန့်သာလျှင် ကျန်ရှိခဲ့တော့သည်။

သို့သော် ဟစ်တလာသည် စိတ်ပျက် အားမလျှော့သေး၊ တပ်နီတော်၏ထိုးစစ်ကို ရင်ဆိုင် ခုခံရင်း နောက်ထပ် တန်ပြန် ထိုးစစ် ဆင်နွှဲရန် စိတ်အားသန်လျက်ပင် ရှိနေသေးသည်။

ယခုတစ်ကြိမ်တွင် သူ၏ မျှားဦးသည် ဆိုဗီယက် ယူနီယံ၏ ရေနံမြေဖြစ်သော ကော့ကေးဆပ်ဒေသနှင့်တကွ စက်မှုဒေသမှ ဗော်လ

www.burmeseclassic.com

www.burmeseclassic.com

အချက်အခြာ ဖြစ်သော ဒွန်ဘတ်စ်နှင့် စတာလင်ဂရက်မြို့များအထိ ဆီသို့ ချိန်ရွယ်ထားခဲ့သည်။

ဟတ်တလာ၏ မည်မျှပင် စိတ်အား ထက်နေသေးသော်လည်း အခြေအနေမှာ အဘက်ဘက်က စိတ်ပျက်စရာကောင်းလောက်အောင် ကျဆင်းနေခဲ့ပြီဖြစ်သည်။ အထူးသဖြင့် နောက်ပိုင်း ပြည်တွင်းအခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာနေခဲ့သည်။ စစ်ဘက်၊ နယ်ဘက်နှင့် အုပ်ချုပ်ရေးဘက်တို့တွင် ဤစစ်ပွဲကြီး၌ မိမိတို့ဂျာမန်များအနေဖြင့် ရေရှည်တိုက်သွားရန် မလွယ်ကူလှသော အသိဖြင့် နေရာတကာတွင် စိတ်ဓာတ်ကျလျက် ရှိနေကြသည်။ ယုတ်စွအဆုံး နာဇီပါတီ ထိပ်တန်းခေါင်းဆောင်ပိုင်းမှ ပင် ဤအယူအဆ ဝင်ရောက် လွှမ်းမိုးစ ပြုလာသည်ကို တွေ့ရသည်။

ထို့ပြင် ဟတ်တလာ၏ အမိန့်အရ စစ်ကြီးအတွက် အစစ အရာရာ လုံးဝဥဿုံ အစွမ်းကုန် လုပ်အားပေး ကြိုးပမ်းကြရန် လှုံ့ဆော်ဝါဒဖြန့်နေသည့်အထဲမှ ဂျာမန်အမျိုးသားများမှာ စစ်ဒဏ်ကို အလူးအလဲ ခံစားနေကြရသဖြင့် တစ်နေ့ထက်တစ်နေ့ စိတ်ပျက်အားလျော့ လာနေကြသည်။ ဤသို့ဖြင့် ဂျာမနီ၏ စစ်စီးပွားရေးလုပ်ငန်းများမှာ ယိမ်းယိုင်ပျက်ပြားစ ပြုလာနေသည်ကို တွေ့ရသည်။

ဟတ်တလာသည် တဆယ့်ဖြစ်ရပ်များနှင့် ကင်းကွာလာခဲ့ပြီဖြစ်ရာ သူသည် အခြေအနေ အမှန်အဆိုင်း မသုံးသပ်နိုင်တော့ဘဲ ဂျာမန်တပ်များကို ပြန်လည်စုရုံး၍ ဆိုဗီယက်စစ်မျက်နှာတွင် ဒုတိယအကြိမ် ထိုးစစ်ဆင်ခဲ့ပြန်သည်။

ဤတစ်ကြိမ်တွင်လည်း သူသည် ပထမအကြိမ် ထိုးစစ်ဆင်စဉ်က မှားခဲ့သော အမှားမျိုးကို ထပ်မံကျူးလွန်ခဲ့ပြန်သည်။ အဘယ့်ကြောင့်ဆိုသော် ၁၉၄၂-ခုနှစ်၊ ဇူလိုင်လကုန်တွင် အမှတ်-၄ ပန်ဇာတပ်မကြီးသည် စတာလင်ဂရက်မြို့ တစ်မြို့လုံးကို သိမ်းပိုက်ရလုဆဲဆဲ အခြေအနေတွင်မှ တစ်ဖန် ကော့ကေးဆပ် ပြည်နယ်ဘက်သို့ ဦးတည် ကြောင်းကို ပြောင်းလဲတိုက်ခိုက်ခဲ့ခြင်းပင် ဖြစ်သည်။ နောက်ဆုံးတွင် ဟတ်တလာမှာ စတာလင်ဂရက်ကို လက်လွှတ်ခဲ့ရသည့်ပြင် ကော့ကေးဆပ်ပြည်နယ်ကိုလည်း သိမ်းပိုက်ခြင်းမပြုနိုင်ဘဲ ဖြစ်ခဲ့ရသည်။



စတာလင်ဂရက် တိုက်ပွဲကား ဆိုဗီယက် စစ်မျက်နှာတွင်သာမက ဒုတိယကမ္ဘာစစ် တစ်လျှောက်လုံးတွင် အထင်ရှားဆုံးနှင့် အကျော်ကြားဆုံးသော တိုက်ပွဲများတွင် ရှေ့တန်းမှ ပါဝင်ခဲ့သောတိုက်ပွဲပင် ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းစစ်ကာလက ခေါင်းဆောင်ကြီး စတာလင်ကို ဂုဏ်ပြုသောအားဖြင့် မှည့်ခေါ်ခဲ့သည့် စတာလင်ဂရက်မြို့ကြီးကို မရမနေ သိမ်းပိုက်ရန် ဟတ်တလာက ဂျာမန်တပ်များအား အမိန့်ပေးခဲ့သလို ဆိုဗီယက် တပ်နီတော်သားများကလည်း "စတာလင် ဂရက်" ဟူသော အမည်ကြောင့်ပို၍ အားသွန်ကြိုးပမ်း အစွမ်းကုန်ခုခံတိုက်ခိုက် ခဲ့ကြသည်။ ဤတိုက်ပွဲတွင် တပ်နီတော်သားများသည် မြို့တွင်း၌ တစ်လမ်းပြီးတစ်လမ်း၊ တစ်အိမ်ပြီးတစ်အိမ် ခုခံ ကာကွယ်ကြရာ နောက်ဆုံးတွင် ဂျာမန်တို့မှာ အထိအခိုက် အကျအဆုံး မြောက်မြားစွာဖြင့် ဆုတ်ခွာခဲ့ကြရသည်။

ဟတ်တလာသည် စတာလင်ဂရက် တိုက်ပွဲတွင် အရေးနိမ့်ခဲ့ရသည်ကို အကြီးအကျယ် ဒေါသထွက်ခဲ့သည်။ သူသည် ဤတိုက်ပွဲကို အကြောင်းပြု၍ ဗိုလ်ချုပ်ကြီး ဟဲလ်ဒါအပေါ်တွင် မကျေမနပ်ဖြစ်ကာ ရာထူးမှလည်း တစ်ခါတည်း ဖြုတ်ပစ်ခဲ့သည်။ "ခင်ဗျားနဲ့ ကျုပ်နဲ့ဆိုတော့ ဘယ်လိုမှ တွဲလို့ ရနိုင်စရာမရှိတော့ဘူး။ ခင်ဗျားအတွက်နဲ့ ကျုပ် အကြီးအကျယ် စိတ်ညစ်ခဲ့ရပြီ။ အဲဒီတော့ ဆက်လုပ်လို့လဲ မဖြစ်တော့ဘူး၊ အခုလို အချိန်မျိုးမှာ ကြွေးစားစိတ်နဲ့ စစ်သားမျိုးကို ကျုပ် မလိုချင်ဘူး၊ တကယ့် အမျိုးသား ဆိုရှယ်လစ် စိတ်ဓာတ်ရှိတဲ့ စစ်သားမျိုးနဲ့မှဖြစ်မယ်၊ ခင်ဗျားလို ရှေးခေတ် စစ်ကျောင်းက ထွက်လာတဲ့ စစ်ဗိုလ်မျိုးအပေါ်မှာ ကျုပ်မျှော်လင့်နေလို့လဲ အပိုပဲ" ဟူ၍ ရက်ရက်စက်စက် ပြောကာ ဗိုလ်ချုပ်ကြီး ဟဲလ်ဒါကို ရာထူးမှ ထုတ်ပစ်ခဲ့သည်။

ထို့ပြင် ကော့ကေးဆပ်ပြည်နယ်ကို မသိမ်းနိုင်ဘဲ ဆုတ်ခွာလာခဲ့ရသည့်အတွက်လည်း အခြားဗိုလ်ချုပ်ကြီးများ အပေါ်တွင် မကျေမချမ်းဖြစ်လာခဲ့ရာ နောက်ဆုံးတွင် ဤကိစ္စအတွက် ဗိုလ်ချုပ်ကြီးလစ်ယ်မှာ ၁၉၄၃-ခု၊ ဇန်နဝါရီလ ထဲတွင်ရာထူးမှ ထုတ်ပယ်ခြင်း ခံခဲ့ရသည်။ တစ်ဖန် ဗိုလ်ချုပ် ဂျိုဒယ်၏နေရာတွင် ဗိုလ်ချုပ်ပေါလပ်စ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုသူကို ခန့်ထားရန် စီစဉ်ခဲ့ရာ ဗိုလ်ချုပ်မေပါလပ်စ်မှာ အခြေအနေ အရပ်ရပ်ကို စိတ်ပျက်ကာ စိတ်ဓာတ် ကျဆင်းနေသည့် အလျောက် နောက်တစ်နေ့တွင် စတာလင်ဂရက်မှ တပ်နီတော်ထံ လက်နက်ချ ဝင်ရောက် သွားခဲ့တော့သည်။

ဤသို့ဖြင့် ဟစ်တလာမှာ သူ၏ အားကိုးအားထားရာ ဗိုလ်ချုပ်ကြီးများနှင့် ပဋိပက္ခဖြစ်၍ သူ၏နောက်ဆုံး နေ့ရက်များမှာ တဖြည်းဖြည်း နီးကပ်လာခဲ့သည်။

ဤအတောအတွင်း မဟာမိတ်တို့ဘက်မှ ကြီးမားသော တိုက်ပွဲကြီးများကို တိုက်ခိုက်အောင်မြင် လာခဲ့ကြသည်။

ပထမတိုက်ပွဲမှာ ဗြိတိသျှ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ အမှတ်-၈ တပ်မတော်သည် ၁၉၄၂-ခုနှစ် အောက်တိုဘာလ ၂၃-ရက်နေ့တွင် အားလ်အလန်မိန်းဒေသကို ၁၂-ရက်ကြာမျှ အပြင်းအထန်တိုက်ခိုက်ပြီးဂျာမန်တို့လက်မှ ပြန်လည်သိမ်းပိုက်ခဲ့သည်။

တစ်ဖန် နိုဝင်ဘာလ ၇-ရက်နှင့် ၈-ရက်နေ့ညတွင် ဗြိတိသျှနှင့် အမေရိကန် တပ်များသည် မော်ရိုကိုနှင့် အယ်လ်ဂျီးရီးယား ပြည်ကလေးများကို တိုက်ခိုက်လာ၍ ရက်ပိုင်းအတွင်း မြောက်အာဖရိကတိုက်မှ ဖက်ဆစ်များကို မောင်းထုတ် နိုင်ခဲ့ကြသည်။

ထို့နောက် နိုဝင်ဘာလ ၁၉-ရက်နှင့် ၂၀-ရက်နေ့များတွင် တပ်နီတော်များသည် စတာလင်ဂရက်မြို့၏ တောင်ဘက်သို့ အလုံးအရင်းနှင့် လှိမ့်ဆင်းလာခဲ့ပြီးနောက် ဗော်လ်ဂါနှင့် ဒွန်မြစ်အကြားတွင် တပ်စွဲနေကြသော ဂျာမန်တပ်မကြီးပေါင်း ၂၂-ခုကို ဝိုင်းဝန်းချေမှုန်း၍ လုံးဝ သုတ်သင်ပစ်ခဲ့ကြသည်။

ဤတိုက်ပွဲကြီးများသည် ဥရောပနှင့် အနောက်ဘက် စစ်မျက်နှာ အခြေအနေ တစ်ခုလုံးကို ပြောင်းလဲပစ်ခဲ့သည်ဖြစ်ရာ ဂျာမန်တပ်များမှာ ထိုအချိန်မှစ၍ နောက်ထပ် ထိုးစစ်မဆင်နိုင်တော့ဘဲ ခံစစ်ဖြင့်သာ သဲသဲမဲမဲခုခံ နေကြရတော့သည်။

ဟစ်တလာသည် ယခုအချိန်ထိ အားမလျော့ စိတ်မပျက်သေးဘဲ ရှိနေခဲ့သည်။ သူသည် ဆိုဗီယက်စစ်မျက်နှာတွင် ဂျာမန်တပ်များ မရှုမလှကျဆုံး၍ ဖရိုဖရဲ ဆုတ်ခွာခဲ့ရသည်အထိ မာန်မလျော့သေးဘဲ



ရှိခဲ့သည်။ အထူးသဖြင့် သူအသက်ရှင်နေသမျှ ကာလပတ်လုံး ဂျာမန်အင်ပိုင်ယာကြီးမှာ မပျက်စီးဘဲ တည်မြဲနေလိမ့်မည်ဟူ၍ ထင်မှတ်နေခဲ့သေးသည်။

၁၉၄၃-ခုနှစ် ဖေဖော်ဝါရီလထဲတွင် ရစ်ဘင်ထရော့ကို အီတလီပြည်သို့ စေလွှတ်၍ မူဆိုလီနီထံ စာတစ်စောင်ပေးခိုင်းခဲ့သည်။ ထိုစာတွင် သူ့ကိုယ်သူ ယုံကြည်ချက် မည်မျှကြီးမားလှသည်ကို အောက်ပါလိုနီ စာပိုဒ်အားဖြင့် သိသာနိုင်သည်။

၂ချုပ်ကို

းနေနိုင်မည်

"သမိုင်းတွင်လောက်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ရေး မည်မျှခက်ခဲလှသည်ကို သင်သိသလို ကျွန်ုပ်လည်း သိရှိပါသည်။ သို့ရာတွင် အကယ်၍ ကျွန်ုပ်သာ ကွယ်လွန်သွားပါက ကျွန်ုပ်ကဲ့သို့ အစွမ်းအစရှိသော ပုဂ္ဂိုလ်တစ်ယောက် နောက်ထပ်တွေ့လိမ့်မည်ဟု ကျွန်ုပ်မထင်မိပါ။ ယခုကဲ့သို့သော စစ်ကြီးတွင် ကျွန်ုပ်၏ အမျိုးသားများကို ခေါင်းဆောင်ရန်အတွက် ဘုရားသခင်က ကျွန်ုပ်အား ရွေးချယ်ခဲ့ခြင်းမှာ ဂုဏ်ယူစရာပင်ဖြစ်သည်ဟု ယူဆပါသည်"

(ဟစ်တလာမှ မူဆိုလီနီသို့ ပေးစာ၊ စာမျက်နှာ-၁၄၃)

ဟစ်တလာ၏ မာန်မာနသည် ကြီးမားလွန်းလှပါတကား။

ဤမျှ မာန်မာနကြီးမားလှသော ဟစ်တလာအား ပထမဆုံးအကြိမ် ခါန့်စွယ် ကျိုးစေခဲ့သော အဖြစ်အပျက် တစ်ခုသည် မကြာမီ ဖြစ်ပွားလာခဲ့သည်။

မဟာမိတ်တပ်များမှာ ယခုအခါ အဘက်ဘက်က ပြင်းလှန်ထိုးစစ်များကို စနစ်တကျ အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပြီဖြစ်ရာ မြေထဲပင်လယ်ဘစ်ဝိုက်မှ ဖက်ဆစ်တပ်များကို ဇူလိုင်လဆန်းတွင် မောင်းထုတ်ပစ်ခဲ့ကြသည်။ ဇူလိုင်လ ၁၀-ရက်နေ့တွင် မဟာမိတ်တပ်များသည် စစ္စလီကျွန်းကလေးကို အောင်မြင်စွာ တက်ရောက်သိမ်းပိုက်ခဲ့ကြသည်။

နောက်ဆုံး ဇူလိုင်လ ၂၄-ရက်နှင့် ၂၅-ရက်နေ့ ညတွင် အီတလီပြည် ဖက်ဆစ်ကောင်စီအစည်းအဝေးတွင် မူဆိုလီနီမှာ အီတလီ တိုက်ပွဲတွင် အရေးနိမ့်နေရခြင်းနှင့် ပတ်သက်၍ အကြီးအကျယ်



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ပြစ်တင်ခြင်း ခံခဲ့ရသည်။ နောက်တစ်နေ့ ညနေဘက်တွင် အခြေအနေမှာ ပိုမို ဆိုးရွားလာခဲ့၍ အီတလီဘုရင် ကိုယ်တိုင်က မူဆိုလီနီအား ရာထူးမှထုတ်ပယ်ခဲ့ပြီး ဖမ်းဆီးချုပ်နှောင် ခဲ့တော့သည်။

ဤသို့ အီတလီမှ သူ၏ရဲဘက်ကြီး မူဆိုလီနီ ရာထူးမှ ပြုတ်ကျ နိုးဖမ်းဆီးခြင်းခံရသော သတင်းသည် ဟစ်တလာအား အကြီး ညှိ တုန်လှုပ်သွားစေခဲ့သည်။

ကြီးမျှားသူသည် မူဆိုလီနီကို အချို့နေရာများတွင် သဘောမကျ ပလို အားမရ ဖြစ်မိသော်လည်း မိမိနှင့် နှစ်ရှည်လများ သစ္စာ တပ်ွာ လက်တွဲ၍ တိုက်ပွဲဝင်ခဲ့ခြင်း အတွက် မူဆိုလီနီ အပေါ်တွင် တကယ့်ရဲဘော်ပီသစွာ သဘောထားခဲ့သည်။ ယခုကဲ့သို့ အရင်းနှီးဆုံး ဘဝတူမဟာမိတ် ရဲဘော်တစ်ယောက် မမျှော်လင့်ဘဲ အဖြစ်ဆိုးနှင့် ကြုံရခြင်းသည် သူ့အတွက် "မိုးပြို" ကျသလို ခံစားလိုက်ရသည်။

ထို့ထက်ပို၍ တုန်လှုပ် ချောက်ချားမိသည်မှာ မိမိကဲ့သို့ အီတလီပြည်တွင် အာဏာရှင်ကြီးတစ်ယောက်အဖြစ် နှစ်ပေါင်း ၂၀- နီးပါး တိုင်းပြည်ကို အုပ်ချုပ်လာခဲ့သော ပုဂ္ဂိုလ်ကြီးအား ဘုရင် အမိန့်ဖြင့် ဖမ်းဆီး ချုပ်နှောင်ခဲ့ရာ မည်သူတစ်ဦး တစ်ယောက်က ကန့်ကွက် ပြောဆိုခြင်းမရှိဘဲ ဖြစ်ခဲ့သည်မှာ ဟစ်တလာအတွက် မိမိ၏ နောင်ရေးကို စိုးရိမ်စွာ တွေးခေါ် စဉ်းစားစရာ ဖြစ်လာခဲ့သည်။

ဤ စဉ်းစားချက်တွင် သူ၏ တစ်ဘက်တာတွင် ပထမဆုံး အကြိမ် အဆိုးဘက်မှနေ၍ စဉ်းစားမိခဲ့ခြင်း ဖြစ်သည်။

သို့သော် ကြာကြာ စဉ်းစားနေ၍ မဖြစ်၊ မူဆိုလီနီ ပြုတ်ကျ သွားခြင်းသည် လက်ရှိ ဆင်နွှဲနေသော စစ်ပွဲကိုတစ်ဖက်မှ ထိခိုက်လာ ဖွယ်ရာ ရှိသည်။ အထူးသဖြင့် မြေထဲပင်လယ် ဒေသတစ်ဝိုက်တွင် မူဆိုလီနီ မရှိသည့် နောက်ပိုင်းတွင် အီတလီပြည်မှာ မိမိတို့၏မဟာမိတ် အဖြစ် ဆက်လက် ထားရှိတော့မည် မဟုတ်ဟု ဟစ်တလာက ယူဆ ခဲ့သည်။

သို့ဖြစ်ရာ သူသည် မူဆိုလီနီ အဖမ်းခံရသည့် သတင်းကိုကြား လျှင်ကြားချင်း ဂျာမန် ဗိုလ်ချုပ်ကြီးများနှင့် နာဇီပါတီ ခေါင်း ဆောင်များအား အရေးပေါ် အစည်းအဝေး ထပ်ရုပ်ကို ဆင့်ခေါ် ကျင်းပစေခဲ့သည်။

မူဆိုလီနီသည် ဇူလိုင်လ ၂၅-ရက်နေ့ ညဘက်တွင် အဖမ်းခံရ ခြင်း ဖြစ်ရာ ဟစ်တလာသည် အရေးပေါ် အစည်းအဝေးကို ထိုနေ့ ည ၉-နာရီခွဲ အချိန်တွင် ခေါ်ယူကျင်းပသည်။

ထိုအစည်းအဝေး၏ အဓိက ဆွေးနွေးချက်များမှာ မူဆိုလီနီ ရာထူးမှ ပြုတ်ခဲ့ပြီးနောက် အီတလီသည် ဝင်ရိုးတန်း စာချုပ်ကို ဖောက်ဖျက်ကာ မဟာမိတ်တို့နှင့် စစ်ပြေငြိမ်းရေး ဆွေးနွေးမည့် အန္တရာယ် ဖြစ်ပေါ်လာသဖြင့် မြေထဲပင်လယ် ဒေသမှ စစ်ဆင်ရေး အစီအစဉ်များကို ပြန်လည် ပြင်ဆင်ရန်ပင် ဖြစ်သည်။

ထို့ပြင် တစ်ချိန်တည်းတွင် အီတလီပြည်၏ အခြေအနေကို ယခုအတိုင်း လက်ပိုက်ကြည့်မနေဘဲ မူဆိုလီနီ အာဏာ ပြန်ရရေး အတွက် လက်ရှိ ဘာဒေါ့ဂ်လီယို အစိုးရကို အကြမ်းဖက် ဖြုတ်ချရန် နှင့် အဖမ်းခံနေရသော မူဆိုလီနီကို ကယ်တင်ရန်လည်း ဆွေးနွေး ကြသည်။

ဟစ်တလာ ကြိုတင် တွက်ဆ ထားသည့်အတိုင်း နောက်တက် လာသော အီတလီအစိုးရသည် ဂျာမနီနှင့် အပေါ်ယံအားဖြင့် ယခင် အတိုင်း ပုံမှန် ဆက်ဆံ နေခဲ့သော်လည်း တစ်ဖက်တစ်လမ်းမှ စစ်ပြေ ငြိမ်းရေးကို တိတ်တဆိတ် ကြိုးပမ်းနေခဲ့ရာ နောက်ဆုံး စက်တင်ဘာလ ၈-ရက်နေ့၌ ဘာဒေါ့ဂ်လီယို အစိုးရက မဟာမိတ်တို့နှင့် စစ်ပြေငြိမ်း ရေး ကမ်းလှမ်းချက်သည် တရားဝင် ပေါ်ထွက်လာခဲ့သည်။

ဤတွင် အီတလီပြည်တွင် ရောက်ရှိနေကြသော ဂျာမန်တပ် များသည် အီတလီ အစိုးရတပ်များကို အတိအလင်း တိုက်ခိုက်ချေမှုန်း ကြရာ ယခင် မဟာမိတ်တပ်များကို လက်တွဲတိုက်ပွဲဝင်သော ဂျာမန် နှင့် အီတလီတို့မှာ ယခုအခါ တစ်ဖက်နှင့် တစ်ဖက် သဲသဲမဲမဲ တိုက်ခိုက် ဖြစ်ပွားလာခဲ့ကြသည်။ နောက်ဆုံးတွင် အီတလီ အစိုးရတပ်များမှာ ဂျာမန် တို့၏ တိုက်ခိုက်မှုများကို မခံနိုင်တော့ဘဲ ဘာဒေါ့ဂ်လီယို အစိုးရမှာလည်း ရောမမြို့တော်မှ ဆုတ်ခွာပြေးရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ အီတလီပြည်တွင် ဂျာမန်နှင့် အီတလီ အစိုးရတပ်များ တိုက်ပွဲ ဖြစ်ပွား နေခိုက်မှာပင် ဗိုလ်ချုပ်ကြီး ရီးမဲလ် ဦးစီးသော အမှတ် ၅ နှင့် အမှတ် ၈ တပ်များသည် အီတလီပြည်မပေါ်သို့ တက် ရောက်လာခဲ့ကြ၍ နောက်ပိုင်းမှ ဝင်ရောက် တိုက်ခိုက်ခဲ့ကြ ပြန်သည်။

ဟစ်တလာသည် သူ၏ ရဲဘက်ကြီး မူဆိုလီနီကို ကယ်တင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ရာ မူဆိုလီနီနှင့် ပတ်သက်သော သတင်းများကို ဂျာမန်သူလျှိုများမှ တစ်ဆင့် သတင်းအတိအကျ စုံစမ်းထောက်လှမ်း ခဲ့သည်။

မူဆိုလီနီမှာ အီတလီအစိုးရ၏ ဖမ်းဆီးခြင်းကို ခံရသည့်နေ့မှ စ၍ တစ်နေရာမှ တစ်နေရာသို့ မကြာခဏ ပြောင်းရွှေ့ခဲ့ရပြီးနောက် တွင် အာဘရပ်ဇီ တောင်တန်းပေါ်မှ ဂရန်ဆက်ဆို မြို့ကလေးသို့ ရောက်ရှိ၍ ထိုမြို့ကလေးမှ ဟော်တယ်ကလေး တစ်ခုတွင် ချုပ်နှောင် ခြင်း ခံနေရသည်။

စက်တင်ဘာလ ၁၂-ရက်နေ့တွင် ဟစ်တလာ၏ ညွှန်ကြား ချက်အရ ရှပ်နက် လုံခြုံရေးတပ်မှူး မေဂျာ်တိုစကော်ဇီနီ ခေါင်းဆောင် သည့် ဂျာမန်တပ်ဖွဲ့ တစ်ခုက မူဆိုလီနီအား ထိုမြို့ကလေးမှ နေ၍ လေ ယာဉ်ပျံ ဖြင့် ခိုးယူကယ်တင် နိုင်ခဲ့ကြသည်။

ဤသို့နှင့်ပင် မူဆိုလီနီမှာ အီတလီ အစိုးရတို့ လက်မှ လွတ် မြောက်ခဲ့၍ ရက်စ်တင်းဘတ်မြို့ရှိ ဟစ်တလာ၏ ဌာနချုပ်သို့ ချော ချော မောမော ရောက်ရှိလာခဲ့သည်။

သို့သော် ဟစ်တလာမှာ မူဆိုလီနီနှင့် တွေ့ရသောအခါ သူ ကြိုးစားပမ်းစား လုပ်ဆောင်ခဲ့ရသမျှ "သဲထဲရေသွန်" ဖြစ်နေတော့ သည်။ အဘယ့်ကြောင့်ဆိုသော် မူဆိုလီနီသည် မိမိအား ဖမ်းဆီးခဲ့ သော အီတလီပြည်မှ ဘာဒေါ့ဂ်လီယို အစိုးရကို လက်စားချေ၍ အာဏာကို ပြန်သိမ်းရန် စိတ်ပါဝင်စားခြင်း မရှိတော့ဘဲ ဖြစ်နေ သောကြောင့် ဖြစ်သည်။

"သူသည် မဆောမပျောက် လွတ်မြောက်လာ၍ ခေါင်း ဆောင်ကြီး ဟစ်တလာနှင့် ပြန်လည် တွေ့ဆုံရသဖြင့် အတော်



ဝမ်းသာ နေပုံရသည်။ ခေါင်းဆောင်ကြီး ဟစ်တလာက လည်း မူဆိုလီနီသည် သူ့အား သစ္စာ ဖောက်ခဲ့သူများကို အစွမ်းကုန် ပြန်၍ လက်စားချေလိမ့်မည်ဟု မျှော်လင့်နေပါ သည်။ သို့သော် မူဆိုလီနီသည် ထိုသို့ စိတ်ကူးပုံ မရပါ။ ဤ သည်မှာလည်း သူ၏ တကယ့် စိတ်ရင်း အတိုင်းပင် ဖြစ်ပုံရ ပါသည်။

(ဂိုးဘဲလ်၏ နေ့စဉ်မှတ်တမ်း စာမျက်နှာ ၃၇၈)

မည်သို့ပင် ဖြစ်စေ ဟစ်တလာသည် မူဆိုလီနီကို ခဲခဲယဉ်းယဉ်း ကယ်တင်ခဲ့ပြီးမှ လွယ်လွယ်ကူကူ ဆက်လွှတ်မပေးထား၍ မဖြစ်သည် ကို သိခဲ့သည်။ သို့ဖြစ်ရာ ဟစ်တလာ၏ အစီအစဉ်အရ မူဆိုလီနီသည် စက်တင်ဘာလ ၁၅ ရက်နေ့တွင် သူ၏ ခေါင်းဆောင်မှုကို ပြန်လည် ထူထောင်၍ "အီတလီ ဆိုရှယ်လစ် သမတနိုင်ငံ" အစိုးရအဖွဲ့ကို ပြန် လည် ဖွဲ့စည်းခဲ့သည်။

ထို့နောက် မူဆိုလီနီသည် အီတလီပြည်သို့ ပြန်လည် သွား ရောက်ခဲ့ပြီး အစိုးရအာဏာကို ပြန်လည် သိမ်းပိုက်ရန် ကြိုးပမ်းခဲ့ သည်။

သို့သော် ဤ တစ်ကြိမ်တွင် မူဆိုလီနီ၏ လုပ်ဆောင်ချက် မှန်သမျှမှာ သူ့သဘော သူ့ဆန္ဒအလျောက် မဟုတ်တော့ဘဲ ဟစ်တ လာ၏ စေခိုင်း ညွှန်ကြားချက်အရ၊ ဟစ်တလာ၏ ကြိုးဆွဲရာ က နေရသော ဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။

ဤသို့ "ရုပ်သေး အာဏာရှင်" ဖြစ်နေခဲ့ရသော မူဆိုလီနီ သည် အာဏာ ပြန်လည် သိမ်းပိုက်ရေးကို စိတ်မပါဘဲ လုပ်ဆောင် နေရသည့်အလျောက် အဘက်ဘက်မှ ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရ၍ နောက်ဆုံး ထရီစတီး၊ အစ္စထရီးယား စသော နယ်များကို ဂျာမန် တို့လက်သို့ ထိုးအပ်ခဲ့ရသည်အထိ ဖြစ်လာခဲ့သည်။

ဟစ်တလာနှင့် မူဆိုလီနီတို့၏ ဆက်ဆံရေးမှာ ဤသို့ပြောင်းလဲ ပြားလာခဲ့ရာ ၁၉၄၄-ခုနှစ်၊ ဇန်နဝါရီလတွင် 'ရုပ်သေးအာဏာရှင်' မူဆိုလီနီသည် ဟစ်တလာ၏တောင်းဆိုချက်အရ ယခင်အီတလီ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com

ခြားရေးဝန်ကြီးဖြစ်သော ဟောစင်း စီယာနိုကို ဂျာမန်တို့ လက်သို့ပေးအပ်ခဲ့ရသည်။

စီယာနိုမှာ အီတလီတွင် မူဆိုလီနီကို ဖြုတ်ချခဲ့သူများနှင့် ပေါင်းခဲ့သည်ဖြစ်ရာ စီယာနိုအား အရေးယူအပြစ်ပေးရန် ဂျာမန်တို့ အကြိမ်ကြိမ် တိုက်တွန်းခဲ့သော်လည်း မူဆိုလီနီက လက်မခံဘဲ စီယာနိုကို လွတ်ငြိမ်းခွင့်ပြုထားခဲ့သည်။

ယခုမူ ဂျာမန်တို့က အတင်းအကြပ် တောင်းဆိုသဖြင့် စီယာနိုကို ဂျာမန်တို့လက်သို့ ပေးအပ်ခဲ့သည်။ ဂျာမန်တို့သည် စီယာနိုကို မူဆိုလီနီ၏ အမိန့်အရဟုဆိုကာ သေနတ်ဖြင့် ပစ်သတ်ခဲ့ကြသည်။ အမှန်စင်စစ်မူ စီယာနိုအား ထိုသို့သေနတ်ဖြင့် ပစ်သတ်ရန် မူဆိုလီနီသည် ဘယ်သောအခါကမှ အမိန့်မပေးခဲ့ပေ။ အကြောင်းသော်ကား စီယာနိုသည် သူ၏သားမက် ဖြစ်နေသောကြောင့် ပင်တည်း။

မူဆိုလီနီသည် ဤသို့အားဖြင့် ဟစ်တလာ၏ 'လက်ခုပ်ထဲက ရေပမာ' ဟစ်တလာအလိုကျ လုပ်ဆောင်ခဲ့ရာမှ နောက်ဆုံးတွင် ဂျာမန်နှင့် အီတလီတပ်များ လုံးဝ အရေးနိမ့်ခဲ့ကြပြီး ၁၉၄၅-ခု ဧပြီလ ၂၈ ရက်နေ့တွင် အီတလီမျိုးချစ်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရ၍ သူနှင့် သူ၏ဇနီးတို့မှာ မီလန်မြို့တွင် ကြိုးပေးသတ်ဖြတ်ခြင်း ခံခဲ့ကြရသည်။

အီတလီ မျိုးချစ်များသည် တစ်ကြိမ်က သူ့အပေါ်တွင် 'မျက်မွေးတော် မေ၍မှ မကြည့်ရဲခဲ့သော' အာဏာရှင်ကြီး မူဆိုလီနီနှင့် သူ၏ဇနီးကို ကြိုးပေးသတ်ပစ်ခဲ့ကြပြီး ထုတ်တွင် ဇောက်ထိုးဆွဲကာ မီလန်မြို့လယ်တွင် အများပြည်သူတို့မြင်အောင် ပြသထားခဲ့ကြသည်။

ဤသို့ဖြင့် ဟစ်တလာ၏ ဘဝတူရဲဘက်ကြီး ဖက်ဆစ်အာဏာရှင် မူဆိုလီနီမှာ ပြည်သူတို့၏ လက်ချက်ဖြင့် အသက်ထွက်ကာ တစ်ခန်းရပ် တစ်ဇာတ်သိမ်းခဲ့ရ သတည်း။



## ရုစဘဲ့နှင့်စတာလင်ကို သတ်ရန်ကြံစည်ခြင်း

ဟစ်တလာသည် အရှေ့ဘက်စစ်မျက်နှာတွင် ဆိုဗီယက်တပ်နီတော်၏ အပြင်းအထန် ထိုးနှက်ခြင်းကို ခံခဲ့ရ၍ အကြီးအကျယ်အရေးနိမ့်ခဲ့ရပြီးသည့် နောက်ပိုင်းတွင် သွေးရိုးသားရိုးဖြင့် စစ်ကိုနိုင်အောင် မတိုက်နိုင်တော့ပြီကို သိလာခဲ့သည်။

သို့ဖြစ်ရာ သူသည် မတရားသောနည်းလမ်းနှင့် ယုတ်မာသောနည်းများကိုသုံး၍ စစ်ကိုအနိုင်တိုက်ရန် တစ်ဖက်မှ ကြိုးပမ်းလာပြန်သည်။

သူ၏ ပထမဆုံးကြိုးပမ်းမှုမှာ အင်္ဂလိပ်၊ ပြင်သစ်၊ ဆိုဗီယက်စသောတပ်များကို ဂျာမန် လျှို့ဝှက်ကြိုးမဲ့ကြေးနန်း(ဝိုင်ယာလက်)များမှတစ်ဆင့် သတင်းများကို လုပ်ကြံပို့ခဲ့ခြင်း ဖြစ်သည်။

ဤအကြံအစည်ကို ဟစ်တလာ၏အမိန့်အရ ဂျာမန်လျှို့ဝှက်စုံထောက်ဌာနမှ အကြီးအကဲဖြစ်သူ ဝေါ်လ်တာစချဲလင်းဘာဂ် ဆိုသူက လက်တွေ့လုပ်ဆောင်သည်။

ဂျာမန်လျှို့ဝှက်စုံထောက်ဌာနမှာ မူလက နာဇီဆန့်ကျင်ရေးသမားများ၊ ဂျူးများနှင့် အတိုက်အခံ နိုင်ငံရေးသမားများကို လျှို့ဝှက်စွာ စုံစမ်းထောက်လှမ်း၍ ဖမ်းဆီးအရေးယူခြင်း၊ ချွေးတပ်စခန်းကို ပို့ပစ်ခြင်းနှင့်နောက်ဆုံးတွင် နည်းမျိုးစုံဖြင့်သတ်၊ ဖြတ်သင်ပစ်ခြင်းများကိုသာ အဓိကထား၍ လုပ်ဆောင်ခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရာတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည့် အခါတွင်မူ ဥရောပတိုက် နိုင်ငံအသီးသီးမှ လန်ဒန်၊ ပဲရစ်၊ ဗော်စကိုစသော မြို့ကြီးများနှင့်တကွ အခြား အရေးပါ အရာရောက်သော မြို့ကြီး မြို့ငယ်အားလုံးတို့တွင် သူလျှိုအဖွဲ့များ ဖလှတ်ကာ အရေးကြီးသော စစ်သတင်းများ ထောက်လှမ်းရေးကိုပါ အကြီးအကျယ် လုပ်ကိုင်လာခဲ့ကြသည်။

၁၉၄၂ ခုနှစ်တွင်မူ အဆိုပါလျှို့ဝှက်စုံထောက်ဌာနကို တာဝန်ခံ စချဲလင်းဘာ့ဂ်ကိုယ်တိုင် ဦးစီး၍ ထပ်မံတိုးချဲ့ကာ မီးချစ်ဘူးမှ အရွယ်မျိုးစုံရှိသော ကင်မရာ အသေးစားကလေးများ၊ သာမန်မျက်စိဖြင့် မမြင်ရသည့် မင်များ စသည်တို့ကို တီထွင်လုပ်ကိုင်ခြင်း၊ လျှို့ဝှက်သင်္ကေတဖြင့် ပေးပို့သော ရန်သူသတင်းများကို ကြားဖြတ်ဖမ်းယူ၍ ဘာသာပြန်ဆိုခြင်း၊ ပြည်ဝင်ပြည်ထွက် လက်မှတ်ပတ်စ်ပို့အတု အလိမ်များကို အစစ်နှင့်ခွဲမရအောင် ပြုလုပ်ပေးခြင်းစသည်ဖြင့် လုပ်ကိုင်လာခဲ့သည်။

ဤနေရာတွင် ဂျာမန် လျှို့ဝှက် စုံထောက်ဌာန၏ ပတ်စ်ပို့ (ပြည်ဝင်ခွင့် လက်မှတ်) အတုအလိမ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကမောက်ကမ ဖြစ်ရပ်တစ်ခု နောင်တစ်ချိန်တွင် ဖြစ်ပွားခဲ့သည်ကို ဖော်ပြလိုသည်။

ယင်း ကမောက်ကမ အဖြစ်မှာ အခြားမဟုတ်၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ နာဇီ စစ်တရားခံများကို မဟာမိတ် တပ်များက ဖမ်းဆီး စစ်ဆေးခဲ့ရာ အဆိုပါ တရားခံများ ထဲတွင် နာဇီစုံထောက်ဌာန၏ အကြီးအကဲဖြစ်သူ စချဲလင်းဘာ့ဂ် ကိုယ်တိုင် ပါဝင်ခဲ့သည်။

စချဲလင်းဘာ့ဂ်ကို စစ်ဆေးရသူများမှာ အမေရိကန် စုံစမ်းထောက်လှမ်းရေး အရာရှိများ ဖြစ်ရာ ၎င်းတို့က ၎င်းတို့လက်ထဲတွင် အခြား တစ်နေရာမှ သိမ်းဆည်းရမိခဲ့သော ပတ်စ်ပို့တစ်ခုကို အထောက်အထားပြု၍ စချဲလင်းဘာ့ဂ်သည် တစ်ခါက အမေရိကန်ပြည်သို့ လာရောက်ခဲ့ဖူးသည်ဟု တထစ်ချ စွပ်စွဲနေကြသည်။ သို့သော် စချဲလင်းဘာ့ဂ် ကိုယ်တိုင်က အမေရိကန်ပြည်သို့ တစ်ခါတစ်ခေါက်မှ ရောက်ဖူးခဲ့ကြောင်း အခိုင်အမာ ငြင်းဆိုနေခဲ့ရာ အမေရိကန်အရာရှိများမှာ စချဲလင်းဘာ့ဂ်၏ စကားကို မယုံနိုင်ဘဲ ရှိနေခဲ့ကြသည်။



အမေရိကန် အရာရှိများ အနေဖြင့် မယုံဘဲ ရှိမည်ဆိုက ရှိလောက်သည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့ သိမ်းဆည်းရမိထားသော ပတ်စ်ပို့မှာ စချဲလင်းဘာ့ဂ်၏ ဓာတ်ပုံ ပါရှိနေရုံမျှမက သူသည် မည်သည့်နေ့ရက်က အမေရိကန်ပြည်သို့ ရောက်ခဲ့သည်၊ မည်သည့်နေ့ရက်က အမေရိကန်ပြည်မှ ပြန်လည် ထွက်ခွာသွားခဲ့သည် စသည်များကိုအမေရိကန် လူဝင် လူထွက် စစ်ဆေးရေး အရာရှိ၏လက်မှတ် ရိုးတံဆိပ် များနှင့်တကွ အမေရိကန် အကောက်ဌာန၊ ကျန်းမာရေးဌာနမှ အရာရှိများ၏ လက်မှတ်နှင့် ရိုးတံဆိပ်များပါ အပြည့်အစုံ ပါရှိနေခဲ့သောကြောင့် ဖြစ်သည်။

တကယ် စင်စစ်မှာမူ စချဲလင်းဘာ့ဂ်၏ ပြောစကားမှာ အမှန်ပင် ဖြစ်သည်။ သူသည် အမေရိကန်ပြည်သို့ တစ်ခါ တစ်ခေါက်မှ ရောက်ဖူးခဲ့ခြင်း မရှိ၊ သို့သော် အကယ်၍ အရေးပေါ် လိုအပ်လာပါက အသုံးပြုနိုင်ရန် အတွက် ၁၉၄၃-ခုနှစ် အတွင်းက အမေရိကန်ပြည်သို့ ရောက်ဖူးခဲ့လေဟန်ဖြင့် ပတ်စ်ပို့ အတု တစ်ခုကို ဂျာမန်စုံထောက်ဌာနက ပြုလုပ် ပေးထားခဲ့ခြင်း ဖြစ်သည်။ ထိုပတ်စ်ပို့မှာ အမေရိကန် အကောက်ဌာနမှ အရာရှိများ၏ လက်မှတ်များ၊ ရိုးတံဆိပ်များပါ အကျအန ပါရှိနေခဲ့ရာ အမေရိကန် စုံထောက်လှမ်းရေး အရာရှိများ ကိုယ်တိုင် တကယ့် ပတ်စ်ပို့ အစစ်ဟု၍ ထင်မှတ်နေခဲ့ကြခြင်း ဖြစ်သည်။

ဤသို့ အတု အလိမ် လုပ်ရာတွင် ပါရဂူများ ဖြစ်ကြသော ဂျာမန် စုံထောက်ဌာနသည် ၎င်းတို့၏ 'အလိမ်ဝိဇ္ဇာကြီး' ဖြစ်သော စစ်တလား၏ အမိန့်အရ ရိုးရိုးနည်းလမ်းများဖြင့် တိုက်၍ မရနိုင်တော့သည့် စစ်ပွဲကို လိမ်၍ ညာ၍ တိုက်ရန် စီစဉ်ကြသည်။

ပထမ အစီအစဉ်မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရန်သူသပ်များကို ဝိုင်ယာလက်ဖြင့် သတင်းလိမ် သတင်းညာများ ပို့၍ တိုက်သည့် အစီအစဉ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က နာဇီတို့ သိမ်းပိုက်ထားသည့် ဥရောပတိုက်ရှိ နိုင်ငံများ ဖြစ်ကြသော ဟော်လန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ နော်ဝေး စသည့် တိုင်းပြည်များတွင် ဖက်ဆစ် ဆန့်ကျင်ရေး မြေအောက်ဂိုဏ်းသားများ အခိုင်အမာ ရှိနေကြပြီဖြစ်ရာ အဆိုပါ မြေအောက်ဂိုဏ်းသားများသည် လန်ဒန်၊ မော်စကို စသည့် မြို့ကြီးများရှိ မဟာမိတ် သူလျှိုစစ်ဌာနချုပ်များသို့ ဝိုင်ယာလက်ဖြင့် ဆက်သွယ်၍ မိမိတို့မြေအောက် အဖွဲ့များ၏ သတင်းနှင့် ဂျာမန်တပ်များကို ပေးပို့ခြင်း လိုအပ်သော လက်နက် ခဲယမ်း မီးကျောက်နှင့် ဆေးဝါးများ ရွှေ ငွေများကို မှာကြားခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။

ဂျာမန် လျှို့ဝှက်စုံထောက် ဌာနသည် အထက်ပါ ဖက်ဆစ်ဆန့်ကျင်ရေး ဂိုဏ်းသားများနှင့် မဟာမိတ် သူလျှို ဌာနချုပ်များ၏ ဝိုင်ယာလက် အဆက်အသွယ်ကို နေ့ရောညပါ ၂၄-နာရီစလုံး ကြားဖြတ်ဖမ်းယူ နားထောင်၍ လျှို့ဝှက် သင်္ကေတများကို တန်ပြန်သူလျှိုများမှ တစ်ဆင့် ဘာသာပြန်၍ သတင်းယူခဲ့ကြသည်။

နောက်ဆုံးတွင် ဂျာမန်စုံထောက် ဌာနချုပ်သည် ရန်သူ မြေအောက် ဂိုဏ်းသားများ၏ လျှို့ဝှက်သင်္ကေတ အမှတ်အသား အချိန်အချက်များ အားလုံးကို အသေးစိတ် သိရှိသွားကြသည် ဖြစ်ရာ ၎င်းတို့၏ ဝိုင်ယာလက်များမှ တစ်ဆင့် လန်ဒန်နှင့် မော်စကိုမြို့များရှိ အင်္ဂလိပ်နှင့် ဆိုဗီယက် သူလျှို ဌာနချုပ်များသို့ ပုံမှားရိုက်ထားလက်နက်ခဲယမ်း မီးကျောက်များနှင့် ဆေးဝါးရိက္ခာ များမှအစ ရွှေဒင်္ဂါးများ၊ ငွေစက္ကူများ မှာယူသည်အထိ ပြုလုပ်လာနိုင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ဖက်ဆစ် မြေအောက် ဌာနချုပ်များမှ ပေးပို့သည့်အနေဖြင့် ဂျာမန်တပ်များ၏ ရွှေ့ပြောင်းလှုပ်ရှား ချီတက်မှုသတင်းများကို အလွဲလွဲ အမှားမှား ပေးပို့ခြင်းဖြင့် အင်္ဂလိပ် ပြင်သစ်နှင့် ဆိုဗီယက် တပ်များကို လှည့်ဖြားခဲ့သည်။

ဤသို့ ဂျာမန်စုံထောက် ဌာန၏ ပုံမှားရိုက်မှု များကြောင့် မဟာမိတ် စစ်ဌာနချုပ်၊ အထူးသဖြင့် ဗြိတိသျှ စစ်ဌာနချုပ်သည် ဂျာမန် လျှို့ဝှက်စုံထောက်များ သတ်မှတ်ပေးသော နေရာများသို့ မိမိတို့ မြေအောက် ဂိုဏ်းသားများ ဟူ၍ ယူဆကာ လက်နက်များ၊ ဆေးဝါးများနှင့် ရွှေဒင်္ဂါးများ၊ ငွေစက္ကူများကို လေထီးဖြင့် ချပေးခဲ့ကြသည်။



ဂျာမန်စုံထောက်ဌာန အကြီးအကဲဖြစ်သူ စခဲ့လင်းဘာ့ဂ်၏ ပြောပြချက်အရ ဆိုလျှင် ၎င်းတို့သည် ဗြိတိသျှ စစ်ဌာနချုပ်သို့ ... အတိုင်း ပုံမှားရိုက်ကာ ဝိုင်ယာလက်ဖြင့် မှာယူခဲ့ရာ၌ ဗြိတိသျှ ပေါင်စတာလင် ငွေစက္ကူ သန်းပေါင်း မြောက်မြားစွာ ရရှိခဲ့သည်ဟု ဆိုသည်။

ထို့ပြင် ဂျာမန် လျှို့ဝှက်စုံထောက်များက ဝိုင်ယာလက်ဖြင့် မြေအောက် ဂိုဏ်းသားများ ဟန်ဆောင်ကာ အလွဲလွဲ အမှားမှား သတင်းများကို ပေးပို့ခဲ့သဖြင့် မဟာမိတ် တပ်များမှာ အတော်အတန် ထိခိုက်ဆုံးရှုံး ခဲ့ကြရသည်။

သို့သော် ဤအချိန်တွင် ဖက်ဆစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများမှာ ကြီးမားကျယ်ပြန့် လာနေပြီဖြစ်ရာ မဟာမိတ် တန်ပြန်သူလျှိုထောက်များ၏ ထောက်လှမ်းချက်အရ ဂျာမန်တို့၏ ယုတ်မာသော ပုံမှားရိုက်မှုများကို သိရှိသွားခဲ့ကြသဖြင့် ဂျာမန်များသည် ထိုနည်းလမ်းကို စွန့်လွှတ်လိုက်ကြရသည်။

ဤတွင် ဟစ်တလာသည် နောက်တစ်နည်း ကြံပြန်သည်။ ဤနည်းမှာ ပထမနည်းထက် ပိုမို ပါက်စက်သည်ဟု ဆိုရမည် ဖြစ်သည်။ ထိုနည်းကား အခြားမဟုတ်၊ အင်္ဂလိပ် ငွေစက္ကူ အတုများကို အစစ်အတိုင်း အပြုံလိုက် ရိုက်နှိပ်၍ အင်္ဂလန်ပြည်ပေါ်သို့ လေကြောင်းမှ သွားရောက် ကြဲချရန် ကြံစည်ခြင်း ဖြစ်သည်။

ဂျာမန်တို့သည် ၎င်းတို့၏ သူလျှိုများကို ပေးရန် အတွက် အင်္ဂလိပ် ငွေစက္ကူ အတုများကို ကာလ အတန်ကြာအောင် ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့ပြီး ဖြစ်သည်။ အင်္ဂလိပ် ငွေစက္ကူများမှာ ဆီမစွန်းသည့် ဆိစိမ်ခံ စက္ကူတစ်မျိုးဖြင့် ပုံနှိပ်ထားသည် ဖြစ်ရာ ဂျာမန်တို့သည် အဆိုပါ ဆိစိမ်ခံစက္ကူမျိုး ရရှိအောင် ဓာတုဗေဒနည်း အမျိုးမျိုးဖြင့် ၂-နှစ်ကြာမျှ စမ်းသပ်လုပ်ကိုင် ခဲ့ပြီးမှ အင်္ဂလိပ် ငွေစက္ကူအတုကို လုပ်နိုင်ခဲ့ကြသည်။

ပထမတွင် အဆိုပါ ငွေစက္ကူ အတုများကို ဂျာမန်သူလျှိုများ

၁- ပဉ္စမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

"ငွေကို ရေလို သုံးနိုင်အောင်" ရည်ရွယ်၍ ရိုက်နှိပ်ခဲ့ရာမှ အကြံ ပေါက်လာသော ဟစ်တလာသည် အဆိုပါ ငွေစက္ကူ အတုများ မရေမတွက်နိုင်အောင် ရိုက်နှိပ်ကာ အင်္ဂလန်ပြည်ပေါ်သို့လေကြောင်း သွားရောက် ကြဲချရန် ကြံစည်လာခဲ့သည်။

သူ၏ အကြံအစည်အရ ယင်းသို့ အစစ်နှင့် ခွဲမရနိုင်လော အောင် ဖြစ်နေသော ငွေစက္ကူ အတုများကို အင်္ဂလန်ပြည်ပေါ် လေကြောင်းမှ သွားရောက်ကာ သိန်းသန်းကုဋေ မရေမတွက်နိုင် လောက်အောင် ကြဲချခဲ့ပါက ဗြိတိသျှ အစိုးရမှာ အကြီးအကျယ် ဒုက္ခရောက်၍ ပြည်သူလူထု အယုံအကြည် ကင်းမဲ့ခြင်းကို ခံရ တိုင်းပြည် တစ်ခုလုံးမှာလည်း ဘဏ္ဍာရေး ဖြစ်သွား လိမ့်မည် စိတ်ကူးပေါက်ကာ ဤအကြံကို ကြံခဲ့ခြင်း ဖြစ်သည်။

ဟစ်တလာကား အကြံပေါက်လှ၍ စကားလောက်မှ စောင် မနက်သော သူပါတကား။

သို့သော် ဟစ်တလာ၏ ယုတ်မာလှသော အထက်ပါ အကြံ အစည်သည် တကယ့်လက်တွေ့ အကောင်အထည် မပေါ်ဘဲ ဖြစ်ခဲ့ သည်။ အဘယ့်ကြောင့် ဆိုသော် ထိုအချိန် ထိုကာလ (၁၉၄၄-၄၅)တွင် ဂျာမန်လေတပ်မှာ အထူးပင် အားနည်းနေသည့် ဗြိတိသျှ လေတပ်နှင့် အမြောက်တပ်များကလည်း အင်္ဂလန်ပြည်ပေါ်သို့ ရန်သူ လေယာဉ်များ မလာရောက်နိုင်အောင် အထပ်ထပ် ကာကွယ် စောင့် ရှောက် နေသည်ဖြစ်၍ ငွေစက္ကူ အတုများကို လေယာဉ်ပျံများဖြင့် သွားရောက် ကြဲချရန် အကြံအစည်မှာ နောက်ဆုံးတွင် မဖြစ်နိုင် တော့ဘဲ လက်လျှော့ခဲ့ကြရသည်။

ထို့ပြင် ၁၉၄၅-ခုနှစ်ဦးပိုင်းတွင် ဂျာမန်တို့၏ ငွေစက္ကူ အတုများ၏ အန္တရာယ်ကို ကာကွယ်သောအားဖြင့် အင်္ဂလန် ဘဏ် တိုက်ကြီးမှ ငွေစက္ကူအသစ်များ ပြောင်းလဲ ရိုက်နှိပ်ထုတ်ဝေခဲ့သည် ဖြစ်ရာ ဟစ်တလာသည် ဤဒုတိယနည်းကို လုံးဝစွန့်လွှတ်ခဲ့ရပြန်သည်။

နောက်ဆုံးတွင် ဖက်ဆစ် အာဏာရှင် ဟစ်တလာသည် အယုတ်မာဆုံးသော အကြံအစည်တစ်ခုကို ကြံစည်ခဲ့ပြန်သည်။ ထို အကြံအစည်ကား အခြားမဟုတ်၊ အမေရိကန်သမ္မတကြီး ရုစဗဲ့နှင့်



ဆိုဗီယက် ခေါင်းဆောင်ကြီး စတာလင်တို့ကို လုပ်ကြံသတ်ဖြတ်ရန် မိုက်မဲစွာ ကြံစည်ခဲ့ခြင်းပင် ဖြစ်သည်။

ဟစ်တလာ၏ စိတ်ထဲတွင် ရုစဗဲ့နှင့် စတာလင်တို့သာ သေဆုံး သွားကြပါက အမေရိကန်ပြည်နှင့် ဆိုဗီယက် ရုရှားပြည်ကြီး တို့တွင် ဝါးအစည်း ပြေသကဲ့သို့ဖြစ်ကာ ဤစစ်ကြီးတွင် ဂျာမန်တို့က လုံးဝ အောင်ပွဲခံနိုင်လိမ့်မည်ဟု တထစ်ချ ယူဆခဲ့သည်။

စင်စစ် ဟစ်တလာသည် သူ့ရဲကောင်းဝါဒ၊ တစ်ဦးချင်းဝါဒ ကို အခြေစိုက်သည့် ဖက်ဆစ်စနစ်နှင့် လူများစုကို အခြေခံသည့် ဒီမိုကရေစီစနစ်၊ လုပ်သားပြည်သူ အပေါင်းတို့ကို ကိုယ်စားပြုသည့် ဆိုရှယ်လစ် စနစ်တို့၏ ခြားနားချက်ကို ပြက်ပြက်ထင်ထင် မသိ မမြင်ခဲ့ယောင်တကား။

၁၉၄၄–ခု နှစ်ဦးပိုင်း တစ်ခုသော နေ့တစ်နေ့၌ ဟော်လန် ပြည်တွင် ဆောက်လုပ်ထားသော ဂျာမန် လျှို့ဝှက်စုံထောက်ဌာန၏ ကြီးမားလှသည့် ဝိုင်ယာလက်စခန်းမှ အရေးကြီးသော အသံများကို ဖမ်းယူ ကြားသိခဲ့ကြရသည်။ ယင်းအသံများကား အမေရိကန် သမ္မတကြီး ရုစဗဲ့နှင့် ဗြိတိသျှ ဝန်ကြီးချုပ် ချာချီတို့ ဝါရှင်တန် နှင့် လန်ဒန် အပြန်အလှန် တယ်လီဖုန်းပြောကြသော အသံများပင် ဖြစ်သည်။

ရုစဗဲ့နှင့် ချာချီတို့တယ်လီဖုန်းဖြင့် စကားပြောကြသည်မှာ ၅-မိနစ်နီးပါးမျှ ကြာသည်ဖြစ်ရာ ဂျာမန် ဝိုင်ယာလက်ဌာနသည် ခေါင်းဆောင်ကြီး နှစ်ယောက် ပြောသမျှ စကားများကို တစ်လုံး မကျန် ပီပီသသကြီး ကြားခဲ့ကြရသည်။ သို့သော် မဟာမိတ် စုံစမ်း ထောက်လှမ်းရေးဌာန၏ ကြိုတင်သတိပေးထားချက်အရ ရုစဗဲ့နှင့် ချာချီတို့သည် မိမိတို့နှစ်ဦး တယ်လီဖုန်းပြောနေကြသည်ကို ဂျာမန် သူလျှိုများက ကြားဖြတ် ဖမ်းယူ နားထောင်နေကြကြောင်း သိရှိပြီး ဖြစ်ကြသည်။ သို့ဖြစ်ရာ ၎င်းတို့သည် အရေးကြီးသော အကြောင်း အရာများကို မပြောကြဘဲ အာလာပ-သလ္လာပ စကားမျိုးကိုသာ ပြောဆိုခဲ့ကြ၍ နောက်ဆုံးတွင် ရုစဗဲ့က "ကဲ...ကဲ ပေါ်ပေါ် ကျုပ်တို့ တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားကြတာပေါ့၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com

ဒါပြီးရင် ငါးမျှားသွားလိုက်ဦးမယ်'' ဟူ၍သာ ပြောရိုးပြောစဉ် ပြောဆိုနှုတ်ဆက်ကာ စကားဖြတ်ခဲ့သည်။

သို့နှင့်ပင် ဂျာမန် လျှို့ဝှက်စုံထောက်များမှာ ရန်သူခေါင်းဆောင်ကြီး နှစ်ယောက် မိုင်ပေါင်း ထောင်ပေါင်းများစွာ လှမ်း၍ စကားပြောကြသည်ကို ဖမ်းယူ နားထောင်နိုင်ခဲ့သော်လည်း၊ အရေးကြီးသော အချက်အလက်ဟူ၍ ဘာတစ်ခုမှ မရလိုက်ဘဲ ဖြစ်ခဲ့ကြရသည်။

နောက်ဆုံးတွင် ၁၉၄၄-ခုနှစ် နွေရာသီ၌ ရစ်ဘင် ထရော့သည် ဂျာမန်စုံထောက်ဌာန တာဝန်ခံ စခဲ့လင်းဘာ့ဂ်ကို ခေါ်ယူ၍ ''လျှို့ဝှက်သော အစီအစဉ်'' တစ်ရပ်ကို တိုင်ပင် ဆွေးနွေးခဲ့သည်။ ယင်းအစီအစဉ်မှာ အခြားမဟုတ်၊ အမေရိကန် သမ္မတကြီးရုစဗဲ့ကို လုပ်ကြံသတ်ဖြတ်ရန်ပင် ဖြစ်သည်။

ရစ်ဘင်ထရော့သည် ဟစ်တလာ၏ အမိန့်အရ ရုစဗဲ့ကို လုပ်ကြံသတ်ဖြတ်ရန် နည်းလမ်းများကို ရှာဖွေခဲ့သည်။

သူသည် စခဲ့လင်းဘာ့ဂ်နှင့် တွေ့ဆုံ၍ သူ့အကြံအစည်ကို ပြောခဲ့ရာ ယင်းအကြံအစည်မှာ ရွေးဦးစွာ ဂျာမန် လျှို့ဝှက်စုံထောက်ဌာနမှ လက်ရွေးစင် သူလျှိုအဖွဲ့ တစ်ဖွဲ့ကို ရေငုပ်သင်္ဘောဖြင့် အမေရိကန်ပြည်သို့ တိတ်တဆိတ် စေလွှတ်ရန် ဖြစ်သည်။ ထို့နောက် အဆိုပါ လက်ရွေးစင် သူလျှိုများမှတစ်ဆင့် အမေရိကန်ပြည်ရှိ ဂျာမန် လူမျိုးများနှင့် အခြားလူနည်းစုများကို စည်းရုံး သိမ်းသွင်းကာ ရုစဗဲ့ ဆန့်ကျင်ရေး၊ ရုစဗဲ့ သမ္မတ ပြန်မဖြစ်ရေးကို လှုံ့ဆော်ကြရမည် ဖြစ်သည်။ (ထိုစဉ်က အမေရိကန်ပြည် သမ္မတ ရွေးကောက်ပွဲ နီးကပ်နေချိန် ဖြစ်သည်။) ယင်းသို့ ရုစဗဲ့ ဆန့်ကျင်ရေး လှုပ်ရှားမှုများကို လှုံ့ဆော်လုပ်ကိုင်ရင်းဖြင့် နောက်ဆုံးတွင် အခွင့်သာသည့် နေ့တစ်နေ့၊ အခါသင့်သည့်နေရာ တစ်နေရာတွင် ရုစဗဲ့ကို ချောင်းမြောင်း လုပ်ကြံ သတ်ဖြတ်ရန်ပင် ဖြစ်သည်။

ဤနေရာတွင် စုံထောက်ဌာန တာဝန်ခံ စခဲ့လင်းဘာ့ဂ်သည် ရစ်ဘင်ထရော့၏ အကြံအစည်ကို မသိမသာ အလိမ္မာဖြင့် ပယ်ချခဲ့သည်။ စခဲ့လင်းဘာ့ဂ်က ရစ်ဘင်ထရော့၏ အကြံအစည်မှာ



www.burmeseclassic.com

အကောင်အထည်ဖော်ရန် မလွယ်ကူကြောင်း၊ အထူးသဖြင့် ယခုအချိန်တွင် ဂျာမန် ယူဘုတ်၊ ရေငုပ် သင်္ဘောတပ်၏ အခြေအနေသည် အရေးအတွက် ရော၊ အရည်အချင်းပါ ရန်သူ့ ရေငုပ်သင်္ဘောတပ်ထက် ယုတ်လျော့ညံ့ဖျင်းနေကြောင်း၊ သို့ဖြစ်ရာ ဂျာမန်လက်ရွေးစင် သူလျှိုများကို အမေရိကန်ပြည်သို့ ရေငုပ်သင်္ဘောဖြင့် တိတ်တဆိတ် စေလွှတ်ရန်မှာ လက်တွေ့တွင် မဖြစ်နိုင်ဘဲ တစ်နေရာရာတွင် ရန်သူ့ ရေငုပ်သင်္ဘောများနှင့် တွေ့၍ ဖမ်းဆီးခြင်း ခံရမည်မှာ သေချာကြောင်းစသည် ဖြင့် မသိမသာ ကန့်ကွက် ပြောဆိုခဲ့ရာ ရစ်ဘင်ထရော့မှာ မငြင်းသာဘဲ ထိုအကြံကို လက်လျှော့ခဲ့ရသည်။

ဤသို့အားဖြင့် အမေရိကန်သမ္မတ ရုစဗဲ့အား သတ်ဖြတ်ရန် အကြံအစည်ကို လက်လျှော့ခဲ့ရပြီးနောက် ဆိုဗီယက် ခေါင်းဆောင်ကြီး မာရှယ်စတာလင်ကို သတ်ဖြတ်ရန် စီစဉ်ပြန်သည်။

ရစ်ဘင်ထရော့သည် ဤကိစ္စနှင့်ပတ်သက်၍လည်း စုံထောက် ဌာန တာဝန်ခံ စခဲ့လင်းဘာ့ဂ်နှင့်ပင် ဆွေးနွေးရသည်။

''သူသည် ကျွန်ုပ်၏ မျက်နှာကို စူးရှစွာ စိုက်၍ကြည့်နေရာမှ 'စတာလင်ကို ရှင်းပစ်ရမယ်' ဟူ၍ ပြောလိုက်ပါသည်။ သူက ဆက်လက်၍ ရုရှားပြည်ကြီး တစ်ခုလုံးမှာ စတာလင် တစ်ဦးတည်း၏ အစွမ်းအစနှင့် လုပ်ရည်ကိုင်ရည် ပေါ်တွင် တည်နေကြောင်း များကို ရှင်းပြ နေပါသည်။ ထို့နောက် ပြတင်းပေါက်ဘက်သို့ မျက်နှာ မူကာ ''ကျုပ်က တော့ ဂျာမနီပြည်ကြီး အတွက် အနစ်နာခံဖို့၊ ကိုယ်ကျိုးစွန့်ဖို့ အသင့်ရှိတဲ့ အကြောင်း ခေါင်းဆောင်ကြီး ဟစ်တလာကို ကတိ ပေးခဲ့ပြီးပြီ...အဲ့ဒီတော့ စတာလင်နဲ့ ကွန်ဖရင့်တစ်ခု ကျင်းပ ဖြစ်အောင် စီစဉ်မယ်၊ အဲဒီ ကွန်ဖရင့် ဆွေးနွေးပွဲမှာ စတာ လင်ကို ပစ်သတ်ဖို့ ကျုပ်တာဝန် ယူလိုက်ပြီ'' ဟူ၍ ပြောလိုက် ပါသည်''

(စခဲ့လင်းဘာ့ဂ်၏ ''အောက်မေ့ဖွယ်ရာများ'' စာမျက်နှာ- ၄၂၄)

www.burmeseclassic.com

www.burmeseclassic.com

ရစ်ဘင်ထရော့သည် စတာလင်ကို လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ရာ၌ အဖော် အဖြစ်နှင့် စချဲလင်းဘာ့ဂ်ကို ခေါ်ဆောင် သွားရန် တစ်တလော၏ သဘော တူညီချက် ရယူပြီး ဖြစ်သည်။ စတာလင်ကို ရင်းကိုယ်တိုင် ပစ်သတ်ရန် တာဝန်ယူခဲ့ပြီး ဖြစ်သော်လည်း တစ်စုံ တစ်ခု အရေးပေါ်လာပါက အကူအညီ ရစေရန် စချဲလင်းဘာ့ဂ်ကို ခေါ်သွားရန် စီစဉ်ခြင်း ဖြစ်သည်။ ထို့ပြင် ဤကိစ္စတွင် စချဲလင်း ဘာ့ဂ်ကို ယခုကဲ့သို့ တိုင်ပင် ဆွေးနွေး ရခြင်းမှာ အခြား အကြောင်း တစ်ရပ် ရှိသေးသည်။ ယင်းကား.... အခြား မဟုတ်၊ စတာလင်ကို အလစ်တွင် လုပ်ကြံသတ်ဖြတ်ရာ၌ လက်ပစ်ဗုံးသော် လည်းကောင်း၊ အခြား လက်နက်တစ်ခုခုကို လည်းကောင်း အသုံးပြုရန်မှာ မလွယ် လှသဖြင့် သူလျှိုများ အတွက် အထူး အစီအစဉ် ပြုလုပ်ထားသော သေနတ် အသေးစားကလေး တစ်လက်ကို ယူဆောင်သွားလို၍ ဖြစ် သည်။ ယင်း သေနတ် အသေးစား ကလေးမှာ ရုတ်တရက် ကြည့် လိုက်လျှင် ရိုးရိုး ဖောင်တိန်ကလေး တစ်ခုပင် ဖြစ်သည်။ သို့သော် အကြောင်းရှိ၍ ထို ဖောင်တိန်ကလေးကို အိတ်မှထုတ်ကာ လျှို့ဝှက်စွာ တပ်ဆင်ထားသော ခလုတ်ကလေးကို နှိပ်လိုက်ပါက ထို ဖောင်တိန် ထဲမှ ကျည်ဆန်တစ်ခုသည် သေနတ်ပြောင်းဝမှ ထွက်လာသော ကျည် ဆန် ကဲ့သို့ပင် ပေ နှစ်ဆယ် အကွာ အတွင်းရှိ လူတစ်ယောက်၏ နှလုံးသားကို သော်လည်းကောင်း၊ ဦးနှောက်ကို သော်လည်းကောင်း ဖောက်ထွင်း သွားနိုင်သည်။

အဆိုပါ ဖောင်တိန် သဏ္ဌာန် သေနတ် အသေးစားကလေး များကို ဂျာမန်စုံထောက်ဌာနမှ တီထွင် လုပ်ကိုင် ခဲ့သည် ဖြစ်ရာ ရစ်ဘင်ထရော့သည် သေနတ် ကလေးများနှင့် ပတ်သက်၍လည်း စချဲလင်းဘာ့ဂ်ထံမှ အသေးစိတ် မေးမြန်းစုံစမ်းခဲ့သည်။

စချဲလင်းဘာ့ဂ်က စတာလင်ကို လုပ်ကြံ သတ်ဖြတ်ရေးနှင့် စပ်လျဉ်း၍ ရစ်ဘင်ထရော့၏ အကြံအစည်ကို မူ အားဖြင့် သဘော တူညီသော်လည်း စတာလင်နှင့် တွေ့ဆုံ ဆွေးနွေးပွဲ ဖြစ်အောင် ကြိုးပမ်းရန်ကိုမူ မိမိအနေဖြင့် တာဝန် မယူနိုင်ကြောင်း၊ သို့ဖြစ်၍ စတာလင်နှင့် တွေ့ဆုံ ဆွေးနွေးရေးကို ရစ်ဘင်ထရော့ ကိုယ်တိုင်



ကြိုးစားစေလိုကြောင်း၊ ထိုသို့ တွေ့ဆုံ ဆွေးနွေးရန် အစစ စီစဉ်ပြီး ခဲ့ပါက မိမိအနေဖြင့် ကျရာတာဝန်ကို အသက်နှင့်လဲ၍ ထမ်းရွက် မည် ဖြစ်ကြောင်း ရစ်ဘင်ထရော့အား ပြန်လည် ပြောကြားခဲ့သည်။

"ဒီလိုဆို– ကျုပ် ဒီကိစ္စကို ထပ်ပြီး အချိန်ယူ စဉ်းစားအုံး မယ်၊ ဟစ်တလာနဲ့လဲ ထပ်တွေ့ပြီး ဆွေးနွေး ကြည့်ပါအုံးမယ်၊ ပြီးမှ ခင်ဗျားနဲ့လဲ ထပ်တွေ့ကာပေါ့" ဟူ၍ ရစ်ဘင်ထရော့က ပြောကြား ခဲ့သည်။

သို့သော် ရစ်ဘင်ထရော့သည် နောက်တစ်ကြိမ် ဤကိစ္စနှင့် စပ်လျဉ်း၍ စချဲလင်းဘာ့ဂ်အား ခေါ်ယူ တွေ့ဆုံခြင်း မရှိတော့ဘဲ စတာလင်ကို လုပ်ကြံသတ်ဖြတ်ရေး အစီအစဉ်မှာ သို့နှင့်ပင် ပျက်ပြယ် သွားခဲ့သည်။

ဤကား ဒုတိယ ကမ္ဘာစစ်ကြီး အတွင်း ဂျာမန်တို့ အရေး နိမ့်၍ စစ်ပွဲကြီး ပြီးလုဆဲဆဲ အချိန်တွင် လက်တစ်ဆုပ်စာ လူနှစ် ယောက် သုံးယောက်သာလျှင် သိခဲ့ကြသော ဖက်ဆစ် အာဏာရှင် ဟစ်တလာ၏ ယုတ်မာပက်စက် မိုက်မဲသော အကြံအစည် အချို့ ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဟစ်တလာကို လုပ်ကြံခဲ့စဉ်က

"ကျုပ်ဟာ ဂျာမန် တပ်မတော်ကို အုပ်ချုပ်လာခဲ့တာ ဆယ့်တစ်နှစ် ရှိပြီ၊ ဒါပေမယ့် အမိန့်တစ်ခုခု ထုတ်လိုက်ရင် အစစ အရာရာ ဘယ်တော့မှ အလုပ်သဖွယ် ဖြစ်နေပါပြီဆိုတာ ဘယ်သူ့ဆီကမှ မကြားခဲ့ရဘူး၊ စစ်ဗျူဟာတို့ဟာ အဆင်သင့် ဖြစ်နေတယ်လို့ကို မရှိခဲ့ဘူး"

"အခု ပြဿနာက ဂျာမနီပြည်ကြီးဟာ ဆက်လက်ပြီး တည်ရှိနေမလား၊ ဒါမှမဟုတ် ဖျက်ဆီး ချေမှုန်း ခံမလား၊ ဒီနှစ်ခု တစ်ခုခုပဲ၊ ဒီစစ်ပွဲမှာ ကျုပ်တို့ရှုံးရင် ဂျာမန် လူမျိုးတွေ မျိုးပြုတ်မှာ သေချာတယ်၊ ဒါပဲ"

(ပစ်လ်တဖ်ရေး 'ဟစ်တလာ စစ်ပွဲကို ကွပ်ကဲခဲ့စဉ်က' စာမျက်နှာ-၁၅၀)

၁၉၄၄-ခုနှစ် ဒီဇင်ဘာလ ၂၈-ရက်နေ့တွင် ဟစ်တလာသည် အရေးပေါ်စစ်ဌာနချုပ် ဦးစီးအဖွဲ့ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ထိုအစည်းအဝေးတွင် သူက ဂျာမန် နယ်စပ်သို့ ချဉ်းနင်းဝင်ရောက်လာနေသော တပ်နီတော်နှင့် မဟာမိတ်တပ်များကို အလွမ်းကုန် ခုခံ၍ ပြန်လှန် ထိုးစစ်ဆင်နွှဲရန် တင်ပြခဲ့သည်။



ထိုသော် ဤအချိန်တွင် ဂျာမန်တပ်များမှာ လုံးဝ နာလန် မထူနိုင်အောင် အရှုံးကြီးရှုံးခဲ့ကြ၍ အခြေအနေမှာ စုစည်း၍မရနိုင်အောင် ဖြစ်နေပြီဖြစ်သည်။ ထို့ပြင် လက်နက် ခဲယမ်းမီးကျောက်များမှာလည်း လုံလုံလောက်လောက်မရှိတော့ဘဲ စစ်ပစ္စည်း ထုတ်လုပ်ရေးမှာ ဒလဟော ကျဆင်းနေခဲ့ပြီ ဖြစ်ရာ စစ်ဦးစီး ဌာနချုပ်မှ တာဝန်ခံ ဗိုလ်ချုပ်ကြီးများက ပြန်လှန် ထိုးစစ်ဆင်နွှဲရန်မှာ မဖြစ်နိုင်သေးကြောင်း၊ လူအင်အားနှင့် လက်နက်အင်အားကို ပြန်လည် စုစည်းရန်အတွက် အချိန်ယူရဦးမည်ဖြစ်ကြောင်း ပြန်လည် တင်ပြခဲ့ကြသည်။

ဤတွင် ဟစ်တလာသည် ဒေါသအပွကြီး ပွကာ ဗိုလ်ချုပ်ကြီးများအား ကြိမ်းမောင်းတော့သည်။ "အစစအရာရာ ဘယ်တော့မှ အဆင်သင့်မရှိ" ဟု ဆိုကာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗိုလ်ချုပ်ကြီးများကို မာန်မဲနေခဲ့ခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ကြီးများမှာ ၎င်းတို့ စစ်ဗိုလ်ချုပ်ကြီး ဟစ်တလာအဖို့ အခြေအနေအမှန်ကို လုံးဝမမြင်တော့ဘဲ "လူမိုက်နင်းတောတိုး" အဖြစ်မျိုးသို့ ဆိုက်ရောက်နေပြီကို တစ်ထစ်ချသိနေကြသည်။

မှန်သည်။ ဟစ်တလာသည် ယခုအခါ "မျက်ကန်း တစ္ဆေမကြောက်" သည့် ဘဝသို့ ရောက်နေပြီ ဖြစ်သည်။

ထိုဖြစ်၍လည်း သူသည် အဆိုပါ စစ်ကွန်ဖရင့်တွင် ဗိုလ်ချုပ်ကြီးများ၏ ကန့်ကွက်ခနသည့်ကြားမှ ပြန်လှန်ထိုးစစ်ကို အတင်းအဓမ္မ ဆင်နွှဲခဲ့ရာ ၁၉၄၅-ခု၊ ဇန်နဝါရီလ ၁-ရက်၊ နှစ်သစ်ကူးနေ့မှ ဇန်နဝါရီလ ၁၆-ရက် နေ့အတွင်း ဂျာမန်တပ်သားပေါင်း တစ်သိန်း နှစ်သောင်း(၁၂၀,၀၀၀) ထိခိုက် ကျဆုံး ဒဏ်ရာရခဲ့၍ တင့်ကားပေါင်း ၁၆၀၀၊ လေယာဉ်ပျံပေါင်း ၁၆၀၀နှင့် စစ်ကားပေါင်း ၆၀၀-ကျော် ပျက်စီး ဆုံးရှုံးခဲ့ရသည်။

အမေရိကန်နှင့် အင်္ဂလိပ်တို့ဘက်မှလည်း စစ်သားပေါင်း ၈၀၀၀-ခန့် ကျဆုံးခဲ့၍ ၄၈,၀၀၀ ထိခိုက် ဒဏ်ရာရခဲ့ကြသည်။ တင့်ကားပေါင်း ၇၀၀-ကျော် ဆုံးရှုံးပျက်စီးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် အမေရိကန်နှင့် အင်္ဂလိပ်တို့ အဖို့ ဤတိုက်ပွဲတွင် ထိခိုက်ကျဆုံးရကျိုးနပ်သည်ဟု ဆိုရမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဂျာမန်တို့မှာ ဤထိုးစစ်တွင် အကြီးအကျယ် အရေးနိမ့်ခဲ့ပြီးနောက် စစ်ကြီးပြီးဆုံးသည်အထိ နေ့စက်ထပ် တစ်ကြိမ်တစ်ခါမျှ ထပ်၍ ထိုးစစ်ဆင်နိုင်ခြင်း မရှိခဲ့ကြသောကြောင့် ဖြစ်သည်။

ဤသို့ အနောက်ဘက် စစ်မျက်နှာတွင် နာလန်မထူနိုင်အောင် ရှုံးခဲ့ရသလို အရှေ့ဘက် စစ်မျက်နှာတွင်လည်း ဆိုဗီယက် တပ်နီတော်မှာ ရေကာတာ ကျိုးပေါက်၍ ရေများ ဒလဟော လိမ့်ဆင်းလာသည့်ပမာ တားမရ ဆီးမနိုင်အောင် ချီတက်တိုက်ခိုက် လာနေကြသည်ကို တွေ့ရသည်။

တပ်နီတော်၏ ထိုးစစ်များအနက် ဤထိုးစစ်မှာ အကြီးမားဆုံး ဖြစ်သည်။ ပိုလန်နှင့် ပရပ်ရှား နယ်မြေတစ်ခုတည်းတွင် တပ်နီတော်မှ တပ်မကြီးပေါင်း ၄၇၀-ကို အသုံးပြု၍ တစ်ရှိန်ထိုး ချီတက်တိုက်ခိုက်ကြရာ ဂျာမန်များမှာ လုံးဝ ပြန်လှန် ခုခံနိုင်စွမ်း မရှိတော့ဘဲ ဒလကြမ်း ဆုတ်ခွာခဲ့ကြရသည်။

ဇန်နဝါရီလ ၁၂-ရက်နေ့မှ ၂၇-ရက်နေ့အထိ ၁၅-ရက်အတွင်း တပ်နီတော်သည် အရှေ့ပိုင်းနှင့် အနောက်ပိုင်း ပရပ်ရှားနယ်မြေမှ ဂျာမန်များကို မောင်းထုတ်နိုင်ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး မာရှယ်ဇူးကော့ ဦးစီးကွပ်ကဲသော တပ်နီတော်စစ်ကြောင်းသည် အိုဒါမြစ်ကို ဖြတ်ကျော်၍ ၁၅-ရက်အတွင်း မိုင်ပေါင်း ၂၂၀-မျှ ချီတက် သိမ်းပိုက်ခဲ့ကြရာ နောက်ဆုံး ဇန်နဝါရီလ ၂၇-ရက်နေ့တွင် ဂျာမန်တို့နယ်မြေထဲသို့ ရောက်ရှိ၍ ဘာလင်မြို့နှင့်မိုင် ၁၀၀-ခန့်သာ ဝေးကွာသော အရပ်တွင် တပ်စွဲမိခဲ့ကြသည်။

အာဏာရှင်ကြီး ဟစ်တလာမှာ အရှုံး မီးဝိုင်းသည့်ပမာ ဖြစ်ခဲ့လေပြီ။

ဤအတောအတွင်း ဟစ်တလာထံသို့ အစီရင်ခံစာတစ်စောင် ရောက်ရှိလာခဲ့သည်။ ထိုအစီရင်ခံစာမှာ စစ်လက်နက် ပစ္စည်း ထုတ်လုပ်ရေး တာဝန်ခံ အဲလ်ဘတ် စပီးယား ထံမှ ဖြစ်သည်။ သူက ဂျာမန်တို့ ဝီလီရှားဒေသကို လက်လွှတ်ခဲ့ရသည့် အတွက် အကြီးအကျယ် အကျပ်ရိုက်နေကြောင်း၊ အထူးသဖြင့် ဝီလီရှားပြည်နယ်မှ ကျောက်မီးသွေးများ ဆက်လက် မရနိုင်တော့သဖြင့် ယခု လက်ရှိအခြေအနေအရ ဂျာမန် မီးရထားများနှင့် စက်ရုံအလုပ်ရုံများမှာ တနင်္ဂနွေ ၂-ပတ်သာလျှင် ခုတ်မောင်း လည်ပတ်နိုင်တော့သည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြအစီရင်ခံထားသည်။

ဟစ်တလာသည် စပီးယား၏ အစီရင်ခံစာကို ဆုံးအောင်ပင် မဖတ်တော့ဘဲ ဒေါ်သပွကြီးပွကာ "သူဟာ အမြဲတမ်း ကျုပ်ကို စိတ်မချမ်းသာအောင် တစ်ခုပြီးတစ်ခု ပြောနေတဲ့လူပဲ၊ ကြားတော့ သည်းမခံနိုင်တော့ဘူး။ နောက်ကို ဘယ်သူပဲဖြစ်ဖြစ် ကျုပ်ဆီ နှစ်ယောက်တည်း တွေ့ဖို့ ခွင့်မပြုပါနဲ့" ဟု၍အစီရင်ခံစာကို တစ်ဆင့်ယူလာသော ဗိုလ်ချုပ်ကြီး ဂူဒါရီယန်အား ပြောလွှတ်လိုက်သည်။

ဟစ်တလာမှာ အဘက်ဘက်က ဝိုင်းပတ်လာနေသော အန္တရာယ်များကို မည်သို့မည်ပုံ ကာကွယ်တားဆီးရမည်ကိုပင် မသိတော့ဘဲ ကြံရာမရ ဖြစ်လာခဲ့သည်။

ဤအခိုက် အတန့်တွင် ဗိုလ်ချုပ်ကြီး ဂူဒါရီယန်က ကြံရာမရဖြစ်နေသော ဟစ်တလာအား အကြံတစ်ခု တင်ပြလာသည်။ သူက ဆိုခဲ့သို့ တပ်နီတော်သာ အရှေ့ဘက်မှ ဒလကြမ်း တိုက်ခိုက် သိမ်းပိုက် လာချိန်တွင် အနောက်ဘက် စစ်မျက်နှာတွင် မဟာမိတ်တပ်များနှင့် အမြန်ဆုံး အပစ်အခတ် ရပ်စဲရေးကို ဖြစ်သည့်နည်းဖြင့် ကြိုးပမ်း သင့်ကြောင်း ရစ်ဘင်ထရော့မှ တစ်ဆင့် အကြံပေး တိုက်တွန်းလာသည်။ ရစ်ဘင်ထရော့က ဤ အကြံကို ဟစ်တလာအား တင်ပြရာ ဟစ်တလာသည် လုံးဝ လက်မခံဘဲ ခါးခါးသီးသီး ငြင်းဆန်ခဲ့မျှမက ဤသို့ ကြံစည်ခြင်းသည် တိုင်းပြည်ကို သစ္စာဖောက်ခြင်းပင် ဖြစ်သည်ဟု ပြောလွှတ်လိုက်သည်။

သို့သော် ဟစ်တလာသည် အင်္ဂလိပ် အမေရိကန်တို့နှင့် စစ်ပြေငြိမ်းရေး ဖြစ်နိုင်သည်ဟု တစ်ဖက်က မျှော်လင့်နေခဲ့သည်။ ထိုသို့မျှော်လင့်ရာတွင် မိမိတို့ဘက်က စတင် စစ်ပြေငြိမ်းရေးကို တမ်းတောင်းနေ ရမည် မလိုဘဲ မဟာမိတ်တို့ဘက်မှ ကမ်းလှမ်းလာလိမ့်မည်ဟု တွက်ဆထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့စိတ်ထဲတွင် အရှေ့ဘက် စစ်မျက်နှာမှ တပ်နီတော်က အလုံးအရင်းဖြင့် ချီတက် သိမ်းပိုက်လာသည်ကို အင်္ဂလိပ် အမေရိကန်တို့ အနေဖြင့် ကွန်မြူနစ်လွှမ်းမိုးမှုဟု သဘောထားကာ မလိုလားကြဟု ယူဆနေသည်။ ဤယူဆချက် အရ မိမိတို့ ဂျာမန်တပ်များအား အရှေ့ဘက် စစ်မျက်နှာတွင် ဆိုဗီယက် တပ်နီတော်ကို အစွမ်းကုန် ခုခံတိုက်ခိုက် နိုင်စေရန် အနောက်ဘက် စစ်မျက်နှာမှ အင်္ဂလိပ် အမေရိကန်တို့က စစ်ရပ်စဲရေးကို တင်ပြလာလိမ့်မည်ဟု မျှော်လ ခဲ့သည်။

ဤ မျှော်လင့်ချက် အရ တပ်နီတော်မှ မာရှယ်ဇူးကော့၏တပ်များ အိုဒါမြစ်ကို ဖြတ်ကျော်၍ ဘာလင်မြို့နှင့် မိုင်-၁၀၀ အကွာတွင် တပ်စွဲမိကြသော ဇန်နဝါရီလ ၂၇-ရက်နေ့ ညနေဘက် ဟစ်တလာနှင့် သူ၏ စစ်ဦးစီးချုပ်များ ဆွေးနွေးပွဲတွင် အောက်ပါ အတိုင်း ဆွေးနွေးခဲ့ကြသည်။

ဟစ်တလာ။ ။အခုလို ရုရှားတပ်တွေက အောင်ပွဲခံနေတာကို အင်္ဂလိပ်တွေက လိုလိုလားလားရှိကြတယ်လို့ ခင်ဗျား တို့ ထင်သလား။

ဂိုးအားရင်း။ ။သူတို့စိတ်ထဲက ရုရှားတပ်တွေ ဂျာမနီတစ်ပြည်လုံး သိမ်းပိုက်လာတဲ့ အချိန်မှာ ကျွန်တော်တို့ဟာ သူ ကိုပဲ မဲ တိုက်ခိုက်နေတယ်လို့တော့ ယူဆမယ် မထင်ပါ ဘူး။ ရုရှားတပ်တွေက ဂျာမနီပြည်ထဲကို တစိမ့်စိမ့် ဝင်လာပြီး အခုလို တစ်ပြည်လုံးကို သိမ်းသာနိုင်တဲ့ အချိန်မှာ ကျွန်တော်တို့ဟာ သူတို့ကို အရှုးလို ခုခံ တိုက်ခိုက် နေတယ်လို့တော့ ထင်မယ် မဟုတ်ပါဘူး။

ဂျိုဒဲလ်။ ။သူတို့ကတော့ ရုရှားတွေ အပေါ်မှာ အမြဲ သံသယ ဝင်နေကြတာပဲ။

ဂိုးအားရင်း။ ။ဒီလိုဆိုရင် ကျုပ်တို့ဟာ အခု တစ်ရက် နှစ်ရက် အတွင်း သူတို့ (အင်္ဂလိပ်) ဆီက အကြောင်းကြား စာ ရောက်လာပါလိမ့်မယ်။

အာဏာရှင်ကြီးတစ်တလာနှင့် ဂျာမန်စစ်ဦးစီး ဗိုလ်ချုပ်ကြီးများသည် အထက်ပါအတိုင်း ဂျာမန်တို့ကို အရှေ့ဘက် စစ်မျက်နှာတွင် ဆိုဗီယက် တပ်နီတော်အား တစ်လုံးတစ်ခဲတည်း ခုခံကာကွယ်နိုင်ရန် အတွက် အင်္ဂလိပ်တို့က အနောက်ဘက် စစ်မျက်နှာတွင် စစ်ရပ်စဲရေး ကမ်းလှမ်းလာလိမ့်မည်ဟု တစ်ထစ်ချ ယူဆထားခဲ့ကြသည်။

စင်စစ် သူတို့၏ ယူဆချက်သည် ရေနစ်နေသူ တစ်ယောက်အဖို့ လက်လှမ်းမီရာ ကောက်ရိုး တစ်မျှင်ကိုပင် အားကိုး အားထားပြုလိုသည့် သဘောပင် ဖြစ်ခဲ့သည်။ တကယ့် လက်တွေ့တွင်မူ သူတို့ မျှော်လင့်ချက်သည် စိတ်ကူးထဲမှာပင် ရှိခဲ့၍ အကောင်အထည် ဖြစ်မလာခဲ့ပေ။

နောက်ဆုံးတွင် ဟစ်တလာမှာ လုံးဝ မျှော်လင့်ချက် ကင်းမဲ့လာခဲ့တော့သည်။ သူ၏ နေ့စဉ် စစ်ဦးစီး ကွန်ဖရင့် မှာလည်း ဂျာမန်တပ်များ ဆုတ်ခွာရသည့် သတင်း၊ တပ်နီတော်နှင့် မဟာမိတ်တပ်များ ချီတက်လာနေသည့် သတင်းများနှင့် ကျောက်မီးသွေးနှင့် ဓာတ်ဆီ မလုံလောက်သဖြင့် ဂျာမန် လေယာဉ်များ၊ သင်္ဘောများနှင့် တင့်ကားများမှာ လုံးဝ မလှုပ်နိုင် ရှိနိုင် ဖြစ်နေကြသည့် သတင်းများကိုသာ စိတ်ပျက်ဖွယ်ရာ ကြားသိ ဆွေးနွေး နေရတော့သည်။

ဖေဖော်ဝါရီလ ၈-ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ ဦးစီးသော အမေရိကန် တပ်မကြီးပေါင်း ၈၅-ခု သည် ရိုင်းမြစ်ဆီသို့ ချီတက် သိမ်းပိုက် လာခဲ့ကြသည်။ ဟစ်တလာသည် ယခုအချိန်အထိ ဂျာမန်တပ်များကို ဆုတ်ခွာရန် အမိန့်မပေးသေးဘဲ ခုခံ တိုက်ခိုက်ရန် အမိန့်ကိုသာ တစ်ခုပြီးတစ်ခု ထုတ်ပြန် နေခဲ့သည်။ အကယ်၍ တိုက်ပွဲတွင် အခြေအနေ မလှ၍ သက်ဆိုင်ရာ စစ်မြေပြင် တပ်မှူးက "ဆုတ်မိန့်" တောင်းခံလာသည်ကိုပင် "ဆုတ်မိန့်" ဟူ၍ မပေးဘဲ တပ်များသို့ "ရွှေ့ပြောင်းမိန့်" အဖြစ် ထုတ်ပြန်ပေးခဲ့သည် အထိ ခေါင်းမာနေခဲ့သည်။

သို့ဖြစ်ရာ ရိုင်းမြစ်ကမ်းခြေ တစ်ဝိုက်တွင် အမေရိကန်တပ်များနှင့် တစ်လနီးပါးမျှ အပြင်းအထန် တိုက်ပွဲ ဖြစ်ပွားပြီးနောက်

www.burmeseclassic.com

ဂျာမန်တို့ဘက်မှ တပ်သား ၃-သိန်း ၅-သောင်းခန့် ကျဆုံး ဒဏ်ရာ ရခဲ့သည်။

ဂျာမန် တပ်သားများမှာ စစ်မြေပြင်တွင် လက်နက် ခဲယမ်း အိုးကျောက်များ ပြည့်စုံလုံလောက်စွာ မရသည့်ပြင် စားနေရိက္ခာများ လည်း မလောက်မငနှင့် အငတ်ငတ် အပြတ်ပြတ် ဖြစ်နေကြရ စိတ်ဓာတ် အကြီးအကျယ် ကျနေခဲ့ကြသည်။

တပ်တိုင်းမှ ထွက်ပြေးလာသော တပ်သားဦးရေမှာ တစ်နေ့ထက် တစ်နေ့ များပြားလာနေသည့်ပြင် မဟာမိတ်တပ်များထံ လက် နက်ချ ဝင်ရောက်မှုများမှာလည်း နေ့စဉ်နှင့်အမျှ ဖြစ်ပွား နေ ခဲ့သည်။

ဖေဖော်ဝါရီလ ၁၂-ရက်နေ့တွင်မှ ဗိုလ်ချုပ်ကြီး ကိုင်းတဲလ်သည် ဟစ်တလာ၏ အမိန့်အရ 'ခွင့်စာများကို မရှိမသား လိမ်ယည် ထုတ်ယူသူများနှင့် တစ်နေရာမှ တစ်နေရာသို့ ခရီးသွား လက်မှတ်များဖြင့် သွားလာသည့် တပ်သားများသည် ထင်စုံတင်ဖျ စစ်ဆေးခြင်း မပြုဘဲ ပစ်သတ် ခံရလိမ့်မည်' ဟူ၍ပင် အမိန့်ထုတ်ပြန် ခဲ့ရသည်။

သို့သော် လက်နက်ချမှုများနှင့် တပ်မှ ထွက်ပြေးမှုများမှာ အရေအတွက် လျော့မသွားဘဲ ပို၍ပင် တိုးတက်များပြား လာခဲ့ရ မတ်လ ၅-ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဘလပ်ကိုဝစ်သည် အောက်ပါ ပြင်းထန်လှသော အမိန့်တစ်ရပ် ထပ်မံ ထုတ်ပြန် ခဲ့ရသည်။

"မည်သည့်တပ်သားမဆို မိမိတို့တပ်နှင့် ကင်း ကွာ၍ တခြား တစ်နေရာရာတွင် တွေ့ရှိခဲ့သော တပ်သားများသည် လည်းကောင်း၊ မိမိတို့တပ်နှင့်ကွဲနေ၍ တပ်ရင်းရှိရာကို လိုက်လံ ရှာဖွေနေပါသည် ဆိုသော တပ်သား မှန်သမျှ သည် လည်းကောင်း တွေ့ရာနေရာတွင် ပစ်သတ်ခြင်း ခံရမည်။"

တစ်ဖန် ရှိရှိတပ်သားများသာ မဟုတ်၊ တပ်မှူးများကိုယ် တိုင်ပင်လျှင် စိတ်ဓာတ် ကျနေကြသည် ဖြစ်ရာ ဂျာမန် စစ်ဦးစီး ဌာနချုပ်မှ တပ်မှူးများကိုလည်း တစ်ဖက်မှ မျက်ခြည် မပြတ် စောင့်ကြပ် နေကြရသည်။



တပ်မှူးများ အနေဖြင့် တပ်မှ ထွက်ပြေးခြင်း၊ ယောဘိတ် များထံ လက်နက်ချခြင်းများ အများအပြား မရှိသော်လည်း တိုက်ပွဲတွင် စိတ်ပါ လက်ပါ ရှပ်ရှပ်ချချ တိုက်ခိုက်ခြင်း မရှိကြ တော့ဘဲ အလွယ်တကူဖြင့် အညံ့ခံ အရှုံးပေးမှုများ ဖြစ်ပေါ်နေခဲ့ရ ပြီးလ ၁၂-ရက်နေ့တွင် မှန်တိုဝီးတပ်မှူး ဗိုလ်ချုပ်ကြီး ဟင်းမလားက 'မြို့များနှင့် အရေးကြီးသော ဆက်သွယ်ရေး အချက်အချာ နေရာ များကို ရန်သူ့လက်သို့ ကျရောက်ခြင်း မရှိအောင် အစွမ်းကုန် ကာကွယ် ထိန်းသိမ်း ထားကြရမည်။ ထိုသို့ ကာကွယ် ထိန်းသိမ်းခြင်း မပြုနိုင်သော တာဝန်ခံ တပ်မှူးများသည် သေဒဏ် အပြစ်ပေး ခြင်း ခံရလိမ့်မည်' ဟူ၍ အမိန့် တစ်ရပ် ထုတ်ပြန်ခဲ့ရသည်။

ဤ တစ်ချက်လွှတ် အမိန့် အရ ရိုင်းမြစ်ပေါ်မှ တံတားကို မဟာမိတ် တပ်များအား သိမ်းပိုက်ခဲ့ရာတွင် ဂျာမန်တပ်မှူး အတော် များများမှာ တာဝန် ပေါ့လျော့သည်ဟု ဆိုအား သေနတ်ဖြင့် ပစ်သတ်ခြင်း ခံခဲ့ကြရသည်။

ဤသို့ဖြင့် တစ်ခါက ဥရောပ တိုက်တွင် အတိုင်းတိုင်း အပြည်ပြည်ကို အလွယ်တကူ တိုက်ခိုက် သိမ်းပိုက် နိုင်ခဲ့ကြသော ဂျာမန် တပ်မတော်ကြီးမှာ ဝါးအစည်း ပြေသကဲ့သို့ ဖရိုဖရဲ ပျက်စီး လာခဲ့သည်။

ဂျာမန် တပ်မတော်ကြီး ပျက်စီးလာသကဲ့သို့ ဂျာမန် တပ် မတော်၏ သေနာပတိ စစ်အာဏာရှင်ကြီး ဟစ်တလာမှာလည်း ကိုယ်ရော စိတ်ပါ တစ်နေ့တခြား ချည့်နဲ့ ယိုယွင်း လာနေသည်ကို တွေ့ရသည်။

အိပ်ချိန်မှလွဲ၍ တစ်နေ့လျှင် နာရီပေါင်း ၂၀-နီးပါးမျှ စိတ်ရော ကိုယ်ပါ အပင်ပန်းခံကာ စစ်ဆင်ရေး အစီအစဉ်များကို ဆောင်ရွက်ရခြင်း၊ နေ့စဉ်နှင့်အမျှ ဂျာမန်တပ်များ အရေးနိမ့်၍ နိမ့်နေသည့် သတင်းများကို နာရီမလပ် ကြားနေရခြင်း၊ အချိန် သရွေ့ ပုန်းခိုကျင်းထဲမှာပင် အချိန်ကုန်ကာ နေ့လည်ကောင်း ရောင် မရှုမရှိက်ရဘဲ ကျန်းမာရေးနှင့် မညီမညွတ်နေခဲ့ရခြင်း စသည်တို့မှ

www.burmeseclassic.com

ဟစ်တလာအား ကိုယ်ခန္ဓာ ချည့်နဲ့ ယိုယွင်း လာစေသည်နှင့် အမျှ စိတ်ဓာတ် အင်အားပါ ဆုတ်ယုတ်ပျက်ပြား လာစေတော့သည်။

ထို့ပြင် ဟစ်တလာသည် အလုပ် ပင်ပင် ပန်းပန်း လုပ်နိုင်ရန် အတွက် သူ၏ ပုဂ္ဂလိက ဆရာဝန် ဒေါက်တာ မော်ရဲလ်၏ အကြံပေးချက်အရ ပြင်းထန်လှသော ဆေးပြားများကို အမြဲမပြတ်စား နေခဲ့ရာ ထိုဆေးပြားများတွင် ပါဝင်သော အဆိပ်များကြောင့်လည်း ဟစ်တလာ၏ ကျန်းမာရေးမှာ တစ်နေ့ တခြား ပျက်ပြားလာခဲ့သည်။ နဂို မူလက စိတ်တိုလှ စိတ်ကြီးလှသော ဟစ်တလာမှာ ယခုအခါ ပို၍ စိတ်တိုလာတတ်သည်၊ ပို၍ စိတ်ကြီး လာတတ်သည်။

ဤသို့ဖြင့် ဂျာမန် တပ်မတော်ကြီး၏ အခြေ အနေမှာ ဟစ်တလာ၏ကိုယ်ခန္ဓာနှင့်အတူ တစ်နေ့တခြား ဆုတ်ယုတ်ပျက်ပြား လာနေတော့သည်။

တိုက်ပွဲကြီးများမှာ နေ့စဉ်နှင့်အမျှ ဆက်တိုက် ဖြစ်ပွားနေခဲ့သည်။ ဧပြီလ တစ်ရက်နေ့တွင် ဗြိတိသျှနှင့် ကနေဒါ တပ်များ အပါအဝင် ဗိုလ်ချုပ် မောင်ဂိုမာရီ၏ မဟာမိတ် တပ်များသည် ဘရီမင် ဟမ်းဘတ် စသော မြို့ကြီးများဘက်ဆီသို့ ချီတက်လာခဲ့ရာ ရှားနယ်ဘက်မှ ဆင်းလာကြသော ဗိုလ်ချုပ်ဆင်ပဆင်၏ အမှတ်-၉၊ အမေရိကန် တပ်များနှင့် ပေါင်းမိခဲ့ကြသည်။ ဤ မဟာမိတ်တပ်များနှင့် ဗိုလ်ချုပ်ကြီး မိုဒဲလ်ဦးစီးသော ဂျာမန် တပ်များ အပြင်းအထန် တိုက်ပွဲ ဖြစ်ပွားခဲ့ကြရာ ဂျာမန် တပ်များမှာ မဟာမိတ် တပ်များ၏ အလယ်တွင် ညှပ်ပူး ညှပ်ပိတ် မိနေကြ၍ မရှုမလှ ကျဆုံးခဲ့ကြရသည်။ နောက်ဆုံးတွင် ၁၈-ရက်မျှ ပြင်း အထန် တိုက်ပွဲ ဖြစ်ပွားပြီးနောက် ဂျာမန် တပ်များမှ ဗိုလ်ချုပ်အဆင့်ရှိသော တပ်မှူးကြီးပေါင်း ၃-သိန်း ၂၅-သောင်း ၅-ထောင် အဖမ်းခံ ခဲ့ကြရသည်။ ဂျာမန် ဗိုလ်ချုပ်ကြီး မိုဒဲလ် မှာမူ မဟာမိတ် တပ်များ၏ အဖမ်းမခံဘဲ သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်၍ သတ်သေ သွားခဲ့သည်။

ဟစ်တလာသည် ဗိုလ်ချုပ်ကြီး မိုဒဲလ် ရန်သူ့ အဖမ်းမခံဘဲ သူ့ကိုယ်သူ သတ်သေသွားသော သတင်းကို ကြားသိရသောအခါ ဗိုလ်ချုပ်ကြီး၏ သတ္တိကို ချီးကျူးမိသော်လည်း တစ်ဖက်မှ အကြီးအကျယ် စိတ်ထိခိုက်သွားသည်။

သူသည် တစ်နေ့နေ့တွင် မရှောင်မလွှဲသာဘဲ ရန်သူ၏ ဖမ်းဆီးခြင်းခံရပါက သူ့ကိုယ်သူ ရန်သူ့လက်သို့ အရှင်မအပ်ရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်ရာ ဘာလင်ကိုသာ မဟာမိတ်တပ်များနှင့် တပ်နီတော်တို့က သိမ်းပိုက်လာပါက သူ့အတွက် သူ့ဘဝကိုသူ အဆုံးစီရင်ရန် အစစအရာရာ စီစဉ်ပြီး ဖြစ်သည်။

သူတစ်ခုသာ စိုးရိမ်မိသည်။ ထိုစိုးရိမ်ချက်မှာ အခြားမဟုတ်၊ ရန်သူတပ်များ၏ ဖမ်းဆီးခြင်း မခံရမီ မိမိ၏ လူယုံတော်များထဲမှ တစ်ယောက်ယောက်က သစ္စာဖောက်၍ လုပ်ကြံမည်ကိုသာ အစိုးရိမ်ကြီး စိုးရိမ်မိသည်။

ဤစိုးရိမ်ချက်မှာလည်း အကြောင်းမဲ့ စိုးရိမ်ခြင်း မဟုတ်၊ လွန်ခဲ့သော ၁၉၄၄-ခုနှစ် ဇူလိုင်လ အတွင်းက ယင်းသို့သော လုပ်ကြံမှုကြီးနှင့် ကြုံကြိုက်ခဲ့ရသဖြင့် အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရသောကြောင့် ဖြစ်သည်။

ထိုစဉ်က သူ့အသက် လုပ်ကြံရန် ကြိုးပမ်းခဲ့သူမှာ သူ၏လူယုံတော် ဗိုလ်မှူးကြီးတစ်ဦး ဖြစ်သူ စတော်ဖင်းဘာ့ဂ် ဖြစ်သည်။

စတော်ဖင်းဘတ်သည် တစ်ခါက ဟစ်တလာကို အလွန် ကြည်ညိုခဲ့၍ ဟစ်တလာကဲ့သို့ မျိုးချစ်စိတ်ပြင်းထန်သူ တစ်ဦးပင် ဖြစ်သည်။ သူသည် တိုက်ပွဲတိုင်းတွင် ရှပ်ရှပ်ချွချွ တိုက်ခိုက်ခဲ့သည်။ ဂျာမန်တပ်များ အောင်ပွဲခံခဲ့သည့် ထိုးစစ်ကြီးများ အတွင်းက ထူးထူးခြားခြား စွမ်းဆောင်ခဲ့သလို ယခုဂျာမန်တပ်များ ဖရိုဖရဲ ဆုတ်ခွာနေရချိန်တွင်လည်း စိတ်ဓာတ်မကျဘဲ ရှိနေခဲ့သူဖြစ်သည်။

သူသည် တစ်ခါက (ဧပြီလ ၇-ရက်) စစ်နယ်မြေ တစ်ခုတွင် ခရီးသွားနေစဉ် သူစီးလာသော မော်တော်ကားကို မဟာမိတ် လေယာဉ်များက စက်သေနတ်ဖြင့် ပစ်ခတ်ကြသဖြင့် အကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာရခဲ့ဖူးသည်။ သူ၏ လက်ဝဲဘက် မျက်လုံးတစ်ဖက် ပျက်သွားခဲ့၍ လက်ယာဘက်လက်မှာ လုံးဝဖြတ်ပစ်ခဲ့ရသည်။ ထို့ပြင် လက်ဝဲ ဘယ်လက်မှ လက်ချောင်းအလေး နှစ်ချောင်း ပြတ်သွားခဲ့သည့်ပြင် နားရွက်များနှင့် ခြေထောက်ပါ တစ်ကိုယ်လုံး ဒဏ်ရာ အနှံ့အပြား ရခဲ့သည်။

ထိုသို့ အသေလုနီးပါး မရှုလှ ဒဏ်ရာရထားသည့် တိုင်အောင် စိတ်ဓာတ် မပျက်ပြားဘဲ စစ်တပ်တွင် ပြန်လည် အမှုထမ်းခွင့် တောင်းခဲ့သည်။

ဤမျှ စိတ်ဓာတ် ပြင်းထန်၍ မျိုးချစ်စိတ် ကြီးမားလှသော ဗိုလ်မှူးကြီး စတာပ်ဖင်းဘတ်သည် သူကြည်ညိုလှပါသည် ဆိုသော ခေါင်းဆောင်ကြီး ဟစ်တလာကို လုပ်ကြံ သတ်ဖြတ်ရန် ကြိုးစား ခဲ့သည်။

## အဘယ့်ကြောင့်ပါနည်း။

ဂျာမန် စစ်ဦးစီးချုပ်မှ ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်မှူးကြီး များသည် ဟစ်တလာ၏ "ဝါတလော မောမှု" များကို အထူး စိတ်ပျက်ခဲ့ကြသည်။ အထူးသဖြင့် အရှေ့ဘက် စစ်မျက်နှာနှင့် အနောက်ဘက် စစ်မျက်နှာများကို တစ်ပြိုင်နက် ဖွင့်၍ ရန်သူကို ရှေ့ ကရော နောက်ပါ တိုက်စေခြင်းသည် ဟစ်တလာ၏ မဟာ အမှားကော်ကြီး ဖြစ်သည်ဟု ယူဆခဲ့ကြသည်။

သို့သော် သူတို့ တစ်တွေသည် ဟစ်တလာ၏ အရှိန်အဝါကို မလွန်ဆန်နိုင်ဘဲ ရှိကြရာ နောက်ဆုံး ဤစစ်ကြီးကို ဂျာမန်တို့ နိုင်အောင် တိုက်ရန်မှာ ရှေးဦးစွာ ဟစ်တလာကို ဖယ်ရှားပစ်မှ ဖြစ် မည်ဟု ယုံကြည်ကြသည်။

သို့ဖြစ်ရာ ဗိုလ်မှူးကြီး စတာပ်ဖင်းဘတ်သည် အခြား ဗိုလ်ချုပ် ကြီးများ ဖြစ်ကြသော အောလ်ဘရစ်ချ်၊ တိဖ်၊ ဝဂ္ဂနာ၊ လင်ဒီမန်း စသူတို့နှင့်ပူးပေါင်းကာ ဟစ်တလာကို လုပ်ကြံရန် ကြံစည်ခဲ့ကြသည်။

ထိုနေ့မှာ ၁၉၄၄-ခု ဇူလိုင်လ ၂၀-ရက်နေ့ ဖြစ်သည်။



ဟစ်တလာသည် သူနေစဉ် ပြုလုပ်မြဲ ဖြစ်သော စစ်ဆင်ရေး အစည်း အဝေးကို နေ့ ၁၂-နာရီ မိနစ် ၃၀-အချိန်တွင် သူ၏ စည်းဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဗိုလ်မှူးကြီး စတာပ်ဖင်းဘတ်သည် ထိုအစည်းအဝေး ခန်းမ ထဲသို့ ၂-မိနစ်ခန့် နောက်ကျပြီးမှ ဝင်လာခဲ့သည်။ သူနှင့်အတူ သူ ကိုင်နေကျ လက်ဆွဲ သားရေအိတ် တစ်လုံးကို ယူဆောင် လာခဲ့ရာ ထိုသားရေအိတ်ထဲတွင် အချိန်နှင့် ပေါက်ကွဲစေတတ်သော ဗုံးတစ် လုံး အဆင်သင့်ပါလာခဲ့သည်။ ထိုဗုံးမှာ ၁၀-မိနစ်အတွင်း ပေါက် ကွဲမည်ဖြစ်ရာ စတာပ်ဖင်းဘတ်သည် စည်းဝေးခန်းမထဲသို့ ရောက်ရှိခဲ့ ပြီး စားပွဲဝိုင်းတွင် ဂူဒြန်ပျက် ဝင်ထိုင်ကာ သားရေအိတ်ကို ခါတိုင်းကဲ့သို့ စားပွဲအောက်တွင် အမှတ်မထင် ချထားလိုက်သည်။

ဗုံးထည့်ထားသော သားရေအိတ်မှာ ဟစ်တလာ ခြေ ထောက် ချထားသော နေရာနှင့် ၆-ပေခန့်သာ ဝေးသည်။ စတာပ် ဖင်းဘတ်သည် သားရေအိတ်ကို ထိုသို့ ချထား လိုက်ပြီး လက်မှ လက်ပတ်နာရီကို မသိမသာ ကြည့်လိုက်ရာ ၁၂-နာရီ ၃၇-မိနစ် ရှိနေပြီကို တွေ့ရသည်။ နောက် ၅-မိနစ်ခန့် ကြာလျှင် အချိန်စေ့၍ ဗုံးပေါက်ကွဲတော့မည် ဖြစ်သည်။

ထို့နောက် စတာပ်ဖင်းဘတ်သည် အစည်းအဝေး ခန်းမထဲမှ တယ်လီဖုန်း စကားပြောရန် ကိစ္စတစ်ခုရှိသည်ဟု ဆိုကာ အမှတ်တမဲ့ ထွက်လာခဲ့သည်။

ဤသို့ မိနစ်ပိုင်းမျှ လိုတော့သည့် အချိန်မှာပင် စားပွဲဝိုင်း တွင် ရှိနေသော ဗိုလ်မှူးကြီး ဘရန့်သည် ဟစ်တလာ၏ ရှေ့တည့် တည့် မြေပုံကို ပို၍ အနီးကပ် ကြည့်လိုသဖြင့် ရှေ့သို့ တိုးလာ ခဲ့ရာ သူ့ရှေ့တွင် စတာပ်ဖင်းဘတ်၏ သားရေအိတ်က ခံနေသဖြင့် သားရေအိတ်ကို ခြေထောက်ဖြင့် တွန်း၍ ရွှေ့လိုက်သည်။ သူသည် ထိုမျှနှင့်ပင် မကျေနပ် သေးသဖြင့် ထိုသားရေအိတ်ကို အောက် ကိုင်က အခန်းထောင့် ခပ်လှမ်းလှမ်း တစ်နေရာတွင် ရွှေ့ထား လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အစည်းအဝေးမှာ အစီအစဉ်အရ ဗိုလ်ချုပ်ကြီး ဟော့ဆင်ဂျာက မနေ့စဉ် စစ်မြေပြင် အခြေအနေ အစီရင်ခံစာကို ဖတ်ကြားနေသည်။

"ရုရှားစစ်တပ်များသည် ဒန်းနားဒေသ၏ အနောက်ဘက်မှ နေ၍ အင်အားကြီးမားစွာဖြင့် မြောက်ဖက်သို့ ဦးတည်ချီတက်လာနေကြသည်။"

ဗိုလ်ချုပ်ကြီး ဟော့ဆင်ဂျာသည် အစီရင်ခံစာကို ဖတ်ကြားနေဆဲ ၁၂-နာရီ ၄၂-မိနစ်တိတိ အချိန်တွင် "ဗုန်း" ဟူသော အသံကြီးသည် အခန်းထောင့် တစ်နေရာမှ ထွက်ပေါ်လာ၍ တစ်ခန်းလုံး မီးခိုးများဖြင့် မှောင်မည်းသွားခဲ့သည်။

ဗုန်းပေါက်ကွဲခဲ့လေပြီ။

ဤအချိန်တွင် စတော့ဖင်ဘာတ်မှာ အစည်းအဝေး ခန်းမဆောင်နှင့် ကိုက် ၂၀၀-ခန့်ဝေးသော ဘန်ကာကျင်း အမှတ် ၈၈-ရှေ့တွင် ဗိုလ်ချုပ်ကြီး ဖဲလ်ဂျီဘဲလ်နှင့် စကားပြောနေမိုက်ဖြစ်ရာ ဗုံးပေါက်ကွဲသံနှင့်အတူ အဆောက်အအုံတစ်ခုလုံး အမိုးများလွင့်စဉ်ပြုတ်ထွက်၍ မီးခိုးလုံးကြီးများ တက်လာသည်ကို တွေ့မြင်လိုက်ရသည်။ သူ့စိတ်ထဲတွင် အစည်းအဝေးခန်းမဆောင်ထဲမှ ဟစ်တလာနှင့် ဗိုလ်ချုပ်ကြီးများ၊ ဗိုလ်မှူးကြီး များအားလုံး တစ်ယောက်မကျန် အကုန်အရှုံး သေဆုံးကုန်ကြပြီဟု ထင်မိလိုက်သည်။

သို့သော် အံ့ဩဖွယ်ရာ ကောင်းသည်မှာ ဟစ်တလာသည် အသက်မသေရုံမျှမက ဒဏ်ရာ ပြင်းပြင်းထန်ထန်ပင် မရဘဲ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ ဗိုလ်မှူးကြီး ဘရန်နှင့် အမှတ်မထင်ဗုံးထည့်ထားသော အားဖရအိတ်ကို ရွှေ့လိုက်မိခဲ့သည့်ပြင် သူ့ရှေ့တည့်တည့်တွင်ရှိနေသော စားပွဲမှာ ထုထည်ကြီးမားလှသဖြင့် ထိုစားပွဲ၏ အကာအကွယ်ကြောင့် ဟစ်တလာမှာ ဒဏ်ရာပြင်းပြင်း ထန်ထန် မရဘဲ ခြေထောက်နှစ်ဖက်နှင့် ညာဘက် လက်ပြင်သာ အနည်းငယ် ဒဏ်ရာရခဲ့သည်။

ဤလုပ်ကြံမှုကြီးတွင် ဟစ်တလာအသက်မသေဘဲ လွတ်မြောက်ခဲ့ရသော်လည်း သူ၏ လက်ရေးတိုစာရေး ဘာဂျားဆိုသူမှာမူ နေရာ



တွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့၍ ဗိုလ်မှူးကြီးဘရန်၊ ဗိုလ်ချုပ်ကြီးရှဲမစ်နှင့် ဗိုလ်ချုပ်ကြီး ကော်တင်တို့မှာလည်း ဒဏ်ရာ ပြင်းထန်စွာရခဲ့ပြီး ဆေးရုံတွင် သေဆုံးခဲ့ကြရသည်။

ဟစ်တလာသည် ဤဗုံးပေါက်ကွဲမှုကြီးကို အစပထမ၌ လုပ်ကြံမှုဟူ၍ မယူဆဘဲ မဟာမိတ်တပ်များ၏ လေကြောင်းမှလာရောက် ဗုံးကြဲခြင်းဖြစ်သည်ဟု ထင်လိုက်မိသည်။ သို့သော်ချက်ချင်းပင် အကျိုးအကြောင်း အဖြစ်အပျက် အားလုံး စုံစမ်းလိုက်ရာတွင် မိမိအသက်အန္တရာယ်ကို လုပ်ကြံခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

သို့တိုင်အောင် ဤလုပ်ကြံမှုကြီးသည် မည်သူ မည်ဝါ၏ လက်ချက်ဟူ၍ မသိရသေးဘဲ ဇဝေဇဝါ ဖြစ်နေသေးသည်။ သူ့စိတ်ထဲတွင် ဗုံးပေါက်ကွဲစဉ်က ဗိုလ်မှူးကြီး စတော့ဖင်ဘာတ်ပါ အစည်းအဝေးခန်းထဲတွင် ရှိနေသည်ဟု ထင်မိသဖြင့် သူ့ကိုလုံးဝ သံသယမဖြစ်ပေ။ နောက်တွင်မှ စတော့ဖင်ဘာတ်သည် ဗုံးပေါက်ကွဲ ခါနီးကလေးတွင်မှ အခန်းထဲမှ ထွက်သွားပုံ၊ အခန်းထဲတွင် သူ့အားဖရအိတ် ထားပစ်ခဲ့ပုံနှင့် တယ်လီဖုန်းရုံမှ အစောင့်စစ်သားက ပြောသည်။ "မျက်စိ တစ်ဖက်သာ်နှင့် ဗိုလ်မှူးတစ်ယောက် အစည်းအဝေး ခန်းမကြီးထဲ သူ့ထံ ဘာလင်မှ တယ်လီဖုန်းလာစရာရှိသည်ဟု ပြောသွား၍ အစည်းအဝေး ကျင်းပနေစဉ် အခန်းထဲမှထွက်လာ တယ်လီဖုန်းသို့မလာဘဲ အပြင်သို့ သုတ်သီး သုတ်ပျာ ထွက်သွားပုံ" စသည်ဖြင့် သက်သေခံချက်"များ ဆက်မိပြီး စတော့ဖင်ဘာတ်၏ လက်ချက်ဖြစ်သည်ကို သိရတော့သည်။

သို့ဖြစ်ရာ စတော့ဖင်ဘာတ်ကို ဖမ်းဆီးရန် ချက်ချင်း အမိန့်ထုတ်လိုက်သည်။ သို့သော် နောက်ကျခဲ့လေသည်။ စတော့ဖင်ဘာတ်မှာ လေယာဉ်ပျံဖြင့် ရုရှား စစ်မြေပြင်ဘက်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ထိုနေ့က ထိုသို့လုပ်ကြံမှုကြီး ဖြစ်ပွားခဲ့သည့် သတင်းမှာ တမီးပမာ နေရာအနှံ့အပြား သတင်းပြန့်သွားခဲ့ရာ ဂျာမန် စစ်ဗိုလ်ချုပ်ကြီးများ အပါအဝင် လူအတော်များများကပင် "ဟစ်တလာ သေပြီ" ဟူ၍ ထင်မှတ်ခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ ဟစ်တလာသည် ထိုနေ့က ချက်ချင်း နာရီပိုင်းအတွင်း မိမိမသေဘဲ လွတ်မြောက်ခဲ့၍ ကျန်းကျန်းမာမာ ရှိနေကြောင်း တိုင်းပြည်သို့ ရေဒီယိုမှတစ်ဆင့် အသံလွှင့်ခဲ့ရသည်။

"ဂျာမန် အမျိုးသား ရဲဘော်အပေါင်းတို့"...

"ဒီနေ့ ကျုပ်အခုလို အသံလွှင့် မိန့်ခွန်းပြောကြား အကြောင်းရင်းကတော့ ကျုပ်အသံကို ရဲဘော်တို့ ကြ ရခြင်းအားဖြင့် ကျုပ်ဟာ ဘေးဇသီ ရန်မခဘဲ ကျန်းကျ မာမာ ရှိကြောင်းနဲ့ ဂျာမနီပြည်ကြီးမှာ တစ်ခါမှ မပေ ပေါက်ခဲ့ဖူးသေးတဲ့ ရာဇဝတ်မှုကြီး တစ်ခု ဖြစ်ပွားခဲ့ အကြောင်းကို သိစေချင်လို့ပါပဲ"

စသည်ဖြင့် ဟစ်တလာက ပြောကြားသွားခဲ့သည်။

ဟစ်တလာသည် တစ်ခါက ဤသို့ တွေ့ကြုံခဲ့ရသော အ အပျက်ဆိုးကြီးကြောင့် "လူယုံသတ်၍ သေရမည်"ကို အထူးစိုး မိသည်။

သူ့စိတ်ထဲတွင်မူ သေရမည်ကို မကြောက်ရုံမျှမက တစ် တခြား သေဘေးနှင့်နီးကပ်လာသည်ကို ရိပ်စားမိနေပြီ ဖြစ်သော်လည ဂျာမန်တို့၏ အထွတ်အထိပ် ခေါင်းဆောင်ကြီး တစ်ယောက် ဖြ ပြီးမှ အစောင့်အရှောက်များ၏ လက်ချက်ဖြင့် မသေလို၊ သူ့ရဲ့ ပီသစွာ သေလိုသည်။ သေသည့် တိုင်အောင် နာမည်ကောင်း သည်။

မည်သို့ပင်ဖြစ်စေ သူ၏စိတ်ထဲတွင် သူ့ကိုယ်သူ မငြင်း သော အချက်တစ်ချက်မှာ ရှိနေပြီး ဖြစ်သည်။

ယင်းအချက်အား အခြားမဟုတ်၊ သူ့အတွက် နောက် နေ့ရက်များသို့ ရောက်ခနပြီဟူသော အချက်ပင်တည်း။



## အာဏာရှင် တစ်ယောက်၏ နောက်ဆုံး နေ့ရက်များ

မှန်သည်၊ ဤရက်များသည် ဟစ်တလာ၏ နောက်ဆုံးနေ့ရက် များ ဖြစ်သည်။

သူသည် "လုပ်ကြံမှုကြီး" ဖြစ်ပွားခဲ့ပြီးသည့် နောက်ပိုင်း တွင် လူမြင် သူမြင်မခံတော့ဘဲ လူထုအစည်းအဝေးကြီးများ၊ အခမ်း အနားကြီးများကိုပင် မတက်ရောက်တော့ဘဲ နေခဲ့သည်။

ဤသို့ ဟစ်တလာကို အပြင် အပ အခမ်းအနား များနှင့် အချို့သော လိုအပ်သည့် အစည်းအဝေးများတွင်ပင် မတွေ့ မမြင် ရသည်မှာ ကြာလာခဲ့ပြီဖြစ်ရာ ဂျာမန် အရပ်သူ အရပ်သားများသာ မက စစ်ဘက်နှင့် နာဇီပါတီဝင် အချို့ကပင် ဟစ်တလာ သေပြီ၊ သို့မဟုတ် ဗိုလ်ချုပ် ဟင်းမလားက ဖမ်းဆီး ချုပ်နှောင် ထားခြင်း ခံနေရပြီဟူ၍ပင် မှတ်ထင်နေခဲ့ကြသည်။

ဟစ်တလာသည် ယခုအခါ ဘယ်သူ့ကိုမှ မယုံတော့ဘဲ ဖြစ် လာသည်။ သူ့တွင် ယုံကြည်စိတ်ချရသော၊ သစ္စာရှိသော မိတ်ဆွေ ဟူ၍ နှစ်ဦးသာ ရှိသည်ဟု သူက ပြောလာသည်။ ထိုမိတ်ဆွေ နှစ်ဦး တွင် တစ်ဦးမှာ သူ၏ တိတ်တိတ်ပုန်း မယား အီဗာဗရွန်းဖြစ်ပြီး ကျန် တစ်ဦးမှာ သူ၏ အယ်လ်ဆေးရှင်း ခွေးကြီး ဘလွန်ဒီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ဦး သာလျှင် သူ့အပေါ်တွင် ထာဝရအရှိဆုံး မိတ်ဆွေများ ဖြစ်ကြသည်ဟု သူက ဆိုသည်။

ဤနေရာတွင် အဟိတ် တိရစ္ဆာန်ဖြစ်သော အယ်လ်ဖေးရှင်း ခွေးကြီးနှင့် စပ်လျဉ်း၍ မည်သို့မျှ ပြောရန် မရှိသော်လည်း အီဗာဗရွန်းနှင့် ပတ်သက်၍မူ ဟစ်တလာ ပြောသကဲ့သို့ သူ့အပေါ်တွင် အသက်ထက်ဆုံး သစ္စာရှိခဲ့သည်မှာ ခြွင်းချက်မရှိ မှန်ကန်ခဲ့သည်။

အဘယ့်ကြောင့် ဆိုသော် အီဗာဗရွန်းသည် ဟစ်တလာက တရားဝင် လက်ထပ်ခဲ့ခြင်း မရှိပါဘဲလျက် ၁၂-နှစ် လုံးလုံး တိတ်တိတ်ပုန်း မယားအဖြစ် ပေါင်းသင်း နေထိုင် လာခဲ့သောကြောင့် ဖြစ်သည်။ သူသည် ဟစ်တလာ အရှိန်အဝါ ကြီးမား၍ ဖူဟာရာချိန်မှစ၍ ဟစ်တလာ ဘုန်းတန်ခိုး တောက်ပနေစဉ်ကရော၊ ယခုကဲ့သို့ ဟစ်တလာ "အိမ်နိမ့်" နေရသည့် အချိန်အထိ "ထားရာနေ စေရာသွား" ခဲ့သူဖြစ်သည်။

ဤသို့ အီဗာဗရွန်းက သူ့အပေါ်တွင် သစ္စာရှိပုံကို ဟစ်တလာသည် တစ်ခါတစ်ရံ ပြောလေ့ရှိရာ စစ်ပဏ္ဍိတ်၊ ထိုက်လုပ်ရေး တာဝန်ခံ ပေးယားဆိုသူက "ကျွန်တော်တို့ အစနဲ့ အစက ဒါကို လုံးဝ မယုံခဲ့ပါဘူး၊ ဒါပေမယ့် အခုတော့ သူပြောတဲ့အတိုင်း မှန်နေတာကို တွေ့နေရတယ်" ဟူ၍ ထုတ်ဖော် ပြောဆိုခဲ့သည်။

မှန်သည်၊ "အီဗာဗရွန်းသည် ဟစ်တလာ၏ တိတ်တိတ်ပုန်း မယားအဖြစ် နေထိုင်ခဲ့ရာ၌ ဟစ်တလာ၏ ရင်းနှီးသော လုပ်ဖော်ကိုင်ဖက် အချို့မှ အပ အခြား မည်သူမျှ မသိအောင် လျှို့ဝှက်သိပ်သည်းစွာ နေထိုင်ခဲ့ရှာသည်။ ယုတ်စွအဆုံး ဟစ်တလာ ဘုန်းတန်ခိုး အာဏာကြီးမားစဉ်က ဟစ်တလာနှင့် အစ်အိမ်တည်း နေခဲ့ရသော်လည်း လူမြင်သူမြင် မခံရဘဲ မထင်မရှား နေခဲ့ရရှာသည်။ အထူးသဖြင့် ဟစ်တလာက အခြား ဧည့်သည်များကို ဖိတ်ကြား၍ ထမင်းစားပွဲများ၊ ဧည့်ခံပွဲများ ကျင်းပသည့်အခါမျိုးတွင် သူမမှာ ဟစ်တလာ၏ အမိန့်အရ အိမ်အပေါ်ထပ်မှ အောက်သို့ပင် မဆင်းရဘဲ တံခါးပိတ်၍ တိတ်ဆိတ်စွာ နေခဲ့ရရှာသည်အထိ ဟစ်တလာ၏ စကားကို မြေဝယ်မကျ နားထောင်ခဲ့ရရှာသူ ဖြစ်သည်။



ဆိုဗီယက်တပ်နီတော်မှ တပ်များက ဘာလင်မြို့တော်ဆီသို့ ဦးတည် တိုက်ခိုက်လာနေစဉ် ဟစ်လာသည် အီဗာဗရွန်းအား မြူနစ်မြို့သို့ ပို့ထားခဲ့သည်။

ဧပြီလ ၁၅-ရက်နေ့တွင်မူ သူမသည် ဘာလင်မြို့ ဟစ်တလာ၏ စံအိမ်တော်သို့ ရောက်လာသည်။ ဟစ်တလာက သူမအား ဘာလင်တွင် မနေဘဲ မြူနစ်မြို့သို့ ပြန်သွားရန် ပြောကြားသည်။ ယခုတစ်ကြိမ်တွင်မူ အီဗာဗရွန်းသည် ဟစ်တလာ၏ စကားကို နားမထောင်ဘဲ ဘာလင်မှ မပြန်တော့။ ဟစ်တလာနှင့် အတူနေတော့မည်ဟု ဆိုလာသည်။

ထို့ပြင် သူမတွင် ဆုံးဖြတ်ချက် နှစ်ရပ် ပါလာလေသည်။ ပထမ ဆုံးဖြတ်ချက်မှာ ဘာလင်မြို့ကြီးကို တပ်နီတော်က သိမ်းပိုက်ခြင်းမပြုမီ ဤရက်ပိုင်းတွင် ဟစ်တလာနှင့် တရားဝင်လက်ထက်မည်ဟူသော ဆုံးဖြတ်ချက်ဖြစ်သည်။ ဒုတိယ ဆုံးဖြတ်ချက်မှာ အကယ်၍ ဟစ်တလာသည် တပ်နီတော်ထံ လက်နက်ချ အညံ့မခံဘဲ သူ့ကိုယ်သူ သတ်သေမည် ဆိုပါက သူမပါ ချစ်လှစ် ဟစ်တလာနှင့်အတူ ကိုယ့်ကိုယ်ကို သတ်သေမည်ဟူသော ဆုံးဖြတ်ချက်ဖြစ်သည်။

### တကယ်ပင် သစ္စာရှိလှသော အမျိုးသမီးဇါတကား

ဟစ်တလာသည် မိမိအပေါ်တွင် ၁၂-နှစ်လုံးလုံး သစ္စာရှိစွာ "ထားရာနေ စေရာသွား" ခဲ့ရှာသော အီဗာဗရွန်းက ယခုကဲ့သို့ မိမိအဖို့ သေရမည့်ရက်ကို လက်ချိုး၍ စောင့်နေရခိုက် မိမိနှင့် သေအတူ ရှင်မကွာ လာရောက် နေပါရစေ ဟူ၍ တောင်းပန်လာသည်ကို "ရင်ထုမနာ" ဖြစ်ခဲ့ပုံရသည်။ သူမ၏ သစ္စာတရား ကြီးမားလှပုံကိုလည်း ပို၍ တန်ဖိုးထားမိရပုံရသည်။ အဘယ့်ကြောင့်ဆိုသော် ဟစ်တလာသည် အီဗာဗရွန်းအား သူနှင့်အတူနေခွင့်ပြုခဲ့သောကြောင့်ပင် ဖြစ်သည်။

ဟစ်တလာသည် ဤ နောက်ဆုံးနေ့ရက်များတွင် ပုထုဇဉ်တို့၏ ထုံးစံအရ သူ့ဘဝလမ်းကြောင်းသည် ရှေ့တွင် မည်သို့ ဖြစ်လာဦးမည်၊ မည်သို့ အဆုံးသတ်မည်ကို သိလိုဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com

သူသည် ပြေိလ၏ တစ်ခုသော နေ့တစ်နေ့တွင် သူ၏ မိတ်ရင်း တစ်ဦးဖြစ်သူ ဂိုးဘဲလ်အား တစ်ခါက ဂျာမန် အင်ပိုင်ယာကြီး၏ အရှင်သခင် ဖြစ်ခဲ့သော ဖရက်ဒရစ် ဘုရင်ကြီး၏ အတ္ထုပ္ပတ္တိ စာအုပ်ကို ဖတ်ပြနိုင်းသည်။ ထိုစာအုပ်မှာ ဟစ်တလာ လူမှန်းသူမှန်း သိတတ်သည့် အရွယ်ကပင် နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှုလာခဲ့သော စာအုပ်ကြီးပင် ဖြစ်သည်။ သူသည် လင့်ဇ်မြို့တွင် သူ့မိခင်ကြီးနှင့် နေစဉ်ကပင် ဤ “ဖရက်ဒရစ်ဘုရင်ကြီး” အတ္ထုပ္ပတ္တိ စာအုပ်ကို သူ့စားပွဲပေါ်တွင် အမြဲထား၍ ဖတ်ရှုခဲ့သည်။

ယခုလည်း ဂိုးဘဲလ်က ဤစာအုပ်ထဲမှ ဟစ်တလာ၏ စေခိုင်းချက်အရ ဖရက်ဒရစ် ဘုရင်ကြီး၏ “နောက်ဆုံး နေ့ရက်များ” အကြောင်း ရေးသားထားသော အခန်းကို ဖတ်ပြရသည်။ နောက်ဆုံး ဖရက်ဒရစ်ဘုရင်ကြီးသည် ပရပ်ရှား အင်ပိုင်ယာကြီး ပျက်စီး၍ ရန်သူများ နီးကပ်လာချိန်တွင် အဆိပ်သောက်၍ ယက်သေသွားပုံကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားထားသည့်နေရာသို့ ရောက်သောအခါ ဟစ်တလာမှာ ဂိုးဘဲလ် ဖတ်ပြသည်ကို နားထောင်ရင်း မျက်ရည်များပင် တတွေတွေ ကျဆင်းလာသည်အထိ စိတ်ထိခိုက် လာခဲ့သည်။

သူသည် ထိုစာအုပ်ကြီးကို ဖတ်ပြီးနောက် ဂိုးဘဲလ်နှင့် ဟိုအကြောင်း သည်အကြောင်း ပြောကြရင်းဖြင့် လူတစ်ယောက်၏ ကံကြမ္မာကို မည်သည့်အရာက အဆုံးအဖြတ် ပေးနေသနည်း ဟူသော ပြဿနာသို့ ရောက်သွားကြသည်။ ဤတွင် ဟစ်တလာသည် အနှစ်နှစ် အလလက အမှတ်တမဲ့ ထားခဲ့သော ပစ္စည်းတစ်ခုကို ယူ၍ ကြည့်မိသည်။

ထိုအရာကား အခြားမဟုတ်၊ ဟစ်တလာ၏ “ဟောစာတမ်း” ပင်တည်း။

ဟစ်တလာသည် ဤဟောစာတမ်းကို သူ အာဏာ စတင်ရခဲ့သည့် ၁၉၃၃-ခုနှစ် ဇန်နဝါရီလ ၃၀-ရက်နေ့ကပင် အမှတ်မထင် ပြုလုပ်ထားခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ မှတ်မှတ်ရရ ထုတ်မကြည့်မိဘဲ ဟင်းခလား၏ ရုံးခန်းထဲတွင် သိမ်းထားခဲ့သည်။ ယခုကဲ့သို့ “ဂြိုဟ်စီး ဂြိုဟ်နင်းများ”နှင့် ကြုံကြိုက်လာသော အခါ



တွင်မှ ပုထုဇဉ်တို့၏ ထုံးစံအတိုင်း ဗေဒင်ကိန်းခန်းကို သတိရ၍ ပြန်ကြည့်မိခြင်းဖြစ်သည်။

ဟောစာတမ်းမှာ တစ်ခုတည်းမဟုတ်၊ နှစ်ခုဖြစ်သည်။ တစ်ခုမှာ ဟစ်တလာအတွက်ဖြစ်၍ အခြားတစ်ခုမှာ ၁၉၁၈-ခုနှစ်စက်တင်ဘာလ ၉-ရက်နေ့ ဂျာမန်သမ္မတနိုင်ငံ စတင် ကြေညာခဲ့စဉ်က ပြုလုပ်ထားခဲ့သော “နိုင်ငံတော် ဟောစာတမ်း” ဖြစ်သည်။

ဟစ်တလာအဖို့ ထူးထူးခြားခြား အံ့ဩဖွယ်ကောင်းလောက်အောင် တိုက်ဆိုင်နေသည်မှာ ထိုဟောစာတမ်း နှစ်ခုစလုံးတွင် ပါရှိသော ဟောပြောချက်များမှာ သွေးထွက်အောင် မှန်ကန်နေသည်ကို တွေ့ရခြင်း ဖြစ်သည်။

“ဟောစာတမ်း နှစ်ခုစလုံးမှာ တစ်သံတည်း ဖြစ်နေ၍ ၁၉၃၉-ခုနှစ်တွင် စစ်ကြီး ဖြစ်ပွားလာမည့် အကြောင်း၊ ၁၉၄၁-ခုနှစ် အထိ အောင်မြင်မှုများ ရရှိမည့်အကြောင်း၊ ထို့နောက် ၁၉၄၅-ခုနှစ် ပထမပိုင်း လများတွင် အခြေအနေ ဆိုးရွားရွား ကြုံတွေ့ရဖွယ်ရာ ရှိကြောင်းနှင့် အထူးသဖြင့် ဧပြီလ၏ ပထမ လဝက်တွင် အဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်ရဖွယ်ရာ ရှိကြောင်းများကို ဟောထားခဲ့သည်။ ထို့နောက် ဧပြီလ ဒုတိယ လဝက်ပိုင်းတွင် အောင်ပွဲများ ထပ်မံရရှိခဲ့ပြီး သြဂုတ်လအထိ အခြေအနေ ပြန်လည် ကောင်းမွန်ကာ ထိုလထဲတွင် ငြိမ်းချမ်းရေး ရဖွယ်ရာ ရှိသည်ဟု ဆိုထားပါသည်။ ထိုသို့ ငြိမ်းချမ်းရေး ရရှိပြီး နောက် ဂျာမနီပြည်ကြီးမှာ ၃-နှစ်တာမျှ ဒုက္ခအမျိုးမျိုး ကြုံတွေ့ခံစားခဲ့ရပြီးနောက် ၁၉၄၈-ခုနှစ်တွင်တစ်ဖန်အင်အားကြီး နိုင်ငံတစ်ခုအဖြစ် ပြန်လည် မွေးဖွားလာလိမ့်မည် ဟူ၍ ဟောကိန်း ထုတ်ထားပါသည်။

(ဇွန်နှုန်းရှေ့ဆက်၏ နေ့စဉ်မှတ်တမ်းမှ)

အထက်ပါ ဟောကိန်းအရ ဟစ်တလာသည် အားတက်အတန် အားတက်လာမိသည်။ ယခင်က အဖြစ်အပျက်များမှာ ဟောကိန်း

www.burmeseclassic.com

www.burmeseclassic.com

တွင် ပါရှိသည့် အတိုင်း မှန်ကန်နေသည် ဖြစ်ရာ ပြေလနှင့် ပြေလနောက်ပိုင်းအတွက် ဟောကိန်းများမှာလည်း မှန်ကန်လိမ့်မည် ဟု သူ့စိတ်ထဲတွင် ယူဆနေမိသည်။

သို့သော် "ဗေဒင်ကိန်းခန်း" တို့မည်သည် အခါခပ်သိမ်း တစ်သဝေမတိမ်း မှန်ကန်နိုင်ပါမည်လော။

မည်သို့ပင် ဖြစ်စေ ဟစ်တလာသည် သူ၏နောက်ဆုံးနေ့ရက်များကို အထက်ပါအတိုင်း "ကိုယ်ရေးကိုယ်တာ" ပြဿနာများနှင့် သူကိုယ်တိုင် မမြင်နိုင်သော ကံကြမ္မာများအာဏာပေါ်တွင် အာရုံစူးစိုက်ခြင်းဖြင့် သူ၏ မြေအောက် ပုန်းကျင်းထဲတွင် အချိန် ကုန်လွန်ခဲ့ရသည်။

ဤရက်များအတွင်း ဟစ်တလာနှင့် ပတ်သက်၍ သူ၏ လုပ်ဖော် ကိုင်ဖက်များအနေဖြင့် ထူးထူး ခြားခြား သတိပြုမိသော အချက်မှာ ဟစ်တလာ၏ ကျန်းမာရေး အခြေအနေ အထူး ချို့တဲ့လာခြင်းဖြစ်သည်။

သူတို့သည် ဟစ်တလာကို နေ့စဉ်ကျင်းပမြဲဖြစ်သော စစ်ကွန်ဖရင့်တွင် တွေ့နေကြသည် ဖြစ်ရာ ဟစ်တလာ၏ ကျန်းမာရေးမှာ တစ်နေ့ ကခြား ဆိုးရွားလာနေပုံရသည်ကို သတိပြုမိကြသည်။ အထူးသဖြင့် ဟစ်တလာ၏ ရုပ်လက္ခဏာမှာ တစ်နေ့ထက် တစ်နေ့ ပို၍ "ရုပ်" ကျလာသည်ကို တွေ့နေကြရသည်။

ဤနေရာတွင် ဟစ်တလာ၏ အတ္ထုပ္ပတ္တိကို စုံစမ်း ရေးသားလှမ်းခဲ့ကြသော သုတေသီတို့အတွက် စိတ်ဝင်စားစရာ အချက်များ တွေ့လာရသည်။

ဤအချက်မှာ ဟစ်တလာ၏ ကျန်းမာရေးနှင့် ပတ်သက်၍ အနှစ်နှစ် အလလက တာဝန်ယူခဲ့ရသော ဒေါက်တာ မော်ရဲလ်က ဟစ်တလာအား ဆေးဝါး ကုသပုံ ကုသနည်းပင် ဖြစ်သည်။

မော်ရဲလ်သည် ဟစ်တလာ ပင်ပင်ပန်းပန်း အလုပ်လုပ်ရသည် ဟု ဆိုကာ အပင်ပန်းခံနိုင်သည့် ဆေးများကို အမြဲ စားစေခဲ့သည်။ သို့သော် ဤဆေးများမှာ ပြင်းထန်၍ သူ့ အမျိုးအစားအရ အဆိုပ်များပင် မသိသော ပါရှိနေခဲ့ရာ သာမန် လိုအပ်သည့်



အရေအတွက် အတိုင်း စားလျှင် မည်သို့မျှ မဖြစ်သော်လည်း သတ်မှတ်ထားသော အရေအတွက်ထက် ပို၍ စားပါက ဘေးဖြစ်တတ်သော ဆေးပြား ဖြစ်နေသည်ကို တွေ့ရသည်။

ဥပမာအားဖြင့် ဟစ်တလာတွင် ဗိုက်နာရောဂါ မကြာခဏ ဖြစ်ပေါ်လေ့ရှိရာ ဗိုက်နာ ပျောက် စေရန်ဟု ဆိုကာ မော်ရဲလ်က ဆေးပြား အမျိုးမျိုးကို အမြဲ တိုက်ကျွေးခဲ့သည်။ သို့သော် ဤဆေးပြားများမှာ နေ့စဉ် တစ်ပြား နှစ်ပြားထက် ပိုမစားသင့်ဟု ဆေးပညာ ပါရဂူများက သတ်မှတ် ရည်ညွှန်း ထားသော်လည်း မော်ရဲလ်သည် ဟစ်တလာအား ထိုဆေးပြားမျိုး တစ်နေ့လျှင် ရှစ်ပြားအထိ စားစေခဲ့သည်ဟု သိရသည်။ ထို့ပြင် ဟစ်တလာ၏ အစေခံဖြစ်သော ဟိန်းလင့်ခ်ျအား ဆေးပြား အမြောက်အမြား ထုတ်ပေးထားပြီး ဟစ်တလာ တောင်းသည့်အခါတိုင်း ထုတ်ပေးရန် မော်ရဲလ်က မှာထားသည်ဟု ဆိုလေသည်။

ဤသို့ဆိုလျှင် မော်ရဲလ်သည် ဟစ်တလာအား နေ့စဉ် မသိမသာ အဆိပ်ကျွေး တဖြည်းဖြည်း သေစေအောင် သတ်နေသည် ဟု ယူဆနိုင်သည် မဟုတ်ပါလော။

ဟုတ်သည်။ ဤသို့ ယူဆစရာဖြစ်ခဲ့သည်။ ယူဆခဲ့သူများလည်း ရှိခဲ့သည်။ ထိုသူများမှာ ဒေါက်တာ ဂီဆင်းနှင့် ဒေါက်တာ ဘရန့်တို့ ဖြစ်သည်။

ဒေါက်တာ ဂီဆင်းမှာ နားရှက် နှာခေါင်း နှင့် လည်ချောင်း ဘက် ဆိုင်ရာ ပါရဂူကြီးတစ်ဦး ဖြစ်သည်။ ဟစ်တလာအား သူ၏ ဗိုလ်ချုပ်ကြီးများက သတ်ဖြတ် လုပ်ကြံရန် ကြိုးစားခဲ့ကြစဉ်က ဗုံးပေါက်ကွဲရာတွင် ဟစ်တလာမှာ ဗုံးသံကြောင့် နားကြော်များ ထိခိုက်၍ နားလေးလာခဲ့သဖြင့် ဒေါက်တာ ဂီဆင်းအား ခေါ်ယူ၍ အမြဲကုသနေခဲ့ခြင်း ဖြစ်သည်။

သူသည် ဟစ်တလာ၏ ဗိုက်နာ ရောဂါ ဆိုးရွားလာသဖြင့် ကုသရန် စမ်းသပ်၍ ဟစ်တလာအား အချို့သော မေးခွန်းများကို မေးမြန်းခဲ့ရာမှ မော်ရဲလ်က ဟစ်တလာအား အဆိပ်ပါသော ဆေးများ လိုအပ်သည်ထက် ပိုကျွေးလာခဲ့သည်ကို သိရခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမျှမက ထိုဆေးပြားများကို ဟစ်တလာ နေ့စဉ် စားလာခဲ့သည်မှာ ၂-နှစ် ရှိပြီဟု ဆိုသဖြင့် ခွဲစိတ်ကုသရေးဘက်ဆိုင်ရာ ဒေါက်တာ ဘရန့်ဆိုသူမှာ အထိတ်တလန့် ဖြစ်သွားခဲ့မိသည်။ တစ်ဖန် ထိုးဆေးများနှင့် ပတ်သက်၍လည်း မော်ရဲလ်သည် ဟစ်တလာအား ဆင်မခြင်ဘဲ အလွန် အကျွံ ထိုးပေးခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ဤသို့အားဖြင့် ဟစ်တလာမှာ ဆေးမထိုးဘဲ ဆေးမစားဘဲ နေ၍ မဖြစ်သော အခြေအနေသို့ ရောက်လာခဲ့သည် ဟု ဆိုသည်။

"အကယ်၍ ဟစ်တလာသည် မိုးအေးသော နေ့များနှင့် ရာသီဥတု မအေးမြသော နေ့များတွင် တရားဟောရန် ရှိနေပါက သူ့ကို တရားမဟောမီ တစ်ရက်၊ တရားဟောသည့် တစ်ရက်နှင့် တရားဟောပြီး နောက်တစ်ရက်ဟူ၍ သုံးရက်ဆက်ပြီး ဆေးများ ထိုးပေးခဲ့သည်ဟု သိရပါသည်။ ဤသို့ မူလသဘာဝ ပင်ကိုယ် သွေးသား အင်အားဖြင့် လှုပ်ရှားသွားလာရမည့် နေရာတွင် ဆေး၏ အင်အားဖြင့်သာ လှုပ်ရှားသွားလာနိုင်တော့သည့် အဖြစ်မျိုးသို့ ရောက်ရှိလာခဲ့သည်။ စစ်ဖြစ်လာသော အခါတွင်မူ ဟစ်တလာသည် သူ့ကိုယ်သူ ဆေးမထိုးလျှင် ဘာမှ လုပ်မရသည်ကို တွေ့လာရသည် ဖြစ်ရာ စစ်ကြီးတစ်လျှောက်လုံး၊ သူသည် အမြဲလိုလို ဆေးထိုးနေခဲ့ရပါသည်။ လွန်ခဲ့သည့် ၂-နှစ် ခန့်ကစ၍ ဟစ်တလာသည် တစ်ရက်မှ မပြတ်ဘဲ နေ့စဉ် ရက်ဆက် ဆေးထိုးလာခဲ့ရသည် ဟု ဆိုပါသည်။ မည်သည့် ဆေးများဖြင့် ဟစ်တလာကို ထိုးပေးခဲ့ကြောင်း ကျွန်ုပ်အား မော်ရဲလ်ကို မေးမြန်းရာ သူက ဘာဆေး ဟူ၍ မပြောဘဲနေပါသည်။

(ဒေါက်တာ ဘရန့်၏ မှတ်တမ်းများမှ)

မော်ရဲလ်သည် ဟစ်တလာအား ၂-နှစ်လုံးလုံး တစ်နေ့မပြတ် မည်သည့်ဆေးများကို ထိုးပေးခဲ့ပါသနည်း၊ ထိုဆေးများ၏အမည်ကို ဒေါက်တာ ဘရန့်က မေးသောအခါ ဘာကြောင့် မပြောဘဲ ထိမ်ချန်ထားပါသနည်း၊ ထို့ပြင် အဆိပ် ပါသော ဆေးပြားများကိုလည်း ဟစ်တလာအား အဘယ့်ကြောင့် လိုသည်ထက် ပို၍ တိုက်ကျွေးပါသနည်း။

အထက်ပါ မေးခွန်းများကို အချင်းချင်း မေးခဲ့မိကြသော ဒေါက်တာ ဘရန့်နှင့် ဒေါက်တာ ဂီအင်းတို့သည် ဟစ်တလာအား မော်ရဲလ်က တဖြည်းဖြည်း အဆိပ်ကျွေး၍ သတ်နေသည် ဟူ၍ပင် သံသယ အကြီးအကျယ် ဖြစ်မိသည်။

သို့သော် သူတို့သည် ဤပြဿနာကို အကျယ် အကျယ် ငြိမ်းဘွယ် မဖြစ်စေတော့ဘဲ သူတို့စိတ်ထဲတွင်သာ မျိုသိပ်ထားခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ဟစ်တလာ၏ နောက်ဆုံးနေ့ရက်များသည် ဟစ်တလာအား အထက်ပါ အဖြစ်ဆိုးကြီးများနှင့် ရင်ဆိုင်နေစေခဲ့သည်။

အရှေ့ဘက်စစ်မျက်နှာမှ တပ်နီတော်၏ အမြောက်သံများကို ဘာလင်မြို့မှ အတိုင်းသား ကြားနေရပေပြီ။

အနောက်ဘက်စစ်မျက်နှာမှ အင်္ဂလိပ်နှင့် အမေရိကန်တပ်များ၏ ကြီးမားသော ထိုးစစ် သတင်းများသည် နေ့စဉ်နှင့်အမျှ ရောက်ရှိလာနေပေပြီ။

တိတ်တိတ်ပုန်းမယား အီဗာဗရွန်းနှင့် သူ့အချစ်တော်ခွေးကြီး ဘလွန်ဒီမှ တစ်ပါး အခြား မည်သူ့ကိုမှ မယုံကြည်ရ၊ စိတ်မချရတော့သော အခြေအနေသို့ ရောက်နေခဲ့ပေပြီ။

မော်ရဲလ်၏ ၂-နှစ်လုံးလုံး တိုက်ကျွေးလာခဲ့သော ဆေးပြားများနှင့် ထိုးပေးလာခဲ့သော ထိုးဆေးများ၏ဒဏ်ကြောင့် တစ်ကိုယ်လုံး လှုပ်ချင်း မရှားချင်လောက်အောင်ဖြစ်ကာ ကိုယ်ခန္ဓာရုပ်အဆင်းမှာ ညှိုးမှိန်၊ ရင့်ရော် လာနေခဲ့ပေပြီ။

ဤသို့ဖြင့် ဟစ်တလာ၏ နောက်ဆုံး နေ့ရက်များသည် ဘက်ဘက်မှ မကောင်းသော အနိဋ္ဌာရုံများနှင့်သာ ဝိုင်းအုံပြည့်နှက်နေခဲ့လေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



## ပုန်းကျင်းထဲမှ အာဏာရှင်ဟစ်တလာ

၁၉၄၅-ခုနှစ် ဧပြီလ ၂၀ရက်နေ့သည် ဟစ်တလာ၏ ၅၆-နှစ်မြောက် မွေးနေ့ ဖြစ်သည်။

ဤနေ့တွင် ဟစ်တလာ၏ နေထိုင်ရာ စံအိမ်တော် ဝင်းထဲသို့ ထံသွားနေကျ မိတ်ဆွေများ ပြင် တစ်ခါတစ်ရံမှ လာလေ့ သော လူအချို့ကိုပါ တွေ့ရသည်။ သူတို့လက်ထဲတွင် ခေါင်းဆောင် ကြီး ဟစ်တလာအတွက် မွေးနေ့လက်ဆောင် အဖြစ် ပန်းစည်းများ၊ အခြား အသုံးအဆောင် ပစ္စည်းအချို့ကိုပါ ဖဲပြားရောင်စုံများဖြင့် လှပသေသပ်စွာ ချည်နှောင်၍ ယူဆောင်လာကြသည်ကို တွေ့မြင်ရ သည်။ ထိုသို့ လာရောက်ကြသူများထဲတွင် ရာထူးအမျိုးမျိုး အဆင့် အမျိုးမျိုးနှင့် လူအမျိုးမျိုး ပါဝင်ကြသည်။ ဗိုလ်ချုပ်ကြီးများ၊ ဗိုလ်မှူးကြီး များ၊ ပါတီ ခေါင်းဆောင် များ၊ အုပ် ချုပ်ရေး အရာရှိများ။

သူတို့အားလုံးသည် ဟစ်တလာရှိရာ မြေအောက် ပုန်းကျင်း ထဲသို့ ဆင်း၍ လက်ဆောင်များကို ပေးအပ်ကြသည်။ ခေါင်းဆောင် ကြီးအတွက် အစစ အရာရာ 'ပျော်ရွှင် ချမ်းမြေ့ဖွယ်ရာ မွေးနေ့ မင်္ဂလာ' စကားများကို ပြောကြားကြသည်။

ဟစ်တလာသည် ဤပုန်းခိုကျင်းထဲတွင် နေထိုင်လာခဲ့သည်မှာ လပေါင်း အတန်ကြာခဲ့ပြီ ဖြစ်သည်။



တစ်ခါက သူကိုယ်တိုင် စိတ်ကူးယဉ်ယဉ်ဖြင့် သူ့စိတ်ကြိုက် ပုံစံပေးကာ ကြီးမားလှသော အခန်းကြီးများ၊ အရောင် တဖိတ်ဖိတ် တောက်နေသော လှေကားကြီးများ၊ ရဲရဲနီနေသော ကော်ဇောကြီး များနှင့် ပြောင်လက် ချောမွေ့နေသော ကျောက်ပြားများနှင့် မွမ်းမံ ခြယ်လှယ် ဆောက်လုပ်ထားခဲ့သည့် စံအိမ်တော်ကြီးမှာ မဟာမိတ် တို့၏ ဗုံးဒဏ်ကြောင့် မြေပြင်သို့ ပြားပြား ဝပ်ကာ မီးလောင် ပျက်စီးခဲ့ပြီ ဖြစ်သည်။

ထိုအချိန်မှ စ၍ ဟစ်တလာသည် အဆိုပါ စံအိမ်တော် ဆောက်လုပ်ထားခဲ့သော ဥယျာဉ်ကြီးထဲမှာပင် စံအိမ်တော်၏အောက် မြေကြီးထဲတွင် ပုန်းခိုကျင်းကြီး တစ်ခုကို အခိုင်အခန့် ဆောက်လုပ်၍ နေလာခဲ့သည်။

ပုန်းခိုကျင်းမှာ သာမန် ပုန်းခိုကျင်းမျိုး မဟုတ်၊ စနစ်တကျ ပုံစံရေးဆွဲ၍ ခိုင်ခိုင်ခန့်ခန့် ကြီးကြီး ကျယ်ကျယ် ဆောက်လုပ်ထား သော ပုန်းခိုကျင်းကြီး ဖြစ်သည်။ ပုန်းခိုကျင်းကြီးမှာ မြေကြီးထဲတွင် ပေ ၅၀ အနက်တူး၍ အခန်းပေါင်း မြောက်မြားစွာ ဖွဲ့၍ ဆောက် လုပ်ထားခဲ့သည်။

ပုန်းခိုကျင်းကြီးထဲသို့ ဆင်းရန်အတွက် ယခင် ပျက်စီးပြိုလဲ နေပြီဖြစ်သော စံအိမ်တော်၏ အတွင်းဘက်သို့ ဝင်လာရသည်။ ထိုမှ တစ်ဆင့် လှေကားတစ်ခုဖြင့် ယခင် စားပွဲထိုးများ ချက်ပြုတ်သော မီးဖိုဆောင်ကို ဖြတ်၍ အောက်သို့ ဆင်းလာရသည်။

ထိုသို့ မြေအောက် လှေကားအတိုင်း အောက်သို့ ဆင်းလာခဲ့ လျှင် လှေကားအဆုံးတွင် လမ်းခြောင်သုံးခုကို တွေ့ရမည်ဖြစ်သည်။ ပထမ လမ်းခြောင်အတိုင်း လိုက်သွားလျှင် ဟစ်တလာ၏ စားပွဲထိုး ဆင်းနင်းဘက်၏ အခန်းသို့ ရောက်သွားမည် ဖြစ်သည်။ ဒုတိယ လမ်းခြောင်မှာ ဥယျာဉ်ကြီးမှတစ်ဆင့် နိုင်ငံခြားရေးရုံးသို့ သွားရာ လမ်းဖြစ်၍ တတိယ လမ်းခြောင်မှာ ပုန်းခိုကျင်းသို့ ဝင်သွားသော လမ်းဖြစ်သည်။

ပုန်းခိုကျင်းမှာ ရိုးရိုးမဟုတ်ဘဲ နှစ်ဆင့်တူး၍ နှစ်ထပ်ပြုလုပ် ထားသော ပုန်းခိုကျင်း ဖြစ်သည်။ ပထမအဆင့် ပထမအထပ်တွင်

www.burmeseclassic.com

www.burmeseclassic.com

အခန်းပေါင်း ၁၂-ခန်း ရှိသည်။ ဤအခန်းများမှာ တစ်ခန်းလျှင် ၆-ပေ ပတ်လည်ခန့်၍ ရှိ၍ အခိုင်အခံ့များ နေထိုင်သည့် အခန်းများဖြစ်သည်။ ဤအခန်းများထဲတွင် ဟစ်တလာအတွက် အထူး စီမံချက်ပြုတ်ပေးရသော မီးဖိုခန်း တစ်ခန်း ပါဝင်သည်။

ဟစ်တလာသည် အမြဲတမ်း သက်သတ်လွတ်စားသူ ဖြစ်ရာ သူ့အတွက် အစားအစာကို အခြားသူများနှင့် မရောစေဘဲ သီးသန့် ချက်ပြုတ်ပေးရသည်။

ဤပထမ အဆင့်မှ အခန်း ၁၂-ခန်းမှာ တစ်ဖက်လျှင် ၆-ခန်းစီ ထားရှိ၍ အလယ်မှ လမ်းကျယ်ကြီးကို ထမင်းစားခန်း အဖြစ် အသုံးပြုသည်။

ဤ ထမင်းစား ခန်းမကြီးအတိုင်း ဆုံးအောင် လိုက်သွားခဲ့ပြီးနောက် တွေ့ရှိရသော လှေကားတစ်ခုမှ တစ်ဖန် မြေအောက်ထဲသို့ ထပ်မံဆင်းသွားလျှင် ပုန်းကျင်း၏ ဒုတိယအဆင့်၊ ဒုတိယအထပ်ကို ရောက်နိုင်သည်။

ဤနေရာအား ခေါင်းဆောင်ကြီး ဟစ်တလာ လေကြောင်းရန်မှ ပုန်းခိုရန် ပုန်းခိုကျင်းကြီးပေတည်း။ ဤပုန်းခိုကျင်းကြီးကား ဒုတိယ ကမ္ဘာစစ်မီးကြီးကို စတင်မွှေးခဲ့သော စစ်အာဏာရှင်ကြီး ဟစ်တလာ၏ နောက်ဆုံး ဇာတ်သိမ်းခန်းကို တင်ဆက်ပြသရာ နေရာပင်တည်း။

ဟစ်တလာ၏ ပုန်းခိုကျင်းသည် အပေါ်ထပ်မှ ပုန်းကျင်းထက် အနည်းငယ်ကြီး၍ အခန်းပေါင်း ၁၈-ခန်း ဖွဲ့ထားခဲ့သည်။ ဤအခန်း ၁၈-ခန်းကို အလယ်မှ စင်္ကြံလမ်း တစ်ခုဖြင့် ခြားထား၍ တစ်ဖက်တွင် ဟစ်တလာနှင့် သူ၏ တိတ်တိတ်ပုန်း မယား အီဗာဗရွန်းတို့ နေထိုင်ကြသော အခန်းကလေး ၁၀-ခန်း ရှိသည်။ အခြားတစ်ဖက်တွင်မူ လျှပ်စစ်မီး အတွက် ဒီဇယ် အင်ဂျင်ထားရာ အခန်း၊ တယ်လီဖုန်းနှင့် အစောင့်စစ်သား အခန်း၊ အရေးပေါ် တယ်လီဖုန်း အခန်း၊ မြေပုံများ ထားရှိသော အခန်း၊ ယခင်က ဟစ်တလာ၏ ဆရာဝန်မောရဲလ်နေခဲ့၍ ယခု ဂိုးဘဲလ်နေသော အခန်း စသည်ဖြင့် အခန်းပေါင်း ရှစ်ခုရှိသည်။



ဟစ်တလာနှင့် အီဗာဗရွန်းတို့ နေထိုင်ကြသော အခန်းကလေးတစ်ခုတွင် လျှပ်စစ် မီးခလုတ်များ ထားသော အခန်း၊ အိပ်ရာခန်း၊ သီးသန့် ရေချိုးခန်း၊ အီဗာဗရွန်း၏ အဝတ်လဲခန်း၊ အီဗာဗရွန်း၏ အိပ်ခန်း၊ ဟစ်တလာ၏ စာကြည့်ခန်း၊ ဟစ်တလာ၏ အဝတ်အစားခန်း၊ ဟစ်တလာ၏ အိပ်ခန်း စသည်ဖြင့် အခန်းများ သီးသန့် ဖွဲ့ထားခဲ့သည်။

ဤသို့ အခန်းများကို ၂-ဖက် ခွဲထားပြီး အလယ်မှ အခန်းအကျယ်ကြီးကိုမူ စစ်ကွန်ဖရင့်များနှင့် အစည်းအဝေးများ ကျင်းပရန် အသုံးပြုခဲ့သည်။ ဤအစည်းအဝေးခန်းမှ နေ၍ မြေကြီးပေါ် ဥယျာဉ်ထဲသို့ တက်သွားရန် လှေကားတစ်ခုကို အရေးပေါ် ထွက်ပေါက်အဖြစ် ထားရှိခဲ့သည်။

ဟစ်တလာသည် သူ၏ မွေးနေ့တွင် ပုန်းကျင်းထဲမှ ထွက်၍ "ဟစ်တလာ လူငယ်" အဖွဲ့တစ်ဖွဲ့ကို လက်ခံ တွေ့ဆုံခဲ့သည်။ သူနှင့် အတူ ဂိုးအားရင်း၊ ဂိုးဘဲလ်နှင့် ဟင်းမလားတို့ ပါဝင်ကြသည်။

သူသည် "ဟစ်တလာ လူငယ်" များအား ယခုကဲ့သို့ မိမိ မွေးနေ့တွင် လာရောက်၍ မိမိအား အလေးပြုကြသည်ကို ကျေးဇူး တင်ကြောင်းနှင့် စစ်ပွဲကြီး၏ အဆုံးအဖြတ်ပေးမည့် ယခုလို အချိန် အခါမျိုးတွင် ရဲရဲဝံ့ဝံ့ ပြောင်မြောက်စွာ တိုင်းပြည်တာဝန် ထမ်းဆောင် နေကြသည်ကို အထူး အားရဝမ်းသာ ဖြစ်မိကြောင်း စသည်များ ပြောကြား၍ မွေးနေ့အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် သူသည် သူ၏ ပုန်းကျင်းထဲသို့ ပြန်ဆင်းလာခဲ့ပြီး ဗိုလ်ချုပ်ကြီး ကိုင်းတဲလ်၊ ဂျိုးဒဲလ်နှင့် ဒိုးနစ်ဇ်တို့ကို တစ်ဦးချင်း လက်ခံတွေ့ဆုံကာ မွေးနေ့ဂုဏ်ပြု စကားများကို လက်ခံပြောကြား ခဲ့သည်။ ထို့နောက် ကျန် ဧည့်သည်များနှင့် တကွ ဗိုလ်ချုပ်ကြီး များကိုပါ တစ်ဦးစီ လိုက်၍ လက်ဆွဲ နှုတ်ဆက်ကာ ကျေးဇူး စကား ပြောကြားပြန်သည်။

ဟစ်တလာက အထူး သဖြင့် ဗိုလ်ချုပ်ကြီး ကိုင်းတဲလ်အား ရုပ်ပါးရ လက်ဆွဲနှုတ်ဆက်ကာ "ခင်ဗျားကိုတော့ ကျုပ် ဘယ် တော့မှ မမေ့ပါဘူး။ ရက်စက်ကြမ်းကြုတ်စွာတွန်းလှန် အစည်းအဝေ

www.burmeseclassic.com

www.burmeseclassic.com

ခန်းထဲ ဗုံးပေါက်ကွဲတော့ ကျုပ်အသက်ကို ခြင်များ ကယ်ခဲ့တာ မမေ့ပါဘူး” ဟူ၍ လိုက်လိုက်လှဲလှဲ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီး ကိုင်းတဲလ်သည် လုပ်ကြံမှု ဖြစ်ပွားရှိ ဗုံးပေါက်ကွဲခဲ့စဉ်က ဟစ်တလာကို အခန်းထဲမှ ဆွဲ၍ ထုတ်လာခဲ့သူ ဖြစ်သည်။

ဟစ်တလာသည် သူ့အသက် ၅၆-နှစ် ပြည့်မည့်သော မွေးနေ့ အထိမ်းအမှတ်ကို ယခုကဲ့သို့ လုပ်ဖော်ကိုင်ဖက် များနှင့် အတိုက်အလျောက် ကျင်းပနိုင်ခဲ့သည့် အတွက် အတော်အဆော ဝမ်းသာအားရ ဖြစ်မိသည်။

သို့သော် သူဝမ်းသာအားရ ဖြစ်ရသော အချိန်မှာ သိပ်မကြာလိုက်ခဲ့။ အဘယ့်ကြောင့် ဆိုသော် မွေးနေ့ အခမ်းအနား ကျင်းပပြီးစီး၍ ခါတိုင်းကဲ့သို့ စပ်ကွန်ဖရင့်ကို မြေအောက် ပုန်းကျင်းထဲမှာပင် ကျင်းပခဲ့ရာ မဟာမိတ်တပ်များနှင့် တပ်နီတော်၏ ထိုးနှက်မှု သတင်းများကို ကြားရပြန်သောကြောင့် ဖြစ်သည်။

ဘာလင်မြို့ကြီးကို မည်သည့်နည်းနှင့်မျှ ခုခံတားဆီးခြင်း မပြုနိုင်တော့တဲ့ ရက်ပိုင်း အတွင်းမှာသော် လည်းကောင်း၊ နာရီပိုင်း အတွင်းမှာသော် လည်းကောင်း၊ တပ်နီတော်၏ သိမ်းပိုက်ခြင်းကို ခံရတော့မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေသည်။

သို့ဖြစ်ရာ ဂိုးဘဲလ်၊ ဟင်းမလား၊ ဂိုးအားရင်း စသော သူ၏ လက်ရုံးများက ရန်သူ့လက်သို့ ကျအံ့ဆဲဆဲ ဖြစ်နေသော ဘာလင်မြို့ကြီးကို စွန့်လွှတ်၍ တောင်ပိုင်း ဒေသမှ အိုဘာစဆဲလ်ဘတ်မြို့သို့ ဆုတ်ခွာရန် ဟစ်တလာအား ဝိုင်း၍ အကြံပေး တိုက်တွန်းကြသည်။ သို့သော် ဟစ်တလာသည် အင်းမလှုပ် အဲ့မလှုပ် နေခဲ့ပြီး အဘယ်၍ ဂျာမနီ ပြည်ကြီးကို မဟာမိတ် စစ်ကြောင်းများက ခါးလယ်မှ ဖြတ်ကာ ဆက်သွယ်ရေး လမ်းကြောင်းများကို ပိတ်ဆို့ထားခဲ့ပါက တောင်ပိုင်းနှင့် မြောက်ပိုင်းကို စစ်နယ်မြေ နှစ်ခုခွဲကာ ခုခံတိုက်ခိုက်သွားရန်သာ စိတ်အားသန် နေသည်။

သို့သော် ဟစ်တလာသည် အခြား အရေးကြီးသော အစိုးရဌာနများကို ဘာလင်မှ ရွှေ့ပြောင်းရန် သဘောတူခဲ့သည် ဖြစ်ရာ ကွန်ဖရင့် ပြီးလျှင် ပြီးချင်း စစ်လော်ရီကားကြီး များမှာ အစိုးရရုံးသုံး ပစ္စည်းများနှင့် ပရိဘောဂများကို တင်ဆောင်ကာ ဘာလင်မြို့မှ တသီတစ်တန်းကြီး ထွက်ခွာခဲ့ကြသည်။

နောက်တစ်နေ့ နံနက်အထိ စစ်ယော်ရီ ကားကြီးများသည် တစ်စင်းပြီးတစ်စင်း ထွက်ခွာ နေကြဆဲဖြစ်သည်။

ဟစ်တလာသည် ဤနေ့တွင်ပင် ဘာလင်မြို့ရှိ တပ်များ အားလုံးကို ရှိသမျှ စုရုံး၍ တိုက်ခိုက်ကြရန် အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သေးသည်။ သူသည် ယခုအချိန်အထိ မာန်မကျသေးဘဲ တယ်လီဖုန်းထဲမှနေ၍ အော်ဟစ်ကာ အမိန့်ပေးနေဆဲပင် ရှိသေးသည်။

“ရန်သူကို အစသခံ မတိုက်ဘဲ နောက်ဆုတ်လာတဲ့ တပ်မှူး မှန်သမျှ ပစ်သတ်ခံရမယ်။ အဲဒါကို ခေါင်းထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားကြ” ဟူ၍ တပ်မှူး အားလုံးထံ အမိန့်ပေးခဲ့ သေးသည်။

သို့သော် ယခင့်အခါက ဟစ်တလာ၏ ခြိမ်းခြောက် ဟိန်းဟောက်သံများသည် အသက်ပါ၍ လက်တွေ့ အကောင် အထည် ပေါ်ခဲ့သည် မှန်သော်လည်း ယခု အခါတွင်မူ သူ့အမိန့်သံများမှာ သကြီးအမြောက်ပမာ အဆံမပါဘဲ ဖြစ်ခဲ့ရပေပြီ။

နောက်တစ်နေ့ ဧပြီလ ၂၂-ရက်နေ့ အခြေအနေမှာ ပို၍ ဆိုးရွားလာသည်ကို တွေ့ရသည်။

ထိုနေ့က ကျင်းပသော စစ်ကွန်ဖရင့်မှာ ၃-နာရီ တိတိကြာ၍ အပြင်းအထန် ဆွေးနွေးကြခြင်း ဖြစ်သည်။ ဆွေးနွေးကြသည် ဆိုရာ၌ ဟစ်တလာနှင့် ကျန်အခြား ဗိုလ်ချုပ်ကြီးများ အတိုက်အခံ ဖြစ်ကြ၍ ဟစ်တလာမှာ ဤ ဆွေးနွေးပွဲတွင် သူ့အတွက် နေခက်ဆုံး ပေါက်ကွဲသည့်အနေဖြင့် ဒေါသအိုးပေါက်ကွဲခဲ့သည်။

ဗိုလ်ချုပ်ကြီးများက ဘာလင်မြို့ကို ဆုတ်ခွာရန် အတင်းအကျပ် ပြောဆိုလာခဲ့ရာ ဟစ်တလာသည် ဒေါသကို မထိန်းနိုင်ဘဲ စစ်တပ်တစ်ခုလုံး အပေါ်တွင် လည်းကောင်း၊ ဗိုလ်ချုပ်ကြီးများ အပေါ်တွင် လည်းကောင်း သစ္စာဖောက်များဟူ၍ စွပ်စွဲကာ အစွမ်းကုန် ရေရွတ်ကြိမ်းမောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူသည် တစ်နာရီနီးပါးမျှ ဒေါသထကြီး အော်ဟစ်မာန်မဲခဲ့ပြီးနောက် လုံး၀ စိတ်အားလျော့ကာ အရုပ်ကြိုးပြတ်သလိုကုလားထိုင်ပေါ်တွင် အမောဆို့ကာ လဲကျသွားခဲ့သည်။

နောက်ဆုံးနေ့ရက်များ၏ "နောက်ဆုံးနေ့" သည်နီးသည်ထက်နီးလာပြီ။ အားလုံးသည် မိမိကို စွန့်ခွာခဲ့ကြလေပြီ။

ဟစ်တလာသည် မိမိဘ၀ဇာတ်သိမ်းခန်းကို အရှုံးနှင့် နိဂုံးချုပ်ရတော့မည်ကို ပထမဆုံးအကြိမ် ဖေးလေးနက်နက် သိရှိခံစားရလေပြီ။

သူသည် နောက်ဆုံးအကြိမ်အထိ ဘာလင်ကိုစွန့်ခွာခြင်းမပြုဘဲနေရစ်ရန် ဆုံးဖြတ်ခဲ့သည်။

ဤဆုံးဖြတ်ချက်အတိုင်း မြေအောက် ပေ ၅၀-မျှနက်သောပုန်းခိုကျင်းထဲမှနေ၍ ဟစ်တလာသည် တပ်နီတော်၏အမြောက်သံများတစ်နေ့ထက်တစ်နေ့ နီးကပ်လာနေသည်ကို နားစွင့်ရင်း မိမိ၏ဘ၀ဇာတ်လမ်း ဤတွင် ဟစ်ခန်းရပ်ရန်အတွက် စောင့်ဆိုင်းနေခဲ့ရသည်။

ဤနေ့ ဤရက်များသည် ကုန်နိုင်ခဲလှသည်ဟု ထင်ရသည်။

ဧပြီလ ၂၆ ရက်နေ့တွင် တပ်နီတော်မှ အမြောက်သံများသည် ပုန်းခိုကျင်းအပေါ်ရှိ ဥယျာဉ်ထဲသို့ ကျရောက် ပေါက်ကွဲလာခဲ့ပြီး အပေါ်တွင် အမြောက်ဆန်ကျရောက် ပေါက်ကွဲသည့်အတွက် မြေအောက်မှပုန်းကျင်းမှာ သိမ့်သိမ့်တုန်၍ နေခဲ့လေပြီ။

တပ်နီတော်၏ တပ်ဦးသည် ဟစ်တလာပုန်းကျင်းနှင့် တစ်မိုင်မျှပင် မဝေးတော့ပြီ။

ဤအချိန်တွင် ဂိုးအားရင်း၊ ဟင်းမလား စသော သူ၏လက်ရုံးဗိုလ်ချုပ်ကြီးများပင်လျှင် သူ့ကိုစွန့်ခွာသွားခဲ့ကြပြီ ဖြစ်သည်။ သူတို့သည် ဟစ်တလာ၏ သဘောတူညီချက်မရဘဲ ဟစ်တလာထံ တင်ပြခြင်းမရှိဘဲ မဟာမိတ်တို့နှင့် အပစ်အခတ် ရပ်စဲရေးကို တိတ်တဆိတ် ဆွေးနွေးနေကြပြီ ဖြစ်သည်။

ဂိုးဘဲလ်မှာမူ ဟစ်တလာနှင့်အတူ ယခုအချိန်အထိ ပုန်းကျင်းထဲတွင် ရှိနေသေးသည်။



ဤသို့ ဘ၀ဇာတ်လမ်းကို တစ်ခန်းရပ်ရန် ရက်ပိုင်း သို့မဟုတ် နာရီပိုင်းမျှသာ လိုတော့သည့် အချိန်တွင် ဟစ်တလာသည် သူ့ထံစ်ဆက်တာတွင် ဖြစ်ဆန်လာခဲ့သော အလုပ်တစ်ခုကို မသေမီ ပြုလုပ်သွားရန် ဆုံးဖြတ် လိုက်သည်။ ယင်း ဆုံးဖြတ်ချက်ကား အခြားမဟုတ်၊ ၁၂-နှစ်လုံးလုံး တိတ်တိတ်ပုန်း မယားအဖြစ် ပေါင်းသင်းလာခဲ့သော အီဗာဗရွန်းအား တရား၀င် လက်ထပ်ရန်ပင် ဖြစ်သတည်း။

မိမိအပေါ်တွင် အနှစ်နှစ်အလလ "သင်းရဲအတူ ချမ်းသာအမျှ" သစ္စာရှိစွာ ထားရာနေ စေရာသွားခဲ့ရှာသူ အီဗာဗရွန်းအား သူမ၏ သစ္စာရှိမှုကို ဤနည်းအားဖြင့်သာ အသိအမှတ်ပြုရန် ကျန်တော့သည် မဟုတ်ပါလော။

သို့ဖြစ်ရာ ဟစ်တလာသည် ဧပြီလ ၂၉-ရက်နေ့ နံနက်လင်းအားကြီး တစ်နာရီနှင့် ၃-နာရီ အကြားတွင် ချစ်လှစွာသော အီဗာဗရွန်းအား တရား၀င် လက်ထပ်ခဲ့သည်။ ဤပုန်းခိုကျင်းထဲမှ လက်ထပ်ပွဲကို ကျင်းပပေးရန် အတွက် မြို့နီစီပယ် မြို့ပြအရာရှိ တစ်ဦးဖြစ်သူ ဝေါလတာဝဂ္ဂနာ ဆိုသူအား ဂိုးဘဲလ်က ပုန်းခိုကျင်း ထဲသို့ ခေါ်ဆောင်ပေးခဲ့ရသည်။

ဤမျှ စိတ်ဝင်စားဖွယ် ကောင်း၍ ဆန်းကြယ် လှသော လက်ထပ်မင်္ဂလာ အခမ်းအနားကို မြေအောက် ပေ ၅၀-နက်သော ပုန်းကျင်းထဲတွင် ကျင်းပခဲ့ကြသည်။ အခမ်းအနား ကျင်းပသည့်နေရာမှာ စစ်မြေပုံများ ထားရှိသော အခန်း ကလေးထဲတွင် ဖြစ်၍ သတို့သားနှင့် သတို့သမီးတို့သည် "အကြင် လင်မယားအဖြစ်" နှစ်ဦးသဘောတူ မြူနီစီပယ် အရာရှိ ရှေ့မှောက်တွင် လက်မှတ် ရေးထိုးခဲ့ကြသည်။ အီဗာဗရွန်းသည် လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးရာ၌ ပထမတွင် သူမ၏ငယ်နာမည် "အီဗာဗရွန်း" ဟူ၍ ရေးထိုးခဲ့ပြီးမှ တစ်ဖန် "ဗရွန်း" ကို ဖျက်ကာ "အီဗာဟစ်တလာ" ဟူ၍ ပြောင်းလဲ ရေးထိုးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အသိသက်သေများ အဖြစ် ဂိုးဘဲလ်နှင့် နိုဝီ ပါတီ ဌာနချုပ် ခေါင်းဆောင် ဘောမန်း ဆိုသူတို့က သတို့သား သတို့သမီးများ၏ လက်မှတ်အောက်တွင် ထပ်မံရေးထိုးကြရသည်။

ထိုသို့ လက်ထပ်ပွဲကို တရားဝင် ကျင်းပခဲ့ကြ ပြီးနောက် ဟစ်တလာ၏ အခန်းသို့ သွားရောက်ကြကာ မင်္ဂလာ အခမ်းအနား အောင်မြင်စွာ ပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် ရှန်ပိန်အရက်များကို သောက်ရင်း ရှေးဟောင်း နှောင်းဖြစ်များကို ပြောကြသည်။ ဤ အခန်းကလေးထဲတွင် သတို့သား ဟစ်တလာနှင့် သတို့သမီး အီဗာ ဗရွန်းတို့အပြင် ဂိုးဘဲလ်နှင့်ဇနီးတို့လည်း ရောက်နေကြသည်။ ထို့ပြင် လက်ထပ်စာချုပ်တွင် သက်သေအဖြစ် လက်မှတ် ရေးထိုးခဲ့ကြသော ဘောမန်းနှင့်တကွ ဟစ်တလာ၏ အတွင်းရေးမှူး နှစ်ယောက်၊ သူ၏ ကိုယ်ရံတော် နှစ်ယောက်အပြင် ဟစ်တလာ၏ ထမင်းချက်သမားပါ ပါဝင်ခဲ့ကြသည်။ ဤသို့ "တပျော်တပါး" စားသောက်ကြရင်း ယခင် ဂိုးဘဲလ် လက်ထပ်ခဲ့စဉ်က ဟစ်တလာက အသိသက်သေအဖြစ် လိုက်ပါခဲ့ရသည်ကို ပြန်ပြောင်းပြောရင်း ဤအခမ်းအနားကလေးမှာ စိုစိုပြည်ပြည် ရှိခဲ့သည်။

ထို့နောက် ဟစ်တလာသည် ထိုညမှာပင် သေတမ်းစာ နှစ်ခု ရေးခဲ့ရာ တစ်ခုမှာ "နိုင်ငံရေး သေတမ်းစာ" ဖြစ်၍ ကျန်တစ်ခုမှာ "ကိုယ်ရေးကိုယ်တာ သေတမ်းစာ" ဖြစ်သည်။

"နိုင်ငံရေး သေတမ်းစာ" ၏ ပထမပိုင်းတွင် ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့သည့် အချိန်မှစ၍ သူ၏ နိုင်ငံရေးလုပ်ဆောင်ချက်များ၊ ခံယူချက်များကို ဖော်ပြ၍ မနောက်ဆုံး သူအာဏာရခဲ့ပြီး ဤ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့သည့်အထိ သူ၏ အယူအဆနှင့် သဘောထားများကို ရှင်းလင်း တင်ပြခဲ့သည်။

ဒုတိယပိုင်းတွင်မူ ပါတီနှင့် အစိုးရ အဖွဲ့များတွင် သူမရှိသည့်နောက် ဆက်ခံရမည့် သူများကို ရွေးချယ်၍ တာဝန်ပေးထားခဲ့သည်။ သူက ရေတပ်ဗိုလ်ကြီး ဒိုးနစ်ကို နိုင်ငံတော် သမ္မတကြီး အဖြစ် လည်းကောင်း၊ စစ်ဝန်ကြီး အဖြစ် လည်းကောင်း၊ တပ်မပေါင်းစုံ ဆေနာပတိ အဖြစ် လည်းကောင်း တာဝန် လွှဲအပ်ခဲ့



သည်။ ထို့ပြင် ဂိုးဘဲလ်ကို ဝန်ကြီးချုပ် အဖြစ် လည်းကောင်း၊ ဘောမန်းကို ပါတီရေးရာ ဝန်ကြီး အဖြစ် လည်းကောင်း ခန့်အပ်ခဲ့သည်။ တစ်ချိန်တည်းတွင် ဂိုအားရင်းနှင့် ဟင်းမလားတို့ကို ပါတီ တာဝန်နှင့် အစိုးရ ရာထူးများ အားလုံးမှ ထုတ်ပစ်ကြောင်းကိုလည်း အဆိုပါ "နိုင်ငံရေး သေတမ်းစာ" တွင် ဖော်ပြခဲ့သည်။

ထို့နောက် "ကိုယ်ရေး ကိုယ်တာ သေတမ်းစာ" တွင်မူ အောက်ပါအတိုင်း ဖော်ပြထားခဲ့သည်။

"တိုက်ပွဲများဖြင့် ရှုန်းကန် တိုက်ခိုက်နေရသည့် ဤကာလ အတွင်း ကျွန်ုပ်သည် လက်ထပ် ထိမ်းမြားသည့် တာဝန်ကို ယူရန် မစဉ်းစားခဲ့သော်လည်း ကျွန်ုပ် အပေါ်တွင် နှစ်ပေါင်း များစွာ သစ္စာ ရှိလာခဲ့သော အမျိုးသမီး တစ်ယောက်ကို ကျွန်ုပ်၏ ဘဝ ကုန်ဆုံးခါနီး ဖြစ်သော ယခု အချိန်တွင် လက်ထပ်ရန် ဆုံးဖြတ် ခဲ့ပါသည်။ သူမကလည်း ကျွန်ုပ်နှင့် အတူ အသက်ကို စွန့်လွှတ်ရန် သူမ၏ ဆန္ဒအလျောက် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ် ပိုင်ဆိုင်သမျှ အဖိုးထိုက် အဖိုးတန် ပစ္စည်း မှန်သမျှကို ပါတီသို့ လွှဲအပ် ခဲ့ပါသည်။ အကယ်၍ ပါတီ မရှိတော့ပါက အစိုးရသို့ လွှဲအပ်ခဲ့ပါသည်။ အစိုးရအဖွဲ့ ပျက်စီးခဲ့ပါမူ ကျွန်ုပ်အတွက် မည်သို့မှ ဆုံးဖြတ် ရန် မလိုတော့ပါ။

ကျွန်ုပ်နှင့် ကျွန်ုပ်၏ ဇနီးတို့သည် ရာထူးမှအချခံရခြင်းနှင့် လက်နက်ချ အညံ့ခံခြင်း စသည့် ဂုဏ်သိက္ခာ ပျက်ပြားမှုတို့မှ ရှောင်ရှားရန် အတွက် အသက်ကို စွန့်လွှတ်ရန် နည်းလမ်းကို ရွေးချယ်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အလောင်းများကို ကျွန်ုပ်၏ ပြည်သူများ အတွက် ၁၂ နှစ်လုံးလုံး အချိန်ရှိသရွေ့ နေ့စဉ်နေ့တိုင်း လုပ်ကိုင်လာခဲ့သည့် နေရာ တွင် ချက်ချင်း မီးသင်္ဂြိုဟ်ပစ်ရန် မှာကြားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟစ်တလာသည် အထက်ပါ သေတမ်းစာ ၂-စောင်ကို ရေးသားခဲ့ပြီးနောက် ဧပြီလ ၂၉-ရက်နေ့ နံနက်လင်းအားကြီး ၄-နာရီ အချိန်တွင် အသိသက်သေများ အဖြစ် ဂိုးဘဲလ်၊ ဘော်မန်းဘာဂ်ဒေါ့နှင့် ဘရက်ဖို့တို့ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် ဟစ်တလာသည် သူ၏ အခန်းသို့ ပြန်သွား၍ အနားယူနေခဲ့သည်။ ဂိုးဘဲလ်မှာလည်း သူ့ အခန်းသို့ သူပြန်၍ ခေတ္တ အနားယူနေခဲ့သည်။ သို့သော် ဂိုးဘဲလ်သည် အိပ်ရာထဲသို့ မဝင်သေးဘဲ၊ ခေါင်းဆောင်ကြီး ဟစ်တလာ ထားရှိခဲ့သော သေတမ်းစာအတွက် "နောက်ဆက်တွဲ စာတမ်း"ကို ရေးသားနေသည်။

ထိုနေ့ (ဧပြီလ ၂၉-ရက်) နေ့လယ်ပိုင်းတွင် နောက်ထပ် အမင်္ဂလာ သတင်းတစ်ခုသည် ဟစ်တလာ၏ မြေအောက်ပုန်းကျင်းသို့ ရောက်လာပြန်သည်။

ထိုသတင်းမှာ အခြားမဟုတ်၊ သူ၏ ရဲဘော် ရဲဘက်ကြီး မူဆိုလီနီကို အီတလီ မျိုးချစ်များက ဖမ်းဆီးရမိသွားခဲ့၍ ယမန်နေ့ (ဧပြီလ ၂၈-ရက်) ကပင် အီတလီပြည် မီလန်မြို့ အလယ်တွင် ကြိုးပေးသတ်ခဲ့ပြီ ဟူသော သတင်းပင် ဖြစ်သည်။

အီတလီ မျိုးချစ်များသည် မူဆိုလီနီနှင့် သူ၏ ငနိုင်း အလောင်းများကို မီလန်မြို့လယ် လူမြင်ကွင်းတွင် ဇောက်ထိုး ဆွဲ၍ ပြသခဲ့ကြသည်။

မူဆိုလီနီ ထိုသို့ အသေဆိုးနှင့် သေခဲ့ရသည့် သတင်းနှင့် ပတ်သက်၍ ဟစ်တလာက မည်သို့မည်ပုံ မှတ်ချက်ချခဲ့သည်ကို ခိုင်လုံသော အထောက်အထားများ မရရှိခဲ့၍ အတိအကျ မသိခဲ့ရသော်လည်း ဤသတင်းကြောင့် ဟစ်တလာမှာ ရန်သူ့ လက်တွင်း အရှင်မခံဘဲ ကိုယ့်ကိုယ်ကို သတ်သေရန် မူလက ဆုံးဖြတ်ခဲ့သည်ကို ပို၍ ခိုင်မာစေခဲ့သည်။ အထူးသဖြင့် မိမိ သေပြီးသည့်တိုင်အောင် အလောင်းကို ရန်သူများက လူမြင် သူမြင် ပြသ၍ "အမြင်ထုတ်ခြင်း" မခံရအောင် ဖျောက်ဖျက်ပစ်ရန်မှာ အရေးအကြီးဆုံး ဟူ၍ သဘောထားခဲ့သည်။



သို့ဖြစ်ရာ ဟစ်တလာသည် သူ၏ နောက်ဆုံးဇာတ်သိမ်းခန်းကို စနစ်တကျ ဖြစ်စေရန် အသေးစိတ် စီစဉ်ပြုလုပ်ရတော့သည်။

ဧပြီလ ၃၀-ရက် တနင်္လာနေ့ နံနက်တွင် သူသည် သူ့ အပေါ်တွင် "သစ္စာ ရှိလှစွာသော" အယ်လ်ဆေးရှင်း ခွေးကြီး အလွန်ဒီကို အဆိပ်ကျွေး၍ သတ်စေခဲ့သည်။ ဤခွေးကြီးကို ပရော်ဖက်ဆာဟာဆေး ဆိုသူ ဆရာဝန်ကြီး တစ်ယောက်ကိုယ်တိုင် ဟစ်တလာ၏ အမိန့်အရ ဘာလင်မြို့ထဲမှ လာရောက်၍ အဆိပ်ကျွေး သတ်သင်ခဲ့ရသည်။

ထို့နောက် သူ၏ ဌာနချုပ်ရုံး အဖွဲ့ဝင်များကို ပုန်းကျင်းထဲရှိ အသယ်ခန်းမဆောင်သို့ ခေါ်ယူပြီး တန်းစီစေပြီး တစ်ယောက်ချင်း လက်ဆွဲ၍ "နောက်ဆုံး နှုတ်ဆက်ခြင်း" အခမ်းအနားကို ပြုလုပ်ခဲ့သည်။

ပြီးလျှင် သူ နေ့စဉ် ပြုလုပ်မြဲဖြစ်သော စစ် ကွန်ဖရင့်ကို ကျင်းပကာ နောက်ဆုံးသတင်းများကို ကြားနာခဲ့သည်။ ဤ အချိန်တွင် ဆိုဗီယက် တပ်နီတော်သည် ဟစ်တလာ၏ ပုန်းကျင်းရှိရာ ဥယျာဉ်နှင့် လမ်း၊ နှစ် လမ်းမျှသာ ဝေးသော နေရာသို့ ရောက်ရှိ၍ ချီတက် တိုက်ခိုက် လာနေကြပြီ ဖြစ်သည်။

ဟစ်တလာသည် စစ်မြေပြင်မှ နောက်ဆုံး သတင်းများကို ကြားသိရသည့် တိုင်အောင် မည်သို့မျှ စိတ်လှုပ်ရှားဟန် မပြဘဲ နေ့ခင်း ၂-နာရီ အချိန်တွင် နေ့လယ်စာကို သူ၏ အတွင်းရေးမှူး နှစ်ယောက်၊ ထမင်းချက် တစ်ယောက်နှင့်အတူ ဂုဏ်ပြုရရပင် စားနေခဲ့သည်။ "အီဗာဟစ်တလာ" မှာမူ သူမ၏ အခန်းထဲတွင်ပင် ရှိနေ၍ အစစ အရာရာ ဘာမှမဖြစ်သလို အေးအေး ဆေးဆေးပင် နေခဲ့သည်။

ထို့နောက် ဟစ်တလာ၏ အမိန့်အရ ဓာတ်ဆီပုံးကြီးများကို သယ်ဆောင်သော ဟစ်တလာ၏ ကိုယ်ရံတော် မိန့်စ်လင်ဂျီသည် ပုန်းကျင်းပေါ်ရှိ ဥယျာဉ်ထဲသို့ ရောက်လာခဲ့သည်။

ဟစ်တလာသည် နေ့လယ်စာကို ဂုဏ်ပြုမပျက် စားသောက်ပြီးနောက် တရှူးဝင်ဇနီး "အသစ်စက်စက်" ဖြစ်သော အီဗာကို သူမ၏ အခန်းမှ သွားခေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနောက် ဟာစ်တာလာတို့ ဇနီးမောင်နှံသည် ဗုန်ကျင်းထဲတွင် ရှိနေကြသော ဂိုးဘဲလ်၊ ဘောမန်း နှင့် အခြား သူများကို ဒုတိယမှ နှုတ်ဆက်ကြပြီးနောက် ဟာစ်တလာ၏ အခန်းထဲသို့ နှစ်ယောက်အတူ ဝင်သွားကြပြီး အထဲမှနေ၍ အခန်းတံခါးကို ပိတ်လိုက်ကြသည်။

အပြင်ဘက်မှ ဂိုးဘဲလ်တို့ လူစုမှာ အလယ် ခန်းမ ဆောင်ထဲတွင်ပင် ကျန်ရစ် ခဲ့ကြသည်။ မိနစ် အနည်း ငယ်မျှ ကြာသွားသည်။

ရုတ်တရက် ဟာစ်တလာ၏ အခန်းထဲမှ သေနတ်သံ တစ်ချက် "ဒိုင်း" ခနဲ ထွက်ပေါ်လာသည်။

အပြင်မှ လူများမှာ ရုတ်တရက် ထွက်ပေါ်လာ သော သေနတ်သံကြောင့် ခေတ္တမျှ ကြောင်နေ ခဲ့ကြပြီး၊ နောက်မှ သတိရကာ အခန်းတံခါးကို တအား ဆောင့်တွန်းဖွင့်၍ အထဲသို့ ပြေးဝင်ခဲ့ကြသည်။

အခန်းထဲတွင် ဟာစ်တလာအား ဆိုဖာပေါ်တွင် လဲကျသေဆုံးနေသည်ကို တွေ့ရသည်။ သူ့ ပါးစပ်နှင့် နောက်စေ့ တို့မှ သွေးများ စီးကျ နေသည်ကို တွေ့ရသည်။ သူသည် ပါးစပ်ထဲတွင် သေနတ်ပြောင်းဝကို ငုံ၍ သတ်သေခဲ့ခြင်း ဖြစ်သည်။ သူနှင့်အတူ ဆိုဖာပေါ်တွင် အီဗာကိုပါ တွေ့ကြရသည်။ သူမ၏ နံဘေးတွင် ပစ္စတို သေနတ် တစ်လက် တွေ့ရသည်။ သို့သော် သူမမှာ သေနတ်ဖြင့် ပစ်၍ သတ်သေခဲ့ခြင်း မဟုတ်ဘဲ၊ အဆိပ် သောက်၍ သေခဲ့ခြင်း ဖြစ်သည်။

ဂိုးဘဲလ်သည် ခေါင်းဆောင်ကြီး ဟာစ်တလာတို့ ဇနီးမောင်နှံ၏ အလောင်းများကို စိတ်ထိခိုက်စွာကြည့်ရင်း သူ့ လက်မှ လက်ပတ် နာရီကို ပြန်ကြည့်လိုက်သည်။

အချိန်မှာ ညနေ ၃-နာရီ မိနစ် ၃၀ ဖြစ်သည်။

ထိုနောက် ဂိုးဘဲလ်သည် ဟာစ်တလာတို့ ဇနီး မောင်နှံ အလောင်းများကို အပြင်သို့ သယ်ယူနိုင်ရန် စီစဉ်ရသည်။

ဤအချိန်မှာပင် "ဟာစ်တလာ လူငယ်" အဖွဲ့၏ ခေါင်းဆောင် အက္ကစ်မန်း ဆိုသူ ရောက်လာသည်။ သူသည် ခေါင်းဆောင်ကြီးနှင့်



နောက်ဆုံးအကြိမ် တွေ့ဆုံနှုတ်ဆက်ခြင်းမပြုလိုက်ရ၍ စိတ်မကောင်းဘဲ ဖြစ်နေမိသည်။ သို့သော် သူ့ကို ဂိုးဘဲလ်က ခွင့်ပြုသဖြင့် သူသည် အလောင်းများရှိရာ အခန်းငယ်လေးထဲသို့ ဝင်ကြည့်ခဲ့ရသည်။

ထို့နောက် အခန်းငယ်လေးထဲသို့ ဟာစ်တလာ၏ ရှပ်နက် ထပ်သားနှစ်ယောက် ရောက်လာ၍ သူတို့သည် ဟာစ်တလာ၏အလောင်းကို နေသားတကျဖြစ်အောင် ပြုပြင်ပြီး စောင်နှင့်ပတ်လိုက်ကြသည်။ ပြီးလျှင် ရှပ်နက် တပ်သားနှစ်ယောက်သည် ဟာစ်တလာ၏အလောင်းကို အလယ်ခန်းမဆောင်မှ တစ်ဆင့် သယ်ဆောင်လာခဲ့ကြသည်။ ခန်းမဆောင်ထဲရှိ လူများမှာ ခပ်စောစော မိနစ်ပိုင်းအတွင်းကပင် မိမိတို့အား လက်ဆွဲနှုတ်ဆက်သွားခဲ့သော ဟာစ်တလာ၏ "ဘောင်းဘီရှည်" ကို ကြောက်လန့်စွာ မတ်တတ်ရပ်၍ ကြည့်နေကြရှာသည်။ ဟာစ်တလာ၏ အလောင်းကို စောင်ဖြင့် တစ်ကိုယ်လုံး ပတ်ထား သော်လည်း ခြေထောက်ပိုင်းတွင် အနည်းငယ် လွတ်နေခဲ့ရာ ဟာစ်တလာဝတ်ထားသော ဘောင်းဘီရှည်အနက်ကို အားလုံးရှာ မြင်မိကြသည်။

ရှပ်နက်တပ်သားများသည် ဟာစ်တလာ၏ အလောင်းကို အရေး ပေါ် ထွက်ပေါက်မှတစ်ဆင့် အပေါ်သို့ သယ်ယူလာခဲ့ကြပြီးဥယျာဉ် ထဲတွင် ချထားလိုက်ကြသည်။

ထို့နောက် ဘောမန်းသည် အီဗာ၏အလောင်းကို အခန်းထဲမှ ထုတ်လာခဲ့ပြန်သည်။ သူမ၏အလောင်းကိုမူ တစ်စုံတစ်ရာ ဖုံးလွှမ်းထားခြင်းမပြုဘဲ ဘောမန်းကိုယ်တိုင် ပွေ့ယူလာခဲ့ပြီး လှေကားအနီးမှ အသင့်စောင့်နေသော ကင်းပကား ဆိုသူကို တစ်ဆင့်ပေးလိုက်ရာ ကင်းပကားက လှေကားအတိုင်း ပွေ့ယူလာ၍ ဟာစ်တလာအလောင်း နှင့် ဘေးချင်းယှဉ်ကာ ချထားခဲ့သည်။

အလောင်းများချထားသော နေရာမှာ ဗုန်ကျင်းထဲသို့ဆင်းသော အရေးပေါ်အပေါက်၏ ဆင်ဝင်နှင့် မလှမ်းမကမ်း နေရာပင် ဖြစ်သည်။

ချက်ချင်းဆိုသလို ခပ်စောစောက ရောက်နေနှင့်သော ဓာတ်ဆီပုံးကြီးများကို ယူဆောင်လာခဲ့ကြပြီး အလောင်းများပေါ်သို့ ဓာတ်ဆီလောင်း၍ မီးရှို့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ခေတ်အကြာတွင် ဟစ်တလာတို့ဇနီးမောင်းနှံ အစလောင်းများမှာ မီးတောက် မီးလျှံ များဖြင့် တဟုန်းဟုန်း တောက်လောင်နေသည်ကို တွေ့ကြရသည်။

မလှမ်းမကမ်းမှ တပ်နီတော်၏ အမြောက်သံများသည် ဤဆန်းပြားလှစွာသော မီးသင်္ဂြိုဟ်သည့် အသုဘအခမ်းအနားကို ပို၍ ထူးခြားစေအောင် ဖန်တီးပေးနေသည်ဟု ထင်ရသည်။

ကြီးမားလှသော မီးတောက်မီးလျှံကြီးစအောက်တွင်အလောင်းနှစ်လောင်းမှာ အရှိန်ပြင်းစွာဖြင့် လောင်ကျွမ်းနေခဲ့လေပြီ။

ခေတ်သစ် စစ်အာဏာရှင်ကြီးဟစ်တလာသည်ခေတ်ဟောင်းက "ဗိုက်ကင်း" (Viking) စစ်ဘုရင်ကြီးများ၏ ဈာပနကဲ့သို့ မိမိဘဝကို မီးတောက်မီးလျှံများ အကြားတွင် အဆုံးသတ်သွားခဲ့လေပြီတကား။



၉

## ဟစ်တလာ သေ မသေ

ဟစ်တလာသေဆုံးခဲ့သည့် ဧပြီလ ၃၀ ရက်နေ့ ညဘက်တွင် ဂိုးဘဲလ်နှင့် ဘောမန်းတို့သည် တပ်နီတော် ဗိုလ်ချုပ်ကြီး များထံ "အပစ်အခတ်ရပ်စဲရေး" အတွက်စကားကမ်းလှမ်းခဲ့ကြသည်။ သို့သော် တပ်နီတော်ဗိုလ်ချုပ်ကြီးများက လက်မခံဘဲ ပယ်ချခဲ့သည်။ "ခြွင်းချက်မရှိလက်နက်ချရေး" သာ တောင်းဆိုခဲ့ကြသည်။

ဟစ်တလာသေဆုံးသည့် သတင်းကိုမူ နောက်တစ်နေ့ မေလ တစ်ရက်နေ့ ညဘက်တွင်မှ ရေဒီယိုမှနေ၍ တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုနေ့ညမှာပင် ဟစ်တလာ၏ ပုန်းကျင်းထဲတွင် ကျန်ရှိနေကြသူများနှင့် ပုန်းကျင်းပေါ်ရှိ ဥယျာဉ်ထဲတွင် တာဝန်ကျနေကြသော ဂျာမန်ဗိုလ်ချုပ်ကြီးများနှင့် တာဝန်ခံတပ်မှူးများ၊ အစောင့်စစ်သားများသည် ထိုနေရာမှ ဆုတ်ခွာပြေးခဲ့ကြသည်။ ဤသို့ ထွက်ပြေးလွတ်မြောက်သွားကြသူများထဲတွင် ပါတီခေါင်းဆောင် ဘောမန်းပါဝင်ခဲ့သည်။ သူသည် ထိုသို့ထွက်ပြေးခဲ့စဉ် အခြားတစ်နေရာရာတွင် ကျဆုံးခဲ့သည်။ သို့မဟုတ် လုံးဝ လွတ်မြောက်သွားသည်ကိုမူ မည်သူမျှ အတိအကျမပြောနိုင်ဘဲ ဖြစ်ခဲ့ကြသည်။

ဂိုးဘဲလ်မှာမူ ထိုသို့ ထွက်ပြေးသွားကြသူများထဲတွင် မပါဝင်ဘဲ သူ့ကိုယ်သူ သတ်သေခဲ့သည်။ သူသည် မေလတစ်ရက်နေ့ ညနေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဘက်တွင် ဥယျာဉ်ထဲ၌ ရှေးဦးစွာ ဇာလေးများကို အဆိပ်ခတ်ကျွေး၍ သတ်ခဲ့သည်။ နောက်မှ သူ့ဇနီးကို သူကိုယ်တိုင် သေနတ်ဖြင့်ပစ်သတ်၍ တစ်ဖန် သူ့ကိုယ်သူ ပစ်သတ်ကာ အဆုံးစီရင်သွားခဲ့သည်။

ဂိုးဘဲလ်တို့ မိသားစု၏ အလောင်းများကို ဥယျာဉ်ထဲမှာပင် သူ၏ ကိုယ်ရံတော် တစ်ယောက်က မီးသင်္ဂြိုဟ်ခဲ့သည်၊ သို့သော် အလောင်းများမှာ စနစ်တကျ လောင်ကျွမ်းခြင်းမရှိခဲ့သဖြင့် နောက်တစ်နေ့ (မေလ ၂-ရက်နေ့) တပ်နီတော်က ထိုနေရာကိုသိမ်းပိုက်ခဲ့ရာတွင် ဂိုးဘဲလ်တို့မိသားစု အလောင်းများကို တစ်ပိုင်းတစ်စမီးလောင်ကျွမ်းလျက် တွေ့ခဲ့ကြသည်။

ဟစ်တလာ နောက်ဆုံးနေခဲ့သော ပုန်းကျင်းကိုလည်းဂိုးဘဲလ်တို့မိသားစု သေဆုံးပြီးနောက် ကျန်ရှိနေသေးသော ဂျာမန်စစ်သားအချို့က မီးရှို့ဖျက်ဆီးခဲ့ကြသည်။

နောက်ရက်များတွင်မူ ဟစ်တလာက သူ၏ ဆိုက်အရာကို ဆက်ခံရန် တာဝန် လွှဲအပ်ထားခြင်း ခံရသော ရေတပ်ဗိုလ်ချုပ်ကြီး ဒွန်းနစ်သည် မဟာမိတ်တပ်များထံ လက်နက်ချရန်အတွက် ဆွေးနွေးလိုကြောင်း စာဖြင့် တောင်းလှမ်းခဲ့သည်။ သို့ရာတွင် မဟာမိတ်များက ထိုတောင်းလှမ်းချက်ကို ပယ်ချကာ ဂျာမန် တပ်များအား ဆက်လက်ချေမှုန်းခဲ့ကြသည်။

မေလ ၄-ရက်နေ့တွင်မူ အခြား ဂျာမန် ရေတပ်ဗိုလ်ချုပ်ကြီး တစ်ဦး ဖြစ်သူ ဖရိုက်ဒီဘတ်သည် ခြွင်းချက် မရှိ လက်နက် ချကာ အပစ်အခတ် ရပ်စဲ၍ စစ်ရှုံးကြောင်း လက်မှတ် ရေးထိုး ခဲ့သည်။

ထို့နောက် မေလ ၇-ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဖရိုက်ဒီဘတ်နှင့် ဗိုလ်ချုပ်ကြီး ဂျိုဒဲလ်တို့သည် အမေရိကန်၊ ဗြိတိန်၊ ဆိုဗီယက်နှင့် ပြင်သစ် ဗိုလ်ချုပ်ကြီးများ၏ ရှေ့မှောက်တွင် ဂျာမန် တပ်များ အားလုံး ခြွင်းချက်မရှိ လက်နက်ချကြောင်း လက်မှတ် ထိုးခဲ့ကြသည်။

သို့နှင့်ပင် ၁၉၃၉-ခုနှစ် စက်တင်ဘာလ ၁-ရက်နေ့က စတင်ဖြစ်ပွားခဲ့သော ဒုတိယ ကမ္ဘာ စစ်ကြီးသည် ၅-နှစ် ၈-လနှင့် ၄-



ရက်မျှ ကြာခဲ့ပြီး ၁၉၄၅-ခုနှစ် မေလ ၇-ရက် နေ့တွင် လုံးဝပြီးဆုံး၍ နိဂုံးချုပ်ခဲ့သည်။

သို့သော်—

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် လပေါင်း၊ နှစ်ပေါင်း ကြာြာကြာသည့်တိုင်အောင် ကမ္ဘာအရပ်ရပ်၊ အတိုင်းတိုင်းအပြည်ပြည်တွင် မေးခွန်းကြီး တစ်ခု၊ ပြဿနာကြီး တစ်ရပ် ပေါ်ပေါက်နေခဲ့သည်။

ထိုမေးခွန်းကြီး တစ်ခု၊ ပြဿနာကြီး တစ်ရပ်အား "ဟစ်တလာ တကယ် သေ-မသေ" ဟူသော မေးခွန်းပင် ဖြစ်သည်။ ဟစ်တလာ သေပြီ ဆိုသည်မှာ "ယုံနိုင်စရာ ရှိ-မရှိ" ဟူသော ပြဿနာပင် ဖြစ်သည်။

အချို့က ဟစ်တလာ သေပြီ ဆိုသည်ကို အလွယ်တကူပင် ယုံကြည် လက်ခံခဲ့ကြသည်။ အချို့ကမူ အလွယ်တကူ မယုံကြည်ခဲ့ကြဘဲ အချက်အလက် အထောက်အထားများကို လေ့လာ စုံစမ်းပြီးမှ လက်ခံခဲ့ကြသည်။

အချို့ကမူ ဟစ်တလာ သေပြီ ဆိုသော အချက်ကို အလွယ်တကူဖြင့် ယုံကြည် လက်ခံခြင်း မပြုနိုင်ဘဲ ရှိခဲ့ကြသည်။ အချို့ကမူ အကိုးအကား အထောက် အထားများကို အဘက်ဘက်မှ ရှာဖွေ စုံစမ်းခဲ့ကြပြီး ဟစ်တလာ မသေ ဟူ၍ အတိအလင်း ယူဆခဲ့ကြသည်။

ဟစ်တလာ တကယ်သေပြီ ဆိုသည်ကို မယုံနိုင်၊ လက်မခံနိုင်သူများအဖို့ ဟစ်တလာ၏ အလောင်းကို လည်းကောင်း၊ ဟစ်တလာ၏ အလောင်းပါ ဟူ၍ ယုံကြည် နိုင်လောက်စရာ အလောင်းတစ်ခုခုကို သော်လည်းကောင်း၊ ရုပ်ကြွင်း ရုပ်ကျန် အစ အနကိုသော်လည်းကောင်း မတွေ့ခဲ့ရ၊ မမြင်ခဲ့ရသည့် အတွက် ဟစ်တလာ သေပြီ ဆိုသည်ကို မယုံနိုင်၊ လက်မခံနိုင်ခဲ့ကြခြင်း ဖြစ်သည်။

သို့သော် စစ်ကြီး ပြီးဆုံးခဲ့သည့်နောက် ဖမ်းဆီးမိခဲ့သော ဂျာမန် ဗိုလ်ချုပ်ကြီးများနှင့် အဆင့်ဆင့်သော ဂျာမန် တပ်မှူး တပ်သားများ၊ နာဇီပါတီ ခေါင်းဆောင်များထံမှ စုံစမ်း သိရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com

သမျှ အချက်အလက်များနှင့် စာရွက်စာတမ်းများ အရ သော်လည်းကောင်း၊ နျူရင်ဘတ် စစ်ခုံရုံးတွင် နာဇီ စစ်တရားခံများ၏ တရားဝင် ထွက်ဆိုချက်များအရ သော်လည်းကောင်း ဟစ်တလာ တကယ် သေဆုံးခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။

ဟစ်တလာ၏ အလောင်း၊ သို့မဟုတ် ရုပ် အကြွင်း အကျန်များကို အဘယ့်ကြောင့် အစ အန မျှ မတွေ့ရှိခဲ့ဘဲ ဖြစ်ခဲ့ရပါသနည်း။

စင်စစ် ဟစ်တလာသည် အီတလီ မျိုးချစ်တို့၏ ဖမ်းဆီး သတ်ဖြတ်ခြင်း ခံခဲ့ရပြီး လူမြင်ကွင်းတွင် ဇောက်ထိုး ဆွဲကာ ပြသထားခြင်း ခံခဲ့ရသော မူဆိုလီနီ၏ သတင်းကို ကြားသိပြီးနောက်၊ မိမိ သေဆုံးပြီးမှ ထိုသို့ မဖြစ်ရလေအောင် ဂိုးဘဲလ်အား အတိ အကျ အခဲအားစိတ် အမိန့်ပေးခဲ့ပြီးဖြစ်သည်။ အလုံးသဖြင့် မိမိ၏အလောင်းကို ရန်သူ့ လက်တွင်းသို့ မကျရောက်စေရန် အစအနမှ မကျန်ရအောင် ဖျောက်ဖျက် ပစ်စေခဲ့ခြင်း ဖြစ်သည်။

"ဟစ်တလာ၏ နောက်ဆုံး နေ့ရက်များ" ဟူသော စာအုပ်ကို ရေးသားခဲ့သူ ပရော်ဖက်ဆာ ထရီဗာရိုးပါ၏ အဆိုအရမူ ဟစ်တလာ၏ အလောင်းကို မီးသင်္ဂြိုဟ်ခဲ့ပြီးနောက် ကြွင်းကျန်သော ပြာအချို့ကို "ဟစ်တလာ လူငယ်အဖွဲ့" ခေါင်းဆောင် မက္ကစမန်းက သေတ္တာတစ်ခုဖြင့် ထည့်ကာ သယ်ဆောင်သွားသည် ဟူ၍ ခိုင်လုံသော အထောက် အထားများ ဖော်ပြကာ ရေးသားခဲ့သည်။ ဤသို့ ပြာများကို "ဟစ်တလာ လူငယ်အဖွဲ့" ထက်သို့ ပေးအပ်ခြင်းမှာလည်း ဟစ်တလာ ကဲ့သို့သော ဂျာမန် မျိုးချစ် သူရဲကောင်း၊ မျိုးချစ် ခေါင်းဆောင်ကြီး တစ်ယောက်၏ စိတ်ဓာတ်နှင့် လုပ်ဆောင်ချက်များကို နောင်လာ နောက်သား ဂျာမန် လူငယ်များ ထက်သို့ လွှဲအပ်သည့် အဓိပ္ပာယ်ဖြင့် ပေးအပ်ခဲ့ခြင်း ဖြစ်သည်ဟု ထရီဗာရိုးပါက ဆိုခဲ့သည်။

ဤအချက်မှာ လက်ခံနိုင်ဖွယ် ရှိသော်လည်း ဟစ်တလာ၏ ကြွင်းကျန်သော ပြာများ၊ သို့မဟုတ် မီးကျွမ်းနေပြီ ဖြစ်သော ရုပ်အလောင်းမှာ တပ်နီတော်၏ အမြောက်ဒဏ် ဗုံးဒဏ်ကြောင့် အတုံး



အရုံး ဖြစ်နေကြသော အခြား အလောင်းများနှင့် အရောရော အထွေးထွေး ဖြစ်ကာ တပ်နီတော် သားများက အမှတ်တမဲ့ ရှင်းလင်း ဖယ်ရှားပစ်ခဲ့ကြ၍ ယခုကဲ့သို့ အစအန မကျန်အောင် ပျောက်ပျက်သွားခဲ့ခြင်းလည်း ဖြစ်နိုင်စရာ ရှိနေသည်။

ဟစ်တလာနှင့် အီဗာဗရွန်းတို့၏ အလောင်းများကို သယ်ယူရာတွင် အီဗာဗရွန်း၏ အလောင်းကို ကိုယ်တိုင်ပွေ့၍ သယ်ခဲ့ရသော ဓာင်းပတာ ဆိုသူအား စစ်ကြီးပြီးဆုံး၍ မဟာမိတ်တပ်များက ဖမ်းဆီး စစ်ဆေးရာတွင် ဟစ်တလာနှင့် အီဗာတို့ရဲ့ မီးသင်္ဂြိုဟ်ထားတဲ့ အရိုးနဲ့ ပြာတွေကို ရှာမတွေ့တာကတော့ တပ်နီတော်ရဲ့ အမြောက်ဆံတွေက အဲဒီနေရာမှာ ဒလစပ် ကျပြီး ပေါက်ကွဲနေတော့ အားလုံး လွင့်စဉ်ကုန်လို့ပါပဲ ဟူ၍ အစစ်ခံခဲ့သည်။

ထို့ပြင် ဟစ်တလာ သေဆုံးခဲ့ပြီး နောက်တစ်နေ့ မေလ တစ်ရက်နေ့တွင် ဟမ်းဘတ် ရေဒီယိုမှနေ၍ အောက် ပါအ တိုင်း တရားဝင် အသံလွှင့် ကြေညာခဲ့သည်။

> "ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီး အဒေါ့ဖ် ဟစ်တလာသည် ဘော်လ်ရှီဗစ် ဝါဒကို နောက်ဆုံး အချိန် အထိ ခုခံ တိုက်ခိုက်ရင်း သမ္မတ စံအိမ်တော် အတွင်းရှိ စစ်ဆင်ရေး ဌာနချုပ်တွင် ယနေ့ မွန်းလွဲပိုင်းအချိန်တွင် ဂျာမနီပြည်ကြီး အတွက် ကျဆုံးသွားပြီ ဖြစ်ပါသည်"

စင်စစ်အားဖြင့် ဟစ်တလာ မသေဟု ယုံကြည်ပြောဆိုနေကြသူများ အဖို့ တစ်ခုတည်းသော အကြောင်းပြချက်မှာ ဟစ်တလာ၏ အလောင်းဟူ၍လည်းကောင်း၊ အရိုးများ၊ ပြာများဟူ၍လည်းကောင်း ယုံကြည်စရာရုပ်ကြွင်း ရုပ်ကျန်များ မတွေ့ရှိခြင်းကြောင့် ဖြစ်သည်။

သို့သော် ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်သေစဉ်က အတူ ရှိနေခဲ့ကြသူများ၏ အစစ်ခံချက်များနှင့် ဟစ်တလာ၏ နောက်ဆုံး စိတ်ဓာတ် အခြေအနေ၊ ကျန်းမာရေးအခြေအနေများအရ ဟစ်တလာသည် ကိုယ့်ကိုယ်ကို သတ်သေသည့် နည်းလမ်းမှတစ်ပါး အခြား နည်းလမ်း ဟူ၍ မရှိသည်မှာ ထင်ရှားလှသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ စာရေးသူ အနေဖြင့် ဟစ်တလာ တဇော်ယ် ဆေခဲ့ပြီ ဟူသော အချက်ကို ခြွင်းချက်မရှိ လက်ခံခဲ့သည်။ ယုံကြည်ခဲ့သည်။

ထိုသို့ တစ်ခါက လူ့အသက်ပေါင်း မြောက်မြားစွာ သေကျေ ပျက်စီးခဲ့ရသော ဒုတိယ ကမ္ဘာစစ်ကြီး၏ အကြီးဆုံး တရားခံ နံပါတ်တစ် ဟစ်တလာသည် ယခုအခါ ဤကမ္ဘာမြေပြင် ပေါ်တွင် လုံးဝမရှိ၊ ပျောက်ကွယ်သွားပြီကို လက်ခံယုံကြည်သည်နှင့် အမျှ 'နောက်ထပ် ဟစ်တလာ တစ်ယောက် မပေါ်ပေါက်ရေး' အလေးအနက် ဆန္ဒပြုရင်း ဤစာအုပ်ကို နိဂုံးချုပ်အပ်ပါသတည်း။

လင်းယုန်-မောင်မောင်

၁၉၆၅-ခု၊ စက်တင်ဘာလ ၂၇-ရက်။

BURMESE CLASSIC .com

နောက်ဆက်တွဲ

# ဒုတိယကမ္ဘာစစ်မှတ်တမ်း

၁၉၃၉-ခု စက်တင်ဘာလ ၁-ရက်မှ
၁၉၄၅-ခု မေလ ၇-ရက်နေ့အထိ

www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယ ကမ္ဘာစစ်မှတ်တမ်း

## ၁၉၃၉

**စက်တင်ဘာလ**

၁-ရက်။ ။ပိုလန်ပြည်ကို ဂျာမန်တပ်များ ကျူးကျော်ဝင်ရောက်ကြသည်။

။ ။ဗြိတိန်နှင့် ပြင်သစ်ပြည်များ၌တွင် စစ်တပ်များကို စုရုံးကြသည်။

၂-ရက်။ ။အင်္ဂလန်ပြည်တွင် အသက် ၁၈-နှစ်မှ ၄၁-နှစ်အတွင်း စစ်ထဲ မဝင်မနေရ အမိန့်များ ထုတ်ပြန်အတည်ပြုသည်။

၃-ရက်။ ။ဗြိတိန်နှင့်ပြင်သစ်တို့က ဂျာမနီကို စစ်ကြေညာသည်။

၄-ရက်။ ။ဗြိတိသျှ ပင်လယ်ကူးသင်္ဘောကြီး 'အေသင်နီးယား' ဂျာမန် ရေငုပ် သင်္ဘော တစ်စင်းက နှစ်မြှုပ် လိုက်သည်။ ဗြိတိသျှလေတပ်က ဂျာမန် စစ်သင်္ဘောများကို စတင်ဗုံးကြဲ တိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

၅-ရက်။ ။ဂျာမန်တပ်များသည် ပိုလန် နယ်စပ်သို့ တပ်စွဲကြသည်။

၁၄-ရက်။ ။ပိုလန်ပြည် နောက်ပိုင်းကို ဂျာမန်တပ်များ ကျူးကျော် ဝင်ရောက်ကြသည်။

၁၇-ရက်။ ။ရုရှားတပ်များသည် ပိုလန် နယ်စပ်တစ်လျှောက် ဖြတ်ကျော်၍ ပိုလန်ပြည်ထဲသို့ ဝင်ရောက်ခဲ့ကြသည်။ ရုရှားနှင့်ဂျာမန် တပ်များ ဘရက်စ်လစ်တော့မြို့အနီး ပေါင်းမိကြသည်။ 'အာသနေးရီး ယန်း'အမည်ရှိ ဗြိတိသျှ ပင်လယ်ကူး သင်္ဘောကြီး ဂျာမန်ရေငုပ် သင်္ဘောလက်ချက်ဖြင့် နစ်မြုပ်ခဲ့ရသည်။ လူပေါင်း ၅၁၅-ယောက် အသက်ဆုံးရှုံးခဲ့ရသည်။

၁၅-ရက်။ ။ပိုလန်ပြည် မြို့တော် ဝါဆောမြို့ကြီး ဂျာမန် တို့လက်သို့ ကျရောက်ခဲ့သည်။

၁၉-ရက်။ ။ပိုလန်ပြည်ကို ခွဲဝေသိမ်းပိုက် အုပ်ချုပ်ရေး အတွက် ဂျာမန် ဆိုဗီယက် သဘောတူစာချုပ်ကို မော်စကိုမြို့တွင် လက်မှတ်ရေးထိုးကြသည်။

အောက်တိုဘာလ

၄-ရက်။ ။တောင်အတ္တလန်တိတ် သမုဒ္ဒရာတွင် ဂျာမန် စစ် သင်္ဘောများနှင့် တိုက်ပွဲဖြစ်ပွား၍ ဗြိတိသျှသင်္ဘော 'အာလီးမင်း' နစ် မြုပ်သွားသည်။

၁၁-ရက်။ ။ရုရှားတပ်များ၏ အန္တရာယ်ကြောင့် ဖင်လန် ပြည်တွင် စစ်ပြင်ဆင်မှုများ ပြုလုပ်သည်။ ဟယ်လ်ဆင်ကီမြို့မှ အစိုးရ ဌာနအချို့ ပြောင်းရွှေ့သည်။

၁၂-ရက်။ ။ဂျာမန် ပင်လယ်ကူးသင်္ဘော 'ဆက်ပ်နေ့တီ' ကို ဗြိတိသျှ စစ်သင်္ဘောများက ဖမ်းဆီးခဲ့သည်။

၁၄-ရက်။ ။ဗြိတိသျှ ပင်လယ်ကူးသင်္ဘောကြီး 'ရွိုင်ရယ် အုတ်' ဂျာမန်ရေငုပ်သင်္ဘောမှ တော်ပီဒို လက်ချက်ဖြင့် နစ်မြုပ်၍လူ ပေါင်း ၈၁၀ သေဆုံးခဲ့သည်။

၂၇-ရက်။ ။ဂျာမန်တပ်များ ဘယ်လ်ဂျီယံနှင့် ဒပ်ချ်နယ် စပ်များတွင် စုရုံးသည်။

နိုဝင်ဘာလ

၈-ရက်။ ။မြူနစ်မြို့ ဘာဂါဘရောကဲလား အဆောက် အအုံကြီးတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည်။ ဟစ်တလာမှာ သီသီ ကလေး လွတ်မြောက်ခဲ့၍ လူပေါင်း ၆၀ ခန့် ဒဏ်ရာရပြီး ၉ယောက် သေဆုံးခဲ့သည်။

၃၀-ရက်။ ။ဖင်လန်ပြည်ကို ရုရှားတို့သည် ရေကြောင်း၊ လေ ကြောင်းနှင့် ကုန်းကြောင်းတို့မှ ဝင်ရောက်တိုက်ခိုက်သည်။

ဒီဇင်ဘာလ

၁၄-ရက်။ ။ရုရှားပြည်ကို နိုင်ငံပေါင်းစုံ အဖွဲ့ချုပ်ကြီးမှ ထုတ်ပစ်သည်။

၁၉၄၀

မတ်လ

၁၂-ရက်။ ။ဖင်လန်နှင့် ရုရှားတို့ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုကြသည်။

ဧပြီလ

၉-ရက်။ ။နော်ဝေနှင့် ဒိန်းမတ် ပြည်များကို ဂျာမန်တို့ ကျူးကျော်ဝင်ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



၀၅-ရက်။ ။နော်ဝေပြည်သို့ ဗြိတိသျှတပ်များ ရောက်ရှိလာသည်။

မတ်လ

၂-ရက်။ ။ဗြိတိသျှတပ်များ နော်ဝေပြည်မှ ဆုတ်ခွာရသည်။

၁၁-ရက်။ ။ဟော်လန်၊ ဘယ်လ်ဂျီယန်နှင့် လူဇင်ဘတ်ပြည်များကို ဂျာမန်တပ်များ ကျူးကျော်ဝင်ရောက်လာကြသည်။

၁၄-ရက်။ ။ဟော်လန်ပြည်ကို ဂျာမန်တို့သိမ်းပိုက်မိသည်။

၂၈-ရက်။ ။လီယိုပိုဘုရင်၏ အမိန့်ဖြင့် ဘယ်လ်ဂျီယန်တပ်များ လက်နက်ချ အညံ့ခံကြသည်။

ဇွန်လ

၉-ရက်။ ။မဟာမိတ်တပ်များနှင့် နော်ဝေဘုရင် အစိုးရအဖွဲ့တို့ နော်ဝေပြည်မှ ဆုတ်ခွာရသည်။

၁၀-ရက်။ ။အီတလီပြည် စစ်ထဲသို့ ဝင်ရောက်လာသည်။

၁၄-ရက်။ ။ပဲရစ်မြို့ကြီး ဂျာမန်တို့လက်သို့ ကျဆုံးသည်။

၂၂-ရက်။ ။ပြင်သစ် ဂျာမန် စစ်မြေငြိမ်းရေး စာချုပ်ကို လက်မှတ်ရေးထိုးသည်။

ဇူလိုင်လ

၁၄-ရက်။ ။ဘော်လ်တစ် နိုင်ငံများကို ဂျာမန်တို့ သိမ်းပိုက်သည်။

ဩဂုတ်လ

၄-ရက်။ ။ဗြိတိသျှ ဆိုမာလီလန်နယ်ကို အီတလီတို့က ဝင်တိုက်သည်။

၁၅-ရက်။ ။ဗြိတိန်ပြည်တွင် ဂျာမန်လေယာဉ် ၁၈၀-ပစ်ချခံရသည်။

၁၈-ရက်။ ။ဗြိတိန်ပြည်တွင် ဂျာမန် လေယာဉ် ၁၅၂-စင်း ပစ်ချခံရသည်။

စက်တင်ဘာလ

၁၁-ရက်။ ။လန်ဒန်မြို့ ဘာကင်ဂန် နန်းတော်ကြီးကို ဂျာမန်တို့ ဗုံးကြဲကြသည်။

အောက်တိုဘာလ

၁၁-ရက်။ ။ရူးမေးနီးယားပြည် ထဲသို့ ဂျာမန်တပ်များ ဝင်ရောက်သည်။

၂၈-ရက်။ ။မူဆိုလီနီနှင့် ဟစ်တလာတို့ ဖလောရင့်မြို့တွင် တွေ့ဆုံကြသည်။

ဂရိပြည်ကို အီတလီတပ်များ ဝင်တိုက်သည်။

နိုဝင်ဘာလ

၂၂-ရက်။ ။ဂရိ တပ်များက အယ်လ်ဗေးနီးယားပြည် ကော်ရစ်ဇာမြို့ကို သိမ်းသည်။

၂၅-ရက်။ ။အီတလီတပ်သား ၇၀၀၀-ကို ဂရိတပ်များက ဖမ်းဆီးရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာလ

၈-ရက်။ ။ဂျပန်က အမေရိကန်တို့အား အကူအညီ တောင်းသည်။ ဂျပန်တို့က မီးလောင်ဗုံးများ ကြဲချသဖြင့် လန်ဒန်မြို့ကြီးတွင် မီးအကြီးအကျယ်လောင်သည်။

၁၉၄၁

ဇန်နဝါရီလ

၃၁-ရက်။ ။အဘီဆီးနီးယား၊ အီရစ်ထရီးယားနှင့် အီတလီ ပိုင် ဆိုမာလီလန်နယ်များကို ဗြိတိသျှတို့က သိမ်းသည်။

ဖေဖော်ဝါရီလ

၁၀-ရက်။ ။ဗြိတိသျှ လေထီး တပ်သားများ အီတလီ တောင်ပိုင်းသို့ ဆင်းကြသည်။

မတ်လ

၃၀-ရက်။ ။မြေထဲပင်လယ်မဒ္ဒသ ရေကြောင်း တိုက်ပွဲတွင် အီတလီ တိုက်သင်္ဘော ၃-စင်း၊ ဖျက်သင်္ဘော ၂-စင်းနှင့် စစ် သင်္ဘောကြီး ၁-စင်း ပျက်စီးခဲ့သည်။

ဧပြီလ

၆-ရက်။ ။ယူဂိုစလေးဗီးယားနှင့် ဂရိပြည်များကို ဂျာမန် တို့ ဝင်တိုက်သည်။

၁၁-ရက်။ ။ဘဲလ်ဂရိတ်မြို့ကို ဂျာမန်တို့ကသိမ်းပိုက်သည်။

၂၇-ရက်။ ။အေသင်မြို့ကို ဂျာမန်တို့က သိမ်းပိုက်သည်။

မေလ

၁၀-ရက်။ ။လန်ဒန်မြို့ ဝက်စ်မင်းနစ်စတာ၊ ဘုရားရှိခိုး ကျောင်း၊ ပါလီမန်အဆောက်အအုံနှင့် ဗြိတိသျှပြတိုက်ကြီး ဂျာမန်တို့ ဗုံးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည်။ ဂျာမန် နာဇီခေါင်းဆောင် ရူဒေါ့ဖ်ဟက်စ်သည် စကော့တလန်ပြည်ထဲသို့ လေထီးဖြင့် ဆင်းသည်။

၂၇-ရက်။ ။ဂျာမန်စစ်သင်္ဘောကြီး "ဘစ်စ်မတ်" နစ် မြုပ်သည်။

ဇွန်လ

၈-ရက်။ ။ဗြိတိသျှနှင့် ပြင်သစ်တပ်များ ဆီးရီးယားသို့ ဝင်သည်။

၂၂-ရက်။ ။ရုရှားပြည်ကို ဂျာမန်တို့ ဝင်တိုက်သည်။

၂၄-ရက်။ ။ဘရက်စလစ်တော့ မြို့ကို ရုရှားတို့ လက်လွှတ် ရသည်။

ဇူလိုင်လ

၂၃-ရက်။ ။ဂျပန်က အင်ဒိုချိုင်းနားတွင် လေတပ် စခန်း ထားခွင့်ပေးရန် တောင်းဆိုသည်။

ဩဂုတ်လ

၂၂-ရက်။ ။ဘာလင်မြို့ကြီး ပြင်းထန်စွာ ဗုံးကြဲခံရသည်။

၁၄-ရက်။ ။အတ္တလန်တိတ် ကြေညာချက် ထုတ်ပြန်သည်။

စက်တင်ဘာလ

၁၉-ရက်။ ။ရုရှားပြည် ကိဗ်မြို့ကို ဂျာမန်တို့ သိမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com

အောက်တိုဘာလ

၆-ရက်။ ။မော်စကိုမြို့ကို ဂျာမန်တို့ ဝင်တိုက်သည်။

နိုဝင်ဘာလ

၃၀-ရက်။ ။ရော့စ်တော့ဗ်မြို့ကို ရုရှား ပြန်သိမ်းသည်။

ဒီဇင်ဘာလ

၇-ရက်။ ။ပုလဲဆိပ်ကမ်းကို ဂျပန်ကဗုံးကြဲသည်။ ဂျပန်က အမေရိကန်နှင့် အင်္ဂလိပ်တို့ကို စစ်ကြေညာသည်။

၈-ရက်။ ။မလေးယားကျွန်းဆွယ်ကို ဂျပန်တပ်များ တက်ကြသည်။

၁၀-ရက်။ ။ဗြိတိသျှပင်လယ်ကူးသင်္ဘောကြီး 'ရီပတ်စ်' နှင့် 'ဝေလမင်းသား' တို့ မလေးကျွန်းဆွယ် အနီးတွင် နစ်မြုပ်သည်။ ဖိလစ်ပိုင်ကျွန်းကို ဂျပန်တို့ တက်ကြသည်။

၁၄-ရက်။ ။ဂျာမန်တပ်များ မော်စကိုမြို့မှဆုတ်ခွာသည်။

၂၂-ရက်။ ။ရန်ကုန်မြို့ကို ဂျပန်တို့ စတင်ဗုံးကြဲသည်။

၂၆-ရက်။ ။ဟောင်ကောင်ကျွန်းကို ဂျပန်တို့သိမ်းသည်။

၁၉၄၂

ဇန်နဝါရီလ

၂- ရက်။ ။မနီလာမြို့ ဂျပန်တို့ လက်သို့ ကျရောက်သည်။

၂၃-ရက်။ ။နယူးဂီနီကျွန်းကို ဂျပန်တို့တက်သည်။



ဖေဖော်ဝါရီလ

၁၅-ရက်။ ။စင်္ကာပူကို ဂျပန်တို့သိမ်းသည်။

မတ်လ

၇- ရက်။ ။အရှေ့အိန္ဒိယ ကျွန်းစုများ ဂျပန်လက်သို့ က

သည်။

၈- ရက်။ ။ရန်ကုန်မြို့ကို ဂျပန်တို့ သိမ်းပိုက်သည်။

ဧပြီလ

၁၈-ရက်။ ။တိုကျိုမြို့ကို အမေရိကန် လေတပ်က ဗုံးကြဲ

သည်။

မေလ

၇- ရက်။ ။အမေရိကန်နှင့် ဂျပန်တို့ ရေကြောင်းတိုက်ပွဲ ဖြစ်ပွားရာ၌ ဂျပန်စစ်သင်္ဘော ၁၁-စင်း နစ်မြုပ်သည်။

၃၁-ရက်။ ။ဗြိတိသျှ ကိုလုံးမြို့ကို ဂျာမန်တို့က မော ယာဉ် အစင်း ၁၀၀၀ ကျော်ဖြင့် ဗုံးကြဲတိုက်ခိုက်သည်။

ဇွန်လ

၄- ရက်။ ။မစ်ဒ်ဝေးကျွန်း တိုက်ပွဲတွင် ဂျပန်တို့ အရေး နိမ့်သည်။

ဇူလိုင်လ

၂- ရက်။ ။အလီဆာအာခမိန်းမှ ဂျာမန်တပ်များ ဆုတ်ခွာ

သည်။

www.burmeseclassic.com

www.burmeseclassic.com

ဩဂုတ်လ

၁၀-ရက်။ ။အမေရိကန် တပ်များ ဆော်သမွန် ကျွန်းကို တက်သည်။

၂၀-ရက်။ ။ဆိုဗီယက်လေတပ်ဓာ သာလင်မြို့ကို သွားရောက် ဗုံးကြဲသည်။

စက်တင်ဘာလ

၁၆-ရက်။ ။စတာခလင်ဂရက် မြို့တွင်းသို့ ဂျာမန် တပ်များ ဝင်သည်။

၂၅-ရက်။ ။စတာခလင်ဂရက်မြို့တွင်း၌ တိုက်ပွဲများ အပြင်း အထန် ဖြစ်ပွားသည်။

အောက်တိုဘာလ

၂၃-ရက်။ ။အီဂျစ်ပြည်တွင် မဟာ မိတ် တပ်များ ခံစစ် စတင်၍ ဆင်နွှဲသည်။

နိုဝင်ဘာလ

၇-ရက်။ ။အာဖရိကတိုက် မြောက်ပိုင်းကို မဟာမိတ်တပ် များ တက်သည်။

၁၇-ရက်။ ။ကျူးနီးရှားသို့ မဟာမိတ် လေထီးတပ်သား များဆင်းသည်။

ဒီဇင်ဘာလ

၃-ရက်။ ။စတာခလင် ဂရက်တွင် တပ်နီတော်က ထိုးစစ်ဆင် သည်။



၁၉၄၃

ဇန်နဝါရီလ

၂၇-ရက်။ ။အမေရိကန် လေတပ်ဓာ ဂျာမနီပြည်ပေါ်သို့ ပထမဆုံးအကြိမ် သွားရောက်ဗုံးကြဲသည်။

ဖေဖော်ဝါရီလ

၂၇-ရက်။ ။စတာလင် ဂရက်တိုက်ပွဲတွင် ဂျာမန်တို့လုံးဝ အရေးနိမ့်ခဲ့သည်။

ဇူလိုင်လ

၁၀-ရက်။ ။ပစီဖိတ်သမုဒ္ဒရာတွင် ဂျာမန်တို့ကို အမေရိကန်ရေ တပ်ဓာ အကြီးအကျယ် စတင် တိုက်ခိုက်သည်။

၂၅-ရက်။ ။အီတလီ ဖက်ဆစ်အာဏာရှင် မူဆိုလိနီရာထူးမှ ပြုတ်ကျသည်။

၂၈-ရက်။ ။အီတလီဖက်ဆစ်ပါတီကို ဖျက်သိမ်းလိုက်သည်။

ဩဂုတ်လ

၁၇-ရက်။ ။စစ္စလီကျွန်းကို မဟာမိတ်တပ်များဓာ သိမ်း သည်။

။ ။ပစီဖိတ်ဒေသတွင် ဂျာမန်လေယာဉ် ၂၁၅ စင်းပျက်စီး ခဲ့သည်။

စက်တင်ဘာလ

၃-ရက်။ ။အီတလီကျွန်းဆွယ်ကို မဟာမိတ်တပ်များတက် သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၇-ရက်။ ။အီတလီအစိုးရ အက်နက်ချသည်။

၁၀-ရက်။ ။ရှေမမြို့ကြီးကို ဂျာမန်တို့က သိမ်းပိုက်လိုက်သည်။

အောက်တိုဘာလ

၁၃-ရက်။ ။အီတလီက ဂျာမနီအား စစ်ကြေညာသည်။

၂၅-ရက်။ ။ရုရှားပြည် တောင်ပိုင်းတွင် ဂျာမန် တပ်များ အကြီးအကျယ် အခြေအနေ ဆိုးရွားနေကြောင်း ဂျာမန်တို့ ဝန်ခံပြောဆိုသည်။

နိုဝင်ဘာလ

၂၇-ရက်။ ။ချာချီ၊ ရုစဘဲ့နှင့် စတာလင်တို့ တီဟာရန်မြို့တွင် ၄-ရက်ကြာ ဆွေးနွေးပွဲကို ယနေ့စတင် ကျင်းပသည်။

၃၀-ရက်။ ။မြောက်အာဖရိကတွင် ရုစဘဲ့၊ ချာချီနှင့် ချန်ကေရှိတ်တို့ ၅-ရက်ကြာ ဆွေးနွေးပွဲကို ယနေ့စတင်သည်။

ဒီဇင်ဘာလ

၀၃-ရက်။ ။ဆိုဗီယက် ယူနီယံနှင့် ချက်ကိုစလိုဗေးကီးယားပြည်တို့ အနှစ် ၂၀-စာချုပ်ကို လက်မှတ် ရေးထိုးကြသည်။

၁၉၄၄

ဇန်နဝါရီလ

၁၂-ရက်။ ။ပိုလန်ပြည်တွင် မိုင် ၄၀- ရှည်လျားသော စစ်မျက်နှာ တစ်ခုကို တပ်နီတော်က ဖွင့်လိုက်သည်။



၂၀-ရက်။ ။လီနင်ဂရက်မြို့ကို ဝိုင်းထားသော ဂျာမန် တပ်များအား တပ်နီတော်က မောင်းထုတ်လိုက်သည်။

ဖေဖော်ဝါရီလ

၁-ရက်။ ။အမေရိကန် တပ်များ မာရှယ်ကျွန်းပေါ်သို့ တက်ကြသည်။

မတ်လ

၁၇-ရက်။ ။မြန်မာပြည် စစ်မြေပြင်တွင် ဂျပန်စစ်နောက်ပိုင်းသို့ မဟာမိတ် လေထီးတပ်များ ဆင်းကြသည်။

၂၂-ရက်။ ။ဟန်ဂေရီပြည်ကို ဂျာမန်တပ်များ ကျူးကျော်ဝင်ရောက်သည်။

မေလ

၁-ရက်။ ။နေသဟာဇာ ဝန်ကြီးချုပ်များ အစည်းအဝေး ကျင်းပသည်။

ဇွန်လ

၄-ရက်။ ။ရောမမြို့တော်ကြီး မဟာမိတ်တို့လက်သို့ ကျသည်။

၁၆-ရက်။ ။ဂျာမန်တို့က ဗီ-တူး ဒုံးပျံများ စတင် အသုံးပြုသည်။

၂၃-ရက်။ ။ဥရောပအလယ်ပိုင်းတွင် တပ်နီတော်က ထိုးစစ်စတင် ဆင်နွှဲသည်။

ဇူလိုင်လ

၂၀-ရက်။ ။ဟစ်တလာအား အသက်ကို လုပ်ကြံသော ဗုံးပေါက်

www.burmeseclassic.com

www.burmeseclassic.com

ကဲ့မှု ဖြစ်ပွားသည်။ သို့သော် ဟစ်တလာမှာ စေသတဲ ဒဏ်ရာ အနည်းငယ်သာ ရခဲ့သည်။

**ဩဂုတ်လ**

၄-ရက်။ ။မြစ်ကြီးနားမြို့ကို မဟာမိတ်တပ်များက သိမ်းသည်။

၂၃-ရက်။ ။ပဲရစ် မြို့တော်ကြီး ဂျာမန်တို့ လက်အောက်က လွတ်မြောက်သည်။

၂၅-ရက်။ ။ရှမေးနီးယားက ဂျာမနီကို စစ်ကြေညာသည်။

**စက်တင်ဘာလ**

၃-ရက်။ ။စစ်ပွဲကြီး ၅-နှစ်အတွင်း ဗြိတိသျှတို့ဘက်မှ ထိခိုက်ကျဆုံးသူပေါင်း ၁၀,၉၁,၆၂၈ (တစ်သန်းကျော်) ရှိသည်ဟု ကြေညာသည်။

၅-ရက်။ ။ဘူလ်ဂေးရီးယားက ဂျာမနီအား စစ်ကြေညာသည်။

၁၂-ရက်။ ။အမေရိကန် သံချပ်ကာ ကားများ ဂျာမနီ ပြည်ထဲသို့ ဝင်လာကြသည်။

၁၃-ရက်။ ။ဖရင့်ဖတ်နှင့် စတတ်ဂတ် ဂျာမန်မြို့ကြီးများ ပေါ်သို့ မဟာမိတ်တို့က မီးလောင်ဗုံး ၆၀၀,၀၀၀ ကြဲချခဲ့သည်။

၁၇-ရက်။ ။ဟော်လန်ပြည်ထဲသို့ မဟာမိတ် လေထီးတပ်သားများ ဆင်းကြသည်။

၂၆-ရက်။ ။အက်စတိုးနီးယားပြည်ကို တပ်နီတော်က လုံးဝ သိမ်းပိုက်လိုက်သည်။

**အောက်တိုဘာလ**

၃-ရက်။ ။ဂျာမန်တို့၏ နာမည်ကျော် ဆီးဖရိုက် တပ်ကြီးကို အမေရိကန်တပ်များက ချိုးဖောက် သိမ်းပိုက်သည်။



၁၄-ရက်။ ။အေသင်မြို့ကို ပြန်သိမ်းသည်။

၂၀-ရက်။ ။ဘဲလ်ဂရိတ်မြို့ကြီး လွတ်မြောက်သည်။

**ဒီဇင်ဘာလ**

၂၁-ရက်။ ။ပြန်လှန် ထိုးစစ်ဆင်လာသော ဂျာမန်တပ်များကို ဝိုင်းမိသည်။ ဘူဒါပက်မြို့ကို မဟာမိတ်တပ်များက ဝိုင်းထားသည်။

## ၁၉၄၅

**ဇန်နဝါရီလ**

၁၂-ရက်။ ။အမေရိကန်တို့ လက်ချက်ကြောင့် အင်ဒိုချိုင်းနား ပင်လယ်ပြင်တွင် ဂျာမန်သင်္ဘော ၂၅-စင်း နစ်မြုပ်၍ ၁၇-စင်း ပျက်စီးသည်။

၁၇-ရက်။ ။ဝါဆော မြို့ကြီးကို တပ်နီတော်က ကယ်တင်လိုက်သည်။

၂၃-ရက်။ ။တရုတ် မြန်မာလမ်းမကြီး ကိုပြန်ဖွင့်သည်။

၂၈-ရက်။ ။တပ်နီတော် ဘာလင်နှင့် မိုင် ၁၀၀ ကွာ အထိ ရောက်လာသည်။

**ဖေဖော်ဝါရီလ**

၁-ရက်။ ။တပ်နီတော် ဘာလင်နှင့် မိုင် ၅၀ သာ ကွာတော့သည်။

၁၉-ရက်။ ။အိုင်အိုဂျီမာ ကျွန်းပေါ်သို့ အမေရိကန် တပ်များတက်သည်။

**မတ်လ**

၂၃-ရက်။ ။ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏တပ်များ ရိုင်းမြစ်ကို ဖြတ်ကျော်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဧပြီလ

၅-ရက်။ ။ဂျပန် အစိုးရအဖွဲ့ နုတ်ထွက်သည်။

၉-ရက်။ ။ဗီယင်နာမြို့ကို တပ်နီတော်က သိမ်းသည်။

၁၁-ရက်။ ။အမေရိကန်တပ်များ ဘာလင်နှင့် မိုင် ၇၀ ကွာသို့ ရောက်လာသည်။

၂၅-ရက်။ ။တပ်နီတော်က ဘာလင်မြို့ကို ဝိုင်းမိသည်။

၂၈-ရက်။ ။မူဆိုလိနီကို အီတလီ မျိုးချစ်များက ဖမ်းမိ၍ သတ်ပစ်ကြသည်။

မေလ

၁-ရက်။ ။ဟစ်တလာ သေဆုံးကြောင်း ဘာလင် ရေဒီယိုက ကြေညာသည်။ မြူနစ်မြို့ကို ဂျာမန်တို့ လက်လွှတ်ရသည်။

၂-ရက်။ ။ဘာလင် မြို့ကို တပ်နီတော်က သိမ်း ပိုက် သည်။ အီတလီမှ ဂျာမန်တပ်များ လက်နက်ချသည်။

၃-ရက်။ ။ရန်ကုန်မြို့နှင့် ပြည်မြို့ ဂျပန်လက်အောက်က လွတ်မြောက်သည်။

၄-ရက်။ ။ဟော်လန်၊ ဒိန်းမတ်နှင့် အနောက်မြောက် ဂျာမနီမှ ဂျာမန်တပ်များ အားလုံး လက်နက်ချကြသည်။

၇-ရက်။ ။ဂျာမနီတပ်များ အားလုံး ခြွင်းချက်မရှိ လက်နက်ချကြသည်။

၈-ရက်။ ။ဉာဉ့်နေ့ ဉာဉ့်ရက် (အင်္ဂါနေ့) ညသန်းခေါင် အလွန် တစ်မိနစ် တိတိ အချိန်တွင် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသည်။

BURMESE CLASSIC .com

www.burmeseclassic.com